www.burmeseclassic.com



BURMESE CLASSIC .com

တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော
မြန်မာ့စုံထောက်ဝတ္ထုကောင်းများအစီအစဉ်

# မိုးဝေ

# မောင်ဆွေနှင့် နဂါး

ကိုသညီး

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# မိုးဝေ

# တင်မောင်ဆွေ

နှင့်

# နဂါးလက်သည်း

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

တင်မောင်ဆွေနှင့် နဂါးလက်သည်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၅၉၀၅၀၃ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၆၈၅၁၂ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို ပန်းချီအောင်ကျော် ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ထုတ်ဝေ၊ ၂၀၀၆ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

- တစ် -

တင်မောင်ဆွေဆိုလျှင် ပြည်သူ့ဘက်တော်သားကြီး တစ်ယောက်ဖြစ်သည်ကို ယခုဆိုလျှင်တော့ တင်မောင်ဆွေ့ပရိသတ်တိုင်းက သိထားပြီးဖြစ်ကြပေလိမ့်မည်။

ပြည်သူတွေအပေါ် မတရားအနိုင်ကျင့်၊ သြဇာအာဏာပြ၊ လှည့်စားညစ်ပတ် ကလိမ်ကျလျက် ခေါင်းပုံဖြတ် အညွန့်ခူးမှုမှန်သမျှကို တွေ့သည့်နေရာတိုင်းတွင် သူတတ်စွမ်းသရွေ့ တိုက်ဖျက်ခဲ့သည်ချည်းဖြစ်သည်ကို အထူးပြောဖို့ လိုမည်မဟုတ်တော့ပါချေ။

ယင်းသို့ဆိုလျှင် ပြည်သူတွေဖက်က သူသည် အမြဲတမ်းတိုက်ပွဲဝင်ခဲ့သည်နှင့်အမျှ၊ နယ်ချဲ့စနစ်သည်လည်း သူ၏ ရန်သူကြီးတစ်ယောက် ဖြစ်လာခဲ့ရ၏။ အကြောင်းမူ နယ်ချဲ့စနစ်သည် ပြည်သူတွေ၏ ရန်သူကြီးလည်း ဖြစ်နေရသောကြောင့်ပင်တည်း။

အကယ်စင်စစ် နယ်ချဲ့စနစ်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လူမျိုးသားပြည်သူလူထုတစ်ရပ်လုံး၏ ရန်သူကြီးတစ်ရပ် ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတစ်ဝှမ်းလုံးရှိ လုပ်သားပြည်သူလူထုကြီးတစ်ရပ်လုံးသည် မိမိတို့၏လွတ်မြောက်ရေး၊ ကိုးတက်ရေးနှင့် အနာဂတ်တည်တံ့ရေးတို့အတွက် ယခုထက်တိုင် နယ်ချဲ့စနစ်ကိုလည်းကောင်း၊ နယ်ချဲ့စနစ်ကို မွေးမြူပေးလိုက်သော အရင်းရှင်စနစ်ကြီးကိုလည်းကောင်း၊ ရင်ဆိုင်ရန်းကန် တိုက်ဖျက် တွန်းလှန်ရဆဲသာ ဖြစ်လေသည်။

အရင်းရှင် နယ်ချဲ့စနစ်ကလည်း ကမ္ဘာကြီး၏ လုပ်သားပြည်သူတစ်ရပ်လုံးကို မိမိတို့၏ လောင်းရိပ်အောက်မှ လွတ်မြောက်မသွားစေရန် ရှိသမျှ နည်းပရိယာယ်ကို သုံးလျက် အပြင်းအထန်ကြိုးစားနေဆဲပင် ဖြစ်ပြန်သည်။ နယ်ချဲ့အရင်းရှင်စနစ်သည် တစ်ခါတစ်ရံ ဗြောင်ပင်အကြမ်းဖက်၊ အနိုင်ကျင့် စွက်ဖက်တတ်၏။ ထိုသို့လုပ်၍ မတော်လျှင် တပည့်ရုပ်သေး ပုဆိန်ရိုးတွေ လက်သပ်မွေးကာ ၎င်းတို့၏ ညစ်ပတ်စုတ်ပဲ့သော အလုပ်တွေကို အလုပ်ခိုင်းထား၏။

၎င်းတို့၏ နှောင်ကြိုးမှ လွတ်မြောက်အောင် ရုန်းထွက်ပြီး၊ မိမိအား မိမိကိုးလျက် မိမိတို့ လုပ်သားပြည်သူကြီး တစ်ရပ်လုံး၏ ဘဝလုံခြုံတိုးတက်ရေးအတွက် ချီတက်နေကြသော နိုင်ငံများကိုလျှင်လည်း တတ်နိုင်သည့်နည်းဖြင့် ဝင်ရောက်စွက်ဖက်၏။ အဆိုးရွားဆုံးအနေဖြင့် အိမ်နီးချင်း နိုင်ငံများဖြင့် ရန်တိုက်ပေးကာ အိမ်ကြက်ချင်းခွပ်နိုင်းခြင်းဖြင့် အမျိုးသားညီညွတ်ရေးကို ဖြိုခွဲပစ်တတ်၏။

ထိုသို့ နယ်ချဲ့အရင်းရှင်နှင့် လုပ်သားပြည်သူလူထုတို့၏ စစ်ပွဲကြီးတွင် တင်မောင်ဆွေက ဘယ်ဖက်မှာ ပါလိမ့်မယ်လို့ ထင်ပါသလဲ၊ မှန်ပါသည်။ မေးနေစရာတောင် မလိုပါ၊ တင်မောင်ဆွေတစ်ယောက်ကတော့ အမြဲတမ်း ပြည်သူတွေဖက်မှာသာ မားမားကြီးရပ်ခဲ့သူဖြစ်ပေ၏။





ထို့ကြောင့်လည်း ခေါင်းပုံဖြတ်ဂိုဏ်း၊ အမှောင်ငွေ၊ သံလက်သီး၊ အဏ္ဏဝါစွန့်စားခန်း၊ ကေသုံးလုံးဂိုဏ်း၊ ပဒေသရာဇ် ရန်စွယ်စသော ဝတ္ထုများတွင် တင်မောင်ဆွေ၏ နယ်ချဲ့ဆန့်ကျင်ရေး စွမ်းဆောင်မှုတွေကို ကျွန်တော်က သူ့ပရိသတ်အတွက် ရေးသားတင်ဆက်နိုင်ခဲ့၏။

ဝတ္ထုများတွင် ပါဝင်သော ဖြစ်ရပ်များ၏ ထူးခြားချက်များကား၊ တင်မောင်ဆွေသည် နယ်ချဲ့သူလျှိုကြီးတွေနှင့် ၎င်းတို့၏ လုပ်ကြံမှုတွေကို တိုက်ရိုက်ရင်ဆိုင် တိုက်ခိုက်ဖြိုဖျက်ခြင်းပင် ဖြစ်လေ၏။

ယခု ဤ 'နဂါးလက်သည်း' ဝတ္ထုတွင်လည်း တင်မောင်ဆွေက နောက်တစ်ကြိမ် ထပ်၍ နယ်ချဲ့သူလျှိုကြီးတစ်ယောက်ကို ရင်ဆိုင်ရပြန်၏။ ထိုသူလျှိုကြီးကား ယခင်က သူရင်ဆိုင်ခဲ့ရသော သူလျှိုတွေထက် ကြီးမားအရေးပါကာ အန္တရာယ်ကြီးလှသူ တစ်ယောက်လည်း ဖြစ်ပေသည်။ ၎င်း မည်သူမည်ဝါဖြစ်သည်ကို အတိအကျသိမထားရ။ ၎င်းအား နဂါးဟူသော လျှို့ဝှက်နာမည်ဟုသာ သိထားရကာ ၎င်းသည် နယ်ချဲ့အရင်းရှင်တို့ အားအကိုးရဆုံး သူလျှိုကြီးတစ်ယောက် ဖြစ်သည်ဟုလည်း တင်မောင်ဆွေက နားလည်ထားခဲ့ရသည်။

သို့ရာတွင် တင်မောင်ဆွေက ထိုနဂါးဆိုသော အရေးပါအရာရောက်ဆုံး နယ်ချဲ့သူလျှိုကြီးကို တိုင်းပြည်ကို ချစ်သောစိတ်ဖြင့်လည်းကောင်း၊ ကျလာသောတာဝန်ကို စောင့်သိရှိသေခြင်းဖြင့်လည်းကောင်း၊ မကြောက်မရွံ့ စွမ်းစွမ်းတမံပင် ရင်ဆိုင်ခဲ့ရပြန်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - နှစ် -

ဤဖြစ်ရပ်ကား အကယ်စင်စစ်တော့ လွန်ခဲ့သော သုံးနှစ်ခန့်က စတင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တင်မောင်ဆွေက ဒါကိုနောက်မှ သိရခြင်းဖြစ်သည်။ ဤဖြစ်ရပ်ကို တင်မောင်ဆွေ့အတွက် ပထမဦးဆုံး အစဖော်ပေးလိုက်သူကတော့ 'သတော်သား'ကိုချစ်လှပင် ဖြစ်လေ၏။

လွန်ခဲ့သော မိုးတွင်း ရန်ကုန်ညတစ်ညက ဖြစ်သည်။

ထိုညက တင်မောင်ဆွေသည် အရက်တော်တော်များများ သောက်မိခဲ့သည်။ ဒါကလည်း သူ့တွဲဖက် ရဲဘော်ကြီး ဂျင်မီစမတ်ကြောင့် ဖြစ်လေသည်။

ထိုညက သူနှင့် ဂျင်မီစမတ် သောက်နေကျ ချောင်ကျသော ဘားဆိုင်တစ်ခုမှ သီးသန့်သော အခန်းငယ်ကလေးအထဲတွင် နှစ်ယောက်တည်းထိုင်၍ သောက်ခဲ့ကြသည်။

ဂျင်မီစမတ်က ဤညတွင် သူ 'အလွတ်အအောက်' သောက်ပစ်မည်ဟု ကြေညာခဲ့၏။ ဂျင်မီစမတ် တစ်ယောက် 'အလွတ်





အအောက်' သောက်ပြီဆိုလျှင် ဘာဖြစ်တတ်သည်ကို တင်မောင်ဆွေက ပြီးခဲ့သော အတွေ့အကြုံများအရ ကောင်းစွာသိထားပြီးလည်း ဖြစ်နေသည်။

ဂျင်မီစမတ်က အရက်ကို လုံးဝ လူမှန်းမသိအောင် သောက်ပြီဆိုလျှင် ၄င်းသည် အလွန်တရာမှ အထိန်းခက်လှသော လူကြမ်းကြီးတစ်ယောက် ဖြစ်လာတတ်သည်။ တွေ့ကရာလူနှင့် ရန်ပွဲဆင်တတ်သည်။ ရောက်နေရာဘားမှ ပစ္စည်းတွေကို ရိုက်ခွဲဖျက်ဆီးတတ်တော့သည်။ ထို့ကြောင့်လည်း သူ ဤသို့ အလွန်အကျွံ မူးတိုင်း တင်မောင်ဆွေက သူ့အား အချုပ်ခန်းမှလည်းကောင်း၊ ဆေးရုံကြီးတွင်လည်းကောင်း သွား၍ ရွေးယူရတတ်သည်သာ ဖြစ်ပေ၏။

ဂျင်မီ အလွတ်အကျွတ် ဤသို့ သောက်လာသည်မှာ လွန်ခဲ့သော သုံးနှစ်ခန့်က ဖြစ်ခဲ့သည်။ ဤသို့ သူသောက်လာသည်မှာလည်း သူ့တွင် သောက်စရာအကြောင်းတစ်ခုက ရှိနေခဲ့၏။

ထိုအကြောင်းကို တင်မောင်ဆွေက သိထားသည်။ သိထားရုံသာမက ထိုအကြောင်းသည် သူ့ပယောဂနှင့် သိပ်မကင်းလှဟု ကိုယ့်ဘာသာကိုယ် စိတ်ထဲကကြိတ်၍ အပြစ်မကင်း ဖြစ်နေမိသေး၏။

ထို့ကြောင့်လည်း ဂျင်မီက ဤသို့ အလွတ်အကျွတ်သောက်မူးပြီဆိုလျှင် သူက ဂျင်မီ့အား ခွင့်လွှတ်ထားလိုက်သည်။ ပြီးတော့ တတ်နိုင်သမျှလိုက်၍ အကူအညီပေးခဲ့သည်သာ ဖြစ်၏။

ယခုတစ်လောတော့ ဂျင်မီက သူဒီည အကျွတ်အလွတ် သောက်တော့မည်ဟု ကြေညာလိုက်ပြီဆိုလျှင် တင်မောင်ဆွေ ၄င်းသွားလေရာသို့ အတူလိုက်ကာ ၄င်းနှင့်အတူ အရက်သောက်နေ

www.burmeseclassic.com



ရလေသည်။ အကြောင်းမှု ဂျင်မီအား ထိန်းနိုင်သူမှာ သူတစ်ယောက်သာလျှင်ရှိသောကြောင့် ဖြစ်၏။

ယခုညတွင်တော့ ဂျင်မီက ခါတိုင်းကဲ့သို့ ဘားတကာလျှောက်မလည်၊ တင်မောင်ဆွေ့ကို အားနာလာဟန်တူသည်။ သူတို့နှစ်ယောက် စားကျက်ချနေကျ ချောင်ကျကျ နိုင်ငံခြားအရက်ဆိုင်တွင်ထိုင်ကာ သောက်ခဲ့ကြသည်။

ဂျင်မီက စကားများများမပြော၊ အရက်ကိုသာ တစ်ပက်ပြီးတစ်ပက် ဆက်သောက်နေသည်။ တင်မောင်ဆွေက တစ်ပက်သောက်ပြီးလျှင် ဂျင်မီက သုံးပက်နီးပါး ကုန်နေပြီဖြစ်၏။

အရက် (၁၂)ပက်တိတိ သောက်ပြီးသည့်အခါတွင်ကား ဂျင်မီစမတ်သည် ခေါင်းကြီးငိုက်စိုက်ကျနေပြီ ဖြစ်သည်။

သူ့မျက်နှာကြီးသည် သွေးမရှိတော့သကဲ့သို့ ဖြူရော်နေကာ အဆီပြန်လျက် ပြောင်ဝင်းနေသည်။ သူ့မျက်လုံးကြီးတွေကလည်း မှေးကျနေ၏။ သူ မကြာခင် လုံးဝ 'အောက်'သွားတော့မည်ဖြစ်သည်ကို တင်မောင်ဆွေက နားလည်လိုက်မိသည်။

ဂျင်မီသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကာ စိုက်ကျနေသော ဦးခေါင်းကြီးကို မနည်းအားယူ၍ ထောင်လိုက်သည်။ သူ့ဘေးတွင် တင်မောင်ဆွေ ရှိနေသည်ဆိုခြင်းကို သူက သတိမူမိတော့ဟန်မတူ။

ရီဝေနေသော သူ့မျက်လုံးကြီးတွေက ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်ရှုလာကြသည်။ ပြီးတော့ ဤအခြေအနေမျိုးတွင် သူ့ထံမှ ကြားရနေကျ နာမည်တစ်ခုက သူ့ပါးစပ်မှ ဖြည်းညင်းစွာ ထွက်လာကြသည်။





'ဇီဇီ... ဇီဇီ...'

တင်မောင်ဆွေက ဂျင်မီစမတ်လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

'ဂျင်မီ... တို့ပြန်ကြရင် ကောင်းမယ်ထင်တယ်ကွာ'

ဂျင်မီကတော့ တင်မောင်ဆွေ့စကားကို ကြားရဟန်မတူ၊ သူ့လက်မောင်းကို ရုန်းလိုက်ကာ ပါးစပ်မှ ရေရွတ်နေလိုက်သည်။

'ဇီဇီ... မင်း ဘယ်မှာလဲ ဇီဇီရယ်၊ မင်း ဘယ်ရောက်နေတာလဲဟင်၊ မင်း အခုထက်ထိ အသက်ရှင်ရက်ပဲ ရှိနေသေးသလား၊ ဒါမှမဟုတ် ဟိုညကပဲ မင်း တစ်ခါတည်း'

ဂျင်မီက စကားမဆက်တော့။ ရုတ်တရက် ပြင်းပြစူးရှသော နာကျင်မှုဝေဒနာကို ခံစားလိုက်ရသည့်အလား မျက်လုံးများကို စုံမှိတ်လိုက်ကာ မျက်နှာကြီးကို ရှုံ့မဲ့ပစ်လိုက်သည်။ ပြီးတော့ စိတ်ထဲတွင် သည်းမခံနိုင်လောက်အောင် မချင့်မရဲ ဖြစ်လာဟန်ဖြင့် လက်သီးဆုပ်တစ်ဖက်ဖြင့် ကျောက်စားပွဲပြင်ကို တအားထုချလိုက်သည်။

'စတယ်ဒီ ဂျင်မီ၊ စတယ်ဒီ ကိုယ့်ကိုယ်ကိုယ် ထိန်းစမ်းပါကွာ'

ဂျင်မီစမတ်က တင်မောင်ဆွေ့အား လုံးဝ ဂရုမစိုက်၊ ရုတ်တရက် ထိုင်ရာမှထမည် လုပ်လိုက်ရာ တင်မောင်ဆွေက ၎င်း၏ပခုံးကို ဆွဲဖိထားလိုက်ရသည်။

'မင်း ဘယ်သွားဦးမလို့လဲ ဂျင်မီ'

'ကျွန်တော်လား၊ ကျွန်တော် ဇီဇီ့ကို လိုက်ရှာရမယ်လေ၊ ဇီဇီဟာ တစ်နေရာရာမှာ ရှိနေမှာပါ၊ ဟုတ်တယ်၊ သူ့ကို ကျွန်တော်တွေ့အောင် လိုက်ရှာရမယ်'



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပက်ဆိုလျှင် ဂျင်မီ လုံးဝ အောက်သွားတော့မည်ဟု တင်မောင်ဆွေက တွက်လိုက်မိသည်။ ယခုပင်လျှင် ၄င်း ဦးခေါင်းကို ကောင်းကောင်းထူနိုင်တော့သည် မဟုတ်ချေ။

'အေး… ရှာတာပေါ့ ဂျင်မီရာ၊ ရှာတာပေါ့၊ ကိုယ်ပါ မင်းနဲ့အတူ လိုက်ခဲ့ပါ့မယ်၊ ဒါပေမဲ့ မသွားကြခင် နောက်ဆုံးဘိတ်တစ်ပက်စီလောက် ထပ်ချသွားကြရအောင်လားကွာ'

ဂျင်မီက ကုလားထိုင်တွင် ကုန်းကုန်းကွကွ လုပ်နေရာမှ ပြန်ထိုင်ချလိုက်ကာ ကုလားထိုင် နောက်မှီတွင် သူ့ကျောပြင်ကျယ်ကြီးကို မှီချလိုက်သည်။ ထို့နောက် မျက်စိများကို မှိတ်ထားလိုက်၏။

တင်မောင်ဆွေသည် ဂျင်မီ့မျက်နှာကို စူးစိုက်ကြည့်ကာ သက်ပြင်းကြီးတစ်ချက် ချလိုက်မိသည်။ ဂျင်မီ ဤကဲ့သို့ ခံစားရပြီဆိုလျှင် တင်မောင်ဆွေမှာလည်း စိတ်ထဲတွင် သက်သာသည်တော့ မဟုတ်။

ဂျင်မီက ဇီဇီ၏နာမည်ကို တမ်းတလိုက်တိုင်း တင်မောင်ဆွေမှာလည်း ရင်ထဲတွင် နာကျင်သွားရတတ်သည်သာ ဖြစ်လေ၏။ အမှန်စင်စစ်တော့ ဇီဇီ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားရခြင်းသည် သူ့တာဝန်။

တင်မောင်ဆွေက သူ့အတွေးကို အဆုံးမသတ်။ သူ့မေးကြောကြီးတွေကသာ တင်းမာလာ၏။

ဂျင်မီက တစ်စုံတစ်ဥကို ရေရွတ်လိုက်သည်။ သို့ရာတွင် စကားလုံးတွေကတော့ သဲကွဲစွာ ထွက်မလာချေ။

တင်မောင်ဆွေက အခန်းနံရံရှိ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ ချက်ချင်းလိုလိုပင် ဆိုင်စာရေးက ဆင်နားရွက်တံခါး





ကလေးကို တွန်းဖွင့်လျက် ဝင်လာသည်။ ၄င်းသည် ဂျင်မီစိတ်ဓာတ်ကို သိထားပြီဖြစ်ရာ စိုးရိမ်မကင်းနှင့် အခန်းအပြင်ဘက်ကနေ၍ အခြေအနေကို စောင့်နားထောင် အကဲခတ်နေခဲ့ဟန်တူ၏။

'ကဲ… ချာလီ လုပ်ပါဦး၊ တို့နှစ်ယောက်အဖို့ တစ်ယောက်တစ်ပက်စီ နောက်ဆုံး ပေးပါဦး၊ ဆော်ဒါတော့ မလိုတော့ဘူး'

ဆိုင်စာရေး ချာလီက ကုလားထိုင်တွင် မျက်စိမှိတ် အံကြိတ်၍ ထိုင်နေသော ဂျင်မီ့အား တစ်ချက်လှမ်းကြည့်ပြီးမှ တင်မောင်ဆွေ့အား မရဲတရဲ ပြန်မေးလိုက်သည်။

'ဖြစ်ပါ့မလား ဆရာ'

'ငါပါရင် ဖြစ်ပါတယ်ကွ'

ဆိုင်စာရေးလည်း ခေါင်းညိတ်လျက် ပြန်ထွက်သွားတော့သည်။ ထိုစဉ် ဂျင်မီက မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

'ဘယ်မှာလဲဗျ၊ အရက်… အရက် လိုချင်တယ်'

'အခု လာပါလိမ့်မယ်ကွ ဂျင်မီ၊ မင်း အသာစောင့်နေလိုက်စမ်းပါကွာ'

'ဩော်… ကိုဆွေလား၊ ကျွန်တော် သိပ်မူးချင်တယ် ကိုဆွေ'

'မင်း မူးပါရစေ့မယ်ကွာ'

ဂျင်မီသည် ကုလားထိုင်ကျောမှီတွင် သူ့ဦးခေါင်းကြီးကို မှောတင်ထားလိုက်ရာမှ မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်စဉ်မှာပင် စားပွဲထိုးကလေးက မှောလ်ဝီစကီနှစ်ပက် လာပို့လေသည်။ တင်မောင်ဆွေက စားပွဲပေါ်မှ လက်ကျန်ဆော်ဒါများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောစပ်ပြီးနောက် ဂျင်မီ၏အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ဂျင်မီသည် 'ဒေါင်း'လုံ 'ဒေါင်း'ခင် ဖြစ်နေ၏။ ဤတစ်ပက်ဝင်သွားလျှင်တော့ သူ ဘာကိုမှ သိတော့မည်မဟုတ်ပေ။ သူ့ခွီခွီကို ယာယီတော့ မေ့သွားပေလိမ့်မည်။ ထိုအခါကျမှ သူ့အား အိမ်အရောက် ပြန်ပို့ပေးရပေမည်။

'ရော့... ဂျင်မီ၊ မင်း အရက်ရောက်နေပြီလေကွာ၊ ချလိုက်စမ်း'

တင်မောင်ဆွေက ဂျင်မီ၏ ပခုံးကို ဆွဲလှုပ်လိုက်ကာ ဂျင်မီ၏ လက်တစ်ဖက်ထဲသို့ ဖန်ခွက်ကို ထည့်ပေးလိုက်သည်။

ဂျင်မီက မျက်လုံးများကို ဖွင့်မကြည့်၊ ဖန်ခွက်ကို ပါးစပ်ဆီသို့ ဆွဲမြှောက်တော့ကာ မော့ချလိုက်၏။

သို့ရာတွင် တစ်ဝက်မျှသာ သောက်နိုင်သည်။ လက်ထဲက ဖန်ခွက် လွတ်ကျသွားကာ ကိုယ်ခန္ဓာကြီးလည်း ရှေ့သို့စိုက်ကျလာပြီး စားပွဲပြင်ပေါ်တွင် မျက်နှာထိုးချလိုက်သည်။

တင်မောင်ဆွေက စီးကရက်ကို ပါးစပ်တွင်ခဲလျက် ဂျင်မီအား အကဲခတ်ကြည့်နေလိုက်သည်။ ဂျင်မီက ပြန်လှုပ်မလာတော့၊ ငြိမ်သက်နေကာ သူ့ကျောပြင်ကြီးကသာ သူ အသက်ရှူလိုက်တိုင်း နိမ့်ချီမြင့်ချီ လှုပ်ရှားနေသည်။

ဂျင်မီက လုံးဝ 'အောက်'သွားပြီဖြစ်၏။ တင်မောင်ဆွေက သူ့အရက်ကို တစ်ကျိုက်ချင်းစုပ်၍ မြန်မြန်ကုန်အောင် သောက်လိုက်သည်။ သူသောက်ခဲ့သည်မှာ ဒါပါနှင့်ဆိုလျှင် ငါးပက်ရှိခဲ့ပြီဖြစ်သော်လည်း အရက်ရှိန်က သူ့အတွက် ဘယ်လိုမှမလာ။ ရီတီတီကလေးပင်မဖြစ်ဘဲ သူ့ဦးခေါင်းက ကြည်လင်ပြတ်သားနေသေး၏။





ယခုတစ်လော ဂျင်မီနှင့် သောက်ရလျှင် သူ့အတွက် သည်အတိုင်းသာ ဖြစ်သည်။ တင်မောင်ဆွေက ပခုံးများကို တွန့်လိုက်ကာ နံရံမှ လျှပ်စစ်လူခေါ် ခေါင်းလောင်းဘုကလေးကို နှိပ်လိုက်ပြန်၏။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

## - သုံး -

ဂျင်မီစမတ် အရက်အလွတ်အကျွတ် သောက်နေသည်ကို သူက လိုက်ထိန်းနေစဉ်အတွင်း ရန်ကုန်မြို့ ဆေးရုံကြီးမှအရေးပေါ် လူနာခန်းထဲမှနေ၍ သေလုဆဲဆဲ လူနာတစ်ယောက်က သူ့နာမည်ကို တဖွဖွ ခေါ်နေသည်ကိုလည်းကောင်း၊ ရန်ကုန်မြို့မ စုံထောက်အဖွဲ့မှ လူများသည် သူ့အား တစ်မြို့လုံးတွင် အနှံ့အပြား လိုက်၍ရှာဖွေနေသည်ကိုလည်းကောင်း၊ တင်မောင်ဆွေက လုံးဝ မသိချေ။

လုံးဝသတိလစ်အောင်ႋ အရက်မူးသွားပြီဖြစ်သော ဂျင်မီစမတ်အား အိမ်အရောက် ကားနှင့်တင်ခေါ်ပြန်ခဲ့ကာ ၎င်း၏အိပ်ခန်းထဲမှ မွေ့ရာပေါ် အရောက်ထမ်းပို့ခဲ့သည်။

ဂျင်မီကတော့ မွေ့ရာထက်တွင် အသေကောင်ကြီးဖြစ်နေသည်။ အသက်ကို ပါးစပ်ဟလျက် ရှူနေ၏။. တင်မောင်ဆွေက ၎င်း၏ခြေထောက်တွင် စွပ်ထားသော ဖိနပ်တွေကို ပထမ ချွတ်ပေးလိုက်သည်။ ထို့နောက် ဂျင်မီအား ၎င်းနှင့်အတူနေသော တူတော်သူ





ထံတွင် အပ်ပစ်ခဲ့ကာ၊ တိုက်ခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အချိန်ကား ည(၁၀)နာရီကျော်ကျော်ကလေး ရှိနေလေပြီ။

သူရောက်နေသည့် လမ်းမှာ ရန်ကုန်အရှေ့ပိုင်းရှိ သီးသန့်ကျသော လမ်းတစ်လမ်းပင် ဖြစ်သည်။ အချို့တိုက်တွေမှ အခန်းအချို့သည် မီးတွေလင်းနေကြသေးသော်လည်း လမ်းကတော့ ပကတိရှင်းလင်း တိတ်ဆိတ်နေသည်။ လမ်းဘေးတွင်ရှိသော တင်မောင်ဆွေ့ကား အပါအဝင် ကိုယ်ပိုင်ကား သုံးလေးစင်း ရပ်ထားလျက်ရှိနေသည်။

တင်မောင်ဆွေက သူ့ကားဆီသို့ လျှောက်လာစဉ် လမ်းထိပ်မှနေ၍ ကားတစ်စင်းက ခပ်သွက်သွက်ကလေး ဝင်လာသည်။ တင်မောင်ဆွေက သူ့ကားတံခါးသော့ကို ဖွင့်လျက် ကားတံခါးကို ဆွဲဖွင့်လိုက်စဉ် ဝင်လာသော ကားဆီမှ ရှေ့ဓာတ်မီးရောင်က ရုတ်တရက် သူ့အပေါ်သို့ ထိုးကျလာ၏။

ကားဟွန်းသံကလည်း  အချက်ပေးလိုက်သည့်အလား၊ တတီတီနှင့် အရေးတကြီး မြည်လာသည်။ ထို့ကြောင့် တင်မောင်ဆွေက ကားထဲသို့ မဝင်သေးဘဲ ကားတံခါးကို ကွယ်ရပ်ကာ ထိုကားကို အကဲခတ်ကြည့်လိုက်သည်။

ကားသည် သူ့ကားဘေးတွင် ကျီခနဲ ထိုးရပ်လိုက်သည်။ ရဲအဖွဲ့မှ ကားတစ်စင်းဖြစ်သည်ကို တင်မောင်ဆွေက ချက်ချင်းပင် မှတ်မိလိုက်သည်။ သူဝတ်ထားသော ကုတ်အင်္ကျီ ဓါဘက်ရင်ဘတ်အောက် ပခုံးစလွယ်အိတ်ထဲတွင် ထည့်ထားသော သူ့လက်စွဲတော် လူဂါသေနတ်ဒင်နားတွင် အသင့်ရောက်နေသော ညာလက်ကို အသာပြန်ချထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲကားပေါ်မှ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး လူတစ်ယောက်က ဆင်းလာ၏။

'အောင်မယ်လေး ကိုဆွေရယ်... ရှာလိုက်ရတာ မောလှပြီ၊ အခုမှပဲ ဖမ်းမိတော့တယ်'

တင်မောင်ဆွေက ကားတံခါးမှထွက်ကာ ထိုလူနားသို့ လျှောက်သွားလိုက်သည်။ ထိုလူကား သူ့အသိပင် ဖြစ်နေသည်။ ရန်ကုန်မြို့မ စုံထောက် မှုခင်းစစ်ဆေးရေးမှူး (ယခင်က ရဲမှူးကြီး ဖြစ်ခဲ့သော်လည်း ယခု ရာထူးတက်လာသူ) ဦးသောင်းဖေ၏ လက်အောက်အရာရှိ ကိုဘရွှေပင် ဖြစ်သည်။

လေက စိမ့်နေသော်လည်း ကိုဘရွှေ၏နဖူးတွင် ချွေးပေါက်ကလေးတွေ စို့နေသည်ကိုထောက်၍ ၄င်းခမျာ တော်တော်ပန်းလာရှာကြောင်း တင်မောင်ဆွေ နားလည်လိုက်သည်မို့ သူက ကိုဘရွှေအား ပြုံး၍ ကြည့်လိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို ဘာကြောင့်များ ဒါလောက်အရေးတကြီး လိုက်ရှာနေတာတဲ့လဲ၊ ဆိုစမ်းပါဦး ကိုဘရွှေ'

'ခင်ဗျားကို အစ်ကိုကြီး ကိုသောင်းဖေက သိပ်ကို အရေးတကြီး တွေ့ချင်လို့တဲ့ ကိုဆွေ၊ ခင်ဗျားကို မတွေ့ တွေ့အောင်ရှာပြီး သူ့ဆီကို ခေါ်ခဲ့ရမယ်လို့ ကျွန်တော့်ကို အော်ဒါပေးထားတာဗျ'

ကိုဘရွှေက နဖူးမှချွေးကိုသုတ်ရင်း ပြန်ဖြေလိုက်ရာ တင်မောင်ဆွေက မျက်ခုံးတစ်ဖက် မသိမသာ ပင့်လိုက်သည်။

'အရေးတကြီး တွေ့ချင်တာက သူ့အတွက် အရေးကြီးတာဖြစ်ပါလိမ့်မယ်၊ ကိစ္စကကော ဘယ်လိုများလဲ ဆိုစမ်းပါဦး'

'ကျွန်တော်လည်း အတိအကျ မသိဘူး၊ ကျွန်တော့်တာဝန်





ခန်းမှာ တာဝန်ကျနေတုန်း သူ့ဆီက တယ်လီဖုန်းလာတာပဲ၊ ကိုဆွေ့ကို မတွေ့တွေ့အောင်ရှာပြီး ဆေးရုံကြီးကို အမြန်ခေါ်ခဲ့ရမယ်တဲ့'

'ဆေးရုံကြီးကို ဟုတ်လား'

တင်မောင်ဆွေက အနည်းငယ်တော့ စိတ်ဝင်စားလာမိသည်။ ကိုသောင်းဖေကြီးက သူ့အား ဆေးရုံကြီးသို့ ခေါ်လာခိုင်းခြင်းသည် အကြောင်းတစ်ခုခုထူး၍သာ ဖြစ်ရပေမည်။

'ဟုတ်တယ် ကိုဆွေ၊ ဆေးရုံကြီးကို ခေါ်လာရမယ်တဲ့၊ လွန်ခဲ့တဲ့ နှစ်နာရီလောက်ကတည်းက သူ ကျွန်တော့်ဆီကို ဖုန်းဆက်ခဲ့တာဗျ၊ ကျွန်တော်လည်း ပထမ ကိုဆွေ့တိုက်ကို ဖုန်းဆက်ကြည့်တယ်၊ ကိုဆွေ့ တပည့်ကျော် ချစ်လှိုင်ကလေးက ကိုဆွေတစ်ယောက် ကိုဂျင်မီနဲ့ အရက်သောက် ထွက်သွားလေရဲ့ဆိုလို့ ကျွန်တော် လိုက်ရှာတာ ဘားတကာနဲ့နေတာပဲဗျာ၊ နောက်ဆုံးဘိတ်ကျမှ လမ်း(၄၀)ထဲက ဘားကိုရောက်သွားတော့ ကိုဆွေတို့ ခုကလေးတင် ပြန်သွားကြပြီ၊ ဂျင်မီတော့ လွတ်ထွက်သွားပြီလို့ ပြောတာနဲ့ ကိုဆွေ့ကတော့ ဂျင်မီ့ကို လိုက်ပို့မှာပဲဆိုပြီး ဒီကို လိုက်တာတာ၊ ကဲ... လာ... ကိုဆွေ သွားကြစို့'

တင်မောင်ဆွေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ ည(၁၁)နာရီကျော်နေပေပြီ။ ယခုလို အချိန်မတော်ကြီးတွင် ကိုသောင်းဖေက သူ့အား ဆေးရုံကြီးသို့ ခေါ်ခြင်းသည် ဘယ်လိုအဓိပ္ပာယ်လဲ။

'ဘာကိစ္စရယ်လို့ ကိုသောင်းဖေက ပြောသေးလဲ ကိုဘရွှေရယ်...'

'ဘာမှမပြောဘူး၊ ကိုဆွေ့ကိုသာ တွေ့အောင်ရှာပြီး ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



က အင်ကွာရီအခန်းထဲကို အမြန်ဆုံးခေါ်လာရမယ်တဲ့'

တင်မောင်ဆွေက သူ့ပခုံးများကိုတွန့်လိုက်သည်။ ဒု-ကြီးကြပ်ရေးမှူး ကိုသောင်းဖေ ဆိုသည်ကား ယခင်က အမှုပေါင်းများစွာတွင် သူနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသော သူ၏ရောင်းရင်း ရဲဘော်ကြီးတစ်ယောက်ပင် ဖြစ်သည်။ ယခု သူက အရေးတကြီးခေါ်သည် ဆိုလျှင် သူ့အနေဖြင့် လိုက်သွားရမည်သာ ဖြစ်လေ၏။

'ကဲ… သွားကြတာပေါ့ ကိုဘရွှေ၊ ခင်ဗျား ရှေ့ကသွားနှင့်၊ ကျွန်တော့်ကားနဲ့ ကျွန်တော် နောက်က လိုက်ခဲ့မယ်'

ကိုဘရွှေက သူစီးလာသော ရဲကားကလေးပေါ်သို့ ပြန်တက်သွားလေသည်။ ကိုဘရွှေ၏ကား မောင်းထွက်သွားလျှင် တင်မောင်ဆွေက သူ့အမ်ဂျီကားကလေးကို နောက်ကလိုက်၍ မောင်းခဲ့လေ၏။

※ ※ ※

- လေး -

မြို့မစုံထောက်အဖွဲ့ မှုခင်းစစ်ဆေးရေးမှ ဒုကြီးကြပ်ရေးမှူး ကိုသောင်းဖေသည် ဆေးရုံကြီး၏ အရေးပေါ် လူနာလက်ခံဌာန၊ စုံစမ်းရေးအခန်းထဲတွင် အလွန်တရာ စိတ်မငြိမ်မသက်ဖြစ်နေသည့် အမူအရာဖြင့် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက် ရှိနေသည်။

သူ့ပါးစပ်ထဲတွင်တော့ မီးသေနေသည့်မှာ ကြာပြီဖြစ်သော ဆေးပြင်းလိပ်တိုကို ခဲထားလေသည်။ မကြာခဏလည်း သူ့လက်ပတ်နာရီကို မြှောက်ကြည့်နေသည်။

ကိုသောင်းဖေကား ဝါရင့်ရဲအရာရှိတစ်ဦး ဖြစ်လေသည်။ လွန်ခဲ့သော (၁၅)နှစ်ခန့်က ရဲအုပ်ဘဝကတည်းက သူသည် တင်မောင်ဆွေနှင့် စတင် ဆုံဆည်းခဲ့ရခြင်းဖြစ်သည်။ တစ်ယောက်အကြောင်း တစ်ယောက် မသိရခင်ကမူ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် တော်တော် အတိုက်အခံ ဖြစ်ခဲ့ကြရသေးပေသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် ဆုံဆည်းရ



www.burmeseclassic.com

www.burmeseclassic.com



ဖန်များလာသည့်အခါတွင်ကား တစ်ယောက်၏အကြော တစ်ယောက်၏တတ်ကို တစ်ယောက်က သိနားလည်လာကြကာ၊ အပြန်အလှန် လေးစားမှု ရှိလာကြလေသည်။ ယခုတွင်ကား အမှုပေါင်းများစွာတွင် ပူးတွဲဆောင်ရွက်ပြီး အသက်အန္တရာယ်ကိုပင် အတူတကွ ပူးတွဲရင်ဆိုင်ခဲ့ကြဖူးပြီဖြစ်ရကား ချစ်ခင်ရင်းနှီးသော ရောင်းရင်းမိတ်ဆွေကြီးများ ဖြစ်နေကြရလေပြီ။

ကိုသောင်းဖေက အကြိမ်(၂၀)မြောက် သူ့လက်ပတ်နာရီကို မြောက်ကြည့်လိုက်ပြန်သည်။ ပြီးနောက် စိတ်မရှည်တော့သည့်အမူအရာဖြင့် ပါးစပ်တွင် ခဲထားသော ဆေးပြင်းလိပ်တိုကို ဆတ်ခနဲဆွဲချွတ်လိုက်ကာ အမှိုက်ပုံထဲသို့ လွှင့်ပစ်ပြီး တယ်လီဖုန်းဆီသို့ လျှောက်သွားလိုက်သည်။

သူ့ဌာနချုပ်နှင့် ဆက်မိလျှင်-

'ဘရွှေတစ်ယောက်ကော ပြန်မလာသေးဘူးလားကွ' ဟု မေးလိုက်သည်။

'ပြန်မရောက်သေးပါဘူး ဆရာ'

'ဘာမှကော သတင်းပြန်မပို့ဘူးလားကွ'

'ကိုတင်မောင်ဆွေနဲ့ ဂျင်မီစမတ်တို့ အရက်သောက်ဖို့ ထွက်သွားတာ သူလိုက်ရှာနေတယ်တဲ့'

ကိုသောင်းဖေက ဘာမှပြန်မပြောဘဲ ဖုန်းကိုဆောင့်ချလိုက်သည်။

'တောက်... အရေးထဲမှာ ဒီကောင်က အရက်သောက်ထွက်နေရတယ်တဲ့'

တစ်ကိုယ်တည်း စိတ်တိုစွာရေရွတ်လိုက်ပြီးမှ ကိုသောင်းဖေ





က တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြန်သည်။ သည်တစ်ခါတော့ သူက သီးသန့်လူနာခန်းဆီသို့ ဆက်ခြင်းဖြစ်သည်။

ပြန်ဖြေသော တာဝန်ကျ ဆရာမလေးအား သူက သူ့နာမည်ပြောပြပြီး တာဝန်ကျ ဆရာဝန်ကို တောင်းလိုက်သည်။

'ဟဲလို... ဒေါက်တာ၊ နှောင့်ယှက်ရတာ ခွင့်လွှတ်ပါ၊ လူနာ ဘယ့်နှယ်နေသေးသလဲဆိုတာ သိချင်လို့ပါ'

'မျှော်လင့်ချက် မရှိတော့တာကတော့ သေချာပါတယ်'

'နောက် ဘယ်လောက်ကြာအောင် ခံဦးမလဲ ဒေါက်တာ'

'ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး ဦးသောင်းဖေ၊ သွေးသွင်းပေးထားတာပဲ၊ အမှန်ကတော့ သေဖို့ကောင်းနေပါပြီ၊ စိတ်သာ ဆောင်နေတာဗျ၊ ဒီလူနာမျိုး ကျွန်တော် တစ်ခါပဲ တွေ့ဖူးသေးတယ်'

'သတိကော ရသေးရဲ့လား'

'ရနေပါသေးတယ်၊ ခင်ဗျားလူကိုသာမေးနေတာပဲ၊ ခင်ဗျားလူကကော မလာသေးဘူးလားဗျ'

ကိုသောင်းဖေက သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။

'လိုက်ရှာနေရတုန်းပဲ ဒေါက်တာ'

'ခင်ဗျားလူ မြန်မြန်လာမှပဲ၊ ကျွန်တော်ဖြင့် လူနာကိုကြည့်ရတာ စိတ်မသက်သာဘူးဗျာ၊ ခင်ဗျားလူကို ပြောစရာရှိတာ ပြောရအောင် တမင်သက်သက် အသက်မထွက်ဘဲ စောင့်နေတာဗျ'

'သူ့ကို မသေပါစေနဲ့ဦး ဒေါက်တာ၊ သိပ်ကို အရေးကြီးလို့ပါ'

'ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားနေပါတယ် ဦးသောင်းဖေ'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ ဒေါက်တာ'

ကိုသောင်းဖေက တယ်လီဖုန်းကို ပြန်ချလိုက်ကာ ဟူးခနဲနေအောင် သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်၏။ ပြီးလျှင် လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ပြန်သည်။ (၁၁)နာရီခွဲပြီး၍ (၅)မိနစ်ပင် ကျော်သွားလေပြီ၊ အပေါ်ထပ်မှ လူနာသည် နောက်ထပ် မည်မျှကြာအောင် ခံဦးမည်နည်း။

ထိုစဉ်မှာပင် အခန်းတံခါးက ပွင့်လာကာ ရဲမှူးကိုဘရွှေ ဝင်လာသည်ကို သူက တွေ့လိုက်ရသည်။

'ဟော့··· ကိုဘရွှေ၊ ဟိုအကောင်ကို တွေ့ခဲ့ရဲ့လား'

'တွေ့လို့ ပါလာပါပြီဗျ၊ ဘာများ ဒါလောက်အရေးကြီးနေတာလဲ ကိုသောင်းဖေ'

ပြန်ဖြေလိုက်သူကား ကိုဘရွှေ၏နောက်မှ လိုက်ဝင်လာသူ တင်မောင်ဆွေပင် ဖြစ်၏။

ကိုသောင်းဖေက တင်မောင်ဆွေအားကြည့်ကာ အင်မတန် စိတ်သက်သာရာ ရသွားသော သက်ပြင်းကြီးတစ်ချက်ကို ချလိုက်သည်။

'မင်းနယ်ကွာ··· အရေးထဲမှ ထွက်အရက်သောက်နေရတယ်လို့'ဟုလည်း စိတ်တိုစွာဖြင့် အပြစ်တင်စကား ပြောလိုက်မိ၏။

တင်မောင်ဆွေက ကိုသောင်းဖေအား မျက်ခုံးတစ်ဖက်ပင့်လျက် ပြန်ကြည့်လိုက်သည်။

'ခင်ဗျားမှာ အရေးပေါ်နေတယ်ဆိုတာ အလိုလိုသိရအောင် ကျွန်တော်က သိကြားမင်းလားဗျ'

ကိုဘရွှေက ပါးစပ်ကို လက်တစ်ဖက်ဖြင့်ကာလျက် ကြိတ်





ပြုံးလိုက်ကာ ကိုသောင်းဖေကတော့ မျက်မှောင်ကြီးကုတ်လိုက်၏။

'ထားလိုက်ပါတော့လေ၊ မင်း အချိန်မီရောက်လာတာ တော်သေးတာပေါ့'

တင်မောင်ဆွေက ပြုံးလိုက်ကာ ကိုသောင်းဖေ၏ လက်မောင်းတစ်ဖက်ကို ခင်မင်စွာ ပုတ်လိုက်သည်။

'ကဲ··· ဆိုစမ်းပါဦးဗျာ၊ ကျွန်တော့်ကို ဘာကြောင့်အရေးတကြီး ခေါ်ရတာလဲ၊ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ'

'မင်း လူနာတစ်ယောက်နဲ့တွေ့ပြီး သူ့ကို မေးပေးဖို့ပဲကွ'

'လူနာတစ်ယောက် ဟုတ်လား၊ ကျွန်တော်က ဘာမေးပေးရမှာလဲ'

'အဲဒီလူနာက သေနတ်ပစ်ခံထားရတာကွ၊ မျှော်လင့်ချက်မရှိတော့ဘူး၊ ဆေးရုံကြီးကို ရောက်လာကတည်းက သူ့ကို ဘာမှ မေးလို့မရဘူး၊ မင်းကိုသာခေါ်ပေးဖို့ တဖွဖွပြောနေခဲ့တယ်၊ မင်းကို အင်မတန်အရေးကြီးတဲ့စကား ပြောစရာရှိနေတယ်တဲ့၊ တကယ်တော့ သူသေဖို့ကောင်းတာ ကြာလှပြီ၊ မင်းနဲ့တွေ့ဖို့ သူ့ခမျာ စိတ်တင်းပြီး စောင့်နေရှာတာပဲ'

တင်မောင်ဆွေအတွက်တော့ အံ့သြစိတ်ဝင်စားစရာဖြစ်လာသည်။

'ဟုတ်လား··· သူက ဘယ်သူတဲ့လဲဗျ'

'သူ့အိုင်ဒီဒင်တီပေပါ (မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် စာရွက်စာတမ်း) အရတော့ သူ့နာမည်က ချစ်လှတဲ့၊ ပင်လယ်ကူးသင်္ဘောသားတစ်ယောက်ပဲ'

တင်မောင်ဆွေမှာ ပို၍သာ အံ့သြသွားရပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆန်းတာပဲ၊ ကျွန်တော် ဒီလူကို လုံးဝမသိရပါကလား'

'သိသိ မသိသိကွာ၊ သူက မင်းကို မေးနေတယ်၊ သေရမှာတောင် မသေနိုင်သေးဘဲ မင်းကို ပြောစရာရှိတာ ပြောရအောင် စိတ်တင်းစောင့်နေတယ်၊ ဒီတော့ မင်း သူ့ကို အခုသွားတွေ့လိုက်ပါ'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်သည်။ တကယ်တော့လည်း သူသည် သူ လုံးဝမသိသော ဤသဘော်သား ချစ်လှကို တော်တော်ကြီး စိတ်ဝင်စားနေမိသည်။ သေလောက်အောင် သေနတ်ပစ်ခံထားရပြီးလျက် မသေသေးဘဲ သူ့အား ပြောစရာစကားတွေရှိ၍ စိတ်တင်းစောင့်နေသည်ဆိုရာ ထိုစကားများသည် ဘာများပေနည်း၊ သူ့ကိုမှ ဘာကြောင့် တဖွဖွတ,နေခဲ့ရသလဲ။

'ကောင်းပြီလေ၊ ကျွန်တော် သွားတွေ့လိုက်ပါ့မယ်၊ တွေ့တော့ သူ့ကို ကျွန်တော် ဘာတွေမေးရမလဲ'

'သူ့ကို ဘယ်သူက သေနတ်နဲ့ ပစ်ခဲ့သလဲဆိုတာပေါ့ကွာ၊ အဲဒါကို သိရဖို့က သိပ်ကို အရေးကြီးတယ်'

'သူက ခုထက်ထိ ပြောမပြသေးဘူးပေါ့'

ကိုသောင်းဖေက စိတ်မရှည်သည့် အမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။

'အေး.... မေးလို့မရဘူး၊ မင်းကိုသာ တဖွဖွ တ,နေတာပဲ၊ သူပြောစရာရှိတာတွေကို စုံထောက်တင်မောင်ဆွေ့ကိုသာ ပြောမယ်တဲ့၊ မင်း သူ့ကို မသိဘူးဆိုတာ တကယ်ပဲနော်'

ကိုသောင်းဖေက တင်မောင်ဆွေအား သင်္ကာမကင်းကြည့်ပြီး မေးလိုက်သည်။

'တကယ်ကို မသိပါဘူးဗျာ၊ သူ့ကို ဘယ်သူက သေနတ်နဲ့ ပစ်တယ်ဆိုတာသိရဖို့ ဘာဖြစ်လို့ ဒါလောက် အရေးကြီးနေတာလဲ'

'သူ့ကိုယ်ထဲက သေနတ်ကျည်ဆန်ထုတ်ပြီး ဘဲလစ္စတစ်ဌာန (သေနတ်ကျည်ဆန် စစ်ဆေးရေးဌာန)ကို စစ်ဆေးနိုင်းကြည့်တော့ သူ့ကို ပစ်ခဲ့တဲ့ သေနတ်ဟာ ဦးအောင်မြိုင်ကို ပစ်သတ်ခဲ့တဲ့ သေနတ်ပဲဆိုတာ သိခဲ့ရတယ်လေ'





တင်မောင်ဆွေက အသံမထွက်အောင် လေချွန်လိုက်မိလေ၏။ ကိုသောင်းဖေ ဘာကြောင့် ဤမျှအရေးတကြီး ဖြစ်နေသည်ကို လည်း သူက သဘောပေါက်လာမိသည်။

ဦးအောင်မြိုင်ကား တိုင်းပြည်တွင် တော်တော်အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သည်။ အစိုးရအဆက်ဆက်တွင် အရေးကြီးသောဌာနကို ကိုင်ခဲ့ရသော အတွင်းဝန်ကြီးတစ်ယောက် ဖြစ်ခဲ့သည်။

၄င်းသည် လွန်ခဲ့သော တစ်နှစ်ကျော်က သေနတ်ပစ်ခံရပြီး သေဆုံးသွားခဲ့သည်။ ၄င်းအား ပစ်သတ်သွားသော လူသတ်သမားကို ယခုထက်တိုင်အောင် ဖမ်းမမိသေးချေ။

'ဒီတော့ ဒီလူမသေခင် သူ့ကို ဘယ်သူက သေနတ်နဲ့ ပစ်ခဲ့တယ်ဆိုတာ သိရဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းသိရောပေါ့ကွာ၊ သူမပြောဘဲ သေသွားရင် ဦးအောင်မြိုင်ကို သတ်သွားတဲ့ တရားခံကို ခြေရာခံလိုက်နိုင်တဲ့ လမ်းစပျောက်သွားလိမ့်မယ်ကွ'

သေနတ်ပစ်ခံထားရ၍ သေခါနီးဖြစ်နေပြီး မိမိအား တဖွဖွတ,နေသော သဘော်သား ချစ်လှဆိုသူကား တင်မောင်ဆွေ့အတွက် မူ၍သာ စိတ်ဝင်စားစရာ ဖြစ်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… လူနာက ဘယ်မလဲ'

'နေဦး… ငါ ဒေါက်တာကို မေးကြည့်ဦးမယ် တင်မောင်ဆွေ'

ကိုသောင်းဖေက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြန်သည်။

'ဒေါက်တာ… ကျွန်တော့်လူ ရောက်လာပြီ၊ ခေါ်ခဲ့ရတော့မလား'

'မြန်မြန်ခေါ်ခဲ့ပေတော့ဗျို့၊ လူနာက မိနစ်ပိုင်းပဲ ခံတော့မှာ အခုပဲ တော်တော်အားနည်းနေပြီ'

ကိုသောင်းဖေက တယ်လီဖုန်းကို ပြန်ချလိုက်၏။

သီးသန့်လူနာခန်း စင်္ကြံထဲတွင် တာဝန်ကျ ဆရာဝန်က အသင့်စောင့်လျက် ရှိနေသည်။

'ကိုတင်မောင်ဆွေဆိုတာ သူပဲလား'

ဆရာဝန်က တင်မောင်ဆွေအားကြည့်ကာ မေးလိုက်သည်။

'ဟုတ်တယ် ဒေါက်တာ'

'ဒီလိုဆို မြန်မြန်ဝင်တွေ့ချေတော့၊ လူနာက အခြေအနေ တော်တော်ဆိုးနေပြီ၊ သိပ်ခံတော့မှာ မဟုတ်ဘူး'

'စကားကော ပြောနိုင်သေးရဲ့လား'

တင်မောင်ဆွေက ဆရာဝန်အား ပြန်မေးလိုက်သည်။

'စကားပြောဖို့ သူက စိတ်ကိုတင်းထားတာပဲ'

ဆရာဝန်က ပြောပြောဆိုဆို ရှေ့ဆောင်လျက် လူနာခန်းထဲသို့ ဝင်လိုက်သည်။ တင်မောင်ဆွေနှင့်အတူ ကိုသောင်းဖေကလည်း လိုက်ဝင်လာသည်။





အခန်းထဲတွင် ခုတင်တစ်လုံးရှိကာ ခုတင်ထိပ်မှ နံရံတွင် လျှပ်စစ်မီးပွင့်တစ်ပွင့်က ခပ်မှိန်မှိန်လင်းလျက် ရှိနေသည်။ ထိုမီးရောင်အားဖြင့် ခုတင်ထက်ဝယ် ပက်လက်ကလေး ငြိမ်သက်နေသော လူနာကို ကောင်းစွာ တွေ့မြင်နိုင်သည်။

လူနာသည် မျက်လုံးကိုပိတ်ထားသော်လည်း ၄င်းတို့ဝင်လာသံကို ကြားရသည်၌ ပြန်ဖွင့်ကာ ခေါင်းလှည့်၍ ကြည့်လိုက်သည်။

၄င်း၏မျက်နှာမှာ ဖြူရော်ရော် ချောင်ကျနေပြီး သေခြင်း၏ အရိပ်က လွှမ်းထားနေပြီ ဖြစ်၏။ သို့ရာတွင် မျက်လုံးတွေကတော့ တလဲ့လဲ့ တောက်နေသည်။

တင်မောင်ဆွေက ရှေ့သို့တိုးကာ ၄င်းဘေးနားသို့ ကပ်လိုက်၏။ လူနာက သူ့အားမော့ကြည့်ကာ မျက်လုံးများပြူးကျယ်လာသည်။

'စုံထောက် တင်မောင်ဆွေဆိုတာ ခင်ဗျားလား'

လူနာ၏မျက်လုံးများက တင်မောင်ဆွေမျက်နှာကို တစ်မိနစ်မျှကြာအောင် သေသေချာချာ စူးစိုက်ကြည့်နေသည်။ တင်မောင်ဆွေက အလိုက်သိစွာပင် သူ့အိတ်ကပ်ထဲမှ မှတ်ပုံတင်ကတ်ပြားကို ထုတ်လျက် ၄င်းအား ပြလိုက်၏။

လူနာက မှတ်ပုံတင်ကတ်ပြားကို သေသေချာချာကြည့်ပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ၄င်း၏ မျက်လုံးများက ဆရာဝန်နှင့် ကိုသောင်းဖေတို့ထံ ရောက်သွားကြပြန်၏။

'ခင်ဗျားတို့ နှစ်ယောက် အပြင်ထွက်ပေးကြပါ၊ ကျုပ် ကိုတင်မောင်ဆွေနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်၊ ကျုပ်မှာ အချိန်သိပ်မရှိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေမှာ သိပ်ကျေနပ်ဟန်တော့မတူ၊ ဆရာဝန်က ငှင်း၏လက်မောင်းကို ဆုပ်ကိုင်လျက် နှစ်ယောက်သား အခန်းထဲမှ ထွက်သွားကြ၏။

တင်မောင်ဆွေက ခုတင်ဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်လျက် လူနာအား ငုံ့ကြည့်လိုက်၏။

'ခင်ဗျား ကျွန်တော့်ကိုတွေ့ပြီး အရေးကြီးတဲ့စကား ပြောစရာရှိတယ်ဆိုတယ်၊ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် မသိပါကလား၊ ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်ကို ချစ်လှလို့ ခေါ်ကြတယ်'

'ဟုတ်ပြီ၊ ခင်ဗျားကို ဘယ်သူက သေနတ်နဲ့ ပစ်ခဲ့တာလဲ'

'နဂါး'

'နဂါး… ဟုတ်လား'

လူနာသည် သွေးရူးသွေးတန်း လျှောက်ပြောနေတာများလားဟု တင်မောင်ဆွေက ထင်လိုက်မိသည်။ သို့ရာတွင် လူနာက စကားဆက်လိုက်၏။

'သူ့နာမည်ကို ကျုပ် မသိဘူး၊ သူ့ကို နဂါးလို့ပဲ ခေါ်ကြတယ်'

'ဒီမှာ…'

လူနာက လက်တစ်ဖက် မြှောက်ပြလိုက်သည်။ ငှင်း၏ ရင်သည် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေ၏။

'ကျုပ်ပဲ ပြောပါရစေဗျာ၊ ကျုပ်မှာ အချိန်မရှိတော့ဘူး'

တင်မောင်ဆွေက ခေါင်းကို အသာညိတ်လိုက်သည်။ လူနာ မျက်နှာကိုကြည့်ကာ အခြေအနေ သိပ်မလှတော့ကြောင်း သူ နား





လည်မိသည်။

လူနာက ရင်တလှပ်လှပ် ဖြစ်လာသည့်အလား လက်တစ်ဖက်ဖြင့် ရင်ဘတ်ကို ဖိထားလိုက်၏။ မျက်လုံးများကိုလည်း ပြန်မှိတ်ထားလိုက်သည်။ ငှင်း၏ အသက်ရှုသံသည် ပြင်းပြ၍လာ၏။ ငှင်းဆက်၍မှ စကားပြောနိုင်ပါတော့မည်လားဟု တင်မောင်ဆွေက စိုးရိမ်လာမိသည်။

ထိုစဉ်မှာပင် လူနာက တစ်စုံတစ်ရာ ရေရွတ်လိုက်သည်။ အသံတိုးလှသဖြင့် တင်မောင်ဆွေက ကောင်းစွာ မကြားရ၊

ထို့ကြောင့် သူ့နားကို လူနာ၏ပါးစပ်နားသို့ တိုးကပ်ကာ 'ဘာပြောတယ်'ဟု မေးလိုက်သည်။

'ခင်ဗျား သူ့ကို အချိန်မီသွားကယ်ပါ'

လူနာက အသက်ကို ပြင်းစွာ တစ်ချက်ရှုလိုက်သည်။

'ဇီဇီဆိုတဲ့ အမျိုးသမီးလေ'

တင်မောင်ဆွေသည် ကိုယ့်နားကို မယုံကြည်နိုင်အောင် ဖြစ်သွားမိတော့သည်။ သူတို့က သေပြီဟု တွက်ထားမိသော ဇီဇီ၊ ငှင်းမိစမတ်၏ ဇီဇီ၊ လွန်ခဲ့သည့်နှစ်က စုပ်စမြုပ်စ ပျောက်ဆုံးသွားခဲ့သော ဇီဇီ…။

ယခု သေခါနီးဖြစ်နေသော ချစ်လှဆိုသူက ထိုနာမည်ကို ပြောနေ၏။

လူနာက တင်မောင်ဆွေ့မျက်နှာကို စူးစိုက် ကြည့်လိုက်ရာ သူ့မြင်ရသော အမူအရာကို သဘောကျသွားသည့်အလား မသိသော ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား တစ်ယောက်သာ သူ့ကို ကယ်နိုင်မှာပဲ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်ဗျားကို မှာလိုက်တယ်'

လူနှာက အားယူ၍ ပြောလိုက်ပြန်၏။ တင်မောင်ဆွေက လူနှာ၏လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။ သူ့နှလုံးသည် သူ့ရင်ထဲ၌ တဒိန်းဒိန်း ကျယ်လောင်စွာ ခုန်လာတော့သည်။

'ဒီလိုဆို ဇီဇီတစ်ယောက် အသက်ရှင်လျက် ရှိနေသေးတယ်ပေါ့၊ ဟုတ်လား'

လူနှာက ဦးခေါင်းကို သဲ့သဲ့ကလေး ညိတ်လိုက်သည်။

'ခင်ဗျား သူနဲ့ကို တွေ့ခဲ့ရတယ်ပေါ့'

'ဟုတ်တယ်'

တင်မောင်ဆွေက သူ့အသံကို ကြိုးစား၍ ချုပ်တီးလိုက်သည်။

'သူ အခုဘယ်မှာလဲဟင်'

'အခုလောလောဆယ်မှာတော့ သူ့အတွက် ဘေးအန္တရာယ်က လုံခြုံတဲ့နေရာမှာ ရှိနေပါတယ်၊ ဒါပေမဲ့ ခင်ဗျား သူ့ကို ရှာတွေ့နိုင်မှ သူ အသက်ချမ်းသာရာ ရလိမ့်မယ်၊ နို့မဟုတ်ရင် သူ့ကို နဂါးက သုတ်သင်ပစ်လိမ့်မယ်၊ ခင်ဗျားက သူ့ဆီကို နဂါးထက်အရင် ဦးအောင် သွားပါ'

လူနှာသည် ကြိုးစားအားယူ၍ စကားတွေကို ပြောလိုက်ရ၍ အတော်မောသွားပုံ ရလေသည်။ ရင်အုံကြီးတွေ နိမ့်ချီမြင့်ချီ လှိုင်းထလာအောင် အသက်ရှူကာ မျက်လုံးများကို မှိတ်ထားလိုက်ပြန်သည်။

တင်မောင်ဆွေက လူနှာ၏ ပခုံးများကို ဆွဲမလှုပ်မိအောင်





ကို ကြိုးစား၍ ချုပ်တီးထားလိုက်ရသည်။

'သူ့ကို ဘယ်မှာသွားရှာရမှာလဲ၊ ပြောလေ'

ထိုအခါမှ လူနှာသည် မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်ပြန်သည်။ သူသည် ပါးစပ်ကို ဖွင့်ဟလိုက်သော်လည်း ဘာသံမှ ထွက်မလာ၊ ၎င်း၏အသက်သည် မျှင်းမျှင်းကလေးသာ ကျန်ရှိတော့သည်ကို နားလည်လိုက်မိသော တင်မောင်ဆွေက စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာမိလေသည်။

လူနှာသည် စကားပြောနိုင်ဖို့ နောက်တစ်ကြိမ် ကြိုးစားပြန်သည်။ ထိုအခါတော့ အသံသဲ့သဲ့ ထွက်လာ၏။

'ကျုပ် အဘိုးကြီးကို စာအိတ်တစ်အိတ် ပေးထားတယ်၊ ဆူးလေဘုရားလမ်းထောင့်မှာ သတင်းစာဆိုင်ဖွင့်ထားတဲ့ အဘိုးကြီးတစ်ဦးလေ၊ ခင်ဗျားကို ပေးဖို့'

'ဒါ ထားလိုက်ပါလေ၊ အခု ဇီဇီ ဘယ်မှာလဲဆိုတာကိုသာ ပြောစမ်းပါ'

တင်မောင်ဆွေက မချင့်မရဲ ထပ်ပြောလိုက်ပြန်သည်။ ယခု ဇီဇီ ဘယ်နေရာတွင် ရှိနေသည်ဆိုတာကိုသာ သိရဖို့ အဓိကမဟုတ်ပါလော။

လူနှာ၏ အသက်ရှူသံသည် ပို၍ ပြင်းပြလာ၏။ မျက်နှာတစ်ခုလုံးတွင်လည်း ဇောချွေးတွေ ပြန်တက်လာသည်။

'ဟင့်အင်း... ခင်ဗျားကသာ နဂါးကို အရင်တွေ့အောင်ရှာပါ၊ နဂါးက ဇီဇီကို ရှာမတွေ့ခင်၊ ခင်ဗျားက နဂါးကို တွေ့အောင်ရှာပါ'

'ကျုပ်ကိုမှ ဘာဖြစ်လို့ ဒီတာဝန်ကို ပေးရတာလဲ၊ ကျုပ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ဒီတာဝန်ကြီးကို ထမ်းနိုင်ပါ့မလား၊ ရဲအဖွဲ့ကို အကူအညီတောင်းရင် ပိုမထိရောက်ဘူးလား'

တင်မောင်ဆွေက မချင့်မရဲ မေးလိုက်ပြန်သည်။ လှူနှာက တင်မောင်ဆွေ့အား မော့ကြည့်ကာ ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

'နဂါးကို ရင်ဆိုင်တဲ့လူဟာ ခင်ဗျားတစ်ယောက်တည်းပဲ ရှိပါတယ် ကိုတင်မောင်ဆွေ၊ နဂါးလိုလူမျိုးကို ဥပဒေကျော့ကွင်းနဲ့ ထောင်ဖမ်းလို့ မရနိုင်ပါဘူး၊ သူ ရက်စက်ကြမ်းကြုတ်သလို သူ့ကို ရက်စက်ကြမ်းကြုတ်နိုင်မှ တန်ကာကျမှာပါ၊ ခင်ဗျားဟာ ရက်စက်ကြမ်းကြုတ်နိုင်တဲ့ လူတစ်ယောက်လို့ ကျွန်တော် သိထားရပါတယ်'

လှူနှာသည် စကားကို မနည်းအားခဲ၍ ပြောနေရင်းက တင်မောင်ဆွေ့အား စူးစိုက်ကြည့်နေသော မျက်လုံးများက အရောင်မှိန်စပြုလာကြသည်။ ၄င်းသည် နောက်ဆုံးအကြိမ် အားယူ၍ စကားပြောလိုက်ပြန်သည်။

'ဇီဇီကိုယ်တိုင်က ခင်ဗျားကို အားကိုးနေပါတယ်'

လှူနှာတွင် ဆက်လက် အသက်ရှင်နေနိုင်ရန် စက္ကန့်ပိုင်းမျှ ကျန်တော့ကြောင်း တင်မောင်ဆွေက နားလည်လိုက်မိသည်။ လှူနှာသည် အသက်ကို ခဲခဲယဉ်းယဉ်းရှူရင်းက စကားဆက်ပြောပြန်သည်။

'ရဲအဖွဲ့ကို မလိုအပ်ဘဲ အသိမပေးပါနဲ့၊ ဘာဖြစ်လို့လဲဆိုတာ ခင်ဗျား သိလိမ့်မယ်'

လှူနှာက စကားပြော ရပ်သွား၏။

'ကိုချစ်လှ'

လှူနှာ၏မျက်လုံးများသည် ပိတ်သွားရာက ပြန်ပွင့်လာပြန်သည်။





'မြန်မြန်'

လှူနှာ၏ပါးစပ်မှ ဤစကားနှစ်လုံးသာ ထွက်လာကြသည်။ လှူနှာ၏ မျက်လုံးများကား ပွင့်လျက်သားပင် ရှိနေကြ၏။ သို့ရာတွင် အသက်ကား ရှိမနေတော့ချေ။ နောက်ဆုံးဘိတ်စကားနှစ်လုံးနှင့်အတူ ၄င်း၏အသက်ကပါ ထွက်သွားပြီဖြစ်လေ၏။

တင်မောင်ဆွေက အသက်ကင်းမဲ့သွားသော ကိုချစ်လှဆိုသူ၏ ဖြူရော်နေသော မျက်နှာကိုကြည့်ကာ စိတ်ထဲတွင် မချင့်မရဲကြီး ဖြစ်နေမိတော့သည်။ လွန်ခဲ့သည့် တစ်နှစ်ခန့်က သူ့ထံမှ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော ဇီဇီနှင့်ပတ်သက်၍ ယခု ၄င်းက ပြန်လည်၍ အစဖော်ပေးသွားခဲ့သည်။ ဇီဇီသည် အသက်ရှင်လျက်ပင် ရှိနေပြီး သူမအား နဂါးအမည်ခံ လူတစ်ယောက်က သတ်ပစ်ရန် ကြိုးစားနေကြောင်းဟူသော သူက ၄င်းထံမှ သိခဲ့ရ၏။

သို့ရာတွင် တင်မောင်ဆွေ့အနေဖြင့် ထို့ထက်မက သိချင်နေသော အကြောင်းအရာတွေက အများကြီးရှိနေသေးသည်။ ဥပမာဆိုလျှင် နဂါးအမည်ခံသူ ဘယ်သူဘယ်ဝါဆိုသည့်အကြောင်း၊ ဤနဂါးဆိုသူက ဇီဇီ့အား အဘယ့်ကြောင့် အသက်ကို လိုက်ရန်ရှာနေသည့်အကြောင်း၊ ဇီဇီတစ်ယောက် ဘယ်နေရာသို့ သွားပျောက်နေရပြီး အဘယ်ကြောင့် ယခုမှ ပြန်ပေါ်လာရသည့်အကြောင်း။

သို့ရာတွင် သည်အကြောင်းတွေကို ချစ်လှဆိုသော သဘောသားက သူ့အား ဘယ်လိုမှ ပြောပြနိုင်တော့မည် မဟုတ်ချေ။ သည်အကြောင်းတွေ သိရဖို့မှာ သူ့ကြိုးစားနိုင်မှု အပေါ်တွင်သာ တည်နေတော့သည်ဟု တင်မောင်ဆွေက တွေးနေရင်းက ဤပြဿနာတွေကို သူ့အတွက် ထုတ်ဖော်ပေးသွားခဲ့သူ၏ အလောင်းကိုသာ မချင့်



www.burmeseclassic.com

www.burmeseclassic.com



မရဲစိတ်ဖြင့် စိုက်ကြည့်နေလိုက်မိလေသည်။

ချစ်လှကား အသက်ရှင်စဉ်က တော်တော်ပဲ ထွားကျိုင်း သန်မာခဲ့သူတစ်ဦး ဖြစ်ဟန်တူလေသည်။ သူ့မျက်နှာသည် အသက် ကင်းမဲ့နေသည့်တိုင် မာကျော၍ ယောက်ျားပီသသော အသွင်ကို ဆောင်ယူထားလျက်ပင် ရှိနေသေးလေသည်။

မျက်လုံးတစ်ဖက်အောက်တွင် နားထင်ကိုဖြတ်၍ ဆံပင်ထဲသို့ အထိ တိုးဝင်နေသော အမာရွတ်တန်းတစ်ခုက ရှိနေ၏။ ထိုအမာရွတ် သည် ဓားဒဏ်ရာတစ်ခု ဖြစ်နိုင်လေသည်။

ချစ်လှကား အသက်ရှင်စဉ်က ကြမ်းကြမ်းတမ်းတမ်း နေ ထိုင်ခဲ့ပုံ ရလေသည်။ သူ့ဘဝသည် ကြမ်းကြုတ် ရက်စက်မှုတွေနှင့် ကင်းခဲ့ဟန် မတူပေ။

၎င်း၏လက်တစ်ဖက်သည် ခြုံထားသော စောင်အပြင်ဘက် သို့ ထွက်ကျနေသည်။ လက်သည် တုတ်ခိုင်သော လက်ချောင်းတွေ ဖြင့် တော်တော်ကြီးမား သန်မာလှလေသည်။ လက်ဆစ်များတွင် လည်း ထိုးကြိတ်၍ရခဲ့သော ဒဏ်ရာအမာရွတ်တွေ ရှိနေသည်။ သို့ရာတွင် ထိုအမာရွတ်တွေမှာ မကြာသေးခင်ကမှ ရခဲ့ခြင်းမဟုတ် သော ဒဏ်ရာဟောင်းတွေပင် ဖြစ်ကြ၏။ ထိုးကြိတ်သတ်ပုတ်ရခြင်း ကို မရှောင်ရှားတတ်သော လူတစ်ယောက်၏ လက်ပင်ဖြစ်သည်။ သို့ရာတွင် လက်သည်းတွေကိုတော့ ဂရုတစိုက် လှီးဖြတ်သုတ်သင် ထားပြန်ရာ လက်ကြမ်းကြီးနှင့် မလိုက်အောင် ဖြစ်နေပြန်တော့သည်။

လူနာအခန်းတံခါးက ပွင့်လာကာ အခန်းတွင်းသို့ ဆရာဝန် နှင့် ဦးသောင်းဖေတို့က ဝင်ရောက်လာကြ၏။ ၎င်းတို့က ခုတင်ဘေး သို့ လျှောက်လာကြကာ အလောင်းကို ငုံ့ကြည့်လိုက်ကြသည်။





ပြီးနောက် တင်မောင်ဆွေ့မျက်နှာကို အကဲခတ်ကြည့်လိုက်ကြပြန်၏။

တင်မောင်ဆွေ့မျက်နှာတွင် ၎င်းတို့က ဘာကိုတွေ့ကြရ သည် မသိ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ကိုသောင်းဖေ၏ မျက်လုံးများက စိတ်ဝင်စားမှု ပြလာသည်။

ကိုသောင်းဖေက တင်မောင်ဆွေ့အား အကဲခတ်ကြည့်နေ စဉ် ဆရာဝန်က အခန်းထဲမှ ပြန်ထွက်သွား၏။ ခေတ္တကြာလျှင် သူနာပြုဆရာမမှူး စန္ဒာတစ်ယောက်နှင့်အတူ ပြန်ဝင်လာကြကာ အလောင်းကို စစ်ဆေးကြည့်ရှုကြပြီး ဆရာဝန်က ခုတင်ခြေရင်းတွင် ချိတ်ထားသည့် ကတ်ပြားကို ဖြုတ်ယူကာ တစ်စုံတစ်ရာ ရေးမှတ် နေလိုက်၏။

ထိုအတောအတွင်းဝယ် တင်မောင်ဆွေက စကားတစ်ခွန်းမှ မပြော၊ သူ့ရှေ့တည့်တည့်သို့သာ တွေဝေသော မျက်လုံးအစုံဖြင့် ငေးစိုက်ကြည့်နေလေသည်။ ဆရာဝန်က ကတ်ပြားကို ပြန်ချိတ်လိုက် ကာ တင်မောင်ဆွေ၏ တင်းမာနေသော မျက်နှာကို အကဲခတ်ကြည့် လိုက်၏။

‘ကိုတင်မောင်ဆွေ၊ အာယူအော်လ်ရိုက်’

ထိုအခါမှ တင်မောင်ဆွေက အိပ်ရာမှ ရုတ်တရက် လန့်နိုး လာသည့် အမူအရာဖြင့် ဆရာဝန်အား မော့ကြည့်လိုက်သည်။

‘ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး’

‘ခင်ဗျား မျက်နှာက တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသလို ဖြစ်နေလို့’

တင်မောင်ဆွေက လက်ကိုင်ပဝါထုတ်ကာ သူ့မျက်နှာကို သုတ်ပစ်လိုက်သည်။ ဆရာဝန် စကားက ဟုတ်မှန်သလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အား ဇီဇီဆိုသည့် တစ္ဆေမကလေးက ခြောက်လှန့်လိုက်ခြင်း ဖြစ်သည်။

ဇီဇီ ပျောက်ချင်းမလှ ပျောက်သွားပြီးနောက် သူကော ဂျင်မီပါ သူမတစ်ယောက် လူ့ပြည်တွင်မရှိတော့ဟု ယုံကြည်ခဲ့မိသည်။ ထို့ကြောင့်ပင် သူသည် ဇီဇီအတွက် စိတ်ထဲတွင် အပြစ်မကင်းမိခဲ့သလို ဇီဇီအား ချစ်နေမိသော ဂျင်မီခမျာမှာလည်း အဆွေးဇာတ်ခင်းကာ အရက်ကိုသာ ဖိသောက်နေခဲ့သည်။

ယခုတော့ ဇီဇီတစ်ယောက် အသက်ရှင်လျက်ပင် ရှိနေသေးကာ သူ့အကူအညီကို အရေးတကြီးလိုလျက် ရှိနေရာသည်ဟု သူက သိခဲ့ရလေပြီ။ ထို့ကြောင့်ပင် တင်မောင်ဆွေသည် စိတ်ထဲတွင် ထူးခြားစွာ လှုပ်ရှားနေမိလေ၏။

ကိုသောင်းဖေက တင်မောင်ဆွေ့ပခုံးကို လှမ်းကိုင်ဆွဲလှုပ်လိုက်သည်။

'ကဲ... လာကွာ တင်မောင်ဆွေ၊ အပြင်သွားရအောင်'

တင်မောင်ဆွေက ထိုင်ရာမှထကာ ကိုသောင်းဖေနှင့်အတူ အခန်းထဲမှ ထွက်ခဲ့သည်။ ကိုသောင်းဖေက တင်မောင်ဆွေ့အား ဆေးရုံအောက်ထပ်ရှိ လူမရှိသော အခန်းကလေးတစ်ခန်းသို့ ခေါ်ဆောင်သွား၏။

ထိုအခန်းကလေးထဲတွင် ကုလားထိုင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ခုတန်းလျားတစ်လုံးသာ ရှိ၏။ မျက်နှာကြက်မှနေ၍ ဝပ်အား (၄၀)ရှိသော လျှပ်စစ်ဓာတ်မီးပွင့်တစ်ပွင့်က တွဲလျောင်းကျနေကာ ဝါကျင့်ကျင့် အလင်းရောင်ဖြင့် အခန်းကို လွှမ်းခြုံထားသည်။

ကိုသောင်းဖေက တင်မောင်ဆွေ့အား ခုတန်းလျားတွင်





အထိုင်ခိုင်းလိုက်ကာ ၄င်းကတော့ တင်မောင်ဆွေ့ ရှေ့တည့်တည့်တွင် ရပ်လျက် တင်မောင်ဆွေ့မျက်နှာကို စူးစိုက်အကဲခတ်နေလိုက်ပြန်၏။

ကိုသောင်းဖေသည် သေဆုံးသွားသူထံမှ တင်မောင်ဆွေ အလွန်အရေးကြီးသည့် အကြောင်းတစ်ခု ကြားသိခဲ့ရကြောင်းကို ရိပ်မိနေ၏။ ထိုအကြောင်းသည် တင်မောင်ဆွေ့အား အထူးစိတ်တုန်လှုပ် ထိခိုက်စေခဲ့ကြောင်းကိုလည်း ကိုသောင်းဖေက အကဲခတ်နားလည်လိုက်မိပြန်၏။

ထို့ကြောင့်ပင် သူက အင်မတန်မှ စိတ်ဝင်စားနေမိလေသည်။

သို့ရာတွင် သူကစ၍ မမေးနိုင်ခင် တင်မောင်ဆွေက သူ့အား ပြန်၍ မေးခွန်းထုတ်လိုက်၏။

'ဒီလူက ဘယ်သူလဲ ကိုသောင်းဖေ'

ကိုသောင်းဖေက စိတ်မရှည်သည့် အမူအရာဖြင့် လက်နှစ်ဖက် ယမ်းလိုက်သည်။

'မင်းကို ငါပြောပြီးပြီပဲ တင်မောင်ဆွေ'

'သူဟာ ပင်လယ်ကူး သင်္ဘောသားအပြင် တခြား သူ့အကြောင်း ခင်ဗျား ဘာတွေ သိထားရသေးသလဲ ကိုသောင်းဖေ'

တင်မောင်ဆွေက ထပ်မေးလိုက်ပြန်ရာ ကိုသောင်းဖေက ခေါင်းခါပြလိုက်၏။

'တခြား ဘာမှမသိရသေးဘူး တင်မောင်ဆွေ၊ ဒါတောင်မှ သူ့အိုင်ဒီတဒီကို တွေ့ရလို့ သိရတာ'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လှလို သာမန်သဘော်သားတစ်ယောက်သည် ဇီဇီလို အမျိုးသမီးနှင့် ဘယ်လိုများ တွေ့ဆုံ သိကျွမ်းနိုင်ခဲ့မည်နည်း။

'ကဲ… တင်မောင်ဆွေ ပြောစမ်းကွာ၊ မင်း သူ့ဆီက ဘာတွေ သိခဲ့ရသလဲ'

တင်မောင်ဆွေက ကိုသောင်းဖေအား ခပ်တည်တည်ကြီး မော့ကြည့်လိုက်သည်။

'ခင်ဗျားသိချင်တာကို ကျွန်တော် မသိခဲ့ရပါဘူး'

'ဘာကွ'

ကိုသောင်းဖေသည် မျက်မှောင်ကြီးကုတ်သွားလေ၏။

'သူ့ကို ဘယ်သူက ပစ်သတ်ခဲ့တယ်ဆိုတာကို ကျွန်တော် မသိခဲ့ရဘူးလေ'

မိမိ မုသားပြောခြင်းမဟုတ်ဟု တင်မောင်ဆွေက ကိုယ့်ကိုယ်ကိုယ် ပြန်ပြောလိုက်မိသည်။ တကယ်တော့လည်း ချစ်လှက သူ့အား နဂါးဟု အမည်ခံသူက သေနတ်နှင့် ပစ်ခဲ့ခြင်းဖြစ်သည်ဟု သာ ဆိုခဲ့သည်။ နဂါးဆိုသည်မှာ မည်သူမည်ဝါဟု အတိအကျ ပြောပြခဲ့သည် မဟုတ်ပေ။

ကိုသောင်းဖေက တင်မောင်ဆွေ့အား မယုံသင်္ကာကြည့် လိုက်ပြီးမှ မေးခွန်းဆက်ထုတ်လိုက်သည်။

'ထားပါတော့၊ မင်းကို သူ တစ်ခုခုတော့ ပြောခဲ့မှာပဲ မင်းကို ပြောစရာရှိလို့ သူ သေရမှာတောင် မသေသေးဘဲ စိတ်တင်း စောင့်နေခဲ့သေးတာ၊ ဒီတော့ သူဟာ မင်းကို အရေးကြီးတဲ့အကြောင်း တစ်ခုခု ပြောခဲ့ရမှာ သေချာတယ်၊ အဲဒါ ဘာဆိုတာ ငါ သိချင် တယ် တင်မောင်ဆွေ'





ကိုသောင်းဖေက တင်မောင်ဆွေ့ရင်ဘတ်ကို လက်ညှိုးတစ် ချောင်းနှင့် ဆတ်ခနဲ ဆတ်ခနဲ ထိုးရာက မေးနေလိုက်သည်။ တင် မောင်ဆွေက ကိုသောင်းဖေ၏ လက်ညှိုးကို သူ့ရင်ဘတ်မှ အသာ ဖယ်လိုက်သည်။ ပြီးနောက် ကိုသောင်းဖေ၏ မေးခွန်းကို မဖြေသေး ဘဲ သူ့ဘောင်းဘီ နောက်အိတ်ထဲမှ ရွှေစီးကရက်ဘူးပြားကလေးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ပြီး ပါးစပ်တွင် တပ်လိုက်၏။

ကိုသောင်းဖေကား စိတ်ထဲတွင် ယားကျိယားကျိနှင့် တင် မောင်ဆွေ တမင့်တကာ အချိန်ဆွဲနေသည်ကို စောင့်ကြည့်နေလိုက် သည်။ တင်မောင်ဆွေကလည်း ပါးစပ်တွင်တပ်ထားသော စီးကရက် ကို ရွှန်ဆွန်ဓာတ်မီးခြစ်ဖြင့် မီးညှိလိုက်ကာ စီးကရက်မီးခိုးတွေကို နှာဝနှစ်ဖက်မှ အတန်းကလေး နှစ်တန်းဖြစ်အောင် ဖြည်းညင်းစွာ ပြန်မှုတ်ထုတ်လိုက်၏။

တကယ်တော့ တင်မောင်ဆွေက သူ့အား ချစ်လှပြောသွား သည့်အကြောင်းတွေကို ကိုသောင်းဖေကြီးအား ပြန်လည်အသိပေး သင့် မပေးသင့် စဉ်းစားနေခြင်းဖြစ်၏။ သေသွားသူ ကိုချစ်လှက တော့ ရဲဘက်ကို မလိုအပ်ဘဲ အသိမပေးပါနှင့်ဟု မှာသွားခဲ့သည်။ ဇီဇီ့ကိစ္စကို သူကိုယ်တိုင်လိုက်၍ဆောင်ရွက်မှ ဖြစ်မည်ဟုလည်း ပြောသွားခဲ့၏။ တကယ်တော့လည်း ကိုသောင်းဖေအား အသိပေး ရော့ အကြောင်းကလည်း ဘာမှရေရေရာရာ တိတိကျကျ ရှိနေသေး သည် မဟုတ်ပေ။

'ကဲ… တင်မောင်ဆွေ၊ ငါမေးနေတာ ဘယ်လိုလဲကွာ'ဟု ကိုသောင်းဖေက စိတ်မရှည်သံကြီးဖြင့် ထပ်မေးလိုက်ပြန်သည်။

'ဆောရီးပဲ ကိုသောင်းဖေ'ဟု တင်မောင်ဆွေက ပါးစပ်မှ



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို ဖြုတ်လျက် ပြန်ဖြေလိုက်ရာ ကိုသောင်းဖေ၏ မျက်နှာကြီးမှာ သုန်မှုန်သွားလေ၏။

'ဘာ ဆောရီးလဲကွ တင်မောင်ဆွေ၊ ဝေ့လည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့'

'ချစ်လှက ကျွန်တော့်ကို ပြောသွားတဲ့ အကြောင်းတွေမှာ ခင်ဗျားသိစရာ ဘာမှမပါပါဘူး ကိုသောင်းဖေ'

ကိုသောင်းဖေ၏ မျက်နှာကြီးသည် သုန်မှုန်ရုံသာမက၊ နီရဲတက်လာတော့သည်။

'တင်မောင်ဆွေ မင်း ငါ့ကို အူကြောင်ကြောင် လုပ်မနေနဲ့နော်၊ ချစ်လှဟာ သူမသေချင်ကလေးမှာ မင်းအတွက် သိပ်ကိုအရေးကြီးတဲ့ စကားတွေကို ပြောသွားခဲ့တယ်ဆိုတာ ငါ ခုနက မင်းမျက်နှာကို အကဲခတ်ပြီး သိခဲ့ပါတယ်ကွာ၊ အဲဒါ...'

'အဲဒါတွေ အဲဒက်တွေလုပ်မနေနဲ့ ကိုသောင်းဖေ၊ သူပြောသွားခဲ့တာတွေဟာ ကျွန်တော့်အတွက် အရေးကြီးတယ် ထားပါဦး၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲဗျ'

'ဘာကွ... ငါနဲ့ မဆိုင်ဘူး ဟုတ်လား၊ ဒီလူဟာ အသတ်ခံရတာကွ၊ လူသတ်မှုဟာ ငါနဲ့ အမြဲဆိုင်တာပဲ'

ကိုသောင်းဖေကြီးက သူ့ရင်ဘတ်ကြီးကို လက်သီးတစ်ဖက်ဖြင့်ထုလျက် ဒေါကြီးမောကြီး ပြောလိုက်သည်။

တင်မောင်ဆွေကတော့ အေးအေးဆေးဆေး အမူအရာဖြင့် သူ့ပခုံး၊ တစ်ဖက်ကို တွန့်လိုက်၏။

'သူ အသတ်ခံရတာကို ခင်ဗျားနဲ့ မဆိုင်ဘူးလို့ ဘယ်သူကကော ပြောနေလို့လဲ ကိုသောင်းဖေရယ်၊ ဆိုင်ပါတယ်၊ ဆိုင်သမှ





သိပ်ကိုဆိုင်ပေါ့၊ အဲဒီတော့ ခင်ဗျား ကျွန်တော်နဲ့ အချိန်ဖြုန်းနေမယ့်အစား ဒီလူ့ကို ဘယ်သူက သတ်သွားတယ်ဆိုတာ လိုက်စုံစမ်းချေပါလားဗျ'

ကိုသောင်းဖေသည် စိတ်ကို မနည်းကြီး ကြိုးစား၍ ချုပ်တီးလိုက်ရသည့်အလား တံတွေးကို သုံးလေးခါ မျိုချလိုက်လေသည်။ ပြီးမှ တမင်ဓာကာ ထိန်းထားရသော အသံဖြင့် စကားပြောလိုက်သည်။

'ဒီမှာ တင်မောင်ဆွေ၊ မင်းအကြောင်းကို ငါ ကောင်းကောင်းကြီး သိပြီးသားပါကွာ၊ ငါ့ကို ဝေ့လည်ကြောင်ပတ် မလုပ်ချင်စမ်းပါနဲ့'

'ကျွန်တော်က ဘာများဝေ့လည်ကြောင်ပတ် လုပ်နေလို့လဲ ကိုသောင်းဖေရာ'

'ချစ်လှဟာ မသေခင်မှာ မင်းကို အရေးတကြီးပြောသွားတဲ့ စကားတွေဟာ သူအသတ်ခံရတဲ့အကြောင်းနဲ့ တိုက်ရိုက်ကြီးကို ပတ်သက်နေရမယ်ဆိုတာ ငါသိပါတယ်ကွာ'

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို နောက်ဆုံးဘိတ်တစ်ချက် ရှိုက်ဖွာလိုက်ကာ ကြမ်းပြင်ပေါ်သို့ ပစ်ချပြီး ဖိနပ်ဖြင့် နင်းချေပစ်လိုက်၏။ ပြီးမှ ကိုသောင်းဖေအား ခပ်တည်တည်မျက်နှာထားဖြင့် မော့ကြည့်လိုက်၏။

'ခင်ဗျား မှားနေပြီ ကိုသောင်းဖေ၊ ချစ်လှ မသေခင် ပြောသွားတာဟာ သူ အသတ်ခံရတဲ့အကြောင်းနဲ့ ဘာမှ မပတ်သက်ပါဘူး၊ တခြားအကြောင်းသက်သက် တစ်ခုသာပါ'

ဟုတ်လည်း ဟုတ်ပေသည်။ ချစ်လှက ဇီဇိုအကြောင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားခြင်း မဟုတ်ပါလား။

'ဘာအကြောင်းပဲဖြစ်ဖြစ်ကွာ၊ ငါ မသိရဘူးလား'

ကိုသောင်းဖေကတော့ ခေါင်းမာစွာပင် ဆက်မေးနေလိုက်ပြန်သည်။ တင်မောင်ဆွေက ထိုင်ရာမှ ထလိုက်၏။

'ဆောရီးပဲ ကိုသောင်းဖေ၊ ကျွန်တော့်ကို ချစ်လှပြောထားတာတွေဟာ ကျွန်တော့်တစ်ယောက်တည်းနဲ့ပဲ တိုက်ရိုက်သက်ဆိုင်နေတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေဖြစ်နေလို့ပါ'

ကိုသောင်းဖေက မကျေမနပ် အမူအရာဖြင့် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ထားလိုက်ပါတော့လေ၊ ဒါပေမဲ့ ငါတစ်ခုတော့ ပြောချင်တယ်ကွ၊ မင်းဟာ အခုတစ်လော တော်တော်ကို ဘဝင်မြင့်နေတယ်ကွာ'

'ဟောဗျ… ဘာဖြစ်လို့တုန်းဗျ'

'ဘာဖြစ်ရမှာလဲ၊ မင်းဟာ ဦးဘငြိမ်းနဲ့ ပေါင်းမိပြီး သူ့အတွက် တာဝန်တွေ ထမ်းဆောင်ပေးခဲ့ရကတည်းက မင်းကိုယ်မင်းဟုတ်လှပြီထင်ပြီး ငါတို့ကို အဖက်မလုပ်ချင်တော့ဘူး၊ ငါတို့နဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်ရယ်လို့ သဘောမထားတော့ဘူး၊ အေး… တစ်ခုတော့ ပြောလိုက်ပါရဲ့ တင်မောင်ဆွေ၊ မင်းဟာ အရင်ကလို ငါတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုချင် လိုဦးမှာပါ၊ ငါတို့အကူအညီနဲ့ မင်းဟာ ဇကင်းနိုင်သေးပါဘူးကွ'

တင်မောင်ဆွေက နာကြည်းစွာ ပြောနေသော ကိုသောင်းဖေ၏ပခုံးကို လှမ်းဖက်လိုက်လေ၏။

'ခင်ဗျား ဒီလိုပြောလိုက်တာ ကျွန်တော် တော်တော်





ဝမ်းနည်းမိတယ်ဗျာ၊ ဦးဘငြိမ်းပေးထားတဲ့ တာဝန်တွေကို ထမ်းရွက်ရလို့ ကျွန်တော်ဟာ ဘယ်လိုမှ ဘဝင်မမြင့်မိပါဘူး၊ ကျွန်တော် ထမ်းရွက်ရမယ့် ဝတ္တရားရှိတယ်လို့ ယူဆမိလို့ သူပေးတဲ့တာဝန်တွေကိုယူပြီး ကိုယ်တတ်အားသရွေ့ ထမ်းရွက်ခဲ့တာပါ၊ ပြီးတော့ ခင်ဗျားနဲ့ ပူးပေါင်းဆောင်ရွက်စရာကိစ္စတွေ ရှိလာရင်လည်း ကျွန်တော် လိုလိုလားလား အမြဲပဲ ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတာ ခင်ဗျား အသိပါဗျာ၊ ဒါပေမဲ့ အခုကိစ္စမှာတော့ ခင်ဗျားနဲ့ ဆိုင်ကိုဆိုင်လို့ ကျွန်တော် အသိမပေးသေးတာပါ၊ ခင်ဗျားသိရဖို့ လိုအပ်လာရင် ခင်ဗျားနဲ့ တိုက်ရိုက်သက်ဆိုင်လာရင် ကျွန်တော် ခင်ဗျားကို အသိပေးပြီး ခါတိုင်းလိုပဲ ပူးပေါင်းဆောင်ရွက်ဖို့ ကတိပေးပါတယ်ဗျာ၊ ဘယ့်နှယ်လဲ'

ကိုသောင်းဖေက သူ့အားချော့လိုက်သော တင်မောင်ဆွေအား ကလေးဆိုးကြီးအမူအရာဖြင့် ကြည့်လိုက်သည်။

'မင်း တကယ်ပြောနေတာနော်'

'ခင်ဗျားကို ဘယ်တုန်းက ကတိပျက်ဖူးလို့လဲ ကိုသောင်းဆရာ'

ထိုအခါမှ ကိုသောင်းဖေသည် ကျေနပ်သွားဟန်ဖြင့် တင်မောင်ဆွေ့ခါးကို ပြန်ဖက်လိုက်သည်။

'မင်း ကတိတည်တာကိုတော့ ငါသိပါတယ်၊ ဒါပေမဲ့ မင်း ငါနဲ့ ပူးပေါင်းဆောင်ရွက်တယ်ဆိုတာဟာ မင်းအလို ပြည့်ရဖို့ အခါမျိုးကျမှဆိုတာကိုလည်း ငါသိတာပဲ၊ အေးလေ… ဘာပဲဖြစ်ဖြစ် မင်းကို ငါ စောင့်ကြည့်နေမယ်ဆိုတာကိုတော့ မင်းသိထားပါ တင်မောင်ဆွေ'

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

- ငါး -

တင်မောင်ဆွေက သူ့အမ်ဂျီကားကလေးကို သူ့တိုက်ခန်းရှိရာ ဆူးလေဘုရားလမ်းဆီသို့ ဖြည်းညင်းစွာ ပြန်မောင်းလာသည်။ သူ့ခေါင်းထဲတွင်ကား အတွေးတွေက အမျှင်တန်းလျက် ရှိနေသည်။

'ဓီဓီ... ဓီဓီ...'

တစ်ခါကဆိုလျှင် သူ့ထံသို့ ဂျင်မီ ခေါ်လာခဲ့ပြီး သူတို့စုံစမ်းစစ်ဆေးရေးဌာနတွင် အမှုသမီး လက်ထောက်အဖြစ်နှင့် ဆောင်ရွက်ခဲ့ဖူးသော ဓီဓီ။

သူက တာဝန်တစ်ရပ်ကို လွှဲပေးလိုက်ပြီး ထိုတာဝန်ကို ထမ်းဆောင်ရင်းက ထူးဆန်းလှစွာ အစအနမှုပင် ရှာမတွေ့တော့အောင် စုပ်စမြုပ်စ ပျောက်ဆုံးသွားခဲ့သော ဓီဓီ။

ထို့ကြောင့်ပင် သူနှင့် ဂျင်မီတို့က ဓီဓီတစ်ယောက်တော့ ရန်သူ့လက်ချက်ဦးကာ အလောင်းကိုပင် ရှာမတွေ့နိုင်တော့ဟု ထင်မြင် မှတ်ယူထားမိခဲ့သည်။ ဓီဓီ့ကို အသည်းစွဲချစ်ခဲ့သော ဂျင်မီ





တစ်ယောက်မှာလည်း သူ့အသည်းဝေဒနာကို အရက်ဖြင့် မေ့ပျောက်ရန် ကြိုးစားနေသော ယစ်ထုပ်ကြီးဘဝသို့ ရောက်ခဲ့ရသည်။

ယခုတော့ ဘယ်ကပေါ်လာမှန်းမသိသော ပင်လယ်ကူးသင်္ဘောသားတစ်ယောက်က သေခါနီးဆဲဆဲတွင် ဓီဓီသည် အသက်ရှင်လျက် ရှိပါသေးသည်ဟု ပြောသွားခဲ့သည်။ ထို့ပြင် ဓီဓီသည် အသက်ဘေးအန္တရာယ်ကြီးကို ရင်ဆိုင်နေရကာ နဂါးဆိုသော လျှို့ဝှက်သည့် ရန်သူ၏ လက်ချက်မဦးခင် ဓီဓီ့အား တွေ့အောင်ရှာပါဟု သူ့အား တာဝန်ပေးသွားခဲ့လေပြီ။

သည်တော့ သူက ဘာလုပ်ရမည်နည်း။

အကယ်၍ ဓီဓီသည်သာ အမှန်တကယ် ဤလောကကြီးတွင် အသက်ရှင်လျက် ကျန်နေသေးသည်ဆိုပါက သူမအား ရောက်နေသည့် နေရာတွင် တွေ့အောင်ရှာဖွေပြီး သူမ ရင်ဆိုင်နေရသော ကြည်သည့်အန္တရာယ်ကိုမဆို ဖြေရှင်းပေးဖို့ သူ့တွင် တာဝန်ကြီးရှိနေသေး၏။

တကယ်တော့ သူမ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရသော အဖြစ်မျိုးသို့ရောက်အောင် သူမအား တာဝန်ပေးလိုက်မိသည်ကား သူသာလျှင် မဟုတ်ပါလား။

ကားကို ကားရုံထဲသွင်းထားခဲ့ပြီး သူတစ်ယောက်တည်းနေသည့် တိုက်ခန်းတွင်းသို့ ပြန်ရောက်လာသည့်တိုင် တင်မောင်ဆွေမှာ ဓီဓီနှင့်ပတ်သက်၍ အတွေးအမျှင် မပြတ်နိုင်သေးဘဲ ရှိနေလေသည်။

တင်မောင်ဆွေက ဗီရိုထဲမှ ရက်လေ့ဘယ်လ် ဂျော်နီဝါးကားဒီဇာပုလင်းကို ထုတ်ယူကာ ဧည့်ခန်းထဲတွင် ဝီစကီဆော်ဒါရောမြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပက်ရောစပ်ပြီး ဖြည်းဖြည်းချင်း စုပ်ယူရင်းက တွေးလက်စ အတွေးကြောတွင် ဆက်လက်၍ နစ်မျောသွားမိပြန်သည်။

တကယ်တော့ လွန်ခဲ့သည့် တစ်နှစ်ကျော်က သူ ဓိဇ္ဇိအား ပေးလိုက်သော တာဝန်မှာ သာမန်တာဝန်တစ်ခုသာဟု ထင်မှတ်မိခဲ့၏။

တင်မောင်ဆွေသည် ဝီစကီစုပ်ရင်းက ထိုစဉ်က အဖြစ်အပျက်တွေကို မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သည့်အလား ကွက်ကွက်ကွင်းကွင်း ပြန်၍ အမှတ်ရလာမိလေသည်။

အမှုသည် နာမည်က ဦးခင်စီခေါ် မစ္စတာချာလီကင်း ဖြစ်ခဲ့၏။

ဦးခင်စီသည် တကယ်တော့ ကကတစ်တစ်ယောက် ဖြစ်လေသည်။ အင်္ဂလိပ်၊ တရုတ်နှင့် မြန်မာသွေးတွေက သူ့သွေးကြောများတွင် စီးဆင်းလှည့်ပတ်နေသည်။ ယခင်ခေတ်တွေက သူ ဘယ်လိုစခန်းသွားခဲ့သည် မသိသော်လည်း ပြည်ထောင်စုခေတ်တွင်မူ ဦးခင်စီအမည်ဖြင့် ပြည်ထောင်စုသားတစ်ယောက် ဖြစ်လာခဲ့သည်။

၎င်း၏အလုပ်အကိုင်ကား အထွေထွေ ကုန်သည်ကြီးတစ်ဦး ဖြစ်လေသည်။ ၎င်းသည် အသက်(၄၀)ကျော်ကာမှ ကံပေါ်ကာ တရုတ်သူဌေးတစ်ဦး၏ အမွေခံမှဆိုးမဖြစ်သော ရှမ်းအမျိုးသမီး ဒေါ်နန်းခမ်းဝေဆိုသည့် အမျိုးသမီးကြီးတစ်ဦးကို ဖွံ့ကာ လက်ထပ်ခဲ့လေ၏။

ဤသည်တို့သည်ကား သူ့အမှုသည် ဦးခင်စီနှင့် ပတ်သက်၍ တင်မောင်ဆွေ သိခဲ့ရသော အချက်အလက်များ ဖြစ်ခဲ့လေသည်။

သူတို့နှစ်ယောက်သည် တောင်ကြီးမြို့တွင် လက်ထပ်ခဲ့ကြ





ပြီးနောက် ရန်ကုန်သို့ ဆင်းလာခဲ့ကြသည်။ တောင်ကြီးတွင် သူတို့နှစ်ယောက်သည် လူ့ကုံထံအသိုင်းအဝိုင်း၌ အင်မတန်မှ ဝင်ဆံ့ခဲ့ကြသည့် ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်သို့ ရောက်လာခဲ့သည့်အခါတွင်လည်း သူတို့လင်မယားသည် မြို့တော်ရန်ကုန်၏ လူ့မလိုင် အသိုင်းအဝန်းထဲသို့ သူတို့၏အဆက်အသွယ်ဖြင့် သူတို့ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားခဲ့ကြလေသည်။

ဦးခင်စီနှင့် ဒေါ်နန်းခမ်းဝေတို့သည် ရန်ကုန်မြို့၊ လူကုံထံသီးသန့်ရပ်ကွက်တစ်ခုတွင် ခန့်ညားသော တိုက်ကြီးတစ်လုံးကို ငှားရမ်းလျက် အိမ်တက်ပွဲအဖြစ်နှင့် ဧည့်ခံပွဲပါတီကြီးတစ်ရပ် ကျင်းပခဲ့လေသည်။ ထိုဧည့်ခံပွဲကြီးတွင် ဒေါ်နန်းခမ်းဝေက သူမအား ခင်ပွန်းဟောင်း တရုတ်သူဌေးကြီးက ဆင်ပေးခဲ့သမျှသော လက်ဝတ်လက်စား စိန်ရွှေရတနာ ကျောက်သံပတ္တမြားကို တစ်ကိုယ်လုံးညွတ်အောင်တော်ဆင်လျက် ဧည့်ခံရန်လည်း ကြံရွယ်ခဲ့ပေ၏။

သို့အားဖြင့် ဦးခင်စီသည် တင်မောင်ဆွေထံသို့ ရောက်ရှိလာခဲ့ရလေသည်။

သူ့ဇနီးက ဧည့်ခံပွဲအတွက် ဆင်မြန်းမည့် လက်ဝတ်လက်စားရတနာများ၏ စုစုပေါင်းတန်ဖိုးသည် သုံးသိန်းကျော်ဖိုးမျှရှိရာ ဧည့်ခံပွဲကြီးအတွင်း ထိုရတနာများနှင့် သူ့မယားကို ကာကွယ်ပေးဖို့အတွက် တင်မောင်ဆွေအား လာရောက်ငှားရမ်းခဲ့ခြင်းပင် ဖြစ်လေ၏။

ထိုစဉ်အခါကဆိုလျှင် လက်ဝတ်လက်စား ရတနာတွေကို ခေတ်တကျလိုက်၍ လုယက်နေသော ဂိုဏ်းတစ်ဂိုဏ်းကလည်း ရှိနေခဲ့လေသည်။ ထိုဂိုဏ်း၏လက်ချက်ဖြင့် လူကုံထံအထက်တန်းစား



www.burmeseclassic.com

www.burmeseclassic.com



လောကထဲမှ နာမည်ကြီး အမျိုးသမီးသုံးဦးသည် စုစုပေါင်း ငွေနှစ်သိန်းကျော်ဖိုးတန်သော သူမတို့၏ လက်ဝတ်လက်စား ရတနာတွေကို ဆုံးရှုံးခဲ့ရပြီလည်း ဖြစ်လေ၏။

ယင်းသည့်ကြောင့်ပင် ဦးခင်စိုက သူ့နှမဖြစ်သူ၏ သုံးသိန်းကျော်ဖိုးတန် လက်ဝတ်လက်စား ရတနာတွေအတွက် စိုးရိမ်မကင်းဖြစ်ကာ နာမည်ကျော် တင်မောင်ဆွေထံလာ၍ အကာအကွယ် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

ပါတီကျင်းပသည့်ညတွင် တင်မောင်ဆွေမှာ လူသတ်မှုတစ်ခုကို အပြင်းအထန် လိုက်နေရလေသည်။ တရားခံကို မိလုမိဆဲအခြေအနေတွင် ဖြစ်နေ၏။

ဂျင်းမီစမတ်မှာလည်း ထိုညက မအားခဲ့။ တင်မောင်ဆွေပေးသော တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန်အတွက် မော်လမြိုင်သို့ ခရီးထွက်နေသောအခါ ဖြစ်ခဲ့၏။

ထို့ကြောင့်လည်း တင်မောင်ဆွေက ဒေါ်နန်းခမ်းဝေ၏ လက်ဝတ်လက်စား ရတနာတွေကို စောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ကို ဇီဇီအား လွှဲပေးခဲ့ခြင်း ဖြစ်လေ၏။

ဇီဇီသည် အသက် ၂၈-နှစ် ရှိနေပေပြီ။ ဂျင်မီစမတ်လိုပင် ကပြားအမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမသည် စွန့်စားမှုကို ဝါသနာပါ၏။ ဂျူဒိုကိုယ်ခံပညာကို ကောင်းစွာတတ်ထားသည်။ သေနတ်လည်း ကျင်လည်စွာ ကိုင်တွယ်ပစ်ခတ်တတ်သည်။ ဖျတ်လတ် ရဲတင်းသည်။

ထိုအရည်အချင်းတွေကို ဖော်ပြလျက် သူမကို ဂျင်မီက ခေါ်လာခြင်းဖြစ်ရာ တင်မောင်ဆွေကလည်း ဂျင်မီ၏အလိုကို လိုက်





လျှောက်လျက် သူတို့၏ စုံစမ်းစစ်ဆေးရေးဌာနတွင် အမျိုးသမီးလက်ထောက်အဖြစ်နှင့် ခန့်ထားခဲ့ခြင်း ဖြစ်၏။

ယခုတော့ သူမ၏ အရည်အချင်းကို စမ်းသပ်ရန် အချိန်ကျပြီဟု တင်မောင်ဆွေက ဆုံးဖြတ်ကာ ဒေါ်နန်းခမ်းဝေ၏ စိန်ရွှေရတနာများအား စောင့်ရှောက်ကာကွယ်ရန် တာဝန်ကို ဇီဇီအား လွှဲပေးမိခဲ့လေသည်။

ထို့ပြင်လည်း ထိုတာဝန်သည် ဇီဇီနှင့် အသင့်လျော်ဆုံးဖြစ်နေသည်။

ဇီဇီသည် မိန်းမသားတစ်ယောက်ဖြစ်ရာ သူမက ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သော အမှုသည် ဒေါ်နန်းခမ်းဝေနှင့် အချိန်ရွေး၊ နေရာမရွေး အတူနေနိုင်မည် ဖြစ်သည်။ ယုတ်စွအဆုံး ဒေါ်နန်းခမ်းဝေ အိမ်သာထဲဝင်လျှင်ပင် သူမက အဖော်လိုက်နိုင်ပေမည်။ အမျိုးသမီးတစ်ယောက်အား လုဖို့အလွယ်ဆုံးနေရာတစ်ခုမှာ အိမ်သာထဲတွင် ဖြစ်သည်။ ထို့အပြင် အရေးအကြောင်းရှိပါက ဇီဇီသည် တိုက်သို့ တယ်လီဖုန်းဆက်၍ အကူအညီတောင်းနိုင်ပေသည်။ ဇီဇီကိုယ်တိုင်ကလည်း ထိုတာဝန်ကိုယူဖို့ လိုလားနေ၏။

ထို့ကြောင့်ပင် တင်မောင်ဆွေက ထိုတာဝန်ကို ဇီဇီအား ပေးလိုက်မိခြင်း ဖြစ်လေသည်။

ထိုအကြောင်းတွေကို ယခု တင်မောင်ဆွေ ပြန်စဉ်းစားမိရင်း က သူ့စိတ်ထဲ ကြိတ်၍ ခံစားနေရသော ပြစ်မှုသည် ရုတ်တရက် လေးနက်စူးရှလာပြန်တော့သည်။ ထိုတာဝန်ကို ဇီဇီအားမပေးဘဲ သူကိုယ်တိုင်ယူခဲ့ပါက ဇီဇီသည် ပျောက်သွားလိမ့်မည် မဟုတ်။ ဂျင်မီသည်လည်း အရက်သမား ယစ်ထုပ်ကြီးဖြစ်နေမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ထိုတာဝန်သည် ဇီဇီအတွက် ကြီးမားသော အန္တရာယ်ဖြစ်လာလိမ့်မည်ဟု သူက ဘယ်လိုကြိုတင် သိနိုင်လိမ့်မည်နည်း။

တင်မောင်ဆွေက လက်သီးတစ်ဖက်ဆုပ်ကာ လက်ဝါးထဲသို့ လေးငါးချက်ဆက်၍ ထိုးလိုက်မိသည်။ ပြီးမှ စိတ်ငြိမ်စေရန် စီးကရက်တစ်လိပ် မီးညှိသောက်ပြီး ထိုစဉ်က အဖြစ်အပျက်တွေကို ဆက်၍တွေးပြန်သည်။

ထိုညက ကြိုတင်၍ အချိန်းအချက် လုပ်ထားခဲ့သည့်အတိုင်း ဇီဇီသည် ဦးခင်စီတို့တိုက်မှနေ၍ အလုပ်တိုက်သို့ပြန်၍ တယ်လီဖုန်းဆက်ခဲ့လေသည်။ အလုပ်တိုင်တွင် သူ မရှိခဲ့သော်လည်း တာဝန်ကျနေသော ချစ်လှိုင်ကလေး၏ ပြန်အစီရင်ခံချက်အရ ထိုအချိန်အထိ အခြေအနေက ဘယ်လိုမှ မထူးခြားသေးသည်ကို သူ သိခဲ့ရသည်။

ဦးခင်စီနှင့် ဒေါ်နန်းခမ်းဝေတို့၏ ညစာစားပွဲကြီးသည် ချောချောမွေ့မွေ့ စခန်းသွားလျက် ရှိနေခဲ့သည်။ လာရောက်ကြသော ဧည့်သည်များအားလုံးသည် ဖိတ်ကြားထားသူများသာ ဖြစ်ကြ၏။ အိမ်ရှိအစေခံတွေထဲတွင်လည်း မယုံသင်္ကာဖြစ်စရာ လူတစ်ယောက်မျှ မပါဟု ဆို၏။ တစ်ခုသာ ရှိသည် အိမ်ရှင်ယောက်ျား ဦးခင်စီသည် အလုပ်ကိစ္စတစ်ခုကြောင့် ခရီးလွန်နေရာ၊ ၎င်းလာမှ ညစာ စားကြမည် ဖြစ်သည်ဟု ဆို၏။

နောက်မှ သိရသည်ကား အိမ်ရှင်ဦးခင်စီသည် ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်လာခဲ့သည်။

ဦးခင်စီသည် ဧည့်သည်များအား မိမိ နောက်ကျသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်စကား ပြောပြီးနောက် အဝတ်အစားများ





လဲလှယ်ဝတ်ဆင်ရန် အပေါ်ထပ်သို့ တက်သွားခဲ့ရာ သူ့ဇနီးကပါ လိုက်သွားခဲ့သည်။ ဤတွင် ဇီဇီကလည်း ဒေါ်နန်းခမ်းဝေနောက်သို့ လိုက်ပါသွားခဲ့ပြန်သည်။

နောက် နာရီဝက်ကြာသွားသည့်တိုင် သူတို့သုံးယောက်စလုံး ပြန်ဆင်းမလာသည့်အခါတွင် အစေခံမလေးတစ်ယောက်က အပေါ်ထပ်သို့ လိုက်တက်ကြည့်ခဲ့သည်။ အိမ်အပေါ်ထပ်တွင် ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ သူမက မတွေ့ရတော့ချေ။

နောက်တစ်နေ့တွင်မှ ဒေါ်နန်းခမ်းဝေ၏အလောင်းကို ပုဇွန်တောင်ချောင်းထဲတွင် ရဲအဖွဲ့က ရှာဖွေတွေ့ရလေသည်။ သူမသည် ဦးခေါင်းတွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်၏။

သူမ၏ သုံးသိန်းကျော် စိန်ရွှေရတနာများကိုလည်းကောင်း၊ သူမ၏ ယောက်ျား ဦးခင်စီကိုလည်းကောင်း၊ ဇီဇီကိုသော်လည်းကောင်း ယခုထက်ထိ ဘယ်လိုမှ ရှာဖွေမတွေ့ခဲ့တော့ချေ။

သူတို့သုံးယောက်စလုံးကို ထိုစဉ်က စိန်ရွှေရတနာတွေကို လုယက်မှု ကျူးလွန်နေခဲ့သည့် လူဆိုးဂိုဏ်းက ဖမ်းဆီးခေါ်ဆောင်သွားကြခြင်းပင် ဖြစ်မည်ဟု ရဲအဖွဲ့က ယူဆခဲ့ကြသည်။ တင်မောင်ဆွေကလည်း ရဲအဖွဲ့၏ ယူဆချက်ကို လက်ခံခဲ့လေသည်။

လူဆိုးများသည် အောက်ထပ်တွင် ဧည့်သည်တွေရှိနေစဉ် အပေါ်ထပ်သို့ တိတ်တဆိတ် အိမ်နောက်ဖေးဘက်မှ တက်လာခဲ့ကြခြင်း ဖြစ်ပေမည်။ ဦးခင်စီတို့လင်မယားနှင့် ဇီဇီ တက်လာသည့်အခါတွင် လက်နက်ပြ ခြိမ်းခြောက်ပြီး ၎င်းတို့သုံးယောက်စလုံးကို ဖမ်းဆီးခေါ်ဆောင်သွားကြခြင်း ဖြစ်ပေမည်။ လူဆိုးတွေက လက်ဦးနေသည့်အတွက် ဇီဇီက ဘယ်လိုမှ ခုခံခြင်းမပြုနိုင်ဘဲ လိုက်ပါသွား



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းလည်း ဖြစ်ပေမည်။

ဒေါ်နန်းခမ်းဝေ၏အလောင်းကို ပြန်တွေ့ရသည့်အခါတွင် သူမ၏ လက်ချောင်းကလေးများ ပြတ်နေသည်ကို တွေ့ခဲ့ကြရသည်။ သူမသည် လက်ချောင်းများတွင် အဖိုးတန်စိန်နှင့် ပတ္တမြားလက်စွပ်တွေ ဝတ်ဆင်ခဲ့ရာ လူဆိုးများသည် ထိုလက်စွပ်တွေကို ချွတ်၍ မရသည့်အတွက် ဒေါ်နန်းခမ်းဝေကိုပစ်သတ်ပြီး လက်ချောင်းများကို ဖြတ်လျက် လက်စွပ်တွေကို ချွတ်ယူခဲ့ခြင်းဖြစ်သည်ဟု ယူဆရပေ၏။

ဦးခင်စီကိုလည်းကောင်း၊ ဓိဇ္ဇိကိုလည်းကောင်း ဘယ်လိုမှ ရှာမတွေ့ရသည့်အဆုံးတွင်တော့ သူတို့နှစ်ယောက်ကိုပါ လူဆိုးတွေက သုတ်သင်ဖျောက်ဖျက်ပစ်လိုက်ကြပြီဟု ယူဆခဲ့ကြရတော့သည်။

တင်မောင်ဆွေနှင့် ဂျင်မီစမတ်တို့က ထိုလူဆိုးဂိုဏ်းကို အပြင်းအထန် ခြေရာခံ လိုက်ခဲ့ကြသေးသည်။ သူတို့၏ ကြိုးပမ်းချက်ကြောင့်ပင် ဂိုဏ်းအဖွဲ့ဝင်သုံးယောက်ကို လက်ရဖမ်းဆီးရမိကာ ဂိုဏ်းဒုတိယခေါင်းဆောင်ကို ဂျင်မီက အသေပစ်သတ်ခဲ့သည်။

ဖမ်းမိသော ဂိုဏ်းအဖွဲ့ဝင် သုံးယောက်အား စစ်မေးခဲ့ရာတွင် ဒေါ်နန်းခမ်းဝေ အသတ်ခံရမှုကိစ္စ၌ သူတို့ ဘာမှမသိရပါ။ ဓိဇ္ဇိနှင့် ဦးခင်စီတို့၏ ကံကြမ္မာကိုလည်း သူတို့ ဘယ်လိုမှ မသိရပါဟု တောက်လျှောက် ထွက်ဆိုခဲ့ကြလေသည်။ အခြားဂိုဏ်း အဖွဲ့ဝင်တွေကလည်း ရှိသေးပေရာ ၄င်းတို့ အမှန်အတိုင်း ထွက်ဆိုခဲ့ကြသည်ဟု နောက်ဆုံးတွင် ရဲဘက်က ယူဆခဲ့ကြ၏။

ဂိုဏ်းခေါင်းဆောင်ကတော့ ယိုးဒယားပြည်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပေသည်။

သို့နှင့်ပင် ဓိဇ္ဇိတစ်ယောက်တော့ ဤလောကကြီးတွင်





မရှိတော့ပြီဟု ဂျင်မီနှင့် တင်မောင်ဆွေတို့က ယူဆခဲ့ကြလေသည်။

သို့ရာတွင် ယခုညတွင်တော့ ဓိဇ္ဇိတစ်ယောက် ဤလောကကြီးတွင် အသက်ရှင်လျက် ရှိနေသေးသည်သာမက ကြီးမားသော အသက်အန္တရာယ်တစ်ခုကို ရင်ဆိုင်နေရသည်ဟူ၍ အသတ်ခံသွားရသော သဘော်သားတစ်ယောက်ထံမှ တင်မောင်ဆွေက သိခဲ့ရလေပြီ။

တင်မောင်ဆွေက ဖန်ခွက်ထဲမှ ဝီစကီလက်ကျန်ကို မော့ချပစ်လိုက်ကာ နောက်ထပ် ဝမ်းပက် ထပ်မငှဲ့မီ သူ့ရွှေစီးကရက်ဘူးပြားကလေးကိုထုတ်ယူပြီး စီးကရက်တစ်လိပ် ထုတ်ယူလိုက်၏။ စီးကရက်ကို ပါးစပ်တွင်တပ်ကာ စီးကရက်ဘူးပြားကလေးကို ပြန်ပိတ်လိုက်စဉ် တင်မောင်ဆွေက ထိုစီးကရက်ဘူးကလေးကို သေချာစွာ ကြည့်ရှုမိလေသည်။ စီးကရက်ဘူးကလေး၏ ကျောဘက်တွင် 'ချစ်သော ကိုဆွေသို့ .... မေစီ' ဟူသော စာတန်းကလေးက ရှိနေသည်။

တင်မောင်ဆွေ၏မျက်နှာတွင် စိတ်လှုပ်ရှားမှုအရိပ်အယောင်တွေက ပေါ်လွင်လာသည်။

မေစီကို သူက အသက်ပေး၍ ချစ်သလို ဓိဇ္ဇိကိုလည်း ဂျင်မီက ချစ်ရှာပေမည်။ ယခု သူချစ်သော ဓိဇ္ဇိတစ်ယောက် အသက်ရှင်လျက် ရှိနေသည်ဟုသာ ဂျင်မီ သိရလျှင် ဘယ်လောက်များ ဝမ်းသာရှာလိမ့်မည်နည်း။

တင်မောင်ဆွေက ထိုင်ရာမှထကာ တယ်လီဖုန်းရှိရာသို့ လျှောက်သွားလိုက်သည်။ တယ်လီဖုန်းကို ကိုင်မိပြီးမှ သူသည် နောက်ဆုံး မြင်တွေ့ခဲ့ရသည့် ဂျင်မီ၏အခြေအနေကို ပြန်၍ သတိရမိသော၏။ ဂျင်မီကား ဤညအတွက်တော့ လောကကြီးကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်နိုင်တော့မည် မဟုတ်ပေ။ သောက်ထားသော အရက်တန်ခိုးကြောင့် သူသည် ဤညအတွက်တော့ လုံးဝအောက်နေပြီ ဖြစ်ပေ၏။

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်လွှတ်လိုက်ကာ သူ့ကုလားထိုင်ဆီသို့ ပြန်လျှောက်လာခဲ့သည်။ ကုလားထိုင်တွင် ပြန်ထိုင်ပြီးနောက် သူက နောက်ထပ် ဝီစကီဝမ်းပက်ကို ဆော်ဒါ ရေခဲနှင့် ရောစပ်လိုက်၏။

ဂျင်မီအား သူ့အတွက် ဝမ်းသာစရာ အကောင်းဆုံးသော သတင်းကို မနက်ဖြန်မနက် အစောကြီးကျမှပင် သွားအသိပေးရပေမည်။

❋ ❋ ❋

- ခြောက် -

ညဥ့်နက်မှ အိပ်ရသော်လည်း နံနက် ၆ နာရီတိတိတွင် နာရီနှိုးစက်သံကြောင့် တင်မောင်ဆွေက နိုးလာသည်။ နာရီနှိုးစက်ကို လှမ်းပိတ်လိုက်ပြီးနောက် တင်မောင်ဆွေက အိပ်ရာမှ လူးလဲထကာ သူ့ညဝတ်အင်္ကျီကို ချွတ်ပစ်ပြီး ရေချိုးခန်းထဲသို့ တန်းဝင်ခဲ့သည်။

နံနက် ၆ နာရီ ၁၅ မိနစ်ကျော်ကျော်တွင်ကား တင်မောင်ဆွေသည် ရေမိုးချိုးပြီး အဝတ်အစားလဲပြီး ဖြစ်နေကာ မီးဖိုခန်းထဲတွင် ကော်ဖီအိုးဖောက်လျက် ပေါင်မုန့်ကင်လျက် ရှိနေ၏။ ပေါင်မုန့်တွင် ထောပတ်သုတ်၊ ကြက်ဥ မကျက်တကျက် ကြော်နှင့် ကော်ဖီကို စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် တင်မောင်ဆွေက အိမ်ရှေ့ခန်းသို့ ထွက်ခဲ့ကာ ဂျင်မီ့ထံသို့ တယ်လီဖုန်း ဆက်လိုက်တော့သည်။

ပြန်ဖြေသူကား ဂျင်မီ၏အမေ ပက်ဂီ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ပက်ဂီ၊ ဘာဖြစ်လို့ ဂျင်မီဆီ အစောကြီးရောက်နေရတာလဲ'

'ကိုတင်မောင်ဆွေ သတင်းဆိုးတော့ ပြောရဦးမယ်၊ ဂျင်မီကို ညကပဲ ဆေးရုံတင်လိုက်ရတယ်'

တင်မောင်ဆွေမှာ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားမိတော့သည်။

'အိုဗျာ… ဘယ်လိုဖြစ်ရတာလဲ'

'ဂျင်မီကို ရှင် လာပို့သွားပြီးတဲ့နောက် မကြာခင်ပဲ သူပြန်နိုးလာပြီး အန်တော့တာပဲ၊ အန်တာမှ အသေအလဲပဲ၊ နောက်ကျတော့ သွေးတွေ ပါလာတော့တယ်'

'ဟာ… ဖြစ်မှဖြစ်ရလေဗျာ'

'အဲဒါ တော်မီ (ပက်ဂီ၏သား ဂျင်မီနှင့် အတူနေသူ) က ကျွန်မကို တယ်လီဖုန်းဆက်ခေါ်တာနဲ့ လိုက်လာပြီး ဆေးရုံကို ပို့လိုက်ရတာပဲ'

'ကျွန်တော့်ဆီကို ဘာကြောင့် အကြောင်းမကြားသလဲဗျာ'

'ဂျင်မီကို ဆေးရုံလိုက်ပို့ပြီး ကျွန်မ ကိုဆွေ့ဆီကို ဖုန်းဆက်ပါသေးတယ်၊ ကိုဆွေ့ဖုန်းက ပြန်မဖြေဘူးလေ၊ ကိုဆွေ မရှိဘူးထင်ပါရဲ့…'

ဟုတ်ပေသည်။ ထိုအချိန်တွင် သူကလည်း ဆေးရုံကြီးတွင် ရောက်နေခဲ့ပေသည်။

'ဟုတ်လား၊ အဲဒီအချိန်မှာ ကျွန်တော်ကလည်း ဆေးရုံကြီးကို ရောက်နေခဲ့တာပဲ၊ နေပါဦး၊ ဂျင်မီကို ဘယ်ဆေးရုံမှာ တင်ထားတာလဲ'

'မြရတနာဆေးရုံမှာပဲ ကိုဆွေ'





'အခြေအနေက ဘယ်လိုလဲ ပက်ဂီ'

'ကျွန်မလည်း မပြောတတ်ဘူး၊ ဆရာဝန်တွေကလည်း ပြောဖို့ အချိန်စောသေးတယ်တဲ့၊ သူ အခုတစ်လော အရက်တွေ သိပ် ဖိသောက်ခဲ့တဲ့ ဒဏ်ပါပဲ ကိုဆွေရယ်'

ပက်ဂီ၏အသံမှာ ငိုသံပါနေသည်။ တင်မောင်ဆွေကလည်း စိတ်ထဲတွင် အပြစ်မကင်း ဖြစ်လာမိသည်။

'သိပ်လည်း စိုးရိမ်မနေပါနဲ့ ပက်ဂီရယ်၊ စိုးရိမ်ရရင် ဆရာဝန်က ဖွင့်ပြောမှာပေါ့၊ ကိုဆွေလည်း အခုပဲ သူ့ဆီ လိုက်ကြည့်လိုက်ပါမယ်'

တင်မောင်ဆွေက ချက်ချင်းပင် မြရတနာဆေးရုံသို့ လိုက်ခဲ့တော့သည်။ စုံစမ်းရေးဌာနတွင် ဝင်ရောက်မေးမြန်းပြီးနောက် ဂျင်မီအား ထားရာ အခန်းသို့တက်ခဲ့ရာ ဂျင်မီမှာ ခုတင်ထက်ဝယ် အိပ်ပျော်နေပြီး သူ့ဘေးက သူ့တူတော်မောင် တော်မီကလေး စောင့်နေသည်ကို တွေ့ရ၏။

တော်မီကလေးသည် တင်မောင်ဆွေ့အား တွေ့လိုက်သည့်အခါတွင် တော်တော် အားတက်သွားပုံရသည်။

'ဟော… အန်ကယ်လ်ဆွေ ရောက်လာပြီကိုး'

'အေး… ငါလည်း မင်းမာမီဆီက သိရချင်းချင်း လိုက်လာခဲ့တာပဲ၊ ဘယ့်နှယ် နေသလဲကွ'

တင်မောင်ဆွေက တော်မီအား မေးရင်းက ခုတင်ပေါ်မှ ဂျင်မီအား အကဲခတ်ကြည့်လိုက်သည်။ ဂျင်မီ၏မျက်နှာသည် ညတွင်းချင်း ချောင်ကျသွားခဲ့သည်ကို သူ တွေ့ရသည်။ မျက်တွင်းကြီးတွေ ဖောက်ပက်ကျကာ ပါးရိုးကြီးတွေပင် ငေါထွက်နေသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုတော့ မှန်မှန်ရှုနေကာ နှစ်ခြိုက်စွာ အိပ်ပျော်နေပုံရ၏။

'ညကတော့ အန်ကယ့်ခမျာ တစ်ခါတည်းသွားပြီလို့ ထင်မိခဲ့တာပဲ အန်ကယ်ဆွေ၊ အန်လိုက်တာ မနည်းဘူး၊ သွေးတွေလည်း လက်ဖက်ရည်ပန်းကန်လုံး နှစ်လုံးစာလောက် ပါလာတယ်။ ဒီခေါ်လာပြီး ဆရာဝန်က ဆေးထိုးပေးတော့မှ အအန်ရပ်သွားတယ်၊ နောက်တော့ အိပ်ဆေးလာတိုက်သွားပြီး အိပ်ပျော်သွားတာ အခုထက်ထိ မနိုးသေးဘူးလေ'

တင်မောင်ဆွေက တော်မီ၏ ပခုံးကလေးကို အသာအယာ ဖျစ်ညှစ်လိုက်သည်။

'မစိုးရိမ်ပါနဲ့ တော်မီရေ… မင်း အန်ကယ်ဂျင်မီဟာ တော်ရုံတန်ရုံ သေနိုင်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ကဲ… ငါ ဆရာဝန်ကို သွားမေးလိုက်ဦးမယ်'

ဂျင်မီအား ကုသပေးသည့် ဆရာဝန်ကို ၄င်း၏ရုံးခန်းကလေးထဲ၌ပင် အဆင်သင့် တွေ့ရသည်။ တင်မောင်ဆွေက သူမည်သူမည်ဝါဖြစ်ကြောင်းကို ပြောပြကာ ဂျင်မီ၏ အခြေအနေ မည်သို့ရှိသည်ကို ဖွင့်ဖွင့်လင်းလင်း ပြောပြပါရန် တောင်းပန်လိုက်ရသည်။

'ခင်ဗျားမိတ်ဆွေက အမှုတစ်လော အရက်တွေ သိပ်အရမ်း သောက်ခဲ့တယ်နဲ့ တူတယ် ကိုတင်မောင်ဆွေ'

'ဟုတ်တယ် ဒေါက်တာ၊ သူ့မှာ အရက်ကို ဖိသောက်စရာ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုက ရှိနေခဲ့တယ်'

ဆရာဝန်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'အရက်ဖိသောက်တာဟာ ဘယ်ပြဿနာကိုမှ မပြေလည်





စေတဲ့အပြင် ပြဿနာကိုတောင် တိုးလာစေပါတယ် ကိုတင်မောင်ဆွေ'

ဆရာဝန်ပြောသည်က မှန်နေရကား တင်မောင်ဆွေက ဘယ်လိုမှ စောဒကတက်မနေတော့။

'ဟုတ်ကဲ့ ဒေါက်တာ၊ ဒါပေမဲ့ သူ့အခြေအနေက ဘယ်လိုလဲဗျ'

'အခုတော့ အတိအကျ ပြောမပြနိုင်သေးဘူး ကိုတင်မောင်ဆွေ၊ သူ့ကို အိပ်စရေး(ဓာတ်မှန်)ရိုက်ထားတယ်၊ သူ့အိပ်စရေးတွေကို စစ်ကြည့်ပြီးတော့မှ သူ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သိနိုင်မှာပဲ'

ဆရာဝန်က နေ့လယ်တစ်နာရီတွင် ပြန်လာရန် ပြောလိုက်သဖြင့် တင်မောင်ဆွေက တော်မီအား ဝင်ရောက်နှုတ်ဆက်ကာ နောက်တစ်ခေါက် ပြန်လာမည်ဖြစ်ကြောင်း မှာကြားပြီး သူ့တိုက်သို့ ပြန်လာခဲ့လေသည်။

တိုက်သို့ရောက်လျှင် သူ့အလုပ်တိုက်စောင့်နှင့် တပည့်ဖြစ်သူ ချစ်လှိုင်ကလေးကို တော်မီအား အဖော်ပြုရန် ဆေးတိုက်သို့ လွှတ်လိုက်သည်။ ဂျင်မီ အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် သူ့အား ဖုန်းဆက်အကြောင်းကြားရန်လည်း မှာကြားလိုက်၏။

ချစ်လှိုင်ကလေး ထွက်သွားလျှင် သူက အသက်ဘူးချစ်သူဖြစ်သူ မေစီထံသို့ ဖုန်းဆက်လိုက်ပြန်ကာ ဂျင်မီ့အဖြစ်ကို ပြောပြလိုက်သည်။ မေစီမှာလည်း တော်တော်ပင် တုန်လှုပ်သွားကာ သူမလည်း ဂျင်မီထံသို့ ယခုပင်သွားကြည့်မည်ဟု ဆိုသည်။

'ဂျင်မီ့ကို ဆရာဝန်က အိပ်ဆေးတိုက်ထားလို့ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ နေ့လယ်ကျမှ အစီ ကိုဆွေနဲ့ လိုက်ခဲ့ပေတော့၊ အဲဒီအခါမှာ ကိုဆွေက ဂျင်မီ့ကို အရေးကြီးတဲ့အကြောင်းတစ်ခု ပြောစရာရှိတယ်၊ အဲဒီလိုပြောရာမှာ အစ့်ဆီက အကူအညီလည်း လိုလိမ့်မယ်'

'ကောင်းပြီလေ ကိုဆွေ၊ ဂျင်မီ့ကို ပြောမှာကဘာအကြောင်းလဲ'

'အဲဒါ အစ့်ကို ကိုဆွေလာခေါ်မှ ပြောပြမယ်၊ ကိုဆွေ ၁၂ နာရီလောက်မှာ လာခေါ်မယ်၊ ဒီကနေ့ အလုပ်တိုက်ကို မလာတော့ဘဲ အစ့်အိမ်ကနေပဲ စောင့်နေပေါ့'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိကာ လေးလေးနက်နက် စဉ်းစားခန်းဝင်နေလိုက်သည်။ အမှန်တော့ သူ့တွင် စဉ်းစားဆုံးဖြတ်စရာအကြောင်းတစ်ခုက ရှိလာရပြီ ဖြစ်သည်။

ယခု ဖြစ်ပေါ်လာသော အခြေအနေတွင် ဇီဇီ အသက်ရှင်လျက်ရှိနေသေးကြောင်းကို ဂျင်မီအား အသိပေးရကောင်းမည်လော၊ သို့မဟုတ် အသိမပေးဘဲ ထားလိုက်ရလျှင် သင့်မည်လောဟူသည့် ပြဿနာပင် ဖြစ်သည်။

စီးကရက်တစ်လိပ်ကုန်အောင် သောက်ပြီးသည့်အထိပင် တင်မောင်ဆွေမှာ ဘယ်လိုမှ မဆုံးဖြတ်နိုင်သေးဘဲ ရှိနေသည်။ သို့အတွက် ဂျင်မီ၏အခြေအနေကို ဆရာဝန်ထံမှ အတိအကျသိရတော့မှပင် အသိပေးဖို့ မပေးဖို့ကိစ္စကို ဆုံးဖြတ်တော့မည်ဟု သူက နောက်ဆုံးတွင် သန္နိဋ္ဌာန်ချလိုက်၏။

တင်မောင်ဆွေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ နံနက် ၁၀-နာရီပင် ခွဲသွားချေပြီ။ နံနက်ထမင်းကို စောစော





စီးစီး စားထားလိုက်သည်က ကောင်းပေမည်။

ချစ်လှိုင်ထံမှလည်း တယ်လီဖုန်းကို စောင့်ရပေဦးမည်။ ထို့ကြောင့် သူက အပြင်မထွက်တော့ဘဲ တယ်လီဖုန်းဖြင့်ပင် အောက်ထပ်ရှိ ဟော်တယ်ကြီးဆီမှ သူ့အတွက် နံနက်စာထမင်းပွဲကို သူ့တိုက်ခန်းသို့ လာပို့ရန် မှာလိုက်ပြီး အပေါ်ထပ်ရှိ သူ့တိုက်ခန်းသို့ တက်ခဲ့လေသည်။

သူ့တိုက်ခန်းသို့ရောက်လျှင် တင်မောင်ဆွေက သူ စုထားသော အရက်ပုလင်းတွေထဲမှ ဟင်နက်ဆီ ဘရန်ဒီတစ်လုံးကို ထုတ်ယူကာ ထမင်းမြိန်ဆေးအဖြစ် လက်နှစ်လုံးခန့် ငှဲ့ထည့်ပြီး ရေမရောဘဲ တစ်ကျိုက်စီ စုပ်နေလိုက်သည်။

ဟော်တယ်မှ ထမင်းပွဲရောက်လာသည့်အခါတွင် တစ်ယောက်တည်းပင် ထမင်းထိုင်စားနေလိုက်သည်။ သို့ရာတွင် သူ့ခေါင်းထဲတွင် ဇီဇီ၊ ဂျင်မီ၊ နဂါး... စသော လူတွေနှင့် ပတ်သက်၍ အတွေးတွေက ပလုံစီတက်နေသဖြင့် ဘာစား၍ စားမိမှန်းပင် မသိတော့ချေ။

ထမင်းစားပြီး၍ စီးကရက်တစ်လိပ်ကို မီးညှိသောက်နေစဉ် တယ်လီဖုန်းခေါင်းလောင်း ရုတ်တရက် ထမြည်လာလေတော့သည်။ ချစ်လှိုင်ဆီမှ လာသည် အထင်ဖြင့် တင်မောင်ဆွေက တယ်လီဖုန်းရှိရာသို့ ကပျာကယာ လျှောက်သွားကာ ကောက်ယူနားထောင်လိုက်သည်။

သို့ရာတွင် တယ်လီဖုန်းနားခွက်ထဲမှ ပေါ်လာသည့်အသံမှာ ချစ်လှိုင်၏အသံ မဟုတ်။

'ဟလို... ကိုတင်မောင်ဆွေလား၊ ကျွန်တော် ချစ်နိုင်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဗိုလ်ကြီးချစ်ခိုင်လား'

ဗိုလ်ကြီးချစ်ခိုင်ကား ဦးဘငြိမ်း၏ အပေါင်းတော်မြဲ ဖြစ်လေသည်။ ဦးဘငြိမ်းကတော့ တင်မောင်ဆွေအား မကြာခဏ အထူးတာဝန်များ ခေါ်ပေးတတ်သော နိုင်ငံလျှို့ဝှက်ထောက်လှမ်းရေးမှ တာဝန်ခံကြီးတစ်ယောက်ပင် ဖြစ်သည်။

'ဟုတ်တယ် ကိုတင်မောင်ဆွေ… ခင်ဗျားကို အဘိုးကြီးက စကားပြောချင်လို့တဲ့'

ဦးဘငြိမ်းက အရေးထဲမှာ ဘာများ အရာပေါ်ဦးမလို့လဲဟု တင်မောင်ဆွေက စိတ်တိုစွာ တွေးလိုက်မိသည်။ သည်တစ်ခါတော့ ဦးဘငြိမ်းက သူ့အား ဘာတာဝန်ပဲပေးပေး လက်မခံတော့။ သူ့ ပထမတာဝန်မှာ ဓိဓိနှင့် ဂျင်မီအတွက်သာ ဖြစ်သည်ဟုလည်း ကြိုတင်၍ ဆုံးဖြတ်ထားလိုက်မိသည်။

'ဦးဘငြိမ်းက ကျွန်တော့်ကို ဘာများ စကားပြောချင်တာ တဲ့လဲဗျာ၊ ကျွန်တော်…'

'ဦးဘငြိမ်း ကိုယ်တိုင်ကိုပဲ မေးကြည့်ပေတော့ဗျာ'

ဗိုလ်ကြီးချစ်ခိုင်က စကားပြတ် ပြောလိုက်ပြီးနောက် ကလစ်ခနဲ အသံကြားလိုက်ရကာ တယ်လီဖုန်းနားခွက်ထဲမှ ဦးဘငြိမ်း၏အသံက ထွက်ပေါ်လာလေ၏။

'ကိုတင်မောင်ဆွေ၊ နေကောင်းတယ်နော်'

'နေတော့ ကောင်းပါတယ်ဗျာ၊ ဒါပေမဲ့ လူကတော့ မအား ဘူးဗျ၊ အခု ကျွန်တော့်မှာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စ ပေါ်နေ တယ်'

တင်မောင်ဆွေက ခပ်မြန်မြန်ပင် ပြန်ဖြေလိုက်သည်။





'ကျုပ် သိပါတယ်လေ၊ ညက သေသွားတဲ့ သဘော်သား ချစ်လှရဲ့ကိစ္စ မဟုတ်လား'

'ခင်ဗျား ဒါကို ဘယ်လိုသိသလဲဆိုတာ ကျွန်တော် မေး မနေတော့ပါဘူး၊ ဟုတ်တယ်၊ ဒီကိစ္စကလည်း တစ်ပိုင်းပါတယ်၊ ပြီးတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကလည်း ရှိနေ တယ်ဗျ'

'ဟုတ်ပါပြီလေ၊ အခု ကျုပ် ခင်ဗျားကိုခေါ်တာက ခင်ဗျား ကို တာဝန်ပေးဖို့ မဟုတ်ပါဘူး၊ သဘော်သားချစ်လှရဲ့ကိစ္စမှာ ခင်ဗျား ကို အကူအညီပေးနိုင်တဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ ပါဗျ'

တင်မောင်ဆွေက စိတ်ဝင်စားလာမိတော့သည်။ သဘော် သားချစ်လှကို အကြောင်းပြု၍ ဓိဓိအား ရှာဖွေရာတွင် ဦးဘငြိမ်း တို့ဌာန၏ အကူအညီကို ရမည်ဆိုပါက သူက ဝမ်းမြောက်ဝမ်းသာ ခင် လက်ခံရမည် ဖြစ်ပေ၏။

'သူက ဘယ်သူလဲ ဦးဘငြိမ်း၊ သူက ကျွန်တော့်ကို ဘယ် လိုအကူအညီ ပေးနိုင်မလဲ'

'သူ့ကို ခင်ဗျား အခုမှ သိရမှာပါ၊ ကျုပ်တို့နဲ့ အဆက် အသွယ်မကင်းတဲ့ လူတစ်ယောက်ပါပဲ၊ သူက သဘော်သားချစ်လှ က ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားကို အတိအကျ ပြောပြနိုင်လိမ့် မယ်'

'ကောင်းပြီလေ၊ သူ့ကို ကျွန်တော် ဘယ်မှာတွေ့ရမှာလဲ'

'ခင်ဗျားသဘောတူမယ်ဆိုရင် သူက ခင်ဗျားကို နာရီဝက် အတွင်းမှာ ခင်ဗျားတိုက်ခန်းကို လာတွေ့လိမ့်မယ်၊ ဘယ့်နှယ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ ဦးဘငြိမ်း၊ ကျွန်တော် စောင့်နေပါ့မယ်'

'သူ့နာမည်က ဦးထွန်းညွန့်တဲ့'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ချက်ချင်းဆိုသလိုပင် မြရတနာဆေးရုံသို့ ထပ်၍ဆက်လိုက်ပြန်သည်။ ဂျင်မီ၏ဆရာဝန်နှင့် ဆက်မိလျှင် သူ့နာမည်ကို ပြောပြပြီး ဂျင်မီ၏ အခြေအနေကို မေးကြည့်ရပြန်သည်။

ဆရာဝန်က ဂျင်မီသည် အိပ်ရာမှနိုးလာပြီဖြစ်သော်လည်း အားနည်းနေသည့်အတွက် ယခု မည်သူနှင့်မှ စကားပြောခွင့်မပြု နိုင်သေးကြောင်း၊ သို့ရာတွင် နံနက်က ချိန်းထားသည့်အတိုင်း နေ့ခင်းဘက်တစ်နာရီတွင် လာပါက စကားအနည်းငယ်ပြောခွင့်ရမည်ဖြစ်ကြောင်း ပြန်၍ ဖြေကြားလေ၏။

တင်မောင်ဆွေက စီးကရက်တစ်လိပ် မီးညှိကာ စိတ်မငြိမ် မသက်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေ လိုက်မိသည်။ မကြာခင် သူ့ထံရောက်လာမည့် ဦးထွန်းညွန့်ဆိုသူ ကား အဘယ်သူနည်း။ သဘောင်္သားချစ်လှအကြောင်း သူက ဘာ တွေများ သိထားနေသနည်း။ ထို့ထက် အရေးကြီးသည်ကား ဤလူ သည် သဘောင်္သားချစ်လှကိစ္စတွင် ဘယ်လိုများ စိတ်ဝင်စားလျက် ရှိနေသလဲ။ ဘာကြောင့်များကော စိတ်ဝင်စားနေရသလဲ။

ဂျင်မီ၏ကိစ္စကလည်း သူ့ဦးခေါင်းထဲတွင် ပေါ်လာရပြန် သည်။

ဇီဇီတစ်ယောက် ဤလောကကြီးထဲ၌ အသက်ရှင်လျက် ရှိနေသေးသည်ဟု သဘောင်္သားချစ်လှက ပြောသွားသည်ကို ယခုလို အခြေအနေ၌ သူက ဂျင်မီအား ဖွင့်ဟအသိပေးရမည်လော။ ဒါကို





သည်း သူက ဘယ်လိုမှ မဆုံးဖြတ်ရသေးပေ။

ရုတ်တရက် စူးရှစွာ မြည်လာသော လူခေါ်ဘဲလ်စစ်ခေါင်း လောင်းသံက တင်မောင်ဆွေ၏ အတွေးကြောကို ဖြတ်တောက် ပစ်လိုက်သည်။

တင်မောင်ဆွေက လျင်မြန်စွာပင် တိုက်ခန်းတံခါးဆီသို့ လျှောက်သွားကာ သော့ဖွင့်ပေးလိုက်သည်။

တံခါးအပြင်ဘက်တွင် ရပ်နေသူကား လူပုပုသေးသေး တစ်ယောက်ပင် ဖြစ်လေသည်။ အသက် ၄၅ နှစ်နှင့် ၅၀ ကြားတွင် ရှိမည်ဟု ထင်မှတ်ရသည်။ နဖူးအနည်းငယ်ပြောင်ကာ ထူထဲသော ဘောင်ကိုင်းအနက် မျက်မှန်တပ်ဆင်ထားလေသည်။ အဝတ်အစား အား သက္ကလတ်တိုက်ပုံအင်္ကျီ၊ လည်ပင်းဝိုင်းရှပ်ဖြူ၊ ကျူထရံကွက် တွဲချည်လုံချည်တို့ကို အင်မတန်မှ သပ်ရပ်ပိရိစွာ ဝတ်ဆင်ထားသည်။ သူ့လက်နှစ်ဖက်စလုံးတွင်တော့ ဘာကိုမျှ ကိုင်တွယ်၍မထားပေ။

'ဦးထွန်းညွန့်လား'

'ဟုတ်ပါတယ် ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက တံခါးဝမှ လမ်းဖယ်ပေးလိုက်ကာ ဦးထွန်းညွန့် ဝင်လာပြီးသည့်အခါ၌ တံခါး ပြန်ပိတ်လိုက်သည်။ ထို့နောက် ၎င်းအား ဧည့်ခန်းထဲသို့ ခေါ်ဆောင်ခဲ့ကာ ဆိုဖာတစ်လုံး ဆီသို့ လက်ယမ်းပြလိုက်၏။

'ထိုင်ပါ ဦးထွန်းညွန့်'

ဦးထွန်းညွန့်က ဆိုဖာအစပ်ပေါ်တွင် ဒူးနှစ်လုံးစေ့၍ ကိုယ် ကို ခပ်မတ်မတ်ထားပြီး ထိုင်လိုက်လေသည်။ မျက်မှန်ထူကြီးမှ အထဲမှ ၎င်း၏မျက်လုံးတွေက တင်မောင်ဆွေ့မျက်နှာကို အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အမူအရာဖြင့် ကြည့်လိုက်ကြသည်။ မျက်လုံးများသည် ဂေါ်လီလုံးတွေအလား ဝိုင်းစက်ပြီး တလက်လက်တောက်ပြောင်နေကြသည်ကို တင်မောင်ဆွေက သတိပြုလိုက်မိသည်။

'ကျွန်တော် ဘယ်သူဆိုတာ ခင်ဗျားသိပြီးပြီလား ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်က တိကျပြတ်သားသော အသံဖြင့် မေးလိုက်သည်။ တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်လိုက်သည်။

'ခင်ဗျားနာမည် ဦးထွန်းညွန့်ဆိုတာရယ်၊ ပြီးတော့ ခင်ဗျားဟာ ဦးဘငြိမ်းတို့နဲ့ အဆက်အသွယ် မကင်းဘူးဆိုတာရယ်ကိုပဲ ကျွန်တော် သိထားရပါသေးတယ်'

ဦးထွန်းညွန့်က သူ့တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲသို့ လက်တစ်ဖက်နှိုက်လိုက်ကာ သားရေအိတ် ပြားပြားကလေးတစ်ခုကို ထုတ်ယူလိုက်သည်။ တစ်ဖန် ထိုသားရေအိတ်ကိုဖွင့်လျက် အတွင်းမှ ကတ်ပြားကလေးတစ်ချပ်ကို ထုတ်ယူပြန်ပြီး တင်မောင်ဆွေအား လှမ်းပေးလိုက်သည်။

တင်မောင်ဆွေက ထိုကတ်ပြားကလေးကို ဖတ်ကြည့်လိုက်ရာ ဦးထွန်းညွန့်သည် နိုင်ငံခြားရေးဌာနမှ အရာရှိကြီးတစ်ဦးဖြစ်သည်ကို သိလိုက်ရ၏။

'ကျွန်တော်က ဖောရိန်းအင်တယ်လီဂျင့်စ် (နိုင်ငံခြားသတင်းထောက်လှမ်းမှု)ကို ကိုင်ရပါတယ် ကိုတင်မောင်ဆွေ၊ ဒီတော့ ဦးဘငြိမ်းတို့နဲ့ အဆက်အသွယ်က ရှိနေပါတယ်'

ဦးထွန်းညွန့်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဆက်ပြန်သည်။





'ခင်ဗျားအကြောင်းကို ကျွန်တော် ဦးဘငြိမ်းဆီက တော်တော်ပဲ စုံစုံလင်လင် သိခဲ့ရပါတယ်၊ ခင်ဗျားဟာ ယုံကြည်စိတ်ချအားကိုးနိုင်တဲ့ လူတစ်ယောက်ဖြစ်ကြောင်းကိုလည်း သိခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော် ခင်ဗျားဆီကို လာခဲ့ရတာပဲ'

'ဟုတ်ကဲ့… လာခဲ့ရတဲ့အကြောင်းကိုလည်း ပြောပါဦးလေ'

ဦးထွန်းညွန့်က ကိုယ်ကို မသိမသာ ရှေ့သို့ကိုင်းကာ တင်မောင်ဆွေ၏မျက်နှာကို သူ၏ ဖန်ဂေါ်လီမျက်လုံးများဖြင့် စူးစိုက်ကြည့်ရှုလိုက်သည်။

'ကျွန်တော် ခင်ဗျားဆီကို လာခဲ့ရတဲ့ အကြောင်းကတော့ မနေ့ညက ဆေးရုံကြီးမှာ သေနတ်ပစ်ခံရတဲ့ ဒဏ်ရာနဲ့ သေသွားခဲ့တဲ့ ချစ်လှဆိုတဲ့လူနဲ့ ပတ်သက်လို့ပါပဲ ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက မျက်ခုံးတစ်ဖက် မသိမသာ ပင့်လိုက်သည်။

'ဟုတ်လား၊ အဲဒါ ဘာဖြစ်သလဲ ဦးထွန်းညွန့်'

'ချစ်လှဟာ သေနတ်ဒဏ်ရာနဲ့ ဆေးရုံကြီးကို ရောက်လာကတည်းက ခင်ဗျားကိုပဲ တဖွဖွ မေးခဲ့တယ်လို့ ကျွန်တော် သိခဲ့ရတယ်၊ သူ မသေမီ ခင်ဗျားကိုပြောသွားစရာ စကားတွေ ရှိနေခဲ့တယ်၊ အဲဒါ သူက ခင်ဗျားကို ဘာတွေပြောသွားတယ်ဆိုတာ ကျွန်တော် သိချင်တယ် ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်လိုက်၏။

'အင်း… ဒါကိုသိချင်တဲ့လူကတော့ ခင်ဗျားတစ်ယောက်တင် မကဘူး ဦးထွန်းညွန့်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကို တခြား ဘယ်သူတွေက သိချင် သိချင် ကျုပ်ကတော့ သိရမှကိုဖြစ်မယ်'

ဦးထွန်းညွန့်က တင်မောင်ဆွေ၏မျက်နှာကို စူးစိုက်ကြည့်ရှုကာ တိကျပြတ်သားသော အသံဖြင့် ပြောလိုက်ပြန်၏။

'ခင်ဗျားက ဘာကြောင့် သိရမယ်ဆိုတာကိုတော့ ကျွန်တော် သိပါရစေဦးလား ဦးထွန်းညွန့်'

ဦးထွန်းညွန့်၏နှုတ်ခမ်းများသည် တင်းကျပ်စွာ စေ့သွားကြသည်။ သူ့မျက်နှာကလည်း အမူအရာ ပကတိ ကင်းစင်သွားလေသည်။ ၎င်း၏ ဖန်ဂေါ်လီမျက်လုံးများကသာ တင်မောင်ဆွေ့ မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်ကြသည်။

'ဘာကြောင့်ဆိုတာ ကျုပ်က ပြောမပြနိုင်ဘူး ဆိုရင်ကောဗျာ'

တင်မောင်ဆွေက သူ့ပခုံးများကို တွန့်လိုက်ပြန်သည်။

'ကျွန်တော်က လူတစ်မျိုးပဲ ဦးထွန်းညွန့်၊ အလုပ်တစ်ခုခုလုပ်တဲ့အခါမှာ ဘာကြောင့်ဆိုတာ မသိရရင် မလုပ်တတ်ဘူးဗျ'

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စူးစိုက် ကြည့်ရှုနေလိုက်ကြသည်။ ပြီးမှ ဦးထွန်းညွန့်က သက်ပြင်းတစ်ချက် ချလိုက်၏။

'ညက သေသွားတဲ့ ချစ်လှဆိုတဲ့လူဟာ ကျုပ်ရဲ့ လူတစ်ယောက်ပဲ'

တင်မောင်ဆွေက မည်သို့မျှ ပြန်မဖြေဘဲ ဦးထွန်းညွန့်၏ မျက်နှာကိုသာ စူးစိုက်ကြည့်ရှုနေလိုက်၏။ သူက သာမန် ပင်လယ်ကူးသင်္ဘောသားတစ်ယောက်မျှသာဟု ထင်မှတ်ခဲ့သော ချစ်လှသည်





သခုတော့ နိုင်ငံခြားရေးဌာနမှ နိုင်ငံခြားသတင်းထောက်လှမ်းရေးတာဝန်ခံတစ်ဦး၏ လူတစ်ယောက် ဖြစ်နေလေသည်။ တကယ်တော့ ပြန်စဉ်းစားကြည့်လိုက်လျှင်လည်း အံ့သြစရာတော့ သိပ်မရှိပေ။ ချစ်လှသည် သေဆုံးခဲ့ပြီဟု သူတို့ ထင်ခဲ့သော ဓီဓိအကြောင်းကို သိနေခဲ့ပြီး မသေမီကလေး၌ သူ့အား ဆက်သွယ်ခဲ့ခြင်းကိုကပင် ၎င်းမှာ ထူးခြားသည့် လူတစ်ယောက်ဖြစ်ရမည်ဟု ဖော်ပြနေခဲ့ခြင်း ဟုတ်ပါလား။

ဦးထွန်းညွန့်၏မျက်နှာသည် မသိမသာ လှုပ်ရှားသွားလေ၏။ လေးနက်ပြင်းထန်သော ခံစားရချက်တစ်ရပ်ကို ကြိုးစား၍ ချုပ်တီးလိုက်ရသော အမူအရာမျိုးပင် ဖြစ်၏။

သို့ရာတွင် ဦးထွန်းညွန့်သည် ပကတိ တည်ငြိမ်သောအသံဖြင့်ပင် စကားဆက်ပြောပြန်သည်။

'တကယ်တော့ ချစ်လှဆိုတဲ့ လူဟာ ကျွန်တော့်ရဲ့သား ဘသည့်တစ်ယောက်ပါပဲဗျာ၊ ဆွေမျိုးနီးစပ်လည်း တော်ပါတယ်၊ သူ့ကို ကျုပ်လက်အောက်မှာ အမှုထမ်းဖို့ ကျုပ်ကိုယ်တိုင်ပဲ ကိုယ်ဖိရင်ဖိ လေ့ကျင့်သင်ကြားပေးခဲ့တာပဲ၊ ကျုပ်မှာ သားဆိုလို့ တစ်ယောက်မှ ရှိခဲ့ဘူး၊ သူ့ကိုပဲ ကျုပ်က ကျုပ်သားအရင်းတစ်ယောက်အဖြစ်နဲ့ ငယ်စဉ်ကတည်းက မွေးမြူစောင့်ရှောက်ခဲ့တယ်၊ သူ့ခမျာလည်း ကျုပ် ဖြစ်စေချင်တာကို ဖြစ်အောင် ကြိုးစားခဲ့ပါတယ်လေ၊ ခုတော့ သူ့ခမျာ အသတ်ခံခဲ့ရရှာပြီ'

ဦးထွန်းညွန့်သည် စကားကို ခေတ္တရပ်ထားပြီး တံတွေးကို မြိုချလိုက်၏။ တကယ်တော့ သူသည် ရင်ထဲမှတက်လာသော အလုံးကြီးကို မြိုချလိုက်ခြင်းဖြစ်သည်ကို တင်မောင်ဆွေက [illegible]လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ဦးထွန်းညွန့်သည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးနှစ်ဖက်ကို ငုံ့ကြည့်လိုက်ပြီးမှ စကားဆက်ပြန်သည်။

'ဒီတော့ကာ သူ့ကို ဘယ်သူသတ်တယ်ဆိုတာကို ကျုပ်သိချင်တယ်၊ ဒါဟာ ကျုပ်ရဲ့ ကိစ္စသက်သက်တစ်ခုပဲ၊ သူ့ကို သတ်သွားတဲ့လူကိုဖမ်းမိဖို့ ကျုပ် ဘာပဲလုပ်ရလုပ်ရ လုပ်ဖို့ အဆင်သင့်ရှိနေပါတယ်၊ ဒီကောင်ကို ဖမ်းမိရေးအတွက် ကျုပ်ကို ဘာအကြောင်းအရာ ဘယ်သူကမှ မတားဆီးနိုင်ပါဘူး၊ ကျုပ်ပြောတာကို နားလည်ရဲ့လား ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်က မျက်မှန်ကို ဖြုတ်လျက် လက်ကိုင်ပဝါနှင့် သုတ်ရင်းက တင်မောင်ဆွေ့အား လှမ်းကြည့်လိုက်၏။ တင်မောင်ဆွေကလည်း ဖြည်းလေးစွာ ဦးခေါင်းညိတ်လိုက်သည်။

ဦးထွန်းညွန့်၏စိတ်ထဲ၌ မည်သို့ ခံစားနေရမည်ကို သူသည် ကိုယ်ချင်းစာလျက် နားလည်မိ၏။ ပျောက်ဆုံးနေသော ဓီဓီအား အချိန်မီ ပြန်လည်တွေ့ရှိရန်အတွက် သူက ဘာမဆိုလုပ်ရန် အဆင်သင့်ရှိနေသည့်နည်းတူ ဦးထွန်းညွန့်ကလည်း သူ့သားလိုချစ်သော ချစ်လှအား သတ်သွားသည့်လူအား ဖော်ထုတ်မိရေးအတွက် ဘာမဆိုလုပ်မည့်သူတစ်ဦးပင် ဖြစ်နေလေ၏။ ထို့ကြောင့် ဤကိစ္စတွင် သူတို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်ခြင်းသည် အင်မတန်မှ သဘာဝကျပေမည်ဟု တင်မောင်ဆွေက ဆုံးဖြတ်လိုက်မိလေ၏။

'ဟုတ်ကဲ့ ဦးထွန်းညွန့်၊ ကျွန်တော် သဘောပေါက်ပါတယ်'

ဦးထွန်းညွန့်သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ဖြည်းလေးစွာ မှုတ်ထုတ်လိုက်၏။

'ခင်ဗျား သေချာ သဘောပေါက်တယ်နော်'





'ဟုတ်ကဲ့၊ ခင်ဗျားဟာ ချစ်လှကိုသတ်သွားတဲ့ လူကို ဖော်ထုတ်ဖို့အရေးမှာ ဘာမဆိုလုပ်ဖို့ အဆင်သင့်ရှိနေတယ်ဆိုတာ ဆိုတော့ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ဆီကို ဘာကြောင့်လာတယ်ဆိုတာကိုတော့ ကျွန်တော် ရှင်းရှင်းလင်းလင်း နားမလည်ရသေးပါဘူး'

ဦးထွန်းညွန့်သည် မျက်မှန်ကို ပြန်တပ်လိုက်ပြီး တင်မောင်ဆွေ့မျက်လုံးများထဲသို့ စူးစိုက်ကြည့်ရှုလိုက်၏။

'ချစ်လှဟာ မသေမီမှာ ခင်ဗျားကို အရေးတကြီးခေါ်ပြီး စကားတွေ ပြောသွားခဲ့တယ်၊ အဲဒီလို ပြောသွားတဲ့အထဲမှာ သူ့ကို ဘယ်သူက သတ်ခဲ့တယ်ဆိုတာကိုလည်း ခင်ဗျားကို အသိပေးသွားလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်၊ ဒါကြောင့် အဲဒါကို ခင်ဗျားဆီက သိရအောင် ကျုပ် လာခဲ့တာပဲ'

တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေသေးဘဲ စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိလိုက်၏။ အမှန်တော့ သူသည် ဦးထွန်းညွန့်အား ပြန်ဖြေရမည့်စကားတွေကို ဦးခေါင်းအတွင်း၌ အချိန်ယူလျက် စိစစ်ရွေးချယ်နေခြင်း ဖြစ်ပေ၏။

စီးကရက်ကို တစ်ချက်နှစ်ချက်မျှ အားရပါးရ ရှိုက်ဖွာလိုက်ပြီးသည့်အခါတွင်မှ တင်မောင်ဆွေက ဦးထွန်းညွန့်အား မော့ကြည့်လိုက်၏။

'ဒီမှာ ဦးထွန်းညွန့်၊ ခင်ဗျားကို ကျွန်တော် ရှင်းရှင်းပဲပြောမယ်၊ ညက ကိုချစ်လှဟာ သူ့ကို ဘယ်သူက သတ်သွားတယ်ဆိုတာ ကျွန်တော့် ပြောတော့ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ဘယ်သူဘယ်ဝါရယ်လို့ အတိအကျ သိရအောင်တော့ ပြောသွားခဲ့တာ မဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းညွန့်က မျက်မှောင် မသိမသာ ကုတ်လိုက်၏။

'ခင်ဗျားပြောတာ မရှင်းပါဘူး ကိုတင်မောင်ဆွေ'

တင်မောင်ဆွေကလည်း သူ့ပခုံးများကို မသိမသာ တွန့်လိုက်သည်။

'အမှန်ကိုပြောရရင် ကျွန်တော်ကိုယ်တိုင်လည်း စိတ်ထဲမှာ မရှင်း မရှင်း ဖြစ်နေပါသေးတယ် ဦးထွန်းညွန့်၊ ဒီတော့ကာ ခင်ဗျားကို ကျွန်တော် တစ်ခု တောင်းပန်ချင်ပါတယ်'

'ဘာများလဲ ကိုတင်မောင်ဆွေ'

'ညက ချစ်လှပြောသွားတဲ့လူဟာ ဘယ်သူဘယ်ဝါရယ် ဆိုတာကို သိရဖို့ ကျွန်တော့်အနေနဲ့ နောက်ထပ်ပြီး ခြေရာခံလိုက်ဖို့ လိုပါသေးတယ်၊ အဲဒီလို ခြေရာခံလိုက်နိုင်ဖို့ကိုလည်း ကိုချစ်လှက ကျွန်တော့်ကို သဲလွန်စ ပေးသွားခဲ့ပါတယ်'

ဦးထွန်းညွန့်၏ မျက်လုံးများသည် မျက်မှန်ထူကြီးတွေ နောက်မှ တလက်လက်တောက်ပလာကြ၏။

'ဟုတ်ပြီ၊ အဲဒီ သဲလွန်စကကော ဘာများလဲဗျာ'

'ဝမ်းနည်းပါတယ် ဦးထွန်းညွန့်၊ ဒီသဲလွန်စကို ကျွန်တော် တစ်ယောက်တည်းလိုက်ဖို့ ကိုချစ်လှက အသေအချာ မှာသွားခဲ့ပါ တယ်၊ နို့မဟုတ်ရင် ဒီသဲလွန်စဟာ ပျောက်သွားနိုင်ပါတယ်'

ဦးထွန်းညွန့်သည် သူ့မေးစေ့ကို လက်နှင့်ပွတ်လျက် တင် မောင်ဆွေအား အကဲခတ်သည့် အနေမျိုးဖြင့် ခေတ္တမျှကြည့်နေလိုက် ၏။

'ကဲ… အဲဒီတော့ ခင်ဗျားက ဘယ်လိုလုပ်ချင်လဲ ကိုတင် မောင်ဆွေ'





'ဒီသဲလွန်စနောက်ကိုလိုက်ဖို့ ကျွန်တော့်ကို အချိန်ပေးစေ ချင်တာပါပဲ'

'အချိန် ဘယ်လောက်ပေးရမှာလဲ'

'နှစ်ဆယ့်လေးနာရီပေါ့ ဦးထွန်းညွန့်'

ဦးထွန်းညွန့်က ချက်ချင်းပင် ဆုံးဖြတ်လိုက်သည့်အလား ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

'ကောင်းပြီ ကိုတင်မောင်ဆွေ၊ ခင်ဗျားတောင်းတဲ့ အချိန်ကို ဘျူပ်ပေးပါ့မယ်၊ အဲဒီအချိန် စေ့သွားတဲ့နောက်မှာကော'

'ခင်ဗျားကို ကျွန်တော် ဆက်သွယ်ပါ့မယ် ဦးထွန်းညွန့်၊ ခင်ဗျားရဲ့ တယ်လီဖုန်းနံပါတ်ကိုသာ ပေးခဲ့ပါ'

ဦးထွန်းညွန့် ဘာမှမပြောတော့ဘဲ ထိုင်ရာမှ ထလိုက်လေ ၏။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

## ခုနစ် -

ဦးထွန်းညွန့် ပြန်သွားလျှင် တင်မောင်ဆွေကလည်း မေစီဆီသို့ ဖုန်းဆက်ကြည့်လိုက်သည်။ အချိန်ကား မွန်းတည့် ဆယ့်နှစ်နာရီကျော်နေပြီ ဖြစ်၏။ မေစီက အဆင်သင့်စောင့်နေကြောင်း ပြန်ဖြေလျှင် မိမိ ယခုပင် လာခေါ်မည်ဖြစ်ကြောင်း မှာကြားပြီး တင်မောင်ဆွေက တိုက်ပေါ်မှ ဆင်းခဲ့လေသည်။

မေစီ၏တိုက်ခန်းသို့ရောက်လျှင် တင်မောင်ဆွေက အခြေအနေကို အကျဉ်းရုံးလျက် ပြောပြလိုက်သည်။ ဇီဇီတစ်ယောက် အသက်ရှင်လျက်ရှိနေသေးကြောင်း သိရသည့်အခါတွင် မေစီမှာလည်း အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရှာ၏။

ဇီဇီနှင့်ပတ်သက်၍ ဂျင်မီခမျာ ဘယ်လောက်များ စိတ်ဝေဒနာ ခံစားနေရကြောင်းကို မေစီကလည်း သိထားပြီး ဖြစ်နေ၏။ သို့ရာတွင် ဇီဇီတစ်ယောက် လောကကြီး၌ အသက်ရှင်နေသေးသည့်အကြောင်းကို အခုလိုအခြေအနေမျိုး၌ ဂျင်မီအား အသိပေးသင့်၊





မပေးသင့်ကိုတော့ သူမက မဆုံးဖြတ်တတ်ဘဲ ရှိနေသည်။

'ကဲပါလေ၊ အခု ကိုယ်တို့ ဆရာဝန်ဆီသွားပြီး ဂျင်မီရဲ့ အခြေအနေကို မေးကြည့်ကြတာပေါ့၊ သူ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာအပေါ်မှာ မူတည်ပြီး ဇီဇီအကြောင်း သူ့ကို အသိပေးသင့်၊ မပေးသင့်ဆိုတာ ဆုံးဖြတ်ကြတာပေါ့ အစီရာ'

သို့နှင့်ပင် သူတို့နှစ်ယောက်က မြရတနာဆေးရုံသို့ ထွက်လာခဲ့ကြသည်။ ဆေးရုံသို့ ရောက်လျှင်ရောက်ချင်း သူတို့နှစ်ယောက်က ဂျင်မီ၏ဆရာဝန်ကို ဝင်တွေ့ကြသည်။

ဆရာဝန်က သူတို့အား လက်ခံတွေ့ဆုံသော အမူအရာမှာ တည်ကြည်လေးနက်လျက် ရှိနေသည်ကို တွေ့ရသော တင်မောင်ဆွေမှာ ရင်ထဲတွင် လေးသွားမိသည်။

'ကဲ… ဘယ်လိုလဲ ဒေါက်တာ၊ ဂျင်မီ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် သိပါရစေလား'

ဆရာဝန်က ရုတ်တရက် ပြန်၍မဖြေ။ သူ့စားပွဲ အံဆွဲကိုဖွင့်ကာ အတွင်းမှ အိပ်စ်ရေးဖလင်ကော်ပြားနှစ်ချပ်ကို ထုတ်ယူပြီး သိမသာ မျက်မှောင်ကြုတ်လျက် ကြည့်နေလိုက်၏။

'ဆောရီးပဲ ကိုတင်မောင်ဆွေ၊ ခင်ဗျားမိတ်ဆွေရဲ့ အခြေအနေက ဆီးရီးယပ်စ် ဖြစ်နေတယ်ဗျ'

ဂျင်မီ၏အခြေအနေ အတော်ဆိုးနေသည်ဟု ကြားလိုက်ရသည့်အတွက် မေစီမှာ မျက်နှာကလေး ငယ်သွားရှာတော့သည်။ တင်မောင်ဆွေကိုယ်တိုင်မှာလည်း စိုးရိမ်မှုအလုံးကြီးကို ရင်ထဲတွင် ပိုက်ခနဲနေအောင် ခံစားလိုက်ရ၏။

'ဆီးရီးယပ်စ်ဖြစ်တယ်ဆိုတာ ဘယ်လိုလဲ ဒေါက်တာ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် မျှော်လင့်ချက်…'

တင်မောင်ဆွေ၏ စကားမဆုံးခင် ဆရာဝန်က လက်တစ်ဖက် ထောင်ပြလိုက်သည်။

'သူ့အတွက် မျှော်လင့်ချက် မရှိတော့ဘူးရယ်လို့ ကျွန်တော်က မဆိုပါဘူး ကိုတင်မောင်ဆွေ၊ ဒါပေမဲ့ ခင်ဗျားမိတ်ဆွေ အကောင်းပကတိ ပြန်ဖြစ်လာဖို့ကတော့ ကျွန်တော်တို့ အတော်ကြီး အချိန်ယူကုရလိမ့်မယ်၊ ပြီးတော့ သူ့အပေါ်မှာလည်း အများကြီးတည်နေပါတယ်၊ သူဟာ အခုတစ်လော အရက်ကို အဆင်အခြင်မရှိ အရမ်းကာရော သောက်ခဲ့တာကလား'

ဆရာဝန်က စကားရပ်ကာ ဓာတ်မှန်ရိုက်ထားသော ဖလင်ကော်ပြားတစ်ချပ်ကို ထောင်လျက် တင်မောင်ဆွေ့အား ကော်ပြားတစ်နေရာတွင် ခဲတံဖြင့် ထောက်ပြလိုက်၏။

'ဟောဒါက သူ့အဆုတ်ကို ဓာတ်မှန်ရိုက်ထားတဲ့ ပုံပဲဗျ၊ ဟောဒီလက်ဝဲဘက် အဆုတ်ပေါ်မှာ အစက်ကလေးတွေ တွေ့တယ်မဟုတ်လား၊ အဲဒါဟာ တီဘီ (အဆုတ်နာ)ရောဂါကို အစပြုနေတဲ့ လက္ခဏာပဲ'

တင်မောင်ဆွေက လည်ချောင်းထဲသို့ ဆို့တက်လာသော အလုံးကြီးကို မျိုချလိုက်ရပြန်သည်။ ဂျင်မီလို သန်မာတောင့်တင်းလှသော လူတစ်ယောက်တွင် အဆုတ်နာရောဂါ စတင်သော အရိပ်လက္ခဏာများ ရှိနေသည်ဆိုခြင်းမှာ ယုံနိုင်ဖွယ်ရာပင် မရှိ။

ဆရာဝန်က နောက်ထပ်၍ ဓာတ်မှန်ဖလင်ကော်ပြားတစ်ချပ်ကို ကောက်ယူပြန်ကာ စကားဆက်ပြန်သည်။

'ဒီ ဆင်ပတန် (ရောဂါလက္ခဏာ) တစ်ခုတည်းဆိုရင်တော့







ဒါလောက် အရေးမကြီးပါဘူး၊ ဒါပေမဲ့ ခင်ဗျားမိတ်ဆွေမှာက ဒီရောဂါတစ်ခုတည်း မဟုတ်သေးဘူးဗျ၊ အစာအိမ်ရောဂါလည်း ရှိစပြုနေပြီ၊ ဒါကြောင့် သူ ညက သွေးအန်တာပဲ၊ အရက်ဒဏ်ကြောင့် သူ့အစာအိမ် အမြှေးပါးကလေးတွေက ရောင်နေကြပြီလေ၊ ဒီအတိုင်းဆက်သွားရင် မကြာခင် အာလ်ဆာ (အစာအိမ်အနာ) ဖြစ်တော့မယ်'

တင်မောင်ဆွေ့ မျက်နှာမှာ မသိမသာ ရှုံ့မဲ့သွားသည်။ ဆရာဝန်ပြောသမျှ စကားများသည် သူ့အတွက် သူ့အား စွပ်စွဲချက်များလို ဖြစ်နေရပေ၏။

မေစီ သူ့မျက်နှာကိုကြည့်ကာ သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ဆရာဝန်ကတော့ ပြောစရာစကား မကုန်သေး။

'ဒါတင် မကသေးဘူး ကိုတင်မောင်ဆွေ၊ သူ့လစ်ဗာ (အသည်း)ကလည်း အခြေအနေ သိပ်မကောင်းလှဘူးဗျ၊ ရောင်စပြုနေပြီ၊ အရက်ဒဏ်တွေပဲပေါ့ဗျာ ကျွန်တော်တော့ သူ့ကို အတော်အံ့သြမိတယ်၊ တခြားလူတစ်ယောက်သာ သူ့လိုအခြေအနေမျိုးဆိုရင် လဲတာ ကြာလှပြီပေါ့ဗျာ'

တင်မောင်ဆွေက ချွေးတွေဖြင့် စေးကပ်လာသော သူ့လက်ခါးနှစ်ဖက်ကို ပွတ်လိုက်ရာက ဆရာဝန်က ကြည့်လိုက်သည်။

'အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ဒေါက်တာ'

ဆရာဝန်က သူ့ပခုံးနှစ်ဖက်ကို မသိမသာ ပင့်လိုက်သည်။

'ဒီရောဂါတွေကို အမြန်ဆုံးပြန်ကုပေးရမှာပေါ့ ကိုတင်မောင်ဆွေ၊ သူ့အတွက် ကံကောင်းတာက ဒီရောဂါတွေ သိပ်ရင့်သွားမှီ ကုသနိုင်တဲ့အခွင့်အရေးကို ရခဲ့တာပဲ၊ ဒီတော့ သူ့ကို အနည်းဆုံး ဆေးရုံမှာ တစ်လလောက်ထားပြီး ဒီရောဂါတွေကို ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ကြပ်မတ်မတ် ကုပေးရလိမ့်မယ်၊ အဲသလို ကုသနေတဲ့အတွင်းမှာ သူဟာ လုံးလုံးလျားလျား အနားယူပြီး ပြန်အားမွေးရလိမ့်မယ်၊ ဒီလို ဆိုရင်တော့ သူဟာ ပြန်ကောင်းလာနိုင်ပါတယ်'

တင်မောင်ဆွေနှင့် မေစီက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ ဤအတိုင်းဆိုပါက ဇီဇီ့အကြောင်း ဂျင်မီ့အား အသိပေး၍ ဖြစ်ပါတော့မည်လား။

ဇီဇီတစ်ယောက် ဤလောကကြီးတွင် အသက်ရှင်လျက် ရှိနေသေးကြောင်း ဂျင်မီသာ သိရပါက ၎င်းသည် ဘယ်နည်းနှင့်မျှ ဆေးရုံမှုခုတင်ပေါ်တွင် အငြိမ်လှဲနေမည် မဟုတ်ပါချေ။ သူ့အခြေအနေ ဘယ်လိုရှိနေနေ ဇီဇီ ရှိနေမည့်နေရာကို အရရှာဖွေလျက် အရလိုက်သွားမည်မှာ သေချာလှသည်ကို တင်မောင်ဆွေကော မေစီကပါ သိနားလည်ထားလိုက်မိလေသည်။

'ဒါပေမဲ့ တစ်ခုတော့ ရှိသေးတယ် ကိုတင်မောင်ဆွေ'ဟု ဆရာဝန်က လေးနက်သော အမူအရာဖြင့် စကားဆက်လိုက်ပြန်သည်။

'ကျွန်တော်တို့က ဘယ်လောက်ပဲ ဂရုစိုက်ကုကု သူကိုယ်တိုင်ကလည်း သူ့ရောဂါပျောက်ကင်းလိုတဲ့ဆန္ဒက အစစ်အမှန်ရှိနေဖို့ လိုသေးတယ်ဗျ၊ ကျွန်တော် သူ့ကို အကဲခတ်ကြည့်ရတာကတော့ သူဟာ သူ့ကိုယ်သူ ဘယ်လိုမှ ဂရုမစိုက်တော့အောင် အင်ဒက်စပရိတ်ပဲ၊ စိတ်အကြီးအကျယ်ပျက်နေတာ တွေ့ရတယ်'

တင်မောင်ဆွေနှင့် မေစီတို့က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြပြန်သည်။ ဂျင်မီသည် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ဂရုမစိုက်တော့အောင် အဘယ်ကြောင့် စိတ်ပျက်နေသည်





ကို သူတို့က သိထားကြရသည်။ အခြားမဟုတ်၊ ဇီဇီပင် ဖြစ်၏။ သူချစ်သော ဇီဇီသည် ဤလောကထဲတွင်မရှိကော့ဟု သူက ယူဆထားနေသည် မဟုတ်ပါလော။ အကယ်၍များ ဇီဇီတစ်ယောက်သည် ယခုထက်တိုင် လောကကြီးတွင် အသက်ရှင်လျက် ရှိနေသေးသည်ဟု ဂျင်မီ သိရပါက-

တင်မောင်ဆွေက တဒင်္ဂအတွင်းမှာပင် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်တော့သည်။

'ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကဲ... အခု ကျွန်တော် ဂျင်မီကို သွားတွေ့စကားပြောနိုင်ပြီလား ခင်ဗျာ'

'အင်း... သွားတွေ့နိုင်ပါတယ်၊ ဒါပေမဲ့ ကြာကြာကြီးတော့ စကားမပြောစေချင်သေးဘူးဗျာ၊ သူက တော်တော် အားနည်းနေတာဗျ၊ အလွန်ဆုံး ဆယ့်ငါးမိနစ်ပဲ ခွင့်ပြုနိုင်မယ်'

'စိတ်ချပါ ဒေါက်တာ၊ ကျွန်တော် ဆယ့်ငါးမိနစ်ထက် ပိုမကြာစေရပါဘူး၊ ကဲ... အစီ... လာ၊ ကိုယ်တို့ ဂျင်မီ့ဆီ သွားကြရအောင်'

ဂျင်မီသည် အိပ်ရာမှနိုးနေပြီဖြစ်သည်ကို သူတို့ တွေ့ကြသည်။ သူ့ဘေးတွင်တော့ သူ့တူ တော်မီက စွပ်ပြုတ်တစ်ပန်းကန်ကိုကိုင်ကာ သူ့အား ချော့တိုက်နေသည်။

ဂျင်မီက တင်မောင်ဆွေတို့အား လက်တစ်ဖက် အားနည်းစွာ မြှောက်ပြလျက် နှုတ်ဆက်လိုက်သည်။

'ဟော... ကယ်တင်ရှင်ကြီး ကိုတင်မောင်ဆွေ ရောက်လာပြီ၊ အစီပါ ပါသကိုး၊ ခင်ဗျားလာတာ အတော်ပဲ ကိုဆွေ၊ ကျွန်တော့်ကို ဒီဆေးရုံပေါ်က အမြန်ဆုံးခေါ်သွားစမ်းဗျာ၊ သူတို့က ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော့်ကို ဆေးရုံက မဆင်းရဘူးတဲ့လေ'

ဂျင်မီက လက်တစ်ဖက်ကို အားနည်းစွာမြှောက်ပြရာက ရှင်ရှင်ပျပျ အမူအရာဖြင့် ဆီးပြောလိုက်သည်။ တင်မောင်ဆွေနှင့် မေစီတို့က ခုတင်ဘေးမှ ခုံရှည်ကလေးတွင် ဝင်ထိုင်လိုက်ကြပြီး တင်မောင်ဆွေက ဂျင်မီ၏ပုခုံးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

'မင်း… ဆေးရုံက အခုချက်ချင်း ဆင်းလို့ မဖြစ်သေးဘူး ဂျင်မီ'

ဂျင်မီက မျက်နှာကို မသိမသာ ရှုံ့လိုက်၏။

'ကိုဆွေကပါ လာပြန်ပြီလားဗျာ၊ ကဲ… ဒါ ထားလိုက်ပါဦး၊ ကျွန်တော့်ကို စီးကရက်တစ်လိပ် ပေးစမ်းပါ၊ တစ်လိပ် မလုပ်နဲ့လေ တစ်ဘူးလုံး ပေးထားခဲ့စမ်းပါ'

'ဆောရီး… ဂျင်မီ၊ မင်းအတွက် စီးကရက်လည်း မသောက်ရတော့ဘူး၊ အရက်ဆိုတာတော့ ဝေလာဝေးရော၊ ပြီးတော့ မင်း ဆေးရုံမှာ တစ်လလောက်တော့ အနည်းဆုံး နေရလိမ့်မယ်'

'ဟာဗျာ၊ လုပ်ရော့မယ်၊ ကျွန်တော်က ဘာဖြစ်လို့လဲဗျ၊ ညက အရက်ကလေး များသွားတာ တစ်ခုပဲဗျာ'

'မင်း အရက်များသွားတာက များလွန်းနေပြီ ဂျင်မီ၊ ညက သူတို့ မင်းကို အိပ်စရေးရိုက်ကြည့်တယ်၊ မင်း အခြေအနေက တော်တော်ဆိုးရိုးယပ်စ် ဖြစ်နေတယ်၊ တီဘီဆပ်စပက်ရယ်၊ အာလ်ဆာဖြစ်လုဆဲရယ်၊ အသည်းကလည်း ရောင်စပြုနေတယ်။ ဒီတော့ မင်း ဒီရောဂါတွေကို အခုက စ,မကုရင် အိပ်ရာထဲ ဗုန်းဗုန်းကြီးလဲသွားနိုင်တယ်၊ လဲသွားရင်လည်း မင်း ပြန်ထနိုင်တော့မှာ မဟုတ်ဘူးကွ'





တင်မောင်ဆွေက ဂျင်မီအား တည်ကြည်သော အမူအရာဖြင့် ကြည့်ရာက ၎င်းအား အခြေအနေအမှန်ကို ဖွင့်ပြောလိုက်သည်။ ထိုအခါမှ ဂျင်မီ၏မျက်နှာသည်လည်း တည်ကြည်သွားရာက ခေတ္တမျှ တိတ်ဆိတ်နေသည်။ ပြီးမှ နှုတ်ခမ်းများကို မဲ့ပြုံးကလေးဖြစ်အောင် တွန့်လိုက်ကာ တင်မောင်ဆွေအား မော့ကြည့်လိုက်၏။

'ကျွန်တော် ဗုန်းဗုန်းလဲပြီး ပြန်မထတော့လည်း ဘာဖြစ်သလဲဗျာ'

'အို…၊ ဂျင်မီကလည်း ဘယ်လိုပြောတာလဲကွယ်'

မေစီက စိတ်ထိခိုက်သွားသော အသံကလေးဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တာကို ပြောလိုက်တာပဲ အစီရယ်'

'ကိုယ့်မှာ ဒီလောကကြီးထဲမှာ ဆက်အသက်ရှင်နေစရာ အကြောင်းကကော ဘာရှိတော့လို့လဲ'

ဂျင်မီက နာကြည်းဆွေးမြည့်သော အသံဖြင့် ခပ်လေးလေးကြီး ပြန်ဖြေလိုက်သည်။

တင်မောင်ဆွေနှင့် မေစီတို့က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ ထို့နောက် တင်မောင်ဆွေက သူ့ ဆုံးဖြတ်ချက်အတိုင်း လိုက်နာလိုက်သည်။ သူက ဂျင်မီ၏ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ကာ ဂျင်မီ၏မျက်လုံးများထဲသို့ စူးစိုက်ကြည့်ရှုလိုက်၏။

'ဓိဇ္ဇီအတွက် ဆိုရင်ကော မင်းက လောကကြီးထဲမှာ ဆက်နေချင်ဘူးလား ဂျင်မီ'

ဓိဇ္ဇီဟူသော နာမည်ကို ကြားလိုက်ရသည့်အခါတွင် ဂျင်မီ



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်လုံးတွေက မသိမသာ ပြူးကျယ်လာကြသည်။

'ဇီဇီ့အတွက် ဟုတ်လား၊ ဒါပေမဲ့ ဇီဇီက...'

'ဂျင်မီ... မင်း စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်နော်၊ ဇီဇီ ဟာ အသက်ရှင်လျက်ပဲ ရှိနေသေးတယ်ဆိုတာကို ငါ ညက သိခဲ့ ရတယ် ဂျင်မီ'

ဂျင်မီသည် ဆယ်စက္ကန့်မျှတော့ တင်မောင်ဆွေ့အား ခပ် ကြောင်ကြောင်ကြီး ကြည့်နေလိုက်၏။ ပြီးမှ ပက်လက်လှဲနေရာမှ ငေါက်ခနဲ ထထိုင်လိုက်ကာ တင်မောင်ဆွေ ပခုံးနှစ်ဖက်ကို လက် နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

'ကိုဆွေ... တကယ်ပြောလိုက်တာနော်၊ ဇီဇီဟာ တကယ် ပဲ အသက်ရှင်နေတယ်လား'

'ဒီကိစ္စမျိုးမှာ ငါ မနောက်တတ်ပါဘူး ဂျင်မီ'

ဂျင်မီ၏မျက်နှာကြီး ဝင်းပသွားပုံမှာ တင်မောင်ဆွေအတွက် ရင်နှင့်စရာ ဖြစ်သွားရသည်။

'ဒီလိုဆိုရင်လည်း သူ ဘယ်မှာလဲ၊ သူ ဘာဖြစ်လို့ ကျွန် တော့်ဆီ မလာတာလဲ၊ နေပစေလေ။ သူ မလာရင် ကျွန်တော် သူ့ ဆီကို သွားရမှာပေါ့'

ဝမ်းသာအားရလှသော အသံကြီးဖြင့်ပြောရာက ဂျင်မီသည် ခုတင်ပေါ်မှ ဆင်းမည် ပြုလိုက်သည်။

တင်မောင်ဆွေက ဂျင်မီ၏ရင်ဘတ်ကို အသာတွန်းထား လိုက်ရ၏။

'နေဦး ဂျင်မီ၊ ကိုယ်ပြောတာကို နားထောင်ပါဦး'

တင်မောင်ဆွေက ညက သူ ချစ်လှနှင့်တွေ့ပြီး ချစ်လှထံ





မှ ကြားသိခဲ့ရသည်ကို အကျဉ်းရုံးလျက် ပြောပြလိုက်သည်။ ဤ တွင် ဂျင်မီမှာ ပို၍သာ ဆတ်ဆတ်ခါ ဖြစ်လာတော့သည်။

'ဒီလိုဆို ခင်ဗျား ဒီမှာ ဘာလို့ အချိန်ဖြုန်းနေတာလဲ ကိုဆွေ၊ ဇီဇီက ခင်ဗျားကို စောင့်နေတယ် မဟုတ်လား၊ သူ ရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်ကြီးကနေ ခင်ဗျား လာကယ်ဖို့ကို အားကိုးတကြီးနဲ့ စောင့်နေတယ် မဟုတ်လား၊ ခင်ဗျား ဘာကြောင့် သူ့ဆီ ချက်ချင်း မသွားတာလဲ၊ လာ... အခု ခင်ဗျားနဲ့ ကျုပ် အတူတူ သွားမယ်၊ သူ့ကိုတွေ့အောင်ရှာမယ်၊ ဒီ နဂါးဆိုတဲ့အကောင်ကို အသေဖြောင် သည့်မယ်'

'ဂျင်မီ... ဂျင်မီ.. စိတ်ဇောမကြီးစမ်းပါနဲ့ကွာ၊ စိတ်ဇော အတိုင်း လျှောက်လုပ်လို့ ဖြစ်ပါ့မလား၊ ဒီကိစ္စက ခေါင်းအေးအေး ထားလုပ်ရမှာ၊ ဇီဇီ့ကို နဂါးဆိုတဲ့ လူသတ်ကောင်က လိုက်ရှာနေ တယ်ဆိုတာကိုသာ တို့က သိထားရတာ၊ ဒီတော့ တို့ခြေလှမ်းကို အထူးသတိထားရလိမ့်မယ်၊ အရေးကြီးဆုံးက ဇီဇီ့ကို တို့ကပါ လိုက် နေတယ်ဆိုတာ ဒီနဂါးဆိုတဲ့အကောင် မသိရဖို့ပဲ၊ နို့မဟုတ်ရင် နဂါး က တို့ကနေတစ်ဆင့် ဇီဇီကို ခြေရာခံမိသွားနိုင်တယ်'

ထိုအခါမှ ဂျင်မီသည် ပြန်၍ ငြိမ်ကျသွားလေသည်။

'ဆောရီးပဲ ကိုဆွေ၊ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ခုန်သွားမိတယ်၊ ကိုဆွေလည်း စဉ်းစားကြည့်လေ၊ ဇီဇီကို သေပြီ ရယ်လို့ ကျွန်တော် ထင်ထားမိတယ်၊ အခုတော့ သူ ရှိနေသေး ကြောင်း ကျွန်တော် သိရတယ်၊ ဒါပေမဲ့ သူဟာ အသက်အန္တရာယ် ကို ရင်ဆိုင်နေရပြန်တယ်၊ ဒီအန္တရာယ်ကနေ ကယ်တင်နိုင်ဖို့ သူက ကိုဆွေ့ကို အားကိုးတကြီးနဲ့ စောင့်နေတယ်၊ ဒါပေမဲ့ သူ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ မသိရဘူး၊ အိုးဂေါ်ဒ်'

ဂျင်မီသည် ပြောရင်းက စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာ နှင့် လက်သီးတစ်ဖက်ကို လက်ဝါးထဲသို့ ဖြန်းခနဲနေအောင် ထိုးသွင် လိုက်၏။ ဂျင်မီ၏အသံမှာ ကျယ်လောင်သွားသဖြင့် အပြင်မှစောင့် ဟန်တူသော သူနာပြုဆရာမမှူးကြီးက အခန်းတွင်းသို့ ကပျာကယ ဝင်လာ၏။

'ကျေးဇူးပြုပြီး လူနာကို မနှောင့်ယှက်ကြပါနဲ့ရှင်၊ သူ့ အဖို့ အနားယူဖို့ သိပ်အရေးကြီးပါတယ်'

'ဝမ်းနည်းပါတယ် ဆရာမ၊ ကျွန်တော့်ကို နောက် နှစ်မိနစ်ပဲ အချိန်ပေးပါ၊ သူ့ကို ကျွန်တော် အရေးကြီးတဲ့ စကား ပြောစရာရှိလို့ပါ'

ဆရာမကြီးသည် ဂျင်မီအား အကဲခတ်ကြည့်ရှုပြီး နောက် မှ '၂-မိနစ်ပဲနော်' ဟုပြောကာ အခန်းထဲမှ ပြန်ထွက်သွားလေသည်

တင်မောင်ဆွေက ဂျင်မီ၏ပခုံးကို ဆုပ်ကိုင်ပြီး ၄င်း မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်ပြန်သည်။

'ကိုယ်ပြောတာကို နားထောင်စမ်း ဂျင်မီ၊ ဇီဇီအတွက် ငါ လုံးဝတာဝန်ယူတယ်၊ သူ ဘယ်နေရာမှာ ရှိနေနေ၊ သူ့ကို င တွေ့အောင်ရှာပြီး ဘေးမထိရန်မခ မင်းလက်ထဲကို ပြန်အပ်ဖို့ င ကတိပေးပါတယ်'

'နို့… ကျွန်တော်ကကော ကိုဆွေ၊ ဇီဇီမှာ သူ့အတွက် အသက်အန္တရာယ်ကို ရင်ဆိုင်နေရတဲ့အချိန်မှာ ကျွန်တော်ကတော့ ဒီဆေးရုံက ခုတင်ပေါ်မှာ အိပ်နေရမှာလား'

'ဟုတ်တယ် ဂျင်မီ၊ အခြေအနေကို မင်း လွှန်ဆန်လို့





ရဘူး၊ ကိုယ် ရှင်းရှင်းပဲပြောမယ် ဂျင်မီ၊ မင်းရဲ့ အခုအခြေအနေမှာ ဇီဇီကို လိုက်ရှာဖို့ကိစ္စအတွက် မင်းဟာ ငါ့ကို ဘယ်လိုမှ အကူအညီ ပေးနိုင်မှာ မဟုတ်ပါဘူး၊ အကူအညီ မပေးနိုင်တဲ့အပြင် အနှောင့် အယှက်တောင် ဖြစ်နေမှာပဲ၊ ဆောရီး ဂျင်မီ၊ ငါက အမှန်အတိုင်း ပြောလိုက်တာပဲ'

ဂျင်မီခမျာသည် ခေါင်းငိုက်စိုက် ကျသွားရှာ၏။

'ဂျင်မီ…'

မေစီက ညင်သာသောအသံဖြင့် ခေါ်လိုက်ရာက ပျော့ ပျောင်းနူးညံ့သော လက်ကလေးတစ်ဖက်ကို ဂျင်မီ၏ပခုံးပေါ်သို့ အသာအယာ တင်လိုက်သည်။

'ဂျင်မီ ဇီဇီကို ဘယ်လောက်ချစ်တယ်ဆိုတာ အစ်မ နားလည် ပါတယ်၊ ဒီတော့ ဂျင်မီ ဇီဇီကိုချစ်တယ်ဆိုရင် ကိုဆွေ့စကားကို ဂျင်မီ နားထောင်ဖို့ပဲ ရှိတယ်၊ ဂျင်မီ ကိုဆွေ့ကို မယုံကြည်ဘူးလား ဟင်၊ ကိုဆွေဟာ အလုပ်တာဝန်တစ်ခုကို ယူပြီဆိုရင် ဖြစ်မြောက် အောင်မြင်ရေးအတွက် တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ် တယ်ဆိုတာကို ဂျင်မီလည်း အသိပါပဲ၊ ဒီတော့ ဇီဇီ့ကိစ္စမှာ ကိုဆွေ့ ကိုယုံစမ်းပါ ဂျင်မီ၊ သူသာ အသက်အသေခံချင်ခံမယ်၊ ဂျင်မီရဲ့ ဇီဇီကိုတော့ ဘေးမထိရန်မခ ဂျင်မီရဲ့လက်ထဲကို အရောက်ပြန်ပို့ပေး မှာပါ ဂျင်မီရယ်'

မေစီ၏စကားအဆုံးတွင် ဂျင်မီ၏ မျက်လုံးများထဲ၌ ရွှဲတရက် မျက်ရည်များ ရစ်ဝဲလာ၏။

'ကိုယ် ကိုဆွေ့ကို ယုံပါတယ် အစ်မရယ်၊ ကိုဆွေ…'

ဂျင်မီက ပြောပြောဆိုဆို တင်မောင်ဆွေ့အား သူ့ညာလက်



www.burmeseclassic.com

www.burmeseclassic.com



ဝါးကို ထိုးပေးလိုက်သည်။ တင်မောင်ဆွေက ဂျင်မီ၏လက်ကို ဆွဲကိုင်ဆုပ်ယူဖျစ်ညှစ်လိုက်၏။

'ကိုယ် ကတိပေးပါတယ် ဂျင်မီရယ်'

※ ※ ※

## - ရှစ် -

မြရတနာဆေးရုံမှ တင်မောင်ဆွေ ဆင်းလာသည့်အခါတွင် ဆေးရုံအပေါက်ဝ၌ ရပ်စောင့်နေသော လူပိန်ပိန်ပါးပါးတစ်ယောက်က တင်မောင်ဆွေ့အပါးသို့ ချဉ်းကပ်လာ၏။

'ကိုတင်မောင်ဆွေ မဟုတ်လား ခင်ဗျာ'

တင်မောင်ဆွေက ထိုလူအား အကဲခတ် ကြည့်ရှုလိုက်သည်။ တာစီတိုက်ပုံအင်္ကျီ၊ ရှပ်အင်္ကျီအဖြူ၊ မီးပူတိုက်လုံချည်တို့ကို သပ်ရပ်စွာ ဝတ်စားထား၏။ ထိုလူ ဝတ်စားထားပုံကိုကြည့်ပြီး တင်မောင်ဆွေက ဦးထွန်းညွန့်အား ပြန်၍အမှတ်ရလိုက်မိ၏။

'ဟုတ်ပါတယ်၊ ကျွန်တော် တင်မောင်ဆွေပါပဲ၊ ခင်ဗျားက တော...'

'ကျွန်တော့်ကို ဦးထွန်းညွန့်က လွှတ်လိုက်တာပါ'

အဝတ်အစား သပ်ရပ်စွာ ဝတ်စားထားသူက ပြန်ပြောရင်းကပင် သုံ့တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲသို့ လက်နှိုက်လိုက်၏။ လက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာသည့်အခါတွင် စာအိတ်ရှည်ရှည်တစ်ခု ပါလာသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ ထိုအခါမှ တင်မောင်ဆွေက လည်း သူ့အပေါ်အင်္ကျီ ဘယ်ရင်ဘတ်အောက်ရှိ ပခုံးစလွယ်အိတ်ထဲမှ လူဂါသေနတ်ဒင်ပေါ်၌ ကိုင်ထားသော ညာလက်ကို အသာပြန်ရုတ် လိုက်သည်။

'ဦးထွန်းညွန့်က အပေးခိုင်းလိုက်လို့ပါ'

တင်မောင်ဆွေက စာအိတ်ကို လက်ခံလိုက်ပြီး သူ့အင်္ကျီ အိတ်ထဲသို့ ထိုးထည့်လိုက်သည်။ အဝတ်အစား သပ်သင်ရပ်ရပ် နှင့်လူက စကားဆက်လိုက်ပြန်၏။

'ပြီးတော့ ဦးထွန်းညွန့်က မှာလိုက်ပါသေးတယ်'

'ဟုတ်ကဲ့ … ဆိုပါဦး'

'ကိုတင်မောင်ဆွေ့အတွက် အချိန် နှစ်ဆယ့်လေးနာရီပဲ ပေးပါတယ်တဲ့'

တင်မောင်ဆွေက ထိုလူအား ပြုံး၍ကြည့်လိုက်၏။

'ဦးထွန်းညွန့်ကို ပြောလိုက်ပါ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်လို့'

အဝတ်အစားသပ်ရပ်သောလူက သူ့ခေါင်းကို တစ်ချက် ညွတ်လိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။

တင်မောင်ဆွေက သူ့အမ်ဂျီကားကလေးပေါ်သို့ ရောက် သည့်အခါ ၎င်းမှ ထိုလူပေးသွားသော စာအိတ်ကိုဖောက်၍ ကြည့် လိုက်၏။ စာအိတ်ထဲတွင် ငွေစက္ကူအထပ်လိုက်ကို သူက တွေ့လိုက် ရသည်။ ရေကြည့်သောအခါ ငွေတစ်ထောင်ကျပ်ဝဒ်တိ ဖြစ်နေ၏။ ငွေစက္ကူများနှင့်အတူ စာရွက်လေးတစ်ရွက်ကလည်း ပါလာသေး၏။





စာရွက်ပေါ်တွင် နှစ်ဆယ့်လေးနာရီဟုသာ ရေးထားလေသည်။

တင်မောင်ဆွေက ပြုံးလိုက်ပြီး စာအိတ်ကို သူ့အပေါ်အင်္ကျီ အတွင်းအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် သူ့အမ်ဂျီကားကလေး ကို စက်နှိုးလျက် မောင်းထွက်ခဲ့လေသည်။ မေစီကတော့ ဆေးရုံ၌ ပင် ဂျင်မီအားစောင့်လျက် ကျန်နေခဲ့သည်။

ထို့ကြောင့် တင်မောင်ဆွေသည် ဆူးလေဘုရားလမ်းထောင့် ရှိ စာနယ်ဇင်းစာအုပ်ဆိုင်သို့ သူ့ကားကို တိုက်ရိုက်မောင်းခဲ့သည်။ ထိုဆိုင်က အဘိုးကြီး '……'၏ဆိုင်ပင် ဖြစ်သည်။

တင်မောင်ဆွေက အဘိုးကြီး '……'၏ အင်မတန် ကန်သော ဖောက်သည်ဟောင်းတစ်ယောက် ဖြစ်ခဲ့သည်။ လစဉ် ထွက် စာနယ်ဇင်းမှန်သမျှကို သူသည် အဘိုးကြီးဆိုင်မှပင် မှန်မှန် ဝယ်ယူလေ့ ရှိခဲ့သည်။ အဘိုးကြီးကလည်း သူ ဘယ်သူဘယ်ဝါမှန်း သိနေ၏။ ထို့ကြောင့်ပင် အဘိုးကြီးက သူ့အား သူ့သားတစ်ယောက် လိုပင် ခင်မင်နေသည်။ တစ်ခါတစ်ရံတွင် အဘိုးကြီးသည် တင် မောင်ဆွေ၏အလုပ်ကိစ္စများ၌ ကြားလူတစ်ယောက်အဖြစ်နှင့် ဝင် ရောက်ကူညီ ဆောင်ရွက်ပေးတတ်လေသည်။

အဘိုးကြီးသည် နေပူမရှောင် မိုးရွာမရှောင် နေ့စဉ်နေ့တိုင်း သူ့ဆိုင်၌ အမြဲမပြတ်ထိုင်တတ်သည်ကို တင်မောင်ဆွေက သိထား ၏။ ထို့ကြောင့်ပင်လည်း တင်မောင်ဆွေက သူ့အလုပ်ကိစ္စများတွင် ကြားစရာ ချိန်းဆိုစရာ ရှိသည်များကို အဘိုးကြီးထံတွင်သာ ကြားချိန်းဆိုခြင်းများ ပြုလုပ်တတ်လေသည်။

သို့ရာတွင် ယခုတစ်လောတော့ သူ အဘိုးကြီးဆိုင်သို့ ရောက်သည်မှာ လေးငါးဆယ်ရက် ကြာသွားခဲ့ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလအတွက် စာအုပ်များကို သူက အဘိုးကြီးထံမှ မဝယ်ယူခဲ့ရသေးပေ။ တင်မောင်ဆွေသည် ကားကို အင်းဝတိုက်ရှေ့နားတွင် ရပ်ခဲ့ပြီး အဘိုးကြီးဆိုင်ရှိရာဘက်သို့ ခြေကျင်ပြန်လျှောက်ခဲ့လေသည်။ အဘိုးကြီး၏ဆိုင်မှာ အတွင်းဘက်၌ရှိရာ လမ်းပေါ်မှနေ၍ လှမ်းမမြင်ရနိုင်ပေ။

ဆိုင်ရှေ့သို့ ရောက်သွားသည့်အခါတွင်ကော့ ခါတိုင်းကလို ဆိုင်ပေါ်၌ထိုင်လျက်သား မတွေ့ရပေ။ အဘိုးကြီး၏ကိုယ်စား အခြားလူတစ်ယောက်က ထိုင်လျက်သား ရှိနေလေ၏။ ထိုလူကား ကြက်ဖိုးထွန်းပင် ဖြစ်၏။

ဖိုးထွန်း၏နာမည်ရှေ့တွင် ကြက်တစ်လုံး ပိုနေခြင်းမှာ ၎င်းသည် ကြက်သမားတစ်ယောက် ဖြစ်သောကြောင့်ပင်တည်း။ ဖိုးထွန်းသည် အလုပ်အကိုင်ပေါင်းများစွာကို လုပ်ကိုင်လျက်ရှိသော်လည်း သူ မှန်မှန် မပျက်မကွက် ပြုလုပ်သည့်အလုပ်ကား ကြက်တိုက်ခြင်းပင် ဖြစ်၏။ ကြက်တိုက်ရမည်ဆိုလျှင် သူသည် အားလုံးကို မေ့သွားတတ်လေသည်။ ထို့ကြောင့်ပင် သူ၏နာမည်ရှေ့၌ ကြက်ဟူသော ဝေါဟာရတစ်လုံးက တိုးလာရခြင်း ဖြစ်ပေ၏။

တင်မောင်ဆွေက ဆိုင်ရှေ့သို့ ရပ်လိုက်သည့်အခါတွင် ကြက်ဖိုးထွန်းသည် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ရှုလျက်ရှိ၏။ အမှန်က သူသည် သော်တာဆွေရေးသော ကြက်တိုက်ဝတ္ထုတွင် စိတ်ဝင်စားနစ်မြုပ်လျက်ရှိနေခြင်း ဖြစ်ပေသည်။

တင်မောင်ဆွေက ချောင်းတစ်ချက် ဟန့်လိုက်တော့မှ သူသည် လောကကြီးကို ပြန်လည်သတိရလာပြီး ခေါင်းကို ဆတ်ခနဲ မော့ကြည့်လိုက်၏။





'သြော်… အစ်ကိုဆွေပါလား'

'ဘယ့်နှယ်လဲ ဖိုးထွန်း၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ'

ကြက်ဖိုးထွန်းက လက်ထဲမှ မဂ္ဂဇင်းကို မချချင် ချချင် ချလိုက်ပြီး တင်မောင်ဆွေအား သူ၏ ဝါထိန်သော သွားများ ဖြဲပြလိုက်၏။

'အဟဲ… ကိုဆွေ မသိဘူးလားဗျာ၊ ကျွန်တော်က အဘိုးကြီးကို လာကူပေးနေတာလေ'

ကြက်ဖိုးထွန်းသည် အလုပ်မျိုးစုံ လုပ်သူဖြစ်ရာ တင်မောင်ဆွေက သူ့စကားကို လက်ခံလိုက်ရ၏။

'အဘိုးကြီးက အခု ဘယ်သွားနေတာလဲ၊ ထမင်းပြန်စားသလား'

'ဟင့်အင်း… အဘိုးကြီးက ဆိုင်မထွက်ဘူး၊ ကျွန်တော်က သူ့ကိုယ်စား လာဆိုင်ဖွင့်ပြီး ရောင်းပေးနေတာ'

'အဘိုးကြီးက ဘယ်နေ့ကများ ဆိုင်မထွက်တဲ့ နေ့ဖူးလို့လဲ'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လျက် ပြန်မေးလိုက်မိသည်။ မှန်ပေသည်။ အဘိုးကြီးသည် သူ သိခဲ့ရသရွေ့တော့ နေ့စဉ်နေ့တိုင်း ဆိုင်ထွက်ခဲ့သည်သာ ဖြစ်၏။ အဘိုးကြီးအား သူ့ဆိုင်တွင် မတွေ့ရသည့်အခါဆို၍ မရှိခဲ့ချေ။

'အဘိုးကြီးက အရင်ကလို မဟုတ်တော့ဘူး ကိုဆွေ၊ ကောင်းကောင်းမာမာတော့တာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်က သူ့အစား လာကူရောင်းပေးနေရတာပေါ့၊ ဆိုင်သော့ကိုတောင် သူက ကျွန်တော့်ဆီမှာ အပ်ထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ ဆိုင်မထွက်တာ ဘယ်နှရက် ရှိသွားပြီလဲ'

'အင်း… ဒီကနေ့ပါနဲ့ဆိုရင် နှစ်ရက်ရှိသွားပြီဗျ' ဟု ကြက်ဖိုးထွန်းက ခေါင်းကုတ်လျက် ပြန်ဖြေလိုက်သည်။ 'အဘိုးကြီးက တစ်ခါမှ ဒီလိုရက်ဆက်ပြီး ဆိုင်ထွက်မပျက်ဖူးသေးဘူး၊ တော်တော်များ နေမကောင်းဖြစ်နေသလား မဆိုနိုင်ပါဘူးဗျာ၊ ညဆိုင်သိမ်းပြီးရင် ကျုပ် သူ့ဆီသွားကြည့်ဦးမှ ထင်တယ်'

'ခင်ဗျား သူ့ဆီ နေ့တိုင်းမရောက်ဖူးလား'

'ဟင့်အင်း… ကျွန်တော်က သူ့ဆီကို မသွားရဘူး၊ ဆိုင်သိမ်းကာနီးကျ သူလာပြီး ငွေယူသွားတတ်တာကလား၊ အခုနှစ်ရက်ကျမှသာ ပေါ်မလာတော့တာဗျ'

'ဒီလိုဆို ကျုပ် သူ့ဆီကို သွားကြည့်လိုက်ဦးမှ ထင်တယ်'

'ခင်ဗျား သူ့အိမ် သိသလား အစ်ကိုဆွေ၊ အဘိုးကြီးက မင်းမနိုင်ကွက်သစ်ထဲမှာ'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်၏။

'ကျုပ် သိပါတယ်ဗျာ'

'အဘိုးကြီးနဲ့တွေ့ရင် ပြောလိုက်ပါ၊ သူ သိပ်နေမကောင်းလို့ ဆိုင်မထွက်နိုင်သေးရင် ကျုပ်ကပဲ ဆက်ထွက်ပေးပါ့မယ်လို့ ငွေရေးကြေးရေးအတွက်လည်း စိတ်ချပါ၊ ကျုပ် တစ်ပြားမှ မဘုံးပါဘူးလို့ အဘိုးကြီးကို ပြောလိုက်ပါ၊ အဘိုးကြီးက ကျုပ်အပေါ်မှာ စေတနာကောင်းရှိတဲ့ လူတစ်ယောက်ပါပဲ၊ ဒီတော့ ကျုပ်က သူ့ကို ကူညီရမှာပေါ့ဗျာ'

'ကောင်းပြီလေ၊ ကျုပ်ပြောလိုက်ပါ့မယ် ကိုဖိုးထွန်း'

အဘိုးကြီး (……) သည် မင်းမနိုင်ကွက်သစ်ရှိ အိမ်တန်း





လျားတစ်ဆောင်၏ တစ်ဖက်အစွန်ဆုံးသော အခန်းတွင် နေထိုင်လေသည်။ ထိုအိမ်တန်းလျားကို အဘိုးကြီးက ပိုင်ဆိုင်လေသည်။ အိမ်တန်းလျားမှာ ကြီးကြီးကျယ်ကျယ် မဟုတ်သော်လည်း ဤအိမ်သည် အဘိုးကြီး၏ တစ်ခုတည်းသော ဘဝအာမခံချက် ဖြစ်ပေသည်။ အိမ်တန်းလျားမှာ အထက်အောက် လေးခန်းရှိ၏။ အဘိုးကြီး၏ အခန်းနှင့်ယှဉ်လျက်သား အခန်းမှာ ဆံပင်ညှပ်ဆိုင် ဖွင့်ထားလေသည်။ ထိုဆိုင်မှာ ခုံနှစ်ခုံသာရှိသည့် အရပ်ဆိုင်ကလေး ဖြစ်လေသည်။ အပေါ်ထပ်နှစ်ခန်းမှာတော့ အိမ်ထောင်စုနှစ်စုက ငှားရမ်းနေထိုင်လျက် ရှိလေသည်။

တင်မောင်ဆွေ ရောက်သွားသည့်အခါတွင် အဘိုးကြီး၏ အိမ်ရှေ့တံခါးမကြီးမှာ အတွင်းဘက်မှ ကလန့်ချလျက် လုံခြုံစွာ ပိတ်ထားလျက် ရှိလေသည်။ တင်မောင်ဆွေက တံခါးခေါက်ကြည့်သော်လည်း အတွင်းမှ ဘယ်လိုမှ အသံမကြားရ။ အဘိုးကြီး၏ နာမည်ကို ခေါ်ကြည့်သော်လည်း ဘယ်သူကမှ ပြန်မထူးပေ။

တင်မောင်ဆွေ့စိတ်ထဲတွင် စိုးရိမ်မှုကလေး ဖြစ်ပေါ်လာ၏။ အဘိုးကြီးသည် ဤအိမ်ခန်း၌ တစ်ကိုယ်ရေတစ်ကာယ တစ်ဦးတည်း နေထိုင်လျက်ရှိသည်ကို သူက သိထားနေ၏။

တစ်ဖက်ခန်းမှ ဆံပင်ညှပ်ဆိုင်မှာလည်း ထို့အတူပင် တံခါးပိတ်ထားလျက် ရှိနေသည်။ တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့။ သူ့အိတ်ထဲမှ ပလတ်စတစ် ကော်ပြားကလေးတစ်ခုကို ထုတ်ယူကာ အဘိုးကြီး၏ တံခါးကြားထဲသို့ ထိုးသွင်းပြီး ချထားသော ကလန့်ကို အသာပင့်ကော်လိုက်၏။ အင်မတန်မှ ခိုင်ခန့်သော ကလန့်ကိုပင် အပြင်ဘက်မှဖြုတ်နိုင်အောင် စီမံထားသည့် ကော်ပြားဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး၏ ချောင်နေသော တံခါးကလန့်မှာ စက္ကန့်ပိုင်းအတွင်း မှာပင် ပြုတ်သွားလေ၏။

တင်မောင်ဆွေက ကော်ပြားလေးကို ပြန်ထုတ်ယူလိုက်ပြီး နောက်တံခါးရွက်ကို ဆတ်ခနဲ တအားဆောင့်တွန်း၍ ဖွင့်လိုက်၏။ ဤသည်မှာ အကယ်၍ တံခါးနောက်ကွယ်၌ ရန်သူတစ်ယောက်က ရပ်စောင့်နေပါက တံခါးရွက်ကြားတွင် ညှပ်နေစေရန် ဖြစ်၏။ သို့ သော်လည်း အိမ်ခန်းထဲတွင် ဘယ်ရန်သူမှ ရှိမနေသည်ကို တင်မောင် ဆွေက တွေ့လိုက်ရသည်။

ရန်သူသည် ဤအိမ်ခန်းကလေးထဲသို့ ရောက်ခဲ့ပြီး ပြန် သွားနှင့်ပြီး ဖြစ်လေသည်။ အဘိုးကြီးသည် အိမ်ရှေ့ခန်း၏ ကြမ်းပြင် ပေါ်တွင် မှောက်လျက်ကလေး လဲကျလျက် ရှိနေသည်။ သူ့ဦးခေါင်း သည် ဘေးတစ်ဖက်သို့ လှည့်ထွက်နေကာ ပြူးကျယ်သော မျက်လုံး များတွင် အသက်ရှိသည့် အရိပ်လက္ခဏာဟူ၍ လုံးဝ မတွေ့ရတော့ ပေ။

သူ့ခေါင်းတစ်ဝိုက် ကြမ်းပြင်ပေါ်တွင်တော့ ညိုပုပ်သော သွေးတွေက အိုင်ထွန်းစွန်းထင်လျက် ရှိလေသည်။

ထိုသွေးများသည် အဘိုးကြီး၏ တိတိရိရိ လှီးဖြတ်ခြင်း ခံထားရသော လည်မျိုမှ စီးဆင်းခဲ့ခြင်း ဖြစ်ပေသည်။ သွေးများ သည် ခြောက်သွေ့သွားခဲ့သည်မှာ တော်တော်ကြာမြင့်ခဲ့ချေပြီ ဖြစ်၏။

အိမ်ခန်းတစ်ခန်းလုံးကို တစ်စုံတစ်ယောက်က စနစ်တကျ ရှာဖွေသွားခဲ့ကြောင်းကိုလည်း တင်မောင်ဆွေက တွေ့ရသည်။ ရှာ ဖွေသွားသူသည် အင်မတန်မှ ကျွမ်းကျင်စေ့စပ်သူတစ်ယောက် ဖြစ် ကြောင်းကို ဖော်ပြနေသည့် အရိပ်လက္ခဏာများကလည်း ရှိနေ၏။





ထိုသူသည် ပစ္စည်းတစ်စုံတစ်ခုကို ဖွက်ထားနိုင်သည့် နေရာ အနံ့သမျှကို သိသူတစ်ယောက် ဖြစ်ပေသည်။ နံ့စပ်ကျွမ်းကျင်စွာ ရှာဖွေဘဲ ချန်ထားခဲ့သည့်နေရာဟူ၍ မကျန်ရှိတော့ပေ။ အဘိုးကြီး ၏ကိုယ်ပေါ်တွင်ပင် ၎င်းက နံ့စပ်စွာ ရှာဖွေသွားခဲ့သေး၏။

အဘိုးကြီး ဝတ်ဆင်ထားသည့် သက္ကလတ် တိုက်ပုံအင်္ကျီ အဟောင်းကြီး၏ ချုပ်ရိုးမှန်သမျှကို ဓားသွားဖြင့် သေချာကျနစွာ လှီးဖြတ်ဖွင့်ထုတ် ရှာဖွေသွားခဲ့သေး၏။

သို့ရာတွင် အိမ်တံခါးကို အတွင်းဘက်မှ ကလန့်ချထားရာ ၌သို့ ရှာသွားသူသည် သူ လိုချင်သော အရာဝတ္ထုကို တွေ့မသွား ခဲ့ရဟု တင်မောင်ဆွေက မှန်းဆကြည့်မိ၏။ နောက်တစ်ကြိမ် ပြန် လာ၍ အချိန်ယူရှာဖွေရန် တံခါးကို အတွင်းမှ ကလန့်ချ၍ ထွက်သွား ခြင်း ဖြစ်ပေမည်။

တင်မောင်ဆွေက အဘိုးကြီးနဖူးကို အသာအယာ လက်ဝါး ဖြင့် အုပ်လိုက်သည်။ အဘိုးကြီးခမျာ ကြားက အချောင်သက်သက် အစာဝင်ခံသွားရခြင်းဖြစ်ကြောင်း သူက နားလည်မိကာ ရင်ထဲတွင် နင့်နေမိလေသည်။

'ခင်ဗျားကို သတ်သွားတဲ့လူကို ကျွန်တော် တွေ့အောင် ရှာပါ့မယ် အဘိုးကြီး၊ ကြိုးစင်ပေါ် အရောက်ကို တင်ပေးပါ့မယ်'

တင်မောင်ဆွေက အဘိုးကြီး၏ဘေးတွင် ဒူးထောက်နေရာ မှ ပြန်ထလိုက်၏။ ထို့နောက် အခန်းထဲ၌ သူ ကိုင်တွယ်ပြီးခဲ့သော နေရာများကို လက်ကိုင်ပဝါနှင့် ပွတ်ဖျက်ပြီးနောက် အိမ်ခန်းထဲ ပြန်ထွက်ခဲ့လေသည်။ အပြင်မှနေ၍ အိမ်ခန်းတံခါးမကြီးကို အတွင်း မှ ကလန့်ကျအောင် ပြန်ပိတ်ဖို့မှာ ဘယ်လိုမှ မခဲယဉ်းပါချေ။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ဆူးလေဘုရားလမ်းရှိ သူ့တိုက်ခန်းသ ပြန်လာခဲ့သည်။ တိုက်ခန်းထဲသို့ ရောက်လျှင်ရောက်ချင်း အရက ဗီရိုတံခါးကိုဖွင့်ကာ အထဲမှ ဟင်နက်ဆီ ဘရန်ဒီပုလင်းကိုထုတ လျက် ဖန်ခွက်ထဲသို့ လက်နှစ်လုံးခန့် ငှဲ့ထည့်ပြီး ရေမရောဘဲ တ ကျိုက်တည်း မော့ချလိုက်၏။ သူ့မျက်စိထဲတွင် လည်ပင်း တိတိရိ အလှီးခံရပြီး အသက်ပျောက်နေသော အပြစ်ကင်းမဲ့သည့် အဘိုးကြ မျက်နှာကို မြင်ယောင်လျက်ပင် ရှိနေသေး၏။ အရက်ဘယ်နှခွက ပင် သောက်သော်လည်း ပျောက်ဖျက်ပစ်၍ ရမည်ကား မဟုတ်ပေ

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိသောက်က စဉ်းစားခန်းဝင်နေလိုက်သည်။ အခြေအနေမှာ ဦးထွန်းညွန့်နှင့် နောက တစ်ကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးဖို့လိုလာပြီဟု သူက မြင်လာမိသည်

အဘိုးကြီးအား ရက်စက်စွာသတ်သွားသူသည် သဘော သားချစ်လှ ပြောခဲ့သော နဂါးအမည်ခံလူပင် ဖြစ်ပေမည်။

ထို့ကြောင့် နဂါးဆိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း အတိအကျ မဟုတ်တောင် အရိပ်အမြွက် သိရဖို့က လိုအပ်လာပြီဟု တင်မောင်ဆွေက ဆုံးဖြတ်လိုက်သည်။ ထို့ပြင် ဤနဂါးဆိုသူနှင့် သဘော်သားချစ်လှ ဘယ်လို အဆက်အသွယ်ရှိသည်ကိုလည်း သူက သိရဦးမည် ဖြစ်၏။ ယခု သူလိုက်နေရသော ဇာတ်ဇာတ်ကိစ္စတွင် ဤ အချက်သည် အရေးကြီးသော နောက်ခံအကြောင်းအရာများ ဖြစ်ကြ ပေသည်။

ထိုအကြောင်းအရာများကို ဦးထွန်းညွန့်က သူ့အား အနည်း အကျဉ်းတော့ ပြောပြနိုင်လိမ့်မည်ဟု သူက မျှော်လင့်မိသည်။ တကယ်တော့ သဘော်သားချစ်လှသည် ဦးထွန်းညွန့် လက်သပ်မွေး





ခဲ့သော လူတစ်ယောက် မဟုတ်ပါလား။ သူ့လူက ဘာတွေလုပ်ခဲ့ သည်ဆိုသည်ကို ဦးထွန်းညွန့်က အရိပ်အမြွက်တော့ သိထားရပေ သည်။

တင်မောင်ဆွေက သောက်နေသော စီးကရက်ကို ဆေးလိပ် ပြာခွက်ထဲသို့ ထိုးချေလိုက်ပြီးနောက် ဦးထွန်းညွန့်ပေးထားခဲ့သော လိပ်စာကတ်ပြားကလေးကို သူ့အိတ်ကပ်ထဲမှ ထုတ်ယူလျက် တယ်လီဖုန်း နံပါတ်ကို ကြည့်လိုက်သည်။ ထို့နောက် ဖုန်းဆီသို့ လျှောက်သွားကာ ထိုနံပါတ်ကို ဒိုင်ခွက်တွင် လှည့်လိုက်၏။

တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူလိုက်သည်၌ တင် မောင်ဆွေက 'ဦးထွန်းညွန့်နဲ့ စကားပြောချင်ပါတယ်'ဟု ပြော လိုက်၏။

'ဘယ်သူကလို့ ပြောရပါ့မလဲရှင်'

တယ်လီဖုန်းနားခွက်ထဲမှ ချိုသာသော အမျိုးသမီး အသံ တစ်ခုက ထွက်ပေါ်လာသည်။

'တင်မောင်ဆွေကလို့ ပြောပါ'

ကလစ်ခနဲ အသံတစ်ခု ထွက်ပေါ်လာပြီးနောက် ဦးထွန်း ညွန့်၏အသံကို တယ်လီဖုန်းနားခွက်ထဲတွင် ကြားလိုက်ရ၏။

'ဟယ်လို… ကိုတင်မောင်ဆွေ၊ ဘာများအကြောင်းထူး သလဲ'

'ခင်ဗျားနဲ့ကျွန်တော်နဲ့ နောက်ထပ် ပွင့်ပွင့်လင်းလင်း စကား ပြောဖို့ လိုအပ်လာပြီ ဦးထွန်းညွန့်'

ဦးထွန်းညွန့်၏ဘက်မှ ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီး မှ-



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား အခု ဘယ်ကပြောနေတာလဲ ကိုတင်မောင်ဆွေ'

'ကျုပ်တိုက်ခန်းကပါပဲ'

ဒီတစ်ခါတော့ ဦးထွန်းညွန့်က ချက်ချင်းပင်ပြန်ဖြေလိုက်၏။

'ကောင်းပြီ ကိုတင်မောင်ဆွေ၊ ခင်ဗျား အဲဒီကပဲ စောင့်နေပါ၊ ကျုပ် ဆယ်မိနစ်အတွင်း ရောက်အောင်လာခဲ့မယ်'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ဟင်နက်ဆီပုလင်းကို ကောက်ယူကာ နောက်ထပ် ဝမ်းပက်ထည့်လိုက်ပြန်၏။ ဒီတစ်ခါတွင်တော့ သူက ဘရန်ဒီအနံ့ကိုခံကာ တစ်ကျိုက်ချင်း ဖြည်းညင်းစွာ စုပ်ယူနေလိုက်သည်။ ဝမ်းထဲ၌လည်း ဟာလာသည့်အတွက် အောက်ထပ်ဟိုတယ်ကြီးဆီသို့ ဖုန်းဆက်ပြီး ဆိတ်သားခပတ်နှင့် ပလာတာတစ်ပွဲ မှာလိုက်၏။

တင်မောင်ဆွေက ထိုပွဲကို လက်စသတ်နေစဉ်မှာပင် အခန်းတံခါးမှ လူခေါ်လျှပ်စစ်ခေါင်းလောင်းကလေးက မြည်လာ၏။

တင်မောင်ဆွေက တံခါးဖွင့်ပေးလိုက်လျှင် အဝတ်အစားသပ်ရပ်စွာ ဝတ်ထားသော ဦးထွန်းညွန့်က အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။ တင်မောင်ဆွေက ၎င်းအား ဆိုဖာတစ်လုံးဆီသို့ လက်ယမ်းပြလိုက်၏။ ထိုနောက် ဘရန်ဒီပုလင်းကို ကိုင်မြှောက်ပြလိုက်၏။

'သောက်ဦးမလား ဦးထွန်းညွန့်'

'ကျုပ် ဒီကို အရက်သောက်ဖို့ လာတာ မဟုတ်ပါဘူး ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်က မျက်မှန်ထူကြီးနောက်မှ ရူးရူးပြောင်လက်သော မျက်လုံးအစုံဖြင့် တင်မောင်ဆွေ့မျက်နှာကို စိုက်ကြည့်ကာ





အကျပြတ်သားသော အသံဖြင့် ပြောလိုက်၏။ တင်မောင်ဆွေက သူ၏ပခုံးကျယ်ကြီးများကို အသာတွန့်လိုက်ပြီးနောက် ဦးထွန်းညွန့်နှင့် မျက်နှာချင်းဆိုင် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်ကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

'ခင်ဗျား ကျွန်တော့်ဆီမှာ အချိန် နှစ်ဆယ့်လေးနာရီ တောင်းထားတယ် ကိုတင်မောင်ဆွေ၊ ဒီအချိန်ဟာ မစေ့သေးပါဘူး၊ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို ခေါ်ပုံထောက်တော့ အကြောင်းတစ်ခုခုတော့ ထူးပြီလို့ ကျုပ် ယူဆမိတယ်'

တင်မောင်ဆွေ စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်းက ဖြည်းညင်းစွာ ဦးခေါင်းကို ညိတ်ပြလိုက်၏။

'အကြောင်းထူးချင်လည်း ထူးလိမ့်မယ် ဦးထွန်းညွန့်၊ ကျွန်တော် အတိအကျ မသိသေးပါဘူး၊ ဒါကြောင့်မို့ ခင်ဗျားနဲ့ ဆွေးနွေးရအောင် ခေါ်လိုက်တာပဲ'

ဦးထွန်းညွန့်ကလည်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

'ကောင်းပြီ၊ ဘာဆွေးနွေးချင်တာလဲ ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်က ကိုယ်ကို ရှေ့သို့ မသိမသာ ကိုင်းညွတ်လျက် ပြန်မေးလိုက်သည်။

'ဆွေးနွေးတယ်ဆိုတာထက် အမေးအဖြေ လုပ်ကြရင် ပိုကောင်းမယ် ထင်တယ်ဗျာ'

'ဘယ်လို အမေးအဖြေ'

'ကျွန်တော် သိချင်တာကလေးတွေ မေးတာကို ခင်ဗျားက ပြန်ဖြေဖို့ပါပဲ'

ဦးထွန်းညွန့်၏မျက်နှာက မသိမသာ တင်းမာသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက အကဲခတ်လိုက်မိသည်။ သို့ရာတွင် ၄င်းက-

'ခင်ဗျား ဘာသိချင်တာလဲ' ဟုသာ ပြန်မေးလိုက်၏။

'ပထမဦးဆုံး ကျွန်တော် သိချင်တာက ခင်ဗျားဟာ ဒီကိစ္စကို အော်ဖစ်ရှယ်လီ (တရားဝင်) ကိုင်နေရသလား ဆိုတာပဲ'

ဦးထွန်းညွန့်၏မျက်နှာသည် မသိမသာ ပြောင်းလဲသွားပြီးမှ ၄င်းက ခေါင်းကို ယမ်းခါလိုက်သည်။

'အော်ဖစ်ရှယ်လီအရတော့ ဒီကိစ္စဟာ ကျုပ်နဲ့ ဘယ်လိုမှ မဆိုင်ပါဘူး ကိုတင်မောင်ဆွေ၊ မောင်ချစ်လှ အသတ်ခံရတာဟာ ရဲအဖွဲ့ရဲ့ကိစ္စသက်သက်တစ်ရပ်ပါပဲ'

'သူ တကယ်တော့ ဘယ်သူဘယ်ဝါဆိုတာကိုတော့ ရဲဘက်က သိထားနေပြီလား'

'အခုဆိုရင်တော့ သိသွားကြပြီလို့ ယူဆရတာပဲ'

'ဒီတော့ သူ အသက်ခံရတာကို ခင်ဗျားတို့ဌာနက ဘယ်လိုမှဝင်ပြီး အရေးမယူတော့ဘူးလား၊ ရဲဘက်ကိုသာ လုံးလုံးလျားလျား လွှဲထားတော့မှာလား'

ဦးထွန်းညွန့်က ထူးခြားသော အပြုံးကလေးကိုသာ ပြုံးလိုက်သည်။

နှုတ်ကတော့ ဘယ်လိုမှ ပြန်၍မဖြေ။

'ကျွန်တော်ကတော့ ဒီလိုမြင်တယ်၊ ကိုချစ်လှဟာ ခင်ဗျားတို့ဌာနက သူ့ကိုပေးထားတဲ့တာဝန်ကို ထမ်းဆောင်ရင်း အသတ်ခံရတာဆိုရင်တော့ သူ အသတ်ခံရတဲ့ကိစ္စကို ခင်ဗျားတို့က ဌာနအနေနဲ့ စိတ်ဝင်စားမှာ မုချပဲ'

ဦးထွန်းညွန့်က နှုတ်ဆိတ်၍သာ နေ၏။ ဆိတ်ဆိတ်နေ





သဘောတူသည် ဟူသော သဘောဟု တင်မောင်ဆွေက တွက်လိုက်၏။

'ဒါပေမဲ့ သူဟာ၊ သူ့တာဝန်နဲ့ ဘာမှမဆိုင်ဘဲ အခြေအနေ တိုက်တီးချက်အရ သူ့ဘာသာသူ သူ့ကိစ္စနဲ့ အသတ်ခံရတာဆိုရင်တော့ ခင်ဗျားတို့ဟာ ဒီကိစ္စမှာ ဌာနအနေနဲ့ စိတ်ဝင်စားမှု မရှိကြဘူးပေါ့၊ ဒီကိစ္စကို စုံစမ်းဖို့ဟာ ရဲဘက်ရဲ့တာဝန်သာ ဖြစ်နေတော့တယ်။ ပြီးတော့လည်း သူဟာ ခင်ဗျားတို့ဌာနက လူတစ်ယောက်ဆိုတာကို ခင်ဗျားတို့က တတ်နိုင်သမျှ လျှို့ဝှက်ထားကြမှာပဲ မဟုတ်လား'

'ဒါကို ကျွန်တော် ပြောဖို့ တာဝန်မရှိပါဘူး၊ ဒါပေမဲ့ ဒီကိစ္စမျိုးတွေမှာ ခင်ဗျားကလည်း ကျွမ်းကျင် ရင်းနှီးပြီးသားပဲ ကိုတင်မောင်ဆွေ၊ ဒီတော့ ခင်ဗျားဘာသာ ကောက်ချက်ချချင်ရာ ချပေတော့ပေါ့'

ထိုစကားများဖြင့် ဦးထွန်းညွန့်သည် မိမိက တင်ပြနေသော အချက်ကို ဝန်ခံလိုက်ခြင်း ဖြစ်သည်ဟု တင်မောင်ဆွေက နားလည်လိုက်ရသည်။ တင်မောင်ဆွေက ဦးထွန်းညွန့်အား ပြုံး၍ကြည့်လိုက်၏။

'ဒါပေမဲ့ ကိုချစ်လှ အသတ်ခံရတဲ့ကိစ္စမှာ ခင်ဗျားဟာ အော်ဖစ်ရှယ်လီဌာနအလိုက် စိတ်ဝင်စားလို့ မရနိုင်ပေမယ့် ခင်ဗျား အနေနဲ့ ပါဆင်နယ်လီတော့ စိတ်ဝင်စားနေတယ်၊ ချစ်လှ ဘာကြောင့် အသတ်ခံရတယ်ဆိုတာကို ခင်ဗျားအနေနဲ့တော့ သိချင်တယ်၊ သူ့ကို သတ်သွားတဲ့လူကိုလည်း ခင်ဗျား အမြန်ဆုံး သိချင်တယ်၊ တတ်နိုင်ရင် ခင်ဗျားကိုယ်တိုင်က ထွက်စုံစမ်းချင်တယ်၊ ဒါပေမဲ့ တခြား တာဝန်တွေက ရှိနေတော့ ဒီတာဝန်ကို ခင်ဗျားက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လာလွဲပေးခဲ့တာပဲ မဟုတ်လား'

ဦးထွန်းညွန့်က တင်မောင်ဆွေ့အား ပြန်၍မဖြေ။ သို့ရာတွင် သူ့အမူအရာမှာတော့ တင်မောင်ဆွေ့အား ပို၍လေးစားလာဟန်ရ၏။

'ခင်ဗျား ကျုပ်ကို မေးချင်တာတွေက ဘာတွေများလဲ ဆိုစမ်းပါဦး' ဟုသာ သူက ပြန်မေးလိုက်၏။

'ကျွန်တော် ပထမဆုံး သိချင်တာက ကိုချစ်လှကို ခင်ဗျားတို့ဌာနက ဘာတာဝန်တွေ ပေးထားခဲ့တယ် ဆိုတာပဲ'

ဦးထွန်းညွန့်က ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ -

'ကျုပ် မသိဘူး ကိုတင်မောင်ဆွေ၊ သူ့တာဝန်ဟာ လျှို့ဝှက်ချက်တစ်ရပ်ဆိုတော့ ကျုပ် သိစေကာမူ ပြောပြခွင့် မရှိပါဘူး' ဟု ခပ်လေးလေး ပြန်ဖြေလိုက်သည်။

'ထားလိုက်ပါတော့၊ သူ့တာဝန်ကို ခင်ဗျား မသိပေမယ့် သူ့တာဝန်ကို ထမ်းရွက်နိုင်ဖို့အတွက် သူဟာ ဘယ်လိုကာဗာယူထားတယ်ဆိုတာကိုတော့ ပြောပြနိုင်မှာပဲ'

ဦးထွန်းညွန့်က တင်မောင်ဆွေ့ကိုကြည့်ကာ နှုတ်ခမ်းကိုက်လိုက်သည်။

'ဒါကိုတော့ ခင်ဗျား သိပြီးသားပဲ ကိုတင်မောင်ဆွေ၊ သူက ပင်လယ်ကူးသင်္ဘောသားတစ်ယောက်ပဲ'

'နိုင်ငံခြားသွား သင်္ဘောတွေနဲ့ လိုက်ရသလား'

'ဟုတ်တယ်၊ သူ့မှာ ဘယ်သင်္ဘောနဲ့မဆို လိုက်နိုင်တဲ့ ပင်လယ်ကူးသင်္ဘောသားလက်မှတ် ရှိနေခဲ့တာပဲ'

❊ ❊ ❊



- ကိုး -

တင်မောင်ဆွေ့တွင် သတင်းတစ်ခုခု၊ အကြောင်းတစ်ခုခုကို သိချင်ပါက သွားနိုင်သောနေရာတွေ အများကြီး ရှိလေသည်။ ထိုနေရာတွေအနက် တင်မောင်ဆွေ အများအပြား သုံးလေ့ရှိသည့် နေရာကား အောင်လံသတင်းစာတိုက်ပင် ဖြစ်လေ၏။

အောင်လံတိုက်တွင် သူနှင့် ညီအစ်ကိုလို ခင်နေသော သတင်းထောက်ချုပ်ဟောင်း (ယခု အယ်ဒီတာ) အေးကျော်က ရှိနေပေသည်။ တင်မောင်ဆွေ စုံထောက်စလုပ်စဉ်က အေးကျော်မှာလည်း သတင်းထောက်ပေါက်စကလေးတစ်ယောက် ဖြစ်ခဲ့ကြသည်။

ထိုစဉ်ကတည်းက သူတို့ တွဲဖက်မိခဲ့ကြသည်ဖြစ်ကာ အမှုပေါင်း များစွာတွင် အတူတကွ တွဲဖက်ပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အကူအညီပေးခဲ့ကြရာက ယခုတော့ အင်တော်မှ ရင်းနှီးလှသော မိတ်ဆွေရောင်းရင်းကြီးတွေ ဖြစ်နေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာအယ်ဒီတာခန်းသို့ တက်ခဲ့ရာတွင် အပေါက်ဝ၌ တယ်လီဖုန်းဆွစ်(ချ)ဘုတ် အော်ပရေတာကလေးထံမှ အေးကျော် တစ်ယောက် ရောက်နေပြီဖြစ်ကြောင်းကို သိရသည်။

အေးကျော်သည် သူ့စားပွဲတွင်ထိုင်ကာ သတင်းစာရှေ့ဆုံး ဖောင်အတွက် သတင်းတွေ ရွေးချယ်နေရာမှ ဘီယာတစ်ပုလင်း စုပ်လျက် ရှိနေသည်။ တင်မောင်ဆွေ့အား တွေ့ရလျှင် သူက ထိုင် ရာမှ မထ သူ့ဘေးရှိ ကုလားထိုင်လွတ်တွေဆီသို့ လက်တစ်ဖက် ယမ်းပြလိုက်၏။

'ထိုင်ဗျို့ ကိုဆွေ… ဘီယာသောက်ချင်ရင် ရေခဲသေတ္တာ ထဲမှာ ယူသောက်ပေတော့'

သူတို့နှစ်ယောက်မှာ မကြာခဏ တွေ့နေကျဖြစ်ရာ တစ် ယောက်ကိုတစ်ယောက် ထွေထွေထူးထူးနှုတ်ဆက်နေဖို့မလိုတော့ချေ။

တင်မောင်ဆွေက ရေခဲသေတ္တာကိုဖွင့်ကာ အေးမြနေသော ဘီယာတစ်လုံးကို ထုတ်ယူအဖုံးဖွင့်လျက် ပုလင်းဝကို ပါးစပ်တွင် တေ့ကာ တစ်ကျိုက် ကျိုက်ချလိုက်ရာ ရင်ထဲတွင် အေးဆင်းသွား၏။ အေးကျော်က လက်ထဲမှ ခဲတံအနီကိုချကာ ရှမ်းဖက်ဆေးလိပ်တိုကို ထပ်၍မီးညှိပြီးမှ တင်မောင်ဆွေ့အား မော့ကြည့်လိုက်သည်။

'ဘာများ ကိစ္စထူးသလဲ ကိုဆွေ၊ ဒါမှမဟုတ် အလည် သက်သက်ပဲလား'

'မင်းဆီက ငါ မေးချင်တာတစ်ခုရှိလို့'

ဘီယာပုလင်းကို စားပွဲပေါ်ချလျက် ပြန်ဖြေလိုက်သော တင်မောင်ဆွေ့အား အေးကျော်က မျက်ခုံးတစ်ဖက်ပင့်လျက် ကြည့် လိုက်သည်။





'အင်း… ခင်ဗျား ကျွန်တော့်ဆီက တစ်ခုခု လာမေးရင် တော့ မုချ အကြောင်းတစ်ခုခုတော့ ထူးပြီ၊ ဆိုစမ်းပါဦး၊ ခင်ဗျား ဆီမှာ ဘာသတင်းထူးများ ရှိနေသလဲ၊ ဒီည နောက်ဆုံးဖောင်အမီ ထည့်ရင် ထည့်ရအောင်'

အေးကျော်က သတင်းအယ်ဒီတာကောင်းတစ်ယောက်ပီပီ သူက သတင်းမပေးမီ သူရမည့်သတင်းကို အနံ့ခံကြည့်လိုက်၏။ တင်မောင်ဆွေက ၄င်းအား ပြုံး၍ ပြန်ကြည့်လိုက်သည်။

'ငါ့ဆီမှာ သတင်းထူးတော့ မရှိသေးပါဘူး အေးကျော်ရာ၊ မင်းဆီက သတင်းဟောင်းတစ်ခုနဲ့ ပတ်သက်လို့ လာမေးတာပါကွ'

'ဘယ်သတင်းဟောင်းလဲ ကိုဆွေ'

'အတွင်းဝန်ဟောင်း ဦးအောင်မြခိုင်ရဲ့ သတင်းပဲ'

အေးကျော်က ရုတ်တရက် ပြန်၍မဖြေ။ ရုတ်တရက် ဖျတ် လတ်သော မျက်လုံးအစုံဖြင့် တင်မောင်ဆွေ့မျက်နှာကို စူးစူးစိုက် စိုက် ကြည့်လိုက်သည်။ အေးကျော်၏ ဦးခေါင်းထဲ ဘယ်လိုအတွေး တွေက ဝင်ရောက်လာသည်ကို တင်မောင်ဆွေကလည်း ရိပ်မိလိုက် ၏။

အသတ်ခံခဲ့ရသော အတွင်းဝန်ဟောင်း ဦးအောင်မြခိုင် အကြောင်း တင်မောင်ဆွေက လာမေးနေခြင်းသည် တစ်ခုခုတော့ ထူးရပေမည်။ ဦးအောင်မြခိုင် အသတ်ခံခဲ့ရသည်မှာ ကြာပြီဖြစ်၏။ သတ်သူတရားခံကိုလည်း ယခုထက်ထိ မမိသေး။ ထို့ကြောင့် တင် မောင်ဆွေက ယခုမှလာ၍ ဦးအောင်မြခိုင်အကြောင်း လာမေးနေခြင်း သည် ၄င်းအသတ်ခံရသောကိစ္စနှင့် ပတ်သက်၍ သဲလွန်စတစ်ခုခု ရလာ၍ပဲ ဖြစ်ရမည်။ သို့ဖြစ်လျှင် သူ့အတွက် သတင်းစာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



သူများထက်ထူး၍ ဦးသော်သတင်းကို ရမည့် အခွင့်အလမ်းပဲ။

ထိုသို့ အေးကျော်က တွေးနေမည်ကို နားလည်မိရင်းကပင်

တင်မောင်ဆွေက စကားဆက်လိုက်ပြန်၏။

'အတွင်းဝန် ဦးအောင်မြင့်ဟာ လွန်ခဲ့တဲ့တစ်နှစ်ကျော်က သေသွားခဲ့တယ် မဟုတ်လား'

'သူ အသတ်ခံခဲ့ရတာပါ ကိုတင်မောင်ဆွေ၊ အဲဒါ ဘာဖြစ် သလဲ'

'သူ အသတ်ခံရတဲ့အကြောင်းကို စုံစုံစေ့စေ့ မသိရသေး ဘူး၊ အဲဒီတုန်းက ငါကလည်း တခြားအမှုတစ်ခုနဲ့ နယ်ထွက်နေခဲ့ ရတာကွ'

အေးကျော်က ခဲတံအနီကို ကောက်ယူလိုက်ကာ စာရွက် အလွတ်တစ်ခုပေါ်တွင် အရုပ်ကလေးတွေ လျှောက်ခြစ်နေလိုက်ရ က တင်မောင်ဆွေကို စူးစမ်းသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

'ကိုဆွေက အခုမှ ဘာဖြစ်လို့ သိချင်ရတာလဲ'

'ကိုယ့်မှာ အကြောင်းရှိလို့ပေါ့ အေးကျော်ရာ'

အေးကျော်က စိတ်အားထက်သန်လာသော အမူအရာဖြ ကိုယ်ကို ရှေ့သို့ကိုင်းကာ တင်မောင်ဆွေ၏ လက်မောင်းတစ်ဖက် ကို ဆုပ်ကိုင်လိုက်၏။

'ခင်ဗျားမှာ အကြောင်းရှိနေတယ်ဆိုရင် ကျွန်တော့်အတွက် လည်း သတင်းတစ်ခု ဖြစ်လာရမှာပေါ့ ကိုတင်မောင်ဆွေ၊ ဘယ်နှယ် လဲ'

'အချိန်ကျတော့ပေါ့ အေးကျော်ရာ...'

'ဟုတ်ပါပြီလေ၊ အချိန်ကျတော့ ဒီအကြောင်းဟာ





ကျွန်တော်တစ်ဦးတည်းရဲ့ သတင်းဦးဖြစ်လာရမယ်၊ ဟုတ်လား... ကိုဆွေ'

'မင်းကို ငါ ဘယ်တုန်းက ငြင်းဖူးလို့လဲ အေးကျော်ရာ'

အေးကျော်က ကျေနပ်စွာ ဦးခေါင်းကို တဆတ်ဆတ် ညိတ် လိုက်၏။

'ကောင်းပြီ ကိုဆွေ၊ ခဏစောင့်နေဦးနော်'

အေးကျော်က ထိုင်ရာမှထကာ အတွင်းခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တင်မောင်ဆွေက စီးကရက်တစ် လိပ် မီးညှိကာ ဘီယာစုပ်ရင်း စောင့်ကျန်ရစ်သည်။

ခေတ္တကြာလျှင် အေးကျော်က ဖိုင်တွဲတစ်တွဲပိုက်လျက် အခန်းထဲ ပြန်ဝင်လာပြီး သူ့နေရာတွင် ပြန်ထိုင်လိုက်သည်။ ဖိုင်တွဲ ထဲမှ စာရွက်စာတမ်းတွေကို ၅-မိနစ်ခန့်မျှ လှန်လှော၍ကြည့်ရှုနေလိုက် ပြီး သူက ရှမ်းဖက်ဆေးလိပ် အသစ်တစ်လိပ်ကို မီးညှိကာ တင် မောင်ဆွေအား မော့ကြည့်လိုက်၏။

'ဦးအောင်မြင့်ဟာ အစိုးရ အဆက်ဆက်မှာ အင်မတန် အရေးပါအရာရောက်တဲ့ အတွင်းဝန်ကြီးတစ်ယောက် ဖြစ်ခဲ့တယ် ကိုဆွေရဲ့၊ တိုင်းပြည်နဲ့ ပတ်သက်လို့ အရေးကြီးတဲ့ လျှို့ဝှက်ချက် စာတမ်းတွေမှန်သမျှကို သူက တောက်လျှောက်ကိုင်ခဲ့ရတယ်၊ အရေးကြီးတဲ့ အစိုးရကော်မီတီအဖွဲ့တိုင်းမှာလည်း သူ ပါခဲ့ရတယ်'

'ဒီလိုဆို သူဟာ တကယ့်ကို ဧရာမပုဂ္ဂိုလ်ကြီးတစ်ယောက် ပေါ့...'

တင်မောင်ဆွေသည် စိတ်ဝင်စားလာရာက ဝင်၍ မှတ်ချက် ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးကျော်က ဖိုင်တွဲမှ စာရွက်တွေကိုလှန်ကာ ဆက်ပြောပြန်သည်။

'ထူးခြားတာက ဦးအောင်မြနိုင်ဟာ အိုင်စီအက်ကြီးတစ်ယောက်ဖြစ်ခဲ့ပေမယ့် မျိုးချစ်စိတ် အင်မတန်ကြီးမားခဲ့တယ်၊ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာတုန်းက အင်္ဂလိပ်အစိုးရဝန်ထမ်းတစ်ဦးအနေနဲ့ကပဲ လွတ်လပ်ရေးတိုက်ပွဲမှာ အတွင်းဘက်ကနေ ပါဝင် အကူအညီပေးခဲ့တယ်၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးကျတော့လည်း ဒီလိုပဲ သူဟာ အရင်းရှင်နယ်ချဲ့နဲ့ ဖက်ဆစ်တွေကို တောက်လျှောက် ဆန့်ကျင်ခဲ့တဲ့ လူတစ်ယောက်ပဲ ကိုဆွေရဲ့'

တင်မောင်ဆွေသည် စီးကရက်ခဲရာက တိတ်ဆိတ်စွာတင် နားထောင်နေလိုက်သည်။ ဦးအောင်မြနိုင်ကား အရာရှိကြီးတစ်ဦး ဖြစ်ခဲ့သည့်တိုင် ရှားရှားပါးပါး တိုင်းပြည်အတွက် အတော် အကျိုးဆောင်ခဲ့သူပါကလားဟု စိတ်ထဲက အံ့သြချီးကျူးနေလိုက်မိသည်။ အရင်းရှင်နယ်ချဲ့ကို ဆန့်ကျင်လိုသော ဆန္ဒရှိသည့် အရာရှိကြီးများသည် ရှားပါးလှပါဘိတောင်း။

'ဒါနဲ့ မြန်မာ့လွတ်လပ်ရေးရပြီး အစိုးရအဖွဲ့ ဖွဲ့ကြတဲ့အခါမှာ ဦးအောင်မြနိုင်ဟာ အစိုးရရဲ့ အယုံကြည်ရဆုံး အတွင်းဝန်ကြီးတစ်ယောက် ဖြစ်လာခဲ့ရတော့တာပဲပေါ့ ကိုတင်မောင်ဆွေ'

'သူ့ဘက်ဂရောင်းက ဒါလောက်နဲ့ လုံလောက်ပါပြီ၊ သူ အသတ်ခံခဲ့ရတာကကော နိုင်ငံရေးနဲ့ပတ်သက်သလား'

အေးကျော်က ချက်ချင်းပင် ခေါင်းခါလိုက်၏။

'ဒါကိုတော့ ကျွန်တော် ကောင်းကောင်းသိတယ် ကိုဆွေ၊ သူ အသတ်ခံရတဲ့သတင်းကို ကျွန်တော် ကိုယ်တိုင်လိုက်ခဲ့တာဗျ၊





နိုင်ငံရေးနဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး၊ သူ့အိမ်မှာ ဖောက်ထွင်းမှုဖြစ်ပြီး သူ့ခများ အချောင်အသတ်ခံခဲ့ရရှာတာပါ'

'အဲဒါတော့ သေချာရဲ့နော်'

'ကိုဆွေ… ကျွန်တော့်ကို အသိသားပဲဗျာ၊ ဦးအောင်မြနိုင် အသတ်ခံရတာဟာ နိုင်ငံရေးနဲ့ ပတ်သက်နေတယ်ဆိုရင် ကျွန်တော်က မပေါ်ပေါ်အောင် လိုက်ခဲ့မယ့်အကောင်ပါ'

တင်မောင်ဆွေက ဖြည်းလေးစွာ ခေါင်းညိတ်လိုက်ရသည်။ သတင်းလိုက်ရမည့်နေရာတွင် အေးကျော်သည် အဘယ်မျှ အနံ့ခံတော်ကြောင်းကို သူကိုယ်တိုင် သိပြီး ဖြစ်၏။

အေးကျော်က မီးသေသွားသော ဆေးလိပ်ကို မီးပြန်ညှိရာက တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ကဲ… ကိုဆွေကလည်း ကျွန်တော့်ကို ပြောပြပါဦး'

'မင်းကို ငါပြောပြတာတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု အတောအတွင်းမှာတော့ မင်း နှုတ်လုံရလိမ့်မယ်နော်'

အေးကျော်က ပါးစပ်မှ ဆေးပေါ့လိပ်ကိုချွတ်လိုက်ကာ တင်မောင်ဆွေအား စိတ်ထိခိုက်သွားသော အမူအရာဖြင့် ကြည့်လိုက်၏။

'ကိုဆွေကလည်းဗျာ… ဒါ ပြောနေဖို့ လိုသေးသလား'

'အေးပါ၊ ငါ မင်းအကြောင်းကို သိပါတယ်၊ ဒါပေမဲ့ အခု ငါ မင်းကိုပြောပြရမှာက တော်တော့်ကိုထူးနေတာမို့ပါ၊ ဒီအကြောင်းကို ငါ အပြီးသတ်အထိ လိုက်မပြီးမချင်း တစ်စွန်းတစ်စ အပြင်ကိုပေါက်ကြားလို့ မဖြစ်ဘူးကွ၊ ပြီးတော့ မင်းအတွက်လည်း ဘေးအန္တရာယ် ရှိလာနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



အေးကျော်က ဘယ်လိုမှ မမူသည့် အမူအရာဖြင့် လက်တင်ဖက် ယမ်းပြလိုက်သည်။

'ဘောအန္တရာယ်ဆိုတာကို ကျွန်တော်လည်း ရင်ဆိုင်ခဲ့ဖူးတယ်ဆိုတာ ကိုဆွေ အသိပဲဟာ၊ ပြောမှာသာ ပြောစမ်းပါဗျ'

တင်မောင်ဆွေက ဘီယာကို အကုန်မော့ချလိုက်ပြီးနောက် ကုလားထိုင်တွင် ကျကျနနမှီထိုင်ကာ အေးကျော်အား ပြောပြစရာရှိသည်များကို အကုန်အစင် ပြောပြလိုက်တော့သည်။ အေးကျော်ကလည်း တစ်ခွန်းတစ်ပါဒမှ ဝင်မစွက်ဘဲ တင်မောင်ဆွေပြောသမျှကို ပကတိစိတ်ဝင်စားစွာ နားစိုက်ထောင်ခဲ့လေသည်။

တင်မောင်ဆွေက စကားအဆုံးသတ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ အေးကျော်က ထိုင်ရာမှထကာ ရေခဲသေတ္တာထဲမှ ဘီယာနှစ်လုံးကို ဆွဲထုတ်လာပြန်ပြီး တစ်လုံးကို တင်မောင်ဆွေ့အား လှမ်းပေးလိုက်သည်။

'ကောင်းပြီ ကိုဆွေ၊ အဲဒီတော့ ကျွန်တော်က ကိုဆွေ့ကို ဘယ်လိုအကူအညီ ပေးရမလဲ'

ဘီယာ တစ်ယောက်တစ်ကျိုက်စီ စုပ်ပြီးကြသည့်အခါ၌ အေးကျော်က မေးလိုက်သည်။

'လိုတဲ့အကူအညီကို ကိုယ် တောင်းပါ့မယ်၊ မင်းကသာ အချိန်မကျသေးဘဲ'

'စိတ်ချပါလေ၊ ကိုဆွေ့ဆီက အိုကေရမှ ကျွန်တော်က ဒီ အကြောင်းတွေကို သတင်းစာထဲက ဖွင့်ချပါ့မယ်'

'အခုလောလောဆယ်တော့ အတွင်းဝန်ဦးအောင်မြနိုင် အသတ်ခံရတာကို ငါ ပြန်လိုက်ဦးမယ်'





အေးကျော်က စဉ်းစဉ်းစားစား အမူအရာဖြင့် ခေါင်းညိတ်ဆိုက်၏။

'ကိုဆွေ… ဦးအောင်မြနိုင်ရဲ့ မုဆိုးမကိုသွားတွေ့ရင်ကောင်းမယ်။ သူက ရွှေတောင်ကြားလမ်းကအိမ်မှာပဲ အခုထက်ထိနေသေးတယ်၊ အဲဒီအိမ်မှာတင် ဦးအောင်မြနိုင်က ပစ်အသတ်ခံခဲ့ရတာပဲ'

'ဟုတ်လား… ဒါတောင် သူ့မိန်းမက ဒီအိမ်မှာပဲ ဆက်နေတုန်းပဲတဲ့လား'

'ဒီအိမ်က ဦးအောင်မြနိုင်ရဲ့ အမွေခံအိမ်ဆိုတော့ ဒေါ်လွင်လွင်ခိုင်က ဆက်ဖွင့်ထားတယ် ကိုဆွေ၊ နွေဘက်ကျမှသာ သူက ဆောင်ကြီးမှာ တက်နေတတ်တယ်'

အေးကျော်က စကားခေတ္တရပ်ကာ တင်မောင်ဆွေ့အား စူးကြည့်လိုက်သည်။

'ဒီအမျိုးသမီးကို ကိုဆွေ သဘောကျမှာပဲ၊ တော်တော့်ကို ရုပ်ဖြူးတဲ့ မိန်းမတစ်ယောက်ပဲ'

'ရုပ်ဖြူးတဲ့မိန်းမတိုင်းကို ငါ သဘောကျရမှာလား အေးကျော်ရာ၊ မင်းက ငါ့ကို နာမည်မဖျက်ချင်စမ်းပါနဲ့'

'ဟဲ… ဟဲ… သဘောလောက်ကို ပြောတာပါဗျ၊ ဦးအောင်မြနိုင်ကလည်း တကယ့်ကို ယောကျ်ားပီသလှတဲ့ လူတစ်ယောက်ပဲလေ၊ ဒီတော့ သူ မိန်းမချောချော ရခဲ့တာဟာ မဆန်းလှပါဘူး၊ တကယ်တော့ သူတို့လင်မယားနှစ်ယောက်ဟာ ရှေ့သွားနောက်ညီ အတော်လိုက်ခဲ့တာဗျာ'

ဟင်မောင်ဆွေက သူ့ပခုံးများကိုသာ တွန့်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးကျော်က သူ့ရှေ့မှ ဖိုင်တွဲကိုပိတ်ကာ တင်မောင်ဆွေ့ရှေ့သို့ ထိုးပေးလိုက်၏။

'ဒီဖိုင်ကို ကိုဆွေယူသွားလေ၊ အချက်အလက်တွေ အားလုံး ပါတယ်'

'ကျေးဇူးပါပဲ အေးကျော်ရာ'

'ဦးအောင်မြခိုင် အသတ်ခံရတဲ့အမှုနဲ့ ပတ်သက်သမျှ ဘက်ဂရောင်း (နောက်ခံအချက်အလက်)တွေ အစုံအစေ့ပါတယ် ကိုဆွေရဲ့'

တင်မောင်ဆွေက ဘီယာပုလင်းထဲမှ လက်ကျန်ကို မော့ချလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

'ကိုယ် သွားတော့မယ် အေးကျော်'

'ကိုဆွေ့ကတိကိုလည်း မမေ့နဲ့နော်၊ ကိုဆွေ စုံစမ်းလို့ရသမျှ ကျွန်တော့်ကို အရင်ဦးဆုံး အသိပေးရမယ်'

'ငါ့ကတိကို ငါ ဘယ်တုန်းက ဖျက်ဖူးလို့လဲ၊ ဒီကိစ္စမှာ ငါကိုယ်တိုင် အသတ်မခံရရင်တော့ မင်းအတွက် သတင်းဦး သတင်းထူး ရမှာပဲ'

❋ ❋ ❋

- တစ်ဆယ် -

ရန်ကုန်မြို့၏ ရွှေတောင်ကြားလမ်းကား ကိုယ့်ဝင်းကိုယ့်ခြံနှင့် အိမ်ကြီးအိမ်ကောင်းတွေသာရှိသော အထက်တန်းကျလှသည့် ...းသန့်ရပ်ကွက်တစ်ခု ဖြစ်လေသည်။

တင်မောင်ဆွေက ထိုလမ်းအတိုင်း သူ့အမ်ဂျီကားနီကလေး ...ကို မောင်းခဲ့ကာ အေးကျော်ပေးလိုက်သော ဖိုင်တွဲထဲပါသည့် လိပ်စာ ...ကို နံပါတ် လျှောက်ကြည့်နေလိုက်သည်။ ဟော... တွေ့ရပါပြီ။

ရှေ့မှလမ်း၏ လက်ဝဲဘက်ဘေးတွင်ရှိသော ခြံဝင်းတံခါး၀၊ ...င်းတံခါး၏ အုတ်တိုင်တစ်ဖက်တွင် 'ခိုင်ဗေဟာ'ဟူသော သေးငယ် ...သော်လည်း ခံ့ညားသည့်ဆိုင်းဘုတ်ကို ချိတ်ထား၏။

ဝင်းတံခါးမှာ ပိတ်ထားလျက်ရှိနေသည်။ သို့ရာတွင် တံခါး ...ဘေးဘက်တွင်တော့ လူဝင်ပေါက်တစ်ပေါက်က ပွင့်လျက်သား ...ထဲတွင် တံခါးမှူးကိုလည်း မတွေ့ရ။

တင်မောင်ဆွေက ကားကို ဝင်းတံခါးကိုကျော်လျက် ...မ်း ...းတွင် ရပ်လိုက်ပြီး ကားပေါ်မှဆင်းလျက် ဝင်းတံခါးဆီသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့သည်။ ပြီးလျှင် အသင့်ပွင့်နေသော လူဝင်ပေါက်ထဲမှနေ၍ ဝင်းအတွင်းသို့ လှမ်းဝင်လိုက်သည်။

ဝင်းတံခါးဝမှနေ၍ ညီညာစွာ ခင်းထားသော ကျောက်လမ်းကလေးသည် ညီညာစိမ်းလန်းနေသော မြက်ခင်းကို ကွေ့ဝိုင်းဖြတ်လျက် ခြံလယ်တွင်ရှိနေသော နှစ်ထပ်တိုက်ကြီးဆီသို့ ရှေ့ရှုသွားလေသည်။ တင်မောင်ဆွေက ထိုလမ်းအတိုင်း လျှောက်လိုက်ခဲ့သည်။

ခြံကြီးမှာ တော်တော်ကျယ်ဝန်းကာ စိမ်းလန်းစိုပြည် သပ်ရပ်နေသဖြင့် ကျကျနန ကြည့်ရှုထားကြောင်း သိသာသည်။ သို့ရာတွင် ခြံကြီးအတွင်းဝယ် လူရိပ်လူယောင်ကိုကား မတွေ့ရချေ။

တင်မောင်ဆွေသည် လမ်းအတိုင်း လျှောက်လာရာက နှစ်ထပ်တိုက်ကြီးဆီသို့ လှမ်းကြည့်လိုက်မိသည်။ ယခုခေတ်အမြင်နှင့် ကြည့်လျှင် ခေတ်ဆန်သည်ဟု မဆိုနိုင်သော်လည်း ခိုင်ခံ့သပ်ရပ်ကာ ခံ့ညားလှသည့် အထည်အဝါကလည်း ရှိနေပေ၏။ ပြတင်းပေါက်တွေမှာ ပိတ်ထားသော်လည်း အထဲတွင်တော့ လှပသောခန်းဆီးများ တပ်ဆင်ထားသည်ကို တွေ့ရနိုင်သည်။

အဆင့်အတန်းမြင့်သော လူတွေနေထိုင်ရာ စံဂေဟာ၏ အရှည်အချင်းနှင့် ကျပ်ပြည့်တင်းပြည့် ပြည့်စုံနေသေးသော အဆောက်အအုံတစ်ခုပင် ဖြစ်လေ၏။

တင်မောင်ဆွေက တိုက်ကြီး၏ အိမ်ရှေ့တံခါးမကြီးဆီသို့ အုတ်လှေကားသုံးထစ်မှ တက်လိုက်ကာ တံခါးပေါက်၏ ဘေးတစ်ဖက် အုတ်နံရံတွင် မြှုပ်နှံထားသော လူခေါ်လျှပ်စစ်ခေါင်းလောင်းဖုကလေးကို လက်မဖြင့် နှိပ်လိုက်သည်။ အထဲတွင် လျှပ်စစ်ခေါင်းလောင်းသံ တဂျင်ဂျင် မြည်နေသံကို သူက ကြားရသော်လည်း





တောကြာသွားသည့်တိုင်အောင် ဘယ်သူကမှ လာ၍ တံခါးဖွင့်ပေးချေ။

တင်မောင်ဆွေက ခေါင်းလောင်းဖုကလေးကို နောက်တစ်ကြိမ် ထပ်နှိပ်ကြည့်လိုက်ပြန်သည်။ သို့တိုင်အောင်လည်း ဘယ်သူကမှ လာ၍ တံခါးကို ဖွင့်မပေးချေ။

တင်မောင်ဆွေက အုတ်လှေကားပေါ်မှ ပြန်ဆင်းကာ မှန်ပြတင်းပေါက်တစ်ပေါက်ဆီသို့ လျှောက်သွားပြီး အတွင်းသို့ အသာချောင်းကြည့်လိုက်သည်။ ကျယ်ဝန်း၍ ဧည့်ခန်းနှင့်တူသော အခန်းတစ်ခန်းကို သူက တွေ့လိုက်ရသည်။ အခန်းထဲတွင် ခင်းကျင်းပြင်ဆင်ထားသော အိမ်ထောင်ပရိဘောဂပစ္စည်းတွေမှာ ခမ်းနားလှတော့သည်။ သို့သော်လည်း လူရိပ်လူခြည်ဟူ၍တော့ ဘယ်လိုမှ မတွေ့ရချေ။

တင်မောင်ဆွေက မကျေနပ်သေးဘဲ တိုက်ကြီးကို ဘေးမှပတ်၍ လျှောက်ခဲ့သည်။ ဤတွင် ရွက်လှပင်တန်းတစ်တန်းကို သူက ကျော်လွန်ခဲ့ရပြီးနောက် တင်းနစ်ကုတ်တစ်ခုကို သူက တွေ့လိုက်ရသည်။ ထိုတင်းနစ်ကုတ်အတွင်းဝယ်လည်း လူမတွေ့ရသော်လည်း တစ်ဖက်တွင် ရေကူးကန်တစ်ခုက ရှိနေကာ ထိုနေရာဆီမှ အနောက်တိုင်း ဂီတတေးသံက ခပ်သဲ့သဲ့ ပျံ့ဝဲထွက်လာနေသည်။

အသံရှိလျှင် လူလည်းရှိရပေမည်။ တင်မောင်ဆွေက တင်းနစ်ကုတ်ကိုဖြတ်ကာ ရေကူးကန်ဆီသို့ ဆက်လျှောက်ခဲ့ပြန်သည်။ ရေကူးကန်ဘေးမှ အုတ်ခင်းထားသော ကွက်လပ်တွင် ရောင်စုံထီးကြီးတစ်ခုက ဘေးသို့စောင်းလျက် ပွင့်လျက်သား လဲကျနေသည်။ ဂီတသံသည် ထိုထီးကြီးနောက်မှ ထွက်ပေါ်လာနေခြင်းဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ထိုရောင်စုံထီးကြီးဘေးတွင် ရပ်လိုက်ကာ တီးနောက်သို့ ကြည့်လိုက်သည်။ မြင်ရသော အခြင်းအရာက သူ့ကို ခေတ္တမျှ တိတ်ဆိတ်စွာ ရပ်နေစေလိုက်သည်။

ထီးနောက်တွင် အမျိုးသမီးတစ်ယောက်က အခင်းတစ်ချပ်ပေါ်တွင် ပက်လက်ကလေး လှဲအိပ်နေသည်။ သူမသည် မျက်လုံးများ မှိတ်လျက် မှိန်းနေခြင်း ဖြစ်ဟန်တူသည်။ သူမ၏ ကိုယ်ပေါ်တွင် အနက်ရောင်ရေကူးဝတ်စုံကိုသာ ဝတ်ဆင်ထားရာ ဝင်းဝါစိုပြည်သော သူမ၏အသားများသည် အထင်းသား ပေါ်နေ၏။ သူမ၏ လက်ဝဲဘက်ဘေးတွင် မွေးပွကိုယ်သုတ်ပဝါကြီးတစ်ထည်က ပုံလျက်သားရှိနေကာ သူမ၏ ခေါင်းရင်းတွင်တော့ ထရန်စစ္စတာ ရေဒီယိုတစ်လုံးက အနောက်တိုင်း တေးဂီတသံကို လွှင့်နေသည်။

အင်မတန်မှ အသားအရေစိုပြည်ပြီး ကိုယ်ခန္ဓာအချိုးအဆက်ကျလှသော မိန်းမတစ်ယောက်ပင် ဖြစ်မည်ဟု တင်မောင်ဆွေက စိတ်ထဲတွင် ကြိတ်၍ မှတ်ချက်ချလိုက်မိသည်။

တင်မောင်ဆွေက ချောင်းတစ်ချက်ဟန့်ကာ အသံပြုလိုက်၏။

ထိုအခါမှ အမျိုးသမီးသည် မျက်လုံးများ ပွင့်လာသည်။ သူမ၏ဘေးတွင် ရပ်နေသော တင်မောင်ဆွေအား တွေ့လိုက်ရလျှင် သူမသည် မျက်လုံးများ ပြူးကျယ်လာရာက ငေါက်ခနဲ ထထိုင်လိုက်သည်။ ပြီးနောက် သူမ၏ ဘေးမှ ကိုယ်သုတ်ပဝါကြီးကို ဆတ်ခနဲဆွဲယူလိုက်ကာ ကပျာကယာ ပခုံးတွင်ခြုံလျက် သူမ၏ကိုယ်တွင် ရစ်ပတ်ထားလိုက်၏။

'ရှင် ဘယ်သူလဲ'





တင်မောင်ဆွေက သူ၏ဆွဲဆောင်မှု အရှိဆုံးသော အပြုံးကို သုံးချလိုက်သည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျား၊ ကျွန်တော် ဒိုးဘဲလ်(ခေါင်းလောင်း)နှိပ်တာ ဘယ်သူမှ လာဖွင့်မပေးတာနဲ့ ဒီဘက်ကို လျှောက်လာကြည့်မိတာပါ၊ အခု ကျွန်တော် စကားပြောနေတာ ဒေါ်လွင်လွင်နိုင်ပဲ မဟုတ်ပါလားခင်ဗျာ'

အမျိုးသမီး၏မျက်လုံးများက တင်မောင်ဆွေအား ခြေအဆုံးခေါင်းအဆုံး အကဲခတ်ကြည့်လိုက်သည်။ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်၊ အသားလတ်လတ် လူတစ်ယောက်ကို သူမက တွေ့လိုက်ရသည်။ မည်းနက်ပျော့ခွေသော ဆံပင်များကို သပ်ရပ်စွာ ဖြီးထားသည်။ ဖြူဖွေးသော တက်ထရွန်အင်္ကျီ၊ တက်ထရက်စ် တိုက်ပုံအပေါ်အင်္ကျီနှင့် အကွက်စိပ် ပလေကပ်လုံချည်တို့ကို သေသပ်ပိရိစွာ ဝတ်ဆင်ထားကာ မွန်ရည်သောအသွင်ကို ဆောင်ယူထားနေသည်။

'ဟုတ်ပါတယ်၊ ကျွန်မဟာ လွင်လွင်နိုင်ပါ'

အမျိုးသမီး ပြန်ဖြေသံက ခပ်ဆတ်ဆတ် မဟုတ်တော့၊ သိသာသာ ပျော့ပျောင်းလာသည်။

'ကျွန်တော့်နာမည်က တင်မောင်ဆွေပါခင်ဗျာ'

'ကိုတင်မောင်ဆွေတဲ့လား၊ အင်း… နာမည်ကိုတော့ ကြားသလိုလိုပါပဲ၊ နေပါဦး… ရှင်နဲ့ ကျွန်မ တွေ့ဖူးကြသလား ကိုတင်မောင်ဆွေ၊ ကျွန်မက လူတွေနဲ့ တွေ့ရလွန်းတော့ အားလုံးကို မမှတ်မိတော့ဘူးရှင့်'

လွင်လွင်နိုင်က စဉ်းစားနေသော အမူအရာကလေးဖြင့် တင်မောင်ဆွေအား ခပ်ပြုံးပြုံး ကြည့်လျက် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်းခင်ဗျာ… ကျွန်တော်နဲ့ ဒေါ်လွင်လွင်ခိုင်ဟာ အရင်က မတွေ့ခဲ့ကြဖူးပါဘူး'

'ဟုတ်လား၊ ဒါပေမဲ့ ရှင့်မျက်နှာကိုတော့ ကျွန်မ တွေ့ သလိုလိုပါပဲ၊ ပြီးတော့ ရှင့်နာမည်ကိုလည်း ကြားဖူးနေတယ် ကျွန်မ ထင်မိတယ်'

လွင်လွင်ခိုင်က မေးစေ့တွင် လက်ညှိုးကလေးတစ်ချောင်း ထောက်ကာ ခေါင်းကလေးငဲ့လျက် တင်မောင်ဆွေအား ကြည့်ရာ ပြောလိုက်၏။

'အဲ… ကျွန်တော့်နာမည်နဲ့ ဓာတ်ပုံက သတင်းစာတွေ မှာ ပါလာတတ်ပါတယ်၊ ကျွန်တော့်အလုပ်က စုံထောက်ပါခင်ဗျာ

တင်မောင်ဆွေက ပြန်ဖြေလိုက်လျှင် လွင်လွင်ခိုင်က တစ် တစ်ရာကို သတိရလာဟန်ဖြင့် လက်ဖျောက်ကလေး တစ်ချ တီးလိုက်၏။

'ဟုတ်သားပဲ၊ ရှင်က နာမည်ကျော် စုံထောက်ကြီးတ ယောက်ပဲ၊ ရှင့်အကြောင်းကို ကျွန်မ ကြားဖူးထားပါတယ်၊ ကျွ အသိ စောနှင်းပုလဲက ရှင့်အကြောင်း ကျွန်မကို ပြောပြခဲ့ဖူးတယ်

တင်မောင်ဆွေက ပြုံးလျက် ဦးညွတ်ပြလိုက်သည့်တွ လွင်လွင်ခိုင်က သူမရှေ့ဘက်တွင်ရှိသော စားပွဲဝိုင်းဆီသို့ လျှော သွားကာ ခေါက်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး တင်မော ဆွေ့အား ဘေးမှ ကုလားထိုင်လွတ်ဆီသို့ လက်တစ်ဖက် အသ ယမ်းပြလိုက်၏။

'ကဲ… ထိုင်ပါဦးရှင်၊ ပြီးတော့ ကျွန်မဆီ ဘာကြောင့်လ တယ်ဆိုတာ ပြောပြပါဦး'





'ဟုတ်ကဲ့… ဒေါ်လွင်လွင်ခိုင်က ကျွန်တော့်ကို အကူအညီ တစ်ခု ပေးနိုင်မလားလို့ လာခဲ့တာပါပဲ'

လွင်လွင်ခိုင်က မျက်ခုံးတစ်ဖက် မသိမသာ ပင့်လိုက်သည်။

'ရှင့်ကို ကျွန်မက အကူအညီပေးနိုင်မယ် မဟုတ်လား၊ ဆိုစမ်းပါဦး၊ ဘယ်လို အကူအညီမျိုးလဲ'

'ဒေါ်လွင်လွင်ခိုင့်ကို ပြောရမှာ အားတော့နာပါရဲ့၊ ဒါပေမဲ့ ဦးအောင်မြခိုင် အသတ်ခံရတဲ့အကြောင်းကို ကျွန်တော် အသေးစိတ် သိချင်ပါတယ်၊ ဒေါ်လွင်လွင်ခိုင့်အတွက် စိတ်ထိခိုက်စရာများ ဖြစ်နေမလားတော့ မသိဘူး'

လွင်လွင်ခိုင်၏ နှုတ်ခမ်းများသည် မသိမသာ တွန့်သွားကြသည်။ မဲ့ပြုံးကလေးဟု ဆိုရမည်လားမသိ။

'ကျွန်မယောက်ျားဆုံးခဲ့တာ တစ်နှစ်ကျော်ခဲ့ပါပြီ၊ သူဆုံးခဲ့ရတဲ့အကြောင်းကို အခု ပြန်ပြောပြရလို့ ကျွန်မမှာ စိတ်မထိခိုက်တော့ပါဘူး ကိုတင်မောင်ဆွေ၊ ဒါပေမဲ့ ရှင်က ဘာဖြစ်လို့ ကျွန်မကို လာမေးရတာလဲ၊ ရဲအဖွဲ့မှာ အဲဒီအမှုက မှတ်တမ်းတွေ ရှိနေတာပဲ၊ အဲဒီမှတ်တမ်းတွေကို သွားကြည့်တာက ရှင့်အတွက် ပိုမလွယ်ဘူးလား'

'ဟုတ်ကဲ့… ကျွန်တော် မှတ်တမ်းတွေကို သွားကြည့်ပြီးပါပြီ ဒေါ်လွင်လွင်ခိုင်'

'ဒေါ်လွင်လွင်ခိုင်လို့ အရှည်ကြီးခေါ်မနေပါနဲ့လေ၊ ကျွန်မကို လွင်လို့ပဲ တိုတိုခေါ်ပါ'

'ဟုတ်ကဲ့'

'မှတ်တမ်းတွေကို သွားကြည့်ခဲ့တာ ရှင့်အတွက် မလုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်သေးဘူးလား'

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်ပြလိုက်

လေသည်။

'အဲဒါကို ကျွန်တော် မပြောတတ်ဘူးလေ၊ ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ လူတစ်ယောက်က ပြန်ပြောပြတာက ပိုပြီး ပြည့်စုံမလား

လို့ပါ'

လွင်လွင်နိုင်၏ မည်းနက်တောက်ပသော မျက်လုံးကြီးတွေက ကော့ထောင်နေသော မျက်တောင်တွေကြားမှနေ၍ တင်မောင်ဆွေ့မျက်နှာကို မော့ကြည့်လိုက်သည်။

'ရှင်က ဘာကြောင့် သိချင်တယ်ဆိုတာကို ပထမ ကျွန်မ သိပါရစေလား ကိုတင်မောင်ဆွေ'

'သိရပါတယ်၊ ခင်ဗျားယောကျ်ားကို သတ်သွားတဲ့အမှု ပတ်သက်လာနိုင်တဲ့ အကြောင်းကိစ္စတစ်ခုက ပေါ်လာလို့ပါ'

'ဘယ်လို အကြောင်းကိစ္စလဲရှင့်'

လွင်လွင်နိုင်က တိတိကျကျ ထပ်၍မေးလိုက်သည်။

'ဦးအောင်မြနိုင်ကို ပစ်သတ်ရာမှာ အသုံးပြုခဲ့တဲ့သေနတ်နဲ့ပဲ နောက်ထပ် လူတစ်ယောက် ပစ်သတ်ခံခဲ့ရပါတယ်၊ ဒီတော့ ဦးအောင်မြနိုင် အသတ်ခံခဲ့ရတဲ့ကိစ္စတုန်းက အရေးမကြီးဘူးလို့ ထင်မှတ်ခဲ့ရတဲ့ အချက်အလက်တွေဟာ အခုဆိုရင် အရေးကြီးချင် ကြီးလာနိုင်ပါတယ်'

'သြော်… ဒီလိုလား'

လွင်လွင်နိုင်၏ မျက်လုံးများသည် စိတ်ဝင်စားမှုကို ဖော်ပြလာကြသည်။ 'ဒီလိုဆိုရင် ရဲအဖွဲ့က ကျွန်မဆီ ဘာကြောင့် လာ





မေးကြတာလဲ၊ ရှင်ကသာ ဘာဖြစ်လို့ ကျွန်မဆီကို လာရတာလဲ'

'သူတို့လည်း ခင်ဗျားဆီကို လာကြပါလိမ့်မယ်၊ ကျွန်တော်က သူတို့ထက် အရင်ဦးအောင် လာခဲ့တာပဲဆိုပါတော့'

လွင်လွင်နိုင်က သဘောပေါက်သွားသည့်အလား ဖြည်းညင်းစွာ ပြုံးလိုက်၏။

'အင်း… အင်း… ကျွန်မ နားလည်ပါပြီ၊ ရှင်ဟာ အမှုကိစ္စကို ရဲအဖွဲ့နဲ့အပြိုင် လိုက်တတ်တယ်ဆိုတာကို ကျွန်မ ကြားဖူးပါတယ်။ ပြီးတော့ ရှင်ဟာ လူကြမ်းကြီးတစ်ယောက်ဆိုတာကိုလည်း ကျွန်မ ကြားဖူးထားပါတယ်၊ ဒီတော့ ရှင် သိချင်တာကို ကျွန်မက ပြောမပြဘူးဆိုရင် ရှင်က ကျွန်မကို ဘာလုပ်မှာလဲဟင်'

'ကျွန်တော်ဟာ အားနွဲ့တဲ့ မိန်းကလေးတွေအပေါ်မှာတော့ ကြမ်းတတ်ပါဘူး လွင်'

တင်မောင်ဆွေက ခပ်ပြုံးပြုံး ပြန်ဖြေလိုက်ရ၏။ လွင်လွင်နိုင်ကား ယောကျ်ားတစ်ယောက်အား စိန်ခေါ်တတ်သော မိန်းမတစ်ယောက်ဖြစ်ဟန် ရှိသည်။ သူမက အသံလွင်ကလေးဖြင့် ရယ်မောလိုက်၏။

'ကောင်းပါပြီရှင်၊ ရှင် သိချင်တာကို ကျွန်မ ပြောပြပါ့မယ်၊ နာမည်ကျော်စုံထောက် တင်မောင်ဆွေကို ကူညီရတယ်ဆိုတာ နည်းတဲ့ဂုဏ်ထူးမှ မဟုတ်တာပဲ၊ ကဲ… ဆိုစမ်းပါဦး၊ ရှင်က ဘာများ သိချင်တာလဲ'

'အဲဒီတုန်းက ဘာဖြစ်တယ်ဆိုတာပါပဲ'

သူမက ပြန်စဉ်းစားနေဟန်ဖြင့် ခေတ္တမျှ နှုတ်ဆိတ်နေသည်။ သူမ၏ လင်ယောကျ်ား အသတ်ခံရစဉ်က အဖြစ်အပျက်များသည်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဦးခေါင်းထဲ၌ စွဲထင်လျက် ရှိနေဦးမည်မှာ သေချာလှ သည်။ သို့ရာတွင် ထိုဖြစ်ရပ်တွေကို လက်ငင်းတွေကြုံစဉ်ကလော တော့ သူမသည် စိတ်ထိခိုက်နာကျင်ခြင်း မရှိတော့သည်မှာလည် သိသာနေပေ၏။

ခေတ္တကြာမှ သူမက မော့ကြည့်ကာ စကားစလိုက်သည်

'အဲဒီတုန်းက မနက် ၂-နာရီလောက်ရှင့်၊ ၂-နာရီထိုးပြ ကာစကလေးပေါ့ ရှင်၊ ကိုကိုအောင် အိပ်ရာက ထသွားတာ ကျွ သိလိုက်တယ်၊ ဒါပေမဲ့ ကျွန်မက သိပ်ဂရုမစိုက်မိခဲ့ဘူး၊ ကိုကိုအော ဟာ ညဘက် တစ်ရေးနိုးရင် အောက်ဆင်းပြီး တစ်ခုခု ရှာစားတ တဲ့အကျင့်က ရှိနေတာကိုး၊ အဲဒီအကျင့်ကို သူ ကျောင်းသားဘ ကတည်းက ရခဲ့တာတဲ့၊ ကျွန်မ ပြန်အိပ်မယ်လို့ မှေးနေတုန်း အော ထပ်က ကိုကိုအောင် တစ်ယောက်ယောက်ကို အော်ပြောလိုက် ကြားလိုက်ရတာပဲ၊ ပြီးတော့ သေနတ်သံတစ်ချက်တည်းကို ဒိုင်း ကြားလိုက်ရပြန်တယ်၊ ကျွန်မလည်း အောက်ထပ်ကို ပြေးဆင်းကြ တော့ ကိုကိုအောင် သေနတ်ဒဏ်ရာနဲ့ ကြမ်းပြင်ပေါ်မှာ လဲနေတ ကို တွေ့ရတော့တာပဲ'

'သူ ဘာပြောသွားနိုင်သေးသလဲ'

လွင်လွင်ခိုင်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလို သည်။

'ဘာမှ ပြောမသွားနိုင်ရှာပါဘူး၊ ကျွန်မနာမည်ကိုသ တမခွန်းခေါ်သွားနိုင်ရှာတယ်'

လွင်လွင်ခိုင်သည် စို့တက်လာသော မျက်ရည်တွေကို ထိ ထားလိုက်သည့်အလား မျက်တောင်များကို ဝ ဖျတ်ဖျတ် ခတ်လို





ပြီးမှ စကားကို ဆက်ပြန်သည်။

'ကျွန်မလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ သူ့ အလောင်းကိုသာ ဖက်ပြီး ငိုနေမိတော့တာပေါ့၊ တော်တော်ကလေး ကြာမှ သတိရလာပြီး ရဲတွေကို ဖုန်းဆက်ခေါ်လိုက်ရတော့တာပဲ'

'ရဲတွေ ရောက်လာတော့ကော'

'သူတို့ကို ချက်ချင်း မခေါ်ကောင်းလားလို့ အပြစ်တင်တာ ပေါ့ရှင်၊ အခုတော့ လူသတ်သမားက ထွက်ပြေးသွားဖို့ အချိန်ရသွား ပြီတဲ့၊ ကျွန်မလည်း စိတ်တွေချောက်ချားနေတော့ ဒါကို ဘယ်သတိရ နိုင်မှာလဲ၊ လူသတ်သမား လွတ်သွားတာဟာ ကျွန်မအပြစ် ဖြစ်နေ တော့တာပေါ့'

လွင်လွင်ခိုင်က စကားရပ်လိုက်ကာ နှုတ်ခမ်းကလေးကို ကိုက်ထားလိုက်သည်။

'ဒီလိုလည်း မဆိုနိုင်ပါဘူး လွင်ရယ်၊ ဦးအောင်မြခိုင်ကို သေနတ်နဲ့ပစ်ပြီးချင်းချင်း လူသတ်သမားက ထွက်ပြေးသွားပြီးရော ပေါ့၊ ပြီးတော့ မိန်းမသားတစ်ယောက်အနေနဲ့ ဒီလိုကိစ္စမျိုးမှာ ရဲဘက် ကို အရင်ဦးဆုံးခေါ်ရတယ်ဆိုတာကိုလည်း ဘယ် ဖြုန်းခနဲ သတိရ နိုင်မှာတဲ့လဲ'

တင်မောင်ဆွေက ကိုယ့်ကိုယ်ကို အပြစ်တင်နေပုံရသော လွင်လွင်ခိုင့်အား နှစ်သိမ့်လိုက်၏။ ထိုအခါမှ လွင်လွင်ခိုင်ကဦးခေါင်း ကလေး ညိတ်လိုက်၏။

'ကိုဆွေ ပြောတာလည်း ဟုတ်တာပဲ၊ ဒါပေမဲ့ ရဲတွေ ရောက်လာတော့ သူတို့လည်း ဘာမှမတတ်နိုင်တော့ဘူးပေါ့၊ လူ သတ်သမားက ကိုကိုအောင့်ကို ပစ်သတ်ပြီး အခန်းဘေး တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကနေ ထွက်ပြေးသွားခဲ့တယ်လို့သာ သူတို့က ပြောနိုင်တယ်၊ ခြေရာလက်ရာဆိုလို့လည်း ဟုတ်တိပတ်တိ ဘာမှမကျန်ရစ်ခဲ့ဘူး တဲ့'

'အိမ်ထဲမှာကော'

'မီးခံသေတ္တာတံခါးက ပွင့်နေတယ်လေ၊ အထဲမှာတော့ ဘာမှ မရှိတော့ဘူး၊ သူခိုးက မီးခံသေတ္တာကိုဖွင့်ပြီး ပစ္စည်းတွေ ယူနေတုန်းမှာ ကိုကိုအောင်က လက်ပူးလက်ကြပ် ဖမ်းမိလို့ သူခိုးက သေနတ်နဲ့ပစ်ပြီး ထွက်ပြေးသွားတာပဲလို့ ရဲတွေက ယူဆကြတယ်'

'သူခိုးက မီးခံသေတ္တာကို ဖောက်ဖွင့်တာလား'

လွင်လွင်ခိုင်က နဖူးရေကလေးတွန့်ကာ ဦးခေါင်းကလေးကို ယမ်းခါပြလိုက်၏။

'မီးခံသေတ္တာတံခါးမှာ ဘာအရာမှ ထင်မကျန်ရစ်ခဲ့ဘူး၊ သူ ဖွင့်တဲ့နည်းအတိုင်း ဖွင့်ထားတာပဲ၊ ဒါကြောင့် သူခိုးက ကိုကိုအောင့်ကို သေနတ်နဲ့ ခြိမ်းခြောက်ပြီး မီးခံသေတ္တာကို ဖွင့်ခိုင်းတာ ဖြစ်ရမှာပဲလေ'

'မီးခံသေတ္တာဖွင့်တဲ့ ကွန်ဘီနေရှင်းကို ဘယ်သူက သိသလဲ'

'ကိုကိုအောင်တစ်ယောက်ပဲ သိတယ်လို့ ကျွန်မ သိထားရတာပဲ ကိုတင်မောင်ဆွေ'

'သတင်းစာတွေမှာ ကျွန်တော် ဖတ်ကြည့်ခဲ့ရတော့ မီးခံသေတ္တာထဲမှာ အရေးကြီးတဲ့ပစ္စည်းဆိုလို့ ဘာမှ မရှိဘူးတဲ့၊ အဲဒါ အမှန်ပဲလား လွင်'

'အမှန်ပါပဲ ကိုဆွေ၊ မီးခံသေတ္တာထဲမှာ ငွေ ၅၀၀ ထက်





ရှိနိုင်ပါဘူး၊ ပြီးတော့ ကျွန်မရဲ့ လက်ဝတ်လက်စားအတုတွေ ဘယ်၊ စုစုပေါင်းမှ တစ်ထောင်လောက် တန်ပါတယ်၊ တခြား ည်းဆိုလို့လည်း စာရင်းစာအုပ်နှစ်အုပ်ရယ်၊ ကိုကိုအောင်ရဲ့ သက်အာမခံစာချုပ်ရယ်ပဲ ရှိတယ်၊ စာရင်းစာအုပ်နဲ့ အသက် မခံစာချုပ်ကို မီးခံသေတ္တာအပြင်ဘက် ကြမ်းပေါ်က ပြန်ရခဲ့တယ် သ'

တင်မောင်ဆွေက ခေတ္တမျှ နှုတ်ဆိတ်နေလိုက်ပြီးမှ မေးခွန်း ဆက်ထုတ်ပြန်သည်။

'မီးခံသေတ္တာဖွင့်တဲ့ ကွန်ဘီနေရှင်းကို လွင်ကကော မသိ လား'

'ဟုတ်တယ် မသိပါဘူး၊ သိဖို့လည်း မလိုခဲ့ပါဘူးလေ၊ မီးခံသေတ္တာထဲမှာ ကိုကိုအောင်ရဲ့ပစ္စည်းတွေ သက်သက်သာ ည့်ထားတာပဲ'

'အစေခံတွေကော မရှိဘူးလား'

'အဲဒီတုန်းက ကျွန်မတို့ အစေခံနှစ်ယောက် ထားခဲ့တယ်၊ ယောက်စလုံး အသက်ကြီးကြပါပြီ၊ အခု သူတို့ မရှိကြတော့ ဘူး'

'သူတို့ဟာ ယုံကြည်ရရဲ့လား'

လွင်လွင်ခိုင်က ပြုံးကာ ခေါင်းကလေးညိတ်လိုက်သည်။

'သူတို့ဟာ ကိုကိုအောင့်မိဘ လက်ထက်ကတည်းက နေ ခဲ့ကြတာပဲ၊ သူတို့ကို မသင်္ကာစရာအကြောင်း ဘယ်လိုမှ မရှိခဲ့ ဘူး'

တင်မောင်ဆွေက မကျေနပ်သေးပေ။ ဦးအောင်မြင့်သည်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်သော သူခိုး၏ အသတ်ခံသွားရခြင်းထက် အခြားသော အကြောင်း ရှိလိုရှိငြား ထပ်မံ ကြိုးစား စူးစမ်းကြည့်ပြန်သည်။

'မီးခံသေတ္တာထဲမှာ လွင် မသိတဲ့ တခြား အရေးကြီးတဲ့ ပစ္စည်းတစ်ခုခုကော မရှိနိုင်ဘူးလား'

'အင်း... ရှိနိုင်တာပေါ့ ကိုတင်မောင်ဆွေ'ဟု လွင်လွင်ခိုင်က ချက်ချင်းပင် ပြန်ဖြေလိုက်သည်။ တင်မောင်ဆွေက စိတ်အားထက်သန်စွာဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်မိသည်။

'ကိုကိုအောင်ဟာ ကျွန်မ ဘာမှမသိတဲ့ ပစ္စည်းတစ်ခုခုကို မီးခံသေတ္တာထဲမှာ ထည့်ထားနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ထည့်ထားခဲ့တယ်လို့တော့ ကျွန်မ မထင်မိပါဘူး၊ ရှင် ဆိုလိုတာက ကိုကိုအောင်ဟာ တိုင်းပြည်နဲ့ပတ်သက်တဲ့ လျှို့ဝှက်စာရွက်စာတန်းတွေကို ပြောတာ မဟုတ်လား'

လွင်လွင်ခိုင်က တင်မောင်ဆွေမျက်နှာကို စိုက်ကြည့်လျက် နောက်ဆုံးမေးခွန်းကို မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်၊ ဦးအောင်မြခိုင်ဟာ အရေးပါ အရာရောက်တဲ့ အစိုးရအရာရှိကြီးတစ်ယောက် မဟုတ်လား၊ သူဟာ အစိုးရရဲ့ လျှို့ဝှက်တဲ့ ကိစ္စတွေကို တာဝန်ခံကိုင်ထားခဲ့ရတယ်လို့ ကျွန်တော် နားလည်ခဲ့ရပါတယ်'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ ဒါကြောင့်လည်း ကိုကိုအောင်ဟာ အင်မတန်မှ သတိရှိခဲ့ပါတယ်၊ သူ့အလုပ်တာဝန်နဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ စာရွက်စာတန်းမှန်သမျှကို သူဟာ အိမ်မှာ မထားဘဲ သူ့ဘဏ်တိုက်က ဆေ့ဖ်ဒက်ပိုဇစ်ဘောက်စ်* ထဲမှာသာ

* မိမိ၏ အရေးကြီးသော ပစ္စည်းများကို ထည့်သိမ်းထားရန် ဘဏ်တိုက်များတွင် ငှားရမ်း၍ရသည့် ကိုယ်ပိုင်မီးခံသေတ္တာ



ထည့်သိမ်းထားခဲ့ပါတယ်၊ သူ ဆုံးသွားကြောင်း သိရချင်းချင်းပဲ ...ထူး ထောက်လှမ်းရေးက သူ့ဘဏ်တိုက်ကိုသွားပြီး အဲဒီ စာရွက်စာတန်းတွေကို ပြန်သိမ်းသွားကြတယ်၊ တစ်ခုမကျန် ပြန်ရတယ်...လည်း သိရတယ်'

လွင်လွင်ခိုင်သည် စကားရပ်လိုက်ပြီးနောက် တင်မောင်ဆွေအား စူးစူးစမ်းစမ်း အမူအရာဖြင့် ကြည့်လိုက်သည်။

'နေစမ်းပါဦး ကိုတင်မောင်ဆွေ၊ ရှင်က ဘယ်လိုရည်ရွယ်...တ်နဲ့ ဒါကို မေးနေရတာလဲ'

တင်မောင်ဆွေက ထိုမေးခွန်းကို အဖြေမပေးနိုင်ချေ။ ကြုံ...ကြုံကျတိုက်ဆိုင်မှုသာ ဖြစ်ရမည်ဟု သူက ဆုံးဖြတ်ရတော့မည် ...၏။ လူနှစ်ယောက်ကို သတ်ရာ၌ သေနတ်တစ်လက်ကိုသာ ...သုံးပြုခဲ့သည်။ ဒါပဲ ဖြစ်၏။ တစ်ယောက်မှာ လွန်ခဲ့သည့် တစ်...ကျော်က အသတ်ခံခဲ့ရပြီး ကျန်တစ်ယောက်ကတော့ ယခုမှ ...သတ်ခံခဲ့ရသည်။ ထိုအချိန်အတောအတွင်းဝယ် သေနတ်သည် ...က်ပြောင်းသွားနိုင်ပေသည်။

'ကျွန်တော် ကြိုးစားဆက်စပ်ကြည့်တာပါ လွင်၊ ဒါပေမဲ့ ...နတော် စိတ်ဝင်စားနေတဲ့ အမှုနဲ့ လွင့်ယောကျ်ား အသတ်ခံရတဲ့ ...မှုဟာ ဆက်စပ်မှုရှိပုံ မရပါဘူး'

'ဟုတ်လား၊ ကျွန်မ မကူညီနိုင်တာ ဝမ်းနည်းပါတယ် ...ိုတင်မောင်ဆွေ'

'ကိစ္စမရှိပါဘူး လွင်၊ အမှုကိုလိုက်စုံထောက်ရာမှာ ဒီလိုပဲ ဆက်စပ်မှုရှိ မရှိ လိုက်ရှာရတာပါပဲ'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လွင်လွင်နိုင်က သူ့ကို အားနာသော အမူအရာကလေးဖြင့် မော့[illegible]
ကြည့်လိုက်၏။

'ရှင့်ကို ကျွန်မ ဘာများကူညီနိုင်သေးသလဲ ကိုတင်မောင်
ဆွေ'

'အဲ... ဦးအောင်မြနိုင် အသတ်ခံရတဲ့ အခန်းကို ကျွန်တော်
ကြည့်ခွင့်ရမယ်ဆိုရင်တော့...'

'ကြည့်ရပါတယ်ရှင်'

လွင်လွင်နိုင်က တင်မောင်ဆွေအား တိုက်ကြီး၏အောက်ခါး[illegible] တစ်ခုမှ တိုက်တွင်းသို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် ဦးအောင်မြနိုင် အသတ်ခံခဲ့ရသော တိုက်အောက်ထပ်ရှိ ဦးအောင်မြ နိုင်၏ အလုပ်ခန်းသို့ လိုက်ပို့ပေးကာ အဝတ်သွားလဲဦးမည်ဟုဆို လျက် တင်မောင်ဆွေအား တစ်ယောက်တည်း ထားပစ်ခဲ့လေသည်။

တင်မောင်ဆွေက အခန်းကို လှည့်ပတ်ကြည့်ရှု အကဲခတ် လိုက်သည်။ အခန်းသည် ယောကျ်ားဆန်လှသည့် အခန်းတစ်ခန်းဖြစ် လေသည်။ ယောကျ်ားတစ်ယောက် ကိုယ့်စိတ်ကြိုက်အတိုင်း သက် သက်သာသာ လွတ်လွတ်လပ်လပ်နေနိုင်ရန် စီမံထားသည့်အခန်းတစ် ခန်းဖြစ်လေသည်။ ကြီးမားသော စားပွဲတစ်လုံးနှင့် ဆုံလည်ကုလား ထိုင်တစ်လုံးက ပြတင်းပေါက်တစ်ပေါက်ကို မျက်နှာပြုလျက်သား ရှိနေသည်။ အခြားကုလားထိုင်များကား ကြီးမားကျယ်ဝန်းကာ လူ တစ်ယောက် သက်သာချောင်ချိစွာ ထိုင်နိုင်သည့် ကုလားထိုင်များ ဖြစ်ကြလေသည်။

မီးခံသေတ္တာကား ဝေါလ်ဆေးဖ်ခေါ် နံရံတွင် မြှုပ်နှံထား သည့် သေတ္တာကလေးဖြစ်လေသည်။ ထိုသေတ္တာကို ၂ပေ×၃ပေ





[illegible]သော ရှုခင်းပန်းချီကားတစ်ချပ်က ဖုံးကွယ်ထား၏။ လွင်လွင်နိုင် [illegible] အဝတ်လဲရန် ထွက်ခွာမသွားမီ ထိုသေတ္တာကိုပြကာ စားပွဲအံဆွဲ [illegible]မှ သေတ္တာဖွင့်နည်း ဂဏန်းပေါင်း ရေးမှတ်ထားသော စာရွက် [illegible]လေးကိုလည်း ထုတ်ပေးသွားခဲ့၏။

ယခု တင်မောင်ဆွေက မီးခံသေတ္တာ၏ ဒိုင်ခွက်တွင် ထို [illegible]န်း(၇)ခုကို ဆွဲလှည့်လိုက်ရာ ချက်ခနဲ သော့ပွင့်သွားသဖြင့် [illegible]ခါးကို အသာဆွဲဖွင့်လိုက်လေသည်။ မီးခံသေတ္တာထဲတွင် ဘာ [illegible]ည်းမှ ရှိမနေချေ။

မီးခံသေတ္တာကို တင်မောင်ဆွေက စစ်ဆေးကြည့်ရှုရာ အင် [illegible]န်မှ ကောင်းမွန်သော ပထမတန်းစား မီးခံသေတ္တာတစ်လုံး ဖြစ် [illegible]သည်ကို တွေ့ရလေသည်။ ထိုမီးခံသေတ္တာမျိုးကို ဖွင့်နည်း ကွန်ဘီ [illegible]ရှင်း ဂဏန်းပေါင်းကိုမသိဘဲ ဘယ်လိုမှဖွင့်၍ရနိုင်မည်မဟုတ်ချေ။ [illegible] စိတ်ချရသော မီးခံသေတ္တာမျိုးကို အပေါစားလက်ဝတ်လက် [illegible]အတုတွေနှင့် အရေးမကြီးသော စာရွက်စာတမ်းတွေ သိမ်းဆည်း [illegible]ဖို့သာ အသုံးပြုခဲ့သည်ဆိုခြင်းမှာ အံ့သြဖို့ကောင်းနေတော့သည်။

ဤမီးခံသေတ္တာသည် အဘယ်မျှ စိတ်ချရပါသနည်းဆိုလျှင် [illegible]တ်များဖွင့်ပါက သတိပေးသော စံနစ်ပါ ပါရှိကြောင်းကို တင် [illegible]င်ဆွေက တွေ့ရသည်။ ထို့ကြောင့် သူက မီးခံသေတ္တာကို [illegible]ပိတ်ကာ တမင်တကာပင် ဒိုင်ခွက်နံပါတ်များ၍ လှည့်လိုက်၏။

ဆယ်မိနစ်အတွင်းဝယ် ခြံထဲသို့ ရဲအရာရှိတစ်ယောက်နှင့် [illegible]းတစ်ယောက် ပြေးဝင်လာသည်ကို တင်မောင်ဆွေက တွေ့လိုက် [illegible]သည်။ သူတို့သည် မော်တော်ဆိုင်ကယ်တစ်စင်းဖြင့် ရောက်လာ [illegible]ခြင်းဖြစ်ကာ လက်ထဲတွင် သေနတ်အသီးသီး ကိုင်ထားလျက်သား



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ကြ၏။ ရဲအရာရှိသည် အလုပ်ခန်းထဲသို့ ပြေးဝင်လာ… မီးခံသေတ္တာနားတွင် ရပ်နေသော တင်မောင်ဆွေ့အား လက်ထဲ… သေနတ်ဖြင့် ချိန်ထားလိုက်လေ၏။

'ဟေ့ကောင်… လက်မြှောက်စမ်း'

'ကိစ္စမရှိပါဘူး မိတ်ဆွေ၊ ကျွန်တော် သူခိုးမဟုတ်ပါဘူး'

တင်မောင်ဆွေက လက်နှစ်ဖက် မြှောက်ထားရာက ခပ်ပြုံ… ပြုံး ပြန်ဖြေလိုက်သည်။

'မင်း ဒီမှာ ဘာလာလုပ်နေတာလဲ'

'ကျွန်တော် မီးခံသေတ္တာကို စစ်ဆေးကြည့်တာပါ'

ထိုစဉ် လွင်လွင်ခိုင်နှင့် ကျန်ရဲကြပ်ကြီးက အခန်းထဲသို့ ဝင်လာပြန်သည်။ လွင်လွင်ခိုင်မှာ ရဲတွေကိုတစ်လှည့်၊ တင်မောင်ဆွေ ကိုတစ်လှည့်၊ စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ကြည့်လိုက်၏။

'ဘာဖြစ်တာလဲ ကိုတင်မောင်ဆွေ'

'ကျွန်တော် မီးခံသေ…ကို စစ်ဆေးကြည့်တာပါ လွင်… မီးခံသေတ္တာမှာ နံပါတ်များလှည့်ရင် သတိပေးတဲ့စနစ်ရှိနေတာ တွေ့… လို့ ဘယ်လိုသတိပေးတာမျိုးလဲလို့ စမ်းကြည့်တာမှာ ဟောဒီရဲတွေ ရောက်လာတာပဲ'

'အစ်မကြီးက ဒီလူ့ကိုသိသလား'

'ဟုတ်ကဲ့ သိပါတယ်၊ မီးခံသေတ္တာကို စစ်ဆေးကြည့်… ကျွန်မက သူ့ကို ခွင့်ပြုခဲ့တာပါ'

ထိုအခါမှ ရဲနှစ်ယောက်က သေနတ်တွေကို ပြန်သိမ်းလိုက်… ကာ ဒု-လုံခြုံရေးမှူးက တင်မောင်ဆွေ့အား အပြစ်တင်သလို ကြည့်… လိုက်သည်။





'ခင်ဗျား မီးခံသေတ္တာက အလမ်း(သတိပေးစနစ်)ကို စမ်း …ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ဆီကို ကြိုတင်အကြောင်းကြား …ကောင်းတယ်ဗျာ၊ ဒီမီးခံသေတ္တာမျိုးက ဒီအရပ်ထဲမှာ တစ်လုံးတည်း …ဘာ၊ ကျုပ်တို့ရဲဌာနနဲ့ ဒီမီးခံသေတ္တာက လျှပ်စစ်နည်းနဲ့ဆက်ထားတာ … မီးခံသေတ္တာဒိုင်ခွက်မှာ နံပါတ်တွေ မှားလှည့်မိတာနဲ့ တစ်ပြိုင်နက် …ကျွန်တော်တို့ရဲဌာနမှာ ချက်ချင်းအလမ်းက လာမြည်တယ်'

'ဟုတ်ကဲ့… အခု ကျွန်တော်သိပါပြီ၊ ကျွန်တော် ကြိုတင် …သိမပေးတာက အလမ်းစစ်စတမ် (သတိပေးစနစ်)က ဘယ်လိုဆို …ဘာ မသိရလို့ပါ'

တင်မောင်ဆွေက အနူးအညွတ် တောင်းပန်လိုက်သဖြင့် …အရာရှိသည် ကျေနပ်သွားပုံရလေသည်။

'ကျွန်မလည်း ဒီလို အလမ်းတပ်ထားတယ်ဆိုတာ မ…ခဲ့ပါ …ဘူးရှင်'

လွင်လွင်ခိုင်က ဝင်ပြောလိုက်ပြန်၏။ တင်မောင်ဆွေက …အရာရှိအား ပြုံး၍ကြည့်လိုက်သည်။

'ကျွန်တော် ခင်ဗျားကို တစ်ခုမေးပါရစေလား၊ အတွင်းဝန် …ဦးအောင်မြခိုင် အသတ်ခံရတုန်းက ခင်ဗျား ဒီကရဲဌာနမှာပဲရှိခဲ့ပါ …သလား ခင်ဗျာ'

'ဟုတ်ကဲ့ ရှိခဲ့ပါတယ်'

'အဲဒီညကကော ခင်ဗျားတို့ ရဲဌာနမှာ အလမ်းမြည်ခဲ့သေး …သလားဗျာ'

ဒု-လုံခြုံရေးမှူးက တင်မောင်ဆွေ့မျက်နှာကို စူးစူးစိုက်စိုက် …ကြည့်ရှုလိုက်သည်။ ပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… မပြည့်ခဲ့ပါဘူး'ဟု ပြန်ဖြေလိုက်၏။

'ဒီလိုဆိုရင် ဦးအောင်မြိုင်ကို ပစ်သတ်သွားခဲ့တဲ့ သူခိုးဟာ ဒီမီးအာမခံဖွင့်နည်းအမှန်ကို သိခဲ့တယ်ပေါ့'

'ဒါမှမဟုတ်လည်း သူခိုးက ဦးအောင်မြိုင်ကို သေနတ် ခြိမ်းခြောက်ပြီး မီးခံသေတ္တာကို ဖွင့်ခိုင်းတာဖြစ်ရမယ်။ ဦးအောင်မြိုင် ကလည်း 'မီးခံသေတ္တာထဲမှာ အဖိုးတန်ပစ္စည်းတွေ သိပ်မရှိဘေ… အသက်အန္တရာယ်ကိုငဲ့ပြီး မီးခံသေတ္တာကွန်ဗီနေးရှင်းကို အမှန်အတိုင်း လှည့်ဖွင့်ပေးလိုက်တာ ဖြစ်မှာပဲ'

'ဒါနဲ့တောင် သူခိုးက ဦးအောင်မြိုင်ကို သတ်သွားခဲ့သေး တာပဲလေ'

ရဲအရာရှိက ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်၏။

'ဒါကလည်း ကျွန်တော် ဒီလိုတွေးမိတယ်ဗျ။ ဦးအောင်မြိုင် ဟာ သတ္တိနည်းတဲ့ လူတစ်ယောက်မဟုတ်ဘူး။ မီးခံသေတ္တာကိုဖွင့် ပေးပြီး သူခိုးက အထဲပစ္စည်းတွေကို ခိုးယူနေတုန်း သူက အနှ… ကောင်းယူပြီး သူခိုးကို တိုက်ခိုက်ခဲ့ပါလိမ့်မယ်၊ ဒါပေမဲ့ သူခိုးက သူ့ထက် လက်ချက်ဦးသွားတာပဲ ဖြစ်ရမယ်'

တင်မောင်ဆွေက သူ့ပခုံးများကို အသာတွန့်လိုက်သည်။

'ဒါမှမဟုတ်လည်း သူခိုးကို မီးခံသေတ္တာဖွင့်ရက်သား လက်ပူးလက်ကြပ် ဖမ်းမိလို့ သူခိုးက ပစ်သတ်သွားတာကော မဖြ… နိုင်ဘူးလား'

'ဒါလည်း စဉ်းစားစရာပဲပေါ့လေ'ဟု ရဲအရာရှိက ပြန်ဖြေပြီးနောက် တင်မောင်ဆွေအား စူးစမ်းသောအမူအရာဖြင့် ကြည့်လိုက်၏။



'နေပါဦးဗျ။ ခင်ဗျားက ဘယ်သူလဲ၊ ခင်ဗျားက ဒီကိစ္စနဲ့ ဘယ်လိုဆိုင်လို့လဲ'

'ကျွန်တော့်မိတ်ဆွေ တစ်ယောက်ဟာလည်း ဦးအောင်မြိုင် ကို ပစ်သတ်သွားတဲ့ သေနတ်နဲ့ပဲ ပစ်အသတ်ခံခဲ့ရတယ်ဗျ'

ရဲအရာရှိ မျက်ခုံးများပင့်လိုက်သည်။

'ဒီအမှုက ဘယ်မှာဖြစ်ခဲ့တာလဲ၊ ကျုပ်တို့တော့ ဘာမှမသိ သေးပါကလား'

'ခင်ဗျားတို့ဆီ ဒီသတင်း ရောက်လာပါလိမ့်မယ်၊ မြို့မစုံ ထောက်အဖွဲ့က မှုခင်းစစ်ဆေးရေးအရာရှိ ဒုကြီးကြပ်ရေးမှူး ဦးသောင်းဖေက ဒီအမှုကို ကိုင်နေတယ်ဗျ'

ရဲအဖွဲ့ဝင်နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်ကြသည်။ သို့ရာတွင် နောက်ထပ် ဘာမှမမေးကြ တော့ဘဲ လွင်လွင်ခိုင်ကို နှုတ်ဆက်ကာ ပြန်သွားကြလေ၏။

ရဲအရာရှိနှစ်ယောက် ထွက်သွားကြသည့်အခါတွင် လွင်လွင် ခိုင်က ဆိုဖာတစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်ရာက တင်မောင်ဆွေအား မော့ကြည့်လိုက်၏။

'ကဲ… ရှင် နောက်ထပ်ဘာမေး ဘာလုပ်ချင်သေးသလဲ ကိုတင်မောင်ဆွေ'

'မီးခံသေတ္တာဖွင့်တဲ့ ကွန်ဗီနေးရှင်းနံပါတ်စာရင်းမှတ်ထားတဲ့ ကတ်ပြားကလေးကို ဦးအောင်မြိုင်က စားပွဲအံဆွဲထဲမှာ အမြဲထား သလားဟင်'

'မထားပါဘူး ကိုဆွေရဲ့၊ သူ့ရှေ့နေက သူ့စာရွက်စာတမ်း တွေနဲ့အတူ ဘဏ်တိုက် ဒက်ပိုဇစ်ဘောက်စ်ထဲမှာ ရှာတွေ့မှ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးထားတာပါ၊ ကျွန်မလည်း မီးခံသေတ္တာဖွင့်ချင်ရင် အသုံး ရအောင်ဆိုပြီး စားပွဲအံဆွဲထဲ ထည့်ထားခဲ့တာပဲ၊ ဒါပေမဲ့ ကျွ မီးခံသေတ္တာကို တစ်ခါမှ မဖွင့်ခဲ့ဘူး၊ ဖွင့်စရာအကြောင်းကလည်း မပေါ်ခဲ့ဘဲကိုး၊ ဘာဖြစ်လို့ မေးတာလဲ ကိုဆွေ'

တင်မောင်ဆွေက ခေါင်းကိုယမ်းခါလိုက်၏။

'ကျွန်တော်ကိုယ်တိုင်လည်း အတိအကျ မသိပါဘူး လွ ဆက်စပ်မှုကို တွေ့လိုတွေ့ငြား ရှာကြည့်နေတာပဲ'

'ဆက်စပ်မှုကိုကော တွေ့ရရဲ့လား ကိုဆွေ'

တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်ပြလို သည်။

'ဦးအောင်မြခိုင်ကို ဖတ်သတ်သွားတဲ့ သူခိုးဟာ မီးခံသေ တွေထဲမှာ ထည့်ထားတဲ့ လွင့် လက်ဝတ်လက်စားတွေကိုပဲ လ တာဖြစ်နိုင်တယ်'

'ဒါပေမဲ့ အဲဒီလက်ဝတ်လက်စားတွေက အဖိုးမတန် အတုတွေဟာပဲ ကိုဆွေ၊ လွင့်လက်ဝတ်လက်စား အစစ်တွေကိုတော ဘဏ်တိုက်မှာသာ အပ်ထားတာပဲ'

'လက်ဝတ်လက်စား အတုတွေဆိုတာကို သူခိုးက သိချ သိခဲ့မှာကိုး'

'အင်း... ဖြစ်နိုင်တာပဲလေ၊ နို့... ဆက်စပ်မှုဆိုတာ ဘာလဲ'

'အခု အသတ်ခံရတဲ့လူကလည်း နိုင်ငံခြားကို ကျောက် ပတ္တမြားတွေ ခိုးထုတ်နေတဲ့အလုပ်နဲ့ ပတ်သက်နေတဲ့ လူတစ်ယော ပဲ လွင်ရဲ့'



တင်မောင်ဆွေသည် ပြောနေရင်းကပင် သူ့အတွေးတွေက ချစ်လှဆီသို့ ရောက်သွားကြသည်။ နိုင်ငံခြားရေးဌာနမှ နိုင်ငံခြား သတင်းထောက်လှမ်းရေးအတွက် လျှို့ဝှက်အထောက်တော်အဖြစ် တာဝန်ထမ်းရင်း သင်္ဘောသားအသွင်ကို ယူထားသည့် ချစ်လှသည် ဇီဇီနှင့် ဘယ်လိုများ ပတ်သက်နိုင်ခဲ့မည်လဲ၊ ယခု ဇီဇီကကော ဘယ်ရောက်နေသလဲ၊ သူမအား သူက အချိန်မီ ရှာတွေ့နိုင်ပါ့မလား။

ဆေးရုံမှ ဂျင်မီမျက်နှာကို ပြန်လည် မြင်ယောင်လာမိရာက တင်မောင်ဆွေသည် ဇီဇီကို ဖြစ်သည့်နည်းဖြင့် မတွေ့တွေ့အောင်ရှာ မည်ဟု သန္နိဋ္ဌာန်ချလိုက်မိပြန်လေ၏။

လွင်လွင်ခိုင်က ချောင်းဟန့်သံကလေးတစ်ချက် ပြုလိုက် သည့်အခါတွင်မှ တင်မောင်ဆွေက လက်ရှိအချိန်ကို ပြန်၍သတိရ လာမိသည်။

'ကဲ... ကျွန်တော့်ကို ခွင့်ပြုပါဦး လွင်၊ အခုလို အကူအညီ ပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ'

'ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်၊ အကူအညီပေးနိုင်ရင်ပဲ ဝမ်းသာလှပါပြီ၊ နောက်ကိုလည်း လွင့်ဆီကို အချိန်မရွေး လာနိုင်ပါ တယ်'

ပြောပြောဆိုဆို လွင်လွင်ခိုင်က လက်တစ်ဖက် ကမ်းပေး လိုက်ရာ တင်မောင်ဆွေက အသာဆုပ်ကိုင် ဖျစ်ညှစ်လိုက်ရ၏။

လွင်လွင်ခိုင်သည် တင်မောင်ဆွေအား တိုက်ကြီး၏တံခါးမ အထိ လိုက်ပို့ကာ တင်မောင်ဆွေ ခြံထဲမှလျှောက်ထွက်သွားသည် အထိ အပေါက်ဝတွင် ရပ်စောင့်ကြည့်နေလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်တစ် -

ဦးထွန်းညွန့်ပေးထားသော တယ်လီဖုန်းနံပါတ်အတိုင်း ဖုန်း ဆက်ကြည့်လိုက်ရာ နောက် မိနစ်နှစ်ဆယ်အတွင်း လမ်းလေးဆယ် ၌ရှိသော နှင်းဥယျာဉ်ဟိုတယ်၌ တွေ့ဆုံကြရမည်ဟု ဦးထွန်းညွန့် ပြန်၍ ချိန်းလိုက်လေသည်။

နှင်းဥယျာဉ်ဟိုတယ်ထဲသို့ တင်မောင်ဆွေ ဝင်သွားသည့် အခါတွင် ဦးထွန်းညွန့်သည် အရင်ရောက်နှင့်ကာ သီးသန့်အခန်းတ ခန်း၌ ရှေ့တွင် လက်ဖက်ရည်ကြမ်းအိုး တစ်လုံးချပြီး ထိုင်စောင့် သည်ကို တွေ့ရလေသည်။ ၎င်းသည် ထုံးစံအတိုင်းပင် အဝတ်အစား ကို ပကတိသပ်ရပ်စွာ ဝတ်ဆင်ထားပြီး အမူအရာကလည်း အေးဆေး တည်ငြိမ်လျက် ရှိနေလေ၏။ သူ့ကိုကြည့်လိုက်လျှင် လောကကြီး ဘယ်လို အပူအပင်မှမရှိသော လူတစ်ယောက်ဟု ထင်မှတ်ရ

တင်မောင်ဆွေက သူ့ရှေ့တွင် ဝင်ထိုင်လိုက်လျှင် ၎င်း တင်မောင်ဆွေအား အပြုံးသဲ့သဲ့ဖြင့် ကြည့်လိုက်၏။





'ခင်ဗျား ညစာမစားရသေးဘူးမဟုတ်လား၊ ကျုပ် မှာထား ပြီ'

တင်မောင်ဆွေက ခေါင်းညိတ်၍သာပြလိုက်ပြီး စီးကရက် တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်၏။ ခေတ္တကြာလျှင် စားပွဲထိုးများ က ဦးထွန်းညွန့် မှာထားသောအစားအစာများကို ထည့်လာ၍ တည် ခင်းပေးလေ၏။

'ကဲ... ဆိုစမ်းပါဦး ကိုတင်မောင်ဆွေ၊ ဘာများအကြောင်း ထူးလို့လဲ'

ဦးထွန်းညွန့်သည် သူ၏ ထမင်းပန်းကန်လုံးထဲသို့ ဝက်သား ခေါင်းတစ်ဖတ်ကို တူဖြင့်ညှပ်ထည့်လိုက်ရာက တင်မောင်ဆွေအား မေးလိုက်၏။

'ကျွန်တော် ဒီနေ့ ဦးအောင်မြခိုင်ရဲ့ဇနီး လွင်လွင်ခိုင်နဲ့ သွား တွေ့ခဲ့တယ်'

'ဦးအောင်မြခိုင် အသတ်ခံခဲ့ရကတည်းက သူ့ဇနီးနဲ့ ကျုပ်တို့ သွားတွေ့ပြီး စုံစုံစေ့စေ့ စစ်ဆေးခဲ့ပြီးပါပြီ'

'ဒီလိုဆိုရင် ခင်ဗျား ဦးအောင်မြခိုင်ရဲ့ ဆေးဖိအကြောင်း သိပြီးပြီလား၊ အဲဒီဆေးဖမ်မှာတပ်ထားတဲ့ အလမ်းစစ်စတမ်အကြောင်း ရော သိပြီးပြီလား'

ဦးထွန်းညွန့်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်၏။

'ဒါတွေအားလုံးကို ကျုပ် သိပြီးပါပြီ၊ ခင်ဗျားကို ကျုပ် ပြောဦးမယ်၊ ဦးအောင်မြခိုင် အသတ်ခံခဲ့ရတာဟာ ကျုပ်လူ ချစ်ကြ အသတ်ခံရတာနဲ့ ဘယ်လိုမှ အဆက်အစပ် ရှာမတွေ့ခဲ့ဘူး၊ ဦးအောင် မြခိုင် အသတ်ခံရတုန်းက နိုင်ငံရေးပယောဂ ပါမပါကို ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ စစ်ဆေးကြည့်ခဲ့ပါတယ်၊ ဒါပေမဲ့ နိုင်ငံရေးပယော
တယ်လို့ ယူဆစရာအကြောင်း ဘယ်လိုမှမတွေ့ခဲ့ရဘူး၊ ဦးအော
နိုင် ကိုင်ထားရတဲ့ နိုင်ငံနဲ့ပတ်သက်တဲ့ လျှို့ဝှက်စာရွက်စာတ
မှန်သမျှတွေကို ကျုပ်တို့ အားလုံးပြန်ရခဲ့တာပဲ၊ ဒီစာရွက်စာတ
တွေဟာ သူ့ဆေ့ဖ်ထဲမှာရှိနေခဲ့တယ်လို့ ခင်ဗျားယူဆရင် မှားလိမ့်
ကိုတင်မောင်ဆွေ'

'ဒါပေမဲ့ ဆေ့ဖ်ထဲမှာ လွင်လွင်ခိုင်ရဲ့ လက်ဝတ်လက်
အတုတွေ ရှိနေခဲ့တယ်'

ဦးထွန်းညွန့်က ခေါင်းညိတ်လိုက်ပြန်၏။

'ဒါကိုလည်း ကျုပ်သိပြီးသားပါ ကိုတင်မောင်ဆွေ၊ ဒါ
ဒါဟာ အရေးကြီးတဲ့အချက်ရယ်လို့ ယူဆစရာအကြောင်းက ရှိ
ပါဘူး၊ ချစ်လှဟာ သူ့တာဝန်ကို ထမ်းရွက်ရင်း ကျောက်သံပတ္တ
ခိုးသွင်းခိုးထုတ် လုပ်နေရတဲ့လူအသွင် ဆောင်ယူထားတဲ့ဟာ
ထည့်စဉ်းစားဦးတော့ ဆက်စပ်မှုရှိမယ်ရယ်လို့ ယူဆစရာအထော
အထား ဘယ်လိုမှ မတွေ့ခဲ့ရပါဘူး'

ဦးထွန်းညွန့်က လက်ထဲမှတူကိုချကာ တင်မောင်
မျက်နှာအား စူးစိုက်ကြည့်ရှုလိုက်၏။

'ချစ်လှဟာ ဦးအောင်မြနိုင် အသတ်ခံရတဲ့ သေနတ်
ပစ်အသတ်ခံခဲ့ရပေမယ့် ဒီအမှုနှစ်မှုဟာ ဘာမှမသက်ဆိုင်ဘဲ တ
ဆိုတာ သေချာသလောက်ပါပဲ။ ဒီသေနတ်နဲ့ပဲ လွန်ခဲ့တဲ့ ငါ
လောက်က ပဲခူးမှာ ကားပွဲစားတစ်ယောက်ဟာ ပစ်သတ်ခံခဲ့ရတ
အသတ်ခံရတဲ့အကြောင်းကတော့ ရိုးရိုးလုယက်မှုပါပဲ'

တင်မောင်ဆွေက မည်သို့မျှ ပြန်မဖြေတော့ဘဲ သူ့ပခုံး





...သာ တွန့်ပြလိုက်၏။

'ခင်ဗျားနားလည်ထားဖို့က ကျုပ်ဟာ ချစ်လှအကြောင်းက
...လို့ တခြားဘယ်ဟာကိုမှ စိတ်မဝင်စားဘူးဆိုတာပါပဲ ကိုတင်
...ောင်ဆွေ၊ အဲဒီတော့ ခင်ဗျားကို ချစ်လှမသေခင်မှာ ဘာပြောသွား
...ယ်ဆိုတာကို အခုဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးပြီလား'

'အခုတော့ ကျွန်တော် ဖွင့်မပြောနိုင်သေးဘူး ဦးထွန်းညွန့်'

ဦးထွန်းညွန့်သည် တင်မောင်ဆွေအား မျက်မှောင်တစ်ချက်
...တ်၍ကြည့်နေလိုက်၏။ ပြီးမှ-

'ဒီလိုဆိုရင် ခင်ဗျား အခု ကျုပ်ကိုချိန်းတာက ဘာအတွက်
...'

'ခင်ဗျားရဲ့လူ ချစ်လှအကြောင်းကို ကျွန်တော် အခုသိထား
...ာထက် ပိုသိချင်လို့ပါပဲ'

ဦးထွန်းညွန့်မှာ ပို၍သာ မျက်မှောင်ကုတ်သွားတော့သည်။

'ခင်ဗျားကို ကျုပ်ပြောပြီးပြီ မဟုတ်လား'

'ဟုတ်ပါပြီလေ၊ ချစ်လှအကြောင်းဟာ လျှို့ဝှက်ချက်ကြီး
...ရပ်ဆိုတာ ခင်ဗျား ကျုပ်ကို ပြောခဲ့ပါတယ်၊ ဒါပေမဲ့ သူဟာ
...သေခဲ့ပါပြီ။ သူ့ကို သတ်ခဲ့တဲ့လူကို ခင်ဗျားကကော ကျုပ်က
...ာ လိုချင်တယ်၊ ဒီတော့ ချစ်လှနဲ့ ပတ်သက်လို့ ခင်ဗျားသိထားရ
... ကျုပ်မသိရရင် ဒီလူသတ်ကောင်ကို ဖမ်းမိဖို့ဆိုတာ တော်တော်
...ီး ခက်သွားလိမ့်မယ်'

ဦးထွန်းညွန့်သည် တစ်မိနစ်မျှ နှုတ်ဆိတ်နေပြီးနောက်မှ
...ဖြတ်ချက်ချလိုက်ဟန်တူ၏။

'ကောင်းပြီလေ၊ ချစ်လှဟာ နောက်ဆုံးပိတ် ဘာ...တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ဖို့ ထွက်သွားခဲ့တယ်ဆိုတာ ကျုပ် မသိပါဘူး၊ ကျုပ်မှာ သိနိုင်တဲ့ အခွင့်အရေးလည်း မရှိဘူး၊ ဒါပေမဲ့ ကျုပ်သိတာ တစ်ခု ကတော့ရှိတယ်။ ဒီအချိန်မှာ သူဟာ ရန်ကုန်မှာ ပြန်ရောက်နေစရာ အကြောင်း ဘာမှမရှိဘူးဆိုတာပါပဲ၊ သူ ရန်ကုန်ကိုပြန်ရောက်လာတာ ဟာ သူခံယူထားရတဲ့အမိန့်ကို လွန်ဆန်တာပဲ။ တကယ်လို့ သူဟာ အသက်ရှင်နေသေးရင် ပြင်းပြင်းထန်ထန် အရေးယူခံရမှာပဲ'

'ချစ်လှဟာ အမှုထမ်းရွက်ခဲ့တာ ကြာပြီမဟုတ်လား'

ထိုအခါမှပင် ဦးထွန်းညွှန့်၏တည်ငြိမ်သော ဣန္ဒြေသည် အနည်းငယ်ပျက်ယွင်းလာ၏။ ၎င်း၏မျက်လုံးများထဲတွင် တစ်စုံတစ် ရာကို နားမလည် မစဉ်းစားတတ်သည့် အရိပ်အယောင်များ ပေါ် လာ၏။

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ အဲဒါကိုပဲ ကျုပ်အစဉ်းစား ရကြပ်နေတာပေါ့၊ သူဟာ ဝါရင့်အမှုထမ်းတစ်ယောက်ပါ။ ကျုပ်ကိုယ်တိုင် လက်သပ်လေ့ကျင့်ပေးခဲ့တာပဲ၊ သူလိုက်နာရမယ့် စည်းကမ်းဥပဒေကို တသဝေမတိမ်း အမြဲလိုက်နာခဲ့တဲ့ လူတစ် ယောက်ပါ။ အခုမှ သူဟာ ဘာဖြစ်လို့ သူလိုက်နာရမည့်စည်းကမ်း ဥပဒေကို ချိုးဖောက်ပြီး အမိန့်မရှိဘဲ ပြန်လာရတယ်ဆိုတာကို ကျုပ် စဉ်းစားလို့ကိုမရဘူး'

'ဒါပေမဲ့ သူဟာ အကြောင်းတစ်ခုခုကြောင့် ရန်ကုန်ကို ပြန်ရောက်လာရတာပဲ ဦးထွန်းညွှန့်'

'ဟုတ်ပြီ ကိုတင်မောင်ဆွေ၊ ဒီအကြောင်းကို ကျုပ်သိချင် တယ်'

ဦးထွန်းညွှန့်က စူးရှတောက်ပသော မျက်လုံးများဖြင့် တင်





မောင်ဆွေ့မျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်၏။ တင်မောင်ဆွေ က ဦးထွန်းညွှန့်နှင့် မျက်နှာချင်းမဆိုင်ဘဲ ဟင်းချိုတစ်ဇွန်း ခပ်သောက် လိုက်၏။

'ဒါကို ပြောနိုင်ဖို့အတွက် ကျွန်တော့်မှာ အချိန်တွေလိုပါ သေးတယ်'

'အချိန်ဟာ ကျုပ်အတွက် အရေးမကြီးပါဘူး ကိုတင်မောင် ဆွေ၊ ချစ်လှဟာ သေခဲ့ပြီပဲ'

'ဒါပေမဲ့ ကျွန်တော့်အတွက်တော့ အရေးကြီးပါတယ်'

'ကောင်းပြီလေ… ခင်ဗျား နောက်ထပ်အချိန်ဘယ်လောက် လိုလဲ'

'နောက်တစ်ပတ်အချိန်ထပ်ပေးပါ'

မျက်မှန်အထူကြီးအတွင်းမှ ဦးထွန်းညွှန့်၏ မျက်လုံးများက တင်မောင်ဆွေ့မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်ကြသည်။

'ကောင်းပြီလေ၊ တစ်ပတ်ဆိုတော့ ခင်ဗျားကို ချစ်လှက ဘာပြောသွားတယ်ဆိုတာ ကျုပ်ကို အသိပေးမှာလား'

'ဟုတ်တယ်၊ အသိပေးရုံတင် မကဘူး၊ သူ့ကို သတ်သွား တဲ့လူကိုပါ ကျွန်တော်က ခင်ဗျားလက်ထဲကို အရောက်အပ်ပါ့မယ်'

ဦးထွန်းညွှန့်သည် တင်မောင်ဆွေ့အား ခေတ္တမျှ စူးစိုက် ကြည့်ရှုနေလိုက်ပြီးနောက်မှ ဦးခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်၏။

တင်မောင်ဆွေက သူ့တိုက်ခန်းသို့ ပြန်ရောက်လာသည့်အခါ တွင် မိုးတဝေါဝေါ ရွာလျက်ရှိနေသည်။ အချိန်က ည(၇)နာရီခန့် ရှိပေ၏။ သူက ပထမဦးစွာ သူ့တိုက်ခန်းအောက်ထပ်ရှိ အလုပ် တိုက်ခန်းကို ကျော်ဖြတ်ရသည်ဖြစ်ရာ တိုက်ခန်းတံခါးမကြီး ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



လောင်းဖြစ်နေသည်ကို သူက တွေ့ရလေ၏။ တိုက်ခန်းထဲတွင် အစောင့်အဖြစ်နှင့် သူတပည့်လေး ချစ်လှိုင်ကလေးသည် အမြဲရှိနေ၏။ သို့ဖြစ်လျှင် ဘာဖြစ်၍ ယခုတိုက်ခန်းတံခါးက ဟောင်းလောင်းကြီး ပွင့်နေရသနည်း။

တင်မောင်ဆွေက အလုပ်တိုက်ခန်းထဲသို့ ဝင်ကြည့်လိုက်ရာ ပွင့်နေသော တံခါးတစ်ချပ်အောက်၌ ကြမ်းပြင်ပေါ်တွင် ခွေခွေကလေး လဲနေသော ချစ်လှိုင်အား တွေ့ရ၏။ တင်မောင်ဆွေ့မျက်လုံးများက တိုက်ခန်းအပြင်ခန်း တစ်ခုလုံးကို လျှင်မြန်စွာ လှည့်ပတ်ရှာဖွေလိုက်သည်။ ဤတွင် သူ၏သီးသန့်အလုပ်တံခါးမှာလည်း ဟောင်းလောင်းကြီးပွင့်လျက် ရှိနေသည်ကို တွေ့ရပြန်၏။

တင်မောင်ဆွေက သီးသန့်အလုပ်ခန်းထဲသို့ ဝင်ကြည့်လိုက်ရာ တစ်စုံတစ်ယောက်က တစ်ခန်းလုံးကို စနစ်တကျ မွှေနှောက်ရှာဖွေသွားမှန်း သိလိုက်လေသည်။ သူသည် အပြင်ခန်းသို့ ပြန်ထွက်ကာ ချစ်လှိုင်ကလေးအား ကြမ်းပြင်ပေါ်က ပွေ့ထူလျက် စစ်ဆေးကြည့်ရှုရပြန်၏။ ၎င်းသည် အသက်ကို ခပ်သဲ့သဲ့ကလေး ရှူလျက်ရှိနေ၏။ သို့ရာတွင် ဒဏ်ရာဒဏ်ချက်ကိုတော့ ဘယ်လိုမှ ရှာ၍မတွေ့ပေ။ လည်ကုပ်နားတွင်သာ အနည်းငယ် ညိုမည်းလျက်ရှိနေ၏။

ဤတွင် တင်မောင်ဆွေက ချစ်လှိုင်ကလေးမှာ ကရာတေးနည်းဖြင့် လက်ဝါးစောင်းအခုတ်ခံရခြင်းဖြစ်ကြောင်း နားလည်လိုက်ရ၏။ တကယ်တော့ ချစ်လှိုင်ကလေးသည် ကံကောင်းလွန်း၍အသက်မသေခြင်းဖြစ်၏။ သူခံစားခဲ့ရသော ကရာတေး လက်ဝါးစောင်းခုတ်ချက်သည် လူတစ်ယောက်၏ဇက်ကို တစ်ခါတည်းပြုတ်ထွက်သွားနိုင်စေ၏။





တင်မောင်ဆွေက ချစ်လှိုင်ကလေးအား သူ့သီးသန့်အခန်းထဲသို့ ခေါ်သွားပြီး ဆိုဖာပေါ်တွင် အသာလဲလျောင်းထားလိုက်သည်။ ထို့နောက် သူ၏ပွင့်ထွက်နေသော စားပွဲအံဆွဲမှ ဟင်နက်ဆီဘရန်ဒီပုလင်းကိုထုတ်ယူပြီး ချစ်လှိုင်၏ပါးစပ်ထဲသို့ပုလင်းဝတော့ကာ အနည်းငယ်ချင်း လောင်းထည့်လိုက်၏။ ထို့နောက် ချစ်လှိုင်၏လက်ဆစ်များနှင့်ပါးများကို နွေးလာစေရန်အတွက် အသာပွတ်ပေးနေလိုက်၏။

အတန်ငယ်ကြာလျှင် ချစ်လှိုင်ကလေးသည် ချောင်းတဟွတ်ဟွတ်ဆိုးကာ မျက်လုံးများ ပွင့်လာ၏။ တင်မောင်ဆွေ့အား ခေတ္တမျှကြောင်ကြည့်ပြီးနောက်မှ သူ့မျက်လုံးများတွင် အသိဉာဏ်အလင်းရောင်က ပြန်ဝင်လာပြီး လူကိုယ်တိုင်ကလည်း ငေါက်ခနဲ ထထိုင်လိုက်၏။ ပြီးမှ နဖူးကိုလက်နှစ်ဖက်ဖြင့် အုပ်ပြီး ကိုယ်ခန္ဓာယိမ်းထိုးသွားရာ တင်မောင်ဆွေက အသာထိန်းပေးထားလိုက်ရ၏။

'ချစ်လှိုင် မင်း ငြိမ်ငြိမ်နေလိုက်ဦးကွာ၊ ရော့… ဟောဒီဘရန်ဒီကို တစ်ကျိုက် ကျိုက်ချလိုက်စမ်း'

တင်မောင်ဆွေပေးသော ဘရန်ဒီကိုတစ်ကျိုက် ကျိုက်ချလိုက်ပြီးနောက်တွင်မှ ချစ်လှိုင်၏ဖြူရော်နေသော မျက်နှာတွင် သွေးရောင်များ ပြန်လည်လျှမ်းတက်လာ၏။

'ကဲ… ချစ်လှိုင်၊ ဘယ်လိုဖြစ်တယ်ဆိုတာကို မင်း ပြန်ပြောနိုင်ပြီလား'

ချစ်လှိုင်က သူ့ဇက်ကို လက်တစ်ဖက်ဖြင့်ပွတ်ရာက ခေါင်းကို ခပ်လေးလေးပင် ယမ်းခါပြလိုက်၏။

'ဘာဖြစ်တယ်ဆိုတာကို ကျွန်တော်လည်း မပြောတတ်ဘူး ဆရာကိုဆွေ၊ အခု ဘယ်နှနာရီရှိပြီလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ည (၇)နာရီကျော်ပြီးလို့ ဆယ်မိနစ်ရှိနေပြီ'

'(၆)နာရီခွဲကျော်ကျော်လောက်က ထင်တယ်၊ အခန်းတံခါး ခေါင်းလောင်းမြည်သံကြားလို့ ကျွန်တော်က ဖွင့်ပေးမိတယ်၊ အခန်း တံခါးဝမှာ လူတစ်ယောက်ရပ်နေတာကို ကျွန်တော် ရိပ်ခနဲ တွေ့လိုက် ရတယ်၊ နောက်တော့ ကျွန်တော် ဘာမှ မသိတော့ဘူး'

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်လိုက်မိ၏

'အေး… အဲဒီလူကပဲ မင်းဇက်ကို ကရာတေးနည်းနဲ့ လ ဝါးစောင်း ခုတ်ထည့်သွားခဲ့တာပဲ၊ ပြီးတော့ ငါ့ရုံးခန်းထဲဝင်ပြီး မွှေနှောက်ရှာသွားခဲ့တယ်လေ၊ အဲဒီမှာ မင်း ခဏနေခဲ့ဦးနော်၊ ငါတို ခန်းတက်ကြည့်လိုက်ဦးမယ်'

အပေါ်ထပ်ရှိ သူ့တိုက်ခန်းထဲမှာလည်း သူ့ရုံးခန်းထဲသို့ စနစ်တကျ မွှေနှောက်ရှာဖွေသွားခဲ့ခြင်း ခံခဲ့ရသည်ကို တင်မောင်ဆွေ က တွေ့ရပြန်၏။

တင်မောင်ဆွေသည် ဗလပွပြန့်ကျဲနေသော ပစ္စည်းတွေကို ပြန်သိမ်းရင်းကပင် စိတ်ထဲကတစ်မျိုး ကျေနပ်နေမိလေသည်။ ယခု ချစ်လှိုင်ကလေးကိုရိုက်လျက် မိမိ၏တိုက်ခန်းနှစ်ခုစလုံးကို မွှေနှောက် ရှာဖွေသွားသောသူသည် သဘောသားချစ်လှကိုလည်းကောင်း၊ ဦး… ကိုလည်းကောင်း၊ အသေသတ်သွားခဲ့သည့် နဂါးဆိုသော လူသတ် သမားပင် ဖြစ်ရမည်ဟု အတပ်သိမိသောကြောင့် ဖြစ်လေသည်။ ဤအတိုင်းဆိုပါက နဂါးကို သူက တကူးတကလိုက်၍ ခြေရာခံနေ စရာမလိုတော့၊ နဂါးကိုယ်တိုင်က သူ့နောက်သို့ လိုက်နေပြီဖြစ်ရာ မကြာခင် သူနှင့်မလွဲသာမရှောင်သာ ရင်ဆိုင်တွေ့ရတော့မည် မဟုတ် ပါလား။





နဂါးလာ၍ ရှာဖွေသောပစ္စည်းသည် ဘာဖြစ်မည်ကိုလည်း င်မောင်ဆွေက ရိပ်စားမိလေသည်။ ချစ်လှက မိမိအတွက် အဘိုး ကြီး ဦး…အား ပေးထားသော စာပင်ဖြစ်ရမည်။ ထိုစာသည် မိမိ ယ်နေရာတွင်ရှိနေသည်ကို ဖော်ပြမည်ဟုလည်း တင်မောင်ဆွေက ကြည်မိလေသည်။ ယခု နဂါးက မိမိတိုက်တွင် လာရှာသည်ကို ထောက်၍ ထိုစာသည် နဂါးလက်ထဲသို့ မရောက်သေးသည်မှာလည်း သေချာလှပေ၏။

တင်မောင်ဆွေက အောက်ထပ်အလုပ်တိုက်ခန်းသို့ ပြန်ဆင်း သည်တွင် ချစ်လှိုင်ကလေးက ရှုပ်ပွနေသော ပစ္စည်းတွေကို ပြန်ရှင်း ကြိုးစားနေသည်ကို တွေ့ရသည်။

'ဟော့… ချစ်လှိုင်နေပါစေ၊ ငါ ရှင်းလိုက်မယ်၊ မင်း ိမ်ပြန်ပြီး ကောင်းကောင်းအနားယူလိုက်'

ချစ်လှိုင်ကလေး ပြန်သွားလျှင် တင်မောင်ဆွေက သူ့ရုံးခန်း ထဲတွင်ထိုင်လျက် စီးကရက်တစ်လိပ်သောက်ကာ စဉ်းစားခန်းဝင်နေ လိုက်သည်။ စီးကရက်ကုန်သွားလျှင် အလုပ်တိုက်ခန်းထဲမှ ပြန်ထွက် ကာ တံခါးကိုသော့ပိတ်ပြီး အပြင်သို့ ထွက်ခဲ့ပြန်လေ၏။

သည်တစ်ခါ တင်မောင်ဆွေ သွားသောနေရာကား အထူး နေရာဌာန တစ်ခုဖြစ်သည်။ ထိုနေရာမျိုးသည် ကမ္ဘာ့အရပ်ရပ်မှ မြို့ကြီးတိုင်းတွင် ရှိတတ်ရာ ရန်ကုန်မြို့တော်သည်လည်း ခြွင်းချက် မဟုတ်ပေ။

ထိုနေရာကို ကုလားဒိန်ဟူစိန်နေရာဟု ခေါ်သည်။ ထိုနေရာ တွင် ကိုယ်လိုချင်တာမှန်သမျှကို စီစဉ်၍ရနိုင်၏။ လူတစ်ယောက် ကို အဖြောင်ခိုင်းသည်ကအစ၊ ကြေးအကြီးဆုံး ပြည့်တန်ဆာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဘွတ်ကင်လုပ်သည့် အဆုံးဖြစ်၏။ အရေးကြီးသည်က ငွေရှိဖို့နှင့် ထိုနေရာသို့ ဝင်ခွင့်ရဖို့ပင်ဖြစ်သည်။

တင်မောင်ဆွေက ထိုဆိုင်သို့ ရောက်သွားသည့်အခါတွင် တံခါးပေါက်ဝ၌ စောင့်နေသော အစောင့်နှစ်ယောက်ကို ပထမဦးစွာ ရင်ဆိုင်ရသည်။ ၄င်းတို့နှစ်ယောက်ကား အရပ်ပုပုအိုက်အိုက် ဂင်တို တစ်ယောက်နှင့် ဗလကောင်းကောင်း လူထွားကြီးတစ်ယောက်ဖြစ်ကြသည်။ နှစ်ယောက်စလုံးမှာပင် မိုက်ကိုက်အပြည့်နှင့် ဖြစ်ကြ၏။

၄င်းတို့နှစ်ယောက်က အပေါက်ဝတွင် တင်မောင်ဆွေအား တားထားလိုက်ကြသည်။

'ဘာလိုချင်သလဲ ကိုယ့်လူ'

'ဆိုင်ထဲကို ဝင်မလို့ပေါ့'

ဂင်တိုက မေးလိုက်သည်ကို တင်မောင်ဆွေက ခပ်မာမာပင် ပြန်ဖြေလိုက်သည်။

'ဆိုင်ပိတ်ပြီ ကိုယ့်လူ၊ ဝင်လို့မရတော့ဘူး'

တင်မောင်ဆွေက ရပ်မြဲ ရပ်နေလိုက်လျှင် ဂင်တိုက သက်ပြင်းတစ်ချက်ချလျက် ဗလကြီးအား မော့ကြည့်လိုက်သည်။

'ဒီလူက မြန်မာဖြစ်ရက်သားနဲ့ မြန်မာစကား နားလည်ပုံမရဘူး မှတ်တား'

'ပြောနေတာ မကြားဘူးလားကွ'

ဗလကြီးက ရှေ့သို့တိုးလာကာ တင်မောင်ဆွေ့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်တွန်းရင်း ပြောလိုက်သည်။ တင်မောင်ဆွေက ဗလကြီး၏ လက်ကိုပုတ်ချလိုက်ကာ ဆိုင်တွင်းသို့ လှမ်းဝင်လိုက်သည်။





'သြော်… မင်းက ကြမ်းချင်သကိုးကွ'

ဗလကြီးက ကြိမ်းဝါးလိုက်ရာကပင် တင်မောင်ဆွေ့မျက်နှာဆီသို့ လက်သီးကြီးတစ်လုံး ပစ်သွင်းလိုက်သည်။ တင်မောင်ဆွေက အားမှဝိုက်၍ ဝင်လာသော လက်သီးကို ဒူးကွေးခေါင်းငုံ့၍ ရှောင်လိုက်ကာ ဗလကြီး၏ ဝမ်းဗိုက်ထဲသို့ ဘယ်ပင့်လက်သီးတစ်လုံးကို ဒူးများပြန်ဆန့်လိုက်သောအရှိန်ဖြင့် အားရှိပါးရှိ ထိုးထည့်လိုက်၏။

ဗလကြီးခမျာ ပါးစပ်မှ အွတ်ခနဲအသံထွက်ကာ သူ့ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ပိုက်လိုက်စဉ် တင်မောင်ဆွေက ရက်ရက်စက်စက်ပင် ညာဖြတ်လက်သီးဖြင့် ၄င်း၏ဟထားသော ပါးစပ်ဆီသို့ ထိုးသွင်းလိုက်ပြန်သည်။ ဗလကြီးခမျာ သွားနှစ်ချောင်း ကျိုးထွက်ကာ နောက်သို့ သုံးလှမ်းလောက် ဆုတ်လိုက်ပြီးမှ ဖင်ထိုင်ရက်သားကျသွားတော့သည်။

ဆိုင်ထဲတွင်ရှိနေသော လူများသည် ငြိမ်ကျသွားကြလေသည်။ ဆိုင်ထဲတွင် နိုင်ငံခြားသဘောင်္သား သုံးယောက်၊ အင်္ဂလိပ်ပြည့်တန်ဆာမနှစ်ယောက်နှင့် အခြားလူသုံးလေးယောက်တို့ ရှိနေကြသည်။

၄င်းတို့က ဂင်တိုအား တင်မောင်ဆွေ ဆက်၍ရင်ဆိုင်ပုံကို စိတ်ဝင်စားစွာပင် ကြည့်နေလိုက်ကြသည်။

သူ့အဖော် ဗလကြီး သွားနှစ်ချောင်းကျိုးထွက်ကာ ကြမ်းပြင်ပေါ်သို့ ကျသွားသည့်အခါတွင် ဂင်တိုသည် တင်မောင်ဆွေ့နားသို့ ချက်ချင်းတရက် မကပ်ရဲဘဲ ခပ်တွန့်တွန့်ဖြစ်သွားသည်။ တင်မောင်ဆွေက ၄င်းအား ခပ်ပြုံးပြုံးကြည့်ကာ 'ကဲ… မင်းကကော ဘာလုပ်ချင်သေးသလဲကွ' ဟု မေးလိုက်သည့်အခါတွင်မှ ၄င်းသည် မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြီးကုတ်လိုက်ကာ ငှင်း၏ညာလက်ကခါးဆီသို့ရောက်သွား၏

ငှင်းက လက်ကို ပြန်ဆန့်လိုက်သည့်အခါတွင် အသွား ခြောက်လက်မခန့်ရှိမည့် ဓားမြှောင်တစ်ချောင်းကို ဆုပ်ရက်သားဖြစ် နေသည်။

ဂင်တိုက ချွန်ထက်သော ဓားသွားကို တင်မောင်ဆွေ၏ ဗိုက်ဆီသို့ ချိန်ရွယ်ရာက ရှေ့သို့တိုးလာသည်။ တင်မောင်ဆွေ တော့ ခပ်အေးအေးပင်။ သူ့ပခုံးစလွယ်အိတ်ထဲမှ လှုဂါသေနတ် ထုတ်ယူကာ မည်းနက်ဝိုင်းစက်သော သေနတ်ပြောင်းဝကို ဂင်တို၏ မျက်စိတည့်တည့်သို့ ပြလိုက်၏။

'ငါ ဒီကိုလာတာ လူသတ်ဖို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မင်း နောက်ထပ် ခြေတစ်လှမ်းတိုးလာရင် မင်းကို ငါက သေရွာပို့ လိုက်ရလိမ့်မယ်'

ဂင်တိုသည် သူ့နဖူးတည့်တည့်သို့ ချိန်ရွယ်ထားသော မည်းနက်ဝိုင်းစက်သည့် သေနတ်ပြောင်းဝကိုလည်းကောင်း၊ တင်မောင်ဆွေ၏ အေးစက်မာကျောနေသော မျက်လုံးများကိုလည်းကောင်း ကြည့်လိုက်ပြီးနောက် ခြေလှမ်းများ တုံ့ခနဲရပ်သွားတော့ကာ လက်ထဲက ဓားမြှောင်ကိုလည်း ကပျာကယာ လွှတ်ချလိုက်လေ၏။

'ဟာ… ကိုတင်မောင်ဆွေ၊ ဘယ်လိုဖြစ်တာလဲဗျာ'

ဤသို့ပြောလျက် ငှင်းတို့နှစ်ယောက်အနီးသို့ တိုးကပ်လာ သူကား မည်းနက်ပြောင်ဝင်းသော အသားနှင့် ဖြူဖွေးလှသော သွားများပိုင်ရှင် ပုပုဝဝကုလားဒိန် ဟူစိန်ကိုယ်တိုင်ပင် ဖြစ်လေ၏။ တင်မောင်ဆွေက လှုဂါသေနတ်ကိုင်ထားသော လက်ကို ဘေးတွင်ချထား လိုက်ရာက ဟူစိန်အား နှုတ်ခမ်းတွန့်လျက် ကြည့်လိုက်၏။





'မသိပါဘူးဗျာ၊ ခင်ဗျား လူမိုက်တွေက ကျုပ်ကိုဆိုင်ထဲ ဝင်ရဘူးလို့ တားနေကြတာပဲလေ'

'ဟာ… သူတို့က ခင်ဗျားကို မသိကြလို့ပါ၊ ခင်ဗျားက လည်း ဒီကိုမလာတာ အတော်ကြာသွားပြီ မဟုတ်လား၊ ဟေ့ကောင် တွေ မင်းတို့ကလည်း တော်တော်ရှော်ကြတာပဲ၊ နာမည်ကျော် ကိုတင်မောင်ဆွေကိုမှ မင်းတို့ မသိကြဘူးလားကွ။ နောက် မှတ်ထား၊ ဒီလူဟာ ငါ့ဆီကို အချိန်မရွေး လာတွေ့ခွင့်ရှိတယ်ကွ၊ ကဲ… မင်းတို့ သွားကြစမ်းကွာ၊ အသုံးမကျတဲ့ကောင်တွေ'

ဂင်တိုနှင့် ဗလကြီးတို့နှစ်ယောက်သည် ခပ်ကုပ်ကုပ်ပင် ဆိုင်အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြတော့သည်။ ကုလားဒိန်ဟူစိန်ကတော့ တင်မောင်ဆွေအား ဖြူဖွေးလှသောသွား တွေ လက်ခနဲဖြစ်အောင် ပြုံးပြလိုက်ပြန်သည်။

'ကဲ… ကိုတင်မောင်ဆွေ၊ ခင်ဗျား ကျွန်တော့်ဆိုင်ကို ရောက်လာတာ အကြောင်းထူးတစ်ခုခုတော့ ရှိမယ်ထင်တယ်'

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်ပြလိုက် သည်။

'အကြောင်းထူးရယ်လို့ မရှိပါဘူး ဟူစိန်၊ ခင်ဗျား သင်္ဘောပေါ်က ခိုးဝယ်ထားတဲ့ စကော့(ချ်)ဝီစကီနဲ့ စီးကရက် သောက်ချင်လို့ လာခဲ့တာပဲ၊ အခု ဘားတွေက သိပ်မရှိတော့ဘူးလေ၊ စထရင်း ဟိုတယ်ကိုလည်း မသွားချင်လို့'

'ဟာ… ရပါတယ် ကိုတင်မောင်ဆွေ၊ ခင်ဗျားဆိုရင် ကျွန်တော်က အမြဲတမ်း ဝဲလ်ကမ်းပါပဲဗျာ၊ ကဲ… လာ'

ကုလားဒိန်ဟူစိန်က အခန်းထောင့်ကျကျရှိ စားပွဲလွတ်တစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးဆီသို့ တင်မောင်ဆွေအားခေါ်၍ နေရာချပေးလိုက်ကာ စားပွဲထိုး တစ်ယောက်ကို လက်ဖျောက်တီး၍ ခေါ်လိုက်၏။

'ဟောဒီ ဆရာလိုချင်တာ အကုန်ပေးလိုက် ကြားလား ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုတင်မောင်ဆွေ၊ ကျွန်တော့် လည်း အရေးကြီးတဲ့အမှုသည် ဟဲ… ဟဲ… တစ်ယောက်လည်း ရှိနေတယ်ဗျ'

ကုလားဒိန်ဟူစိန်က အခြားအခန်းထောင့်တွင် တစ်ယော တည်းထိုင်နေသော အသားဖြူ သဘော်သားထံသို့ ပြန်၍လျှော သွားကာ မကြာခင် နှစ်ယောက်သား ခေါင်းချင်းဆိုင်လျက် တွတ် နေကြပြန်တော့၏။ မျက်နှာဖြူ သဘော်သားထံတွင် ဟူစိန့်အ ရောင်းစရာ ပါလာသလားဟု တင်မောင်ဆွေက တွေးလိုက်ရကာ သူ့အနီးတွင်ရပ်နေသော ကုလားစားပွဲထိုးအား စကော့(ချ)ဝီစကီ လုံး၊ လပ်ကီးစထရိုက် စီးကရက်တစ်ဘူးနှင့် ဆော်ဒါရေခဲများ ယူ ရန် မှာလိုက်လေ၏။

စားပွဲထိုး ကုလားတ ဘူ့ရှေ့တွင် ဖောက်ပေးသွားသေ စကော့(ချ)ဝီစကီပုလင်းထဲမှ စကော့(ချ)ဝမ်းပက်စာကို ဖန်ခွက်ထဲ ငှဲ့ထည့်ပေးရင်းကပင် တင်မောင်ဆွေက မိမိဤနေရာသို့ လာခဲ့ရ ရည်ရွယ်ချက်ပြည့်မြောက်အောင် ဘယ်လိုလုပ်ရမလဲဟု တွေး လိုက်မိသည်။

ကုလားဒိန်ဟူစိန်၏ဆိုင်သို့ အများအားဖြင့် နိုင်ငံခြားသဘော် သားများ လာရောက်လေ့ရှိကြောင်းကို သူက သိထားလေသည် သို့ဖြစ်ရကား ဤနေရာသို့လာ၍ သဘော်သားချစ်လှအကြော စုံစမ်းကြည့်လျှင် သူမသိရသေးသော အချက်အလက်တွေကို သိ





ဒိနိုအားဆက်၍ ခြေရာခံနိုင်သော သဲလွန်စများ ရရှိနိုင်သည်ဟု သူက မျှော်လင့်ချက် ထားမိခဲ့သည်။

သို့ရာတွင် ချစ်လှအကြောင်းကို မည်သူ့ထံတွင် သူ စုံစမ်းရ ပါမည်နည်း။ အကောင်းဆုံးမှာ ကုလားဒိန်ဟူစိန့်ထံတွင် စုံစမ်းဖို့ ဖြစ်လေသည်။ သို့တစေလည်း ကုလားဒိန်ဟူစိန်မှာ နိုင်ငံခြား သဘော်သားနှင့် သူ့ကိစ္စ ပြီးသေးဟန်မတူ။ နှစ်ယောက်သား ခေါင်း ချင်းဆိုင်လျက် စကားတတွတ်တွတ် ပြောနေကြဆဲသာဖြစ်လေသည်။

တင်မောင်ဆွေက အရက်ထဲသို့ ဆော်ဒါနှင့် ရေခဲရောရင်း က ဆိုင်ခန်းကို လှည့်ပတ် အကဲခတ်ကြည့်လိုက်မိပြန်သည်။ ဆိုင်ခန်း ထဲတွင် သဘော်သားချစ်လှနှင့် သိကျွမ်းခဲ့သူတစ်ယောက်ယောက်များ ရှိနေမည်လား။

တင်မောင်ဆွေ၏ မျက်လုံးများသည် သူနှင့်စားပွဲနှစ်လုံး ကျော်၌ တစ်ယောက်တည်း ထိုင်နေသော လူကြီးတစ်ယောက်၏ မျက်လုံးများနှင့် သွား၍ဆုံမိကြလေသည်။ ဤတွင် လူကြီးက ပြုံး လိုက်ကာ လက်တစ်ဖက်မြှောက်လျက် တင်မောင်ဆွေအား နှုတ်ဆက် လိုက်သည်။

ထိုလူကြီးအား မိမိသိဖူးသည်ကို တင်မောင်ဆွေကသိသည်။ သို့ရာတွင် ဘယ်သူဘယ်ဝါမှန်းကိုတော့ ရုတ်တရက် ပြန်၍ အမှတ် မရချေ။ သို့အတွက် ပြန်ပြုံးပြလိုက်ရ၏။ ဤတွင် လူကြီးက ရှေ့မှ ဖန်ခွက်ကို ကောက်ကိုင်ကာ တင်မောင်ဆွေ့စားပွဲဆီသို့ လျှောက်လာတော့သည်။

'မောင်ရင် ကျုပ်ကို ကောင်းကောင်းမမှတ်မိဘူး မဟုတ် လား ကိုတင်မောင်ဆွေ'



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက တင်မောင်ဆွေ့ရှေ့တွင်ရပ်ကာ ခပ်ပြုံးပြုံးပြော လိုက်သည်။ တင်မောင်ဆွေက လူကြီး၏မျက်နှာကို မော့ကြည့်ကာ သူ့ကို ဘယ်တုန်းက သိခဲ့ဖူးပါလိမ့်ဟု အပြင်းအထန် ပြန်၍ စဉ်းစား နေလိုက်၏။

လူကြီးသည် အသက်(၅၀)ကျော်၊ (၆၀)နီးပါးရှိကာ ဆံပင် တွေ ဖြူဖွေးနေပြီဖြစ်သည်။ ငွေကိုင်းမျက်မှန်အတွင်းမှ မျက်လုံးတွေ ကမူ ကြည်လင်တောက်ပလျက်ပင် ရှိနေသေး၏။

တင်မောင်ဆွေက ဖြုန်းခနဲ အမှတ်ရလာမိလေ၏။

'ဟာ… အဘဦးကျော်လွန်းပဲ'

'ယော… ကိုတင်မောင်ဆွေကမှတ်မိသားပဲ၊ ကျုပ် သတင်း စာလောက,က အနားယူခဲ့တာ နှစ်အတော်ကြာသွားပြီမို့ ကျုပ်ကို မောင်ရင်မှတ်မိတော့မှာ မဟုတ်ဘူးလို့ထင်နေမိတာ'

'အတော်ဆုံးသတင်းထောက်ကြီးတစ်ယောက်ကို ကျွန်တော် က ဘယ်မေ့ပါ့မလဲ အဘရာ၊ ကဲ… ထိုင်စမ်းပါဦး၊ ဝီစကီချသွား စမ်းပါဦး'

'ကျေးဇူးပဲ ကိုတင်မောင်ဆွေ'

သတင်းထောက်ဟောင်းကြီး ဦးကျော်လွန်းက တင်မော ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ တင် မောင်ဆွေက စကော့(ချ်)ဝီစကီပုလင်းကို ရှေ့တိုးပေးကာ လိပ် စထရိုက် စီးကရက်ကိုလည်း တည်လိုက်သည်။

ဦးကျော်လွန်းက စီးကရက်တစ်လိပ်ကို မီးညှိကာ အား ပါးရ ရှူဖွာလိုက်ပြီးမှ မီးခိုးပြာမှိုင်းမှိုင်းတွေကြားမှ တင်မောင်ဆွေ မျက်နှာကို စူးစမ်းသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။





'ကိုတင်မောင်ဆွေ၊ ကျုပ်ကို စပ်စုတယ်လို့တော့ မထင် လိုက်ပါနဲ့ဗျာ၊ ဒါပေမဲ့ ကျုပ်က အငြိမ်းစားယူခဲ့ပေမယ့် သတင်း ထောက်စိတ်က မပျောက်သေးဘူး၊ မောင်ရင် ဒီကိုလာတာ အပျော် တော့မဟုတ်နိုင်ဘူး၊ အကြောင်းတစ်ခုခုတော့ ရှိရလိမ့်မယ်၊ အဲဒီ အကြောင်းကလည်း သတင်းထူးတစ်ပုဒ် ဖြစ်လာနိုင်တယ်ဆိုတာ ကျုပ် သိပါတယ်'

တင်မောင်ဆွေက ဦးကျော်လွန်းအား ခေါင်းညိတ်ပြလိုက် ်းကပင် ဤသတင်းထောက်ဟောင်းကြီးသည် သူ့အတွက် အကူ ညီ ဖြစ်လာချင် ဖြစ်လာမည်ဟု တွေးလိုက်မိသည်။

'ဟုတ်တယ် အဘ၊ ကျွန်တော် ဒီကိုလာတာ အကြောင်းရှိ တယ်၊ ဒါပေမဲ့ အဘအတွက်တော့ သတင်းထူးဖြစ်ချင်မှဖြစ်လာ ည်'

'မောင်ရင်နဲ့ ပတ်သက်လာရင် သတင်းက အမြဲတမ်းထူး တယ်ဆိုတာ ကျုပ်သိထားပြီးပါပြီလေ၊ ကဲ… ဆိုစမ်းပါဦး၊ အကြောင်းလဲဆိုတာ ကျုပ် မသိရဘူးလားဗျာ'

တင်မောင်ဆွေက ဦးကျော်လွန်း၏ ဖန်ခွက်ထဲသို့ စကော့ တစ်ပက်စာ ငှဲ့ထည့်ကာ ဆော်ဒါနှင့်ရေခဲ ရောစပ်ပေးလိုက်သည်။ သူက စီးကရက်တစ်လိပ် မီးညှိကာ ဦးကျော်လွန်းအား ကြည့် သည်။

'ကျွန်တော် လူတစ်ယောက်အကြောင်းကို လာစုံစမ်းတာပဲ'

'ဖြစ်ရမယ်လေ၊ အဲဒီလူကကော ဘယ်သူလဲဗျာ၊ ကျုပ် သိနေမှာမို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အဘက ဒီနေရာကို မကြာခဏ ရောက်တတ်သလား'

'ကျုပ်က နေရာတကာကို မကြာခဏ ရောက်တတ် တယ်၊ သတင်းထောက်ညာဉ်က မပျောက်သေးဘူးလေ၊ ဟဲ… ဟဲ…'

ဦးကျော်လွန်းက ဝီစကီကို တစ်ကျိုက်စုပ်ပြီး ပြန်ဖြေ လိုက်၏။

'ဒီလိုဆိုရင် ဒီကို ကိုချစ်လှဆိုတဲ့ လူတစ်ယောက်များ လာတတ်သလား အဘ၊ သူက ပင်လယ်ကူးသင်္ဘောသား တ ယောက်ပဲ'

တင်မောင်ဆွေက မေးရင်းကပင် ဦးကျော်လွန်း၏မျက်နှာ အမူအရာ တစ်မျိုးပြောင်းလဲသွားသည်ကို သတိထားလိုက်မိ၏။

'ချစ်လှ ဟုတ်လား၊ အင်း… ကျုပ်သိသားပဲ၊ ကျုပ်အော ထပ်က အခန်းမှာ နေခဲ့ဖူးတာပဲ မောင်ရင်၊ သူက သင်္ဘောသား ဆိုပေမယ့် အတော်အဆင့်အတန်းမြင့်တာ၊ ဒါပေမဲ့ သဘောထာ ကောင်းပါတယ်'

'သူက အဲဒီမှာနေသေးသလား'

'မနေတော့ဘူး၊ တခြားကို ပြောင်းသွားပြီ၊ အမှန်တော ချစ်လှဟာ သင်္ဘောသားရိုးရိုးတစ်ယောက် မဟုတ်ပါဘူး မောင်ရ

'ဘာဖြစ်လို့လဲဗျာ'

'သာမန်သင်္ဘောသား တစ်ယောက်လိုနေတာမှ မဟုတ် သူတစ်ယောက်တည်း နေပေမယ့် တိုက်ခန်းတစ်ခန်း သပ်သပ် ထားတယ်လေ၊ ပြီးတော့ တိုက်ခန်းကိုပြင်ဆင် ခင်းကျင်းထားလို တာကလည်း တကယ်ကို အကျပဲ၊ သာမန်သင်္ဘောလိုက်တဲ့





တစ်ယောက်က သူ့လို နေနိုင်မှာတဲ့လား၊ ပြီးတော့ သူက ခေတ်ပညာ သည်း တော်တော်တတ်ပုံရတယ်'

'အဘက ဘယ်လိုသိတာလဲ'

'ကျုပ်နဲ့ သူက တော်တော်ခင်တယ်၊ သူ ဒီမှာရှိနေရင် ကျုပ်ကို သူ့တိုက်ခန်းကိုခေါ်ပြီး ဘီယာတိုက် စကားပြောကတတ်တာပဲ'

'သူ အခု ဘယ်မှာနေတယ်ဆိုတာကိုကော အဘသိ သလား'

ဦးကျော်လွန်းက ရုတ်တရက်ပြန်မဖြေ။ တင်မောင်ဆွေအား …ကဲခတ်သည့် အမူအရာဖြင့် ကြည့်လိုက်၏။

'မောင်ချစ်လှဟာ ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်လို့ ခေါ် …ပါတယ်၊ ဒီတော့ မောင်ရင် သူ့ကိုဘာကြောင့် တွေ့ချင်တယ်ဆို … ကျုပ် ပထမ သိပါရစေဦးလား'

'ကိုချစ်လှက မရှိတော့ဘူး အဘ'

'ဘယ်လို'

'ကိုချစ်လှ အသတ်ခံခဲ့ရတယ်၊ မနေ့ညကပဲ'

ဦးကျော်လွန်းသည် လက်ထဲတွင် ဖန်ခွက်ကိုင်ထားရာမှ …ပွဲပေါ်သို့ ဒေါက်ခနဲမြည်အောင် ပြန်ချလိုက်၏။

'အသတ်ခံရတယ် ဟုတ်လား'

'သေနတ်နဲ့ ပစ်အသတ်ခံရတာပဲ'

ဦးကျော်လွန်းက စဉ်းစဉ်းစားစား အမူအရာဖြင့် ဦးခေါင်းကို …သားလေး ညိတ်လိုက်၏။

'အင်း… မောင်ချစ်လှတစ်ယောက် ဒီလိုအဖြစ်မျိုး ကြုံရ …မယ်လို့ ကျုပ်စိတ်ထဲမှာ အစကတည်းက အထင်ခဲ့မိသားပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုတင် မောင်ဆွေ'

'ဘာဖြစ်လို့လဲ အဘ'

'သူနေပုံထိုင်ပုံက သူများနဲ့မှ မတူဘဲ၊ သူ့မှာ လျှို့ဝှက် တစ်ခုခုရှိနေတာက သိပ်သိတာပဲ၊ ပြီးတော့ သူ့တိုက်ခန်းထဲမှာတ ဆောင်ထားတဲ့ သေနတ်တွေက သုံးလက်တောင်၊ ပြီးတော့ ကျုပ် ဝါရင့်သတင်းထောက်တစ်ယောက်မှန်းလည်း သိရရော အတင်း ပေါင်းခဲ့တာပဲ၊ သူ့လို သင်္ဘောသားတစ်ယောက်က ကျုပ်ဆီ သိချင်တဲ့အကြောင်းတွေကလည်း တော်တော့်ကို ဆန်းခဲ့တယ်'

တင်မောင်ဆွေက ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်သည်

'ကဲ... အဘ ကိုချစ်လှနေခဲ့တဲ့ တိုက်ခန်းကို အဘ တယ်မဟုတ်လား။ ကျွန်တော်နဲ့အဘ သွားကြည့်ကြရအောင်လား'

'သူဟာ တကယ့်အစစ်အမှန် ဘယ်သူဘယ်ဝါဆိုတာ မောင်ရင်သိတယ် မဟုတ်လား၊ ကျုပ်ကို ပြောပြပါလား'

ချစ်လှသည် အသတ်ခံခဲ့ရပြီဖြစ်ရာ ၎င်း ဘယ်သူဘယ် အစစ်အမှန်ဖြစ်သည်ကို လျှို့ဝှက်ထားဖို့ မလိုတော့ဟု တင်မောင် က ဆုံးဖြတ်လိုက်သည်။

'ချစ်လှဟာ တကယ်တော့ သင်္ဘောသားအသွင်ဆောင်ထား ပြီး နိုင်ငံတာဝန်ကို ယူထားရတဲ့ လျှို့ဝှက်အမှုထမ်းတစ်ယောက် အဘ၊ နိုင်ငံခြားရေးဌာနကပေါ့၊ သူသေနတ်မှန်တော့ သူ ကျွန်တော့်ကို တကူးတကခေါ်ပြီး တာဝန်တစ်ခု ပေးသွားခဲ့တယ် ဘာတာဝန်လဲဆိုတာကိုတော့ ကျွန်တော် ပြောပြခွင့်မရှိသေးပါဘူး'

ဦးကျော်လွန်းက ဘာမှမပြောသေးဘဲ ခေတ္တမျှ တင်မော ဆွေ့ကို စူးစိုက်၍ ကြည့်နေလိုက်သည်။ ပြီးမှ သူ ရှေ့ကအရ





ခွက်ကို ကောက်ယူကာ ဖွပ်ခနဲ မော့ချလိုက်၏။

'ဒီလိုဆို မောင်ရင်လည်း သူ့လိုပဲ သေနတ်အပစ်ခံရနိုင်တယ်ပေါ့'

'ကျွန်တော် အရင်ကလည်း သေနတ်ပစ်ခံခဲ့ရဖူးတာပဲဗျာ'

'ဒါပေမဲ့ မောင်ရင် အရင်က မသေခဲ့သေးဘူးမဟုတ်လား'

ဦးကျော်လွန်းက သူ့ပြက်လုံးကို သူ့ဘာသာသူ သဘောကျ၍ တဟဲဟဲ ရယ်လိုက်သည်။ ပြီးမှ ထိုင်ရာမှ ထလိုက်၏။

'ကဲ... လာ... မောင်ရင်သွားကြစို့'

ဦးကျော်လွန်းက တင်မောင်ဆွေအား မအူကုန်းရပ်ကွက်ထဲရှိ လမ်းတစ်လမ်းသို့ ခေါ်ဆောင်သွားလေသည်။ လမ်းအလယ်လောက်တွင်ရှိသော နှစ်ထပ်တိုက်ကြီး တစ်လုံးကို ၎င်းက ညွှန်ပြပြီး၊ ချစ်လှသည် အောက်ထပ်လက်ယာဘက်တိုက်ခန်းကို ငှားထားသည်ဟုဆို၏။

တင်မောင်ဆွေကလည်း ဦးကျော်လွန်းအားခေါ်ကာ ထိုတိုက်အိုကြီးနှင့် သုံးအိမ်အကွာတွင်ရှိ လမ်းကြားကလေးမှနေ၍ တိုက်အိုကြီး၏ နောက်ဖေးဘက်သို့ ပြန်၍ လျှောက်ခဲ့ကြလေသည်။ ထို့နောက် တင်မောင်ဆွေက သူ့မောင်းချဓားဖြင့် နောက်ဖေးဘက်တံခါးချက်ကို လွယ်ကူစွာပင် ကလန့်၍ ဖွင့်လိုက်နိုင်ကာ ဘယ်သူမှမသိဘဲ တိုက်ခန်းတွင်းသို့ ဝင်လိုက်နိုင်လေသည်။

နောက်ဖေးမီးဖိုချောင်ကို ကျော်လွန်ခဲ့ပြီးလျှင် တင်မောင်ဆွေက အိပ်ခန်းမှ ဓာတ်မီးခလုတ်ကိုရှာ၍ ဖွင့်ကြည့်လိုက်ရာ ဝပ်အား (၄၀)ရှိသော အခန်းမျက်နှာကြက်မှ ဓာတ်မီးပွင့်က လင်းလာ၏။

အလင်းရောင်အောက်တွင် သပ်ရပ်စွာခင်းထားသော မွေ့ရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ယောက်အိပ်ခုတင်၊ ခေါင်းရင်းဘက်တွင် စာဖတ်မီးတိုင် တစ်တိုင်၊ သောက်ရေချိုင့်၊ ဆေးလိပ်ပြာခွက် တင်ထားသော စားပွဲကလေးတစ်လုံးနှင့် ပက်လက်ကုလားထိုင်၊ မှန်တင်ခုံ၊ အဝတ်ထည့်သည့် ဗီရိုကြီး၊ အဝတ်လှန်းစင် စသည်တို့ဖြင့် အပြည့်အစုံ ပြင်ဆင်ခင်းကျင်းထားသည်ကို တွေ့ရလေ၏။ ချစ်လှကား စည်းစိမ်ကျကျ သပ်သပ်ရပ်ရပ်နေတတ်ခဲ့သူတစ်ဦး ဖြစ်ဟန်ရှိလေသည်။

အဝတ်ဗီရိုထဲမှ အဝတ်အစားများမှာ အများအားဖြင့် နိုင်ငံခြားဖြစ် အကောင်းစားတွေ ဖြစ်ကြလေသည်။ မြန်မာဖြစ်မှန်စားရက် အထည်အချို့ကလည်း ရှိနေပေ၏။

မှန်တင်ခုံ၏ ညာဘက်အံဆွဲကို ဖွင့်ရာသည့်အခါတွင် တင်မောင်ဆွေသည် စိတ်ဝင်စားဖွယ်ရာကို တွေ့ရလေသည်။ ဓာတ်ပုံ အယ်လ်ဘမ် စာအုပ်တစ်အုပ်ပင် ဖြစ်လေ၏။

အယ်လ်ဘမ်ထဲတွင် သေသူချစ်လှ၏ တစ်ကိုယ်တည်း ဓာတ်ပုံတွေအပြင် ၄င်းနှင့်အခြားသူများ တွဲရိုက်ထားသည့် စနက်ရှော့(တ)ဓာတ်ပုံများလည်း ရှိနေလေသည်။ တင်မောင်ဆွေ စိတ်ဝင်စားမိသည်ကား ချစ်လှနှင့် အမျိုးသမီးတစ်ယောက် တွဲရိုက်ထားသော ဓာတ်ပုံတစ်ပုံပင် ဖြစ်လေသည်။ ဓာတ်ပုံသည် ရိုက်ထားသည်မှာ တော်တော်ကာလကြာမြင့်ခဲ့ပြီ ဖြစ်ဟန်ရှိသည်။ ဓာတ်ပုံထဲတွင် ချစ်လှမှာ လူရွယ်မျှသာ ရှိနေသေး၏။

ထူးခြားသည်ကား ချစ်လှသည် စစ်ဝတ်စုံနှင့် ဖြစ်နေပြီး သူက ပခုံးကို ဖက်ထားသူမှာ ဂါဝန်ဝတ်ထားသည့် ဓိဓိဖြစ်နေခြင်း ပင်တည်း။

တင်မောင်ဆွေက ချစ်လှ ဝတ်ဆင်ထားသော စစ်ဝတ်စုံကို





ရှုစိုက်၍ ကြည့်မိသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်သို့ ရောက်လာကြသော အမေရိကန်စစ်တပ်၏ စစ်ဝတ်စုံနှင့် အမှတ်တံဆိပ်များပင် ဖြစ်နေ၏။ ချစ်လှသည် ဓိဓိနှင့်တွဲလျက် အမေရိကန်ဂျစ်ကားဘေးတွင် ရပ်နေသည်ကို တစ်စုံတစ်ယောက်က စနက်ရှော့(တ)ရိုက်ထားခဲ့ခြင်း ဖြစ်သည်။

'ဘယ်လိုလဲ မောင်ရင်၊ စိတ်ဝင်စားစရာ တွေ့နေရပြီလား'

ဓာတ်ပုံကို စူးစူးစိုက်စိုက် တင်မောင်ဆွေက ကြည့်နေသည်ကို တွေ့ရသည့်အခါ၌ ဦးကျော်လွန်းက စပ်စပ်စုစု မေးလိုက်ခြင်း ဖြစ်လေသည်။

'ချစ်လှမှာ ကျွန်တော်နဲ့လည်း သိတဲ့မိတ်ဆွေတစ်ယောက် ရှိနေတာကို တွေ့ရလို့ပါ'

တင်မောင်ဆွေသည်ပြန်ဖြေလိုက်ရာက ဓာတ်ပုံအယ်လ်ဘမ် စာအုပ်မှ စာရွက်တွေကို လှန်ကြည့်လိုက်ပြန်သည်။ နောက်တစ်မျက်နှာ၌ ဓိဓိနှင့် ချစ်လှတို့ တွဲရိုက်ထားသော ဓာတ်ပုံတစ်ပုံကို ထပ်တွေ့ရပြန်သည်။

သည်တစ်ခါတွင်တော့ သူတို့နှစ်ယောက်ပါမက ချစ်လှနည်းတူ အမေရိကန်စစ်ဝတ်စုံ ဝတ်ဆင်ထားသည့် အခြားလူတစ်ယောက်လည်း ပါ၏။ ထိုလူ့ရုပ်ကို ကြည့်ရသည်မှာ ကပြားနှင့်တူလသည်။ ၄င်းတို့သုံးယောက်သည် စားပွဲတစ်လုံးတွင် ထိုင်နေခြင်း ဖြစ်သည်။

ချစ်လှသည် ဓိဓိနှင့် စစ်ကြီးပြီးစကတည်းက သိခဲ့ဟန်တူသည်။ ပြီးလျှင် ထိုစဉ်က ချစ်လှသည် မြန်မာပြည်ရောက် အမေရိကန်စစ်တပ်တွင် ဝင်ရောက်စစ်မှုထမ်းခဲ့ခြင်းမှာလည်း ထင်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်လိုရာထူး၊ ဘယ်လိုတာဝန်တွေကို ထမ်းရွက်ခဲ့ရကြောင်းကို သိဖို့လိုသေးပေ၏။

တင်မောင်ဆွေက အယ်လ်ဘမ်ထဲမှ ထိုဓာတ်ပုံနှစ်ပုံကို ဖြုတ်ယူကာ အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။

'ကဲ··· လာ ဦးကျော်လွန်း၊ ကျွန်တော်တို့ လစ်ကြစို့'

'ဘယ့်နှယ်လဲ မောင်ရင်၊ ဒီဓာတ်ပုံနှစ်ပုံက အရေးကြီးသလား'

'ကြီးချင် ကြီးလာနိုင်တယ်၊ ချစ်လှရဲ့ အတိတ်ရာဇဝင်ကို ပြန်ခြေရာခံရာမှာ အထောက်အကူ ဖြစ်နိုင်တာပေါ့၊ ကဲ··· သွားကြစို့ဗျာ'

တင်မောင်ဆွေက အိပ်ခန်းမီးကို ပြန်၍ မှိတ်ပစ်လိုက်သည်။ ထို့နောက် လာလမ်းအတိုင်း တိုက်ခန်းတွင်းမှ ပြန်ထွက်လိုက်၏။

ဦးကျော်လွန်းက အရင်ထွက်ကာ နောက်ဖေးလမ်းကြားထဲ၌ ရပ်စောင့်နေစဉ် တင်မောင်ဆွေက သူဖွင့်ခဲ့သော နောက်ဖေးတံခါးကို ပြန်ပိတ်နေလိုက်သည်။ ထိုစဉ်မှာပင် ဖောက်ခနဲဟူသော အသံနှင့်အတူ ပိတုံးတစ်ကောင်ဟု ထင်မှတ်ရသော အရာဝတ္ထုတစ်ခုက တင်မောင်ဆွေ့ပါးကို ဝီခနဲအော်မြည်ပွတ်သပ်သွားပြီး တံခါးရွက်၌ စူးဝင်နစ်မြုပ်သွားလေ၏။

တင်မောင်ဆွေက ချက်ချင်းပင် ဦးကျော်လွန်းအား ဆွဲဖမ်းကာ မြေပြင်ပေါ်သို့ လျင်မြန်စွာ လှဲချလိုက်သည်။ သူတို့အား တစ်စုံတစ်ယောက်က ဆိုင်းလင့်စာခေါ် အသံတိတ် ကိရိယာတပ်ဆင်ထားသည့် သေနတ်ဖြင့် ပစ်ခတ်လိုက်ကြောင်း သိလိုက်မိသောကြောင့် ဖြစ်၏။





နောက်ထပ် ဖောက်ဟူသောအသံ ထွက်ပေါ်လာပြန်ကာ ကျည်ဆန်တစ်ခုက အမှောင်ထုကို ဖြတ်သန်းလာပြီး သူတို့ခေါင်းပေါ်မှ ကျော်ထွက်သွားပြန်တော့သည်။

တင်မောင်ဆွေက ငြိမ်ခံနေ၍ မဖြစ်တော့ဟု ဆုံးဖြတ်ကာ သူ့ပခုံးစလွယ်အိတ်ထဲမှ လူဂါသေနတ်ကို ဆွဲထုတ်ပြီး ကျည်ဆန်လာရာဘက်သို့ နှစ်ချက်ဆင့်၍ ပစ်ထည့်လိုက်သည်။ ဒိုင်းခနဲ ဒိုင်းခနဲ အသံသည် အမှောင်ထုထဲဝယ် လွှမ်းမိုးနေသော တိတ်ဆိတ်မှုကို ကျယ်လောင်စွာ ဖောက်ဖျက်လိုက်သည်။

သေနတ်သံနှင့် မရှေးမနှောင်းမှာပင် လူတစ်ယောက် တဖတ်ဖတ် ပြေးသွားသံကို တင်မောင်ဆွေ ကြားလိုက်ရသည်။ တင်မောင်ဆွေလည်း ဝပ်နေရာမှ ကပျာကယာ ထရပ်လိုက်ကာ ဦးကျော်လွန်းအား ဆွဲထူလိုက်သည်။

'ဘာဖြစ်တာလဲ မောင်ရင်၊ ကျုပ်တို့ သေနတ်ပစ်ခံရတာလား'

'ဟုတ်တယ်၊ အခုတော့ လစ်ပြေးသွားပါပြီ၊ ကျုပ်တို့လည်း လစ်ကြတော့မှ'

တင်မောင်ဆွေနှင့် ဦးကျော်လွန်းတို့သည် ရပ်ကွက်ရှိလူများ နိုးဆင်းမလာကြမီ နောက်ဖေးလမ်းကြားအတိုင်း တစ်ဖက်လမ်းထိပ်အထိ ရောက်အောင်ပြေးခဲ့ကြသည်။ ပြီးမှ တင်မောင်ဆွေက သူ့ကားရပ်ထားခဲ့သည့် နေရာဘက်သို့ ဦးကျော်လွန်းအား ပြန်ခေါ်ခဲ့သည်။

ရပ်ကွက်ကား ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ သေနတ်သံတွေကို ဘယ်သူကမှ ဆင်း၍ စုံစမ်းခဲ့ပုံမရချေ။ အဝေးဆီမှ ခွေးကုန်းဟောင်းသွားသောအသံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေနှင့် ဦးကျော်လွန်းတို့လည်း ကားပေါ်တက်ကြကာ တင်မောင်ဆွေက ကားကို မောင်းထွက်ခဲ့သည်။ တင်မောင်ဆွေမှာ စိတ်ထဲတွင် တစ်မျိုးလှုပ်ရှားနေသည်။ သူတို့အား သေနတ်ဖြင့် ပစ်ပြေးသူမှာ နဂါးပင်ဖြစ်ရမည်ဟု သူက သေချာပေါက်တွက်မိသည်။

နဂါးက သူ့အား ပထမဦးဆုံး ရန်စလုပ်လာခြင်းဖြစ်ရာ ချက်နှာချင်းဆိုင် တွေ့ရဖို့ ကြိုးစားရန်ကား သူ့တာဝန်ပင် ဖြစ်သည်ဟု တင်မောင်ဆွေက တွေးလိုက်မိလေ၏။

* * *

BURMESE CLASSIC

## - တစ်ဆယ့်နှစ် -

နံနက်ကိုးနာရီတိတိတွင် တင်မောင်ဆွေက သူ့အသည်းကျော် မေစီထံ ဖုန်းဆက်ပြီး ဂျင်မီအား သွားကြည့်ဖို့နှင့် ယနေ့ရုံးသို့ လာရန် မှာကြားလိုက်သည်။

'အခြေအနေက ဘယ်လိုလဲ ကိုဆွေ'

တစ်ဖက်မှ မေစီက စိုးရိမ်မကင်း ပြန်မေးလိုက်သည်။

'ညက နဂါးနဲ့ ကိုဆွေ ကျည်ဆန်ချင်းပဲ နှုတ်ဆက်လိုက်ရတယ် အစီ၊ လူချင်းတော့ မတွေ့လိုက်ရပါဘူး'

'အို… ကိုဆွေ'

'စိတ်မပူပါနဲ့ အစီရယ်၊ ကိုဆွေက နဂါးနဲ့'ရင်ဆိုင်တွေ့ချင်နေတာကွဲ့'

'ကိုဆွေ အခု ဘာလုပ်မလဲဟင်'

'အသတ်ခံရတဲ့ သဘော်သားချစ်လှရဲ့ အတိတ်ရာဇဝင်ကို ပြန်ခြေရာခံကြည့်ရမယ် အစီ၊ ဇီဇီနဲ့ ချစ်လှဟာ မိတ်ဆွေဟောင်းကြီးတွေဆိုတာ ကိုဆွေ သိခဲ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဒီအကြောင်း ဂျင်မီကို အသိပေးလို့တော့ ဖြစ်မယ် မထင်ဘူး'

'အေး… အခု လောလောဆယ်မှာတော့ အသိမပေးရနဲ့ဦး ပေါ့၊ နောက်တစ်နေ့မှ ကိုဆွေ သူ့ဆီကိုလာပြီး ဇီဇီ့ရဲ့ အဝတ်ရာဇဝင် ကို သူ့ဆီမှာ တီးခေါက်ကြည့်ဦးမယ်'

'ဒီအတောအတွင်းမှာ ကိုဆွေလည်း သတိထားပါဦး ကိုဆွေရယ်…'

'စိတ်ချပါ အစ်ကိုရယ်၊ ကိုဆွေလည်း မသေချင်သေးပါဘူး ဘိုင် အစ်ကို'

တင်မောင်ဆွေက ဖုန်းကိုပြန်ချလိုက်ပြီးမှ တစ်ဖန် ပြန် ကောက်ယူကာ ဦးထွန်းညွန့်ထံသို့ ဆက်လိုက်ပြန်သည်။ ဦးထွန်းညွန့် အဆင်သင့်ပင် ပြန်ထူးသဖြင့် တွေ့ချင်ကြောင်းပြောရာ လမ်း(၄၀) ထဲရှိ နှင်းဥယျာဉ်ဟိုတယ်သို့ပင် ထပ်ချိန်းလိုက်ပြန်သည်။

သည်တစ်ခေါက်တွင်တော့ တင်မောင်ဆွေက အရင်ရောက် သွားကာ နှစ်ယောက်စာအတွက် နံနက်စာကို ထောင့်ကဲကြီးထဲတွင် ကြိုတင်၍ မှာထားလိုက်ပြီး အကြမ်းတစ်အိုးသောက်ရင်း ဦးထွန်းညွန့် အား ထိုင်စောင့်နေလိုက်၏။

ဆယ်မိနစ်ခန့်ကြာလျှင် ဦးထွန်းညွန့် ပေါက်ချလာသည်။ ထုံးစံအတိုင်း အဝတ်အစား သပ်သပ်ရပ်ရပ်နှင့်ပင် ဖြစ်သည်။

'ကဲ… ဒီတစ်ခါ ဘာအကြောင်းထူးပြန်သတုန်း၊ ဆိုစမ်း ပါဦး'

တင်မောင်ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင် မိသည်နှင့်တစ်ပြိုင်နက် ၄င်းကပင် စ၍မေးလိုက်သည်။





'ထူးချင်လည်း ထူးလိမ့်မယ် ဦးထွန်းညွန့်၊ ဒါပေမဲ့ ကျွန်တော့် မှာ ဦးထွန်းညွန့်ကို မေးစရာကလေးတွေ ရှိနေသေးတယ်'

ဦးထွန်းညွန့်က သက်ပြင်းကလေးတစ်ချက် မသိမသာ ချလိုက်သည်။

'ကောင်းပြီ၊ ဘာမေးချင်တာလဲ ကိုတင်မောင်ဆွေ'

'ခင်ဗျားဟာ ကိုချစ်လှနဲ့ တော်တော်ရင်းနှီး အကျွမ်းဝင်ခဲ့ တယ် မဟုတ်လား'

ဦးထွန်းညွန့်က ဦးခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက် သည်။

'ဒီလိုဆိုရင် ဦးထွန်းညွန့်ဟာ သူ့ရဲ့အပေါင်းအသင်းတွေကို သာ သိမှာပေါ့၊ အထူးသဖြင့် သူ့ရဲ့မိန်းမမိတ်ဆွေတွေကို ကျွန်တော် သိချင်တယ်'

'ချစ်လှမှာ မိန်းမမိတ်ဆွေရယ်လို့ သိပ်မရှိခဲ့ပါဘူး။ သူဟာ သိုးဖိုတစ်ယောက်ပဲ ကိုတင်မောင်ဆွေ၊ သူဟာ သူ့ငယ်ချစ်ကို လက်ထပ်ယူခဲ့တယ်၊ ဒါပေမဲ့ ကြာကြာမပေါင်းလိုက်ရပါဘူး၊ သူ့ မိန်းမဟာ တီဘီနဲ့ သေသွားခဲ့ရှာတယ်။ အဲဒီကတည်းက သူဟာ ဘယ်မိန်းမတွေကိုမှ အရေးမထားခဲ့ဘူး၊ အလုပ်တာဝန်ထဲမှာသာ သဘာဝကို နှစ်မြှုပ်ထားခဲ့တာပဲ'

ဦးထွန်းညွန့်က တိတိကျကျပင် ပြန်ဖြေလိုက်သည်။

'သူ့မိန်းမက ဘယ်သူလဲ'

ဦးထွန်းညွန့်၏မျက်နှာသည် မသိမသာ လှုပ်ရှားသွားသည်။

'ကျုပ်တူမပါပဲ၊ တူမဆိုပေမယ့် သမီးလိုပါပဲ'

'ဆောရီးပဲ ဦးထွန်းညွန့်'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းညွန့်က သူ့မျက်နှာကို ပြန်ထိန်းထားလိုက်သည်။

'ကျုပ်တူမ ဆုံးခဲ့တာ (၇)နှစ်ကျော်ခဲ့ပါပြီ၊ သူတို့နှစ်ယောက် ဟာ တစ်ယောက်ကိုတစ်ယောက် တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့ကြ တယ်ဆိုတာကို ကျုပ် သိခဲ့ပါတယ်၊ ကျုပ်တူမကို တီဘီရှိတယ်ဆို တာ သူသိရက်နဲ့ လက်ထပ်ယူခဲ့တာပဲ'

တင်မောင်ဆွေက နောက်ဆက်၍ မမေးသေးဘဲ နှုတ်ဆိတ် နေလိုက်ကာ အစားကိုသာ ဖိစားနေလိုက်၏။

'ဘာဖြစ်လို့မေးတာလဲ ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်က မေးလိုက်သည့်အခါတွင်မှ တင်မောင်ဆွေက သူ့ပန်းကန်မှ မော့ကြည့်ကာ ပခုံးများကိုသာ အသာတွန့်ပြလိုက်၏။

'ကျွန်တော်က ကိုချစ်လှရဲ့ အတိတ်ရာဇဝင်ကို သိချင်လို့ ပါ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကိုချစ်လှဟာ ဘာလုပ်ခဲ့သလဲ ဦးထွန်းညွန့်'

'မောင်ချစ်လှရဲ့ဖခင်က ရဲအရာရှိကြီးတစ်ယောက်ပဲ ကိုတင် မောင်ဆွေ၊ ဂျပန်တွေ ဝင်လာတော့ သူတို့မိသားစုဟာ အိန္ဒိယကို ထွက်ပြေးကြတယ်၊ သူ့အမေက လမ်းမှာတင် ဝမ်းရောဂါနဲ့ ဆုံးတယ်၊ သူ့အဖေကတော့ အိန္ဒိယကို ချောချောမောမော ရောက်ပြီးမှ ဆုံးသွား ရှာတယ်'

'သူကကော ဘာလုပ်သလဲ'

'အဲဒီတုန်းက သူဟာ (၁၈)နှစ်သားအရွယ်ပဲ၊ သူက စစ်ထဲ ဝင်ခဲ့တယ်လို့ ကျုပ် နားလည်ခဲ့ရတာပဲ၊ သူဟာ ဗြိတိသျှ စစ်တပ်တွေ နဲ့အတူ မြန်မာပြည်ထဲ ပြန်ဝင်လာခဲ့တာပဲ'

အဆက်အစပ်တော့ တွေ့ရပေပြီ။





'ဗြိတိသျှစစ်တပ်လား၊ အမေရိကန်စစ်တပ်လား'

ဦးထွန်းညွန့်၏ မျက်လုံးတွေက ဖျတ်ခနဲ ရှုံ့ရွှာ တင်မောင် ဆွေအား စိုက်ကြည့်လိုက်၏။

'သူဟာ ဝင်းဂိတ်ရဲ့ခြင်္သေ့တပ်တွေနဲ့ မြန်မာပြည်ထဲကိုပါ လာခဲ့သေးတယ်။ ပြီးတော့ သူတို့တပ်ပျက်ပြီး စတီးဝဲလ်ရဲ့အမေရိကန် တပ်တစ်တပ်ထဲကို သူရောက်သွားတယ်၊ ရန်ကုန်ကို မဟာမိတ်တွေ က သိမ်းမိတော့ သူဟာ အမေရိကန်တပ်ထဲ ရောက်နေပြီ'

ထိုအချိန်မှာပင် ချစ်လှသည် ဇီဇီနှင့် တွေ့ဆုံခဲ့ရခြင်းလော၊ သို့မဟုတ် သူတို့နှစ်ယောက် အိန္ဒိယမှာပင် ဆုံဆည်းသိကျွမ်းခဲ့ရခြင်း လော။

'အမေရိကန်တပ်ထဲမှာ သူ ဘာတာဝန် ထမ်းဆောင်ခဲ့ရ သလဲ ဦးထွန်းညွန့်'

ဦးထွန်းညွန့်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက် သည်။

'ဒါကိုတော့ ကျုပ်လည်း မပြောတတ်ဘူး ကိုတင်မောင် ဆွေ၊ အဲဒီတုန်းက ကျုပ်က ကျုပ်တာဝန်တွေနဲ့ အလုပ်ရှုပ်နေခဲ့တာပဲ၊ အမေရိကန်တပ် မြန်မာပြည်က ပြန်သွားတော့ သူ ထွက်ကျန်ရစ်ခဲ့တာ တို့ပဲ ကျွန်တော် သိတယ်'

တင်မောင်ဆွေက ထမင်းပွဲကို လက်စသတ်လိုက်ကာ စီး ကရက်တစ်လိပ် ထုတ်ယူလိုက်သည်။ ဦးထွန်းညွန့်ကလည်း လက် ထဲက တူများကို ချထားလိုက်ရာက တင်မောင်ဆွေ့အား စဉ်းစဉ်း စားစား အမူအရာဖြင့် ကြည့်လိုက်သည်။

'သူ့အပေါင်းအသင်းဆိုလို့ ကျုပ် ပြောရဦးမယ်၊ သူ့ရဲ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေကိုတော့ ကျုပ် မသိဘူး၊ ဒါပေမဲ့ အဲဒီတုန်း
သူနဲ့ အင်မတန် ရင်းနှီးခဲ့ကြတဲ့ ယောကျ်ားမိတ်ဆွေ နှစ်ယော
ရှိခဲ့ကြတယ်'

'ဟုတ်လား၊ ဘယ်သူတွေလဲဗျာ'

'သူနဲ့အတူ ဝင်းဂိတ်ရဲ့ ခြေသံ့တပ်မှာပါခဲ့ပြီး တပ်ပ
တော့ စဝီးဝဲလ်ရဲ့ တပ်ထဲကို အတူပဲဝင်ခဲ့ကြတဲ့ လူနှစ်ယော
တစ်ယောက်က အက်ဒီစတားဆိုတဲ့ အင်္ဂလိုဘားမင်းကပြား
ယောက်ဗျ၊ ကျန်တစ်ယောက်ကတော့ ဆောကနေဒီဆိုတဲ့ ကရင်အ
သားတစ်ယောက်ပဲ၊ သူတို့သုံးယောက်ဟာ အဲဒီတုန်းက အတော
ခဲ့ကြတယ်'

တင်မောင်ဆွေက စိတ်ဝင်စားလာမိသည်။ ဓာတ်ပုံထဲတ
ချစ်လှ၊ ဇီဇီတို့နှင့် တွဲရိုက်ထားသော ကပြားသည် အက်ဒီစတား
သူ ဖြစ်ချင်ဖြစ်ပေမည်။

'ဟုတ်လား၊ အခု အဲဒီလူနှစ်ယောက်ကကော ဘယ်ရော
ကုန်ကြပြီလဲ'

ဦးထွန်းညွန့်က မေးစေ့ကို လက်တစ်ဖက်ဖြင့် ပွတ်လ
စဉ်းစားပြီးမှ ပြန်ဖြေလိုက်သည်။

'အက်ဒီစတားဆိုတဲ့ ကပြားကတော့ သေသွားရှာပြီဗျ
ကနေဒီကတော့ တပ်မတော်ထဲဝင်ပြီး အမှုထမ်းခဲ့သေးတယ်၊ ကော
ဒီအိုအရေးပေါ်လာတော့မှ သူက တပ်ကထွက်ပြီး မော်ဘီဘက်
ခြံလုပ်စားနေတယ်လို့ ကြားရတာပဲ၊ စစ်ကြီးလည်းပြီးရော သူ
သုံးယောက်သားလည်း ကွဲပြားသွားကြတာပဲ'

'အဲဒီ သေသွားခဲ့တဲ့ အက်ဒီစတားမှာ နှမတို့၊ ညီ





ကော မရှိခဲ့ဘူးလားဗျာ'

ဦးထွန်းညွန့်က ခေတ္တမျှ တွေဝေတိတ်ဆိတ်နေသည်။ ပြီးမှ-

'ကျုပ်လည်း ကောင်းကောင်းတော့ မမှတ်မိဘူးဗျာ၊ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေမိတယ်၊ ဒါပေမဲ့ အက်ဒီစတားမှာ နှမဝမ်းကွဲတစ်ယောက်တော့ ရှိခဲ့သလိုလိုပဲ၊ တစ်ခါတုန်းက သူတို့မောင်နှမကို ချစ်လှက ကျုပ်နဲ့ မိတ်ဆက်ပေးခဲ့ဖူးတယ် ထင်တယ်၊ နှစ်တွေက ကြာသွားပြီဆိုတော့ ကျုပ်လည်း သိပ်မမှတ်မိခဲ့ဘူးလေ'

တင်မောင်ဆွေကတော့ စိတ်ထဲတွင် ကျေနပ်မိလေသည်။ ချစ်လှနှင့် ဇီဇီ ဘယ်လို ဆက်သွယ်မိခဲ့သည်ဆိုသည်ကို သိနိုင်သည့် သဲလွန်စတော့ ရပေပြီ။ တစ်ခါတုန်းက ချစ်လှရဲ့ ရဲဘော်ဖြစ်ခဲ့သော အက်ဒီစတားထဲတွင် နှမဝမ်းကွဲတစ်ယောက် ရှိခဲ့သည်ဆိုရာ သူမသည် ဇီဇီပင် ဖြစ်ရပေမည်။ သူတို့သည် စစ်ကြီးအပြီးတွင် ခွဲခွာသွားကြရာမှ ချစ်လှသည် ဇီဇီအား ပြန်လည် ဆုံဆည်းမိကြခြင်းဖြစ်လေသည်။ ဘယ်လိုအခြေအနေနှင့် ဆုံဆည်းခဲ့ရသည်ဆိုသည်ကိုတော့ သူက အတိအကျ မသိနိုင်သေးပေ။

တစ်ခုတော့ရှိသည်။ ဇီဇီအား နဂါးအမည်ခံ လူသတ်သမား၏ အန္တရာယ်မှ ချစ်လှက ကယ်တင်ခဲ့ခြင်း ဖြစ်ပေမည်။ ထိုအတွက် ချစ်လှသည် အသတ်ခံခဲ့ရ၏။ နဂါးက ဇီဇီအားလိုက်လံရှာဖွေနေသည်ဟုလည်း ချစ်လှက သူ မသေမီတွင် ပြောသွားခဲ့၏။ ဇီဇီအား နဂါးက ရှာမတွေ့မီ အရင်တွေ့အောင် ရှာပါဟုလည်း သူ့အား တာဝန်ပေးသွားသေး၏။ သို့တစေလည်း ယခုထက်ထိတော့ ဇီဇီ တစ်ယောက် ဘယ်နေရာမှာ ရောက်နေသည်ကို သူ မသိရသေးပေ။

'ကဲ... ကိုတင်မောင်ဆွေ၊ ခင်ဗျားသိချင်တာတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ပြောပြီးပြီ၊ ကျုပ်သိချင်တာတွေကိုကော ခင်ဗျား မပြောသေးဘူးလား'

ဦးထွန်းညွန့် မေးလိုက်သံက တင်မောင်ဆွေ၏ အတွေးကြောကို ပြတ်သွားစေ၏။

'ဆောရီးပဲ ဦးထွန်းညွန့်၊ ကျွန်တော်ကိုယ်တိုင် မသိသေးတာတွေကို ခင်ဗျားကို ဘယ်လို ကျွန်တော်က အသိပေးနိုင်မှာလဲ'

'အင်း… ခင်ဗျားပြောတာလည်း မှန်တာပဲ'

ဦးထွန်းညွန့်က သက်ပြင်းတစ်ချက်ချလျက် ပြောလိုက်၏။

'အဲဒီတော့ ဦးထွန်းညွန့်က ကျွန်တော့်ကို တစ်ခုကူညီပါဦး။ ချစ်လှဟာ စစ်ကြီးအတွင်းက စဘီးဝဲလ်ရဲ့ မြန်မာပြည်ရောက် အမေရိကန်တပ်အတွင်းမှာ ဝင်အမှုထမ်းခဲ့တဲ့အတွင်း သူ ဘာတာဝန်တွေ ထမ်းဆောင်ခဲ့တယ်ဆိုတာကို ကျွန်တော် သိချင်တယ်၊ အဲဒါကို ဦးထွန်းညွန့်အနေနဲ့ ပြန်စုံစမ်းပေးနိုင်ပါ့မလား'

ဦးထွန်းညွန့်က အင်မတန်မှ စိတ်ရှည်သောအမူအရာဖြင့် တင်မောင်ဆွေ့အား ကြည့်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ် အစွမ်းကုန် ကြိုးစားကြည့်ပါမယ်၊ ဒီမှာ ကိုတင်မောင်ဆွေ၊ ချစ်လှ အသတ်ခံရတဲ့ကိစ္စဟာ အဲဒီတုန်းက သူ့အတိတ်အထိ ပြန်သွားတယ်လို့ ခင်ဗျားက ယူဆလို့လား'

'ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ ဦးထွန်းညွန့်၊ ကျွန်တော်ဟာ ရသမျှ သဲလွန်စကို လျှောက်လိုက်နေရတာပါ'

ဦးထွန်းညွန့်နှင့် ခွဲခွာခဲ့ပြီးနောက် တင်မောင်ဆွေသည် ညက ဖြစ်ပွားခဲ့သော ချစ်လှ၏တိုက်ခန်းရှိရာ မအူကုန်းရပ်ကွက်ထဲမှ လမ်းထဲသို့ ပြန်သွားလေ၏။ သူသည် မယောင်မလည်နှင့် နောက်ဖေးလမ်း





ကြားထဲဝင်ပြီး ချစ်လှ၏တိုက်ခန်း နောက်ဖေးတံခါးဆီသို့ လျှောက်ခဲ့လေသည်။ တံခါးရွက်တွင် စူးဝင်နစ်မြုပ်နေသော ကျည်ဆန်ရာကို သူက အလွယ်တကူပင် ရှာဖွေတွေ့ရှိရ၏။

တင်မောင်ဆွေက မောင်းချွားကို ထုတ်ဖွင့်ပြီး တံခါးရွက်ထဲ၌ နစ်မြုပ်နေသော ကျည်ဆန်ထိပ်ဖူး ခဲတောင့်ကို ကော်ထုတ်လိုက်ကာ စာအိတ်အလွတ် တစ်လုံးတွင်ထည့်ပြီး သူ့ကုတ်အင်္ကျီအိတ်ထဲသို့ ဆည့်ထားလိုက်၏။ ထို့နောက် သူ့ကားရှိရာသို့ ပြန်လျှောက်ခဲ့ကာ သူ့တိုက်ခန်းသို့ ပြန်မောင်းခဲ့လေ၏။

* * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်သုံး -

သူ့အလုပ်တိုက်ခန်းသို့ ပြန်ရောက်ခဲ့လျှင် ညှေ့သည်နှစ် ယောက်ရောက်နေသည်ကို သူက တွေ့လိုက်ရ၏။

သူ၏ သီးသန့်ရုံးခန်းထဲမှ သူ့အလုပ်စားပွဲ၏ ကုလားထိုင်တွင် ဒုကြီးကြပ်ရေးမှူး ဦးသောင်းဖေက ဆေးပြင်းလိပ်ကြီးခဲလျက် အခန့်သား ထိုင်နေ၏။ အလုပ်စားပွဲဘေးရှိ ဆိုဖာကြီးပေါ်တွင်တော့ လွင်လွင်ခိုင်သည် လှပသော လက်ပွေ့အိတ်ကို ပြည့်ဖြိုးသော ပေါင်ပေါ်တွင် တင်လျက် ပုံ့ပုံ့လေးထိုင်နေ၏။

တင်မောင်ဆွေ အခန်းထဲသို့ဝင်လာသည်နှင့် တစ်ပြိုင်နက် သူမ၏မျက်နှာတွင် ဝင်းပသောအပြုံးကလေးက ထင်းခနဲပေါ်လာ၏။

'ဟော… ကိုဆွေ ရောက်လာပြီကိုး'

တင်မောင်ဆွေကလည်း လွင်လွင်ခိုင်အား ခင်မင်သော အပြုံးဖြင့် ပြန်၍နှုတ်ဆက်လိုက်၏။

'လွင် ဒီကို ဘယ်လိုရောက်လာတာလဲ'

လွင်လွင်ခိုင်က ခပ်တည်တည်ကြီးထိုင်နေသော ကိုသောင်း





ကြီးဘက်သို့ သွဲ့ပြောင်းသော လက်ကလေးနှစ်ဖက်ကို တိမ်းပြ က်သည်။

'ဟောဒီက ရဲဝန်ထောက်ကြီး ဦးသောင်းဖေက ခေါ်လာ သဲ၊ ကိုဆွေ ကျွန်မဆီကပြန်သွားပြီး မကြာခင်မှာပဲ သူလည်း န်မဆီကို ရောက်လာတာပဲ'

'သူရောက်လာမယ်လို့ ကျွန်တော် လွင့်ကိုပြောခဲ့သားပဲ တ်လား'

ထိုအခါတွင်မှ ကိုသောင်းဖေကြီးသည် အသံထွက်လာတော့ ည်။

'တင်မောင်ဆွေ၊ မင်း ဘာတွေလျှောက်ပြီး လုပ်လည်လုပ်နေ ဆော့ မသိဘူး၊ ဒါပေမဲ့ မင်းက လွှန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်က သွားခဲ့တဲ့ ဦးအောင်မြခိုင် အသတ်ခံရမှုပါ စိတ်ဝင်စားနေတယ်ဆို ငါကလည်း စိတ်ဝင်စားသင့်တယ်လို့ ယူဆမိတယ်လေ'

တင်မောင်ဆွေက မည်သို့မျှ ပြန်မဖြေဘဲ လွင်လွင်ခိုင့်ဘေး င် ဝင်ထိုင်လိုက်၏။ ဦးသောင်းဖေက တင်မောင်ဆွေ့အား မျက် င်ကြီးကုတ်၍ ကြည့်လိုက်၏။

'တင်မောင်ဆွေ၊ မင်း ငါ့ကို ပြောပြဖို့ အချိန်တန်ပြီမဟုတ် ကွ'

'ဘာကို ပြောပြရမှာလဲဗျ'

'မနေ့ညက အသတ်ခံရတဲ့ ချစ်လှကိုစွရယ်၊ ဟောဒီက လွင်လွင်ခိုင်ရဲ့ ခင်ပွန်းသည် အသတ်ခံရတဲ့ကိုစွရယ်၊ ဘယ်လို သက်နေတယ်ဆိုတာပေါ့ကွ၊ မင်းက ဘာဝေ့လည်ကြောင်ပတ် နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေက ဒေါ်ကလေးနှင့် ပြောလိုက်ရာ တင်မောင်ဆွေက သူ့ပခုံးများကို တွန့်ပြလိုက်၏။

'အဲဒါကိုပဲ ကျွန်တော်က လိုက်စုံစမ်းနေတာပဲ မဟုတ်လား ကိုသောင်းဖေ၊ အမှန်က ကျွန်တော်ဟာ ခင်ဗျားအလုပ်ကို လိုက်လုပ်ပေးနေတာပါ၊ စိတ်ရှည်ရှည်ထားပြီး စောင့်မှပေါ့ဗျာ၊ ဒီကိစ္စကို ကျွန်တော် အတိအကျသိရတာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို အသိပေးပြီး ခင်ဗျား နာမည်ယူရပါစေမယ်လို့ ကျွန်တော် ခင်ဗျားကို ကတိပေးထားပြီးသား မဟုတ်လား'

ကိုသောင်းဖေကြီးသည် လွှင်လွှင်ခိုင့်အား တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် နားရွက်ကြီးတွေ နီရဲတက်လာရှာသည်။ တင်မောင်ဆွေက ခပ်ပြုံးပြုံးဖြင့် စကားဆက်ပြန်၏။

'ဒီတော့ကာ ခင်ဗျား ကျွန်တော့်ကို တစ်ခုလုပ်ပေးရလိမ့်မယ် ကိုသောင်းဖေ'

ကိုသောင်းဖေက ချောင်းတစ်ချက်ဟန့်လိုက်ပြီး နောက်မှ-

'ဆိုစမ်းပါဦး၊ မင်း ဘာများခိုင်းဦးမလို့လဲ'ဟု မျက်မှောင်ကြီးကုတ်လျက် မေးလိုက်၏။

'ခင်ဗျား ကျွန်တော့်ဆီမှာ အရင်က လုပ်သွားခဲ့ဖူးတဲ့ ခီး ဆိုတဲ့ အမျိုးသမီးကို သိတယ် မဟုတ်လား၊ ဂျင်မီရဲ့အဆက်လေဗျာ'

ကိုသောင်းဖေကြီးလည်း ချက်ချင်းပင် စိတ်ဝင်စားမှု ပြလာ၏။

'အေး... သိသားပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က မဇ်း သူ့ကို တာဝန်တစ်ခုပေးလိုက်တာ ပျောက်ချင်းမလှ ပျောက်သွားတဲ့ အမျိုးသမီးမဟုတ်လား၊ အဲဒါ ငါဘာလုပ်ပေးရမှာလဲ'





'အဲဒါ သူ့ရဲ့ရက်ကော့ကို ကျွန်တော် သိချင်တယ်၊ စစ်ပြီးခေတ်က စပြီးပေါ့ဗျာ၊ သူဟာ အဲဒီတုန်းက ရန်ကုန်မှာရှိနေခဲ့တဲ့ အမေရိကန် တပ်တစ်တပ်နဲ့ အဆက်အသွယ် ရှိချင်ရှိလိမ့်မယ်၊ သူ့အစ်ကိုဝမ်းကွဲ အက်ဒီစတားဆိုတဲ့လူဟာ အဲဒီ အမေရိကန်တပ်ဖွဲ့မှာ အမှုထမ်းခဲ့ဖူးတယ်'

ကိုသောင်းဖေက မေးစေ့ကို လက်ဖြင့်ပွတ်လျက် စဉ်းစားနေလိုက်၏။

'အင်း... ငါ မှတ်မိသလောက်ဆိုရင်ဖြင့် အဲဒီတုန်းက ရန်ကုန်မှာရှိတဲ့ အမေရိကန် တပ်ဖွဲ့ကတော့ (အို-အက်စ်-အက်စ်)ပဲ၊ အဲဒီတပ်က ထောက်လှမ်းရေးတပ်ကွ'

ထိုအခါမှ တင်မောင်ဆွေသည် ပြန်၍ သတိရလာတော့၏။ သူ့သူငယ်ချင်း စာရေးဆရာကြီးမိုးဝေကြီးပင်လျှင် ထိုတပ်ဖွဲ့၌ မအူ သည်နှင့် ဝင်၍ အလုပ်လုပ်ခဲ့ဖူးသည်ကို ပြန်၍ သတိရလာမိသည်။ ကိုသောင်းဖေက စကားဆက်ပြန်သည်။

'နှစ်က အတော်ကြာခဲ့ပြီဆိုတော့ ပြန်ချက်ကင်လုပ်ဖို့ကတော့ အခက်သားပဲကွာ၊ ဒါပေမဲ့ ငါ အစွမ်းကုန်ကြိုးစားကြည့်ပါဦးမယ်'

တင်မောင်ဆွေက သဘောသားချစ်လှ၏ တိုက်နောက်ဖေးခါးမှ သူ ကော်ထုတ်လာသော သေနတ်ကျည်ဆန် ထိပ်ဖူးခဲတောင့်လေးကို ထုတ်ယူပြီး ကိုသောင်းဖေ၏ ရှေ့တွင် ချပေးလိုက်၏။

'ဟောဒါဟာ သေနတ်ကျည်ဆန်ထိပ်ဖူးတစ်ခုပဲ၊ အဲဒီထိပ်ဖူးကို ဘယ်သေနတ်က ပစ်ခဲ့တယ်ဆိုတာ ကျွန်တော် သိချင်တယ် ကိုသောင်းဖေ၊ အဲဒါ ခင်ဗျား အင်းစိန်စီအိုင်ဒီကို ပို့ပြီး ချက်ကင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်းစမ်းပါ'

ကိုသောင်းဖေက ခဲတောင့်ကိုကောက်ယူကာ မျက်မှောင်ကြီးကုတ်လျက် ကြည့်လိုက်၏။

'မင်း ဒီ ခဲတောင့်ကို ဘယ်ကရလာတာလဲ တင်မောင်ဆွေ'

'ဒီ ခဲတောင့်ကို ဘယ်သေနတ်က ပစ်ထုတ်ခဲ့တယ်ဆိုတာကို ကျွန်တော် သိရတဲ့အခါကျတော့ ခင်ဗျားကို ပြောပြမယ်လေ'

ကိုသောင်းဖေသည် တစ်စုံတစ်ခု ပြောမည်လုပ်ပြီးမှ တံတွေးကိုမျိုချလိုက်ပြီး ခဲတောင့်လေးကို စာအိတ်ထဲတွင် ပြန်ထည့်လျက် သူ့အိတ်ကပ်ထဲတွင် သိမ်းထားလိုက်၏။

'မင်းကို ငါလုပ်ပေးရမှာ ဒါပဲလား တင်မောင်ဆွေ'

'ဟုတ်ပါတယ်၊ ဒါပါပဲ'

ကိုသောင်းဖေက ထိုင်ရာမှထပြီးနောက် သူ့ကက်ဦးထုပ်ကို ပြန်ဆောင်းပြီး သူတို့နှစ်ယောက် ပြောသမျှကို တိတ်ဆိတ်စွာထိုင်၍ နားထောင်နေခဲ့သော လွင်လွင်ခိုင့်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ကဲ... ဒေါ်လွင်လွင်ခိုင်၊ ကျွန်တော် ပြန်တော့မယ်၊ ဒေါ်လွင်လွင်ခိုင်ကော လိုက်မလား'

လွင်လွင်ခိုင်က ပြုံးပြုံးကလေး ခေါင်းကိုခါပြလိုက်၏။

'ကျွန်မ မလိုက်သေးပါဘူး ဦးသောင်းဖေ၊ ကျွန်မ ကိုတင်မောင်ဆွေနဲ့ ပြောစရာစကားတွေ ရှိနေပါသေးတယ်'

ကိုသောင်းဖေကြီးသည် လွင်လွင်ခိုင်အား တစ်လှည့်၊ တင်မောင်ဆွေအားတစ်လှည့် အကဲခတ်သလို ကြည့်လိုက်၏။ ပြီးမှ ဘာမှမပြောတော့ဘဲ ခေါင်းကိုသာ ဆတ်ခနဲညိတ်လိုက်ပြီး အခန်းထဲမှ လျှောက်ထွက်သွားလေ၏။





တင်မောင်ဆွေက သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်ပြီးနောက် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီးမှ တစ်ချိန်လုံး တိတ်ဆိတ်စွာထိုင်နေခဲ့သော လွင်လွင်ခိုင်အား လှမ်းကြည့်လိုက်၏။ ဤတွင် သူက သူမ၏အပြုံးနှင့် ရင်ဆိုင်လိုက်ရလေ၏။

'ဦးသောင်းဖေကြီးက ကျွန်မကို ရှင့်အကြောင်းတွေ ပြောပြပါတယ်။ ရှင်ဟာ အမှုတစ်ခုကို လိုက်ရာမှာ အတော်ဆုံးပဲတဲ့၊ ဒါပေမဲ့ ရှင်အသုံးပြုတဲ့ နည်းတွေကတော့ ရဲစည်းကမ်းနဲ့ တစ်ခါတစ်ခါ မညီညွတ်တတ်ဘူးတဲ့၊ ရှင်ဟာ ရက်စက်ရမယ့်နေရာမှာဆိုရင်လည်း သူမတူအောင် ရက်စက်နိုင်တယ်တဲ့။ ဒါပေမဲ့ ညှာတာစရာကြုံလည်း ဘာကိုမှမငဲ့ဘဲညှာတာတတ်တယ်တဲ့၊ ရှင်ဟာ ထော်ထော်ထူးခြားတဲ့ လူတစ်ယောက်ပဲနော်'

တင်မောင်ဆွေက သူ၏ပခုံးကျယ်ကြီးများကို အသာတွန့်လိုက်၏။

'ကျွန်တော်ဟာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် အလုပ်လုပ်တတ်တဲ့ လူတစ်ယောက်ပါ'

လွင်လွင်ခိုင်သည် သူမ၏နက်မှောင်သော မျက်လုံးကြီးများ ဝင်းလှန်ပြီး တင်မောင်ဆွေ့မျက်နှာကို မော်ကြည့်လိုက်၏။

'ရှင်တို့ ခုနကပြောနေတဲ့ ဓိဓိဆိုတဲ့ အမျိုးသမီးက ဘယ်သူလဲဟင်'

'ကျွန်တော့်လက်ထောက်အဖြစ် လုပ်သွားခဲ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ လွင်'

'သူက ဘာဖြစ်သွားလို့လဲ'

'သူဟာ ကျွန်တော်ပေးထားတဲ့တာဝန်တစ်ခုကို ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရင်းက ပျောက်သွားပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက
ပါပဲ။ သူသေခဲ့ပြီလို့ ကျွန်ုပ်တော်တို့ ထင်ခဲ့ကြတယ်'

'နို့… သူကတော့ တကယ်ပဲ သေခဲ့ပြီလား'

တင်မောင်ဆွေက ရုတ်တရက် ပြန်၍မဖြေ။ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အပြင်သို့ ငေးမျှော်၍ကြည့်လိုက်၏။ ပြီးမှ-

'ဒါကို ကျွန်တော် အတိအကျမသိပါဘူး။ ဒါပေမဲ့ သူဟာ တခြားတစ်နေရာရာမှာ အသက်ရှင်လျက်သာ ရှိနေသေးတယ်ဆိုရင် တော့ ကျွန်တော် အတိအကျ သိချင်ပါတယ်'

လွင်လွင်ခိုင်က ခေတ္တမျှ တိတ်ဆိတ်သွားပြန်သည်။ တင်မောင်ဆွေက စားပွဲတွင် ပြန်လာပြီး ထိုင်လိုက်၏။ ထိုအခါမှ လွင်လွင်ခိုင်က ကိုတင်မောင်ဆွေ၏ မျက်နှာကို စူးစမ်းသလိုကြည့်ကာ မေးခွန်းတစ်ခု ထုတ်လိုက်၏။

'ဒီအမျိုးသမီးဟာ ကိုဆွေ့အတွက် တော်တော့်ကို အရေးပါ အရာရောက်တဲ့လူလားဟင်'

'ကျွန်တော့်အလုပ်မှာ ကူညီလုပ်ကိုင်နေတဲ့ လူတိုင်းဟာ ကျွန်တော့်အတွက် အရေးပါ အရာရောက်တာချည့်ပါပဲ၊ ဒါပေ ဒီအမျိုးသမီးဟာ ကျွန်တော့်ရဲ့ ပါတနာ ဂျင်မီစမတ်အတွက် ပို အရေးပါအရာရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီး သူ့ရဲ့ချစ်သူကိုး'

'သြော်… ဟုတ်လား၊ ကျွန်မဝမ်းနည်းပါတယ် ကိုဆွေ'

'ကဲ… ဒါကိုထားလိုက်ပါတော့ လွင်၊ ကျွန်တော့်ဆီ လာခဲ့တာဟာ အထူးကိစ္စများ ရှိလို့လား'

လွင်လွင်ခိုင်သည် စဉ်းစားသောအမူအရာကလေးဖြင့် ခေ





တိတ်ဆိတ်နေလိုက်၏။ ပြီးမှ သူမက တင်မောင်ဆွေ့အား မော့ ကြည့်လိုက်ပြန်သည်။

'ကိုကိုအောင် အသတ်ခံရတာဟာ ဒီအမျိုးသမီး ပျောက် သွားတဲ့ ကိစ္စနဲ့ တစ်နည်းနည်း ပတ်သက်နေလိမ့်မယ်လို့ ကိုဆွေ သိထားတယ် မဟုတ်လားဟင်'

လွင်လွင်ခိုင်သည် စကားပြောနေရင်းက ရုတ်တရက် မျက် ကလေး တင်းမာလာ၏။

'ကိုဆွေ့ကို ကျွန်မ တစ်ခုဖွင့်ပြောမယ်၊ ကျွန်မယောကျ်ား သတ်ခံရတာကို ကျွန်မဟာ အခုထက်ထိ စိတ်ထဲမှာ မကျေနိုင် သေးပါဘူး။ ကိုကိုအောင့်ကို သတ်သွားတဲ့လူဟာ ဘယ်သူပဲဖြစ်နေ သူပါသေရမယ်လို့ ကျွန်မစိတ်ထဲမှာ သန္နိဋ္ဌာန်ချထားမိပါတယ်။ တော့ အဲဒီလူကို ကျွန်မကိုယ်တိုင် သတ်မယ်လို့တောင် စိတ်ပိုင်း တ်ထားမိပါတယ်'

'လွင့်စိတ်ထဲမှာ ဘယ်လိုဖြစ်နေမယ်ဆိုတာကို ကျွန်တော် းလည်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီလူ့ကို သတ်ဖို့ တရားဥပဒေက ှင့်ကို ခွင့်ပြုမှာမဟုတ်ပါဘူး'

လွင်လွင်ခိုင်က တင်မောင်ဆွေ့မျက်နှာကို စူးစိုက်ကြည့်နေ တ်၏။

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီလူ့ကို လွင့်အတွက် ကိုဆွေက ပေးပါလို့ လွင် တောင်းပန်ချင်ပါတယ်၊ ဒီတာဝန်ကို ကိုဆွေ ှင့်အတွက် ယူနိုင်မလားဟင်'

'လွင် တကယ်ပြောနေတာလား'

'တကယ်ပေါ့ ကိုဆွေရယ်၊ ကိုကိုအောင်အသတ်ခံရတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်ကစစ်ဆေးမှုတွေဟာ သမားရိုးကျပဲ ဖြစ်ခဲ့ပါတယ်၊ ကို
အောင် အသတ်ခံရတဲ့အတွက် အစိုးရအဖွဲ့မှာ ဘယ်လို နစ်နာထိခို
ရှိနိုင်မယ်ဆိုတာကိုပဲ သူတို့က အရေးထားခဲ့ကြပါတယ်၊ ကိုကိုအေ
ကို သတ်သွားတဲ့လူကို ဖမ်းမိဖို့ကိုတော့ သူတို့က ဒါလောက် အ
မထားခဲ့ကြပါဘူး၊ အခုဆိုရင် သူတို့က ကိုကိုအောင်အသတ်ခံ
ကိစ္စကို မေ့သလောက်တောင်ရှိနေပါပြီ၊ ဒါပေမဲ့ ကျွန်မတော့ မေ
နိုင်ပါဘူး၊ ဒီတော့ ဒီလူသတ်ကောင်ကိုဖမ်းမိဖို့ ကိုဆွေ့ကိုပဲ လွင်
အားကိုးရမှာပဲ၊ မနက်ဖြန်ခါကျရင် ကိုဆွေ့ဆီကို လွင် ငွေ
ထောင်လာပို့ပါ့မယ်၊ ဒီလူကိုသာ ကိုဆွေ တွေ့အောင် ရှာထားပေး

တင်မောင်ဆွေက လွင့်အား ကြင်နာသော အပြုံးကလေး
ကြည့်လိုက်သည်။

'ငွေက အရေးမကြီးပါဘူး လွင်ရယ်၊ လွင်ကခိုင်း
ကိုဆွေကလုပ်ပေးရမှာပေါ့၊ ပြီးတော့လည်း ကိုယ်လိုက်ရှာ
လူဟာလည်း ဒီလူပဲဖြစ်လိမ့်မယ်လို့ ကိုဆွေ ထင်ပါတယ်'

လွင်လွင်နိုင်က ကျေနပ်အားရသော အပြုံးကလေးဖြ
ထိုင်ရာမှထကာ တင်မောင်ဆွေ့အား လက်ကလေးတစ်ဖက်
ပေးလိုက်၏။

'ကျေးဇူးပါပဲ ကိုဆွေရယ်၊ လွင် ပြန်ပါရစေဦးနော်'

တင်မောင်ဆွေသည် လွင်လွင်နိုင်အား အလုပ်တိုက်
တံခါးဝအထိ လိုက်ပို့ပေးပြီးနောက် သူ့အလုပ်ခန်းထဲသို့ ပြန်လာ
အတန်ကြာအောင် စဉ်းစားခန်း ဝင်နေလိုက်၏။ သူ၏အမိက
မှာ ပျောက်ဆုံးနေသော ဓိဓိအား နဂါးဆိုသော လူသတ်သမား
ရှာတွေ့မသွားမီ အရင်ဦးအောင် ရှာဖွေရဖို့ပင် ဖြစ်ပေသည်။ သို





တွင် ဤသို့ ရှာဖွေရင်းဖြင့်ပင် လွန်ခဲ့သော တစ်နှစ်ကျော်က ဦးအောင်မြခိုင်အား သတ်သွားသူကိုလည်းကောင်း၊ ချစ်လှကို သတ်သွားသူကိုလည်းကောင်း၊ ရှာဖွေတွေ့ရှိရပေမည်ဟု သူက ယုံကြည်နေမိလေ၏။

နာရီဝက်ခန့်ကြာလျှင် တင်မောင်ဆွေ့စားပွဲပေါ်မှ တယ်လီဖုန်းခေါင်းလောင်းသံက မြည်လာလေသည်။ ဦးထွန်းညွန့်ပင် ဖြစ်နေ၏။ တင်မောင်ဆွေ့အား အရေးကြီးသောအချက်များ ပြောစရာရှိသည်ဟု သူက ဆိုသည်။

တင်မောင်ဆွေက သူ့ထံသို့လာရန် ချိန်းလိုက်၏။

ဦးထွန်းညွန့်သည် နောက်နာရီဝက်အတွင်း ရောက်လာသည်။ တင်မောင်ဆွေက သူ့အား အပေါ်ထပ်ရှိ သူ့တိုက်ခန်းသို့ ခေါ်ဆောင်သွားကာ ရေခဲသေတ္တာအတွင်းမှ ဘီယာနှစ်လုံး ထုတ်ယူ ဧည့်ခံလိုက်သည်။

ဦးထွန်းညွန့်သည် အေးမြနေသော ဘီယာကို တစ်ကျိုက်နှစ်ကျိုက် ကျိုက်ချလိုက်ပြီးမှ စကားစလိုက်သည်။

'ခင်ဗျားပြောတဲ့အတိုင်း ကျုပ် ချစ်လှရဲ့ အတိတ်ရာဇဝင်ကို ပြန်ပြီး ချက်ကင်လုပ်ကြည့်ခဲ့တယ်၊ အဲဒီမှာ စိတ်ဝင်စားစရာ အချက်အလက်ကလေးတွေ တွေ့လာခဲ့ရတယ်'

'ချစ်လှဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန် ဓိ-အက်(စ်)-အက်(စ်)တပ်ဖွဲ့မှာ ဝင်လုပ်ခဲ့တုန်းက ဘာတာဝန်တွေ ထမ်းရွက်ခဲ့ရတယ်ဆိုတာကိုလား'

တင်မောင်ဆွေက စိတ်အားထက်သန်စွာ မေးလိုက်၏။ ဦးထွန်းညွန့်က ရုတ်တရက် ပြန်၍မဖြေ။ တင်မောင်ဆွေ့ကို တည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်သော မျက်နှာထားဖြင့် ခေတ္တမျှ စူးစိုက်ကြည့်နေလိုက်သည်။ ပြီးမှ–

'အခု ခင်ဗျားကို ကျုပ်ပြောပြမှာတွေဟာ ထိပ်တန်းလျှို့ဝှက်ချက်တွေပဲနော်၊ ဒါကို ခင်ဗျား ပထမနားလည်ထားရလိမ့်မယ်'

တင်မောင်ဆွေက စိတ်မရှည်ဘဲ ခေါင်းညိတ်ပြလိုက်သည်။

'ပြောမှာကိုသာ ပြောစမ်းပါဗျာ၊ ဒါကို ကျုပ်နားလည်ပါတယ်'

'အဲဒီတုန်းက ချစ်လှဟာ သတင်းထောက်လှမ်းရေး ဗိုလ်ကလေးအဖြစ်နဲ့ အမှုထမ်းခဲ့ရတယ်၊ သူ့ရဲ့ တပ်မှူးကတော့ ကာန အဲရဟာတ်ဆိုတဲ့ အမေရိကန်ပဲ၊ သူဟာ အမေရိကန်ပြည်ပေါ်က ဂျာမ လူမျိုးတစ်ယောက်ပဲ၊ စစ်မဖြစ်မီတုန်းကဆိုရင် ဒီအဲရဟာတ်ဟာ အမေရိကန် စက်မှုလုပ်ငန်းကြီးတစ်ခုရဲ့ ကိုယ်ပိုင်ပုလိပ်တပ်ဖွဲ့မှူးဖြစ်ခဲ့တယ်'

တင်မောင်ဆွေသည် ဘီယာကို ဖြည်းညင်းစွာ စုပ်ရင်း ဦးထွန်းညွန့် ပြောနေသရွေ့ကို စိတ်ဝင်စားစွာ စူးစိုက်နားထောင်နေသည်။

'ဒီအဲရဟာတ်ဟာ စစ်ကြီးဖြစ်လာတဲ့အခါမှာ သူ့နိုင်ငံ အဆက်အသွယ်နဲ့ အိုအက်(စ်)အက်(စ်) တပ်ဖွဲ့ထဲမှာ ဝင်ပြီး အမှုထမ်း ရွက်နိုင်ခဲ့တယ်။ ဒီတပ်ဖွဲ့ဟာ ကိုတင်မောင်ဆွေ သိတဲ့အတိုင်း အမေရိကန်တွေရဲ့ စစ်ထောက်လှမ်းရေး တပ်ဖွဲ့ပဲ၊ အခုခေတ် စီအိုင်၊ အေရဲ့ ဘိုးအေလို့ ဆိုရမှာပေါ့၊ အဲရဟာတ်ဟာ ဂျာမန်လူမျိုး နေလို့ အနောက်စစ်မျက်နှာမှာ အမှုထမ်းခွင့်မရဘဲ အရှေ့ပိုင်းစစ်မျက်နှာကို အပို့ခံခဲ့ရတယ်'

ဦးထွန်းညွန့်သည် စကားကိုရပ်လိုက်ကာ အာခေါင်ခြောက်





သွားသည့်အလား ဘီယာတစ်ကျိုက် ကျိုက်ချလိုက်သည်။ တင်မောင်ဆွေကတော့ တိတ်ဆိတ်စွာပင် ၎င်းစကားဆက်မည်ကို စောင့်စားနေလိုက်၏။

'ဒါပေမဲ့ အဲရဟာတ်ဟာ တာဝန်ထမ်းရွက်ရမှာ ရန်သူဂျပန်တွေရဲ့သတင်းကို ထောက်လှမ်းရမှာထက် အိန္ဒိယနဲ့ မြန်မာပြည်က အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှု သတင်းတွေကိုသာ ထောက်လှမ်းခဲ့တယ်။ ဒီအမျိုးသားလှုပ်ရှားမှုမှာ ပါဝင်နေတဲ့ လူတွေကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့တယ်။ အမျိုးသားလှုပ်ရှားမှုအဟုန် ပျက်ပြား နှောင့်နှေးသွားရအောင် သူတတ်နိုင်တဲ့နည်းနဲ့ အမျိုးမျိုး အားထုတ်ခဲ့တယ်'

'ရှင်းရှင်းပြောရရင် ဒီလူဟာ ဖောက်ပြန်ရေးသမားကြီး က်သက်ဆိုပါတော့ဗျာ'

တင်မောင်ဆွေက စကားဝင်ထောက်လိုက်ရာ ဦးထွန်းညွန့်က ခေါင်းညိတ်လိုက်၏။

'ဒါပေါ့ ကိုတင်မောင်ဆွေ၊ သူဟာ နယ်ချဲ့လက်ပါးစေ အကြီးစားကြီးတစ်ယောက်ပေါ့၊ ဒါကြောင့်လည်း စစ်ကြီးပြီးသွားတဲ့ အခါမှာ သူဟာ နယ်ချဲ့သူလျှို အကြီးစားကြီးတစ်ယောက် ဖြစ်လာခဲ့တာပေါ့၊ အရှေ့တောင်အာရှက လွတ်လပ်ပြီးတဲ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးတွေမှာ ကောင်းကောင်းကြီး ဝင်နှောက်ခဲ့တဲ့ သူလျှိုအဖွဲ့ကို ဦး ကိုင်ခဲ့တယ်'

'ဒီလိုဆိုရင် အဲရဟာတ်ဟာ အခုထက်ထိ အသက်ရှင် င်ကျယ်နေတုန်းပဲလား ဦးထွန်းညွန့်'

ဦးထွန်းညွန့်က ရုတ်တရက်ပြန်၍မဖြေ။ မျက်နှာမသာမယာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တွေနေပြီးမှ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်လေသည်

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ သူဟာ အခုဆိုရင် ပို တွင်ကျယ်နေတာပေါ့၊ အရှေ့တောင်အာရှ တစ်ခုလုံးကို ချုပ်ကိုင် ကြီးစားနေတဲ့ အရင်းရှင်နယ်ချဲ့တွေရဲ့ အားအကိုးရဆုံးလူတစ်ယော ဖြစ်နေတာပေါ့'

တင်မောင်ဆွေက ဦးထွန်းညွှန့်၏ မျက်နှာကို စေ့စေ့ ရှုးစိုက်ကြည့်ရှုလိုက်၏။

'ဒီတော့ကာ အဲ့ရဟတ်နဲ့ ခင်ဗျားရဲ့လူ ချစ်လှဟာ ဘယ် ဆက်စပ်မှုရှိသလဲ ဦးထွန်းညွှန့်'

ဦးထွန်းညွှန့်သည် ပို၍သာ မျက်နှာမသာမယာ ဖြစ်သွား က လက်ဝါးနှစ်ဖက်ကို ဖြန့်လိုက်၏။

'ဒါကို ကျုပ်လည်း မသိပါဘူး ကိုတင်မောင်ဆွေ၊ စစ် အတွင်းတုန်းက ချစ်လှဟာ ဒီအဲ့ရဟတ်ရဲ့ လက်အောက်မှာ အမှု ခဲ့တယ်ဆိုတာကလွဲပြီး အဆက်အစပ်ကို ကျုပ် ရှာမတွေ့ခဲ့ပါ ဆက်စပ်နိုင်စရာ အကြောင်းလည်း မရှိပါဘူး။ သူ့ကို ကျုပ်တို့ က ပေးထားတဲ့တာဝန်ကလည်း ဒီအဲ့ရဟတ်နဲ့ ဘာမှ မပတ်သ ဘူး။ ဒါပေမဲ့ ဒီအဲ့ရဟတ်နဲ့ ပတ်သက်ပြီး ချစ်လှက ခင်ဗျား ဘာများ ပြောသွားသလဲဆိုတာသိချင်လို့ ကျုပ်က ခင်ဗျားကို ဒီကြောင်း ပြောပြနေတာပါ။ ခင်ဗျားကလည်း ချစ်လှကို အိုအက် အက်(စ်)မှာ ဝင်အမှုထမ်းတုန်းက ဘာတာဝန်ယူခဲ့သလဲဆိုတာ ခိုင်းခဲ့တယ် မဟုတ်လား'

တင်မောင်ဆွေက ဘာမှမပြောတော့ဘဲ ထိုင်ရာမှ အခန်းပတ်၍ လျှောက်နေလိုက်၏။ အရှေ့တောင်အာရှပိုင်းတွင်





အရင်းရှင်တို့၏ အားအကိုးရဆုံး သူလျှိုကြီး အဲ့ရဟတ်နှင့် ချစ်လှလို လူမျိုးတစ်ယောက်သည် ဘယ်လိုများ အဆက်အသွယ်ရှိနိုင်မည်နည်း ဟု သူကလည်း တွေးနေခြင်း ဖြစ်ပေသည်။ ခဏကြာမှ သူက ဦးထွန်းညွှန့်ရှေ့တွင် ရပ်လိုက်ကာ မေးခွန်းတစ်ခု ရုတ်တရက် ထုတ် လိုက်၏။

'နဂါးဆိုတာ ဘယ်သူလဲဗျာ'

ဦးထွန်းညွှန့်သည် မျက်နှာအမူအရာ ဘယ်လိုမှပြောင်းလဲ၍ သွားပေ။ သို့ရာတွင် သူ့မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်း သွားပြီး သူ့ကိုယ်လုံးကလည်း မသိမသာ တောင့်တင်းသွားသည်ကို တော့ တင်မောင်ဆွေက သတိပြုလိုက်မိ၏။

'ခင်ဗျား ဘာမေးလိုက်တာလဲ ကိုတင်မောင်ဆွေ'

'ကျုပ် ဘာမေးတယ်ဆိုတာ ခင်ဗျား ကောင်းကောင်းကြား ပါတယ်'

ဦးထွန်းညွှန့်သည် မျက်လွှာချလိုက်ပြီးမှ-

'ခင်ဗျားက ဒီနဂါးအကြောင်းကို ဘယ်လိုလုပ်သိတာလဲ' ဟု မေးလိုက်၏။

'ကျွန်တော် ဘယ်လိုသိတယ်ဆိုတာ ခဏထားလိုက်ဦးလေ၊ နဂါးအကြောင်းကို ခင်ဗျား သိသလားဆိုတာ အရင်ပြောပါဦး'

တင်မောင်ဆွေက ဦးထွန်းညွှန့်၏မျက်နှာကို စိုက်ကြည့်နေ လိုက်သည်။ ဦးထွန်းညွှန့်သည် စိတ်ချိုတုံချတုံ ဖြစ်နေပုံရ၏။ ပြီးမှ ဆုံးဖြတ်လိုက်ဟန်ဖြင့် တင်မောင်ဆွေအား မော့ကြည့်လိုက်သည်။

'နဂါးဆိုတာဟာ သုတ်သင်ရေးအဖွဲ့တစ်ဖွဲ့ပဲ ကိုတင်မောင် ဆွေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုသုတ်သင်ရေးအဖွဲ့လဲ ဦးထွန်းညွန့်'

'ခင်ဗျားကို ခုနက ကျုပ်ပြောခဲ့တဲ့ အဲ့ရဟတ်ရဲ့ သုတ်သင်ရေးအဖွဲ့ပေါ့၊ သူတို့ကို ကြီးမားတဲ့ အန္တရာယ်ပြုနိုင်သူတွေကို တွေ့ရ သန့်ရှင်း ဓားမဆိုင်း လိုက်သုတ်သင်တဲ့အဖွဲ့ပဲ'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'အဖွဲ့ဆိုတော့ လူဘယ်နှယောက်ပါလဲ ဦးထွန်းညွန့်'

'နှစ်ယောက်တည်းပဲ၊ နဂါးအစွယ်နဲ့ နဂါးလက်သည်း သူတို့ကို နာမည်ပေးထားကြတယ်လေ'

တင်မောင်ဆွေက တော်တော် ကျေနပ်အားရသွားမိသည်။ ချစ်လှက သူ့အား မသေမီကလေးတွင် နဂါးဟူသော နာမည်ကို ပြောသွားခဲ့သည်။ ယခုတော့ နဂါးဆိုသည်မှာ ဘာဖြစ်ကြောင်း သူက အတိအကျသိရလေပြီ။ ရန်သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို သိရခြင်းသည် တိုက်ပွဲတစ်ပွဲအတွက် လိုအပ်ချက် တစ်ခုပင် မဟုတ်ပါလား။

'ကဲ… ကိုတင်မောင်ဆွေ၊ ခင်ဗျားသိချင်တာကို ကျုပ်ပြောပြီးပြီ၊ ခင်ဗျားက ဒီနဂါးအကြောင်း ဘယ်လိုသိတယ်ဆိုတာ ပြောပါဦး'

'ခင်ဗျားရဲ့လူ ချစ်လှကို နဂါးက သတ်သွားတာပဲ ဦးထွန်းညွန့်'

ဦးထွန်းညွန့်သည် မျက်မှောင် မသိမသာ ကုတ်သွားလေသည်။

'ခင်ဗျားက ဘယ်လိုသိတာလဲ ကိုတင်မောင်ဆွေ'





'ချစ်လှမသေမီကလေးက သူကိုယ်တိုင် ကျုပ်ကို ပြောသွားခဲ့တာပဲ၊ အခု နဂါးက ဇီဇီကို လိုက်သတ်ဖို့ ကြိုးစားနေတယ်'

'ဇီဇီ… အား… ဟုတ်ပြီ၊ ဇီဇီဆိုတာ ချစ်လှရဲ့ ရဲဘော်ဖြစ်ခဲ့ဖူးတဲ့ အက်ဒီစတားရဲ့ နှမဝမ်းကွဲပဲ'

'ဟုတ်တယ်၊ ဇီဇီဟာ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော့်ဆီမှာ လက်ထောက် လာလုပ်ခဲ့ဖူးတယ်၊ ကျွန်တော် တာဝန်တစ်ခုပေးလိုက်ရာမှာ သူဟာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်လေ၊ အခု ကျွန်တော်က သူ့ကို နဂါးလက်မဦးခင် လိုက်ရှာနေတယ်၊ ရှာရင်းနဲ့ ဒီနဂါးကိုတွေ့ရရင်တော့…'

'ကျုပ်လက်ထဲကို အပ်ပါ ကိုတင်မောင်ဆွေ၊ ခင်ဗျားဆီက ဒီတစ်ခုပဲ ကျုပ် တောင်းပါတယ်၊ နဂါးကိုတွေ့ရရင် ခင်ဗျား သူ့ကို အသက်ရှင်လျက်နဲ့ ကျုပ်လက်ထဲ အပ်ပါ၊ ဒါပါပဲ'

ဦးထွန်းညွန့်သည် အင်မတန်မှ စိတ်လှုပ်ရှားနေသောအသံဖြင့် ပြောလိုက်ခြင်းဖြစ်လေသည်။ ဦးထွန်းညွန့် ဤမျှလောက် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ စိတ်လှုပ်ရှားနေပုံမျိုးကို တင်မောင်ဆွေ တွေ့ဖူးသေးချေ။

'စိတ်ချပါ ဦးထွန်းညွန့်၊ ကျွန်တော် ဒီနဂါးကို ခင်ဗျားလက်ထဲ အရှင်လတ်လတ်အပ်ဖို့ ကတိပေးပါတယ်'

တင်မောင်ဆွေက ဦးထွန်းညွန့်အား ညာလက်ကမ်းပေးပြီး ပြောလိုက်ရာ ဦးထွန်းညွန့်က ထိုလက်ကို ဆွဲယူဖျစ်ညှစ်လိုက်လေ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်လေး -

တင်မောင်ဆွေက ပိတ်ထားသော အခန်းတံခါးပေါက်ကို တဒေါက်ဒေါက် ခေါက်လိုက်၏။ တံခါးတွင် တပ်ဆင်ထားသော သစ်သားဆိုင်းဘုတ်၌ ဆေးဖြူဖြင့် ရေးခြယ်ထားသော စာလုံးများက အောက်ပါအတိုင်း ဖြစ်ကြလေသည်။

*ဦးသောင်းဖေ*

*ဒု-ကြီးကြပ်ရေးမှူး*

*မှုခင်းစစ်ဆေးရေးအဖွဲ့*

တင်မောင်ဆွေက တံခါးခေါက်ပြီးလျှင် ပြီးချင်း တံခါးနောက်မှ ဦးသောင်းဖေကြီး၏အသံက ထွက်ပေါ်လာ၏။

'ဝင်ခဲ့လေ…'

တင်မောင်ဆွေက တံခါးကိုတွန်းဖွင့်လျက် ဝင်သွားလေ၏။ ကိုသောင်းဖေကြီးသည် သူ့စားပွဲနောက်၌ ဆေးပြင်းလိပ်ကြီးခဲ၍ ထိုင် နေရာမှ မျက်ခုံးများ မသိမသာ ပင့်လိုက်လေသည်။





'ဩော်… မင်းကိုး၊ ဘာကိစ္စများလဲကွ'

တင်မောင်ဆွေက ပြန်မဖြေသေးဘဲ ကိုသောင်းဖေ၏ စားပွဲရှေ့သို့ လျှောက်ခဲ့ကာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

'ဘာကိစ္စရမှာလဲဗျ၊ ခင်ဗျားကို ကျွန်တော် ပေးထားတဲ့ အခန်းအတွက် လာခဲ့တာပေါ့'

ကိုသောင်းဖေက မျက်မှောင်ကြီး ကုတ်ပစ်လိုက်၏။

'မင်းကများ ငါ့ကို တာဝန်ပေးထားတယ်လို့ ရှိလို့လားကွ'

'ဟို ကျည်ဆန်ကိစ္စဟာလေဗျာ'

'ဒါက မင်းကို ငါက အကူအညီပေးရမှာပါကွ'

တင်မောင်ဆွေက ပြုံးလိုက်ပြီး သူ့ပခုံးများကို တွန့်ပြလိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ကျွန်တော် စကားပြောသွားလို့ပါ၊ ဟို ကျည်ဆန်နဲ့ ပတ်သက်ပြီး ခင်ဗျားဆီမှာ အကူအညီတောင်းထားတာ ဘယ်လိုများလဲလို့ ကျွန်တော်က လာမေးတာပါ ရဲဝန်ထောက်ကြီးရယ်'

ထိုအခါမှ ကိုသောင်းဖေ မျက်နှာကြီးသည် ပြုံးလာ၏။

'အေး…ဒီလိုမှပေါ့ တင်မောင်ဆွေရဲ့၊ မင်းဟာ အခုတလော သာငြိမ်းနဲ့ ပေါင်းမိကတည်းက တော်တော့်ကို ဘဝင်ကိုင်နေတယ်'

'ကဲပါဗျာ၊ ခင်ဗျားကလည်း အချင်းချင်း ပညာပြမနေစမ်းပါနဲ့၊ အဲဒီကျည်ဆန်ကိစ္စက ဘယ်လိုလဲ၊ အကျိုးအကြောင်း သိရပြီလား'

တင်မောင်ဆွေက စိတ်မရှည်သလို ပြောလိုက်တော့ ကိုသောင်းဖေကြီးသည် သူ့စားပွဲအံဆွဲကိုထုတ်လျက် စာရွက်နှစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ယူလိုက်သည်။

ကိုသောင်းဖေသည် ထိုစာရွက်ကို တစ်ချက်ငုံ့ကြည့်ပြီး တင်မောင်ဆွေ့ထံသို့ ပစ်ပေးလိုက်၏။

'မင်းဘာသာ မင်းပဲ ဖတ်ကြည့်ပေတော့ တင်မောင်ဆွေ'

ထိုစာရွက်မှာ အင်းစိန် စီအိုင်ဒီ လက်နက်နှင့်ကျည်ဆ စစ်ဆေးရေးဌာနမှ ပေးပို့လိုက်သော အစီရင်ခံစာ ဖြစ်လေသည်။

မှုခင်းစစ်ဆေးရေးအဖွဲ့ ဒုကြီးကြပ်ရေးမှူး ဦးသောင်းဖေထံ ပေးပို့လိုက်သော ကျည်ဆန်ထိပ်ဖူးကို စစ်ဆေးကြည့်ရှုရာတွင် ထိ ကျည်ဆန်ကို လွန်ခဲ့သော တစ်နှစ်ကျော်ဆီက ဦးအောင်မြခိုင်အ ပစ်သတ်ခဲ့သည့်သေနတ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည် ဟူ၍ အစီရင်ခံထားခြင်း ဖြစ်လေသည်။

တင်မောင်ဆွေက စာရွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်သည့် အခါ၌ ကိုသောင်းဖေက မေးခွန်းတစ်ခု ထုတ်လိုက်၏။

'မင်း ဒီကျည်ဆန်ကို ဘယ်ကရခဲ့တာလဲ တင်မောင်ဆွေ'

တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်ပြလိုက်၏

'ဒီကျည်ဆန်ဟာ ညက ကျွန်တော့်ခေါင်းကို သီသီကလေး ပွတ်လွဲသွားခဲ့တာပဲ ကိုသောင်းဖေ'

ကိုသောင်းဖေက သူ့ကိုယ်ကြီးကို ရှေ့သို့ကိုင်းညွတ်လို လေသည်။

'ဒီလိုပဲဖြစ်ရမယ်လို့ ငါလည်း တွက်ထားခဲ့မိပါတယ်၊ ငါ သိချင်တာက ဒီကျည်ဆန်ကို ဘယ်သူက ပစ်ခဲ့သလဲ ဆိုတာပဲ

တင်မောင်ဆွေက ကိုသောင်းဖေ၏ မေးခွန်းကို ပြန်မဖြေ သေး၊ သူ၏စီးကရက် ဘူးပြားကလေးကိုထုတ်လျက် စီးကရက်





လိပ်ကို ဂရုတစိုက်ရွေးချယ်ပြီး ပါးစပ်တွင် တပ်ကာ မီးညှိလိုက်၏။

'ကဲ... မိုးဆွေ၊ ငါမေးနေတာကို ပြောလေကွာ'

ကိုသောင်းဖေက စိတ်မရှည်သည့် အမူအရာဖြင့် စားပွဲမျက် နှာပြင်ကို လက်နှင့်ပုတ်ပြီး ပြောလိုက်သည့်အခါတွင်မှ တင်မောင်ဆွေ က စီးကရက်ကို ပါးစပ်မှချွတ်၍ ၄င်းအား မော့ကြည့်လိုက်၏။

'ဒါကတော့ အရှင်းကြီးပဲဗျာ၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က အတွင်းဝန်ကြီး ဦးအောင်မြခိုင်ကို ပစ်သတ်ခဲ့တဲ့လူ၊ နောက်ပြီး လွန်ခဲ့ တဲ့ညက သဘော်သား ချစ်လှကို ပစ်သတ်ခဲ့တဲ့ လူပဲပေါ့ဗျ'

'ဟာ... ဒါကို ငါလည်းသိတာပေါ့ကွ၊ ဒီလူဟာ ဘယ်သူ ဆိုတာကို ငါသိချင်နေတာကွ'

တင်မောင်ဆွေက စိတ်တိုစွာပြောလိုက်သော ကိုသောင်းဖေ ကြီးအား မျက်ခုံးတစ်ဖက်ပင့်၍ ကြည့်လိုက်၏။

'သူ ဘယ်သူဆိုတာကို ကျွန်တော်လည်း သိချင်နေတာပါပဲ၊ ကိုသောင်းဖေသိရအောင်လည်း ကျွန်တော် လိုက်ကြိုးစားနေပါတယ်'

ကိုသောင်းဖေသည် သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ် လိုက်လေသည်။

'ကောင်းပြီလေ၊ ဒီလူ ဘယ်သူဆိုတာ မင်းသိရတဲ့အခါကျ တော့ ငါကော သိရမှာလား'

'ဒါကတော့ ခင်ဗျားကို ကျွန်တော် ကတိပေးထားပြီး သားပဲ'

'လွန်ခဲ့တဲ့ တစ်နှစ်ကျော်က အတွင်းဝန်ကြီး ဦးအောင်မြခိုင် သတ်ခံခဲ့ရတာနဲ့ မနေ့ညက သာမန် သဘော်သားတစ်ယောက် သတ်ခံခဲ့ရတာဟာ ဘယ်လိုများ သက်ဆိုင်ပတ်သက်နေသလဲ



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေ'

တင်မောင်ဆွေက ထိုမေးခွန်းကို အတိအကျ မဟုတ်သော်လည်း ယေဘုယျအားဖြင့်တော့ ဖြေဆိုနိုင်မည် ဖြစ်လေသည်။ သို့ရာတွင် ကိုသောင်းဖေအား ပြောပြဖို့ အချိန်မကျသေးဟု သူက ဆုံးဖြတ်လိုက်၏။

'ဒါကို ကျွန်တော် သိရတော့မှ လူသတ်သမားနောက်ကို ကျွန်တော် ခြေရာခံ လိုက်နိုင်တော့မပေါ့ ကိုသောင်းဖေရယ်၊ ဒါပေမဲ့ အားမလျှော့ပါနဲ့၊ ကျွန်တော် ကြိုးစားနေပါတယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။ ကိုသောင်းဖေက သိပ်ကျေနပ်ပုံမရသော်လည်း ဘာမှမပြောတော့။ ဆေးပြင်းလိပ်ကြီးကိုသာခဲကာ တင်မောင်ဆွေအားသာ မျက်မှောင်ကြီးကုတ်လျက် ကြည့်နေလိုက်၏။

တင်မောင်ဆွေက ၄င်းအား လက်တစ်ဖက်ထောင်ပြ နှုတ်ဆက်လိုက်သည်။

'ကျေးဇူးပဲ ကိုသောင်းဖေ၊ ကျွန်တော် သွားဦးမယ်၊ ခင်ဗျား ဒီကိစ္စမှာ ကျွန်တော့်ကိုယ်စား နာမည်ယူရအောင်လည်း ကျွန်တော်က ကတိထပ်ပေးပါတယ်ဗျာ'

ကိုသောင်းဖေက နှာခေါင်းမှ လေမှုတ်ထုတ်ကာ ပါးစပ်မှ ဆေးပြင်းလိပ်ကိုချွတ်ပြီး ကြမ်းပေါ်သို့ ပေါက်ချလိုက်လေ၏။

တင်မောင်ဆွေကလည်း ခပ်ပြုံးပြုံးပင် ၄င်း၏အခန်းထဲမှ ထွက်ခွာလာခဲ့သည်။

အပြန်တွင် တင်မောင်ဆွေက အသတ်ခံခဲ့ရသော စာအုပ်ဆိုင်ရှင် အဘိုးကြီး၏ဆိုင်သို့ လှည့်ဝင်ခဲ့ရာ၊ ကြက်ဘိုးထွန်းက ဆိုင်





ဆိုင်လျက်ပင် ရှိနေသည်ကို တွေ့ရသည်။

အဘိုးကြီး၏ အသုဘကိစ္စကိုလည်း စီစဉ်ပြီးဖြစ်နေသည်။ အဘိုးကြီး၏ နှမဆိုသူက ပေါ်ပေါက်လာကာ အဘိုးကြီး၏အိမ်နှင့် အိမ်တွင်းပစ္စည်းများကို အားလုံး သိမ်းယူလိုက်ကြောင်းကိုလည်း ကြက်ဘိုးထွန်းက ပြောပြသည်။ သို့သော် စာအုပ်ဆိုင်ကိုတော့ အဘိုးကြီးက သူ့ကွယ်လွန်လျှင် ကြက်ဘိုးထွန်းအား လုံးဝ လွှဲပေးခဲ့ကြောင်း အဖြစ် စာရေးထားခဲ့သဖြင့်၊ ကြက်ဘိုးထွန်းသည် နေရင်းထိုင်ရင်း စာအုပ်ပိုင်ရှင်တစ်ယောက် ဖြစ်လာခဲ့ရပေ၏။

'တကယ်တော့ အဘိုးကြီးက ကျွန်တော့်ကို သားတစ်ယောက်လို ချစ်ရှာတာဗျ၊ သူ့ကို သတ်သွားတဲ့သူကို ကျွန်တော် တွေ့ရရင်လား၊ ဟင်း... ဒီကောင်တော့ သက်သာမှာမဟုတ်ဘူး'

ကြက်ဘိုးထွန်းက မျက်ရည်လေး တစမ်းစမ်းဖြင့် တင်မောင် ဆွေအား ပြောလိုက်၏။

'ဒီမှာ ဘိုးထွန်း၊ အဘိုးကြီးအသတ်မခံရမီကလေးက လူတစ်ယောက်က ကျုပ်ကိုပေးဖို့ဆိုပြီး ပစ္စည်းတစ်ခုအပ်ထားခဲ့တယ် ဗျာ'

'ပစ္စည်းတစ်ခု၊ ဘာပစ္စည်းလဲ ကိုဆွေရဲ့'

'စာတစ်စောင်စောင် ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အထုပ်တစ်ထုပ်လည်း ဖြစ်နိုင်တာပဲ၊ အဲဒါ ခင်ဗျား မသိဘူးလားဗျာ၊ ဆိုင်ထဲမှာ ကျုပ်နာမည် လိပ်စာတပ်ထားတဲ့ စာအိတ်တစ်အိတ်၊ ဒါမှမဟုတ် အထုပ်တစ်ထုပ်များ မတွေ့မိဘူးလား'

ထိုစဉ် လူတစ်ယောက်က စာအုပ်တစ်အုပ် မေးဝယ်နေသည့်အတွက် သူတို့နှစ်ယောက် ခေတ္တမျှ စကားပြတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လာဝယ်သူအား စာအုပ်ရောင်းပြီးသည့်အခါတွင်မှ ကြက်ဘိုးထွန်းက တင်မောင်ဆွေ့ဖက်သို့ ပြန်လှည့်လာသည်။

'ကိုဆွေပြောတာ စာအိတ်တစ်အိတ် ဟုတ်လား'

'စာအိတ်တစ်အိတ်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အထုပ်တစ်ထုပ်ပေါ့'

ကြက်ဘိုးထွန်းက သူ့နောက်စေ့ကို လက်ဖြင့် အသာကုတ်လိုက်သည်။

'ကျွန်တော်လည်း မပြောတတ်ဘူး ကိုဆွေ၊ ဒီဆိုင်မှာတော့ ကိုဆွေ မြင်တဲ့အတိုင်း စာအုပ်ချည်းပဲ ရှိနေတာပဲ၊ ဒါပေမဲ့ ကျွန်တော် ရှာကြည့်ပါဦးမယ်လေ'

'အေးဗျာ… တွေ့ရင်တော့ သိမ်းထားစမ်းပါ၊ ဟုတ်လား'

'စိတ်ချပါ ကိုဆွေ၊ ကျွန်တော်ကိုယ်တိုင် ကိုဆွေ့ကို လာပေးပါ့မယ်'

တင်မောင်ဆွေက သူ့ကားပေါ်သို့ ပြန်ရောက်သည့်အခါတွင် ကားဦးကို မြို့ပြင်ဘက်သို့လှည့်ကာ ရွှေတောင်ကြားလမ်းဘက်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ မကြာခင်မှာပင် သူ့နောက်မှ ကားတစ်စင်း နောက်ယောင်ခံလိုက်လာနေခြင်းကို သူက သတိပြုလာမိသည်။

အပြာရင့်ရောင် ဆလွန်းမှန်ကားတစ်စင်းပင်ဖြစ်၏။ တင်မောင်ဆွေက ပို၍သေချာစေရန် ဦးဝိစာရလမ်းသို့ ရောက်လာလျှင် သူ့ကားအရှိန်ကို သိသိသာသာ လျှော့ချလိုက်သည်။ နောက်ကလိုက်လာနေသော ကားပြာကလည်း အရှိန်လျှော့သွား၏။

ထိုကားသည် သူ့အား နောက်ယောင်ခံလိုက်ရန် ကိုသောင်း





ဖေကြီးက အမိန့်ပေးထားသော အရပ်ဝတ် အရပ်စား စုံထောက်ကြီး တစ်ဦး၏ ကားလည်းဖြစ်နိုင်သည်။ ဒါမှမဟုတ် နဂါး၏ကားလည်း ဖြစ်နိုင်၏။

တင်မောင်ဆွေ သူ့ကားကို အရှိန်တိုးမြှင့်၍ မောင်းလိုက်ပြန် သည်။ နောက်ကကားကလည်း အရှိန်တိုးမြှင့်၍ လိုက်လာသည်။ သို့ရာတွင် သူ့ကားကိုတော့ ကျော်မောင်းသွားခြင်းမပြုပေ။

သူက ကုတ်အင်္ကျီလက်ဝဲဘက် ရင်ဘတ်အောက်တွင် ရှိနေ သော ပခုံးစလွယ်အိတ်ထဲမှ လူဂါသေနတ်ကို ညာလက်ဖြင့် အသာ ပွတ်သပ်ကြည့်လိုက်သည်။ နဂါးသည် ညက သူ့ ချစ်လှတို့အိမ်သို့ သွားစဉ်က သူ့အား သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ် လုပ်ကြံခဲ့ပြီး ဖြစ်သည်။ ယခု သူ့နောက်ကလိုက်လာနေသူသည် နဂါးဖြစ်ပါက သူက အဆင်သင့် ရှိနေရပေမည်။

သို့ရာတွင် (၆)လမ်းထဲသို့ ချိုးဝင်လာမိသည့်အခါတွင်တော့ နောက်ကကားသည် ရုတ်တရက် အရှိန်တိုးမြှင့်ကာ တင်မောင်ဆွေ့ ကားကို ကျော်တက်သွားလေတော့သည်။ တင်မောင်ဆွေက ထိုကား ၏ လျင်မြန်စွာ ဝေးကွာသွားသော နောက်မြီးကိုကြည့်ကာ လက်ထဲ တွင် အသင့်ထုတ်ကိုင်ထားသော လူဂါသေနတ်ကို စလွယ်အိတ်ထဲသို့ ပြန်ထည့်ထားလိုက်၏။

ထိုကားသည် သူ့ကို နောက်ယောင်ခံလိုက်လာခြင်း မဟုတ် ဟု တင်မောင်ဆွေက စိတ်ချသွားမိတော့သည်။

တင်မောင်ဆွေက သူ့ကားကို ဖြည်းဖြည်းနှင့် မှန်မှန်ပင် ဆက်မောင်းခဲ့ကာ ရွှေတောင်ကြားလမ်းထဲသို့ ချိုးဝင်လိုက်၏။ ခဏစောက ကားပြာကြီးကိုတော့ တင်မောင်ဆွေက အရိပ်အယောင်



www.burmeseclassic.com

မှ မတွေ့ရတော့ပေ။ တင်မောင်ဆွေက သူ့ကားကို ခိုင်ဂေဟာ ဝင်းခြံတံခါးကြီးရှေ့တွင် အသာထိုးရပ်လိုက်၏။ ခိုင်ဂေဟာ၏ ခြံ တံခါးကြီးသည် ပိတ်ထားသော်လည်း မကြာမီပင် ခြံစောင့်ကုလား တစ်ယောက်က ပြေးထွက်လာပြီး တင်မောင်ဆွေအား ဖွင့်ပေးလိုက ၏။ ထို့ကြောင့် တင်မောင်ဆွေက ဤတစ်ခါတွင်တော့ သူ့ကား ခြံထဲသို့ မောင်းဝင်လာပြီး ပေါ်တီကိုအောက်တွင် အသာထိုးရပ်လို လေ၏။

တိုက်တံခါးမကြီးသည် သူ အရင်တစ်ခေါက်လာစဉ် အတိုင်း ပိတ်လျက်ရှိနေသည်။ သူ့အား ခြံတံခါးဖွင့်ခဲ့သော မ ကုလားက သခင်မသည် ရေကူးကန်၌ ရှိနေပါကြောင်း တင်မော ဆွေအား ပြောပြလေသည်။

လွင်လွင်ခိုင်သည် အရင်တစ်ခေါက်ကအတိုင်းပင် ရေ ကန်ဘေးတွင် ခေါက်ကုလားထိုင်ကလေးခင်းကာ တစ်ကိုယ်တည် ထိုင်လျက် ရှိနေ၏။ သူမ၏လက်ထဲတွင်တော့ လိမ္မော်ရည်တစ်ခွ ကို ကိုင်ထားလေသည်။ သူမ၏အချိုးအဆက်ကျလှသော အနီရော ရေကူးဝတ်စုံမှာ သူမ၏ဝင်းပသော အသားနှင့် ပဏာရလှပေတေ ၏။

'ဟော… ကြည့်စမ်း၊ ကိုဆွေပါလား'

'ဟုတ်တယ်၊ ကျွန်တော်ပါပဲ လွင်၊ လွင့်ကိုကြည့်ရ တော်တော် ရေကူးဝါသနာပါပုံရတယ်၊ ကျွန်တော်လာတိုင်းလည် ဒီဆွမ်းမင်းပူးလ်မှာပဲ တွေ့ရတာပဲ'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြောလိုက်ရာ လွင်လွင်ခိုင် အသံလွင်ကလေးဖြင့် ရယ်မောလိုက်လေ၏။





'ဟုတ်တယ် ကိုဆွေ၊ လွင်တစ်ယောက်တည်း နေရတိုင်း ဓာ ဒီဆွမ်းမင်းပူးလ်မှာပဲ လာပြီး အချိန်ကုန်လေ့ရှိတယ်၊ ရေထဲဆင်း စိမ်လိုက် အပေါ်တက်ပြီး အနားယူလိုက်ပေါ့လေ၊ သို့မဟုတ်ရင် ဗျင်းစရာကြီးပဲ၊ လွင်က ငယ်ငယ်လေးတည်းက ရေကြိုက်တာ ကိုဆွေရဲ့'

လွင်လွင်ခိုင်က ပြန်ပြောပြီး တင်မောင်ဆွေ့အား ခေါက် ကုလားထိုင်လွတ် တစ်လုံးတွင် ထိုင်ခိုင်းလိုက်၏။

'ဒီကနေ့ တော်တော်အိုက်တယ် ကိုဆွေ၊ ကိုဆွေကော ရေကူးချင် ဆင်းကူးပါလား'

'ကူးတော့ကူးချင်ပါတယ် လွင်၊ ဒါပေမဲ့ ကိုဆွေ့မှာ ဆွမ်း မင်းထရန့်မပါလာဘူး'

လွင်လွင်ခိုင်က ရယ်မောလိုက်ပြန်သည်။

'ဒီအတွက် မပူပါနဲ့ ကိုဆွေရယ်၊ ဟောဟိုက ရှဒ်ထဲမှာ ဆွမ်းမင်းထရန့်အပိုတွေ အများကြီးရှိပါတယ်၊ ကိုကိုအောင်ရှိကတည်း က ဧည့်သည်တွေအတွက် အပိုထားခဲ့တာပါ၊ ကိုဆွေ ခဏနေဦး နော်၊ လွင် သွားယူပေးမယ်'

လွင်လွင်ခိုင်သည် ပြောပြောဆိုဆို ရေကူးကန်နှင့် မလှမ်း ကမ်းတွင်ရှိနေသော သွပ်မိုးပျဉ်ထောင်ကာ အဆောက်အအုံအငယ် လေးအတွင်းသို့ လျင်မြန်သွက်လက်စွာ ဝင်ရောက်ပျောက်ကွယ် သွားလေသည်။ သူမ ပြန်ထွက်လာသည့်အခါတွင် သူမ၏လက်တစ် ဖက်၌ ကိုယ်သုတ်ပဝါတစ်ထည်နှင့် ရေကူးဘောင်းဘီတစ်ထည် ပါလာ၏။

'ဟောဒီမှာ ကိုဆွေနဲ့ တော်မယ်ထင်တယ်'



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လွင်လွင်ခိုင်က ရေကူးဘောင်းဘီနှင့် ကိုယ်သုတ်တဘက် တစ်ခုကို လှမ်းပေးလိုက်ရင်း ပြောလိုက်၏။

'ကိုဆွေ၊ အဲဒီရှဒ်ထဲပဲဝင်ပြီး သွားလဲချေလေ၊ လွင်က အရင်ဆင်းနှင့်မယ်နော်'

လွင်လွင်ခိုင်သည် ပြောပြောဆိုဆို ရေကူးကန်ထဲသို့ လှ စွာ ထိုးစိုက်ကူးချသွားလေ၏။ တင်မောင်ဆွေက ကန်ဘေးတွ ရပ်ကာ လွင်လွင်ခိုင် ရေကူးနေသည်ကို ကြည့်နေလိုက်သည်။ လွ လွင်ခိုင်သည် အင်မတန်မှ ရေကူးကျင့်ထားသည်ကို သူက တွေ ၏။ ပြီးမှ သူက အဝတ်လဲရန် လွင်လွင်ခိုင် ညွှန်ပြခဲ့သော အဆော အအုံလေးသို့ လျှောက်သွားလေသည်။

သူက ရေကူးဘောင်းဘီဝတ်၍ ပြန်ထွက်လာသည့်အခ တွင် လွင်လွင်ခိုင်သည် ကန်ပေါင်တွင်ထိုင်လျက် သူ့အား အသ စောင့်ကြိုလျက်ရှိလေသည်။

'လာ… ကိုဆွေ၊ လွင်နဲ့ကိုဆွေ ရေကူးပြိုင်ကြရအောင် လာ… ဒီကန် ခေါက်တုံ့ခေါက်ပြန်ပေါ့'

သူတို့နှစ်ယောက်သည် ပြိုင်တူပင် ပြန်လည်၍ ပန်းဝင်လာ ကြ၏။ လွင်လွင်ခိုင်က သူမ၏မျက်နှာမှ ရေစက်ရေပေါက်များကို လက်ဖြင့်သပ်ချလိုက်ကာ တင်မောင်ဆွေအား ပြုံးလျက်ကြည့်လိုက် သည်။

'ကိုဆွေ ရေကူးသန်သားပဲနော်၊ လွင်က ငယ်ငယ်လေး တည်းက ရေကူးခဲ့တာ လွင့်ကို သူငယ်ချ ်းတွေက ငါးမလေးလို့ ခေါ်ကြတယ်၊ လွင်နဲ့ ရေကူးပြိုင်လို့ရှိရင် တော်ရုံတန်ရုံ ယောကျာ်း သူငယ်ချင်းက လွင့်ကိုနိုင်တာ မဟုတ်ဘူး'





'အင်း… လွင်က တော်တော်ထူးခြားတဲ့ မိန်းမတစ်ယောက် ပါပဲ'

သူတို့နှစ်ယောက်သည် ရေကူးကန်ဘေးမှ ခေါက်ကုလား ထိုင်များပေါ်တွင် အသီးသီး ပြန်ထိုင်လိုက်ကြ၏။ လွင်လွင်ခိုင်သည် မွေးပွကိုယ်သုတ်ပဝါကြီးဖြင့် သူမ၏ကိုယ်ခန္ဓာတွင် ကပ်နေသည့်ရေ စက်များကို သုတ်ပစ်ရင်းက တင်မောင်ဆွေအား လှမ်းကြည့်လိုက်၏။

'ကိုဆွေ၊ ဘာသောက်မလဲ ပြော၊ ဘာမှ အားမနာနဲ့နော်၊ အိမ်မှာ သောက်စရာအစုံရှိတယ်'

'ဘာဖြစ်ဖြစ်ပေါ့ လွင်ရယ်'

'ဒီလိုဆိုရင် ဒီမှာ ခဏစောင့်နေဦးနော်၊ လွင် အခုပြန်လာ ခဲ့မယ်'

လွင်လွင်ခိုင်သည် တင်မောင်ဆွေအား ရေကူးကန်ဘေး၌ ထားခဲ့ပြီး သူမ၏ခမ်းနားသော တိုက်အိမ်ကြီးဆီသို့ လျှောက်သွား ကာ ဘေးတံခါးတစ်ခုမှနေ၍ အတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားလေသည်။ တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိပြီး သူမအား စောင့်စားနေလိုက်၏။

နောက် ဆယ်မိနစ်ခန့်ကြာလျှင် လွင်လွင်ခိုင်သည် ပြန်ထွက် လာ၏။ သူမသည် စိုစွတ်သော ဘလောက်စ်အင်္ကျီဖြင့် ဒူးဖုံးရုံမျှသာ ရှည်သော အမေရိကန် ဆက်လက်ဘောင်းဘီကို လဲလှယ်ဝတ်ဆင် လာ၏။ သူမ၏ လက်တစ်ဖက်တွင်တော့ လက်ဆွဲထရန်စစ္စတာ ရေဒီယိုတစ်လုံးကို ဆွဲလာ၏။ သူမ၏နောက်မှ အိမ်ဖော်နှင့်တူသော အမျိုးသမီးကြီးတစ်ယောက်က ငွေလင်ပန်းတစ်ချပ်ကို ကိုင်လျက် ခန့်သား လိုက်ပါလာသည်။ ငွေလင်ပန်းပေါ်တွင်တော့ ဗစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



စတီနိုင်း ဝီစကီတစ်လုံးနှင့် ဖျော်စပ်သောက်စရာ ပစ္စည်းပစ္စ
အစုံအလင်ပါလာ၏။

အိမ်ဖော်အမျိုးသမီးကြီးသည် စားပွဲဝိုင်းကလေးပေါ်တွင်
ထိုလင်ပန်းကို ချထားပေးပြီးနောက် နှုတ်ဆိတ်စွာပင် ပြန်လှည့်ထွ
စွာ ပျောက်ကွယ်သွားလေ၏။

'ကဲ… ကိုဆွေ၊ လွင်တို့ အေးအေးဆေးဆေးထိုင်ပြီး စကာ
ပြောကြတာပေါ့နော်'

လွင်လွင်ခိုင်က တင်မောင်ဆွေအား ဝီစကီနှင့် 'ဆော်ဒါတ
ဖန်ခွက်ကို ကျင်လည်လျင်မြန်စွာ ရောစပ်ပေးပြီးနောက် တင်မော
ဆွေ့ဘေးမှ ခေါက်ကုလားထိုင်တွင် ပုံ့ပုံ့ကလေး ဝင်ထိုင်လိုက်ရင်
ပြောလိုက်လေသည်။

'ကိုဆွေ လာခဲ့တာဟာ လွင့်ကို ပြောစရာရှိလို့ မဟု
လား'

တင်မောင်ဆွေက ဝီစကီတစ်ကျိုက် ကျိုက်ချလိုက်ပြ
အသာ ခေါင်းညိတ်ပြလိုက်၏။

'လွင့်ကို မေးစရာ နည်းနည်းပါးပါးလေး ရှိနေလို့ပါ'

'မေးစရာရှိရင် မေးလေ ကိုဆွေ၊ လွင်သိရင် ဖြေမှာပေ

'မေးချင်တာက တခြားမဟုတ်ပါဘူး လွင်ရယ်၊ ဦးအောင်
ခိုင်နဲ့ ပတ်သက်လို့ပါပဲ'

လွင်လွင်ခိုင်သည် မျက်နှာကလေး မသိမသာ ညှိုးကျသွ
ပြီးမှ ပြန်၍ပြုံးလိုက်ကာ ဦးခေါင်းလေးကို ဆတ်ခနဲ ညိတ်ပြလို
သည်။

'မေးပါ ကိုဆွေ၊ ကိုကိုအောင်ကို သတ်သွားတဲ့လူ





ကိုဆွေက ဖော်ထုတ်ပေးရမှာမို့ လွင်ကလည်း တတ်အားသရွေ့
ကူညီရမှာပေါ့၊ ကိုဆွေက ကိုကိုအောင်အကြောင်းနဲ့ ပတ်သက်ပြီး
ဘာများသိချင်တာလဲ'

တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေဘဲ စီးကရက်တစ်
လိပ်ကို စဉ်းစဉ်းစားစား အမူအရာဖြင့် မီးညှိလိုက်၏။ ပြီးမှ မီးခိုးများ
ကို မှုတ်ထုတ်ရင်းက လွင်လွင်ခိုင့်အား မျှော်ကြည့်လိုက်သည်။

'ကျွန်တော် သိရသလောက်ဆိုရင်ဖြင့် ဦးအောင်မြခိုင်ဟာ
ဒုတိယကမ္ဘာစစ်ကြီးအတွင်းတုန်းက သူကိုယ်တိုင် အိုင်စီအက်တစ်
ယောက်ဖြစ်ပေမယ့် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲတွေမှာ မျိုး
ချစ်စိတ်နဲ့ ဝင်ပါခဲ့ပါတယ်၊ အဲဒီအချိန်အခါမှာ သူ ဘာတာစန်တွေ
ဆန်းရှက်ခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် အတိအကျ မသိပါဘူး၊
ဒါ လွင်ကများ သိမလားလို့'

လွင်လွင်ခိုင်က နဖူးရေကလေးများ တွန့်လိုက်ကာ ဦးခေါင်း
ကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ဆောရီးပဲ ကိုဆွေ၊ ကိုကိုအောင်နဲ့ လွင် အိမ်ထောင်ကျ
တာဟာ စစ်ပြီးခေတ် နောက်ပိုင်းမှာပါ အမှန်ကိုပြောရရင် ခြောက်
နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်၊ ကိုကိုအောင်နှင့် ကျွန်မက အသက်
ချင်းလည်း တော်တော်ကွာပါတယ်'

အတန်ကြာမှ သူမက စကားဆက်ပြန်သည်။

'နောက်ပြီးတော့ ကိုကိုအောင်က လူတစ်မျိုး ကိုဆွေရဲ့၊
တိုင်းပြည်အတွက် သူ ထမ်းဆောင်ခဲ့တဲ့ တာဝန်တွေ၊ ထမ်းဆောင်နေ
တဲ့တာဝန်တွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ သိပ်ပြောပြတတ်တာ
မဟုတ်ဘူး၊ သူ လုပ်စရာရှိတာကိုသာ တာဝန်သိသိ လုပ်ခဲ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ေ
လွင်လွင်နိုင်ပြောသည့်က ဟုတ်ပေမည်။ ဦးအောင်မြခိုင်၊ အင်မတေ
နှုတ်လုံခဲ့၍သာပင် တိုင်းပြည်နှင့် ပတ်သက်၍ ထိပ်တန်းလျှို့ဝှ
ချက်များကို တာဝန်ယူ ကိုင်တွယ် သိမ်းဆည်းရသော တာဝန်
သူ့အား ပေးအပ်ခဲ့ခြင်းဖြစ်ပေမည်။

သို့ရာတွင် တင်မောင်ဆွေအတွက် စဉ်းစားတွေးတောရမည
ကား ဦးအောင်မြခိုင်သည် ဤတာဝန်ကြီးကို ထမ်းဆောင်ခဲ့ရ၍
လျှင် တမင်သက်သက် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသလောဟူ
ပေတည်း။

အပေါယံကြောအားဖြင့် ဦးအောင်မြခိုင်သည် သူ့အိမ်
သူခိုးတစ်ယောက် ဝင်လာဖောက်၍ လက်ရ ဖမ်းဆီးသည်တွ
သူခိုး၏ သတ်ဖြတ်ခြင်းကို ခံယူသွားရသည်ဟူ၍ ဖြစ်၏။ သို့ရာတွ
ရဲအဖွဲ့က ထိုလူသတ်သမား သူခိုးကို လက်ရဖမ်းဆီးမိခြင်း 
သေးပေ။

နောက်တစ်နှစ် အကြာတွင် ဦးအောင်မြခိုင်အား အသေ
သတ်ခဲ့သော သေနတ်ဖြင့် နောက်ထပ် လူတစ်ယောက်က အသ
ခံရ ပြန်သည်။ ထိုလူက အပေါယံကြောအားဖြင့်ဆိုလျှင် သာ
ပင်လယ်ကူးသင်္ဘောသားတစ်ယောက်သာ ဖြစ်ခဲ့၏။ သို့တစေလည်
တကယ်တမ်းတွင်တော့ ထိုသာမန် သင်္ဘောသားသည် နိုင်ငံခြားေ
ဌာန နိုင်ငံခြား သတင်းထောက်လှမ်းရေးဖက်တွင် တာဝန်ယူေ
သူတစ်ဦးဖြစ်သည်ကို တင်မောင်ဆွေက သိလာခဲ့ရပြန်၏။

ထို့ကြောင့် တင်မောင်ဆွေတွင် စဉ်းစားစရာ အချ
အလက်တွေက ပေါ်လာပြန်၏။ ဦးအောင်မြခိုင်အား ပစ်သတ်ခဲ့ေ





သေနတ်ကပင်လျှင် သင်္ဘောသားချစ်လှအား ပစ်သတ်ခဲ့ပြန်သည်။
ကြောင့် ထိုသေနတ်အား ကိုင်တွယ်အသုံးပြုခဲ့သူသည် လူတစ်
ောက်တည်းပင် ဖြစ်လေသလော။ အကယ်၍ ဖြစ်ခဲ့လျှင် ထိုလူ
ည် ဦးအောင်မြခိုင်နှင့် သင်္ဘောသားချစ်လှကို အဘယ်ကြောင့်
သတ်ခဲ့ရလေသနည်း။

ချစ်လှ မသေမီက သူ့အား သတ်သွားသူမှာ နဂါးအမည်ခံ
တစ်ယောက် ဖြစ်ပါသည်ဟု ပြောသွားခဲ့သည်။ ယခု ချစ်လှ၏
ဖြစ်ခဲ့သော ဦးထွန်းညွန့်က နဂါးဟူသည်မှာ အရှေ့တောင်အာရှ
သပိုင်း၌ တွင်ကျယ်နေသော နယ်ချဲ့အရင်းရှင် သူလျှိုဂိုဏ်းကြီး
ဂိုဏ်း၏ ရန်သူသုတ်သင်ရေးအဖွဲ့ ဖြစ်သည်ဟူ၍ တင်မောင်ဆွေ
သိခဲ့ရပြန်၏။ ထို့ကြောင့် တင်မောင်ဆွေ့အတွက် အကျိုး
ကြောင်း ဆက်စပ်တွေးတောစရာ ကွင်းဆက်ကလေးတွေ ဖြစ်နေ
၏။

'ကဲ… ကိုဆွေ၊ အေးအေးဆေးဆေးပဲ မဟုတ်လားဟင်၊
ချိုကို နောက်ထပ်သောက်ရင်း စကားပြောကြရအောင်လား'

လွင်လွင်နိုင်က ပြောပြောဆိုဆို တင်မောင်ဆွေ့ ဖန်ခွက်ထဲ၌
က်ထပ် စကော့(ချ်) ဝမ်းပက်နှင့် ဆော်ဒါကို ကျင်လည်စွာ
ပေးလိုက်ပြန်၏။ ပြီးလျှင် သူမတိုက်ထဲမှ ထုတ်ယူလာသော
စ္စတာရေဒီယို ခလုတ်ကို ဖွင့်ကာ နိုင်ငံခြားမှ တေးသံတစ်ခုကို
နေလိုက်၏။ မကြာခင်မှာပင် နိုင်ငံခြားတေးသံတစ်ခုက ရေဒီ
ခပ်မြူးမြူးလေး ထွက်ပေါ်လာသည်။ တင်မောင်ဆွေက လက်
စကော့(ချ်)ဝီစကီကို တစ်ကျိုက်ချင်း အရသာခံ၍ နပ်နေရင်း
ဂါးဆိုသော သုတ်သင်ရေးအဖွဲ့အား အဘယ်သို့ ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ခြေရာခံလိုက်ရမည်ကို စဉ်းစားတွေးတော နေလိုက်လေ၏။

ထိုစဉ်မှာပင် သူတို့နှစ်ယောက်အကြားတွင် ရှိနေသော ရေဒီယိုလေးသည် ဖုန်းခနဲ ပေါက်ကွဲသွားပြီး စားပွဲပေါ်မှ လွင့်မြောင်ထွက်သွားလျှင် ရေကူးကန်ထဲသို့ ကျသွားလေ၏။

တင်မောင်ဆွေသည် တစ်စက္ကန့်မျှ ကြောင်နေပြီး နောက် ချက်ချင်းပင် ထိုင်နေရာမှ ခုန်ထကာ လွင်လွင်နိုင်အား သူနှင့်အတူ မြေပြင်ပေါ်သို့ ပစ်လှဲချလိုက်၏။ ရေဒီယိုလေး ပေါက်ကွဲလွင့်စင်သွားခြင်းမှာ သေနတ်ကျည်ဆန် ထိပ်ဖူးတစ်ခု ထိမှန်သွားခြင်းကြောင့် ဖြစ်သည်ကို သူက နားလည်မိသောကြောင့် ဖြစ်ပေ၏။

တစ်စုံတစ်ယောက်သည် သူတို့နှစ်ယောက်အား ဆိုင်းလင်စာခေါ် အသံတိတ်ကိရိယာတပ်ထားသော သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း ဖြစ်ပေသည်။ တင်မောင်ဆွေ၏ လက်ယာလက်သည် သူ၏လက်ဝဲဘက် ရင်ဘတ်ဆီသို့ ရောက်သွားလေ၏။ သို့ရာတွင် သူ့လက်ဆွဲတော် လူဂါသေနတ်က သူ့အဝတ်အစားများနှင့်အတူ အဝတ်အစားလဲသော ရုံကလေးထဲ၌ ရှိနေ၏။ တင်မောင်ဆွေသည် ကိုယ်ကို တစ်ပတ်လှိမ့်လိုက်ပြီးနောက် တိုက်ကြီး၏ဘေးဆီသို့ ကုန်းကိုကုန်းလျက် အားကုန်စွတ်ပြေးခဲ့လေသည်။ သူက သေနတ်ကျည်ဆန်လာရာဘက်သို့ စွတ်၍ ပြေးလိုက်ခြင်းဖြစ်၏။ သူသည် တိုက်နံရံဘေး၌ ကျောကပ်အကာအကွယ်ယူရာကပင် ရှေ့သို့ လျှင်မြန်စွာ တိုးလိုက်၏။

ထိုစဉ်မှာပင် ကားတံခါးကို ဂျိုင်းခနဲ ဆွဲပိတ်လိုက်သံနှင့်အတူ မော်တော်ကား စက်အင်ဂျင်သံက ဝူးခနဲ မြည်လာသည်။ တင်မောင်ဆွေက တိုက်နံရံ အကာအကွယ်မှနေ၍ တိုက်ရှေ့သို့ ထွက်လိုက်သည့်အခါတွင်ကား ခြံရှေ့မှနေ၍ အပြာရောင် ဆလွန်းကားတစ်စီး ပြင်းထန်သော အရှိန်ဖြင့် မောင်းထွက်သွားသည်ကိုသာ တွေ့လိုက်ရလေ၏။





သူ ဤတိုက်သို့ ကားမောင်းလာစဉ်က သူ့နောက်မှ နောက်ယောင်ခံလိုက်လာခဲ့သော ဆလွန်းကားပြာကို ကိုတင်မောင်ဆွေက ချက်ချင်းပြေး၍ သတိရလိုက်မိ၏။ သို့ရာတွင် သူ့အနေနှင့် ဘာမှ မတတ်နိုင်တော့။ သူက သတိမေ့လျော့စွာဖြင့် နေခဲ့မိသည်ကိုသာ ကိုယ့်ကိုယ်ကိုယ် ပြန်၍ အပြစ်တင်ရင်းက လွင်လွင်နိုင်ရှိရာ ရေကူးကန်ဆီသို့ ပြန်၍ လျှောက်ခဲ့လေသည်။

ညကလည်း သူသည် ချစ်လှအိမ်သို့အသွား ဤသို့ပင်လျှင် အသံတိတ်ကိရိယာ တပ်ထားသော သေနတ်ဖြင့် ချောင်းအပစ်ခံခဲ့ရသေးပြီ။ သူ့ရန်သူသည် အခွင့်သာသည်နှင့်တစ်ပြိုင်နက် နောက်ထပ် ကြိုးစားဦးမည်ကို သူ့အနေဖြင့် သိဖို့ကောင်းပေသည်။

လွင်လွင်နိုင်သည် ရေကူးကန်ဘေး၌ ထရပ်နေရာက တင်မောင်ဆွေအား မသိမသာ ဖြူရော်နေသော မျက်နှာနှင့် ကြည့်လိုက်၏။

'ကိုဆွေ ဘာ...'

သူမ တော်တော် တုန်ယင်ချောက်ချားနေမှန်းသိ၍ တင်မောင်ဆွေက သူမ၏လက်ကလေးနှစ်ဖက်ကို အသာဆုပ်ကိုင်ထားလိုက်ရသည်။

'ကိစ္စမရှိပါဘူး လွင်၊ သူ ထွက်ပြေးသွားပါပြီ'

'ခုနက ကျွန်မတို့ သေနတ်နဲ့ ချောင်းအပစ်ခံရတာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် လွင်၊ အသံတိတ်ကိရိယာ တပ်ထားတဲ့ သေနတ်နဲ့ ချောင်းပစ်သွားတာပဲ၊ ဒါပေမဲ့ လွင့်ကိုပစ်တာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို ပစ်ခဲ့တာပါ၊ သူ ကျွန်တော့်ကို ပစ်သတ်ဖို့ ကြိုးစားခဲ့တာဟာ ဒါနဲ့ပါဆိုရင် နှစ်ကြိမ် ရှိသွားပြီ'

'အဲဒီလူက ဘယ်သူလဲဟင်'

လွင်လွင်နိုင်က ဝိုင်းစက်သော မျက်လုံးများဖြင့် တင်မောင်ဆွေ့အား ကြည့်လျက် မေးလိုက်၏။

'သူက နဂါးဆိုတာပဲ လွင်'

'ရှင်… နဂါး ဟုတ်လား၊ နဂါးဆိုတာ ဘယ်သူလဲ'

'လွင် သိမှာမဟုတ်ပါဘူး၊ သူဟာ လျှို့ဝှက်တဲ့ လူသတ်သမားတစ်ယောက်ပါပဲ'

တင်မောင်ဆွေက ပြောပြောဆိုဆို လွင်လွင်နိုင့်အား ခေါက်ကုလားထိုင်ဆီသို့ ခေါ်ခဲ့ကာ အသာထိုင်ခိုင်းလိုက်၏။

'နေပါဦး ကိုဆွေရယ်၊ သူ ဘာ… ဘာဖြစ်လို့ ကိုဆွေ့ကို အသက်လုပ်ကြံဖို့ ကြိုးစားခဲ့ရတာလဲ၊ လွင် သိခွင့်မရှိဘူးလား'

'သူ့နောက်ကို ကိုဆွေ လိုက်နေမှန်း သူသိလို့ပေါ့'

လွင်လွင်နိုင်သည် သူမ၏ နီတွေးသော အောက်နှုတ်ခမ်းကလေးကို သွားများဖြင့် ကိုက်ထားလိုက်ပြီးမှ တင်မောင်ဆွေ့အား ကြောက်ရွံ့ခြင်း လွှမ်းမိုးသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

'ကိုဆွေ၊ ကိုကိုအောင့်ကို သတ်သွားတဲ့ လူဟာလည်း သူပဲ မဟုတ်လား'

'သူပဲရယ်လို့တော့ အတပ်မပြောနိုင်သေးဘူး လွင်၊ ဒါပေမဲ့ ဖြစ်နိုင်စရာ အကြောင်းကတော့ ရှိနေပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ





လွင့်အတွက် ကျွန်တော် စိတ်မချဘူး၊ ကျွန်တော်နဲ့ နီးစပ်တဲ့ လူတိုင်းရဲ့အသက်ဟာ ဒီလူသတ်သမားရဲ့ အန္တရာယ်က ကင်းရှင်းမယ်လို့ ပြောနိုင်ဘူး၊ ဒီတော့ အကောင်းဆုံးက ရဲဘက်ကိုခေါ်ပြီး အကာအကွယ်ပေးဖို့ တောင်းရမယ်'

လွင်လွင်နိုင်သည် စဉ်းစားနေသလို ခေတ္တမျှ တိတ်ဆိတ်သွားပြီး နောက်မှ တင်မောင်ဆွေအား မော့ကြည့်လိုက်ပြန်သည်။

'အင်းလေ… ကိုဆွေ ကောင်းတယ်ထင်သလို ကြည့်စီစဉ်ပါ။ ကိုကိုအောင်အသတ်ခံရပြီးတဲ့နောက်မှာ ရဲဘက်က ကျွန်မအတွက် စိုးရိမ်မှုစိတ်ချရအောင် အိမ်မှာ သေနတ်တွေ ထားခိုင်းခဲ့ပါတယ်။ အမှန်ကိုပြောရရင် တိုက်ထဲက အခန်းတိုင်းမှာ သေနတ် တစ်လက်စီ ရှိနေပါတယ်'

'ရှိတာက အရေးမကြီးဘူး၊ လွင်က ဒီသေနတ်တွေကို ကိုင်လေ့ပစ်ထရှိလို့လား'

လွင်လွင်နိုင်က ခပ်သဲ့သဲ့လေး ပြုံးလိုက်၏။

'တိုက်ထဲက သေနတ်တွေ ရှိနေတာကတော့ ထားပါတော့၊ အခြင်မှာကောဗျာ'

'ခုနက ကိုဆွေ အဝတ်သွားလဲတဲ့ရှဒ်ထဲမှာ နှစ်လုံးပူးသေနတ်တစ်လက် ရှိနေပါတယ်၊ ဒါပေမဲ့ ကိုဆွေ ပြောသလိုပဲ လွင် ရဲဌာနဆီကို အကြောင်းကြားပြီး အကာအကွယ် တောင်းထားပါ့မယ်'

'ကဲ… ဒီလိုဆိုရင် လွင် တိုက်ထဲကိုပြန်ဝင်ပြီး သူတို့ဆီကို ဆက်သွယ်လိုက်လေ၊ ကိုဆွေ အဝတ်လဲပြီး လွင့်ဆီကို လိုက်ခဲ့ပါ့မယ်'

တင်မောင်ဆွေက အဝတ်အစားလဲသည့် ရုံထဲ၌ သူ့အဝတ်အစားများကို ပြန်လည်ဝတ်ဆင်ပြီးနောက် ဘေးတံခါးပေါက်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲသို့ ဝင်သည့်အခါတွင် လွှင်လွှင်ခိုင့်အား ဦးအောင်မြခိုင်၏ အလုပ်ခန်းထဲ၌ ရှာတွေ့ခဲ့လေသည်။

'လွှင် အခုပဲ ရဲဌာနကို ဖုန်းဆက်လိုက်ပါတယ်၊ သူတို့ဆီက လူနှစ်ယောက် လွှတ်ပေးမယ်တဲ့၊ ဒါပေမဲ့ ကိုဆွေရှိတဲ့အကြောင်းကိုတော့ လွှင် ထည့်မပြောဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုဆွေ သူတို့နဲ့ စကားပြောနေရရင် ကိုဆွေ့အလုပ်မှာ နှောင့်နှေးနေမလားလို့ လွှင် တွေးမိလို့ပါ'

လွှင်လွှင်ခိုင်ပြောသည်မှာလည်း မှန်ပေသည်။ ရဲများ ရောက်လာခဲ့လျှင် ရှင်းလင်းရမည့်ကိစ္စမှာ လွယ်ကူလှသည်မဟုတ်ပေ။ ပြီးလျှင် ရဲများ နားလည်သဘောပေါက်အောင် ရှင်းလင်းပြနိုင်သည့် အခြေအနေကလည်း သူ့တွင် ရှိမနေသေး။

'ဒီတော့ကာ ကိုဆွေ သွားချင်ရင် သွားတော့လေ၊ ကိုဆွေမှာ လုပ်စရာတွေ အများကြီးရှိနေဦးမှာပေါ့၊ ရဲတွေ ရောက်လာတော့ လွှင် ကြည့်ပြောလိုက်ပါ့မယ်'

'ကျေးဇူးပါပဲ လွှင်ရယ်'

ဒီနေ့တွင်ပဲ လွှင်လွှင်ခိုင်က တင်မောင်ဆွေ့အား တိုက်တံခါးအထိ လိုက်ပို့ပေးနေသည်။ တင်မောင်ဆွေသည် တိုက်တံခါးဝတွင် ရပ်နေသော လွှင်လွှင်ခိုင်အား လက်ပြနှုတ်ဆက်ပြီးနောက် သူ့ကားကို မောင်းထွက်ခဲ့၏။

* * *

## - တစ်ဆယ့်ငါး -

ထိုညတွင် တင်မောင်ဆွေက တော်တော်နှင့် အိပ်၍မပျော်ချေ။

သူ့တွင် စဉ်းစား တွေးတောစရာတွေက အများကြီးရှိနေသည်။ ပထမဦးဆုံး သူ စဉ်းစားရမည်က ဇီဇီနှင့် ပတ်သက်၍ ဖြစ်လေသည်။

ဇီဇီသည် ဂျင်မီစမတ်နှင့် ပတ်သက်၍ သူ့ထံသို့ လက်ဆောက်တစ်ယောက်အဖြစ်နှင့် အမှုထမ်းရန် ရောက်လာခဲ့သည်။ သူကလည်း ဂျင်မီ၏ ထောက်ခံချက်ဖြင့် ယုံယုံကြည်ကြည် လက်ခံကာ တာဝန်များ ပေးအပ်ခဲ့၏။

သူက နောက်ဆုံးဘိတ် ပေးအပ်ခဲ့သော တာဝန်ကိုထမ်းရွက်ခြင်းနှင့်ပင် ဇီဇီသည် ထူးခြားစွာ ပျောက်ဆုံးသွားခဲ့၏။ အမှုသည်တစ်ယောက်ဖြစ်သော နမ်းခမ်းဝေသည် အသတ်ခံခဲ့ရသည်ဖြစ်ရာ ဇီဇီသည်လည်း သူမနည်းတူ သတ်ဖြတ်ဖျောက်ဖျက်ပစ်ခြင်း ခံခဲ့ရပြီဟု သူတို့အားလုံးက ယူဆမိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မမျှော်လင့်ဘဲ သဘော်သား ချစ်လှကို သူက တွေ့လိုက်ရသည်။ ချစ်လှထံမှပင် ဇီဇီသည် အသက်မသေသေးဘဲ ရှိနေသည်။ သို့သော်လည်း ဇီဇီအား နဂါးဆိုသူက သတ်ဖြတ်သုတ်သင်ရန် လိုက်ရှာနေသည့်အတွက် ၄င်းအထက် အရင်ဦးအောင်ရှာဖွေဖို့ ချစ်လှက တာဝန်ပေးသွားခဲ့ပြန်သည်။

နောက်ကျတော့ နဂါးဆိုသည်မှာ နယ်ချဲ့အရင်းရှင် သူလျှိုအဖွဲ့ကြီးတစ်ဖွဲ့၏ ရန်သူသုတ်သင်ရေးအဖွဲ့ ဖြစ်သည်ကို တင်မောင်ဆွေက ဦးထွန်းညွန့်ထံမှတစ်ဆင့် သိလာခဲ့ရပြန်သည်။

ဤတွင် တင်မောင်ဆွေ့အတွက် စဉ်းစားစရာ ဖြစ်လာရသည်ကား ဇီဇီလို မိန်းကလေးဖျိုတစ်ယောက်နှင့် ဤနယ်ချဲ့သူလျှိုတို့၏ သုတ်သင်ရေးအဖွဲ့ဖြစ်သည့် နဂါးသည် ဘယ်လိုဆက်စပ်ပတ်သက်လာခဲ့ရသနည်း။ နဂါးက အဘယ့်ကြောင့်များ ဇီဇီအားသုတ်သင်ပစ်ရန် အရေးတကြီး လိုက်၍ရှာရသနည်းဟူသည့် အချက်များပင် ဖြစ်လေသည်။

ပြီးလျှင် နောက်တစ်ချက်ကလည်း ရှိနေသေးသည်။ ဇီဇီသည် တစ်နှစ်ကျော်ကျော် ဘယ်ပျောက်၍ဘယ်ရောက်ကာ ဘာတွေလုပ်ခဲ့သနည်း။ ဤသည်ကိုတွေ့ရလျှင် ဇီဇီနှင့် နဂါး ဘယ်လိုပတ်သက်သည်ကို သိရပေမည်။

ပထမဦးဆုံး ချစ်လှနဲ့ ဇီဇီ ဘယ်လိုပတ်သက်ခဲ့သည်ကို သူက ကြိုးစားစုံစမ်းကြည့်သည့်အခါတွင် ချစ်လှ သည်ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အိုအက်စ်အက်စ်ခေါ် အမေရိကန် စစ်ထောက်လှမ်းရေးအဖွဲ့တွင် ပါဝင်အမှုထမ်းရွက်ခဲ့ဖူးပြီး ဇီဇီ၏အစ်ကိုဝမ်းကွဲ အက်ဒီစတားဆိုသူနှင့် ရဲဘော်ရဲဘက်ဖြစ်ခဲ့သည်ကို သိခဲ့ရပြန်သည်။ ထို့





ကြောင့်ပင် ဇီဇီသည် ချစ်လှနှင့် သိနေခြင်းဖြစ်ရပေမည်။

သို့သော်လည်း ဒါက လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဖြစ်ခဲ့သည်။ ယခု ဇီဇီသည် ထူးခြားစွာ ပျောက်ဆုံးသွားရာက ချစ်လှနှင့် ဘယ်နေရာတွင် ဘယ်လိုဘယ်ပုံ တွေ့ခဲ့ရလေသနည်း။ နဂါးကလည်း သူမအား ဘာ့ကြောင့် အပူတပြင်းလိုက်၍ ရှာဖွေနေရသနည်း။

ဒါတွေကတော့ ဖြေရှင်းရဦးမည့် ပြဿနာတွေ ဖြစ်ကြပေသည်။

တင်မောင်ဆွေက အိပ်ရာဝင် သောက်နေသော ဟင်နက်ဆီဘရမ်ဒီဝမ်းပက်ကို ထပ်၍ ငှဲ့လိုက်စဉ်မှာပင် အခန်းတံခါးခေါင်းလောင်းသံက ရုတ်တရက် စူးရှစွာ မြည်လာပြန်လေတော့သည်။

တင်မောင်ဆွေက သူ့သောစားပွဲပေါ်တွင် ချထားသော လူဂါသေနတ်ကို ကောက်ယူလိုက်ကာ တံခါးဆီသို့ လျှောက်ခဲ့သည်။ ပြီးလျှင် တံခါးဘေးတွင်ရပ်ကာ တံခါးအပြင်ဘက်မှ ဓာတ်မီးခလုတ်ကိုဖွင့်လိုက်ပြီး ချောင်းကြည့်ပေါက်ကလေးဖွင့်လျက် ကြည့်လိုက်သည်။

တံခါးအပြင်ဘက် မီးပွင့်အောက်တွင်ရပ်နေသူကား ဦးထွန်းညွန့်ပင် ဖြစ်လေ၏။

"ခင်ဗျားကို ကျွန်တော် အသိပေးစရာတစ်ခုရှိလို့ လာခဲ့ပြန်ဘာပဲ ကိုတင်မောင်ဆွေ"

တိုက်ခန်းထဲသို့ ဝင်မိပြီး ဆိုဖာတစ်လုံးစီတွင် မျက်နှာချင်းဆိုင် ထိုင်မိသည့်အခါ၌ ဦးထွန်းညွန့်က တင်မောင်ဆွေ ငှဲ့ပေးသောဘရန်ဒီတစ်ခွက်ကို လက်ခံကာ ပြောလိုက်ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆိုစမ်းပါဦး ဦးထွန်းညွှန့်'

'ကျုပ် ခင်ဗျားကို ပြောခဲ့တဲ့ အဲရဟတ်နဲ့ ပတ်သက်လို့ပါပဲ'

'ဪ... ဪ... စစ်အတွင်းတုန်းက ခင်ဗျားလူ ချစ်လုရဲ့ အိုးအက်စ်အက်စ် တပ်မှူးဆိုတာလား'

'ဟုတ်တယ်... အခု သူဟာ အရှေ့တောင်အာရှမှာ နယ်ချဲ့ အရင်းရှင်တွေ လွှတ်ထားတဲ့ သူလျှိုဂိုဏ်းကြီးရဲ့ အကြီးအကဲ ဖြစ်နေတယ်လို့ပဲ ကျွန်တော်က ခင်ဗျားကို ပြောခဲ့တယ် မဟုတ်လား'

တင်မောင်ဆွေက ဘရန်ဒီကို တစ်ကျိုက် ကျိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။

'အဲဒါ အခု အဲရဟတ်က မရှိတော့ဘူးဗျ'

'မရှိတော့ဘူးဆိုတာက ဘယ်လိုလဲ ဦးထွန်းညွှန့်'

'သူဟာ လွန်ခဲ့တဲ့ နှစ်လကျော်ကျော်က အသတ်ခံသွားရတယ်တဲ့၊ ဒါကို ကျုပ် ဘယ်လိုသိရတယ်ဆိုတာတော့ ခင်ဗျားကို ကျုပ် ရှင်းပြမနေတော့ဘူး၊ ကျုပ်မှာ သိနိုင်တဲ့နည်းတွေ ရှိနေတယ်'

'ဟုတ်ကဲ့... မေးမနေတော့ပါဘူး၊ ဒါပေမဲ့ သူ့ကိုဘယ်သူက သတ်သွားတယ်ဆိုတာကိုကော ခင်ဗျား သိရမလား'

ဦးထွန်းညွှန့်က ရုတ်တရက် ပြန်မဖြေသေးဘဲ သူ့မေးစေ့ကို လက်တစ်ဖက်ဖြင့်ပွတ်ကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိလေ၏။

'အတိအကျတော့ မသိရဘူးဗျာ၊ ဒါပေမဲ့ သူဟာ ဘန်ကောက်မြို့မှာ အသတ်ခံခဲ့ရတယ်လို့တော့ ဆိုတာပဲ၊ သူ အဲဒီလို အသတ်ခံရပြီးတဲ့နောက်မှာ သူ့ဆီမှာ အလုပ်လုပ်နေတဲ့ သူ့ရဲ့စက္ကရီတေရီ အမျိုးသမီး တစ်ယောက်ဟာလည်း ပျောက်သွားခဲ့တယ်တဲ့'

တင်မောင်ဆွေက ဆတ်ခနဲ ဇီဇီ့အား ပြေး၍ သတိရလိုက်





၏။ သို့သော်လည်း ဇီဇီသည် သူ့ထံမှ ပျောက်ကွယ်သွားပြီးနောက် အဘယ်ပုံ အဘယ်နည်းဖြင့် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ရောက်သွားကာ နယ်ချဲ့အရင်းရှင် သူလျှိုဂိုဏ်းကြီး၏ အကြီးအမှူးဖြစ်သော အဲရဟတ်ထံတွင် အဘယ်ပုံအဘယ်နည်းဖြင့် အတွင်းရေးမှူးဖြစ်သွားနိုင်မည်နည်း။

'အဲရဟတ်ဟာ နယ်ချဲ့ သူလျှိုဂိုဏ်းကြီးရဲ့ အကြီးအမှူးဖြစ်တယ်ဆိုတော့ သူတို့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဖြန့်ထားတဲ့ သူလျှိုတွေကို ရှိနေတယ်၊ ဒီ သူလျှိုတွေရဲ့ စာရင်းအပြည့်အစုံကလည်း သူ့ဆီမှာ ရှိနေတယ်၊ သူ အသတ်ခံရပြီးတဲ့နောက်မှာ သူ့စက္ကရီတေရီ အမျိုးသမီးနဲ့အတူ ဒီသူလျှိုတွေရဲ့ စာရင်းတွေဟာလည်း ပျောက်သွားတယ်တဲ့ဗျာ'

တင်မောင်ဆွေမှာ အငြိမ်ထိုင်၍ မနေနိုင်တော့ပေ။ ထိုင်ရာမှထပြီး ဦးထွန်းညွှန့်ရှေ့တွင် စကြံလျှောက်နေမိတော့၏။ သူ့ခေါင်းထဲတွင် အတွေးတွေက လျင်မြန်စွာ လှုပ်ရှားနေ၏။

ယခု ဦးထွန်းညွှန့်ထံမှ သိရခြင်းမှာလည်း သူ့အတွက် စဉ်းစားပမ်း၍ ဆက်စပ်တွေးတောစရာ ကွင်းဆက်တစ်ခု ဖြစ်နေရပြန်၏။ အကယ်၍ အဲရဟတ် အသတ်ခံရပြီး ပျောက်ကွယ်သွားခဲ့သော သူ၏စက္ကရီတေရီ အမျိုးသမီးသည် ဇီဇီ ဖြစ်သည်ဆိုပါက...

အကယ်၍ ဇီဇီသည် အဲရဟတ်အား သတ်ပြီးနောက် ၎င်းထံမှသူလျှိုစာရင်းကို ရယူပြီး ထွက်ပြေးတိမ်းရှောင်ခဲ့သည်ဆိုပါက...

အကယ်၍ ချစ်လုနှင့် ပြန်တွေ့ရပြီးနောက် ချစ်လုက ဇီဇီအား ယိုးဒယားပြည်မှနေ၍ မြန်မာပြည်သို့ ပြန်လည် ခေါ်ယူလာခဲ့သည်ဆိုပါက...



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် ဆက်စပ်တွေးတောစရာကောင်းသည့် ကွင်းဆက်များ ဖြစ်ကြလေ၏။

'ဒီမှာ ဦးထွန်းညွန့်၊ ကိုချစ်လှ နောက်ဆုံးဘိတ် သွားခဲ့တဲ့ တိုင်းပြည်က ဘယ်တိုင်းပြည်လဲ'

တင်မောင်ဆွေက ဦးထွန်းညွန့်အား ဖျတ်ခနဲ လှမ်းကြည့်ပြီး မေးလိုက်ခြင်းဖြစ်၏။

'ဟောင်ကောင်ကိုပဲ ကိုတင်မောင်ဆွေ'

'သူ့သင်္ဘောဟာ ယိုးဒယားကိုကော လှည့်ဝင်ရသေးလား'

ဦးထွန်းညွန့် ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ အပြန်မှာ လှည့်ဝင်ခဲ့ရတယ်၊ ခင်ဗျား ဘာတွေးနေတယ်ဆိုတာကို ကျုပ်သိပါတယ်'

ဦးထွန်းညွန့်က ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက်မှ စဉ်းစားစား အမူအရာဖြင့် စကားဆက်ပြန်၏။

'ချစ်လှဟာ ယိုးဒယားကို ရောက်တုန်းက စစ်ကြီးတုန်းက သူ့တပ်မှူးဟောင်းဖြစ်တဲ့ အဲရဟာတ်နဲ့ ပြန်ဆုံမိခဲ့ကြပါလိမ့်မယ်၊ အဲဒီလို ဆုံမိရာမှာ တစ်နည်းနည်းနဲ့ အဲရဟာတ်ရဲ့ အတွင်းရေး အမျိုးသမီးနဲ့လည်း ပတ်သက်မိပါလိမ့်မယ်'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ အဲရဟာတ်ရဲ့ အမျိုးသမီးဟာလည်း အိုအက်စ်အက်စ်မှာ သူ အမှုထမ်းတုန်းက သူ့ရဲ့ဘော်ဒီဂတ်ခဲ့တဲ့ အယ်ဒီစတားရဲ့ နှမဖြစ်တယ်လို့ ယူဆစရာအကြောင်းက ရှိနေတယ်၊ ဒီအမျိုးသမီးဟာ တစ်လောက ခင်ဗျားဆီမှာ ဝင်အလုပ်လုပ်ခဲ့ရင်းနဲ့ ပျောက်သွားတဲ့ ဇီဇီဆိုတဲ့ ကပြားမပဲ မဟုတ်လား'

တင်မောင်ဆွေက ငြင်းနေရန် အကြောင်းမထူးသည့်အတွက်





ဦးခေါင်းကို ညိတ်ပြလိုက်၏။ သူ့စိတ်တွေက အထူးပင် လှုပ်ရှားတက်ကြွလျက်ရှိနေ၏။ ယခင်က သူ့အတွက် ပုစ္ဆာပြဿနာတွေဖြစ်ခဲ့ရသောဖြစ်ရပ်တွေမှာ ယခုတော့ကွင်းဆက်ချိတ်မိပြီး အဓိပ္ပာယ်ရှိစံတွေပေါ်စပြုလာရပေပြီ။

အရေးကြီးသည်က ဇီဇီ ယခု ဘယ်မှာရောက်နေသည်ကို အမြန်ဆုံး သိရဖို့လိုသည်။ သို့မှသာ နဂါးအဖွဲ့ဝင်လက်ချက်မှ သူမအား အချိန်မီ ကယ်တင်နိုင်ပေလိမ့်မည်။

ဦးထွန်းညွန့်က စဉ်းစဉ်းစားစား အမူအရာဖြင့် စကားဆက်လိုက်ပြန်သည်။

'ဒီ ဇီဇီဟာ အကြောင်းတစ်ခုခုကြောင့် ဘန်ကောက်မှာ အဲရဟာတ်ကိုသတ်ပစ်ပြီး သူ့ဆီက သူလျှိုစာရင်းတွေကို ခိုးယူခဲ့တယ်၊ ပြီးတော့ သူ့မိတ်ဆွေဟောင်း ချစ်လှရဲ့ အကူအညီနဲ့ ရန်ကုန်ကို အရောက် ထွက်ပြေးလာနိုင်ခဲ့တယ်၊ ဒါပေမဲ့ နယ်ချဲ့တွေရဲ့ သူလျှို အဖွဲ့ကြီးဟာ သူတို့ရဲ့ အကြီးအမှူး အသတ်ခံရတာကို ပြန်လက်စားချေဖို့နဲ့ ဇီဇီဆီကို ပါသွားတဲ့ သူတို့ရဲ့ သူလျှိုစာရင်းတွေကို ပြန်ရဖို့ ကြိုးစားခဲ့ကြတယ်၊ သူလျှိုအဖွဲ့အစည်းမှာ သူတို့ရဲ့ ရန်သူတွေကို သုတ်သင်ပစ်တဲ့ နဂါးအဖွဲ့ဆိုတာ တိုင်းပြည်တိုင်းမှာထားတယ်၊ ဒါကြောင့် ရန်ကုန်မှာရှိနေတဲ့ သူတို့ရဲ့ နဂါးအဖွဲ့ကို ဇီဇီနဲ့ချစ်လှကို လိုက်ရှာသုတ်သင်လိုက်ဖို့ အမိန့်ပေးလိုက်တယ်၊ နဂါးအဖွဲ့ဟာ ချစ်လှကို လိုက်ရှာတွေ့သွားပြီး အရင် သုတ်သင်ပစ်လိုက်တယ်၊ အခု ဒီ နဂါးအဖွဲ့ဟာ ဇီဇီကို လိုက်ရှာနေကြတယ် မဟုတ်လား'

'ဟုတ်တယ် ဦးထွန်းညွန့်'

တင်မောင်ဆွေက မှန်သည့်အတိုင်း အဖြေပေးလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းညွန့်၏မျက်နှာမှာ တည်ကြည် တင်းမာသွားလေသည်။

'ဒါကို ကိုတင်မောင်ဆွေက နဂါးအဖွဲ့ထက်ဦးအောင် ဇီဇီ့ကို လိုက်ရှာနေတယ် မဟုတ်လား'

'ဟုတ်တယ် ဦးထွန်းညွန့်၊ ကိုချစ်လှ မသေမီကလေးတုန်းက ကျွန်တော့်ကို ဒီတာဝန်ပေးသွားတာပါပဲ၊ သူ့ကို နဂါးက သတ်ပစ်ပြီး ဇီဇီ့ကို သတ်ပစ်ဖို့ လိုက်ရှာနေတဲ့အကြောင်း၊ ဒါကြောင့် ဇီဇီ့ကို နဂါးကရှာမတွေ့ခင် ကျွန်တော်က အရင်ဦးအောင် ရှာပါရယ်လို့ ပြောသွားနိုင်ခဲ့တယ်၊ ဒါပေမဲ့ ဇီဇီ ဘယ်မှာရှိနေတယ်ဆိုတာကိုတော့ သူက ပြောမသွားနိုင်ခဲ့ရှာပါဘူး'

'ကောင်းပြီ ကိုတင်မောင်ဆွေ၊ ခင်ဗျား ဇီဇီ့ကို ရှာဖွေရာမှာ လိုအပ်တဲ့ ဘာအကူအညီကိုမဆို ကျုပ်က ပေးပါ့မယ်၊ ခင်ဗျားက ကတိတစ်ခုသာ ပြန်ပေးပါ'

'ဘာကတိများလဲ ဦးထွန်းညွန့်'

'တခြားမဟုတ်ပါဘူး၊ ချစ်လှကို သတ်သွားတဲ့လူကို ကျုပ်လက်ကို အရှင်လတ်လတ် အပ်ဖို့ပါပဲ၊ ဒီလူ တစ်ခါတည်း အသေပစ်သတ် အဖမ်းခံရတာကို ကျုပ် မလိုလားဘူး ကိုတင်မောင်ဆွေ တရားဥပဒေအရ ကြိုးစင်တင်သတ်မှ ချစ်လှအတွက် ကျုပ်တို့က သူ့အပေါ်မှာ ထိထိရောက်ရောက် လက်စားချေနိုင်မှာပဲ၊ လူတစ်ယောက်ဟာ သူ့လည်ပင်းမှာ ကြိုးတပ်အသတ်ခံရတော့မှာပဲဆိုတာကို ကြိုတင်သိနေရတာလောက် စိတ်ပင်ပန်းဆင်းရဲတာ ဘယ်မှာရှိတော့မှာလဲ ကိုတင်မောင်ဆွေ၊ ဒီလူဟာ သူတကယ် မသေရခင်မှာ စိတ်ထဲမှာ ထပ်တလဲလဲ ကြိုတင်သေနေရတာပဲ'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်၏။





'ခင်ဗျားပြောတာ ဟုတ်တာပဲ ဦးထွန်းညွန့်၊ တရားဥပဒေအရ လူတစ်ယောက်ကို သေဒဏ်ပေးကွပ်မျက်ပစ်တာဟာ လောကမှာ အရက်စက်ဆုံး အပြုအမူတစ်ခုလို့ ဆိုနိုင်ပါတယ်၊ ကောင်းပြီလေ ဦးထွန်းညွန့်၊ ကျွန်တော် ကတိပေးပါတယ်၊ ဒီ နဂါးကို ကျွန်တော်က အရှင်လတ်လတ် လက်ရဖမ်းပြီး ဦးထွန်းညွန့်ရဲ့ လက်ထဲကိုအပ်နိုင်ဖို့ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်'

သူတို့နှစ်ယောက်သည် လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။

ဦးထွန်းညွန့် ထွက်ခွာသွားပြီးနောက် တင်မောင်ဆွေသည် ဦးထွန်းညွန့်နှင့် ပြောဆိုဆွေးနွေးခဲ့ရသည့် စကားများကို ပြန်လည် …စားခန်း ဝင်နေလိုက်မိသည်။ မိနစ်အနည်းငယ် ကြာသွားလျှင် …နေသည့် ကုလားထိုင်ဘေးမှ စားပွဲခုံပေါ်၌ရှိနေသော တယ်လီဖုန်း…င်းလောင်းသံက ရုတ်တရက် စူးရှစွာ ထွက်ပေါ်လာလေသည်။

တင်မောင်ဆွေက ကောက်ယူနားထောင်လိုက်သည်တွင် …လွင်ခိုင်၏ အသံက တယ်လီဖုန်းနားခွက်ထဲက ထွက်ပေါ်လာ…၏။

'ကိုဆွေ… လွင် စကားပြောနေတာပါ၊ ကိုဆွေ ဒီည…များ အလုပ်များနေသလား'

'မများပါဘူး လွင်၊ ဘာဖြစ်လို့လဲ'

'လွင် အခု မြို့ထဲကို လာမလို့ပါ'

'ညတော့ တော်တော်နက်နေပြီ လွင်ရဲ့'

'အို… ဆယ်နာရီတောင် မထိုးသေးပါဘူး၊ လွင်က ကိုဆွေ့…မိတ်ဆွေတစ်ယောက်နဲ့ ဆယ်နာရီမှာတွေ့ဖို့ ချိန်းထားတယ်…ာ့ ကိုဆွေနဲ့ပါ တစ်ပါတည်းတွေ့မလားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက် သည်။ ကိုးနာရီခွဲခန့် ရှိနေပေပြီ။

'လွင်တွေ့ရမယ့် ကိုဆွေရဲ့ မိတ်ဆွေဆိုတာက ဘယ်သူများ လဲ'

'ရဲဝန်ထောက် ဦးသောင်းဖေလေ၊ သူက ကိုဆွေရဲ့မိတ်ဆွေ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ သူက ဘာလို့များ လွင့်ကို အရေး တကြီး တွေ့ချင်ရတာတဲ့လဲ'

'အဲဒါကိုတော့ လွင်လည်း မပြောတတ်ဘူး ကိုဆွေ၊ သူက ကျွန်မဆီကို ဖုန်းဆက်ပြီး သူ့ကို လာတွေ့နိုင်မလားလို့ မေးတာပဲ'

'ဘယ်နေရာမှာ တွေ့ရမှာတဲ့လဲ'

'သူ့ရဲ့ ရုံးခန်းကို လာခဲ့ပါတဲ့ ကိုဆွေ'

'သူက လွင့်ကို ဘာဖြစ်လို့ လာမတွေ့နိုင်ရတာတဲ့လဲ'

တင်မောင်ဆွေက မကျေမနပ် ပြန်မေးလိုက်၏။

'သူ အလုပ်များနေလို့ ဖြစ်မှာပေါ့ ကိုဆွေရယ်၊ ကိစ္စမရှိ ပါဘူး ကိုဆွေရဲ့၊ သူခေါ်တာဟာ ကိုကိုအောင် အသတ်ခံရတဲ့ကိစ္စ ပတ်သက်ချင် ပတ်သက်နေပါလိမ့်မယ်၊ လွင့်အတွက် အပန်းမကြီး ပါဘူး'

'ကောင်းပြီလေ၊ ကိုဆွေလည်း လာခဲ့ပါ့မယ်၊ ဆယ်နာရီ ဟုတ်လား'

'ဟုတ်တယ် ကိုဆွေ'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်၏။ သို့ရာ တွင် ချက်ချင်းလိုလိုမှာပင် တယ်လီဖုန်းခေါင်းလောင်းသံက ပြန်





မြည်လာ၏။ တင်မောင်ဆွေက ကောက်ယူနားထောင်လိုက်ရာ နား ကြပ်ထဲမှ ဦးဘငြိမ်း၏အသံကို သူက ချက်ချင်းကျက်လိုက်မိလေ သည်။

'ကိုတင်မောင်ဆွေလား'

'ဟုတ်ပါတယ် ဦးဘငြိမ်း၊ ဘာများအကြောင်းထူးလို့လဲ'

'ခင်ဗျားမှာ အချိန်ရှိရင် ကျုပ် အော့ဖ်ဖီလာခဲ့ပါလား၊ ခင်ဗျားကို ကျုပ် ပြောစရာနဲ့ ပြစရာတစ်ခုရှိလို့'

ဦးဘငြိမ်းသည် သူ့အား အကြောင်းမထူးဘဲ ညကြီးမင်း ကြီး ခေါ်မည်မဟုတ်သည်ကို နားလည်နေသော တင်မောင်ဆွေက ချက်ချင်းပင် လာခဲ့ပါမည်ဟု ပြန်ဖြေလိုက်လေ၏။

တင်မောင်ဆွေသည် ဦးဘငြိမ်း၏ အလုပ်တိုက်ခန်းရှိရာ ဗိုလ်အောင်ကျော်လမ်းသို့ သူ၏အင်(မ်)ဂျီကားကလေးဖြင့် ထွက်လာခဲ့ လေ၏။ သူ့အား အလုပ်တိုက်ခန်းဝမှ ဦးဘငြိမ်း၏ အပါးတော်မြဲ ဗိုလ်ကြီးထွန်းခိုင်က ဆီး၍ကြိုဆိုပြီး ဦးဘငြိမ်း၏ အလုပ်တိုက်ခန်း တွင်းသို့ သွင်းပေးလိုက်လေ၏။ စားပွဲတွင် ဓာတ်မီးတစ်လုံးသာထွန်း ထားသော သူ့အလုပ်စားပွဲကြီး၏ နောက်ဝယ် ဦးဘငြိမ်းက ဆေးတံ ကြီးခဲလျက် ထိုင်နေသည်။ ၎င်းက စားပွဲရှေ့တွင်ရှိသော ကုလားထိုင် တစ်လုံးဆီသို့ လက်ယမ်းပြလိုက်၏။ တင်မောင်ဆွေက ဝင်လိုက်မိ သည်နှင့် တစ်ပြိုင်နက် ဦးဘငြိမ်းက ၎င်း၏မျက်နှာကို စူးစိုက်၍ ကြည့်လိုက်ကာ မေးခွန်းတစ်ခု ထုတ်လိုက်၏။

'ကိုတင်မောင်ဆွေ၊ ခင်ဗျား အခု နဂါးနောက်ကို လိုက်နေ တယ် မဟုတ်လား'

ဦးဘငြိမ်းအား အဘယ်ကဲ့သို့ ဤအကြောင်းသိရှိသနည်း

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးနေ၍ အကြောင်းထူးမည် မဟုတ်သည်ကို နားလည်နေသေ တင်မောင်ဆွေက ခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

'ခင်ဗျားက နဂါးအကြောင်း ဘာသိထားသလဲ၊ ကိုတ မောင်ဆွေ'

'ဦးထွန်းညွန့် ပြောပြခဲ့သလောက်ပါပဲ၊ နဂါးဆိုတာ အရှေ့တောင်အာရှမှာ ချထားတဲ့ နယ်ချဲ့အရင်းရှင် သူလျှိုဂိုဏ်း ဂိုဏ်းရဲ့ ရန်သူသုတ်သင်ရေးအဖွဲ့ တစ်ခုပါပဲ၊ အဲဒီအဖွဲ့မှာ လူန ယောက် အမြဲပါပါတယ်၊ နဂါးအစွယ်နဲ့ နဂါးလက်သည်းရယ် သူတို့ကိုယ်သူတို့ ခေါ်ကြပါတယ်'

ဦးဘငြိမ်းက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက် ၏။

'ဟုတ်တယ် ကိုဆွေ၊ ဒီတော့ ခင်ဗျားဟာ ဘယ်လိုရန် မျိုးကိုရင်ဆိုင်နေရတယ်ဆိုတာကို သိထားဖို့ အခု ကျုပ်က ခင်ဗျာ ခေါ်ပြီး သတိပေးတာပဲ၊ ခင်ဗျားဟာ ကြောက်စရာကောင်းတဲ့ ရန် ကြီးတွေကို အရင်က ရင်ဆိုင်ခဲ့ဖူးပြီး သူတို့အပေါ် အောင်ပွဲခံနိုင် တယ်ဆိုတာကို ကျွန်တော် သိပါတယ်၊ ဥပမာ- မစ္စတာယူနစ်ခ ဒေါက်တာဟိုးတို့လို လူတွေပေါ့'

တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်လို သည်။

'အဲဒီတုန်းကဆိုရင် ခင်ဗျားဟာ ရန်သူဟာ ဘယ်သူဆို အတိအကျ သိထားနိုင်ခဲ့တယ်၊ ဒါတောင်မှ ခင်ဗျားဟာ သူတို့ အန္တရာယ်တွေကို သေရလုနီးပါး ရင်ဆိုင်ခဲ့ရတယ်။ အခုကျတော ခင်ဗျားရင်ဆိုင်နေရတဲ့ ရန်သူတွေဟာ ဘယ်သူဆိုတာ ခင်ဗျား အ





အကျ သိထားရတာ မဟုတ်ဘူး၊ ခင်ဗျား လိုက်နေတဲ့ နဂါးသုတ်သင်ရေးအဖွဲ့မှာ လူနှစ်ယောက်ပါတယ်ဆိုတာကိုသာ ခင်ဗျား သိထားတယ်၊ ဒါပေမဲ့ ဒီလူနှစ်ယောက်ဟာ ဘယ်သူ ဘယ်ဝါဆိုတာကို ခင်ဗျား သိထားရသေးလို့လား၊ သိမထားရတောင် သိနိုင်တဲ့အလားအလာကော ရှိထားနေသလား'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'အင်း... ကျုပ်တို့လည်း ဘယ်သူဘယ်ဝါဆိုတာကို အခုထက်ထိ မသိရသေးဘူး၊ မသိရသေးတဲ့ ရန်သူကို ရင်ဆိုင်ရတာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ကျုပ် ခင်ဗျားကို ပြောပြနေစရာ မလိုပါဘူးလေ၊ ပိုဆိုးတာက သူတို့က ခင်ဗျားကို သိနေကြတယ် မဟုတ်လား'

တင်မောင်ဆွေက ဦးခေါင်းညိတ်ကာ သူနှစ်ကြိမ်တိုင်တိုင် အသံတိတ် ကိရိယာတပ်ဆင်ထားသော သေနတ်ဖြင့် ချောင်း၍အပစ်ခံခဲ့ရသည့်အကြောင်းကို ပြောပြလိုက်သည်။

'အဲဒါကြောင့် ကျုပ် ခင်ဗျားကို အခုခေါ်ပြီး သတိပေးတာပဲ ကိုတင်မောင်ဆွေ၊ ခင်ဗျား လိုက်နေတဲ့ နဂါးဆိုတာ ဘယ်သူမဆို ဖြစ်နိုင်တယ်၊ သူက အခုပဲခင်ဗျားကို သတ်ပစ်ဖို့ နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ပြီ၊ နောက်တစ်ကြိမ်ဆိုရင် သူ မအောင်မြင်ဘူးရယ်လို့ ပြောနိုင်မလား'

'ဒါကတော့ ကျွန်တော့်အလုပ်မှာ ရင်ဆိုင်နေကျ စွန့်စားနေကျပဲ ဦးဘငြိမ်းရယ်၊ ဒါပေမဲ့ ကျွန်တော် ဒီနဂါးဆိုတာ ဘယ်သူ ဘယ်ဝါလို့ သိနိုင်မယ့်လမ်းစတစ်ခု ရထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပြောတာက ခင်ဗျားရဲ့ လက်ထောက်ဟောင်းဖြစ်ဖူးတဲ့ ဇီဇီ မဟုတ်လား'

တင်မောင်ဆွေက မျက်ခုံးနှစ်ဖက်ပင့်ပြီး ဦးခေါင်းညိတ်ပြလိုက်သည်။ ဇီဇီ့အကြောင်း ဦးဘငြိမ်း ဘယ်လိုလုပ်သိရသနည်းဆိုသည်ကို သူက အချိန်ဖြုန်း၍ မေးမနေလိုတော့။

ဦးဘငြိမ်းက သူ့စားပွဲ အံဆွဲကိုဖွင့်လျက် အတွင်းမှ ဓာတ်ပုံတစ်ချပ်ကို ထုတ်ယူလိုက်သည်။

'ခင်ဗျားကို ပြောစရာရှိတာကိုတော့ ပြောပြီးပြီ၊ ဒီတော့ဟောဒီ ဓာတ်ပုံကိုပဲ ပြချင်တယ်'

တင်မောင်ဆွေက ဦးဘငြိမ်း၏လက်ထဲမှ ဓာတ်ပုံကို ဆွဲယူကြည့်ရှုလိုက်၏။ ဇီဇီ၏ ဓာတ်ပုံပင်ဖြစ်သည်၊ ဘန်ကောက်မြို့ရှိ မြဘုရားကို နောက်ခံပြုလျက် ရိုက်ကူးထားသောပုံပင် ဖြစ်၏။

တင်မောင်ဆွေက ဓာတ်ပုံမှ မော့ကြည့်လိုက်ရာ ဦးဘငြိမ်း၏ မေးခွန်းကို ရင်ဆိုင်လိုက်ရလေသည်။

'သူဟာ ခင်ဗျားရဲ့ ဇီဇီပဲ မဟုတ်လား'

'ဟုတ်တယ် ဦးဘငြိမ်း၊ ဒီဓာတ်ပုံကို ခင်ဗျား ဘယ်ကရတာလဲ'

'ဒီဓာတ်ပုံကို ဘန်ကောက်မှာ ရိုက်ခဲ့တာပဲ မဟုတ်လားဦးဘငြိမ်း'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ ရိုက်တာကလည်း လွန်ခဲ့တဲ့လေးငါးလကပဲ၊ ဒါပေမဲ့ သူဟာ အခုယိုးဒယားမှာ မရှိတော့ပါဘူး မြန်မာပြည်ကို ပြန်ရောက်နေတယ်ဆိုတာ ကျုပ်တို့ အတိအကျသိထားရပြီ၊ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ဖြူရဲ့ အလောင်းထဲက ဒီဓာတ်ပုံ





နဲ့အတူ ညွှန်ကြားလွှာတစ်စောင်ကိုပါ ရှာတွေ့ခဲ့ရတာကိုး၊ အဲဒီ ညွှန်ကြားလွှာမှာ ဒီဓာတ်ပုံရှင် အမျိုးသမီးရဲ့ အမည်ကိုဖော်ပြပြီး သူဟာမြန်မာပြည်ထဲကို ထွက်ပြေးလာခဲ့တဲ့ သစ္စာဖောက်တစ်ယောက်မို့ရအောင်ရှာပြီး သုတ်သင်ပစ်ရမယ်လို့ နဂါးအဖွဲ့ကို ညွှန်ကြားထားခဲ့တာပဲ'

တင်မောင်ဆွေက ဖြည်းညင်းစွာ ဦးခေါင်းညိတ်လိုက်၏။ ဒီအတိုင်းဆိုပါက ဦးထွန်းညွန့်နှင့် မိမိ၏ တွေးထင်ယူဆချက်သည် မှန်ကန်နေပေပြီ။

ဇီဇီသည် အမှန်ပင် ချစ်လှစွာ အကူအညီဖြင့် မြန်မာပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်ကာ ယခုဆိုလျှင် ရန်ကုန်မြို့၏တစ်နေရာရာတွင် ရှိနေရပေမည်။ သို့ရာတွင် သူမ ဘယ်နေရာ၌ရောက်ရှိနေလေသလဲ။

'ကျေးဇူးပါပဲ ဦးဘငြိမ်း၊ ခင်ဗျား ကျွန်တော့်ကို ဘာများပြောစရာရှိသေးသလဲ။ မရှိတော့ရင် ကျွန်တော် သွားတော့မယ်၊ ကျွန်တော် ချိန်းထားတာတစ်ခု ရှိနေပါတယ်'

ဦးဘငြိမ်းက ခေါင်းညိတ်ပြလိုက်ပြီး ထိုင်ရာမှထလျက် တင်မောင်ဆွေ့အား သူ့ညာလက်ကို ဆန့်ထုတ်ပေးလိုက်၏။

'ဂွတ်လပ်(စ်) ကိုတင်မောင်ဆွေ'

တင်မောင်ဆွေသည် မြို့မစုံထောက်ဌာနချုပ်ရှိ ဒုကြီးကြပ်ရေးမှူးရုံး ဦးသောင်းဖေ၏အခန်းသို့ ဆယ်နာရီထိုးဖို့ တစ်မိနစ်အလိုခန့်တွင် ရောက်ရှိသွားလေသည်။ လွင်လွင်ခိုင်သည် ရုံးခန်း၏ အပြင်ဘက်တွင်ရှိ ဧည့်သည်များစောင့်သော အခန်းတွင် တစ်ဦးတည်းထိုင်စောင့်လျက် ရှိနေသည်ကို တွေ့ရလေသည်။ တင်မောင်ဆွေ့အ..



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရာတွင် သူမက ပြုံး၍နှုတ်ဆက်လိုက်၏။ တင်မောင်ဆွေ သူမ၏ဘေးတွင် ဝင်ထိုင်လိုက်၏။

'ကိုဆွေက အချိန်အတိအကျကို ရောက်လာတာပဲ ကိုဦးသောင်းဖေကြီးက ကျွန်မကို အတွေ့မခံသေးဘူး၊ သူအလုပ်များနေတာနဲ့ တူပါရဲ့၊ ဒါကြောင့် လွင် ဒီမှာလာထိုင်စောင့်နေတယ်'

'အို... သူက ခေါ်ထားတာပဲ၊ ဘာဖြစ်လို့ စောင့်နေရမှာလဲ၊ လာ... သွားကြမယ်'

ပြောပြောဆိုဆို တင်မောင်ဆွေက လွင်လွင်ခိုင်အား ဧည့်သည်များစောင့်သည့် အခန်းထဲမှ ခေါ်ထုတ်ခဲ့ကာ ကိုသောင်းဖေကြီး၏ ပိတ်ထားသော ရုံးခန်းတံခါးဆီသို့ လျှောက်ခဲ့လေ၏။ တံခါးအောက်မှ စားပွဲတစ်လုံးတွင် အစောင့်ရဲကြပ်တစ်ယောက်က ထိုင်နေရာမှ တင်မောင်ဆွေ့အား တွေ့လိုက်ရလျှင် ကပျာကယာ မတ်တတ်ရပ်လိုက်၏။

'ဩော်... ဆရာပါလား'

'အေး... မင်းတို့ဆရာ ဦးသောင်းဖေကြီး အထဲမှာရှိတယ် မဟုတ်လား'

'ရှိပါတယ် ဆရာ၊ ဒါပေမဲ့...'

တင်မောင်ဆွေက ဘာမှမပြောဘဲ ပိတ်ထားသော တံခါးကိုသာ တခေါက်ခေါက် ခေါက်လိုက်လေသည်။

'ဗျို့... ကိုသောင်းဖေကြီး၊ အထဲမှာ အိပ်ငိုက်နေတာလားဗျ' ဟုလည်း ဆက်၍ ခပ်ကျယ်ကျယ် အသံပြုလိုက်လေသည်။ ခဏကြာလျှင် တံခါးသည် ဆတ်ခနဲပွင့်သွားပြီး တံခါးဝတွင် ကိုသောင်းဖေကြီး ပေါ်လာ၏။





တင်မောင်ဆွေ့ကို ကိုသောင်းဖေကြီးက မျက်မှောင်ကြီးကုတ်လျက် နှုတ်ဆက်လိုက်ပြီးမှ တင်မောင်ဆွေ့နောက်တွင် ရပ်နေသော လွင်လွင်ခိုင်အား တွေ့လိုက်သည်၌ မျက်နှာတစ်မျိုးပြောင်းသွားလေသည်။

'ဩော်... ဒေါ်လွင်လွင်ခိုင်ပါလား'

'ဟုတ်တယ် ဦးသောင်းဖေ၊ ကျွန်မ ကိုတင်မောင်ဆွေကို အဖော်ခေါ်လာတာပါ၊ စိတ်မရှိပါနဲ့နော်'

လွင်လွင်ခိုင်က ချိုသာသောမျက်နှာကလေးဖြင့် ပြောလိုက်ရာ ဦးသောင်းဖေက ချောင်းဟန့်သံပြုလိုက်လေသည်။

'အဟမ်း... ကိစ္စမရှိပါဘူး၊ ကျွန်တော်ကလည်း သူ့ကို တွေ့ချင်တာနဲ့ အတော်ပါပဲ၊ ကဲ... လာ... လာ'

ကိုသောင်းဖေက လွင်လွင်ခိုင်နှင့်တင်မောင်ဆွေအား အခန်းထဲသို့သွင်းလိုက်ပြီးနောက် တံခါးကိုပြန်ဆွဲပိတ်လိုက်သည်။ ထို့နောက် ကုလားထိုင်များဆီသို့ လက်ယမ်းပြလိုက်ပြီး သူ့စားပွဲနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ပြီးလျှင် တင်မောင်ဆွေ့ဘက်သို့ မျက်မှောင်ကြီး မသိမသာကုတ်၍ ကြည့်လိုက်ပြန်သည်။

'တင်မောင်ဆွေ၊ မင်းက အခုတလော အဆက်အသွယ်တွေ တော်တော်ကောင်းနေပါလားကွ'

'ဘာဖြစ်လို့လဲ ကိုသောင်းဖေရဲ့'

'မင်း ဘာအဆက်အသွယ်တွေ ရထားပြီး ဘာတွေလုပ်နေတယ်ဆိုတာ ငါသိပါတယ်ကွာ၊ အေး... လုပ်တာလည်း လုပ်တာပေါ့။ မင်း လုပ်နေပုံတွေဟာ မင်း အဆက်အသွယ်တွေဆီက ကောင်းကောင်းကြီး လိုလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာတွေ ပြောနေတာလဲဗျ'

'မနေ့ညက မအူကုန်းက လမ်းကြားထဲမှာ ဖြစ်ပွားခဲ့တဲ့ သေနတ်ပစ်မှုမှာ မင်းပါတယ်ဆိုတာ ငါသိပါတယ်ကွာ၊ မင်း ငါ့ကိုပဲ လက်စတစ်စစ်ကြည့်ခိုင်းခဲ့တဲ့ သေနတ်ကျည်ဆန်ကို မင်း အဲဒီက ရလာတယ် မဟုတ်လား'

တင်မောင်ဆွေက ပခုံးများကိုသာ တွန့်ပြလိုက်၏။

'သေနတ်ပစ်သံတွေ ကြားရပြီး လမ်းကြားထဲက လူသုံးယောက် ရှေ့ဆင့်နောက်ဆင့် ထွက်ပြေးလာကြတာကို မြင်လိုက်ရတဲ့ မျက်မြင်သက်သေ သုံးယောက်ရှိတယ်ကွ၊ ပထမဦးဆုံး လူတစ်ယောက်က အရင်ပြေးထွက်လာပြီး လမ်းပေါ်မှာရပ်ထားတဲ့ ကားတစ်စင်းကို မောင်းပြေးသွားသတဲ့၊ နောက် နှစ်မိနစ် သုံးမိနစ်လောက်ကြာတော့ နောက်ကနေ လူနှစ်ယောက် ပြေးလိုက်လာပြန်သတဲ့၊ အဲဒီလမ်းကြားကလေးဟာလည်း အသတ်ခံရတဲ့ ချစ်လှရဲ့တိုက်ခန်းရှိရာ နောက်ဖေးလမ်းကြား ဖြစ်နေလေတော့…'

ကိုသောင်းဖေက စကားမဆက်ဘဲ တင်မောင်ဆွေ့ကိုသာ အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

'ဟုတ်တယ် ကိုသောင်းဖေ၊ ကျွန်တော်နဲ့ အဖော်တစ်ယောက် ချစ်လှရဲ့အိမ်ကို သွားချက်ကင်လုပ်ကြည့်တုန်း ဆိုင်းလင့်ဆာ သေနတ်နဲ့ ချောင်းအပစ်ခံရတာပါ၊ သူတို့ကြားလိုက်ရတဲ့ သေနတ်သံတွေက ကျွန်တော် ပြန်ပစ်လိုက်တာပါ'

'အေး… မင်းကို ဆော်ထည့်သွားတဲ့ လူရဲ့ ဒစ္စခရစ်ပ်ရှင်း (ပုံပန်းသဏ္ဌာန်)ကို မင်း သိချင်သလား'

'ဆိုစမ်းပါဦး'





'နှာယောင်ကောက်ကောက် မေးစေ့ချွန်ချွန်နဲ့ ကုလားကြီး တစ်ယောက်တဲ့ကွ၊ အရပ် (၆)ပေလောက်မြင့်ပြီး ဗလလည်း အတော်ကောင်းပုံရသတဲ့၊ ပြေးသွားတာကလည်း တော်တော့်ကို မြန်တယ်တဲ့ ကွာ၊ မင်း သူ့ကို သိသလား'

'ဟင့်အင်း… မသိပါဘူး'

သို့ရာတွင် ကိုသောင်းဖေ ပြောပြခဲ့သောလူသည် အကယ်ခင်စစ် နဂါးတစ်ယောက်သာလျှင် ဖြစ်ရမည်ဟု သူက အတပ်သိလိုက်မိသည်။ 'နဂါးအစွယ်သော်လည်းကောင်း၊ နဂါးလက်သည်းသော်လည်းကောင်းသာ ဖြစ်ရပေမည်။ ချစ်လှအား သတ်ခဲ့သူ၊ ဇီဇီအားသတ်ရန် လိုက်ရှာနေသူ…

တင်မောင်ဆွေက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ကိုသောင်းဖေ ပြောပြသော ပုံပန်းသဏ္ဌာန်အရ ဒင်းကို ပြန်တွေ့လျှင်တော့ မှတ်မိနိုင်ပေတော့မည်။

'မင်း တစ်ခုစဉ်းစားမိသလား တင်မောင်ဆွေ'

'ဘာအကြောင်းနဲ့ ပတ်သက်လို့လဲ'

'အခုကိစ္စပေါ့ကွာ၊ ဟောဒီက ဒေါ်လွင်လွင်ခိုင်ရဲ့ ခင်ပွန်းသည် အသတ်ခံရတာရယ်၊ ပြီးတော့ တစ်နေ့ညက သဘော်သားချစ်လှ အသတ်ခံရတာရယ်၊ နောက်ပြီး ဟိုတစ်နှစ်က မင်းအမှုသည် ဒေါ်နန်းခမ်းဝေ အသတ်ခံရတဲ့ကိစ္စပေါ့ကွ၊ အမှုသုံးမှုစလုံးမှာ တူညီမှုတစ်ခုရှိနေတာကို တွေ့ခဲ့ရတယ်ကွ'

'ဆိုစမ်းပါဦး ဦးသောင်းဖေ၊ ဘယ်လိုတူညီမှုမျိုးကိုများ တွေ့ထားရလို့လဲ'

လွင်လွင်ခိုင်က စိတ်ဝင်စားစွာ ဝင်၍မေးလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျောက်မျက်ရတနာတွေပဲ၊ ဒီအမှုသုံးခုစလုံးမှာ ဒီကျောက်မျက်ရတနာတွေက အဓိကဖြစ်နေတယ်'

ကိုသောင်းဖေက ပြောပြောဆိုဆို တင်မောင်ဆွေ၏မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်ပြီးမှ စကားဆက်လိုက်ပြန်သည်။

'ပထမဆုံးအကြိမ်က မင်းရဲ့အမှုသည် ဒေါ်နန်းခမ်းဝေ အသတ်ခံရပြီး သူ့ယောက်ျား ဦးခင်စီ ပျောက်ခြင်းမလှ ပျောက်သွားရတဲ့ ကိစ္စပဲပေါ့၊ အဲဒီတုန်းက မင်းရဲ့လက်ထောက် ဂျင်မီရဲ့အဆက် ဇီဇီဆိုတဲ့ ကပြားမလေးပါ အဆစ်ပါသွားလိုက်သေးတယ် မဟုတ်လား၊ အဲဒီအမှုမှာ အဓိကအချက်ဟာ ဒေါ်နန်းခမ်းဝေရဲ့ လက်ဝတ်လက်စား ကျောက်မျက်ရတနာတွေပဲ ဖြစ်ခဲ့ရတယ်လေ၊ နောက် ဒုတိယကိစ္စကတော့ လွင်လွင်ခိုင်ရဲ့ ခင်ပွန်းသည် ဦးအောင်မြခိုင် အသတ်ခံရတဲ့ ကိစ္စပဲပေါ့၊ အဲဒီအမှုမှာလည်း ဦးအောင်မြခိုင်ရဲ့ မီးခံသေတ္တာထဲက ဒေါ်လွင်လွင်ခိုင်ရဲ့ လက်ဝတ်လက်စားတွေ ပါသွားခဲ့တယ်၊ ဒီလက်ဝတ်လက်စားတွေဟာ ကျောက်မျက်ရတနာ အတုတွေသာဖြစ်ခဲ့ပေမယ့် ဒီဟာကိုယူသွားတဲ့ လူဟာအစစ်လို့ ထင်ခဲ့တာဖြစ်မှာပဲ၊ နောက်ဆုံးပိတ်အမှုကတော့ သဘောသားချစ်လှ အသတ်ခံခဲ့ရတာပါပဲ၊ ဒီအမှုကိုကြည့်ရာမှာလည်း အသတ်ခံရတဲ့ ချစ်လှဟာ ကျောက်မျက်ရတနာတွေကို ခိုးထုတ်ခိုးသွင်းတဲ့ လူတစ်ယောက် လုပ်နေခဲ့တာကို တွေ့ရတယ်၊ ဒီတော့ ဒီအမှုသုံးခုကို ဆက်စပ်ပတ်သက်နေစေတဲ့ ကွင်းဆက်ဟာ ဒီကျောက်မျက်ရတနာတွေပဲ ဖြစ်နေမလားလို့ တွေးနေမိတယ် တင်မောင်ဆွေ'

'ခင်ဗျားအတွေးက မဆိုးပါဘူး ကိုသောင်းဖေ၊ ဒါပေမဲ့ ဘယ်လိုဘယ်ပုံ ဆက်စပ်နေတယ်ဆိုတာကိုတော့ ခင်ဗျား ဆက်





[...]မ်းရဦးမှာပဲ'

ကိုသောင်းဖေသည် မျက်နှာကြီး မသက်မသာ အိုကျသွား[...] နောက် ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်လေသည်။

'ဟုတ်တယ် တင်မောင်ဆွေ၊ ဘယ်လိုပတ်သက် ဆက်စပ်[...]တယ်ဆိုတာကိုတော့ ငါလည်း အခုထက်ထိ တွေးလို့မရသေးဘူး၊ [...]ကျက်အလက်တွေကို လိုက်ရှာနေတုန်းပဲကွ၊ မင်း သိထားတာများ [...]ာ ရှိထားသေးသလား'

ဤအခါတွင်တော့ တင်မောင်ဆွေက ဦးခေါင်းယမ်းပြဖို့[...]သည့်ဖြစ်နေ၏။ သူသိထားတာတွေကို ကိုသောင်းဖေအား ဖွင့်ပြော[...] ဖြစ်ဦးမည် မဟုတ်ပေ။ အားလုံး ထိပ်တန်းလျှို့ဝှက်ချက်တွေ[...]နေ၏။

'ဆောရီးပဲ ကိုသောင်းဖေ၊ ကျွန်တော်လည်း ခင်ဗျားနည်း[...]ပါပဲဗျာ'

ကိုသောင်းဖေက သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးမှ [...]က်တစ်ဖက်ကို ယမ်းလိုက်၏။

'ကဲ… ထားလိုက်ပါတော့လေ၊ ဒေါ်လွင်လွင်ခိုင်ရဲ့ကျောက်[...]ရတနာတွေနဲ့ ပတ်သက်လို့…'

ကိုသောင်းဖေက ပြောပြောဆိုဆို စားပွဲအံဆွဲကို ဖွင့်လိုက်[...] အထဲမှ အဝတ်ထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူပြီး စားပွဲပေါ်[...] တင်လိုက်သည်။ ထို့နောက် အထုပ်ကိုဖြေပြလိုက်ရာ လက်ဝတ်[...]က်စားတွေကို မှတ်မီးရောင်အောက်တွင် တဝင်းဝင်း တပြောင်[...] တွေ့လိုက်ရလေသည်။ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက်[...]ဆိုး စသည်တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေဟာ ဒေါ်လွင်လွင်ခိုင်ရဲ့ ပစ္စည်းတွေပဲ မဟုတ်လား'

လက်ဝတ်လက်စားတွေဆီသို့ လှမ်းလိုက်သော လွင်လွင်ခိုင်၏လက်များသည် သိသိသာသာကြီး တုန်ယင်လျက်ရှိနေကြေ သည်။ သူမသည် လက်ဝတ်လက်စားတွေကို တစ်ခုချင်း ကောက်၍ စစ်ဆေးရာက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်နေလိုက်လေသည်။

'ဟုတ်တယ် ဦးသောင်းဖေ၊ ကျွန်မပစ္စည်းတွေပါပဲ၊ ဒါတွေ ရွှေတွေကအစ အားလုံးအစုတွေချည်းပါ၊ ဒါတွေကို ဘယ်လို…'

'အဘိုးကြီးတစ်ယောက်က အပေါင်ဆိုင်တစ်ဆိုင်မှာ လာ ပေါင်လို့ ဖမ်းမိလိုက်တာပဲ၊ အပေါင်ဆိုင်က အဘိုးကြီးကို မသင်္ကာ တာနဲ့ ရဲလက်အပ်လိုက်တယ်၊ ရဲက စစ်ကြည့်တော့ ဒီလက်ဝတ် လက်စားတွေကို လွှန်ခဲ့တဲ့ တစ်နှစ်ကျော်ကတည်းက အမှိုက်ပုံတစ် ထဲမှာ အထုပ်လိုက်ပစ်ထားတာ တွေ့ရလို့ သူက ကောက်ယူသိမ်း ထားရတာပါတဲ့၊ အခုမှ ငွေလိုလို့ ပေါင်မိတာပါတဲ့၊ ခင်ဗျားရဲ့ပစ္စည်း တွေကို ရဲဌာနတိုင်း စာရင်းပို့ထားတော့ အဲဒီရဲဌာနက ကျွန်တော့် ကွန်တက်လုပ်ခဲ့တာပဲ'

'ဦးအောင်မြခိုင်ရဲ့ မီးခံသေတ္တာထဲက ဒီလက်ဝတ်လက်စား တွေကို အစစ်မှတ်ပြီး ခိုးယူသွားခဲ့တဲ့ လူက အတုတွေဖြစ်မှန်းသိ နီးရာအမှိုက်ပုံထဲ လွှင့်ပစ်ထားခဲ့တာ ဖြစ်မှာပေါ့'

တင်မောင်ဆွေက ဝင်၍ မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

'ငါ စဉ်းစားနေတာက ပထမဦးဆုံး အမှုပဲ တင်မောင်ဆွေ မင်းတို့ကို အကာအကွယ် အစောင့်အရှောက်အဖြစ် ငှားခဲ့တဲ့ ဦးခင် ဒေါ်နန်းခမ်းဝေတို့ရဲ့ အမှုလေ၊ အဲဒီတုန်းက မင်းကိုယ်တိုင်မသွား မင်းရဲ့လက်ထောက် ဇီဇီကိုသာ လွှတ်လိုက်တယ် မဟုတ်လား'





'ဟုတ်တယ် ကိုသောင်းဖေ၊ အဲဒီကစပြီး ကျုပ်ဟာ ကျုပ် ကိုယ်ကျုပ် အပြစ်တင်လို့ မဆုံးခဲ့ပါဘူး၊ အဲဒီတုန်းက ကျုပ်ဟာ ကျုပ်အမှုသည် ဦးခင်စိုးကို လူကိုယ်တိုင်တောင် မတွေ့ခဲ့ရပါဘူး၊ ကျုပ်ဆီကို တယ်လီဖုန်းဆက်ပြီးသာ ကွန်တက်လုပ်ခဲ့တာပါပဲ'

'ကဲ… ဒီလိုဆိုရင် မင်းအမှုသည် ဘယ်လိုနေတယ်ဆိုတာ ကြည့်ပေတော့'

ကိုသောင်းဖေက စားပွဲအံဆွဲဖွင့်ပြန်ပြီး(၆)လက်မ၊ (၄)လက်မ မရှိတရှိ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်။ ဓာတ်ပုံ ထဲတွင် အနောက်တိုင်းဝတ်စုံကို အကျဝတ်ဆင်ထားသော တရုတ် ကပြားတစ်ယောက်ကို တင်မောင်ဆွေက တွေ့လိုက်ရ၏။

ကိုသောင်းဖေက လွင်လွင်ခိုင့်ဘက်သို့ လှည့်လိုက်သည်။

'ဒီပစ္စည်းတွေဟာ ဒေါ်လွင်လွင်ခိုင်ရဲ့ ပစ္စည်းတွေဆိုတာ သေချာတယ်နော်'

'သေချာပါတယ်ရှင်၊ ကျွန်မ အားလုံးမှတ်မိပါတယ်၊ ဟောဒီ ကျောက်နီလက်စွပ်ဟာဆိုရင် စွန်ကုပ်ကလေးတစ်ခုပဲ့နေ တယ်၊ ပြီးတော့ ဟောဒီဆွဲကြိုးက လော့ကက်သီးနောက်ဘက်မှာ ကျွန်မနာမည် ထိုးထားတာပဲ'

'ကောင်းပြီလေ၊ ဒီပစ္စည်းတွေကို နောက်သုံးလေးရက်ကြာ ရင် ဒေါ်လွင်လွင့်ခိုင် ပြန်လာယူနိုင်ပါတယ်'

'ကောင်းပါပြီရှင်'

ကိုသောင်းဖေက ဓာတ်ပုံကို တွေဝေကြည့်ရှုနေသော တင် မောင်ဆွေ့အား လှမ်းကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ တင်မောင်ဆွေ၊ မင်းအမှုသည့်ချာလီထာင်း



www.burmeseclassic.com

www.burmeseclassic.com



ကို အရင်က တွေ့ဖူးခဲ့သလားကွ'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလို... ကာ လက်ထဲက ဓာတ်ပုံကို ကိုသောင်းဖေအား ပြန်ပေးလိုက်သည်... ကိုသောင်းဖေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်၏။

'ကဲ… ခင်ဗျားတို့ ပြန်နိုင်ကြပါပြီ၊ ညကလည်း တော… တော်နက်နေပြီ၊ တင်မောင်ဆွေ မင်း ဒေါ်လွှင်လွှင်ခိုင်ကို လိုက်… လိုက်ပါ'

တင်မောင်ဆွေနှင့် လွှင်လွှင်ခိုင်တို့က မြို့မစုံထောက်ဌာန… မှဆင်းခဲ့ကာ အသင့်စောင့်နေသော လွှင်လွှင်ခိုင်၏ ကားပေါ်… တက်လိုက်ကြသည်။

'ကိုဆွေ… အိပ်ချင်ပြီလားဟင်'

'မအိပ်ချင်သေးပါဘူး လွှင်၊ ဘာဖြစ်လို့လဲ'

'ဒီလိုဆိုရင် လွှင့်အိမ်ကို လိုက်ခဲ့ပါဦးလား၊ ဟိုကျော… ကိုဆွေအကြိုက် စကော့(ချ်)ဝီစကီ သောက်ရင်း စကားပြောကြ… အောင်လေ၊ ပြီးတော့ ကားနဲ့လိုက်ပို့ပေးခိုင်းပါ့မယ်'

အမျိုးသမီးက ဖိတ်ခေါ်နေတော့လည်း တင်မောင်ဆွေ… မငြင်းသာတော့ချေ။ လွှင်လွှင်ခိုင်ကား ဒရိုင်ဘာအား အိမ်သို့အမော… ခိုင်းလိုက်သည်။

ကားထွက်လာသည့်အခါတွင် တင်မောင်ဆွေက စဉ်းစ… စားစား အမူအရာဖြင့် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ အ… တော့လည်း သူ့တွင် အလေးအနက် စဉ်းစားစရာအကြောင်းတစ်ခု… ရှိနေပေသည်။

အကြောင်းမူ သူ့အား ကိုသောင်းဖေက ပြခဲ့သော ဓာတ်…





…ထဲမှ ချာလီကင်းဆိုသူကို သူက မှတ်မိနေသောကြောင့် ဖြစ်လေသည်။ ပါမန်နေ့ညက ချစ်လှ၏တိုက်ခန်းအတွင်းသို့ သူဝင်၍ရှာဖွေခဲ့စဉ်က သူတွေ့ခဲ့ရသော ဓာတ်ပုံအယ်လ်ဘမ်ထဲတွင် ချာလီကင်း၏ဓာတ်ပုံကို သူတွေ့ခဲ့ရလေသည်။ ထိုဓာတ်ပုံထဲတွင် ချာလီကင်းသည် အသက်နှစ်ဆယ်ကျော်အရွယ်မျှသာ ရှိနေသေးသည်။ ပြီးတော့လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန် စစ်တပ်ဝတ်စုံကို …တ်ဆင်ထားကာ ဗိုလ်ကြီးအဆင့်အတန်းရှိသည့် အမှတ်သင်္ကေတ…များကို ကော်လာလည်ပင်းတွင် တပ်ဆင်ထားခဲ့ပေ၏။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ခြောက် -

ရွှေတောင်ကြားလမ်းသို့ ရောက်ကြသည့်အခါတွင် လွင်လွ
နိုင်က တင်မောင်ဆွေအား ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားကာ ခေ
စောင့်နေရန် မှာကြားလျက် အတွင်းခန်းထဲသို့ ဝင်ရောက်ပျောက်ကွ
သွားလေသည်။

တင်မောင်ဆွေက (၁၅)မိနစ်မျှ စောင့်နေလိုက်ရသည
ပြန် ထွက်လာသည့်အခါတွင် လွင်လွင်နိုင်က အသွင်တစ်မျိုး ပြော
လာသည်။ သူမက အဝတ်အစားတစ်မျိုး လဲလာသည်။ အဝါရင့်ရေ
အနက်ပန်းဆုပ်ကြီးတွေ ဖော်ထားသော ဂျပန်ကီမိုနိုဝတ်ရုံကို ဝတ်
ထားရာ သူမ၏အလှမှာ ပို၍ပေါ်လွင်လာ၏။

တင်မောင်ဆွေက သူမအား ငေးကြည့်ရာက ဦးအောင်
နိုင်သည် ဒါကြောင့်ပဲ သူမအား စုံမက်မြတ်နိုးခဲ့ခြင်းဖြစ်ပေမည်
စိတ်ထဲကကြိတ်၍ မှတ်ချက်ချလိုက်မိလေသည်။

လွင်လွင်နိုင်သည် သူမ သယ်ဆောင်လာသော ငွေလင်
ကို စားပွဲဝိုင်းကလေးတစ်လုံးတွင် ချလိုက်သည်။ ငွေလင်ပန်းပေါ်





တော့ ငှက်လေဘယ်စကော့(ချ)ဝီစကီတစ်လုံး၊ မာတီနီဗားမွတ်ဝိုင်
အရက်တစ်လုံး၊ ဖန်ခွက်နှစ်ခွက်နှင့် ရေခဲချိုင့်၊ ဆိုဒါဆိုင်ဖွန် စသည်တို့
အပြည့်အစုံ ပါဝင်လေ၏။

'အိမ်ဖော်မကြီးက အိပ်နေပြီ ကိုဆွေရဲ့၊ သူ့ကို မနိုးရက်
တော့ပါဘူးလေ'

တင်မောင်ဆွေက လွင်လွင်နိုင့်အား မျက်မှောင် မသိမသာ
ကုတ်လျက် ကြည့်လိုက်၏။

'အိမ်ထဲမှာ မင်းနဲ့ ဒီအိမ်ဖော်မကြီးနှစ်ယောက်တည်းပဲ ရှိ
သလား၊ တခြားအဖော် မရှိတော့ဘူးလား'

'ဟုတ်တယ် ကိုဆွေ၊ အိမ်ထဲမှာဆိုရင်တော့ လွင့်မှာအိမ်ဖော်
မကြီးပဲ အဖော်ရှိပါတယ်၊ အပြင်မှာတော့ ခြံစောင့်ကုလားကြီးတစ်
ယောက် ရှိတယ်လေ'

လွင်လွင်နိုင်သည် စကားကိုရပ်ထားလိုက်ပြီးနောက် တင်
မောင်ဆွေ့ဘေးတွင် ဝင်ထိုင်လျက် တင်မောင်ဆွေ၏ လက်မောင်း
တစ်ဖက်ကို အသာဆုပ်ကိုင်လိုက်၏။

'အစကတော့ ဒီလိုနေရတာ မကြောက်ခဲ့ပါဘူး၊ ဒါပေမဲ့
နေ့က သေနတ်နဲ့ ချောင်းအပစ်ခံခဲ့ရကတည်းက လွင့်စိတ်ထဲမှာ
မှောင့်စနင်း ဖြစ်နေမိတယ်၊ ခုည ဦးသောင်းဖေကြီးနဲ့ စကားပြောခဲ့
ပြီးတော့ လွင့်စိတ်ထဲမှာ တစ်မျိုး လေးလာမိတယ်။ ရှင်းရှင်းဝန်ခံ
ရင်တော့ ကြောက်လာမိသလိုလိုပါပဲ'

တင်မောင်ဆွေက သူမ၏လက်ကလေးနှစ်ဖက်ကို သူ့လက်
နှစ်ဖက်ဖြင့် အသာဆုပ်ကိုင်ကာ သူမ၏ မျက်လုံးများထဲသို့ စူးစိုက်
၍ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေလည်း လွင့်ကို ရှင်းရှင်းပဲပြောပါ့မယ်၊ အမှန်တော့ လွင့်အနေနဲ့ ကြောက်သင့်ပါတယ်၊ လွင့်အတွက် အသက်ဘေး အန္တရာယ်က ရှိလာနိုင်တယ်၊ အခုကိစ္စက သိပ်ကို လေးနက်လာနေပြီလေ။ အထူးသဖြင့် ကိုဆွေနဲ့ ဆက်စပ်ပတ်သက်နေတဲ့ လူတိုင်းမှာ အသက်ဘေးအန္တရာယ် ရှိလာနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဆွေ ရင်ဆိုင်နေရတာက လူတစ်ယောက်အသက်ကို သတ်ဖို့ ဘယ်လိုမှ ဝန်မလေးတဲ့ တကယ့်လူသတ်သမားကြီး တစ်ယောက်မို့လို့ပဲ'

လွင်လွင်ခိုင်သည် မျက်လုံးများ မသိမသာပြူးကျယ်၍ သွားသည်မှအပ မျက်နှာအမူအရာကတော့ မည်သို့မျှ ပြောင်းလဲ၍ မသွားချေ။ တင်မောင်ဆွေက စကားဆက်ပြန်၏။

'ဒီတော့ လွင့်အတွက် အကောင်းဆုံးက ဒီအတောအတွင်း ရန်ကုန်မှာ မနေဖို့ပဲ၊ လွင်ဟာ ပြင်ဦးလွင်မှာ သွားနေလေ့ရှိတယ်လို့ သိရတယ်၊ အဲဒီမှာ သွားနေပါလား'

လွင်လွင်ခိုင်က နှုတ်ခေါင်းကလေး မသိမသာ ရှုံ့လိုက်သည်။

'ဒီအချိန် ပြင်ဦးလွင်မှာနေလို့ မကောင်းဘူး ကိုဆွေရဲ့၊ ပြီးတော့လည်း အခုအချိန်မှာဆိုရင် လွင့်အသိမိတ်ဆွေတွေ အားလုံးဟာ ဒီမှာပဲရှိနေကြတယ်၊ နောက်တစ်ခုက ရှိသေးတယ်လေ၊ လွင်က ကိုဆွေ့ကို တာဝန်ပေးထားတယ် မဟုတ်လား၊ ဒီတာဝန်ကို ကိုဆွေ ဘယ်လိုထမ်းဆောင်တယ်ဆိုတာ လွင်က စောင့်ကြည့်နေချင်သေးတယ်။ တကယ်လို့ လွင့်မှာ ဘေးအန္တရာယ်ရှိနေတယ်ဆိုရင်လည်း ကိုဆွေက လွင့်ကို အကာအကွယ်ပေးမယ် မဟုတ်လားဟင်'

တင်မောင်ဆွေမှာ တော်တော်အဖြေရကျပ်သွားတော့မည်။ တကယ်တော့ လွင်လွင်ခိုင်မှာ သူ့အမှုသည်တစ်ဦး ဖြစ်နေပေရာ



သူမတွင် ဘေးအန္တရာယ်ရှိနေပါက သူမအား အကာအကွယ်ပေးဖို့ ာ အမှန်ပင် မိမိ၏တာဝန် ဖြစ်နေပေသည်။ သို့သော်လည်း သူ၏ အဓိက တာဝန်မှာ ဇီဇီအား လူသတ်ကောင်နဂါးအဖွဲ့ ရှာမတွေ့ခင် ဓိက အလျင်ဦးအောင် ရှာတွေ့ဖို့ပင် ဖြစ်သည်ဟု သူက အဓိဋ္ဌာန် ထားသည်မဟုတ်ပါလား။

'ကိုဆွေ… အတတ်နိုင်ဆုံးတော့ လွင့်ကို ကာကွယ်ရမှာ ပါ၊ ဒါပေမဲ့ ကိုဆွေရဲ့ အဓိကတာဝန်က လွင့်ရဲ့ခင်ပွန်းသည်ကို သတ်သွားတဲ့လူသတ်ကောင်ကို အမြန်ဆုံးဖော်ထုတ်ဖို့ပဲ၊ ဒီလူသတ် ကောင်ကို ဖော်ထုတ်နိုင်ပါမှ မိန်းကလေးတစ်ယောက်ရဲ့ အသက်ကို ယ်နိုင်လိမ့်မယ်'

တင်မောင်ဆွေက တည်ကြည်လေးနက်သော အသံဖြင့် ပြောလိုက်ရာ လွင်လွင်ခိုင်က နားလည်သော အပြုံးကလေးကို ပြုံး လိုက်လေသည်။

'ဟိုတစ်နေ့က ဦးသောင်းဖေနဲ့ ကိုဆွေတို့ ပြောနေကြတဲ့ ဆိုတဲ့ အမျိုးသမီးကို မဟုတ်လား၊ လွင် နားလည်ပါတယ် ကိုဆွေ၊ င်ကလည်း ကိုဆွေ့ကို တာဝန်ပိုမပေးချင်ပါဘူး။ ဒါပေမဲ့ ညတော့ လွင့်အတွက် တစ်ခုဆောင်ရွက်ပေးပါလို့ လွင် တောင်းပန် င်ပါတယ်။ သိပ်လည်း မခက်ခဲပါဘူး ကိုဆွေရယ်၊ ဒီည ကိုဆွေ ပြန်ဘဲ လွင့်ကို အဖော်လုပ်ပြီး ဒီမှာပဲအိပ်သွားဖို့ပါပဲ'

* * *

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ခုနစ် -

နံနက် ခုနစ်နာရီကျော်ကျော်ခန့်တွင် တင်မောင်ဆွေက အိပ်ရာမှ နိုးလာလေ၏။ ပထမတော့ သူသည် ဘယ်ရောက်နေမှန်းမသိ မိမိ မအိပ်ဖူးသောအခန်းကို ခေတ္တမျှ တွေကြည့်နေလေသည်။

ပြီးမှ ညက လွှင်လွှင်ခိုင်၏တောင်းဆိုမှုကို မလွန်ဆန်နိုင်ဘဲ လွှင်လွှင်ခိုင်၏ တိုက်ခန်းကြီးရှိ ဧည့်သည်အိပ်ခန်းတွင် အိပ်စက်ခဲ့ရခြင်းကို ပြန်၍ သတိရလာမိ၏။ သူက အိပ်ရာထဲမှ လူးလဲထလိုက်ကာ အိပ်ခန်းပြတင်းပေါက်ဆီသို့ လျှောက်ခဲ့ပြီး ဖွင့်လိုက်လေ၏ အပြင်ဘက်တွင်ကား နေရောင်ခြည်သည် ကြည်သာလျက်ရှိနေသည်။

တင်မောင်ဆွေသည် အိပ်ခန်းနှင့် ဆက်စပ်လျက်ရှိနေသော ရေချိုးခန်းထဲသို့ဝင်ခဲ့ပြီး ကပျာကယာ ကိုယ်လက်ဆေးကြော သန့်စင်လိုက်သည်။ ထို့နောက် ညက လွှင်လွှင်ခိုင် ထုတ်ပေးခဲ့သည့် ကိုယ်တွင် ဝတ်ဆင်ထားသော ညအိပ်ဝတ်စုံကို ပြန်ချွတ်ကာ သူ့ခေါင်းရင်းတိုင်တွင် ချိတ်ဆွဲထားသော သူ၏သေနတ်ပခုံးစလွယ်အိတ်ကို ပြန်တပ်လျက် အပေါ်မှ ကုတ်အင်္ကျီပါးကို ထပ်ဝတ်လိုက်လျှင်ဝင်





သူသည် နေ့သစ်ကိုရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေတော့သည်။

ဧည့်ခန်းထဲတွင် အိမ်ဖော်မကြီးက သုတ်သင်ရှင်းလင်းလျက်ရှိနေသည်ကို သူက တွေ့ရလေသည်။

'ဒေါ်လွှင်လွှင်ခိုင်တစ်ယောက် နိုးပြီလား ခင်ဗျ'

'ဟုတ်ကဲ့... နိုးပါပြီရှင်၊ သူ အခု ရေကူးကန်မှာ ရှိနေပါတယ်၊ ဆရာလေးထွက်လာရင် အဲဒီကို လိုက်ခဲ့ဖို့ မှာထားပါတယ်'

တင်မောင်ဆွေ၏ မေးခွန်းကို အိမ်ဖော်မကြီးက သွက်သွက်လက်လက် ပြန်၍ ဖြေကြားလိုက်၏။ လွှင်လွှင်ခိုင်သည် ရေကူးကန်ကို အင်မတန် နှစ်သက်ဟန်ရှိသည်ဟု တင်မောင်ဆွေက တွေးလိုက်ရာက တစ်ကိုယ်တည်း ပြုံးလိုက်မိလေသည်။

လွှင်လွှင်ခိုင်သည် ရေကူးကန်ဘေး၌ ခင်းထားသော စားပွဲဝိုင်းကလေး၏ ဘေးရှိ ခေါက်ကုလားထိုင်တစ်လုံးတွင် ထိုင်လျက်ရှိနေ၏။ သူမသည် ပါတိတ်အဆင် လက်ပြတ်ဘလောက်စ်အင်္ကျီကလေးဖြင့် အဖြူပေါ်တွင် အစိမ်းရောင်ပန်းခက်ကြီးများ ဖော်ထားသည့် ထဘီကို ဝတ်ဆင်ထားရာ တင်မောင်ဆွေ့မျက်စိထဲတွင် အထူးကြည့်ကောင်းလျက် ရှိနေပေတော့သည်။

'ဂွတ်မောနင်း ကိုဆွေ'

လွှင်လွှင်ခိုင်က တင်မောင်ဆွေ့အား ရွှင်ကြည်သော အသံကလေးဖြင့် လှမ်း၍ နှုတ်ဆက်လိုက်သည်။ တင်မောင်ဆွေက သူမအား ပြန်၍နှုတ်ဆက်လိုက်ပြီး သူမနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ခေါက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

'ကိုဆွေ့အတွက် ဘရိတ်ဖတ်(စ်) အဆင်သင့်ပဲ'

စားပွဲဝိုင်းပေါ်တွင် ကော်ဖီအိုး၊ ကြက်ဥမကျက်တကျက်



www.burmeseclassic.com

www.burmeseclassic.com



ကြော်၊ ပေါင်မုန့်ကင်၊ ထောပတ် အစရှိသည့် အနောက်တိုင်းဆန်လှသော နံနက်စာ စားပွဲကို အဆင်သင့်ခင်းကျင်းပြင်ဆင်ထားလေသည်။

လွင်လွင်ခိုင်က ကော်ဖီအိုးကို ကိုင်မြှောက်ကာ တင်မောင်ဆွေ့အတွက် တစ်ပန်းကန် ငှဲ့ပေးလိုက်သည်။

'လွင်ကော မစားသေးဘူးလား'

'လွင် ဆာဆာရှိတာနဲ့ ကိုဆွေ့ကို မစောင့်တော့ဘဲ စားပြီးပြီလေ'

တင်မောင်ဆွေက ကော်ဖီသောက်ရင်းက သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။ ပတ်ဝန်းကျင်သည် ကြည်လင်သော နေရောင်အောက်တွင် ပကတိအေးငြိမ်းလျက် ရှိနေ၏။ မနေ့က ဤနေရာ၌ပင် သူတို့နှစ်ယောက်အား ကြောက်မက်ဖွယ်ရာကောင်းသော လူသတ်သမားတစ်ယောက်က သေနတ်ဖြင့် ချောင်းပစ်သွားသည်ဆိုခြင်းကို ယုံကြည်နိုင်ဖွယ်ရာပင် မရှိပေ။

'လွင်ဟာ တော်တော် အတင့်ရဲတာပဲ၊ ညက ကိုဆွေပြောခဲ့တာကို သတိမရတော့ဘူးလား၊ ဘာဖြစ်လို့ ဒီလိုဟင်းလင်းပြင်နေရာမှာ တစ်ယောက်တည်း လာထိုင်နေရတာလဲ'

လွင်လွင်ခိုင်က နှာခေါင်းကလေးကို မသိမသာ ရှုံ့လိုက်၏။

'ညကတော့ လွင့်စိတ်ထဲမှာ ကြောက်လာမိတာ အမှန်ပါပဲ၊ ဒါပေမဲ့ အခုလိုနေသာပြီး အင်မတန်မှ သာယာနေတဲ့ အချိန်မျိုးကျတော့လည်း ကြောက်စိတ်တွေက ပျောက်သွားပြန်ရော'

'မနေ့က နေ့ခင်းကြောင်တောင်ကြီးမှာပဲ ကိုဆွေတို့ကို သေနတ်နဲ့ ချောင်းပစ်သွားတယ်ဆိုတာကော အမှတ်မရတော့ဘူးလား'





ထိုအခါမှ လွင်လွင်ခိုင်၏ မျက်နှာကလေးသည် တည်ကြည်သွားလေသည်။

'ဟုတ်သားပဲလေ၊ ဒါပေမဲ့လည်း ဒီတစ်ခါတော့ အငိုက်မိခံနေတော့မှာ မဟုတ်ပါဘူး၊ အရေးအကြောင်းရှိရင် အဝတ်လဲတဲ့ ရုံထဲမှာ နှစ်လုံးပြူးသေနတ် ရှိသားပဲ'

တင်မောင်ဆွေက လွင်လွင်ခိုင်ညွှန်ပြသော အဝတ်လဲသည့် ရုံကလေးဆီသို့ လှမ်းကြည့်လိုက်၏။

'ဒီသေနတ်ကိုချည့် အားကိုးနေလို့ မဖြစ်သေးဘူး လွင်ရဲ့၊ ဒီသေနတ်ကို သွားမယူနိုင်ခင်မှာ ရန်သူ့လက်ချက်က ဦးသွားမှာ၊ လွင်က လောကကြီးမှာ ဆက်ပြီး အသက်ရှင်မနေချင်တော့ဘူးလား'

သူ့စကားများကြောင့် လွင်လွင်ခိုင်၏ မျက်နှာကလေးသည် သိမသာ ညှိုးကျသွားသည်ကို တင်မောင်ဆွေက သတိပြုလိုက်မိသော ပြောလိုက်မိသည်ကို စိတ်မကောင်း ဖြစ်သွားမိလေသည်။ ထို့ကြောင့် သူက သူမ၏လက်ကလေးတစ်ဖက်ကို ဖမ်းဆုပ်ထားလိုက်မိသည်။

'ဆောရီးပဲ လွင်၊ ကိုဆွေက ကရုဏာဒေါသနဲ့ ပြောလိုက်မိတာပါ'

ဤတွင်မှ လွင်လွင်ခိုင်၏ မျက်နှာကလေးသည် မသိမသာ ပြန်၍ ပြုံးလာသည်။

'ကိစ္စမရှိပါဘူး ကိုဆွေ၊ ကိုဆွေက စေတနာနဲ့ ပြောတယ်ဆိုတာ လွင်သိပါတယ်၊ ဒါပေမဲ့ လွင် ပြန်စဉ်းစားကြည့်တော့ လွင့်အတွက် သိပ်ဘေးအန္တရာယ် မရှိဘူးဆိုတာ တွေ့လာရတယ်၊ ဟုတ်တယ်လေ၊ လွင့်ကို ကိုဆွေပြောတဲ့ လူသတ်သမားဟာ ရန်ရှ



www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်းက ဘာရှိနေလို့လဲ၊ သူ့ကို လွင်က သိထားတာလည်း မဟုတ်ဘူး'

တင်မောင်ဆွေက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။ လွင့်လွင်နိုင် ပြောသည်မှာလည်း စဉ်းစားစရာဖြစ်နေ၏။ နဂါးလိုချင်သည်က ဓိဓိကိုသာ ဖြစ်သည်။ သူ့အား တားဆီးဟန့်တားမည့် မိမိကိုသာဖြစ်သည်။ သို့ရာတွင် လွင်လွင်နိုင်၏ခင်ပွန်းသည် ဦးအောင်မြနိုင် အသတ်ခံခဲ့ရသည်ကလည်း ရှိနေသေးပေသည်။

လွင်လွင်နိုင်က တင်မောင်ဆွေ စဉ်းစားနေသည်ကို ကြည့်ကာ ရုတ်တရက် ကိုယ်ကလေးကို ရှေ့သို့ ကိုင်းလိုက်သည်။ သူမ၏ လက်ကလေးတစ်ဖက်က တင်မောင်ဆွေ့ပခုံးပေါ်သို့ ညင်သာစွာ ရောက်လာသည်။

'ဒီမှာ ကိုဆွေ၊ အခု ကိုဆွေ ရင်ဆိုင်နေရတဲ့ ပြဿနာကို လွင့်ကို ထုတ်ပြီး တိုင်ပင်ပါလားဟင်၊ ပြဿနာတစ်ခုကို ရင်ဆိုင်နေရတဲ့အခါမှာ တစ်ခါတစ်ခါ တခြားလူတစ်ယောက်ကို ထုတ်ပြောတာဟာ ကောင်းတတ်ပါတယ်၊ ဒီလို ထုတ်တိုင်ပင်ရင်းနဲ့ ခေါင်းထဲမှာ ရှုပ်နေတာကလေးတွေဟာ ရှင်းသွားတတ်ပါတယ်၊ လွင်ကတောင် အဖိုးတန်တဲ့ အကြံဉာဏ်ကလေးတွေ ပေးချင်ပေးနိုင်မှာပေါ့ ကိုဆွေရယ်'

တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေသေးဘဲ စီးကရက်တစ်လိပ်ကို မီးညှိကာ အားရပါးရ ဖွာရှိုက်လိုက်သည်။ ပြီးမှ သူ ပြန်မှုတ်ထုတ်လိုက်သော စီးကရက်မီးခိုးပြာပြာကလေးတွေကို တွေဝေ၍ ကြည့်ရာက ဖြည်းညင်းစွာ စကားစလိုက်သည်။

'အခု ကိုဆွေရင်ဆိုင်နေရတဲ့ ပြဿနာက သာမန်လူသတ်မှု





ရာဇဝတ်မှု မဟုတ်ဘူး လွင်ရယ်၊ အရှေ့တောင်အာရှ တစ်ဝှမ်းလုံးနဲ့ ပတ်သက်နေတဲ့ နိုင်ငံခြား သူလျှိုဂိုဏ်းကြီးတစ်ဂိုဏ်းနဲ့ တိုက်ရိုက်သက်ဆိုင် အကျုံးဝင်နေတယ်'

လွင်လွင်နိုင်၏ မျက်လုံးတွေက စိတ်ဝင်စားမှုဖြင့် ပြူးကျယ်လာကြ၏။

'ဩော်… ဟုတ်လား ကိုဆွေ၊ ဒီလိုဆိုရင် ဒီပြဿနာဟာ အတော်ကို ကြီးကျယ်တာပဲပေါ့'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်၏။

'လွင်လည်း ခေတ်ပညာတတ်တစ်ယောက်ပဲ၊ ပြီးတော့ ဦးအောင်မြနိုင်ရဲ့ ဇနီးပဲ မဟုတ်လား၊ အခု ကမ္ဘာ့တစ်ဝှမ်းလုံးမှာ အင်အားစုကြီးနှစ်ရပ်က ရန်းကန် တိုက်ခိုက်နေကြတယ် လွင်ရယ်၊ အင်အားစုကြီးတစ်ဖက်ကတော့ ကမ္ဘာတစ်ဝှမ်းလုံးကို သူတို့အကျိုးစီးပွားအတွက် ချုပ်ကိုင်ချယ်လှယ်ထားချင်တဲ့ နယ်ချဲ့အရင်းရှင်တွေပဲ။ ကျန်တဲ့အင်အားစုကတော့ ဒီနယ်ချဲ့အရင်းရှင်တွေရဲ့ ချုပ်ကိုင်ချယ်လှယ်မှုအောက်က ရုန်းထွက်လွတ်မြောက်ပြီးတဲ့ ပြည်သူလူထုနဲ့ ရုန်းထွက်လွတ်မြောက်ဖို့ ကြိုးစားနေတဲ့ ပြည်သူလူထုကြီးပဲပေါ့'

'ဟုတ်ကဲ့ ကိုဆွေ၊ လွင် နားလည်ပါတယ်၊ ဒီအကြောင်းကို ကိုကိုအောင်ကလည်း သူရှိတုန်းက မကြာမကြာ ပြောပြခဲ့ဖူးပါတယ်။ အခု ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်နေတဲ့တိုက်ပွဲတွေဟာ ဒီအင်အားစုကြီးနှစ်ခုရဲ့ ပဋိပက္ခတွေပဲတဲ့'

'ဟုတ်တာပေါ့ လွင်၊ တခြားအရပ်တွေတော့ ထည့်မပြောနဲ့တော့လေ၊ ကိုဆွေတို့နဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ အရှေ့တောင်အာရှကို ကြည့်ပေါ့၊ အရှေ့တောင်အာရှဟာ အရင်တုန်းကဆိုရင်

www.burmeseclassic.com



နယ်ချဲ့အရင်းရှင်တွေက လက်ဝါးကြီးအုပ်ပြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်နိုင်ခဲ့တဲ့ သူတို့နဲ့ စားကွက်ကြီးတစ်ခု ဖြစ်ခဲ့တာပဲ၊ ဒါပေ အရှေ့တောင်အာရှပိုင်းမှာရှိတဲ့ နိုင်ငံတိုင်းလိုလိုဟာ နယ်ချဲ့အရင်းရှ ရဲ့ လက်အောက်က ရုန်းထွက်နိုင်ခဲ့ကြပြီး သူတို့နိုင်ငံ သူတို့တိုင်းသ ပြည်သား လူအများစုရဲ့ အကျိုးစီးပွားနဲ့ တိုးတက်ရေးအတွ အကောင်းဆုံးဖြစ်နိုင်မယ့် သူတို့စိတ်ကြိုက် အစိုးရအဖွဲ့တွေကို ဖွဲ့နိ ခဲ့ကြတယ်။ စီးပွားရေးနဲ့ လူနေမှုစနစ်ကို ထူထောင်နိုင်ခဲ့ကြတယ ဥပမာ… ကိုဆွေတို့ မြန်မာပြည်လိုပေါ့ကွယ်'

တင်မောင်ဆွေက စကားကို ခေတ္တရပ်ထားပြီး လက်ထဲ စီးကရက်ကို ပြာခွက်ထဲ၌ ထိုး၍ချေမွပစ်လိုက်၏။ သူ့မျက်နှာ လည်း တင်းမာလာကာ မေးကြောများ ထောင်တက်လာကြ၏။

'ဒါကို နယ်ချဲ့အရင်းရှင်တွေက မကြည့်နိုင်ခဲ့ကြဘူးလေ ဘယ်ကြည့်နိုင်ကြမလဲ၊ သူတို့က ဒီနိုင်ငံတွေအပေါ်မှာ အရင်က အရှင်သခင်တွေ မလုပ်နိုင်ကြတော့ဘဲကိုး၊ ဒီနိုင်ငံတွေရဲ့ အသီးအနှံ ကို အရင်ကလို စိတ်တိုင်းကျ စုပ်မယူနိုင်တော့ဘဲကိုး၊ သူတို့ ဒီအတိုင်း ကြည့်နေရင် အရင်တုန်းက သူတို့ရဲ့ အကျိုးစီးပွား အဆမတန် ဖြစ်ထွန်းစေခဲ့တဲ့ စားကွက်ကြီးကို လက်လွှတ်ဆုံးရှုံး တော့မှာမို့လို့ကိုး'

လွင်လွင်နိုင်က တင်မောင်ဆွေ၏ စကားများကို စိတ်ဝင်စား စွာ နားထောင်နေ၏။ သူမသည် ပါးစပ်ကလေးဟကာ တင်မောင် ဆွေ့မျက်နှာကို နက်မှောင်သော မျက်လုံး စုံဖြင့် စူးစိုက်ကြည့် နေ၏။

တင်မောင်ဆွေက ထိုင်ရာမှထကာ လွင်လွင်ခိုင့်ရှေ့တွ





ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက စကားဆက်ပြန်သည်။

'ဒီတော့ကာ ဒီနယ်ချဲ့အရင်းရှင်တွေက ဘာလုပ်သလဲဆို တော့ သူတို့လက်ထဲက လွတ်မြောက်ပြီးခါက နိုင်ငံတွေရဲ့ ပြည်တွင်း ရေးမှာ ဝင်ရှုပ်ဖို့ ကြိုးစားခဲ့တာပဲ၊ ဒီလို ဝင်ရှုပ်နိုင်ဖို့အတွက်လည်း သူတို့က နည်းအမျိုးမျိုး သုံးကြတယ်၊ သူတို့လိုပဲ ကိုယ့်အကျိုးစီးပွား ကိုသာ ကြည့်တတ်တဲ့ အမျိုးသားသစ္စာဖောက်တွေကို မွေးပြီး သူတို့ စိတ်ကြိုက် ခိုင်းတတ်ကြတယ်၊ နိုင်ငံရဲ့ ယဉ်ကျေးမှုကို ဖြိုခွဲဖျက်ဆီး ပစ်ဖို့ ကြိုးစားတတ်ကြတယ်။ ပြီးတော့ အတွင်းသူလျှို အပြင်သူလျှို တွေကို အသုံးပြုတတ်ကြတာပေါ့'

ကိုတင်မောင်ဆွေက ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည် ကို မြန်းခနဲရပ်လိုက်ကာ သူကုလားထိုင်တွင် ဝင်ထိုင်ပြီး လွင်လွင် ခိုင်၏မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်လေ၏။

'အခု… ကိုဆွေတို့ ရင်ဆိုင်နေရတာက သူတို့ရဲ့သူလျှိုကိုဏ်း ကြီးပဲလွင်၊ ဘယ်လိုဘယ်ပုံ ရင်ဆိုင်လာရတယ်ဆိုတာကိုလည်း ကိုဆွေ အခုမှ စဉ်းစားလို့ရလာတယ်၊ အမှန်တော့ ကွင်းဆက်ကလေး တွေပါပဲ'

တင်မောင်ဆွေက နဖူးရေများတွန့်ကာ ခေတ္တမျှတိတ်ဆိတ် သွားလေသည်။ အမှန်ကတော့ သူသည် ခေါင်းထဲက အတွေးတွေကို စိစစ်နေခြင်းသာ ဖြစ်လေသည်။

သူက ပြန်၍စကားစလိုက်သည့်အခါတွင်တော့ သူသည် လွင်လွင်ခိုင့်ကို ပြောပြနေခြင်း မဟုတ်တော့။ သူ့ကိုယ်သူ ပြန်ပြော နေခြင်း ဖြစ်လေ၏။

'ပထမဦးဆုံး ကွင်းဆက်ကတော့ ကိုဆွေ ခုနကပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇီဇီဆိုတဲ့ အမျိုးသမီးပဲလေ၊ ဇီဇီဟာ ကိုဆွေ့ရဲ့ လက်ထောက်အဖြ နဲ့ အမှုထမ်းခဲ့တယ်၊ အဲသလို အမှုထမ်းရာက တာဝန်တစ်ခု ထမ်း ဆောင်ရင်းနဲ့ သူဟာ ပျောက်ဆုံးသွားခဲ့ရတယ်၊ ဒါတွေကိုတော့ လွင်လည်း သိတန်သလောက် သိပြီးပါပြီ'

လွင်လွင်ခိုင်က ခေါင်းညိတ်လိုက်သည်။ တင်မောင်ဆွေ က စကားဆက်ပြန်သည်။

'ဒါပေမဲ့ ဇီဇီ့မှာ ဒီ့အရင်က တခြားအဆက်တွေ ရှိနေ တယ်၊ သူ့အစ်ကိုဟာ ဒုတိယကမ္ဘာစစ်ကြီးတုန်းက ခြသေ့်တပ် စစ်မှုထမ်းရင်းက အမေရိကန် အိုအက်စ်အက်စ်တပ်ထဲ ရောက်သွား တယ်၊ အိုအက်စ်အက်စ်ဆိုတာက အမှန်တော့ စစ်ထောက်လှမ်းရေး တပ်ဖွဲ့တစ်ဖွဲ့ပါပဲ'

'အဲဒီတုန်းက တပ်ဖွဲ့ရဲ့တပ်မှူးဟာ အဲရဟတ်ဆိုတဲ့ အမေ ကန်ပေါက် ဂျာမန်တစ်ဦးပဲ၊ သူဟာ အရင်ကတည်းက အရင်းရှ ကြီးတွေရဲ့ လက်ကိုင်တုတ်ကြီးတစ်လက် ဖြစ်ခဲ့တယ်။ သူ့အိုအက် အက်စ်တပ်ကထွက်ရတော့ ထုံးစံအတိုင်း အရင်းရှင်တွေရဲ့ လက်ကို တုတ်ပြန်ဖြစ်ပြီး နောက်ဆုံးမှာတော့ အရှေ့တောင်အာရှပိုင်း တစ်ပိုင် လုံးမှာခြေရှုပ်နေတဲ့ အရင်းရှင်သူလျှိုဂိုဏ်းကြီးရဲ့ အကြီးအကဲဖြစ်လာ ရတယ်'

လွင်လွင်ခိုင်က တင်မောင်ဆွေ ပြောသမျှကို တစ်ခွန်းတ ပါဒမှ ဝင်မစွက်ဘဲ စိတ်ဝင်စားစွာ နားထောင်လျက် ရှိနေသည် တင်မောင်ဆွေက သူ့အတွေးတွေကို ခေတ္တမျှ စိစစ်နေပြန်ပြီး နောက် သူသိထားရသည့် ကွင်းဆက်အကြောင်းအရာတွေကို ပြန်ကော လိုက်၏။





'အိုအက်စ်အက်စ်တပ်ဖွဲ့မှာတုန်းက အဲရဟတ်လက်အောက် မှာ အမှုထမ်းခဲ့ရတဲ့ လူတွေအထဲမှာ ကိုဆွေ ခုနက ပြောခဲ့သလိုပဲ ဇီဇီ့အစ်ကို အက်ဒီစတား ဆိုတာပါတယ်၊ သူနဲ့အတူ ကိုချစ်လှဆိုတာ ရယ်၊ စောကနေဒီဆိုတာရယ်၊ ပြီးတော့ ချာလီကင်းဆိုတာရယ် ပါခဲ့တယ်၊ သူတို့အားလုံးကို ဇီဇီဟာ သူ့အစ်ကိုနဲ့ ပတ်သက်ပြီး အကျွမ်းဝင်ခဲ့ရတယ်'

'ဒီတော့...'

လွင်လွင်ခိုင်က စကားဝင်ထောက်လိုက်သည်။ တင်မောင် ဆွေ့အတွက်ကား စကားပြောနေရင်းကပင် ကွင်းဆက်တွေက ရှင်း သထက် ရှင်းလာနေသည်။

'စစ်ကြီးပြီးသွားတဲ့ နောက်မှာ ဇီဇီ့အစ်ကိုက သေသွားခဲ့ တယ်၊ စောကနေဒီဆိုတာက အေးအေးဆေးဆေး ကြက်မွေးနေခဲ့ တယ်၊ ချစ်လှကတော့ မြန်မာအစိုးရရဲ့ နိုင်ငံခြားရေးဌာနမှာ ဝင်အမှု ထမ်းခဲ့တယ်၊ ချာလီကင်းကတော့...'

တင်မောင်ဆွေက စကား ရပ်ထားလိုက်ပြန်သည်။ ညက ကိုသောင်းဖေကြီးက သူ့အမှုသည်ဟောင်း ဦးခင်စီဖြစ်သည်ဟူ၍ ပြခဲ့သော ဓာတ်ပုံကို သူက မျက်စိထဲတွင် ပြန်၍မြင်ယောင်လာမိ သည်။ ဦးခင်စီကား ချာလီကင်းပင် ဖြစ်ခဲ့၏။

'ချာလီကင်းကတော့ ရှမ်းပြည်နယ်ကို ပြန်ရောက်သွားခဲ့ တယ်၊ ရှမ်းပြည်နယ်မှာ သူဟာ သူ့တပ်မှူးဟောင်း အခုနယ်ချဲ့အရင်း ရှင် သူလျှိုဂိုဏ်းရဲ့ခေါင်းဆောင် အဲရဟတ်နဲ့ ပြန်ဆက်သွယ်ပြီး အဲရဟတ်ရဲ့ သူလျှိုတစ်ယောက် ဖြစ်လာခဲ့တာပေါ့၊ ဒါပေမဲ့ သူဟာ အခြေအနေ မလှမှန်းသိတော့ သူ့ဌေးမှုဆိုးမ တစ်ယောက်ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းဝေဆိုတဲ့ ရှမ်းအမျိုးသမီးတစ်ယောက်ကို အရယူပြီး ဦးခင်စီ အမည်ခံလို့ ရန်ကုန်ကို အရောက်ပြေးလာခဲ့တာပေါ့၊ အမှန်တော့ သူဟာ အဲရဟတ်ရဲ့ သူလျှိုဂိုဏ်းကို ဘက်ပြန်ပြီး လစ်လာခဲ့တာ ဖြစ်ရမယ်'

ဟုတ်သည်။ ကွင်းဆက်က သည်အတိုင်းပဲ ဖြစ်ရပေမည်

'ရန်ကုန်ကျတော့ သူဟာ အဲရဟတ်ရဲ့ သူလျှိုဂိုဏ်း ရန်ကို စိတ်မချဘူး၊ သစ္စာဖောက်ဆိုပြီး သူ့ကို ရန်ရှာမှာ စိုးရိမ်ခဲ့တယ် ဒါကြောင့် သူ့ကို ကာကွယ်ပေးဖို့ ကိုဆွေ့ကို လာငှားခဲ့တာပေ ဒါပေမဲ့ သူဟာ အမှန်အတိုင်းကို ဖွင့်မပြောဝံ့ခဲ့ဘူး၊ သူ့နန်း လက်ဝတ်လက်စားတွေကို အကာအကွယ်ပေးဖို့လို့သာ အကြောင်း ပြီး ငှားခဲ့တယ်၊ ဒါနဲ့ ကိုဆွေကလည်း သိပ်အရေးမကြီးဘူးထင် ဇီဇီကိုပဲ လွှတ်ခဲ့မိတယ်၊ အဲဒီတုန်းက ကိုဆွေ့မှာ တခြားအရေးကြီး တဲ့ တာဝန်တစ်ခုကလည်း ရှိနေခဲ့တာကိုး'

တင်မောင်ဆွေက အာခြောက်သွားသည့်အတွက် ကော် တစ်ခွက်ငှဲ့ကာ တစ်ကျိုက် ကျိုက်ချလိုက်သည်။ ပြီးတော့လည်း ဇီဇီ လိုက်သွားသည့်ညက ဖြစ်ပျက်ခဲ့ရမည့် အကြောင်းအရာတွေ သူက ထပ်တွေးနေလိုက်၏။ ခေတ္တကြာမှ သူက ဖြည်းညင်း စကားဆက်လိုက်ပြန်၏။

'အဲဒီညက ဇီဇီ ရောက်သွားတဲ့အခါမှာ ဦးခင်စီခေါ် ချာလီ ကင်းဟာ ရှိမနေခဲ့ဘူး၊ သူ့ဘေးမှာ နန်းခမ်းဝေကိုသာ တွေ့ခဲ့ရတယ် ဦးခင်စီဟာ အပြင်ထွက်သွားနေရာက တော်တော်ကြီးပဲ နောက်ကျ ပြန်ရောက်လာခဲ့တယ်၊ ဇီဇီဟာ ဦးခင်စီကို တွေ့ရချင်းချင်းပဲ ချာလီ ကင်းရယ်လို့ မှတ်မိခဲ့ပါတယ်၊ ဒါနဲ့ ဦးခင်စီတို့လင်မယား အဲ





တက်သွားတော့ ဇီဇီကလည်း သူတို့နဲ့အတူ လိုက်တက်သွားခဲ့တယ်၊ ချာလီကင်းကို သူက နှုတ်ဆက်ပြီး အကျိုးအကြောင်းမေး ကြည့်ချင် မေးကြည့်ပါလိမ့်မယ်၊ အဲဒီအချိန်မှာ အကြောင်းတိုက်ဆိုင်ချင်တော့ ချာလီကင်းကို လိုက်နေတဲ့ အဲရဟတ်ရဲ့ သူလျှိုတွေက ရောက်လာပြီး သူတို့သုံးယောက်စလုံးကို ဖမ်းခေါ်သွားတာ ဖြစ်မှာပဲ၊ ရဲအဖွဲ့ကတော့ နမ်းခမ်းဝေရဲ့ လက်ဝတ်လက်စား ရတနာတွေကြောင့် ရယ်လို့ ထင် မှတ်ယူဆခဲ့ကြတာပေါ့၊ ကိုဆွေကလည်း အဲဒီတုန်းကတော့ ဒီအတိုင်း ပဲ ယူဆမိခဲ့တာပဲလေ'

တင်မောင်ဆွေသည် ခေတ္တမျှ နှုတ်ဆိတ်သွားပြန်သည်။ သူ့ခေါင်းထဲမှ အတွေးတွေကို စိစစ်နေပြန်ခြင်း ဖြစ်၏။ လွင်လွင်ခိုင် ကတော့ ဘာမှမပြောဘဲ သက်ပြင်းကလေးတစ်ချက်ကိုသာ မသိ မသာလေးချလိုက်လေ၏။

'သူတို့ဟာ နမ်းခမ်းဝေကိုတော့ တစ်ခါတည်း အသေသတ် ပစ်ပြီး ရန်ကုန်မြစ်ထဲမှာ ပစ်ချခဲ့ကြတယ်'ဟု တင်မောင်ဆွေက စကားဆက်လိုက်ပြန်၏။

'ချာလီကင်းကတော့ သူတို့အဖွဲ့မှာ အရေးပါ အရာရောက်ခဲ့ တဲ့ လူတစ်ယောက်ဖြစ်လေတော့ တစ်ခါတည်း အသေမသတ်သေး ဘဲ သူ့ကို စစ်ဆေးမေးမြန်းရအောင်လို့ သူတို့နဲ့အတူ ဖမ်းခေါ်သွား တာပေါ့၊ ဇီဇီဟာလည်း ချာလီကင်းနဲ့ တစ်ခါတုန်းက အဆက် အသွယ် ရှိခဲ့ဖူးတယ်ဆိုတာကို သူတို့က တစ်နည်းနည်းနဲ့သိပြီး သူ့ကို ပါ ခေါ်သွားတာ ဖြစ်ရမှာပဲ'

တင်မောင်ဆွေက စကားကို ခေတ္တရပ်ထားလိုက်ပြန်သည်။ ဒါမှမဟုတ်လည်း ဇီဇီသည် နမ်းခမ်းဝေနည်းတူ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



အသတ်မခံရရန်အတွက် သူမ၏ မာယာပရိယာယ်ကို အသုံးပြုပြီး ချာလီကင်းနဲ့အတူ အသက်ရှင်လျက် ပါသွားနိုင်ရန် ကြိုးစားခဲ့ခြင်းလည်း ဖြစ်နိုင်လေသည်။

တင်မောင်ဆွေက ဤသို့ပြောလိုက်ရာက စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖြည်းညင်းစွာ စကားဆက်လိုက်ပြန်သည်။

'ဘာပဲဖြစ်ဖြစ်လေ၊ အဲရပာတ်ရဲ့ လူတွေဟာ ချာလီကင်းနဲ့ ဇီဇီကို ယိုးဒယားပြည်အရောက် ခေါ်သွားနိုင်ခဲ့ကြတယ်၊ ဟိုကျတော့ ချာလီကင်းကို သူတို့စစ်ဆေးပြီး သုတ်သင်ပစ်လိုက်ကြသလားတော့ မပြောနိုင်ဘူးပေါ့၊ ဇီဇီကိုတော့ သူတို့က အသက်ချမ်းသာပေးခဲ့ကြတယ်၊ ဇီဇီဟာ သူ့လက်အောက်မှာ အမှုထမ်းခဲ့ဖူးတဲ့ စစ်ဗိုလ်ကလေးရဲ့ နှမဆိုတာကို အဲရပာတ်က မှတ်မိဟန်တူပါတယ်၊ ဘာပဲဖြစ်ဖြစ် ဇီဇီဟာ အဲရပာတ်ရဲ့ အတွင်းရေးမှူး ဖြစ်လာတယ်'

တင်မောင်ဆွေက အတန်ကြာ နှုတ်ဆိတ်သွားပြန်ရာ ထိုအခါမှ တစ်ချိန်လုံးတိတ်ဆိတ်စွာနားထောင်နေခဲ့သော လွင်လွင်ခိုင်က မေးခွန်းထုတ်လိုက်၏။

'နောက်ပြီးတော့ ဘာဖြစ်သေးသလဲ ကိုတင်မောင်ဆွေ'

'ကိုဆွေတို့ သိထားရသလောက်ဆိုရင်တော့ နောက်ဆုံးမှာ ဇီဇီဟာ အဲရပာတ်ကို အသေသတ်ပြီး ယိုးဒယားကနေ ရန်ကုန်ကို အရောက်ပြန်ပြေးလာနိုင်ခဲ့တယ်။ ဒါဟာလည်း သူ့အစ်ကိုနဲ့ တစ်ခေါက ရဲဘော်ရဲဘက် ဖြစ်ခဲ့ဖူးတဲ့ ကိုချစ်လှဆိုသူရဲ့ အကူအညီကြောင့်ပါ ဒါပေမဲ့ ဇီဇီဆီမှာ အရှေ့တောင်အာရှဒေသတစ်ခုလုံးမှာ သူတို့ဖြန့်ထားတဲ့ သူလျှိုတွေရဲ့ စာရင်းအပြည့်အစုံ ပါသွားလေတော့ သူတို့အနေနဲ့ ဇီဇီကို အမြန်ဆုံး သုတ်သင်ပစ်ဖို့က အရေးကြီးလာတော့





တာပေါ့'

တင်မောင်ဆွေက စကားကို ရပ်ထားလိုက်ပြန်ရာက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကိုလည်း ကြိတ်လိုက်မိလေသည်။ သူသည် ချစ်လှကိုပြန်၍ သတိရလာသောကြောင့် ဖြစ်၏။ ချစ်လှသည် သေလောက်သော သေနတ်ဒဏ်ရာကိုရခဲ့သည့်တိုင် ဇီဇီအကြောင်း သူ့အားပြောပြနိုင်ရန်အတွက် စောင့်နေခဲ့ရှာသေးပေ၏။

'သူတို့ရဲ့ သူလျှိုအဖွဲ့ဟာ သူတို့ရဲ့ ရန်သူတွေကို လုပ်ကြံသုတ်သင်ပစ်ဖို့အတွက် တိုင်းပြည်တိုင်းမှာ လူသတ်သမားအဖွဲ့တွေထားတယ် လွင်ရဲ့၊ ဒီအဖွဲ့မှာ လူနှစ်ယောက် အမြဲတမ်းပါပြီး နဂါးရယ်လို့ လျှို့ဝှက်တဲ့နာမည် ပေးထားတယ်၊ နဂါးအစွယ်နဲ့ နဂါးလက်သည်းပေါ့၊ ဇီဇီနဲ့ ချစ်လှတို့ ထွက်ပြေးကြတော့ သူတို့က ရန်ကုန်မှာရှိနေတဲ့ သူတို့ရဲ့ နဂါးအဖွဲ့ကို အကြောင်းကြားလိုက်တော့တာပေါ့၊ ဇီဇီကို မတွေ့တွေ့အောင် လိုက်ရှာပြီး အပြီးအပိုင် သုတ်သင်ပစ်လိုက်ဖို့'

'အင်း... တော်တော်ရက်စက်ကြတာပဲနော်'

လွင်လွင်ခိုင်က မျက်မှောင်ကလေး ကုတ်လျက် မှတ်ချက်ချလိုက်၏။ တင်မောင်ဆွေက ခေါင်းညိတ်လိုက်သည်။

'အခုလိုကိစ္စမျိုးမှာ ရက်စက်မှ တန်ကာကျမှာကိုး လွင်ရဲ့။ ဇီဇီဆီမှာက သူတို့သူလျှိုတစ်ဖွဲ့လုံးရဲ့ စာရင်းက ပါသွားတယ်မဟုတ်လား၊ ဒီစာရင်းတွေဟာ မဆိုင်တဲ့လူတွေရဲ့ လက်ထဲကိုရောက်သွားရင် သူတို့ သူလျှိုတစ်ဖွဲ့လုံး ပျက်စီးမယ် မဟုတ်လား'

'ဒါပေမဲ့ သူတို့ဟာ ခုထက်ထိ ဇီဇီကို ရှာမတွေ့သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ကိုတင်မောင်ဆွေ'

'ဟုတ်တယ် လွင်၊ ဒါဟာလည်း ကိုချစ်လှရဲ့ ကျေးဇူးကြောင့်ပါပဲ၊ နဂါးအဖွဲ့က ဇီဇီကို ခြေရာမခံနိုင်အောင်လို့ ကိုချစ်လှက ဖွက်ထားခဲ့တာကိုး။ ဒါပေမဲ့ ကိုချစ်လှခများတော့ နဂါးအဖွဲ့ရဲ့ လက်ချက်က မလွတ်ခဲ့ရှာဘူး၊ သူဟာ နဂါးအဖွဲ့က လူသတ်ကောင်တစ်ယောက်ရဲ့ သေနတ်ချက်ကို မိခဲ့တယ်၊ ရတဲ့ဒဏ်ရာက သေလောက်တဲ့ ဒဏ်ရာပဲ၊ ဒါပေမဲ့ သူဟာ ဇီဇီအကြောင်း ကိုဆွေ့ကို ပြောပြနိုင်အောင် အသက်ကိုထိန်းပြီး ကိုဆွေ့ကို စောင့်စားခဲ့ရှာသေးတယ်'

'အင်း… သူဟာ တော်တော်သတ္တိရှိတဲ့ လူတစ်ယောက်ပဲနော်၊ ဒါနဲ့ ဇီဇီ ဘယ်မှာရှိတယ်ဆိုတာကို သူက ကိုဆွေ့ကို ပြောပြသွားနိုင်သေးသလား'

လွင်လွင်ခိုင်က စိတ်အားထက်သန်စွာ မေးလိုက်မိလေသည်။ တင်မောင်ဆွေက နှုတ်ခမ်းကိုမဲ့ကာ ဦးခေါင်းယမ်းခါပြလိုက်၏။

'ကိုဆွေ သူ့ဆီရောက်သွားတော့ တော်တော့်ကို နောက်ကျနေပြီ လွင်ရဲ့၊ သူ့ခများ အသက်ယွဲ့ယွဲ့ပဲ ကျန်တော့တယ်။ ကိုဆွေ့အပြစ်ပါပဲလေ၊ ကိုဆွေက အဲဒီညမှာ အရက်လျှောက်သောက်နေမိတာကိုး'

တင်မောင်ဆွေက ကိုယ့်ကိုယ်ကိုယ် စိတ်နာကြည်း အပြစ်တင်သော အသံဖြင့် ပြောလိုက်ရာက လွင်လွင်ခိုင်က တင်မောင်ဆွေ့လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်၏။

'အို… ကိုဆွေကလည်းကွယ်၊ ကိုယ့်ကိုယ်ကိုယ် အပြစ်





တင်မနေပါနဲ့ကွယ်၊ ဒီအကြောင်းကို ကိုဆွေက တင်ကြိုသိခဲ့တာမှ မဟုတ်ဘဲ'

'ကိုချစ်လှခများဟာ သူ့ကို နဂါးက သတ်သွားတယ်ဆိုတာရယ်၊ ဇီဇီ အသက်ရှင်နေသေးတယ်ဆိုတာရယ်၊ ပြီးတော့ ဇီဇီကို နဂါးက သတ်ပစ်ရအောင် လိုက်ရှာနေတာမို့ ကိုဆွေက အချိန်မီသွားဘယ်ဖို့ကိုသာ မှာသွားနိုင်ခဲ့ရှာတယ်၊ ပြီးတော့ ဇီဇီ ဘယ်မှာရှိတယ်ဆိုတာ ကိုဆွေသိနိုင်မယ့် သဲလွန်စကို စာအုပ်ဆိုင်အဘိုးကြီးတစ်ယောက်ဆီမှာထားခဲ့တယ်ဆိုတာလည်း အရိပ်အမြွက် ပြောသွားနိုင်ခဲ့ရှာတယ်လေ'

တင်မောင်ဆွေက မျက်စိကိုမှိတ်ကာ ခေတ္တမျှ စကားရပ်နားထားလိုက်ပြီး စီးကရက်ကို သုံးလေးခါမျှ အားရပါးရရှိုက်ဖွာပြီးသည့်အခါတွင်မှ ရှေ့ဆက်ပြောပြန်၏။

'ဒီနဂါးအဖွဲ့ဟာ တော်တော် လျင်ပုံရတယ်၊ သူတို့ဟာ တစ်နည်းနည်းနဲ့ ကိုဆွေ့ကိုပါ ခြေရာခံသွားမိကြတယ်၊ ကိုချစ်လှဟာ ကိုဆွေနဲ့ ဆက်သွယ်မယ်ဆိုတာကို သူတို့က ကြိုတင်သိထားခဲ့တယ်နဲ့ တူပါတယ်။ သူတို့က ပထမဦးဆုံး ကိုချစ်လှ ဆက်သွယ်ခဲ့တဲ့ စာအုပ်ဆိုင်ရှင် အဘိုးကြီးကို သတ်ပစ်လိုက်ကြပြန်တယ်၊ ပြီးတော့ ဇီဇီ ဘယ်မှာရှိတယ်ဆိုတာ ကိုချစ်လှက ကိုဆွေ့ကို ပြောပြသွားနိုင်တယ်ရယ်လို့ ထင်ပြီး ကိုဆွေ့နောက်ကို အရင်ဦးဆုံး နောက်ယောင်ခံလိုက်ကြည့်ကြသေးတယ်၊ စာအုပ်ဆိုင်ရှင် အဘိုးကြီးရဲ့ တစ်အိမ်လုံးနဲ့ ကိုဆွေရဲ့ အလုပ်ခန်း အိမ်ခန်းကိုလည်း သူတို့က မွှေနှောက်ရှာဖွေခဲ့ကြသေးတယ်၊ နောက်ဆုံးကျတော့ ကိုဆွေ့ကို ဖြောင်ပစ်ဖို့တောင် နဂါးတစ်ယောက်က ကြိုးစားခဲ့တော့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေသည် ရုတ်တရက် စကားရပ်လိုက်ကာ သူ့ကုလားထိုင်နောက်မှီကို ကျောဖိ၍ ထိုင်လိုက်၏။ သူ့ရင်ဘတ်တွေ တဒိတ်ဒိတ် အခုန်မြန်လာသည်။

တင်မောင်ဆွေ၏အမူအရာ ရုတ်တရက် ထူးခြားသွားသည်ကို လွင်လွင်နိုင်ကလည်း သတိပြုလိုက်မိပုံရ၏။ သူမက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ကာ-

'ဘာဖြစ်တာလဲ ကိုဆွေ' ဟု မေးလိုက်၏။

'ဘာမှမဖြစ်ပါဘူး လွင်၊ ကိုဆွေ သိထားတာတွေတော့ ဒီလောက်ပါပဲ၊ ဒါပေမဲ့ အင်မတန်အရေးကြီးတဲ့ ကွင်းဆက်ကြီးတစ်ခု က လိုနေသေးတယ် လွင်ရဲ့၊ ဒီကွင်းဆက်ကို ကိုဆွေ ဘယ်လိုသိရအောင် လုပ်ရမလဲဆိုတာကိုလည်း ကိုဆွေ ခုထက်ထိ စဉ်းစားလို့ မရသေးဘူး လွင်ရဲ့'

လွင်လွင်နိုင်သည် တင်မောင်ဆွေအား ကရုဏာသက်သော အမူအရာကလေးဖြင့် ကြည့်လိုက်လေ၏။

'ကဲ... ကိုဆွေရယ်၊ တော်ပါတော့၊ ကိုဆွေ စကားပြောရ တာလည်း မောရောပေါ့၊ ကဲပါ... ဒီကိစ္စတွေကို ခဏမေ့ထားလိုက် ပါဦး၊ စိတ်ကြည်လင်သွားအောင် ရေဆင်းကူးကြရအောင်လားဟင်'

တင်မောင်ဆွေက လွင်လွင်နိုင်အား ပြုံး၍ကြည့်လိုက်၏။

'လွင်လည်း ကိုဆွေ့ပြောတာကို နားထောင်ပြီး စိတ်တော် တော်နောက်သွားပြီ ထင်တယ်'

'မနောက်ပါဘူး ကိုဆွေရယ်၊ ဒါပေမဲ့ ကိုဆွေ့ကိုတော့ လွင် တစ်ခုမေးချင်တယ်'

'မေးပါ လွင်၊ ကိုဆွေသိရင် ဖြေမှာပေါ့'





'ကိုကိုအောင်ကို ဘယ်သူက ပစ်သတ်သွားခဲ့တာလဲ'

'အစကတော့ နဂါးတစ်ယောက်က ပစ်သတ်သွားခဲ့တာပဲ လို့ ကိုဆွေ ထင်ခဲ့မိတယ်၊ ဦးအောင်မြနိုင်ကို သတ်သွားတဲ့ သေနတ် နဲ့ပဲ နဂါးက ချစ်လှကို သတ်သွားခဲ့တာကိုး။ ဒါပေမဲ့ ဒါက လွန်ခဲ့ တဲ့ တစ်နှစ်ကျော်ကျော်က မဟုတ်လား၊ ဒီအချိန် အတောအတွင်း မှာ ဒီသေနတ်ဟာ လက်ပြောင်းပြီး နဂါးလက်ထဲ ရောက်သွားတာ လည်း ဖြစ်နိုင်တာပဲ'

လွင်လွင်နိုင်က ဘာမျှပြန်မပြောတော့။ ခပ်ငေးငေးကလေး သာ ငိုင်သွားလေသည်။ တင်မောင်ဆွေက ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။

'ကဲ... လွင် ရေကူးကြမယ်ဆို'

ထိုအခါမှ လွင်လွင်နိုင်၏ အမူအရာသည် ပြန်၍ ဖျတ်လတ် လာသည်။

'ကူးကြတာပေါ့ ကိုဆွေ၊ လွင် သွားပြီး အဝတ်လဲလိုက်ဦး မယ်နော်၊ ကိုဆွေ့ဖို့တော့ အဝတ်လဲရုံထဲမှာ ရေကူးဘောင်းဘီတွေ ရှိနေလေရဲ့'

လွင်လွင်နိုင်က တိုက်ကြီးထဲသို့ ပြန်ဝင်သွားစဉ် တင်မောင် ဆွေက ရေကူးကန်အနီးတွင်ရှိသော အဝတ်လဲရုံထဲသို့ ဝင်ခဲ့လေသည်။ အဝတ်လဲရုံအတွင်းပိုင်းတွင်ရှိသော ဗီရိုကြီးတစ်ခုထဲတွင် သူ့အဝတ် အစားများကိုထည့်ထားခဲ့ပြီး သူနှင့်တော်သော ရေကူးဘောင်းဘီနှင့် လဲဝတ်ကာ ပြန်ထွက်လာစဉ် ဤရုံထဲ၌ အရေးရှိက အသုံးပြုရန် နံလုံးပြူးသေနတ်တစ်လက် ထားရှိသည်ဟု လွင်လွင်နိုင်က ပြောခဲ့ သည်ကို တင်မောင်ဆွေက ရုတ်တရက် ပြန်၍သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက တဲရုံထဲတွင် ထိုနှစ်လုံးပြူးသေနတ်ကို ရှာကြည့်မိရာ အဝင်တံခါးဝအနီးမှ အတွင်းဘက်ကျကျ နံရံတွင် ထောင်လျက်သား တွေ့ရလေသည်။ တင်မောင်ဆွေက ထိုသေနတ်ကို တွေ့လိုက်ရလျှင်ပင် ရင်ထဲတွင် ရုတ်တရက် လေးလာမိတော့သည်။

အဝတ်လဲရုံထဲမှာ ကြမ်းခင်းဟူ၍ မရှိပေ။ မြေကြီးသက်သက်သာ ဖြစ်နေသည်။ သေနတ်ထောင်ထားသော နေရာမှာ ရေချိုးခန်း၏ ဘေးတွင်ဖြစ်ရာ ရေချိုးခန်းမှ စီးဆင်းထွက်လာသော ရေတွေကြောင့် ထိုနေရာတစ်ဝိုက်တွင် မြေကြီးမှာ ရေနူးပြီး ရွှံ့တွေဖြစ်နေသည်။

ထိုရွှံ့တွေထဲသို့ သေနတ်ကို ပြောင်းစိုက်လျက်သား ထောင်ထားခြင်းပင် ဖြစ်သည်။ သေနတ်ထောင်ထားသည်မှာ မည်မျှကြာပြီမသိ၊ သေနတ်ပြောင်းထဲသို့ ရွှံ့တွေကလည်း မည်မျှစိမ့်ဝင်ပြီး ပိတ်ဆို့နေပြီ မပြောတတ်ပေ။

တင်မောင်ဆွေက သေနတ်ကို ကောက်ယူစစ်ဆေးကြည့်လိုက်သည်။ ဟုတ်သည်၊ သေနတ်ပြောင်းထဲတွင် ရွှံ့တွေ တော်တော်များများက ပိတ်ဆို့လျက်သား ရှိနေ၏။

ထိုစဉ်မှာပင် အပြင်ဘက်မှ လွင်လွင်နိုင်၏အသံလွင်ကလေးက ထွက်ပေါ်လာသည်။

'ဘယ့်နှယ်လဲ ကိုဆွေ၊ မပြီးသေးဘူးလား'

တင်မောင်ဆွေက သေနတ်ကို ကိုင်လျက်ကပင် တံခါးဝသို့ ထွက်ခဲ့သည်။

'လွင်... ဒီကိုလာခဲ့ပါဦး'





'ဘာဖြစ်လို့လဲ ကိုဆွေ'

'လာခဲ့ပါဦးလေ၊ လွင့်ကို ပြစရာတစ်ခုရှိလို့'

လွင်လွင်နိုင်က တဲရုံဆီသို့ မနှေးမမြန် ခြေလှမ်း ခပ်မှန်မှန်ဖြင့် လျှောက်လာလေသည်။ သူမသည် အနက်ရောင် ရေကူးဝတ်စုံကို ဝတ်ဆင်ထားရာ သူမ၏ဝင်းဝါသော အသားအရေနှင့် အင်မတန်မှ ပဏာရလျက် ရှိနေတော့၏။ ရေကူးဝတ်စုံသည် သူမ၏ အလှအပကိုသာမက သူမ၏တောင့်တင်း ဖြောင့်စင်းသော ကိုယ်လုံးကိုပါ ပို၍ ထင်ပေါ်စေလေသည်။

တင်မောင်ဆွေသည် သူမ၏ လှပကြည်လင်သော မျက်နှာလေးကို ကြည့်လျက် ရင်ထဲတွင် အလုံးကြီးတစ်ခု ဆို့သွားလေသည်။ သူမသည် ယခု သူ့လက်ထဲတွင်ရှိနေသော နှစ်လုံးပြူးသေနတ်ကို သာ ပစ်စရာအကြောင်း ပေါ်ပေါက်လာခဲ့ပါက သူမ၏လှပသော ညှိမျက်နှာကလေးသည်-

တင်မောင်ဆွေက ဆက်၍မတွေးရဲတော့ဘဲ ဒေါသထွက်လာမိလေသည်။

'ဘာလဲ ကိုဆွေ၊ ဘာပြမလို့လဲဟင်'

လွင်လွင်နိုင်က ကြည်လင်သော အသံကလေးဖြင့်မေးလိုက်၏။ တင်မောင်ဆွေက ဘာမှပြန်မဖြေဘဲ လက်တစ်ဖက်တွင် နှစ်လုံးပြူးသေနတ်ကို ကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် လွင်လွင်နိုင်၏ လက်ကို ဆွဲလျက် မူလက နှစ်လုံးပြူးသေနတ်ထောင်ထားခဲ့သော နေရာသို့ ခေါ်ခဲ့လေ၏။ ထို့နောက် သူက ရွှံ့တွေအိုင်ထွန်းနေသော မြေကြီးပြင်ကို လက်ညှိုးဖြင့် ထိုးပြလိုက်လေ၏။

'ဘာဖြစ်လို့လဲ ကိုဆွေရဲ့၊ ရေချိုးခန်းထဲက ရေတွေစိမ့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရွှံ့အိုင်နေတာပါ'

'ဒီရွှံ့ထဲမှာဒီသေနတ်ကိုဘယ်သူက ပြောင်းစိုက်လျက်သား ထောင်ထားခဲ့တာလဲ'

လွှင်လွှင်နိုင်က တင်မောင်ဆွေအား မျက်လုံးဝိုင်းကလေး ဖြင့် မော့ကြည့်လိုက်မိ၏။

'မပြောတတ်ဘူး ကိုဆွေ၊ ဒီသေနတ် ဒီမှာထားခဲ့တာ ကြာ လှပြီပဲ၊ လွှင်ပဲ ဖြစ်မှာပဲ ထင်ပါတယ်'

တင်မောင်ဆွေက လွှင်လွှင်နိုင်အား မျက်မှောင်ကြီးကုတ် လျက် ကြည့်လိုက်၏။

'ဒီလိုဆိုရင် လွှင်ဟာ တော်တော်မိုက်သေးတာပဲ၊ လွှင့်ကို ကိုဆွေက သေနတ်အကြောင်း ကောင်းကောင်းနားလည်နေပြီ အောက်မေ့နေတာ'

'ဟုတ်တယ်လေ၊ လွှင်ဟာ သေနတ်အမျိုးမျိုး ပစ်တတ် အောင် သင်ထားခဲ့တာပဲ'

'လွှင်ဟာ သေနတ်ပစ်သာ သင်ထားတာပဲ၊ သေနတ်ကို ဘယ်လိုထားရမယ်ဆိုတာကိုတော့ ဘာမှ နားမလည်ဘဲကိုး'

'ဘာဖြစ်လို့လဲ ကိုဆွေရဲ့'

တင်မောင်ဆွေက ဘာမှပြန်မဖြေသေးဘဲ သေနတ်မောင်းကို ချိုးကာ အတွင်းမှ ယမ်းတောင့်နှစ်တောင့်ကို ထုတ်ယူလိုက်သည်။ ယမ်းတောင့်တွေမှာ အားအကောင်းဆုံး ယမ်းတွေဖြစ်နေ၏။

တင်မောင်ဆွေက သက်ပြင်းချပြီး ယမ်းတောင့်များကို ပြန် မထည့်ဘဲ ယမ်းတောင့်တွေကိုတစ်လှည့်၊ ရွှံ့စေးတွေ ပိတ်နေသော သေနတ်ပြောင်းများကိုတစ်လှည့် လွှင်လွှင်နိုင်အား ပြလိုက်၏။





'ဒါကို တွေ့သလား လွှင်၊ ဒီယမ်းတောင့်တွေဟာ နှစ်လုံး ပြူးသေနတ်အတွက် အားအကောင်းဆုံး ယမ်းတောင့်တွေပဲ၊ ဟောဒီ ပြောင်းကို ကြည့်လိုက်စမ်း၊ ရွှံ့ထဲမှာအကြာကြီး နှစ်ထားခဲ့တဲ့အတွက် ပြောင်းထဲကို ရွှံ့တွေစိမ့်ဝင်ပြီး ပိတ်ဆို့နေတယ်'

လွှင်လွှင်နိုင်က တင်မောင်ဆွေပြသော သေနတ်ပြောင်းဝ ကို ကြည့်ပြီး နှာခေါင်းတလေးရှုံ့ကာ ခေါင်းညိတ်လိုက်၏။

'ဟုတ်သားပဲ ကိုဆွေ၊ လွှင်လည်း ခုမှသတိပြုမိတယ်'

'ဟုတ်ကဲ့ လုပ်မနေနဲ့လွှင်၊ ဒီသေနတ်ကိုများ လွှင် ဒီအတိုင်း ပစ်မိရင် ဘာဖြစ်သွားမယ် အောက်မေ့သလဲ၊ ဒီသေနတ်ထဲမှာ ထည့် ထားတဲ့ ယမ်းတောင့်တွေကလည်း ယမ်းအားအကောင်းဆုံး အမျိုး အစားတွေ၊ ဒီတော့ သေနတ်ပြောင်းဝက အခုလို ပိတ်ဆို့နေရင် မောင်းဖြုတ်ချလိုက်တဲ့အခါမှာ ကျည်စေ့တွေက ထွက်ရိုးထွက်စဉ် ပြောင်းဝက မထွက်တော့ဘဲ နောက်ပြန်ပွင့်ထွက်သွားမှာ၊ အဲဒီတော့ သေနတ်မောင်းဖြုတ်တဲ့သူဟာ ဘာဖြစ်သွားမယ်ထင်သလဲ'

လွှင်လွှင်နိုင်သည် ထိုအခါမှ တင်မောင်ဆွေ့စကားများကို တွေးမိသွားသကဲ့သို့ မျက်နှာကလေးပျက်သွားပြီး ပခုံးကလေးများကို တွန့်လိုက်လေ၏။

'ဟုတ်ပါတယ် ကိုဆွေရယ်၊ လွှင်လည်း အခုမှ စဉ်းစားမိ တာပဲ၊ နောက်ဆို လွှင် သတိထားပါ့မယ် ကိုဆွေ'

ထိုအခါမှ တင်မောင်ဆွေက လွှင်လွှင်နိုင်အား ပြုံးကြည့် လိုက်၏။

'သေနတ်ဆိုတာ ပစ်တတ်ရုံတင် မဟုတ်ဘူးကွဲ့၊ ကိုင်တတ် ထားတတ်ရတယ်၊ သေနတ်ကိုင်တာ ထားတာမှာ ပေါ့ဆရင် လူကို

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ပြန်ပြီး ဥပဒ်ပေးတတ်တာပဲ'

'ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ကိုဆွေရယ်ကဲ… လာပါ၊ ဒီသေနတ်ကြီးကိုချထားလိုက်ပါတော့၊ ရေသွားကူကြရအောင်ပါ'

သူတို့နှစ်ယောက်သည် ရေကူးကန်သို့ ယှဉ်တွဲ၍လျှောက်ခဲ့ကြလေသည်။

ရေကူးကန်ထဲ၌ သူတို့သည် ဆယ်မိနစ်ခန့်မျှ ပျော်ရွှင်စွာ ရေကူးခတ် အချိန်ဖြုန်းကြလေသည်။ အတန်ငယ် မောသွားကြသည့်အခါတွင် သူတို့သည် ကန်ပေါင်ပေါ် တက်ထိုင်လျက် ခေတ္တအမောဖြေနေလိုက်ကြ၏။

ထိုစဉ် တင်မောင်ဆွေက လွင်လွင်ခိုင်၏မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

'လွင်… ကိုဆွေ ခုမှ သတိရလာတယ်'

'ဘာများလဲ ကိုဆွေ၊ ဟိုသေနတ်အကြောင်းများလား'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်၏။ သူ့အမူအရာမှာ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

'မဟုတ်ပါဘူး လွင်ရယ်၊ သေနတ်နဲ့ မဆိုင်ပါဘူး'

'ဘာများလဲ ကိုဆွေရယ်၊ လွင် မသိရဘူးလား'

တင်မောင်ဆွေက ဦးခေါင်းကို ယမ်းခါပြလိုက်ပြန်၏။

'ကိစ္စမရှိပါဘူး လွင်၊ လွင်သိဖို့ မလိုပါဘူး။ ကိုဆွေကိုယ်တိုင်တောင်မှ ကောင်းကောင်းသိသေးတာ မဟုတ်ပါဘူး'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်၏။

'ဘာလဲ ကိုဆွေ၊ ပြန်တော့မလို့လား'





'ဟုတ်တယ် လွင်၊ ကိုဆွေ့မှာ လုပ်စရာ၊ သွားစရာတွေ အများကြီး ရှိနေသေးတယ်'

ထိုအခါမှ လွင်လွင်ခိုင်ကလည်း ထိုင်နေရာမှထကာ တင်မောင်ဆွေ၏ ပခုံးတစ်ဖက်ပေါ်သို့ သူမ၏ လက်ကလေးတစ်ဖက်ကို တင်လိုက်၏။

'ညက ကိုဆွေ လွင့်ကို လာအဖော်လုပ်တာ ကျေးဇူးတင်ပါတယ်၊ နောက်ကျတော့ ကိုဆွေ ပြန်လာဦးမလားဟင်'

'လွင့်မှာ အကြောင်းကိစ္စထူးရှိရင် ကိုဆွေ့ဆီ ဖုန်းဆက်လိုက်ပေါ့၊ ကိုဆွေ လာခဲ့ပါ့မယ်'

'ကိုဆွေက ဇီဇီဆိုတဲ့ မိန်းကလေးကို လိုက်ရှာတွေ့ဦးမယ် မဟုတ်လား'

'ရှာရမှာပေါ့ လွင်ရယ်၊ သူ့ကို အချိန်မီရှာဖို့က ကိုဆွေ့အတွက် အရေးအကြီးဆုံးပဲ'

လွင်လွင်ခိုင်က ဘာမှမပြောတော့။ တင်မောင်ဆွေလည်း အဝတ်အစားလဲရန် အဝတ်လဲသည့် တဲရုံဆီသို့ လျှောက်ခဲ့လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ရှစ် -

ညဘက်သို့ ရောက်လာပြန်၏။

ရန်ကုန်တစ်မြို့လုံးတွင် မိုးတွေက မှောင်မည်းနေပြီး လေကလည်း တစ်ချက်တစ်ချက် ခပ်ပြင်းပြင်း တိုက်ခတ်လျက်ရှိနေ၏။ သို့ရာတွင် လျှပ်စစ်မီးပွင့်တွေကတော့ မိုးရေထဲတွင် အမှောင်ထုကို တော်လှန် အာခံလျက် ရှိနေကြလေသည်။

တင်မောင်ဆွေက သူ့တိုက်ခန်းမှနေ၍ အောင်လံသတင်းစာရှိ သူ့မိတ်ဆွေ သတင်းထောက် အေးကျော်ထံ တယ်လီဖုန်းလှမ်း၍ ဆက်ကြည့်လေသည်။ အေးကျော်က တယ်လီဖုန်းမှ ပြန်ထူးလျှင် အေးကျော်အား သူ့တိုက်ခန်း အောက်ဆုံးထပ်ရှိ ဟိုတယ်ကြီးဆီသို့ လာခဲ့ပါက ညစာကျွေးမည်ဟု ချိန်းဆိုလိုက်၏။ အေးကျော်ကလည်း လာခဲ့ပါမည်ဟူ၍ ဝမ်းသာအားရ ပြန်ဖြေလိုက်၏။ အောက်ထပ်ရှိ ဟိုတယ်ကြီးဆီသို့ ဆင်းလာစဉ် တင်မောင်ဆွေ အတွေးနယ်ချဲ့နေမိ၏။ သူတွေးနေမိသော အကြောင်းအရာများမှာကား အကယ်စင်စစ်တော့ သူ စောစောကတည်းက တွေးထင်ထားမိသင့်ပေ၏။





အေးကျော်သည် ဆယ်မိနစ်အတွင်း ရောက်လာ၏။ သူတို့နှစ်ယောက်သည် ဟိုတယ်ကြီး၏ အတွင်းဘက်ရှိ သီးသန့်အခန်းတစ်ခုတွင် နေရာယူကြကာ တင်မောင်ဆွေက စားပွဲထိုးကုလားအား ညစာ မှာယူလိုက်လေသည်။

'ဘယ့်နှယ်လဲ ကိုဆွေ၊ ကိုဆွေ့ကိစ္စက ပြီးသွားပြီလား'

မှာယူသော အစားအသောက်များ ရောက်လာသည့်အခါတွင် စတင်၍စားကြရင်းက အေးကျော်သည် တင်မောင်ဆွေ့မျက်နှာကို အထဲခတ်ကြည့်ရင်း မေးလိုက်လေသည်။

'ကိစ္စက ပြီးလုပါပြီ၊ နောက် သိပ်မကြာတော့ပါဘူး'

'ဒီလိုဆိုရင် ဒီအကြောင်းကို ကိုဆွေ ပြောပြနိုင်ပြီလား'

'ထမင်းစားပြီးတော့ အေးအေးဆေးဆေး ပြောကြတာပေါ့ဗျာ'

ထမင်းစားပြီးသွားကြပြီးသည့်နောက် ကော်ဖီတစ်ခွက်စီရှေ့တွင်ချကာ စီးကရက်တစ်လိပ် မီးညှိလိုက်ကြပြီးသည့်အခါတွင်မှ တင်မောင်ဆွေက စကားစ၍ ပြောလိုက်၏။

နံနက်ပိုင်းက သူ လွင်လွင်ခိုင့်အား ပြောပြခဲ့သည့်အကြောင်းအရာများကို အေးကျော်အား စီကာပတ်ကုံး ပြောပြနေခြင်းဖြစ်၏။

အေးကျော်သည် တင်မောင်ဆွေ ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေရင်းကပင် သူ့မှတ်စုစာအုပ်ကို ထုတ်လျက် အရေးကြီးသည့် အချက်အလက်များကို ရေးမှတ်နေ၏။ နားထောင်နေရင်းကပင် သူ၏စိတ်ဝင်စားမှုသည် ပို၍လေးနက်လာကာ တစ်ခါတစ်ခါ၌ တင်မောင်ဆွေ ပြောပြနေသည့် အချက်အလက်များကို အထွန့်တရ အံ့သြသည့်အလား ဦးခေါင်းတယမ်းယမ်း လုပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပြောစရာရှိသမျှ အချက်အလက်များအားလုံးကို ပြောပြပြီးသည့်အခါတွင်ကား အေးကျော်မှာ တင်မောင်ဆွေ့အား အင်မတန်မှ စိတ်အားထက်သန်သော အမူအရာဖြင့် ကြည့်လိုက်လေ၏။

'ကိုဆွေ… ဒီအတိုင်းဆိုရင်ဖြင့် ကိုဆွေ့ကိစ္စဟာ နှယ်နှယ်ထဲက ကိစ္စမှ မဟုတ်တာပဲ၊ အရှေ့တောင်အာရှတစ်ခုလုံးနဲ့ ပတ်သက်အကျုံးဝင်နေတာပဲ'

တင်မောင်ဆွေက ဦးခေါင်းကိုသာ ညိတ်ပြလိုက်၏။

'ဒါနဲ့များ ကိုဆွေက ဘာဖြစ်လို့ ဒီလောက်အေးအေးဆေးဆေး ဖြစ်နေရတာလဲ'

အေးကျော်က မချင့်မရဲအသံဖြင့် ထပ်မေးလိုက်ပြန်သည်။

'လုပ်စရာရှိတာတွေက အချိန်မကျသေးလို့ပေါ့ အေးကျော်ရယ်၊ ကွင်းဆက်တစ်ခုက လိုနေသေးတယ်ကွ'

'ဘာကွင်းဆက်လဲ ကိုဆွေ'

'ဓိဓိပေါ့ အေးကျော်၊ ဓိဓိ ဘယ်မှာရှိနေတယ်ဆိုတာ ငါအခုထက်ထိ မသိရသေးဘူး'

အေးကျော်က ဘာမှမပြောတော့ဘဲ တင်မောင်ဆွေ့အားသာ မချင့်မရဲ အမူအရာဖြင့် ကြည့်နေလိုက်၏။ တင်မောင်ဆွေက လက်ထဲမှစီးကရက်ကို ထိုးချေလိုက်ပြီးနောက် စကားဆက်လိုက်ပြန်သည်။

'အခု ငါပြောပြခဲ့တဲ့ နဂါးအဖွဲ့ဆိုတာဟာ ဓိဓိဘယ်မှာရှိနေတယ်ဆိုတာကို ငါ သိနေတယ်လို့ အစက ထင်နေခဲ့တယ်ကွ၊ ချစ်လှဟာ ဒီအကြောင်း ငါ့ကိုပြောပြဖို့ ငါ့ကို မတွေ့ရမချင်း သေရမှာတောင် မသေသေးဘဲ စောင့်နေခဲ့တယ်ဆိုတာကို သူတို့က သိနေကြတယ်၊ ချစ်လှဟာ ငါ့ကို ဓိဓိ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ ပြောပြသွားနိုင်သလားဆိုတာကို သူတို့ အသေအချာ မသိခဲ့ဘူး'

တင်မောင်ဆွေက စကားကိုရပ်လိုက်ကာ ခြောက်သွားသော အာခေါင်ကို ကော်ဖီတစ်ကျိုက်ဖြင့် ဆွတ်လိုက်၏။ အေးကျော်ကတော့ တင်မောင်ဆွေ ဆက်၍ပြောမည်ကိုသာ မချင့်မရဲ စောင့်နေလိုက်သည်။ တင်မောင်ဆွေ ပြောပြနေသော အရာများသည် သူ့လိုသတင်းစာဆရာတစ်ယောက်အတွက် အင်မတန်မှ အရေးပါလေးနက်လှသည်ကို သူက သိထားပြီးဖြစ်နေ၏။

'ဒါကြောင့်မို့လည်း ငါဟာ ခုထက်ထိ အသက်ရှင်နေသေးတာပဲ အေးကျော်၊ ဓိဓိ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သူတို့သိနိုင်ဖို့အတွက် ငါ့ကို အသက်ရှင်လျက် ထားရမယ်လို့ သူတို့က တွက်ဆထားကြတာကိုး၊ ငါကတစ်ဆင့် ဓိဓိရှိနေတဲ့နေရာကို သူတို့က သိရသိမှာမယ်လို့ မျှော်လင့်ထားခဲ့ကြတယ်လေ'

'ဒါပေမဲ့ ကိုဆွေ့ကို သူတို့က နှစ်ကြိမ်တိုင်တိုင် သေနတ်နဲ့ချောင်းပစ်ကြပြီးပြီ မဟုတ်လား'

'ဒါကလည်း သူတို့ရဲ့ နည်းပရိယာယ်တစ်ရပ်ပဲပေါ့၊ သူတို့ဟာ ငါ့ကို တမင်သက်သက် ချော်ပစ်ခဲ့ကြတာပါကွာ'

'ကျွန်တော်တော့ သိပ်မရှင်းဘူး ကိုဆွေ'

အေးကျော်က မျက်မှောင်ကုတ်လျက်ပြန်မေးလိုက်၏။ တင်မောင်ဆွေက သူ့အား စိတ်မရှည်သောအမူအရာဖြင့်ကြည့်လိုက်၏။

'မင်းကလည်း ထူလိုက်တာကွာ၊ ငါက သူတို့ကို ဓိဓိဆီအမြန်ဆုံးရောက်အောင် ခေါ်သွားဖို့ ခြောက်ခြတာပဲပေါ့ကွ၊ ကိုယ့်မှာအသက်ဘေးအန္တရာယ် ရှိနေပြီဆိုတာကို သိရင် လူတစ်ယောက်ဟာ






www.burmeseclassic.com

www.burmeseclassic.com



သူမလုပ်မဖြစ် လုပ်စရာရှိတာကို အမြန်ဆုံးလုပ်တယ် မဟုတ်လား'

ထိုအခါမှ အေးကျော်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေသည်။

'ဒါပေမဲ့ ကိုဆွေက သူတို့လိုလားသလိုမလုပ်ခဲ့ဘူး မဟုတ်လား'

တင်မောင်ဆွေက အေးကျော်အား မဲ့ပြုံးပြုံးပြလိုက်၏။

'အေးလေ... ဒါကြောင့်မို့လို့လည်း ဇီဇီ ဘယ်မှာရှိနေတယ်ဆိုတာကို ငါ မသိဘူးဆိုတာကို သူတို့ အခုသိသွားကြပြီပေါ့။ ဒါကြောင့် သူတို့ဟာ ငါ့ကို တစ်ခါတည်းဖြောင်ပစ်ကြတော့မယ်လို့ ငါက ပြောတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ သူတို့ရဲ့ အနှောင့်အယှက် အပယ်အတားတစ်ခုသာ ဖြစ်နေပြီဆိုတာကို သူတို့ နားလည်သွားကြပြီကိုးကွ'

အေးကျော်က တင်မောင်ဆွေ့အား စိုးရိမ်ပူပန်မှု မကင်းဘဲ ကြည့်လိုက်၏။

'ဒီလိုဆိုရင် ကိုဆွေတစ်ယောက်တည်းပဲ သူတို့ကို ရင်ဆိုင်နေဦးမှာလား။ အကူအညီ မတောင်းတော့ဘူးလား။ ကိုသောင်းဖေကြီးတစ်ယောက်လုံး ရှိနေသေးတာပဲ'

တင်မောင်ဆွေက အေးကျော်၏မေးခွန်းကို ရုတ်တရက် ပြန်၍မဖြေ။ စီးကရက်တစ်လိပ်ကို မီးညှိကာ စဉ်းစားနေသည့် အနေအရာ ရှိနေသည်။ ခေတ္တကြာမှ သူက အေးကျော်အား မော့ကြည့်လိုက်သည်။

'ကိုသောင်းဖေကြီးဆီမှာ အကူအညီတောင်းဖို့ အချိန်မကျသေးဘူး အေးကျော်။ အခုအခြေအနေမှာ ငါ့အတွက် ဇီဇီကို အမြန်





ဆုံး ရှာတွေ့နိုင်ဖို့က အရေးကြီးဆုံးပဲ၊ ဒီလိုရှာရာမှာလည်း ငါဟာ ရဲတွေတစ်အုပ်ကြီးနဲ့ လိုက်ရှာလို့ရမှာ မဟုတ်ဘူး၊ ငါက ဇီဇီကို အရင်ရှာမတွေ့ဘဲ နဂါးက ရှာတွေ့သွားမှာလည်း စိုးရသေးတယ်'

'ဒီလိုဆိုရင် ကိုဆွေ ဘာလုပ်မယ် စိတ်ကူးထားသလဲ'

တင်မောင်ဆွေက သူ့လက်ထဲမှ စီးကရက်ကို ပြာခွက်ထဲတွင် ထိုးချေပစ်လိုက်၏။

'ငါ ခုနက မင်းကို ပြောခဲ့တယ်မဟုတ်လား၊ ကွင်းဆက်တစ်ခု လိုနေသေးပါတယ်လို့၊ ဒီ လိုနေတဲ့ ကွင်းဆက်ကို ငါလိုက်ရှာမှာပေါ့ အေးကျော်၊ တကယ်တော့ ငါဟာလည်း တော်တော်ထူသေးတာပဲ၊ ဒီကွင်းဆက်ကို ငါက အစောကြီးမြင်ပြီး လိုက်ခဲ့ဖို့ကောင်းတာ၊ အခုမှ ငါက ဒီကွင်းဆက်ကို မြင်ခဲ့တယ်၊ အခု ငါ ဒီကွင်းဆက်နောက်ကို လိုက်မယ်၊ မင်းလည်း ငါနဲ့အတူ လိုက်ချင်ရင် လိုက်ခဲ့ပေါ့'

'ဟာ... ကိုဆွေ၊ ကျွန်တော့်ကို အတင်းအကျပ်ခေါ်နေဖို့ မလိုပါဘူး၊ နဂိုကမှ လိုက်ချင်နေတာ တစ်ပိုင်းကို သေနေတာ၊ ဒါပေမဲ့ ဘယ်လိုကွင်းဆက်လဲဆိုတာကို ပြောပါဦး'

တင်မောင်ဆွေက နဖူးရေများကို တွန့်ပစ်လိုက်သည်။

'ဇီဇီ ဘယ်မှာဆိုတာကို သိနိုင်မယ့် ကွင်းဆက်ပဲပေါ့ အေးကျော်၊ ဇီဇီ ဘယ်မှာရှိနေတယ်ဆိုတာကို အခု မသိသေးတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ငါသိထားတဲ့ တခြားအကြောင်းတွေကတော့ ရှိနေပါသေးတယ်။ ဥပမာဆိုရင် ချစ်လှဟာ သူ့အထက်က အမိန့်မရဘဲ သူ့တာဝန်ကို ဖောက်ဖျက်လို့ ဒီကိုပြန်လာခဲ့တယ်ဆိုတာပဲ၊ သူ ဘာလို့ ဒီကိုပြန်လာခဲ့ရသလဲ၊ ဇီဇီကို ဒီခေါ်လာတာ ဖြစ်မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ချစ်လှဟာ ဇီဇီ့ကို ဒီအရောက် ဘာနဲ့ခေါ်လာမလဲ၊ ချစ်လှဟာ သင်္ဘောသားတစ်ယောက်ဆိုတော့ သင်္ဘောနဲ့သာ တင်ခေါ်လာခဲ့မှာပေါ့'

အေးကျော်က ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်ပြီး တင်မောင်ဆွေက စကားဆက်လိုက်ပြန်သည်။

'ဒါပေမဲ့ ချစ်လှဟာ ဇီဇီ့ကို သင်္ဘောပေါ် ခြောင်တင်ခေါ်လာနိုင်ခဲ့တာ မဟုတ်ဘူး။ ဇီဇီဟာ အဲရဟတ်ကိုသတ်ပြီး ထွက်ပြေးလာတာဆိုတော့ ဝရမ်းပြေးရာဇဝတ်ကောင်ဖြစ်နေတာကိုထည့်စဉ်းစားရဦးမယ်။ ဒီတော့ ချစ်လှဟာ ဇီဇီ့ကို သူ့သင်္ဘောပေါ်မှာ ဝှက်ခေါ်လာခဲ့တာသာဖြစ်ရမယ်'

'လူတစ်ယောက်ကို သင်္ဘောပေါ် ဝှက်ခေါ်လာဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ကိုဆွေရဲ့'

အေးကျော်က ပြန်၍ စောဒကတက်လိုက်သည်။

'ချစ်လှအတွက်တော့ မလွယ်တောင် ဖြစ်တော့ဖြစ်နိုင်ခဲ့တယ် အေးကျော်ရာ၊ သူကိုယ်တိုင်က အဲဒီ သင်္ဘောသားတစ်ယောက်ဖြစ်နေတယ်။ သူ့လုပ်ဖော်ကိုင်ဖက်တွေ အထဲကလည်း အကူအညီပေးခဲ့ကြမှာပဲ။ သူတို့ သင်္ဘောသားတွေဟာ သူတို့ရဲ့ ကပ္ပတိန်တွေ အရာရှိတွေ၊ အကောက်အရာရှိတွေကို လှည့်စားတစ်ပတ် ရိုက်ရမယ်ဆိုရင် သိပ်ညီညွတ်တတ်ကြတာ'

'ထားပါတော့လေ၊ ချစ်လှက ကိုဆွေပြောသလိုပဲ၊ ဇီဇီ့ကို သင်္ဘောပေါ် ဝှက်တင်ခေါ်လာနိုင်ခဲ့ပါတယ်တဲ့၊ အခု ဇီဇီကဘယ်ရောက်သွားပြီလဲ'

တင်မောင်ဆွေက ပြန်တွေးနေသည့်အလား သူ့ပါးတစ်ဖက်





ကို လက်ဖြင့် ဖြည်းညင်းစွာပွတ်ရင်း ခေတ္တ တိတ်ဆိတ်နေသည်။ အမှန်တော့ သူက ချစ်လှ၏နေရာတွင် ဝင်ကြည့်နေခြင်းဖြစ်၏။ ချစ်လှက သူရင်ဆိုင်ခဲ့ရသော အခြေအနေတွင် အဘယ်ကဲ့သို့ ပြုလုပ်လှုပ်ရှားခဲ့မည်နည်း။

'ချစ်လှဟာ ဇီဇီ့ကို သင်္ဘောပေါ် ဝှက်တင်ခေါ်လာနိုင်ခဲ့ပေမယ့် သူရင်ဆိုင်နေရတဲ့ ရန်သူတွေကိုတော့ အထင်မသေးခဲ့ဘူး၊ ပြီးတော့ သူဟာ သာမန်သင်္ဘောသားလည်း မဟုတ်ဘူး၊ လျှို့ဝှက်ထောက်လှမ်းရေး လုပ်နေရတဲ့ လူတစ်ယောက်ဆိုတော့ ရန်သူတွေက သူက ဘယ်လို တုံ့ပြန်မယ်ဆိုတာ ကြိုတွက်ထားနိုင်ခဲ့လိမ့်မယ်၊ သင်္ဘောက ဆိပ်ကမ်းမှာဆိုက်တဲ့အခါမှာ ရန်သူတွေဟာ သူတို့နှစ်ယောက်ကို အဆင်သင့် စောင့်နေကြလိမ့်မယ်ဆိုတာ သူ သိခဲ့တယ်'

'တကယ်တော့လည်း ရန်သူတွေက တကယ်ပဲ စောင့်နေခဲ့တာပဲ၊ နဂါးအဖွဲ့က လူသတ်ကောင်တစ်ယောက်က အသင့်စောင့်နေခဲ့တယ်။ ပြီးတော့ ချစ်လှနောက်က နောက်ယောင်ခံလိုက်ခဲ့တယ်၊ ဇီဇီ့ကို ဝှက်ထားပြီး ချစ်လှဟာ အခု အဲဒီနေရာကို လိုက်သွားတာလို့ပဲ တွက်ပြီး သူကလည်းလိုက်ခဲ့တာပဲ၊ ဒါပေမဲ့ ချစ်လှက သူထင်သလို ဇီဇီ့ဆီသွားတာ မဟုတ်ဘူးဆိုတာကို သိရတာနဲ့တစ်ပြိုင်နက် နဂါးလူသတ်ကောင်ဟာ ချစ်လှကို ပစ်သတ်တော့တာပဲပေါ့၊ ချစ်လှကို သူနောက်ယောင်ခံလိုက်တုန်းက ချစ်လှဟာ စာအုပ်ရောင်းတဲ့ အဘိုးကြီးနဲ့ အဆက်အသွယ်လုပ်ခဲ့တာကိုလည်း သူက သိရလေတော့ အဘိုးကြီးအိမ်ကိုသွား၊ အဘိုးကြီးကိုသတ်ပြီး တစ်အိမ်လုံးမွှေနှောက်ရှာခဲ့ပြန်တယ်၊ ပြီးတော့ သူက ငါ့အကြောင်းကို သိသွားခဲ့တယ်၊ ဘယ်လိုလုပ်သိတယ်ဆိုတာတော့ ငါလည်း မပြောတတ်ဘူး၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မှာ အဆက်အသွယ်တွေ ရှိမှာပေါ့လေ။ ဒါနဲ့ သူဟာ ငါ့နောက်ကို လိုက်နေခဲ့တာပဲ၊ ငါက သူ့ကို ဇီဇီ့ဆီကို ခေါ်သွားမယ်လို့ သူက မျှော်မှန်းခဲ့တယ်'

တင်မောင်ဆွေက စကားကိုဖြတ်လိုက်ပြီး မျက်မှောင်ကုတ်နေလိုက်၏။ ပြီးမှ စိုးရိမ်မကင်းအသံဖြင့် စကားဆက်ပြန်သည်။

'ဒါပေမဲ့ ဒီနဂါး လူသတ်ကောင်ဟာလည်း လူပါးတစ်ယောက်ပဲ၊ ဇီဇီ ဘယ်မှာရှိနေတယ်ဆိုတာကို ငါမသိကြောင်း၊ အခု လောက်ရှိ သူ သိသွားရောပေါ့၊ ပြီးတော့လည်း သူဟာ ငါ အခု စဉ်းစားမိသလို စဉ်းစားလာမိလိမ့်မယ်၊ ဘယ်လိုလဲဆိုတော့ ဇီဇီ့ကို သင်္ဘောပေါ်ကနေ ချစ်လှကိုယ်စား တခြားတစ်ယောက်က ချသွားလိမ့်မယ်ဆိုတာပဲ'

'ဒီတော့ အခု ကိုဆွေက ဘာလုပ်မလို့လဲ'

တင်မောင်ဆွေ စကားရပ်သွားသည့်အခါ၌ အေးကျော်က မေးလိုက်၏။

'ချစ်လှရဲ့ သင်္ဘောဆီကို လိုက်သွားပြီး ဇီဇီ့ကိစ္စမှာ ချစ်လှကို တခြား ဘယ်သူက အကူအညီပေးခဲ့သလဲဆိုတာ စုံစမ်းကြည့်ရမှာပေါ့'

'ကောင်းပြီ ကိုဆွေ၊ ဒီလိုဆို ကျွန်တော်လည်း လိုက်ခဲ့မှာပေါ့'

* * *



- တစ်အယ့်ကိုး -

တင်မောင်ဆွေသည် သူ့ကားကို ကမ်းနားလမ်းရှိ ကုလားဟူစိန်၏ဆိုင်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ကာ အေးကျော်နှင့်အတူ ဆိုင်ဆီသို့ လျှောက်လာခဲ့သည်။

ဆိုင်တွင်းသို့ ရောက်သွားကြသည့်အခါတွင် အရင်တစ်ခေါက်က သူရင်ဆိုင်ခဲ့ရသော ဟူစိန်၏ လူမိုက်နှစ်ယောက်ကို ကောင်တာဘားအနီးတွင် ရပ်လျက်သား တွေ့ရလေသည်။ ဟူစိန်ကိုယ်တိုင်ကလည်း ကောင်တာဘားနောက်တွင် ထိုင်လျက်ရှိနေ၏။

တင်မောင်ဆွေ့အား တွေ့လိုက်ရလျှင် လူမိုက်နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ နောက် စိုးရိမ်မကင်း အမူအရာဖြင့် သူတို့ဆရာ ကုလားဟူစိန်အား လှမ်းကြည့်ပြန်၏။

တင်မောင်ဆွေက ခပ်တည်တည်ပင် ကောင်တာဘားဆီသို့ လျှောက်ခဲ့ရာ အေးကျော်ကလည်း ခပ်တည်တည်ပင် နောက်ကလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ကုလားဟူစိန်သည် သူ့လူမိုက်နှစ်ယောက်အား မသိမသာ ခေါင်းကို ခါးယမ်းပြလိုက်ရာ လူမိုက်နှစ်ယောက်သည် ဆိုင်၏တခြား တစ်နေရာဖက်သို့ ရှောင်ဖယ်သွားလေ၏။ သူတို့မှာ တော်တော်မင် စိတ်သက်သာရာ ရသွားသော အမူအရာများ ရှိကြပေ၏။

'ကိုတင်မောင်ဆွေပါလား၊ ဒီတစ်ခါ ဘာကိစ္စနဲ့ လာတာလဲ ကျွန်တော်က ကိုတင်မောင်ဆွေကို ဘယ်လိုများ အကူအညီပေးနိုင် ဦးမှာလဲ'

ကုလားဟူစိန်က ဖြူဖွေးသော သွားများကို ဖော်ပြရင်း အင်မတန်မှ ဖော်ရွေသော အမူအရာဖြင့် မေးလိုက်၏။

'ဦးကျော်လွန်းကြီးတစ်ယောက် ဒီမှာရှိသလား'

တင်မောင်ဆွေက သူ့ အရင်တစ်ခေါက် ဤဆိုင်သို့ လာ ကတွေ့ခဲ့ရသော သူ့မိတ်ဆွေ သတင်းထောက်ဟောင်းကြီးအား မေး ကြည့်လိုက်သည်။

'လာပါတယ် ကိုတင်မောင်ဆွေ၊ သူက ညတိုင်းလို ဒီကို လာနေကျပဲ'

တင်မောင်ဆွေက ဆိုင်ထဲတွင်ရှိနေသော လူတွေဆီ မျက်စိတစ်ချက်ကစားလိုက်၏။

'လာတယ်သာဆိုတယ်၊ သူ့ကို မတွေ့ရပါလား'

'ခုနကပဲ ဟောဟိုစားပွဲမှာ ထိုင်နေသေးတာပဲ၊ အိမ်သာထဲ ဝင်သွားတယ်ထင်ပါရဲ့ဗျာ'

တင်မောင်ဆွေလည်း အေးကျော်အားခေါ်ကာ ဟူစိန် ညွှန် လိုက်သော စားပွဲသို့လျှောက်ခဲ့ပြီး ကုလားထိုင်တစ်လုံးစီတွင် ဝင်ထိုင် လိုက်ကြလေသည်။ စားပွဲပေါ်တွင် သောက်လက်စ 'ရမ်' အရက်





ခွက်တစ်ခွက် ရှိနေ၏။

တင်မောင်ဆွေက စားပွဲထိုးအား ခေါ်လိုက်ပြီး ဝိုက်လေဘယ်လ်ဝီစကီကို ဝမ်းပက်စီယူခဲ့ရန် မှာလိုက်၏။ ခေတ္တကြာလျှင် ဆိုင်၏နောက်ဘက်အခန်းမှ သတင်းထောက်ဟောင်းကြီး ဦးကျော်လွန်းထွက်လာပြီး တင်မောင်ဆွေတို့ထိုင်နေသော စားပွဲဆီသို့ လျှောက်လာလေသည်။ စားပွဲတွင်ထိုင်နေသော တင်မောင်ဆွေအား တွေ့လိုက်ရာတွင်မူ သူ့ခြေလှမ်းများသည် တုံ့ခနဲ ရပ်သွားလေတော့၏။

တင်မောင်ဆွေက သူ့အား ပြုံးလျက်လှမ်း၍ နှုတ်ဆက်လိုက်သည်။

'လာပါဗျ··· အဘရဲ့၊ အဘကို ကျွန်တော်က အရက်တိုက်မလို့ပါ'

ထိုအခါမှ ဦးကျော်လွန်းသည် တင်မောင်ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး သူနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသော အေးကျော်အား ခေါင်းတစ်ချက် ညိတ်၍ပြလိုက်၏။

'ကိုတင်မောင်ဆွေ အရက်တိုက်ရင်တော့ သောက်မှာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ် စောစောစီးစီး တစ်ခုတော့ ပြောထားပါရစေ၊ ဒီည ခင်ဗျားက ကျုပ်ကို ဘယ်ကိုခေါ်ခေါ် ကျုပ် မလိုက်တော့ဘူး၊ ခင်ဗျားနဲ့ ဟိုတစ်ည လိုက်ခဲ့တာမှာ ကျုပ်အတွက် သင်ခန်းစာကောင်းကောင်းတစ်ခု ရခဲ့တယ်၊ တခြားမဟုတ်ဘူး၊ ကျုပ်ဟာ အသက်ကြီးပြီ ဆိုတာရယ်၊ ကျုပ်အတွက် ကျန်နေသေးတဲ့ အသက်ကလေးဟာ ဘယ်လောက် အဖိုးတန်တယ်ဆိုတာကိုပဲ'

'စိတ်ချပါ ဦးကျော်လွန်း၊ ကျွန်တော် ဦးကျော်လွန်းကို တစ်ခုပဲ မေးချင်တာပါ၊ ဦးကျော်လွန်းကို ဘယ်မှမခေါ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်လွန်း ဒီည သေနတ်နဲ့ အပစ်မခံရတော့ပါဘူး'

တင်မောင်ဆွေက ဦးကျော်လွန်းအား ခပ်ပြုံးပြုံးဖြေပြီး နောက် စားပွဲထိုးကုလားအား ခေါ်လိုက်ပြန်ကာ ဦးကျော်လွန်းအတွက် စကော့(ချ) ဝီစကီဝမ်းပက် မှာပေးလိုက်၏။

'ကဲ… ဘာမေးချင်တာလဲ ကိုတင်မောင်ဆွေ၊ ကျုပ်သိရင်တော့ ပြောပြရမှာပေါ့'

'ချစ်လှဟာ နောက်ဆုံးပိတ် ဘယ်သင်္ဘောနဲ့ လိုက်ခဲ့သလဲ ဆိုတာပါပဲ'

'ဂိုးလ်ဒင်းဂိတ် သင်္ဘောပါပဲ'

'ဒီသင်္ဘောက အခု ဘယ်ဆိပ်ကမ်းမှာ ဆိုက်ထားသလဲ'

'ဘယ်ဆိပ်ကမ်းမှာမှ ဆိုက်မထားပါဘူး၊ ဒီညနေပဲ ကုန်တွေ ချပြီးလို့ ပြန်ထွက်သွားပြီလေ'

တင်မောင်ဆွေ တော်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရသည်ကို ဦးကျော်လွန်းက အကဲခတ်လိုက်မိပြီး မေးခွန်းပြန်ထုတ်လိုက်လေသည်။

'ဘာဖြစ်လို့လဲ ကိုတင်မောင်ဆွေ'

'အဲဒီသင်္ဘောပေါ်က လူတစ်ယောက်ကို ကျွန်တော်တွေ့ချင်လို့ပါ'

ဤတွင် ဦးကျော်လွန်းက တင်မောင်ဆွေ့အား အားပေးသော အပြုံးကို ပြုံးပြလိုက်သည်။

'ဒီလိုဆိုရင် ခင်ဗျား တွေ့ချင်တဲ့လူကို တွေ့ချင် တွေ့ရဦးမှာပါ၊ ဒီသင်္ဘောမှာပါလာတဲ့ သင်္ဘောသား တစ်ဝက်ကျော်ကျော်လောက်ဟာ ဒီမှာပဲ ဆင်းကျန်ရစ်ခဲ့ကြတယ်။ လခငွေနဲ့ ပတ်သက်





ပြီး မကျေနပ်ကြလို့ ဆက်မလိုက်တော့ဘဲ ဆင်းနေခဲ့ကြတာပဲ၊ ကိုတင်မောင်ဆွေတွေ့ချင်တဲ့လူဟာ သူတို့အထဲမှာ ပါချင်ပါနေမှာပေါ့'

တင်မောင်ဆွေသည် မျှော်လင့်ချက်ပြန်၍ တက်လာမိပြန်၏။ ဘာပဲဖြစ်ဖြစ် သူ့အတွက် အခွင့်အရေးက ရှိချင် ရှိနေဦးမည်ဖြစ်ရာ ထိုအခွင့်အရေးကို သူက အရဖမ်းယူရပေမည်။

'ကိုတင်မောင်ဆွေ တွေ့ချင်တဲ့လူဟာ ဘယ်သူများလဲ'

'ချစ်လှနဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်ရမယ်၊ သူနဲ့ အတွဲဆုံးလူတစ်ယောက် ဆိုပါတော့'

ဦးကျော်လွန်းက ရုတ်တရက် ပြန်၍မဖြေ။ နဖူးရှေ့ကိုတွန့်ကာ ခေတ္တမျှ တိတ်ဆိတ်နေသည်။ ပြီးမှ ဖြည်းညင်းစွာ ပြန်ဖြေလိုက်၏။

'ချစ်လှမှာ မိတ်ဆွေရယ်လို့တော့ ရှိလှတာ မဟုတ်ဘူး ကိုတင်မောင်ဆွေရဲ့၊ သူက တစ်ယောက်တည်းသမားပဲ၊ အင်း… နေဦး၊ တစ်ခုတော့ရှိတယ်'

တင်မောင်ဆွေသည် ဦးကျော်လွန်း ဆက်ပြောမည့်စကားတွေကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေလိုက်မိ၏။

'ချစ်လှဟာ စစ်တုရင်ကစားဖို့ တော်တော်ဝါသနာပါတယ်။ သူနဲ့ မကြာမကြာ စစ်တုရင် ကစားလေ့ရှိသူတစ်ယောက်တော့ ရှိတယ်'

'အဲဒီလူက ချစ်လှလို သင်္ဘောသားပဲလား'

'ဟုတ်တယ်လေ၊ ချစ်လှနဲ့ တစ်သင်္ဘောတည်း လိုက်လေ့ရှိတဲ့ ကိုဟုတ်ရီဆိုတဲ့ တရုတ်ကပြားတစ်ယောက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူက ကျန်ခဲ့တဲ့ လူတွေထဲမှာ ပါသလား'

တင်မောင်ဆွေက စိတ်အားထက်သန်စွာ ထပ်၍မေးလိုက်၏။

'ပါတာပေါ့၊ ညနေကပဲ ဒီဆိုင်မှာ အရက်လာသောက်သွားသေးတာပဲ'

'သူ့ကို ကျွန်တော် အခု ဘယ်မှာတွေ့နိုင်မှာလဲ ဦးကျော်လွှန်း'

ဦးကျော်လွှန်းက နဖူးရေများတွန့်ပစ်လိုက်ပြန်သည်။

'ဒါတော့ ကျုပ်လည်း အတပ်မပြောနိုင်ဘူး၊ သူနေတဲ့နေရာမှာ သွားရှာကြည့်ပေါ့၊ သူက ရှစ်လမ်းထဲက 'ကိုဘိတ်စွမ်' ဆိုတဲ့လူရဲ့အိမ်မှာနေတယ်၊ ရှစ်လမ်းထဲမှာ ကိုဘိတ်စွမ်ရဲ့ အိမ်လို့မေးရင် လူတိုင်းက သိတာပဲ'

တင်မောင်ဆွေက ဦးကျော်လွှန်း၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

'ဦးကျော်လွှန်း၊ ကျွန်တော်နဲ့အတူလိုက်ခဲ့ပါလားဗျာ'

'ဟော... လုပ်လာပြီ၊ ကျုပ်ကို ဒီည ဘယ်ကိုမှမခေါ်တော့ဘူးဆို'

'မိန်းကလေး တစ်ယောက်ရဲ့ သေရေး ရှင်ရေးကိစ္စမို့ပါ ဦးကျော်လွှန်း၊ ဦးကျော်လွှန်း ဘယ်လိုမှ ဘေးအန္တရာယ် မရောက်ရအောင် ကျွန်တော် အစွမ်းကုန် ကာကွယ်ပါ့မယ်'

ဦးကျော်လွှန်းသည် တင်မောင်ဆွေကိုတစ်လှည့်၊ အေးကျော်ကိုတစ်လှည့်ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

'ဒီလိုဆိုလည်း လိုက်ခဲ့ရမှာပေါ့လေ၊ ပြီးတော့ မောင်အေး





ကျော်လည်း ပါတာပဲ မဟုတ်လား'

ရှစ်လမ်းရှိ ကိုဘိတ်စွမ်၏အိမ်မှာ လူသိများသောအိမ်တစ်အိမ်ဖြစ်လေသည်။ သဘော်သားတွေချည်း စုဝေးနေထိုင်၍ ဖြစ်သည်။

လမ်းလယ်လောက်တွင်ရှိသော ပျဉ်ထောင်ကာ သွပ်မိုးတစ်ထပ်အိမ်တစ်အိမ် ဖြစ်လေသည်။ တင်မောင်ဆွေတို့ ရောက်သွားသည့်အခါတွင် အိမ်ရှေ့ခန်း၌ လူသုံးယောက်ကထိုင်၍ အရက်သောက်လျက် ရှိနေကြလေသည်။ ပထမတော့ သူတို့အား ထိုလူတွေက သင်္ကာမကင်း ကြည့်ကြသော်လည်း ဦးကျော်လွှန်းကို တွေ့လိုက်ရသွင်ကား အသားဖြူဖြူ၊ ဗလကောင်းကောင်း လူရွယ်တစ်ယောက်က ထိုင်ရာမှထလျက် နှုတ်ဆက်လိုက်၏။

'ဟော... အဘပါလား၊ လာ အရက်သောက်တာလား၊ အဘဗျာ၊ အောင်သပြေအကြီးနှစ်လုံးတော့ ကျန်သေးတယ်'

လူရွယ်က ပြောရင်းကပင် တင်မောင်ဆွေနှင့် အေးကျော်အား အကဲခတ်နေလိုက်သည်။

'မင်းတို့သာ ဝအောင်သောက်ကြပါ မောင်မြင့်သိန်းရာ၊ ဒို့ လာတာက ဟုတ်ရီကို တွေ့ချင်လို့ကွ'

'ဟုတ်ရီတော့ အစောကြီးကတည်းက သောက်ပြီး ဝင်အိပ်နေပြီ အဘရဲ့၊ သူ့ကိုတွေ့ချင်ရင် မနက်မှလာပေတော့'

'သူ့ကိုတွေ့ချင်တဲ့ကိစ္စက အရေးကြီးတယ်ကွ၊ သူတို့က ဒို့မိတ်ဆွေတွေပါ၊ သူ့ကို မေးစရာရှိနေလို့'

မြင့်သိန်းဆိုသော လူရွယ်က တင်မောင်ဆွေတို့အား အကဲခတ်သလို ကြည့်လိုက်ပြန်သည်။

'သူက မင်းတို့ကြားဖူးသလား မဆိုနိုင်ဘူး၊ နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် တင်မောင်ဆွေပဲကွ၊ သူကတော့ အောင်လံသတင်းစာက အယ်ဒီတာ ကိုအေးကျော်တဲ့'

'ကျွန်တော်က ကိုဟုတ်ရီဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါဗျာ၊ ခင်ဗျားတို့ သိကြမလား မဆိုနိုင်ဘူး၊ ကိုဟုတ်ရီရဲ့ မိတ်ဆွေ ကိုချစ်လှ အသတ်ခံရတဲ့ကိစ္စကို ကျွန်တော် လိုက်စုံစမ်းနေတာပါ'

တင်မောင်ဆွေက ဝင်ပြောလိုက်ရာတွင် မြသိန်းနှင့် ၄င်း၏ အဖော်တွေ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

'ကိုချစ်လှဟာ ကျွန်တော်တို့ ရဲဘော်တစ်ယောက်ပဲ၊ ပြီးတော့ ကိုတင်မောင်ဆွေ့အကြောင်းကိုလည်း ကျွန်တော်တို့ သိထားပါတယ်၊ ကိုမိုးဝေကြီးဆိုတာ ကျွန်တော်တို့ရဲ့ သောက်ဖက်ကြီးပါ၊ ကျွန်တော့်နာမည်က ဘုန်းမြင့်ပါ'

အခြားလူရွယ်တစ်ယောက်က ထ၍ ပြောလိုက်ပြန်ခြင်းဖြစ်၏။ ထိုလူရွယ်ကပင် မြင့်သိန်းအား ထပ်၍ ပြောလိုက်ပြန်သည်။

'ကဲ… မြင့်သိန်း၊ မင်းရယ် ငါရယ် ဟုတ်ရီကို သွားနှိုးကြရအောင်ကွာ၊ ကိုတင်မောင်ဆွေတို့ ခဏစောင့်နေကြပါဦးနော်၊ ဒီကောင်က အရက်မူးပြီး 'အောက်'သွားပြီဆိုရင် တော်တော် အနှိုးရခက်တာဗျ'

ဘုန်းမြင့်နှင့် မြသိန်းဆိုသော လူရွယ်နှစ်ယောက်သည် အိမ်အတွင်းခန်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။ ဆယ်ငါးမိနစ်ခန့်ကြာတော့မှပင် လူရွယ်နှစ်ယောက်သည် ကိုယ်ခန္ဓာတုတ်တုတ်ခိုင်ခိုင်နှင့် တရုတ်ကပြားတစ်ယောက်ကို တွဲလျက် အိမ်ရှေ့ခန်းထဲသို့ ပြန်ထွက်လာကြ၏။ တရုတ်ကပြား၏ ဦးခေါင်းနှင့် မျက်နှာ





တစ်ခုလုံးမှာ ရေတွေစိုရွှဲလျက်နေ၏။ မြင့်သိန်းနှင့် ဘုန်းမြင့်တို့က ထိုတရုတ်ကပြားအား သစ်သားကွပ်ပျစ်ပေါ်တွင် အထိုင်ခိုင်းလိုက်၏။

တရုတ်ကပြားသည် စင်းကျနေသောမျက်ခွံများကို ကြိုးစား၍ လှန်လိုက်ရင်းက ဦးကျော်လွန်းအား ကြည့်လိုက်သည်။

'ဩော်… အဘပါလား၊ အဘ ဘာလာလုပ်တာလဲ'

'မင်းကို တွေ့ချင်လို့ လာခဲ့တာပဲ ကိုယ့်လူ'

'ဘာလဲ အဘ၊ ကျွန်တော်နဲ့ စစ်တုရင်ကစားမလို့လား'

'မဟုတ်ပါဘူး၊ ဒါပေမဲ့ ဟောဒီလူက မင်းနဲ့ စစ်တုရင်ကစားဘက် ချစ်လှရဲ့ မိတ်ဆွေတစ်ယောက်ပဲ'

ဦးကျော်လွန်းက တင်မောင်ဆွေ့အား ညွှန်ပြရင်း ပြောလိုက်၏။ ဟုတ်ရီသည် တင်မောင်ဆွေ့အား မော့ကြည့်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'ချစ်လှ ဟုတ်လား၊ အင်း… သူကတော့ စစ်တုရင်ကစားတာ တော်တော့်ကို တော်တဲ့လူတစ်ယောက်ပါပဲ'

'ဒီမှာ ကိုဟုတ်ရီ၊ ချစ်လှက သင်္ဘောပေါ်မှာ နိုးတင်လာတဲ့ မိန်းကလေးအကြောင်းကို ခင်ဗျား သိသလား'

တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့ဘဲ လိုရင်းအချက်ကိုသာ တိုက်ရိုက်မေးချလိုက်၏။ ဟုတ်ရီက ရုတ်တရက် ပြန်၍မဖြေဘဲ မျက်မှောင်ကြီးကုတ်ကာ နှုတ်ခမ်းများကို ထော်ပစ်လိုက်သည်။ ပြီးမှ သူ့မျက်နှာကြီးသည် ပြုံးဖြီးဖြီး ဖြစ်လာသည်။

'ဟဲ… ဟဲ… သိတာပေါ့ဗျာ၊ ချစ်လှရဲ့အဆက်ကို ပြောတာ မဟုတ်လား၊ ကောင်မလေးက အတော်နိုပ်တယ်၊ သူ့ကို ဂျပ်တို့က သင်္ဘောကုန်ခန်းတစ်ခန်းထဲမှာ ဝှက်ထားခဲ့ကြတာ၊ အရာရှိတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတောင်မှ မသိခဲ့ကြဘူး'

တင်မောင်ဆွေ၏ နှလုံးသားသည် တင်းကျပ်သွားသည်ဟု ထင်မှတ်ရ၏။ သူသည် ဟုတ်ရီ၏ပခုံးကို ဆုပ်ကိုင်လျက် အသာအယာ လှုပ်ယမ်းလိုက်၏။

'ဟုတ်ပြီ ကိုဟုတ်ရီ၊ အခု ဒီကောင်မလေးက ဘယ်မှာလဲ၊ ဘယ်ရောက်သွားပြီလဲ'

ဟုတ်ရီက ပြန်မဖြေသေးဘဲ ဦးခေါင်းကြီးကိုသာ ငိုက်စိုက်ကျသွား၏။

တင်မောင်ဆွေက မချင့်မရဲဖြင့် ၄င်း၏မေးစေ့ကို ဆွဲမော့လိုက်သည်။

'ကိုဟုတ်ရီ၊ စဉ်းစားစမ်းပါ။ ခင်ဗျားတို့ သင်္ဘောပေါ် ခိုးတင်လာတဲ့ ကောင်မကလေးက အခု ဘယ်ရောက်သွားပြီလဲ'

'ကျုပ်လည်း မသိဘူး၊ ကျုပ်က သူ့ကိုကုန်လှောင်ခန်းထဲက တိတ်တိတ်ကလေးထုတ်ပြီး ကုန်းပတ်ပေါ်တင်ပေးခဲ့တာပဲ'

တင်မောင်ဆွေက သူ၏မချင့်မရဲစိတ်ကို ကြိုးစား၍ ချုပ်တီးထားလိုက်ရသည်။

'ဒီလိုဆိုရင် ကောင်မလေးက ကမ်းပေါ်ကိုတော့ ရောက်သွားခဲ့ပြီပေါ့'

ဟုတ်ရီက ဦးခေါင်းကို လေးလေးကြီး ညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကမ်းပေါ်ကိုရောက်တော့ ချောချောမောမော ရောက်သွားခဲ့ပါတယ်၊ ဟဲ… ဟဲ… မှတ်တားဘလွှင်ကြီးက ကောင်မကလေးကို ကုန်ထည့်တဲ့သေတ္တာ အလွတ်ထဲမှာ ထည့်ဝှက်ပြီး ကမ်းပေါ်ကိုချပေးခဲ့တာပဲ'





တင်မောင်ဆွေက မျှော်လင့်ချက် ပြန်တက်လာမိပြန်သည်။

'ဒီလိုဆိုရင် အဲဒီကုန်ထည့်တဲ့သေတ္တာက ဘယ်ကိုရောက်သွားသလဲ၊ ဘယ်သူ့ဆီကို ပို့လိုက်သလဲ'

ဟုတ်ရီက တင်မောင်ဆွေ့အား ခပ်ကြောင်ကြောင် ကြည့်နေလိုက်ပြီးမှ ဦးခေါင်းကို လေးလေးကြီးယမ်းခါပြလိုက်သည်။

'ဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ ချစ်လှက မှတ်တားဘလွှင်ကြီးကိုသာ မှာထားခဲ့တာ၊ သူ့မိတ်ဆွေတစ်ယောက်ဆီက ဒီ သေတ္တာကြီးလာယူရင် ပေးလိုက်ရမတဲ့'

တင်မောင်ဆွေက မချင့်မရဲဖြင့် အေးကျော်နှင့် ဦးကျော်လွန်းအား ကြည့်လိုက်သည်။

'ဒီအတိုင်းဆိုရင် ကျုပ်တို့က ဒီ မှတ်တားဘလွှင်ကို ရှာရဦးမှာပေါ့'

'မှတ်တားဘလွှင် ဘယ်မှာနေတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော့်ယောက်ဖနေတဲ့ အလုံငုဝါလမ်းထဲမှာပဲ နေတာပဲ၊ အရေးကြီးရင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

မြင့်သိန်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

'ကျေးဇူးပဲ ကိုမြင့်သိန်း၊ ကဲ… လာ… အခုပဲသွားကြစို့ဗျာ'

တင်မောင်ဆွေက လိုက်လှဲစွာ ကျေးဇူးတင်စကားပြောရာက အိမ်တံခါးဝဘက်သို့ လှည့်လိုက်သည်။ ထိုစဉ် ခေါင်းငိုက်စိုက်ကျနေသော ဟုတ်ရီက ခေါင်းထောင်လာပြန်သည်။

'နေကြပါဦးဗျ'

'ဘာလုပ်မလို့လဲ ဟုတ်ရီ'



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်လွန်းက စိတ်မရှည်သည့် အသံကြီးဖြင့် ပြန်ဖေ လိုက်သည်။

'မှတ်တားကြီးကို တွေ့ချင်တဲ့လူက ခင်ဗျားတစ်ယောက် တည်း မဟုတ်ဘူး'

တင်မောင်ဆွေသည် ချက်ချင်းပင် ဟုတ်ရီဘေးသို့ ရော သွားကာ ၄င်း၏ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

'ခင်ဗျား ဘာဆိုလိုတာလဲ ကိုဟုတ်ရီ'

'ငါ့တစ်ခွက်လောက် ပေးစမ်းကွာ၊ အရှိန်တောင် တော် တော်ကျသွားပြီ'

ဟုတ်ရီက ပြောပြောဆိုဆို ကွပ်ပျစ်ပေါ်မှ ငုံ့ပြီးသား အရက် ဖန်ခွက်တစ်ခွက်ကို ကောက်ကိုင်လိုက်ကာ ဖွပ်ခနဲ မော့ချလိုက်သည်။

'ပြောစမ်းပါဦး ကိုဟုတ်ရီ၊ မှတ်တားဘလွင်ကို ကျုပ်တော့ အပြင် ဘယ်သူကကော တွေ့ချင်ခဲ့လို့လဲ'

'ဘယ်သူလဲဆိုတာတော့ ကျုပ် မသိဘူးဗျ၊ ကုလားကြီး တစ်ယောက်ပဲ၊ လူကောင် တော်တော်ထွားတဲ့ နှာခေါင်းကောက် ကောက် မေးချွန်ချွန်နဲ့ တော်တော်လည်း မိုက်ပုံရတယ်'

တင်မောင်ဆွေက ချက်ချင်းပင် ကိုသောင်းဖေ၏စကားကို ပြန်၍ အမှတ်ရလိုက်မိသည်။ မိမိအား ချစ်လှ၏ အိမ်နောက်ဖေ လမ်းကြားထဲတွင် သေနတ်ဖြင့် ချောင်းပစ်သွားသူ၏ ပုံပန်းသဏ္ဌာန် ကို ကိုသောင်းဖေက ပြန်ပြောခဲ့ရာ ယခု ဟုတ်ရီ ပြောပြသည့် ပုံပန်းသဏ္ဌာန်နှင့် တစ်ညီတည်းဖြစ်နေ၏။

'နဂါးပဲ အေးကျော်'

တင်မောင်ဆွေသည် ရင်ထဲတွင် လေးသွားမိရာက ဖြည်း





ညင်းစွာ ရေရွတ်လိုက်၏။ ပြီးမှ သူက မြင့်သိန်းဘက်သို့ ချာခနဲလှည့် လိုက်သည်။

'ကဲ… ကိုမြင့်သိန်း၊ မှတ်တားဘလွင်အိမ်ကို အမြန်ဆုံး လိုက်ကြရအောင်ဗျာ၊ ကျုပ်တို့ နောက်ကျနေပြီလားတောင် မသိရ ဘူး၊ ခင်ဗျား ဒီလူကြီးနဲ့ ဘယ်တုန်းက ဘယ်မှာတွေ့ခဲ့ရတာလဲ'

'ညနေက သူ့ ဟူစိန်ဆိုင်ကို လာတုန်းက အဲဒီကုလားကြီးနဲ့ စကားပြောနေတာကို တွေ့ခဲ့ရတာပဲ'

ဦးကျော်လွန်းက ဟုတ်ရီ၏အစား ဝင်ဖြေလိုက်ခြင်းဖြစ် သည်။

'ကဲ… လာ… သွားကြစို့ဗျာ'

တင်မောင်ဆွေ၊ ဦးကျော်လွန်း၊ အေးကျော်နှင့် မြင့်သိန်းတို့ သည် ကိုဘိတ်စွမ်၏ အိမ်ထဲမှ ကတိုက်ကရိုက် ထွက်ခဲ့ကြလေ၏။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

- နှစ်ဆယ် -

မှတ်တားဘလွင်သည် အလုံငုဝါလမ်းရှိ တိုက်ခံအိမ်၏ အပေါ်ထပ် အခန်းတစ်ခန်းကို ငှားရမ်းပြီး တစ်ကိုယ်တည်း နေထိုင်လျက်ရှိသည်ဟု လမ်းတွင် မြင့်သိန်းက ပြောပြလေသည်။

'ဟောဟိုက တိုက်ခံအိမ်ပဲ'၊

ငုဝါလမ်းထဲသို့ အတော်မောင်းဝင်သွားပြီးသည့်အခါ၌ တင်မောင်ဆွေ့ဘေးတွင် ထိုင်၍ လိုက်ပါလာသော မြင့်သိန်းက လမ်း၏ လက်ယာဘက်ရှိနေသော တိုက်ခံအိမ်တစ်အိမ်ကို လက်ညှိုးညွှန်လိုက်လေသည်။

တင်မောင်ဆွေက ကားကို လမ်းဘေးတွင် ရပ်လိုက်ပြီးနောက် သူတို့လေးယောက်စလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။ လမ်းကိုဖြတ်ကူးခဲ့ကြပြီးနောက် တိုက်ခံအိမ်ရှေ့သို့ ရောက်ကြသော် အိမ်အောက်ထပ်တံခါးဝ၌ အဘိုးကြီးတစ်ယောက် ထိုင်နေသည်ကို သူတို့ တွေ့ကြရလေသည်။



'ဒေါ်ဒေါ်... ကိုဘလွင်တစ်ယောက် အိမ်မှာရှိသလား'

မြင့်သိန်းက အဘိုးကြီးအား မေးလိုက်၏။ အဘိုးကြီးနှင့် မြင့်သိန်းသည် ကောင်းစွာသိနေပုံရ၏။

'ရှိပါတယ်ကွယ်၊ သူ့အခန်းထဲမှာပေါ့ကွဲ့၊ ဧည့်သည်တစ်ယောက်လည်း ရောက်နေတယ်'

အဘိုးကြီးက ပြုံးပြုံးရွှင်ရွှင်ပင် ပြန်၍ဖြေလိုက်သည်။

တင်မောင်ဆွေမှာ ရင်ထဲ၌ ပို၍ လေးသွားမိတော့၏။ မှတ်တားဘလွင်ထံသို့ ရောက်နေသော ဧည့်သည်မှာ လူသတ်ကောင် နဂါးပင် ဖြစ်ချေမည်။

တင်မောင်ဆွေက အချိန်ဖြုန်း၍ မနေတော့။ သူကပင် ခေါင်းဆောင်ကာ အိမ်ဘေးရှိ လှေကားမှနေ၍ အပေါ်ထပ် အိပ်ခန်းသို့ တက်ခဲ့လေ၏။ လှေကားပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် တင်မောင်ဆွေက သူ့ပခုံးစလွယ်အိတ်ထဲမှ လူဂါသေနတ်ကို ဆွဲထုတ်ကာ သေနတ်မောင်းထိန်းသော့ကို အဆင်သင့်ဖွင့်ထားလိုက်၏။

လှေကားအဆုံးတွင် ပိတ်ထားသောတံခါးကို တွေ့လိုက်ရသည်။ တင်မောင်ဆွေက တံခါးရွက်တွင် နားကပ်ပြီး အထဲမှအသံဗလံများကို နားစွင့်ကြည့်လိုက်သည်။ သို့ရာတွင် တံခါးရွက်၏ အတွင်းဘက်၌ တိတ်ဆိတ်မှုကသာ ပကတိ ဖုံးလွှမ်းလျက်ရှိနေ၏။ တံခါးရွက်နှင့် ကြမ်းပြင်ကြား၌မူကား အတွင်းဘက်မှ မီးရောင်က ထိန်ဟပ်နေ၏။ တင်မောင်ဆွေက လူဂါသေနတ်ကို အသင့်ကိုင်ပြီး တံခါးကို တွန်းကြည့်လိုက်ရာ ကျွီခနဲမြည်လျက် အလိုက်သင့်ပင်ပွင့်သွားလေ၏။

သူ့သေနတ်ကို အသုံးပြုဖို့ မလိုတော့သည်ကို တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေက တွေ့ရလေသည်။ အခန်းအလယ်ရှိ ကြမ်းပြင်ပေါ်တွင် လူပုပု ဝဝတစ်ယောက်သည် လက်ပြန်ကြိုးတုပ်လျက်သား ခွေခွေကလေး လဲကျနေသည်။ ၎င်း၏ခြေထောက်နှစ်ဖက်မှာလည်း နိုင်မြဲစွာ တုပ်နှောင်ခြင်း ခံထားရသည်။ ၎င်း၏ပါးစပ်ကိုလည်း အဝတ်တစ်ထည်ဖြင့် တင်းကျပ်စွာ စည်းနှောင်သွားလေသည်။ ၎င်း၏ခေါင်းတစ်ဝိုက်တွင်တော့ နီရဲသောသွေးတွေက အိုင်ထွန်းလျက်ရှိနေ၏။

တင်မောင်ဆွေက ထိုလူ့ထံသို့ လျှောက်သွားပြီး အသာဆွဲလှန်လိုက်ရာ လည်မျိုကို တိတိရိရိကြီး လှီးဖြတ်ထားကြောင်း တွေ့လိုက်ရ၏။ တင်မောင်ဆွေ့နောက်မှ မြင့်သိန်းက ဟိုက်ခနဲ ပင့်သက်ရှူလိုက်လေသည်။

'မွတ်တားဘာလွင်ဆိုတာ သူပဲလား'

တင်မောင်ဆွေက မေးလိုက်ရာ မြင့်သိန်းက နှုတ်မှပြန်၍ မဖြေနိုင်၊ ပါးစပ်ကို ဖွင့်ချီပိတ်ချီ လုပ်ရာက အသံထွက်မလာဘဲ ဦးခေါင်းကိုသာ ညိတ်ပြနိုင်လေသည်။

နဂါးက လက်ဦးသွားခဲ့လေပြီ။ ဇီဇီ့အတွက် အန္တရာယ်ကား ပို၍ကြီးမားလာခဲ့ပေပြီ။ ဂျင်မီစမတ်အား သူပေးထားသော ကတိစကားကို သူက ကျေပွန်နိုင်ပါတော့မည်လားဟု တင်မောင်ဆွေက စိတ်ပျက်စွာ တွေးလိုက်မိလေသည်။

'ဒီအနီးအနားမှာ တယ်လီဖုန်းရှိသလား ကိုမြင့်သိန်း'

'ဟုတ်… ဟုတ်ကဲ့… ကျွန်တော့်ယောက်ဖ အိမ်မှာ ရှိပါတယ်'

မြင့်သိန်းက အသံတုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေလိုက်သည်။

'ဒီလိုဆိုရင် အေးကျော် လိုက်သွားစမ်းကွာ၊ ကိုသောင်းဖေ





ကြီးကိုသာ တိုက်ရိုက်ဆက်လိုက်ပေတော့၊ ချစ်လှရဲ့ ကိစ္စနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်လို့ပြော'

အေးကျော်က ဘာမှပြောမနေဘဲ မြင့်သိန်းကိုခေါ်ကာ ပြန်၍ဆင်းသွားလေသည်။ ဦးကျော်လွန်းသည် အလောင်းကိုစစ်ဆေးကြည့်ရှုနေရာက မော့ကြည့်လိုက်သည်။ ၎င်းအတွက် မရှုမလှ အသတ်ခံထားရသော အလောင်းတွေကို မြင်တွေ့ရခြင်းမှာ မဆန်းလှတော့ပေ။

'ဒီလူ့ခမျာ အသတ်မခံရမီက အညှဉ်းဆဲခံထားရသေးတယ် ကိုတင်မောင်ဆွေ၊ မအော်နိုင် မရုန်းနိုင်အောင် ပါးစပ်ကို ကျကျနန အဝတ်နဲ့စည်း ခြေလက်ကို ကြိုးနဲ့တုပ်ပြီး ဗိုက်ကိုဓားနဲ့ မွှန်းထားခဲ့တယ်လေ၊ တော်တော့်ကို ရက်စက်နိုင်တဲ့ လူသတ်ကောင်တဲ့ဗျာ'

တင်မောင်ဆွေက အလောင်းကို မျက်မှောင်ကုတ်လျက် ကြည့်ရာက စိတ်လေးလေးဖြင့် ခေါင်းညိတ်ပြလိုက်မိသည်။

ထို့နောက် အလောင်းဘေးတွင် ဦးကျော်လွန်းအား အစောင့်ထားကာ အိမ်အောက်ထပ်သို့ ဆင်းပြီး အိမ်ရှင်အဒေါ်ကြီးအား မွတ်တားဘာလွင်ထံ လာခဲ့သော ဧည့်သည်အကြောင်း မေးကြည့်ရပြန်သည်။ ဤတွင် ဧည့်သည်မှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် နှာယောင်ကောက်ကောက် မေးချွန်ချွန် ကုလားကြီးတစ်ယောက်ဖြစ်ကာ လွန်ခဲ့သည့် နှစ်နာရီခန့်က ရောက်လာခဲ့ကြောင်း၊ ၎င်းပြန်ဆင်းသွားသည်ကို သူမ မတွေ့လိုက်ရကြောင်း စသည့်အချက်အလက်များကို သိရလေ၏။

တင်မောင်ဆွေက အိမ်ပေါ်သို့ ပြန်မတက်ဘဲ အေးကျော်အားစောင့်နေလိုက်ရာ တစ်မိနစ်မျှမကြာခင်ပင် ၎င်းနှင့်မြင့်သိန်းက



www.burmeseclassic.com

www.burmeseclassic.com



မြန်ရောက်လာသည်။ တင်မောင်ဆွေက အေးကျော်အား တစ်ဘက်သို့ ဆွဲခေါ်လိုက်သည်။

'အေးကျော်… ကိုယ်တော့ ကိုသောင်းဖေကြီးကို စောင့် မနေတော့ဘူး၊ ကိုယ် လစ်တော့မယ်'

'ဒီလူကြီးလာ ခေါ်ပွနေဦးမယ်နော်'

'ပွပွကွာ၊ မင်း ဒီမှာစောင့်နေရစ်ပြီး သူရောက်လာရင် အကျိုး အကြောင်း ပြောပြလိုက်ပေတော့'

'အားလုံးကို ပြောပြရမှာလား'

'အေး… မင်းကို ငါ ပြောပြထားတာတွေ အားလုံးကို ပြောပြလိုက်ပေတော့'

'နို့… ကိုဆွေကကော အခုဘယ်သွားပြီး ဘာလုပ်မလို့လဲ'

'မင်း ကိုယ်တွေ့ပဲ မဟုတ်လား၊ လူ့သတ်ကောင်နဂါးဟာ ဓိဓိုကိစ္စကို ငါ စဉ်းစားမိသလိုပဲ၊ စဉ်းစားမိခဲ့တာပဲပေါ့၊ ချစ်လှတို့ သင်္ဘောဆိပ်ကမ်းမှာ ဆိုက်လာတဲ့အခါမှာ နဂါးက အသင့်စောင့်ကြို နေခဲ့တယ်လေ၊ ဒါကို ချစ်လှကလည်းသိခဲ့တယ်၊ ဒါကြောင့် ချစ်လှ က ဓိဓိုကို ကုန်ထည့်တဲ့ သေတ္တာထဲမှာ ထည့်ဝှက်ပြီး သူ့ရဲဘော်တွေရဲ့ အကူအညီနဲ့ ကမ်းပေါ်ကိုချပေးနိုင်ခဲ့တယ်။ ပြီးတော့ သူ့မိတ်ဆွေ တစ်ယောက်ကို ဆက်သွယ်ပြီး ဒီသေတ္တာကြီးကို ယူသွားနိုင်ခဲ့တယ် သူကတော့ နဂါးကိုတစ်ဖက်လှည့်နဲ့ ခေါ်သွားနိုင်ခဲ့တယ်၊ နဂါးဟာ သူ့နောက်ကို တကောက်ကောက်လိုက်မယ်ဆိုတာ သူက ကြိုတင်သိ ထားတာကိုး၊ အဲဒီလို သူက နဂါးကိုသဘောဆိက လှည့် ခေါ်ခဲ့ရာထ စာအုပ်ရောင်းတဲ့ ငါ့မိတ်ဆွေအဘိုးကြီးနဲ့ ဆက်သွယ်ခဲ့တယ်၊ သူဟာ ဓိဓိုကိုထည့်ထားတဲ့ သေတ္တာကြီးကိုယူသွားတဲ့ သူ့မိတ်ဆွေဟာ





ဘယ်သူဆိုတာကို အဘိုးကြီးကို ပြောပြခဲ့ပါလိမ့်မယ်၊ အဘိုးကြီးဟာ ငါနဲ့ အမြဲအဆက်အသွယ်ရှိနေတယ်ဆိုတာကို သူက သိထားတာကိုး'

'ဒီလိုဆိုရင် နောက်တစ်ဆင့် ကျန်သေးတာပေါ့'

'ဟုတ်တယ် အေးကျော်၊ ဓိဓိုကို ထည့်ဝှက်ထားတဲ့သေတ္တာ ကြီးကို ယူသွားတဲ့လူဟာ ဘယ်သူလဲဆိုတာ ငါသိဖို့လိုတယ်၊ ဒီလူ ဘယ်သူဆိုတာ နဂါးက သိသွားပြီဆိုတာတော့ သေချာပါတယ်'

'ဒီလူဘယ်သူဆိုတာ ကိုဆွေ ဘယ်လိုသိနိုင်မှာလဲ၊ ကိုဆွေ မှာ သဲလွန်စရှိလို့လား'

အေးကျော်က စိတ်ပျက်သံကြီးဖြင့် ပြောလိုက်သည်။

'ငါ့မှာ သဲလွန်စတစ်ခုတော့ရှိတယ် အေးကျော်။ ဒီ သဲလွန်စ ကိုပဲ ငါ အားကိုးရတော့မှာပဲ'

'ဘာ သဲလွန်စလဲ ကိုဆွေရဲ့'

'ချစ်လှနဲ့ ဓိဓိဟာ ဓိဓိုရဲ့အစ်ကို အယ်ဒီစတားနဲ့ ပတ်သက် ပြီးသိခဲ့ကြတာ၊ အယ်ဒီစတားနဲ့ ချစ်လှဟာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက တပ်တစ်တပ်ထဲမှာ စစ်မှုထမ်းခဲ့ကြတဲ့ ရဲဘော်တွေဖြစ်ခဲ့ ကြတယ်၊ သူတို့အပြင် သူတို့နဲ့အတူ စစ်မှုထမ်းခဲ့တဲ့ လူနှစ်ယောက် ရှိသေးတယ်၊ ချာလီကင်းနဲ့ စောကနေဒီတို့ပဲ၊ အယ်ဒီစတားနဲ့ ချာလီကင်းတို့ကတော့ သေခဲ့ပြီ၊ ဒီတော့ စောကနေဒီတစ်ယောက် တည်း ကျန်တော့တာပေါ့၊ ချစ်လှဟာ ဓိဓိနဲ့ ပတ်သက်ပြီး အကျဉ်း အကျပ် တွေ့နေတဲ့အခါကျရင် ဘယ်သူ့ကို အကူအညီခေါ်မလဲ'

'ဟုတ်ပြီ ကိုဆွေ၊ သူ့ရဲ့ ရဲဘော်တစ်ယောက်ဖြစ်ပြီး ဓိဓို ကိုလည်း သိတဲ့ ဒီစောကနေဒီကိုပဲ ခေါ်မှာပေါ့'

အေးကျော်က စိတ်အားထက်သန်စွာ ဖြေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး… ငါလည်း အဲဒီလိုပဲ စဉ်းစားမိတာပဲ၊ ငါ အခု သူ့နောက်လိုက်သွားမလို့၊ မင်းက ဒီမှာစောင့်နေပြီး ကိုသောင်းဖေကြီးရောက်လာရင် ဒီအကြောင်းတွေကို ရှင်းပြလိုက်ပေတော့ကွာ၊ ငါ့မှာ အချိန်မရှိတော့ဘူး၊ နဂါးကို အမီလိုက်ရမယ်"

အေးကျော်က ဘယ်လိုမှ စောဒကမတက်နိုင်ခင် တင်မောင်ဆွေက သူ့ကားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ခဲ့လေ၏။ သူက ကားကို စက်နှိုးမောင်းထွက်ခဲ့စဉ်မှာပင် အမြန်မောင်းနှင်လာသော ရဲပိုင်ယာလက်ကားတစ်စီး၏ ဥဩသံကို ကြားလိုက်ရလေ၏။

* * *

- နှစ်ဆယ့်တစ် -

တင်မောင်ဆွေသည် ရန်ကုန်ပြည်လမ်းမကြီးတစ်လျှောက် သူ့ကားကို အပြင်းမောင်းလာရာမှ သူ့ခေါင်းထဲတွင်လည်း အပြင်းအထန် လှုပ်ရှားလျက် ရှိနေသည်။

အကယ်၍ သူတွေးခေါ်ချက်သည်သာ မှားသွားပါက ဇီဇီ့အတွက် မျှော်လင့်ချက်ရှိတော့မည် မဟုတ်ပါချေ။ သူက နဂါးသည် စောကနေဒီထံ သွားမည်ဟု အကျိုးအကြောင်း ဆက်စပ်တွက်ပြီး နဂါးနောက်သို့ အမီလိုက်နေရခြင်းဖြစ်သည်။ အကယ်၍ နဂါးသည် စောကနေဒီထံသို့ လိုက်သွားခြင်းမဟုတ်ပါက ဇီဇီ့အား ထည့်ဝှက်ထားသော ကုန်ထည်သေတ္တာကြီးကို စောကနေဒီက လာယူသွားခြင်း မဟုတ်ပါက သူ ယခုမှော်ဘီသွားနေခြင်းသည် အချည်းနှီးသာ ဖြစ်ရပေတော့မည်။ နဂါးသည် ဇီဇီ့ထံသို့ သူ့အရင်ရောက်သွားကာ သူမအား အသေသုတ်သင်ရှင်းလင်းပစ်ပေတော့မည်။

နဂါး၏တာဝန်ကလည်း ဒါပင်ဖြစ်သည်။ သူတို့၏သူလျှိုစာရင်းအပြည့်အစုံရှိနေသော ဇီဇီ့အား တစ်ခါတည်း နှုတ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



အပျောက်ရှင်းပစ်လိုက်နိုင်ရန်ပင် ဖြစ်ချေ၏။

ညသည် အေးနေစေကာမူ သူ့နဖူးပြင်တွင်တော့ ချွေးတွေက စို့တက်နေသည်။ သူ့တွေးခေါ်ချက်သည် မှား၍မဖြစ်၊ မှားလည်းမမှားနိုင်ဟု သူက ကိုယ့်ကိုယ်ကိုယ် ပြန်၍အားပေးလိုက်ရသည်။

စောကနေဒီသည် ချစ်လှနှင့် အယ်ဒီစတားတို့၏ ရဲဘော်ရောင်းရင်းဖြစ်ခဲ့သည်။ ယခု သူသည် မော်ဘီတွင် အေးအေးဆေးဆေး ကြက်ခြံထောင်လျက် နေထိုင်လျက်ရှိ၏။ ဇီဇီသည် သူ့ထံတွင်သာရှိနေရပေမည်။ သူသည် ချစ်လှ အသတ်ခံရသည့်အကြောင်း ယခုထက်ထိ မသိရသေး၍သာ ရဲဘက်သို့အကြောင်းမကြားသေးခြင်း ဖြစ်ပေမည်။

ရွှေညောင်ပင်သို့ ရောက်လာလျှင် ကောင်းကင်တွင် လိမ့်တက်လာသော မည်းနက်သည့် တိမ်တိုက်ကြီးတွေက ကြယ်ရောင်များကို ဖုံးကွယ်ပစ်လိုက်ကြပေပြီ။ မကြာမီ မိုးသည် သဲသဲမဲမဲကြီး ရွာချပစ်လိုက်ပေတော့မည်ကို တင်မောင်ဆွေက နားလည်မိ၏။ သို့ရာတွင် သူက ကားကိုအရှိန်မလျှော့ဘဲ တစ်နာရီ မိုင်(၅၀)နှုန်းဖြင့် ဆက်မောင်းခဲ့သည်။

တော်ပါသေး၏။ ညဘက်ဖြစ်၍ လမ်းကရှင်းနေသည်။ ပြီးတော့ တင်မောင်ဆွေက ဤလမ်းကို အခေါက်ခေါက်အခါခါ မောင်းခဲ့ဖူးပြီဖြစ်ရကား ကောင်းကောင်းကျွမ်းကျင်လျက် ရှိနေသည်။

ထောက်ကြံ့ကို ရောက်လာ၏။ တင်မောင်ဆွေက ရပ်နားမနေဘဲ မော်ဘီလမ်းခွဲအတိုင်း ကားကိုဆက်မောင်းခဲ့သည်။ မော်ဘီတပ်မြေသို့ရောက်လျှင် သူသည် အစစ်အဆေးခံရ၍ အချိန်အနည်းငယ် နှောင့်နှေးသွားရပေသည်။ သို့ရာတွင် အဖိုးတန်သော အကူအညီ





တစ်ခုကိုကား ရခဲ့ပေသည်။ ကင်းမှူးထံမှ စောကနေဒီ၏ခြံ ဘယ်နေရာတွင် ရှိသည်ကို သူက အတိအကျ မေးမြန်းသိရှိခဲ့ရ၏။

သို့နှင့်တိုင် သူက စောကနေဒီ၏ ကြက်ခြံရှိရာ လမ်းခွဲကို ကျော်မောင်းသွားမိသေးသည်။ သုံးမိုင်ခန့် မောင်းမိခဲ့ပြီး မသင်္ကာဖြစ်လာကာ ကားကိုပြန်လှည့်ပြီး စိတ်ဓာတ်ကိုထိန်းကာ ဖြည်းဖြည်းမောင်း၍ ရှာဖွေသည့်အခါတွင်မှ ထိုလမ်းခွဲကို တွေ့ရလေသည်။ လမ်းမှာ ကားတစ်စီးဝင်ရုံ မြေနီလမ်းကျဉ်းကလေး ဖြစ်လေသည်။ လမ်းထိပ်တွင် စောကနေဒီ ကြက်ခြံသို့ဟူသော ဆိုင်းဘုတ်ငယ်ကလေးတစ်ခု ရှိနေ၏။

တင်မောင်ဆွေက စိတ်အားတက်လာမိသည်။ လူသတ်သမား နဂါးအတွက်လည်း ထိုကြက်ခြံကို ရှာဖွေဖို့လွယ်မည် မဟုတ်ပေ။ လမ်းကျဉ်းကလေးသည် ထူထပ်အုံ့ဆိုင်းသော ဝါးရုံတောကြီး တစ်ခုအတွင်းသို့ ကွေ့ကောက် ဝင်ရောက်သွားလေသည်။ တင်မောင်ဆွေက ကားကိုမောင်းဝင်ခဲ့ပြီးနောက် လမ်းဘေးသို့ထိုးချကာ စက်သတ်လိုက်၏။ ထို့နောက် ကား'ဒက်ရှ်ဘုတ်'ထဲမှ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ထုတ်ယူပြီး ကားပေါ်မှဆင်းခဲ့လေသည်။

သို့ရာတွင် သူက လက်နှိပ်ဓာတ်မီးကို အသုံးမပြုဘဲ မှောင်ထဲ၌ သူ့မျက်စိများ ကျင့်သားရလာစေရန် ခေတ္တမျှ ရပ်နေလိုက်၏။

ညသည် ခါတိုင်းထက်ပို၍ မှောင်မည်းလှသည်ဟု ထင်မှတ်ရ၏။ ကောင်းကင်ပြင်တစ်ပြင်လုံးသည် မည်းနက်သော မိုးသားတွေက ပိတ်ဆီးလျက်ရှိရာ ကြယ်ရောင်ကိုပင် မမြင်ရတော့ချေ။ ဝတ်ဝန်းကျင်တစ်ဝိုက်လုံးသည် ပကတိ တိတ်ဆိတ်လျက် ရှိနေ၏။ မိုးသက်မုန်တိုင်းကျခါနီးဆဲဆဲ ပကတိ ငြိမ်သက်နေပုံမျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက မြေနီလမ်းကလေးအတိုင်း ရှေ့သို့ တစ်လှမ်းချင်း လျှောက်လာခဲ့၏။

ရုတ်တရက်ဆိုသလို ကောင်းကင်ပြင်တစ်ခုလုံး ဝင်းလက်သွားလေသည်။ မိုးထစ်ချုန်းသံကြီးကလည်း ဟိန်း၍မြည်လာ၏။ ဝင်းလက်သွားသော လျှပ်ပန်း လျှပ်နွယ်များ၏ အလင်းရောင်တွင် တင်မောင်ဆွေက သူ့ရှေ့တည့်တည့် ကိုက်တစ်ရာကျော်အကွာ၌ ခြံကြီး တစ်ခြံကို တွေ့လိုက်ရသည်။

ခြံအလယ်တွင် ပျဉ်ထောင်ကာ နှစ်ထပ်အိမ်တစ်လုံး ရှိနေ၏။ အိမ်ဘေးတစ်ဖက်တစ်ချက်တွင်တော့ ခနိုမိုး ကျူဖျာကာ တဲတန်းလျားရှည်ကြီး နှစ်လုံးရှိနေ၏။ ထိုတဲတန်းရှည်များမှာ ကြက်အိမ်များပင် ဖြစ်ပေမည်။

တင်မောင်ဆွေက ထိုခြံဆီသို့ ခြေကိုဖော့နင်းလျှက် သွက်လက်စွာ လျှောက်လာခဲ့လေသည်။ ခြံတံခါးမှာ ဟောင်းလောင်းပွင့်လျက်သားရှိနေ၏။

တင်မောင်ဆွေက ခြံတံခါးဝတွင် ခေတ္တမျှရပ်ပြီး ခြံလယ်မှ အိမ်ဆီသို့ အကဲခတ်ကြည့်ရှုလိုက်သည်။

ခြံထဲတွင် ရပ်ထားသောကားဟူ၍ ဂျစ်စီးတလေမှ မတွေ့ရပေ။ သို့သော်လည်း ထိုအချက်ကို မှုသေယူ၍မဖြစ်။ ခြံထဲတွင် ကားဝှက်ထားစရာနေရာ အများအပြား ရှိနေ၏။ သူ၏တွက်ကိန်းမှန်ပါက လူသတ်ကောင် နဂါးသည် ဤနေရာသို့ ကြိုတင်ရောက်နှင့်နေရပေမည်။

အိမ်အောက်ထပ် အလယ်ခန်းဟု ယူဆရသည့်နေရာ ပြတင်းပေါက်တစ်ပေါက်တွင် မီးရောင်လင်းလျက်ရှိနေ၏။ တင်မောင်ဆွေက ကြည့်ရှုနေစဉ်မှာပင် အခြားပြတင်းပေါက် တစ်ပေါက်၌ မီးရောင်က ဖျတ်ခနဲ လင်းလာပြန်၏။ မီးရောင်အောက်တွင် အရိပ် မည်းမည်းတစ်ခုက ထင်မေါ်လာသည်။ သို့သော် ထိုအရိပ်သည် ချက်ချင်းပင် ပြန်လည် ပျောက်ကွယ်သွားပြန်၏။

တင်မောင်ဆွေက သူ့လှူဂါသေနတ်ကို ဆွဲထုတ်ကာ အိမ်ကြီးဆီသို့ ခြေလှမ်းလိုက်၏။ ထိုစဉ်မှာပင် မိုးထစ်ချုန်းသံကြီး မြည်ဟိန်းလာပြန်ကာ မိုးရေပေါက်တွေက ဝေါခနဲ သဲသဲမဲမဲကြီး သွန်းချလာလေ၏။

တင်မောင်ဆွေက မိုးရွာချလိုက်သည်ကိုပင် ကျေးဇူးတင်မိတော့သည်။ မိုးသံက သူ့လှုပ်ရှားမှုအသံတွေကို ဖုံးကွယ်ထားမည်ဖြစ်၏။

အိမ်ရှေ့သို့ သူ ရောက်သွားစဉ်မှာပင် အိမ်အပေါ်ထပ် ပြတင်းပေါက်တစ်ပေါက်၌ မီးရောင်က ဖျတ်ခနဲ လင်းလာပြန်လေသည်။ တင်မောင်ဆွေက အားတက်လာမိသည်။ ပြတင်းပေါက်တွေ တစ်ပေါက်ပြီးတစ်ပေါက်၌ မီးရောင်လင်းလာနေခြင်းသည် အိမ်ထဲ၌ လူတစ်ယောက်ရောက်နေပြီး တစ်ခန်းပြီးတစ်ခန်း လိုက်မီးဖွင့်၍ ရှာနေကြောင်းကို ညွှန်ပြနေသည်။

လူသတ်ကောင် နဂါးကတော့ အိမ်ထဲတွင် ရောက်နေပေပြီ။ ၎င်းသည် ဒီဇိုအားလိုက်၍ရှာဖွေနေခြင်း ဖြစ်၏။ တင်မောင်ဆွေ့အတွက် အချိန်ဖြုန်းနေ၍ မဖြစ်တော့။

တင်မောင်ဆွေက အိမ်ရှေ့တံခါးဆီသို့ ပြေးကပ်လိုက်သည်။ တံခါးရွက်ကို ပခုံးစောင်းဖြင့် အသာတိုက်ကြည့်လိုက်ရာ အတွင်းမှ ကလန့်ချမထားသည့်အတွက် အသာအယာပင် ပွင့်သွားလေသည်။







www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက လက်ထဲမှ လူဂါသေနတ်ကို အသင့်ချိန်ရွယ်ပြီး အိမ်တွင်းသို့ လှမ်းဝင်လိုက်၏။

အိမ်ရှေ့ခန်းသည် မှောင်မည်းလျက်ရှိနေ၏။ သို့သော် အတွင်းဘက်မှ တံခါးပေါက်တစ်ခုတွင်တော့ မီးရောင်လင်းနေ၏။ အိမ်အလယ်မှ လင်းနေသော မီးရောင်ပင်ဖြစ်ပေမည်။

ထိုမီးလင်းနေသော တံခါးပေါက်ဆီသို့ တင်မောင်ဆွေက ခြေကိုဖော့နင်းလျက် သွက်လက်စွာ လှမ်းလျှောက်ခဲ့လေ၏။

လူသတ်ကောင် နဂါးတွင် အဖော်ပါချင် ပါပေမည်။ တကယ်တော့ နဂါးဆိုသည်မှာ လူနှစ်ယောက်ပါဝင်သော အဖွဲ့တစ်ဖွဲ့ မဟုတ်ပါလား။ နဂါးအစွယ်နှင့် နဂါးလက်သည်း။ ထို့ကြောင့် တင်မောင်ဆွေက မီးလင်းနေသော အလယ်ခန်းသို့ ရုတ်တရက် လှမ်းမဝင်သေးဘဲ တံခါးအကွယ်တွင်ရပ်ကာ အခန်းတွင်းသို့ အသာခေါင်းပြူ၍ ကြည့်လိုက်၏။

အခန်းတွင်း၌ လင်းနေသော မီးရောင်မှာ မျက်နှာကြက်၌ ချိတ်ဆွဲထားသော ဓာတ်မီးချောင်းမှ ဖြစ်လေသည်။ ထိုဓာတ်မီးချောင်း၏ အောက်တွင် လူတစ်ယောက်က ငုတ်တုတ်ကလေး ထိုင်နေ၏။ ထိုလူ၏ လက်နှစ်ဖက်သည် ကုလားထိုင်ကျောမှီ၏ နောက်ဘက်တွင် ပူးတွဲလျက် ချည်နှောင်ခြင်း ခံထားနေရ၏။ ထို့အတူ ၎င်း၏ခြေထောက်နှစ်ဖက်မှာလည်း ကုလားထိုင်ခြေထောက်များတွင် နိုင်မြဲစွာ ချည်နှောင်လျက်သား ဖြစ်နေ၏။ ထိုလူ၏ဦးခေါင်းကတော့ ရှေ့သို့ စိုက်ကျလျက်ရှိနေ၏။

အခန်းထဲတွင် ထိုလူမှအပ အခြားမည်သူတစ်ယောက်ကိုမျှ တင်မောင်ဆွေက မတွေ့ရပေ။





တင်မောင်ဆွေက အခန်းထဲသို့ လှမ်းဝင်ကာ ကုလားထိုင်ပေါ်မှ လူ၏ရှေ့သို့ ချဉ်းကပ်ခဲ့၏။ ထို့နောက် စိုက်ကျနေသော ခေါင်းကို အသာပင့်၍ ကြည့်လိုက်သည်။

ထိုသူ၏ရုပ်လက္ခဏာသည် ကရင်အမျိုးသားတစ်ယောက် ဖြစ်ကြောင်းကို ဖော်ပြနေ၏။ ထို့ကြောင့် ၎င်းသည် စောကနေဒီပင် ဖြစ်ရပေမည်။ စောကနေဒီ၏ မျက်လုံးများသည် ပွင့်လျက်ရှိ၏။ သို့သော် ထိုမျက်လုံးများသည် ဘာကိုမှ မြင်နိုင်စွမ်းမရှိတော့ပေ။

စောကနေဒီသည် လူသတ်ကောင်နဂါး၏ စတုတ္ထမြောက်သားကောင် ဖြစ်ခဲ့ရလေပြီ။ သို့သော် သူ၏ကိုယ်ခန္ဓာ၌ ပါးတစ်ဖက် ညိုမည်းနေသည်မှအပ အခြားမည်သည့် ဒဏ်ရာမှ မတွေ့ရပေ။ သို့သော် သူ့နှုတ်ခမ်းတွေက ပြာမည်းလျက်ရှိနေ၏။

လူသတ်ကောင်နဂါးသည် စောကနေဒီအား အသေအချာ တုပ်နှောင်ပြီးနောက် ဇီဇီအား ဘယ်နေရာတွင် ဝှက်ထားသည်ကို မေးမြန်းခဲ့ပေလိမ့်မည်။ သို့သော် ပါးတစ်ဖက်ကိုသာ ရိုက်ရသေးသည်။ စောကနေဒီသည် နှလုံးရပ်စဲသွားခဲ့၏။ စောကနေဒီကား နှလုံးရောဂါသမားတစ်ဦး ဖြစ်ခဲ့ပေသည်။ ထို့ကြောင့်ပင် သူသည် မော်ဘီ၌ အေးအေးဆေးဆေး လာရောက် ကြက်မွေးနေထိုင်ခဲ့ခြင်းဖြစ်ပေ၏။

စောကနေဒီတွင် နှလုံးရောဂါရှိခဲ့သည်ကိုပင် တင်မောင်ဆွေက ကျေးဇူးတင်ရမလို ဖြစ်နေ၏။ အကြောင်းမူ သူသည် လူသတ်ကောင် နဂါးအား ဇီဇီ ဘယ်မှာရှိသည်ကို ဖွင့်ပြောမသွားနိုင်ခဲ့ပေ။ အကယ်၍သာ သူသည် နဂါး၏နှိပ်စက်ညှဉ်းပန်းခြင်းကို ဆက်လက်၍ခံယူခဲ့ရပါက ဇီဇီအကြောင်းကို ဖွင့်မပြောဘဲနေနိုင်ခဲ့မည်မဟုတ်ပေ။

ယခုတော့ လူသတ်ကောင်နဂါးသည် ဇီဇီ ဘယ်မှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မသိသေးပေ။ ဆက်လက်၍ ရှာဖွေလျက်ရှိနေ၏။ ယခု လောလောဆယ်ဆယ်ဆိုလျှင် နဂါးသည် အိမ်အပေါ်ထပ်တက်၍ ရှာဖွေလျက်ရှိနေ၏။

အိမ်အပေါ်ထပ်သို့တက်သော လှေကားကို တင်မောင်ဆွေက အလယ်ခန်း၏တစ်ဖက်တွင်ရှိသော တံခါးပေါက်အလွန်၌ ရှာဖွေတွေ့ရှိရလေသည်။ တင်မောင်ဆွေသည် လှေကားခြေရင်းတွင် ရပ်ကာ အပေါ်ထပ်က နဂါး၏လှုပ်ရှားသံများကို နားစွင့်နေလိုက်၏။

ဤသို့ နားစွင့်နေရာကပင် တင်မောင်ဆွေက တစ်ကိုယ်တည်း ကျေနပ်အားရစွာ ပြုံးလိုက်မိလေသည်။ နောက်ဆုံးတော့ သူသည် နယ်ချဲ့အရင်းရှင်တို့၏ လက်ကိုင်တုတ် လူသတ်ကောင်ကြီး တစ်ယောက်နှင့် ရင်ဆိုင်တွေ့ရပြန်ချေပြီ။ ဤလူသတ်ကောင်ကြီး၏ အလုပ်သည် သူ့အား ခိုင်းစေထားသော အရှင်သခင်တွေ၏ ရန်သူတွေကို မညှာမတာ သွေးအေးအေးဖြင့် သတ်ဖြတ်သုတ်သင်ဖို့ပင် ဖြစ်သည်။ ထို့အတူ တင်မောင်ဆွေ၏ အလုပ်ကလည်း ဤသို့သော ပြည်သူ့ရန်သူ အရင်းရှင် လက်ပါးစေများအား မညှာမတာ သွေးအေးအေးဖြင့် သုတ်သင်ရှင်းလင်းပစ်ဖို့ပင် မဟုတ်ပါလား။

အပေါ်ထပ်မှ လှုပ်ရှားနေသံသည် ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ လူသတ်ကောင်နဂါးသည် သူ့အလုပ်၌ အင်မတန်မှ ကျွမ်းကျင်လှပေသည်။ သူ၏အာရုံကြောများသည် အထူးကောင်းမွန်လှပုံရပေ၏။ အောက်ထပ်တွင် သူ့ရန်သူတစ်ယောက် ရှိနေကြောင်းကို သိသွားခဲ့ပေပြီ။

ထို့ကြောင့် ကိုယ့်အလုပ်တွင် အထူးကျွမ်းကျင်လှသော လူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စောင့်နေကြလေ





ပြီ။ နှစ်ယောက်စလုံးက ဘယ်သူမှမလှုပ်ရှားကြသေးဘဲ တစ်ယောက်၏အငိုက်ကို တစ်ယောက်က စောင့်နေ၏။

တစ်ယောက်ကိုတစ်ယောက် သူသေကိုယ်သေ ရင်ဆိုင်ရသည့်အခါတွင် အမှားမလုပ်မိဖို့ အရေးကြီး၏။ ကိုယ်တစ်ချက်မှားမိလျှင် ကိုယ့်အသက်ကို ပူဇော်ပြီးသား ဖြစ်သွားပေလိမ့်မည်။ ကိုယ်က လက်ဦးလျှင် ဘာမှညှာမနေဘဲ အရင်ချပစ်ရမည်ဖြစ်၏။ အကယ်၍ ညှာတာမှုပေးခဲ့လျှင် တစ်ဖက်လူက ထိုအခွင့်အရေးကို အမိအရယူကာ ကိုယ့်ကို အသေချသွားမည်ဖြစ်၏။

အရင် စတင်လှုပ်ရှားသူမှာ နဂါးဖြစ်ပေသည်။ သူသည် လူသတ်လုပ်ငန်းတွင် အင်မတန်မှ ဝါရင့်ကျွမ်းကျင်နေပြီမို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေပုံရပေသည်။ သူသည် ရိပ်ခနဲ လှေကားထိပ်တွင် ပေါ်လာ၏။ ချက်ချင်းပင် သူ၏လက်ထဲမှ ပွိုင့် ၄၅ အော်တိုမက်တစ် သေနတ်ကလည်း စကားပြောလာလေသည်။ သည်တစ်ခါတော့ သူ့သေနတ်တွင် အသံမိတ် ကိရိယာတပ်ဆင်ထားခြင်း မရှိပေ။ ထို့ကြောင့် သေနတ်သံလေးချက် ဒိုင်းဒိုင်းဖြင့် နားကွဲမတတ် မြည်ဟည်းသွားလေသည်။

နဂါးသည် လူသတ်ရခြင်းအလုပ်ကို အင်မတန်မှ နှစ်ခြိုက်နေပုံရ၏။ သူ့သေနတ်ကို လှေကားခြေရင်းဆီသို့ မှန်းဆလျက် ပူလောင်သော ထိပ်ဖူးခဲတောင့်များကို ဆက်တိုက် ပစ်လွှတ်နေစဉ်မှာပင် သူသည် သွားများ အဖွေးသားပေါ်အောင် ပြုံးရယ်လျက်ရှိနေ၏။ တင်မောင်ဆွေက လှေကားခြေရင်း တည့်တည့်တွင် ရပ်မနေဘဲ နံရံကိုကပ်၍ ရပ်နေ၍သာလျှင် တစ်ခါတည်း ဇီဝိန်ပြုတ်မသွားရခြင်း ဖြစ်၏။ သို့တိုင်အောင်ပင် ကျည်ဆန်ထိပ်ဖူး ခဲတောင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်က သူ့ပခုံးကိုရှပ်၍ မှန်သွားမိသည်။ ကျန်ကျည်ဆန်များကတော့ သူ့အား ပွတ်ကာသီကာ ကျော်ဖြတ်သွားခဲ့လေသည်။

လူသတ်ကောင် နဂါး၏ သေနတ်သံ တိတ်သွားပြီးမှပင် တင်မောင်ဆွေ၏ လူဂါသေနတ်က တစ်ချက်တည်း ပေါ်လာ၏။ သူ့လက်ထဲမှ သေနတ်လွင့်စင်ထွက်သွားသည့်အခါတွင် လူသတ်ကောင် နဂါး၏ မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားလေသည်။ သို့ရာတွင် သေနတ်ကိုပြန်ကောက်ဖို့ အချိန်ဖြုန်းမနေတော့ဘဲ တင်မောင်ဆွေက နောက်ထပ် သေနတ်မောင်းကို ဆွဲမဖြုတ်နိုင်ခင်မှာပင် လူသတ်ကောင်နဂါးသည် တင်မောင်ဆွေ့ကိုယ်ပေါ်သို့ သူ၏ကြီးမားသော ကိုယ်ခန္ဓာကြီးကို တစ်ဟုန်ထိုး ထိုးချလိုက်လေ၏။

လှေကားပေါ်မှ တစ်ဟုန်ထိုး ထိုးချလာသည့် နဂါး၏ကိုယ်ခန္ဓာကြီးအရှိန်ကြောင့် တင်မောင်ဆွေသည် လှေကားတစ်ဖက်သို့ လွင့်စဉ်ထွက်သွားလေသည်။ သူ့ကျောပြင်သည် ကြမ်းပြင်ပေါ်သို့ ပြင်းထန်သော အရှိန်ဖြင့် ဒိုင်းခနဲ ကျသွားတော့ရာ သူ့ညာလက်ထဲမှ လူဂါသေနတ်ကလည်း လွတ်ကျသွားလေတော့၏။ နဂါးက သူ့အား ဘယ်လိုမှ အချိန်မပေးဘဲ ချက်ချင်းပင် ခွစီးလိုက်ကာ သန်မာသော လက်ချောင်းများက သူ့လည်မျိုကို လာ၍ ဖျစ်ညှစ်ကြလေ၏။

တင်မောင်ဆွေ့အတွက် ဤသို့သော အနီးကပ်တိုက်ပွဲများတွင် ဝါရင့်နေ၍သာလျှင် လျှာထွက်မသေရခြင်းဖြစ်၏။ နဂါး၏ လက်ချောင်းများက သူ့လည်စေ့အား ညှစ်နေစဉ်မှာပင် သူသည် သတိမလစ်စေဘဲ နဂါး၏မိရာလက်ချောင်းတစ်ချောင်းကို လှမ်းဆွဲ လှန်ချိုးလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့ကိုယ်ကိုလည်း ကော့ထိုးလျက် ဘေးတစ်ဖက်သို့ လိမ့်ပစ်လိုက်ရာ နဂါးသည် နာကျင်စွာ





အော်ဟစ်ရင်းကပင် ဘေးတစ်ဖက်သို့ ကိုယ်ကြီးယိမ်းထိုးကျသွားလေ၏။ ဤအချိန်တွင် နဂါးနှင့် ကိုယ်ချင်းပူးသတ်၍ ရမည်မဟုတ်သည်ကို တင်မောင်ဆွေက နားလည်မိ၏။ နဂါးသည် သူ့အတွက် အရပ်အမောင်း ပိုကောင်း၏။ ဗလလည်းပိုကြီး၏။ ကိုယ်ချင်းပူးကပ်လုံးသတ်လျှင် သူသာလျှင် ခံသွားရပေမည်။ ထို့ကြောင့် နဂါးက သူ့ကိုယ်ပေါ်မှ ဘေးသို့ထိုးကျသွားချိန်တွင် တင်မောင်ဆွေက ကြမ်းပြင်ပေါ်တွင် ပက်လက်ဖြစ်နေရာကပင် သူ့ဖိနပ်ထိပ်ဦးဖြင့် မိရာကို တအားဆွဲကန်ပစ်လိုက်၏။ ဘယ်ကိုထိသွားသည်တော့မသိ။ နဂါးသည် အားခနဲအော်လိုက်ပြန်ကာ ကြမ်းပြင်ပေါ်တွင် ကုန်းကုန်းကွကွကြီး ဖြစ်နေတော့သည်။

တင်မောင်ဆွေက ရသောအချိန်ကိုယူကာ လျင်မြန်စွာ ကြမ်းပြင်ပေါ်မှထလျက် နဂါး၏မျက်နှာကို ဒူးဖြင့်တအားဆောင့်တိုက်လိုက်ပြန်၏။ နဂါး၏နှာယောင် ကောက်ကောက်ကြီးသည် သွင်သွင်ကြီး ကျိုးသွားကာ သွေးတွေက ရဲခနဲ ဖြာဆင်းကျလာ၏။

သို့သော် နဂါးသည် အင်မတန်မှ ခံနိုင်ရည်ရှိလှပေသည်။ အသတ်အပုတ်တွင်လည်း တင်မောင်ဆွေ့နည်းတူ ဝါရင့်ကျွမ်းကျင်နေပေ၏။

သူ့နှာခေါင်းတွင် တင်မောင်ဆွေ့ဒူးချက်ကို မရှုမလှ ခံယူလိုက်ရရင်းကပင် သတိမလစ်စေဘဲ တင်မောင်ဆွေ၏ ခြေထောက်နှစ်ဖက်ကို သိမ်းကျုံးဖက်၍ ဆွဲယူလိုက်ရာ တင်မောင်ဆွေသည် သူ့ကိုယ်ကို ဟန်မထားနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲပက်လက်ကြီး လဲကျသွားပြန်တော့၏။ နဂါးက နောက်တစ်ဆင့် အလုပ်ချည်ကို ကြိုတင်တွက်ထားနိုင်၍သာလျှင် သူ မခံရခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါး၏ပြင်းထန်သော အရှိန်ဖြင့်ဝင်လာသော 'ကရာတေး' လက်ဝါးစောင်းကို သူ့လည်ပင်းစောင်းတွင် မခံရဘဲ သူ့ဘယ်လက်မောင်းဖြင့် ကြားဖြတ်တားဆီး ထားလိုက်နိုင်၏။ သို့တိုင်အောင်ပင် သူ့ဘယ်လက်တစ်ခုလုံးသည် ကျင်တက်သွားကာ ဆက်လက်လှုပ်ရှား၍ မရတော့ဘဲ ရှိနေ၏။ တစ်ချိန်တည်းမှာပင် သူ၏မာကျစ်သော ညာလက်သီးကလည်း နဂါး၏လည်ဇလုတ်တည့်တည့်သို့ ထိုးမိပြီးသားဖြစ်နေ၏။

အကယ်၍ သူထိုးထည့်လိုက်သော လက်သီးသည် နဂါး၏ လည်ဇလုတ်တည့်တည့်သို့ ထိသွားပါက တိုက်ပွဲသည် ချက်ချင်းပင် ပြီးစီးသွားလိမ့်မည် ဖြစ်သည်။ သို့သော် နဂါးကလည်း လူပါးဖြစ်၏။ အရှောင်အတိမ်း လျင်မြန်၍ တင်မောင်ဆွေ၏ လက်သီးချက်သည် သူ၏ဇလုတ်ကိုမထိဘဲ လည်ပင်းစောင်းတွင် ထိသွား၏။ နောက်တစ်ခဏတွင်တော့ နဂါး၏ ကြီးမားလှသော ကိုယ်ခန္ဓာကြီးသည် တင်မောင်ဆွေ၏ ကိုယ်ပေါ်သို့ ကျရောက်လာပြန်သည်။ သူ့တံတောင်ဆစ်သည် တင်မောင်ဆွေ၏ ပါးစောင်ဆီသို့ ပြင်းထန်စွာ ကျရောက်လာသည်။ တင်မောင်ဆွေ၏ မျက်လုံးများထဲတွင် မီးပွင့်သွားတာ ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွားခဲ့၏။

သူသေလျှင် ဇီဇီလည်း သေမည်။ နယ်ချဲ့လက်ပါးစေ လူသတ်ကောင်ကြီးကိုလည်း ဘယ်လိုမှ သုတ်သင်ရှင်းလင်းနိုင်မည် မဟုတ်ဟူသော အသိကသာလျှင် သူ့အား ကယ်တင်လိုက်ပေသည်။ လစ်သွားတော့မည့်ဆဲဆဲ သတိကို ပြန်လည်ကြိုးစားဖမ်းယူ ထိန်းချုပ်လိုက်ရင်းက သူ့ဒူးတစ်ဖက်ကို နဂါး၏ ပေါင်ကြားခွဆုံထဲသို့ တအားပင့်တင်လိုက်လေသည်။





ဒီတစ်ချီတွင်တော့ နဂါးသည် အငိုက်ခံလိုက်ရသည်။ စူးရှသော အသံကြီးဖြင့် အော်ဟစ်လိုက်ကာ တင်မောင်ဆွေ့ကိုယ်ပေါ်မှ ဘေးသို့ ထိုးကျသွားပြန်သည်။

ထို့နောက် ပေါင်ကြားခွဆုံကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ထားရင်းက တအီးအီးအသံထွက်အောင် ညည်းနေလေသည်။ တင်မောင်ဆွေကလည်း ခေါင်းထဲ၌ ဝေတေတေ ဖြစ်နေရာကပင် ကြိုးစား၍ ကုန်းထလိုက်သည်။ သူ့ဘယ်လက်ကား နဂါး၏ကရာတေး လက်ဝါးစောင်းဒဏ်ကြောင့် လုံးဝ လှုပ်ရှား၍ မရသေးပေ။ ထို့ကြောင့် သူ့ညာလက်သီးကိုသာ တစ်လုံးပြီးတစ်လုံး နဂါး၏မျက်နှာတွင်းသို့ လေးငါးချက် ဆက်တိုက် ပစ်သွင်းလိုက်လေသည်။

တင်မောင်ဆွေ၏ လက်သီးငါးချက်မျှ သူ့မျက်နှာတွင် အမိခံလိုက်ရသည့်နောက်၌ နဂါးသည် ကုန်းကုန်းကွကွကြီး ဖြစ်နေရာက ကြမ်းပြင်ပေါ်သို့ ဖြည်းညင်းစွာ ပက်လက်လန်ကျသွား၏။ တင်မောင်ဆွေက ချက်ချင်းပင် ရင်ဘတ်ပေါ်သို့ ခွစီးကာ ညာလက်ဖြင့် ၎င်း၏ဆံပင်ကိုဆွဲယူပြီး နောက်စေ့ကို ကြမ်းပြင်ပေါ်သို့ တစ်ချက်ပြီးတစ်ချက် ဆွဲဆောင့်လိုက်ပြန်၏။ စိတ်ရှိလက်ရှိ လေးငါးချက်မျှ ဆောင့်မိသောအခါ နဂါးသည် လုံးဝ မလှုပ်တော့ပေ။ စိတ်ချရအောင် နောက်တစ်ချက် ဆောင့်ထည့်လိုက်ပြီးမှ နဂါး၏ကိုယ်ပေါ်မှ ဒယိမ်းဒယိုင် ပြန်ထလိုက်၏။

သူ့ခေါင်းသည် ပြန်၍ကြည်လင်လာပြီ ဖြစ်သည်။ သို့ရာတွင် သူ့ဘယ်လက်က လှုပ်၍မရသေး။ နဂါး၏ သေနတ်ကျည်ဆန် ရှပ်မှန်ထားသော ဘယ်ပခုံးစွန်းကလည်း ယခုမှ ပူစပ်စပ်ဖြစ်နေသည်။ ဘယ်လက်မောင်းကြားနှင့် နံစောင်းတွင် စေးကပ်ကပ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



၍လည်း ဒဏ်ရာမှသွေးတွေကျဆင်းခဲ့ကြောင်း သူက ယခုမှ သတိပြုမိသည်။

တင်မောင်ဆွေက နံရံတွင် စမ်းသပ်ရှာဖွေကာ ဓာတ်မီးခလုတ်ကို နှိပ်လိုက်ရာ လှေကားထိပ် မျက်နှာကြက်ဆီမှ လေးဆယ်အား ဓာတ်မီးတစ်ပွင့်က ဝါထိန်စွာ လင်းလာသည်။ ဓာတ်မီးရောင်အောက်တွင် တင်မောင်ဆွေက လွှတ်ကျသွားခဲ့သော သူ့သေနတ်ကို ပြန်လည်ရှာဖွေ ကောက်ယူပြီး ပခုံးစလွယ်အိတ်ထဲတွင် ထိုးထည့်လိုက်သည်။ ထို့နောက် နဂါးကို စစ်ဆေးကြည့်ရှုပြန်သည်။

နဂါးသည် လုံးဝ မလှုပ်မရှားနိုင်တော့သော်လည်း အသက်က ရှူနေသေးပေသည်။ ကြမ်းပြင်နှင့်ဦးခေါင်း အဆောင့်ခံထားရသော ဒဏ်ချက်ကြောင့် သတိလစ်သွားခြင်း ဖြစ်လေသည်။

အမှန်တော့ နဂါးသည် ကုလားတစ်ယောက်သာ ဖြစ်လေသည်။ သို့သော်လည်း နယ်ချဲ့လက်ပါးစေ လူသတ်ကောင်၊ တင်မောင်ဆွေ သိထားရသမျှ သူသည် လူလေးယောက်ကို ရက်စက်စွာ သတ်ပြီးခဲ့လေပြီ။ ပထမ ချစ်လှ၊ ဒုတိယ စာအုပ်ပိုင်ရှင် အဘိုးကြီး၊ တတိယ မွတ်တားဘလွှင်နှင့် ယခုနောက်ဆုံး ဓောကနေဒီ၊ အခြား ဘယ်နှယောက်ကို သတ်ပြီးခဲ့သည်ကိုတော့ တင်မောင်ဆွေ မသိ၊ ဖိုဖိုကိုသာ သူက ရှာဖွေတွေ့ခဲ့ပါက သတ်ဦးမည်ဖြစ်သည်။

တင်မောင်ဆွေက သူ့လူဂါသေနတ်ကို ဆွဲထုတ်ကာ နဂါး၏ နားထင်တွင် ပြောင်းဝကို တေ့လိုက်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို ညင်သာစွာချလျက် သေနတ်ကို ပခုံးစလွယ်အိတ်ထဲသို့ ပြန်ထိုးထည့်လိုက်၏။

တကယ်တော့ သူသည် လူသတ်သမားမဟုတ်၊ ပြည်သူတွေ၏ ဘက်တော်သား တိုက်ခိုက်ရေးသမားတစ်ဦးသာ ဖြစ်၏။ လူသက်ကောင် နဂါးအား တရားဥပဒေအရ စစ်ဆေးပြီး ကြိုးစင်တင်၍ ကွပ်မျက်ပစ်ခြင်းသာလျှင် ၎င်းအတွက် ထိုက်တန်သော အပြစ်ဒဏ် ဖြစ်ပေသည်။ နယ်ချဲ့အရင်းရှင်တွေလည်း တခြားတိုင်းပြည်တွေ၌ ဝင်ရှုပ်၊ ဝင်မွှေ၊ ဝင်နှောက်၍ ရချင်ရမည်ဖြစ်သော်လည်း ၎င်းတို့၏ လက်အောက်မှ သွေးဖြင့်ရင်းလျက် ရုန်းထွက်လွတ်မြောက်ခဲ့ပြီး နောက်ထပ်လောင်းရိပ်မမိစေရန် အမျိုးသားစိတ်ဓာတ်အပြည့်နှင့် ဆိုရှယ်လစ် အသိရှိနေသော မြန်မာပြည်တွင်တော့ နည်းနည်းကလေးမှ ရမည်မဟုတ်သည်ကို ဤနည်းဖြင့်သာ အကောင်းဆုံးပြရပေမည်။

တင်မောင်ဆွေက နဂါး၏ကိုယ်ခန္ဓာတွင် အနှံ့အပြား ရှာဖွေကြည့်ရှုသည်။ ၎င်း၏ကုတ်အင်္ကျီအတွင်းအိတ်ကပ်ထဲတွင် မြနေသော သင်တုန်းဓားတစ်ချောင်းကို တွေ့ရသည်။ ဤသင်တုန်းဓားဖြင့်ပင် ၎င်းသည် စာအုပ်ဆိုင်ရှိ အဘိုးကြီးကိုလည်းကောင်း၊ မွတ်တားဘလွှင်ကိုလည်းကောင်း သတ်ပစ်ခဲ့ခြင်း ဖြစ်ပေမည်။

နောက်ထပ် စိတ်ဝင်စားစရာဆို၍တော့ ငွေတစ်ထောင်ကျော်နှင့် စာတစ်စောင်ကိုသာ တင်မောင်ဆွေက တွေ့ရ၏။ စာမှာ အင်္ဂလိပ်လိုရေးထားကာ အပြစ်တင်ကြိမ်းမောင်းထားသော စာဖြစ်နေ၏။ လက်မှတ်ထိုးထားသည်က Claw (လက်သည်း)ဟူ၍ဖြစ်၏။

တင်မောင်ဆွေက ထိုစာကိုဖတ်ပြီးနောက် သူသည် နယ်ချဲ့အရင်းရှင်တို့၏ ရန်သူသုတ်သင်ရေးအဖွဲ့(ဝါ) လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့ဖြစ်သော နဂါးအဖွဲ့၏ အစွယ်ကိုသာ ချိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိလာရ၏။ နဂါး၏လက်သည်းကတော့ ကျန်နေသေးပေ၏။

နဂါးလက်သည်းသည် ဘယ်သူများဖြစ်လိမ့်မည်နည်း။





စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com



နဂါးလက်သည်း ရှိနေသေးသရွေ့ နယ်ချဲ့သူလျှိုအဖွဲ့ကြီးမှူးကို သတ်ကာ သူလျှိုစာရင်းအပြည့်အစုံကို ခိုးယူပြန်ပြေးလာခဲ့သူ ဓိဓိ၊ သူ့လက်ထောက် ဂျင်မီစမတ်၏ ချစ်သည်းဓိဓိ၏ အသက်အန္တရာယ်ကို စိတ်ချရဦးမည် မဟုတ်ပေ။

တင်မောင်ဆွေက နဂါးလက်သည်း၏စာကို နောက်တစ်ကြိမ် ထပ်မံ၍ စိတ်ဝင်စားစွာ ဖတ်ပြန်သည်။ ပြီးနောက် ခေါင်းကိုဖြည်းလေးစွာညိတ်ကာ စာကိုသူ့ဂျာကင် အင်္ကျီအတွင်းအိတ်ထဲတွင် ထည့်သိမ်းထားလိုက်သည်။

ထိုစဉ် နဂါးသည် အင်းခနဲညည်းလိုက်ကာ လွန့်လူးလှုပ်ရှားလာသည်။ တင်မောင်ဆွေက လူကြီးလူကောင်းဆန်၍မနေ၊ သူ့တွင် ညှာတာစရာ အကြောင်းက ဘာမှမရှိ၊ ညာခြေထောက်ကို လွဲကာ နဂါး၏ မေးရိုးကို ဖိနပ်ဦးဖြင့် ခပ်ဆတ်ဆတ် ကန်ထည့်လိုက်သည်။ နဂါးသည် ငြိမ်ကျသွားပြန်လေ၏။

တင်မောင်ဆွေက နဂါးကိုထားခဲ့ကာ တစ်အိမ်လုံးအနှံ့လိုက်၍ ရှာဖွေကြည့်ပြန်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။ အကယ်၍ ဓိဓိသည် စောကနေ့ဒီထံရောက်ခဲ့ပါက ၎င်းသည် ဓိဓိအား တခြားတစ်နေရာတွင် ဝှက်ထားပေလိမ့်မည်။ ဘယ်နေရာတွင် ဝှက်ထားသည်ကို စောကနေ့ဒီခမျာလည်း ပြောပြနိုင်တော့မည်မဟုတ်ပေ။

သို့ရာတွင် ဓိဓိသည် မိမိ နဂါးအဖွဲ့ကို သုတ်သင်ရှင်းလင်းပစ်လိုက်နိုင်ပြီဖြစ်ကြောင်းကို သိရပါက သူမ ပုန်းအောင်းနေရာမှ ထွက်လာလိမ့်မည် ဖြစ်၏။ အရေးကြီးသည်က ကျန်ရှိနေသေးသော နဂါးလက်သည်းကို ရှာပစ်ဖို့ဖြစ်သည်။

နဂါးလက်သည်း မည်သူမည်ဝါ ဆိုတာကိုလည်း နဂါး





အစွယ်၏ ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ရှာတွေ့ရသော နဂါးလက်သည်း၏စာအရ တင်မောင်ဆွေက တွေးကြည့်နိုင်ပြီဖြစ်၏။

တင်မောင်ဆွေက သတိလစ်နေသေးသော နဂါးအစွယ်ကုလားကြီးထံသို့ ပြန်လာခဲ့သည်။ သူ့တွင် အိမ်နောက်ဖေးက ရှာတွေ့လာသော ကြိုးခွေတစ်ချောင်းပါလာသည်။ ပထမဦးစွာ သူက နဂါး၏ကိုယ်မှ အဝတ်အစားတွေအားလုံး ချွတ်ပစ်လိုက်သည်။ ပြီးမှ ခြေထောက်နှစ်ချောင်းကို စတင်၍ပူးသီကာ လက်နှစ်ဖက်ကိုလက်ပြန်ကြိုးတုပ်ပြီး လည်ပင်းတွင် ကြိုးကွင်း ကွင်းလျှောလုပ်၍ စွပ်ထားလိုက်သည်။ ဤကြိုးချည်နည်းကား စိတ်အချရဆုံးဖြစ်သည်။ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့်တစ်ပြိုင်နက် လည်ပင်းတွင်စွပ်ထားသောကြိုးကွင်းက တင်းသွားကာ ဆက်၍လှုပ်ရှားပါက လည်ပင်းအစ်ပြီး အသက်ရှူမွန်းလျက် နောက်ဆုံးတွင် အသက်ပါ ထွက်သွားလိမ့်မည်သာ ဖြစ်၏။

အပြင်ဘက်တွင် သဲသဲမဲမဲရွာနေသောမိုးသည် စဲစပြုနေပြီဖြစ်၏။

တင်မောင်ဆွေသည် စောကနေ့ဒီ၏ အလောင်းကြီး ငုတ်တုတ်ရှိနေရာ ကုလားထိုင်သို့ လျှောက်လာခဲ့သည်။ ပြီးလျှင် အသက်မရှိတော့သည့် စောကနေ့ဒီ၏ ပခုံးတစ်ဖက်ကို သူက ညင်သာစွာဆုပ်ကိုင်လိုက်သည်။

'ဝမ်းနည်းပါတယ် စောကနေ့ဒီ၊ ခင်ဗျားဟာ ကိုယ့်ရောဂါကြောင့် တစ်ကိုယ်တည်း အေးအေးဆေးဆေး နေခဲ့ပေမယ့် နောက်ဆုံးတော့ နယ်ချဲ့ပယောဂကြောင့် ကိုယ့်အသက်ကို ပေးခဲ့ရပါပြီ။ နယ်ချဲ့အရင်းရှင်တွေရှိနေသရွေ့ ခင်ဗျားလို အသက်ပေးရမယ့် လူတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိနေဦးမှာပဲ၊ တစ်ခုတော့ ရှိတယ်ပေါ့ဗျာ၊ ကျန်ခဲ့တဲ့လူတွေက နယ်ချဲ့အရင်းရှင်တွေကို တိုက်ပြီး ခင်ဗျားတို့အတွက် လက်စားချေရမှာပဲ'

စောကနေဒီကတော့ ဘယ်လိုမှ ပြန်ကြားနိုင်ခြင်း မရှိရှာတော့ချေ။ နယ်ချဲ့အရင်းရှင်တွေရဲ့ သားကောင်တစ်ဦးကိုး။

မှန်ပေသည်။ ကမ္ဘာပေါ်တွင် နယ်ချဲ့အရင်းရှင်တွေ ရှိနေသရွေ့ ဘယ်သူတွေမှ အေးအေးဆေးဆေး နေ၍ရမည် မဟုတ်ပေ။

နယ်ချဲ့အရင်းရှင်စနစ်၏ အစွန်ဆုံးဖြစ်သော ဖက်ဆစ်နာဇီစနစ်ကြောင့် ဒုတိယကမ္ဘာစစ်ကြီး ပေါက်ကွဲဖြစ်ပေါ်လာကာ လူတွေ သန်းချီ၍ သေခဲ့ရ၏။ သို့သော် နယ်ချဲ့အရင်းရှင်စနစ်ကား အမြစ်ပြတ်၍ မသွားခဲ့။ ရန်းကန်တိုးတက်လာသော ကမ္ဘာ့ပြည်သူလူထုကို အသွင်အမျိုးမျိုးနှင့် ဖိနှိပ်ချုပ်ချယ်ရန် ကြိုးစားခဲ့၊ ကြိုးစားဆဲသာ ရှိနေ၏။

ကိုရီးယားတွင် နယ်ချဲ့ဝင်နှောက်သဖြင့် ပြည်တွင်းစစ်ကြီး ဖြစ်ပွားကာ လူတွေထောင်ချီ၍ သေကြပြီး မြို့တွေ၊ ရွာတွေ ကျေပြုန်းကာ အမျိုးသားညီညွှတ်ရေး ပြိုကွဲခဲ့ရ၏။ ယခုလောလောဆယ်တွင်တော့ ဗီယက်နမ် ပြည်သူလူထုသည် နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေ စစ်တပ်တွေနှင့် အသေအကြေ တိုက်ပွဲဝင်နေရပေသည်။

ဤကား နယ်ချဲ့အရင်းရှင်တွေ၏ အတင့်ရဲ ဖြောင်ကျလွန်းသော မွှေနှောက်မှုတွေကလည်း ရှိနေသေးသည်။ နယ်ချဲ့အရင်းရှင်၏ ကောက်ကျစ်စဉ်းလဲသော အန္တရာယ်ကို ကမ္ဘာပြည်သူလူထုအပေါင်းက အမြဲတမ်းသတိရှိစွာ တိုက်ဖျက်ပစ်ရမည်သာ ဖြစ်ပေ၏။

တင်မောင်ဆွေမှာလည်း ထိုအသိကို စွဲစွဲမြဲမြဲဆုပ်ကိုင်ကာ





သူ့နေရာနှင့်သူ၊ သူတတ်နိုင်သည့်ဘက်မှ တိုက်ပွဲဝင်နေခြင်းသာ ဖြစ်လေသည်။ ဆက်လက်၍လည်း ခိုင်မြဲစွာသာ တိုက်ပွဲဝင်ဦးမည်သာတည်း။

အိမ်ရှေ့ခန်းထဲတွင် တင်မောင်ဆွေက တယ်လီဖုန်းရှာဖွေတွေ့ရသည်။

တင်မောင်ဆွေက ဦးထွန်းညွန့်ပေးထားသည့် ၄င်း၏နေအိမ်တယ်လီဖုန်းနံပါတ်ကို ဒုင်ခွက်တွင် လှည့်လိုက်သည်။ ခေါင်းလောင်းမြည်သံ သုံးချက်အပြီးတွင် တစ်ဖက်မှတယ်လီဖုန်းကို ကောက်ယူ၍ ထူးလိုက်လေသည်။ ဦးထွန်းညွန့်၏ အသံပင်ဖြစ်လေ၏။

'ဦးထွန်းညွန့်၊ တင်မောင်ဆွေလေ'

'ကိုတင်မောင်ဆွေ၊ အကြောင်းထူးပြီလား'

ဦးထွန်းညွန့်၏ အသံမှာ မျှော်လင့်ချက်အပြည့် ဖြစ်နေသည်။ တင်မောင်ဆွေက တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။

'ခင်ဗျားလိုချင်တဲ့လူကို ကျွန်တော် ရထားပြီလေ၊ ခင်ဗျား ကျွန်တော့်ကို မှာထားသလိုပဲ၊ သူဟာ အသက်ရှင်လျက်ပါပဲ'

ဦးထွန်းညွန့်ဖက်မှ စက္ကန့် (၃၀)မျှ တိတ်ဆိတ်သွားလေသည်။ ဦးထွန်းညွန့်သည် သူ့ပုံစံအတိုင်း တည်တည်ငြိမ်ငြိမ် ဖြစ်စေရန် သူ့စိတ်ကို ကြိုးစား၍ ချုပ်တီးထားနေကြောင်း တင်မောင်ဆွေက ရိပ်မိလိုက်၏။

ပြီးမှ ဦးထွန်းညွန့်၏အသံက တည်ငြိမ်စွာပင် ထွက်ပေါ်လာသည်။

'ကျုပ်တူကို သတ်ခဲ့တဲ့လူနော်'

'ဟုတ်ပါတယ်၊ သူ့ကို နဂါးအစွယ်လို့ခေါ်တယ်၊ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ရင်းက အာမက်ပတေးတဲ့၊ ဘာပဲဖြစ်ဖြစ် ခင်ဗျား သူ့ကို ကြိုးစင်တင်နိုင်အောင် သူ လောလောဆယ်ဆယ် သတ်ထားတဲ့ အလောင်းနဲ့အတူ ကျွန်တော်က သူ့ကို ခင်ဗျားဆီ အပ်ပါတယ်'

'ကျေးဇူးတင်ပါတယ် ကိုတင်မောင်ဆွေ'

ဦးထွန်းညွန့်၏အသံမှာ တယ်လီဖုန်းထဲ၌ပင် လှိုက်လှိုက်လှဲလှဲ ရှိလှ၏။

'ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ၊ ကျွန်တော်ဟာ တာဝန်တစ်ရပ် ထမ်းဆောင်ခဲ့တာပဲ'

'ထားပါတော့လေ၊ သူက အခုဘယ်မှာလဲ'

ဤတွင် တင်မောင်ဆွေက မော်ဘီမှ စောကနေ့ဒီ၏ ကြက်ခြံသို့လိုက်လာရန် အတိအကျ လမ်းညွှန်လိုက်သည်။ ပြီးလျှင် အေးကျော်အား သူပြောပြခဲ့သည့် အကြောင်းအရာများကို အစုံအလင် ပြန်လည်ပြောပြလိုက်ပြန်၏။ ဦးထွန်းညွန့်က သူ ပြောပြသမျှကို စိတ်ဝင်စားစွာဖြင့် တအင်းအင်းအသံပြုရင်း နားထောင်ခဲ့လေသည်။

တင်မောင်ဆွေက ပြောစရာရှိသမျှကို ပြောပြပြီးသည့် အဆုံးတွင် အေးကျော်နှင့် ကိုသောင်းဖေအား အကြောင်းကြားပေးရန် ဆက်လက်မှာကြားလိုက်၏။

ဦးထွန်းညွန့်က အကြောင်းကြားပေးပါမည်ဟု ကတိပေးလိုက်ပြီးနောက် မေးခွန်းတစ်ခု ပြန်ထုတ်လိုက်၏။

'ကျုပ်ကိစ္စကတော့ ပြီးသွားပါပြီ ကိုတင်မောင်ဆွေ၊ ခင်ဗျားကိစ္စကကော ခင်ဗျားရဲ့ဇီဇီကို ရှာတွေ့ပြီလား'

'ဒီကိစ္စကလည်း သိပ်အရေးကြီးတော့ပါဘူး၊ တကယ်တော့ ကျွန်တော်ဟာ တော်တော်ကို ထူခဲ့တာပဲ၊ တကယ်လို့ ကျွန်တော်သာ





မထူခဲ့ရင် စောစောက စဉ်းစားမိခဲ့ရင် တာအုပ်ဆိုင်ရှင် အဘိုးကြီးကော၊ မွတ်တားဘလွင်ကော၊ စောကနေ့ဒီကော အသတ်ခံခဲ့ရမှာ မဟုတ်ပါဘူး၊ ဒီအတွက် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ ဆုံးနိုင်မှာ မဟုတ်ပါဘူး၊ ဇီဇီ ဘယ်မှာရှိတယ်ဆိုတာကို ကိုချစ်လှက ကျွန်တော့်ကို ပြောမပြနိုင်ခဲ့ပေမယ့် အရှင်းဆုံးသဲလွန်စကို ပေးသွားခဲ့တာပဲ'

'ကိုတင်မောင်ဆွေ၊ ခင်ဗျားလည်း လူပဲဗျာ၊ ဘယ်မှာ အရာရာမှာ ပြည့်စုံနိုင်မှာလဲ၊ ချို့ယွင်းချက်ဆိုတာ လူတိုင်းမှာ ရှိတာပါပဲ'

'ထားပါတော့လေ… ကျွန်တော့်မှာ တာဝန်တစ်ခု ကျန်နေသေးတယ်'

'ဘာတာဝန်လဲဗျာ'

'နဂါးကို သတ်ဖို့တာဝန်လေ'

'နို့… ခင်ဗျား အခုပဲ နဂါးကိုမိခဲ့ပြီဆို'

'နဂါးတစ်ကောင်လုံး မိသေးတာ မဟုတ်ပါဘူး၊ နဂါးအစွယ်ကိုပဲ မိသေးတာပါ၊ နဂါးလက်သည်းက ကျန်သေးတယ်'

'နဂါးလက်သည်း ဟုတ်လား၊ သူက ဘယ်သူလဲ'

'နောက်ကျတော့ ခင်ဗျား သိရမှာပေါ့ဗျာ'

'ကိုတင်မောင်ဆွေ နေဦးဗျ၊ ခင်ဗျား ကျုပ်တို့ ရောက်လာအောင် စောင့်ပါဦးလား'

'ဆောရီးပဲ ဦးထွန်းညွန့်၊ နောက်တော့မှ ခင်ဗျားနဲ့ ကျွန်တော် လာတွေ့ပါ့မယ်'

တင်မောင်ဆွေက ဦးထွန်းညွန့် ဘာမှပြန်၍ စောဒကမတက်နိုင်မီ တယ်လီဖုန်းကို ပြန်ချလိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်နှစ် -

မြေနီလမ်းကလေးထဲ၌ ထားခဲ့သော သူ့ကားဆီသို့ တင်မောင်ဆွေက လေးတွဲ့သော ခြေလှမ်းများဖြင့် ပြန်လျှောက်ခဲ့လေသည်။ သူ့တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲလျက်ရှိနေ၏။ သူ့ခေါင်းကလည်း နောက်ကျုံနေ၏။

သူ့ခေါင်းထဲမှ အတွေးတွေက သူ့ခေါင်းကို နောက်ကျုံနေစေခြင်း ဖြစ်၏။ နဂါးလက်သည်းသည် သူ့စိတ်အာရုံကို လွှမ်းမိုးထားနေ၏။

နဂါးအစွယ်ကို သူက ချိုးနိုင်ခဲ့ပြီဖြစ်သော်လည်း နဂါးကိုတော့ သူက လုံးဝအပြီးအပိုင် သုတ်သင်ရှင်းလင်းနိုင်ခြင်း မရှိသေးပေ။ နဂါးလက်သည်း ရှိနေသေးသရွေ့ နဂါးကတော့ ရှိနေဦးမည်သာဖြစ်၏။ နဂါးရှိနေသေးသရွေ့ ဇီဇီ၏ အသက်အန္တရာယ်သည်လည်းကောင်း၊ မိမိ၏အသက်အန္တရာယ်သည်လည်းကောင်း ဘယ်လိုမှ စိတ်ချနိုင်ဦးမည် မဟုတ်ပေ။





တင်မောင်ဆွေက သူ့ကားကို လမ်းကြားကလေးမှနေ၍ ကားလမ်းမကြီးသို့ မောင်းခဲ့ပြီးနောက် ခပ်ဖြည်းဖြည်းပင် ရန်ကုန်ဘက်သို့ ဦးတည်လျက် ဆက်လက်မောင်းနှင်ခဲ့လေသည်။ နဂါးလက်သည်းကို ဖော်ထုတ်ရန်မှာ အရေးတကြီး ပြဿနာတစ်ခု မဟုတ်ပေ။ နဂါးလက်သည်းသည် ဘယ်ကိုမှ ထွက်ပြေးသွားလိမ့်မည် မဟုတ်ပေ။ သူ့အဖော် နဂါးအစွယ်အား မိမိက ဖမ်းဆီးရမိပြီဆိုသည်ကိုလည်း သူက ဘယ်လိုမှ သိနိုင်လိမ့်ဦးမည်မဟုတ်ပေ။

မင်္ဂလာဒုံသို့ရောက်သည့်အခါတွင် အရှေ့ကောင်းကင်ပြင်၌ ရောင်နီ စို့တက်စပြုနေပြီဖြစ်၏။

တင်မောင်ဆွေက လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့တွင် သူ့ကားကို ထိုးရပ်ပြီးနောက် ဆိုင်ထဲသို့ လျှောက်ဝင်ခဲ့၏။ မိုးလင်းခါစဖြစ်၍ ဆိုင်ထဲတွင် ဆိုင်ရှင်နှင့် အလုပ်သမားနှစ်ယောက်မှလွဲ၍ မည်သူမျှ မရှိသေးပေ။ ဆိုင်ထဲမှ လူတွေက သူ့အား အထူးအဆန်းသဖွယ် ကြည့်ရှုနေကြမှပင် တင်မောင်ဆွေက သူ့ရုပ်အသွင်အပြင်ကို ပြန်၍သတိပြုမိ၏။ သူ့ပါးတစ်ဖက်သည် နဂါးအစွယ်၏ ကရာတေးဒဏ်ချက်ကြောင့် ရောင်ကိုင်း ညိုမည်းနေ၏။ သူ့ဘယ်ဘက်ပခုံးစွန်းမှာလည်း သွေ့ခြောက်ကုန်ပြီဖြစ်သော သွေးတွေဖြင့် စိုကွက်နေ၏။ သူ့အဝတ်အစားတွေကလည်း ဖုန်တွေလူးလျက် ညစ်ပေနွမ်းကြေနေ၏။

တင်မောင်ဆွေက ခပ်တည်တည်ပင် ကော်ဖီကျကျ တစ်ခွက်နှင့် နံပြားထောပတ်သုတ်တစ်ချပ် မှာလိုက်သည်။ ထိုအဟာရတို့ဖြင့် သူ၏ကုန်ခန်းခဲ့သော အင်အားများကို ပြန်လည်ဖြည့်တင်းပြီးနောက် လက်ဖက်ရည်ကြမ်း ဆက်သောက်ရင်းက စားပွဲတွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ထိုင်ကာ စဉ်းစားခန်းဝင်နေလိုက်ပြန်သည်။

ယခုဆိုလျှင် ဦးထွန်းညွန့်၊ ကိုသောင်းဖေနှင့် အေးကျော်တို့သည် စာကနေဒီ၏ ကြက်ခြံသို့ ရောက်နေပေတော့မည်။ လမ်းတွင် သူတို့ကားတွေနှင့် ပက်ပင်းမဆုံမိစေရန် သူက ထောက်ကြံ့မြို့သို့ ဝင်နိုခဲ့ရသေးပေ၏။

ကိုသောင်းဖေကြီးကတော့ သူ့အား ဒေါဖောင်းနေမည်မှာ အမှန်ပင်ဖြစ်၏။ ဒါပေမဲ့လည်း သူ့အတွက်တော့ ရိုးနေပြီဖြစ်၏။ ကိုသောင်းဖေအား ဘာမပြော ညာမပြောဖြင့် လူသတ်တရားခံကို သူက အပ်ခဲ့ပေါင်းများလှပေပြီ။

ယခုလည်း နဂါးအစွယ်ဟု ခေါ်သော လူသတ်ကောင် အာမက်ပတေးအား သူက ကိုသောင်းဖေ၏ လက်ထဲသို့ ဝကွက်၍ အပ်ခဲ့ပြန်ပြီ။

သက်သေခံ အထောက်အထားအဖြစ်နှင့် စာကနေဒီ၏ အလောင်းကို သူက ထားခဲ့၏။ ထို့အပြင် လူသတ်ကောင် အသုံးပြုခဲ့သော သေနတ်နှင့် သင်တုန်းဓားကိုလည်း သူက ထားခဲ့ပြန်သည်။ သေနတ်ကိုစစ်ကြည့်လျှင် ချစ်လှအား ပစ်သတ်ခဲ့သော သေနတ်ပင် ဖြစ်မည်ကို ကိုသောင်းဖေက တွေ့ရပေမည်။ သင်တုန်းဓား၌လည်း သွေးစသွေးနများ ကျန်ရစ်ခဲ့ပေမည်။ ယခုခေတ်၏ လောကဓာတ်သိပ္ပံနည်းအရ စာတ်ခွဲကြည့်ရှုပါက ထိုသင်တုန်းဓားသည် လူသတ်ခဲ့သော လက်နက်တစ်ရပ်ဖြစ်မည်ကို စစ်ဆေးတွေ့ရှိလိမ့်မည်သာ ဖြစ်လေ၏။

နဂါးအစွယ်ကတော့ တကယ်ပင် ကျိုးသွားခဲ့ပေပြီ။ အရေးကြီးသည်က နဂါးလက်သည်းကိုပါ ချွတ်ခွာပစ်ဖို့ ဖြစ်၏။





တင်မောင်ဆွေက သက်ပြင်းတစ်ချက်ချလိုက်ကာစီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ သူ့အား စိတ်ဝင်စားစွာ တစေ့တစောင်းကြည့်နေသော လက်ဖက်ရည်ဆိုင်ထဲမှ လူတွေကို လုံးဝ ဂရုမစိုက်ဘဲ ကော်ဖီတစ်ခွက် ထပ်မှာလိုက်ပြန်၏။ သူ့အတွေးတွေက နဂါးလက်သည်းဆီမှနေ၍ ဇီဇီနှင့် သူ့မအား အသက်ပေး၍ချစ်သော ဂျင်မီစမတ်ထံသို့ ရောက်သွားပြန်သည်။

ဂျင်မီသည် ဇီဇီသေပြီဟူသော ထင်မှတ်ချက်ဖြင့် အရက်ဖိသောက်ကာ ကိုယ့်ကိုယ်ကိုယ်ညှဉ်းဆဲခဲ့သည့်ဒဏ်ကြောင့် ယခုအချိန်တွင် ဆေးရုံ၌ ရောဂါပေါင်းစုံဖြင့် ပက်လက်ဖြစ်နေ၏။ ထို့ကြောင့်ပင် ဇီဇီ အသက်ရှင်လျက်ရှိသေးသည်ဟု သူက ချစ်လှထံမှ သိရသည့်အခါတွင် ဂျင်မီ့ထံသွား၍ အကြောင်းကြားကာ ဇီဇီ့အား ဆေးမသိရန်မခ ရှာဖွေပြီးလျှင် ဂျင်မီ၏လက်ထဲသို့ ပြန်အပ်ပါမည်ဟု ကတိစကားပြုခဲ့၏။

သူ့ကတိစကားအတိုင်း ဇီဇီ့အား ဂျင်မီ့လက်ထဲသို့ မအပ်နိုင်သေးစေကာမူ ဇီဇီ၏အသက်အန္တရာယ်ကို အကြီးမားဆုံး ခြိမ်းခြောက်လျက်ရှိသော လူသတ်ကောင် နဂါးအစွယ်ကိုတော့ သူက အချိန်မီဖမ်းဆီးနိုင်ခဲ့ပြီဖြစ်၏။ ဇီဇီ့အား ဘယ်နေရာတွင် ရှာဖွေတွေ့ရှိနိုင်မည့်နည်းလမ်းကိုလည်း သူက သိထားပြီးဖြစ်သည်။

ဇီဇီ့အားတွေ့ရသည့်နောက်တွင် သူမထံ၌ရှိနေသော နယ်ချဲ့သူလျှိုစာရင်းကို သူက ရပေမည်။ ဤစာရင်းရလျှင် နယ်ချဲ့အန္တရာယ်ကို ကွက်ကွက်ကွင်းကွင်း သိရှိရကာ လိုအပ်သော ကာကွယ်မှုများကို စီမံပြုလုပ်နိုင်ပေလိမ့်မည်။

အထူးသဖြင့် ဤစာရင်းကို လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့မိတ်ဆွေကြီး ဦးဘငြိမ်းက အထူးစိတ်ဝင်စားလိမ့်မည် ဖြစ်၏။ လိုအပ်သော အစီအစဉ်များကို သူက ပြုလုပ်လိမ့်မည်ဖြစ်၏။ အနည်းဆုံးတော့ ပြည်ထောင်စုမြန်မာပြည်အတွက် နယ်ချဲ့သူလျှိုတွေ၏ အန္တရာယ်မှ စိတ်ချသွားရလိမ့်မည် ဖြစ်လေသည်။ ဒါသည်ပင်လျှင် နဂါးကိစ္စ၌ သူ စွန့်စားရကျိုး နပ်ပေပြီ။

နဂါးကိစ္စဆို၍ သူက နဂါးလက်သည်းကိုပြန်၍ အမှတ်ရလာမိပြန်သည်။ အကယ်စင်စစ်တော့ နဂါးလက်သည်း ရှိနေသေးသရွေ့ နဂါး၏ အန္တရာယ်သည် ကုန်ဆုံးသေးသည် မဟုတ်ပေ။

တင်မောင်ဆွေက ကျသင့်ငွေကို ပေးရှင်းပြီးနောက် သူ့ကားပေါ်သို့ ပြန်တက်ကာ မောင်းထွက်ခဲ့ပြန်သည်။ သူ့အနေဖြင့် တစ်ညလုံး မအိပ်ခဲ့ရသည့်အပြင် သူသေကိုယ်သေ ကပ်ပွတ်တိုက်ခဲ့ရသော ဒဏ်ချက်ကလည်း ရှိနေသဖြင့် သူ့တစ်ကိုယ်လုံး နွမ်းနယ်နေလေသည်။ ထို့ကြောင့် သူက ကားကို ဖြည်းဖြည်းပင် မောင်းနှင်ခဲ့လေသည်။ သူ့စိတ်က လွင်လွင်ခိုင့်ထံသို့ ရောက်နေ၏။ လွင်လွင်ခိုင်အိမ်သို့သွားကာ သူမ၏ရေကူးကန်တွင် ရေစိမ်လျက် သူခံစားနေရသော ပင်ပန်းမှုကို ဖြေဖျောက်ရင်းက သူလုပ်စရာရှိသည်ကို ဆက်၍ လုပ်ရပေဦးမည်။

နိုင်ဂေဟာ၏ ခြံဝင်းတံခါးမှာ ခါတိုင်းကလိုပင် ပိတ်ထားလျက်ရှိနေသည်။ သို့သော် တင်မောင်ဆွေက ကားဟွန်းသံပေးလိုက်သည့်အခါ၌ ခြံထဲမှ မာလီကုလားက အပြေးကလေး ဖွင့်လာပေးလေ၏။

တင်မောင်ဆွေ၏ ကားဟွန်းသံကို လွင်လွင်ခိုင်ကိုယ်တိုင်ကလည်း မှတ်မိနေဟန်တူသည်။ တင်မောင်ဆွေက ကားကိုတိုက်



ပေါ်တီကိုအောက်တွင် ထိုးရပ်လိုက်သည့်အခါ၌ လွင်လွင်ခိုင်က တိုက်တံခါးမကြီးကိုဖွင့်လျက် အဆင်သင့်စောင့်နေ၏။ ကားပေါ်မှ ဆင်းလာသော တင်မောင်ဆွေ၏ ပုံပန်းအသွင်ကို တွေ့ရလျှင်တော့ သူမသည် မျက်လုံးကလေးများ ပြူးကျယ်သွားကာ တင်မောင်ဆွေထံပါးသို့ ပြေးကပ်လာလေ၏။ လက်ကလေးတစ်ဖက်ဖြင့် တင်မောင်ဆွေ၏ လက်မောင်းများကို ဆုပ်ကိုင်လိုက်၏။

'ဟင်… ကိုဆွေ ဘာဖြစ်လာတာလဲဟင်၊ မျက်နှာတစ်ခြမ်းလည်း ဖူးရောင်လို့ပါလား'

တင်မောင်ဆွေက သူ့ပါးတစ်ဖက်ကို လက်ဖြင့် အသာစမ်းကြည့်ပြီး ခပ်သဲ့သဲ့ပြုံးလိုက်၏။

'ဟုတ်တယ် လွင်၊ လွင် မြင်တဲ့အတိုင်းပါပဲ'

'ဘာဖြစ်လာတာလဲ ကိုဆွေရယ်၊ အဝတ်အစားတွေကလည်း တွန့်ကြေညစ်ပတ်လို့၊ အို… ပခုံးမှာလည်း သွေးတွေနဲ့ပါလား၊ ဘယ်သူနဲ့ ဘာဖြစ်လာတာလဲဟင်'

'ကိုဆွေ့အတွက်တော့ ဒီအဖြစ်မျိုးဟာ မဆန်းပါဘူး၊ ထုံးစံအတိုင်း ရန်သူနဲ့ရင်ဆိုင်ပြီး သူနိုင်ကိုယ်နိုင် အပြိုင်ကြဲလာတာပဲပေါ့'

လွင်လွင်ခိုင်က ကရုဏာသံကလေးဖြင့် စုတ်သပ်လိုက်၏။

'ဖြစ်မှဖြစ်ရလေ ကိုဆွေရယ်၊ ဒီအတိုင်းထားလို့ ဖြစ်မတဲ့လား၊ လွင် အခုပဲ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မယ်လေ'

လွင်လွင်ခိုင်က ပြောပြောဆိုဆို အိမ်ထဲသို့ လှည့်ဝင်မည်ပြုလိုက်သည်။ ဤတွင် တင်မောင်ဆွေက သူမ၏လက်ကလေးတစ်ဖက်ကို အသာဖမ်းဆွဲထားလိုက်၏။

'နေပါစေ လွင်၊ ဒေါက်တာခေါ်ဖို့ မလိုပါဘူး၊ ဒဏ်ရာက



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ကြီးကျယ်တာမှ မဟုတ်တာဘဲ'

'ဖြစ်ပါ့မလား ကိုဆွေရယ်'

တင်မောင်ဆွေက ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

'ဖြစ်ပါတယ်လွင်ရယ်၊ ကိုဆွေ့ကို ကျေးဇူးပြုချင်လို့ရှိရင်တော့ ဒီမှာပဲ ခဏနားနေခွင့်ပေးပါလား၊ နေကလည်း သာနေတုန်း လွင့်ရဲ့ ရေကူးကန်မှာ ကိုဆွေ အေးအေးဆေးဆေး ရေစိမ်ပြီး အနားယူပါရစေလားကွယ်'

ထိုအခါ လွင်လွင်ခိုင်က ချစ်စဖွယ်ပြုံးလျက် ခေါင်းကလေးကို လျှင်မြန်စွာ ညိတ်ပြလိုက်သည်။

'ဒါများ ခွင့်တောင်းနေရသလား ကိုဆွေရယ်၊ ဒါပေမဲ့ အိမ်ထဲကို ခဏဝင်ပါဦး၊ လွင် အဝတ်လဲလိုက်ပါရစေဦးနော်'

လွင်လွင်ခိုင်က ရင်းနှီးစွာပင် တင်မောင်ဆွေ့အား လက်တွဲလျက် အိမ်ထဲသို့ ခေါ်ခဲ့ကာ အိမ်ရှေ့ဧည့်ခန်းထဲတွင် နေရာချထားပေးလိုက်သည်။ ပြီးနောက်-

'ကိုဆွေ ပင်ပန်းလာတာ ပြေသွားအောင် ဘရန်ဒီသောက်လိုက်ဦးနော်'ဟု ပြောပြောဆိုဆို ဗီရိုကြီးတစ်လုံးထဲမှ ဟင်နက်ဆီဘရန်ဒီပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကို ထုတ်ပေးသွားသည်။

'လွင် ရေခဲနဲ့ ရေ သွားယူလိုက်ဦးမယ်နော်'

'အိမ်မှာ ဘယ်သူမှမရှိကြဘူးလား လွင်'

'ဒေါ်အေးကြီးက သူ့သမီးဆီ မနက်အစောကြီးက ထွက်သွားတယ် ကိုဆွေ၊ သူ့သမီး နေမကောင်းလို့ သွားကြည့်ပါရစေလို့ ခွင့်တောင်းသွားတယ်၊ ပိုကောင်းတာပေါ့ ကိုဆွေရယ်၊ လွင်နဲ့ကိုဆွေ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရတာပေါ့'





လွင်လွင်ခိုင်၏ နောက်ဆုံးစကားကြောင့် တင်မောင်ဆွေက သူမ၏မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ လွင်လွင်ခိုင်က သူ့အား အဓိပ္ပာယ်အပြည့်ပါသော အပြုံးကလေးကို ပြုံးပြလိုက်ပြီးမှ ချာခနဲကြည့်ကာ အခန်းထဲမှ လျှောက်ထွက်သွားသည်။

တင်မောင်ဆွေက သူမ၏ ကိုယ်နောက်ပိုင်းကို ငေးကြည့်ကျန်ရစ်ခဲ့သည်။ ဖြောင့်စင်းသော ကျောပြင်၊ သိမ်၍ကျစ်သောခါး၊ စွင့်ကား၍ ခြေလှမ်းလိုက်တိုင်း နိမ့်ချီမြင့်ချီ လှုပ်ရှားသွားသော တင်နှင့် ပြည့်တင်းသော ပေါင်တံများသည် မိန်းမပီသလှပေသည်။ သူမ ပျောက်ကွယ်သွားသည့်အခါတွင် တင်မောင်ဆွေမှာ ရင်ထဲတွင်ဟာ၍ ကျန်ရစ်ခဲ့တော့သည်။

တင်မောင်ဆွေက လက်ဖက်ရည်ဆိုင်မှ ဝယ်ယူလာသော စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလျက် စီးကရက်အငွေ့တွေကို အဆုတ်တွင်းသို့ အားရပါးရ ရှိုက်သွင်းလိုက်သည်။ သေနတ်ရှပ်မှန်ထားသော သူ့ညာဘက်ပခုံးသည် ယခုမှ တစစ်စစ်နာကျင် ကိုက်ခဲလာသည်။ တစ်ကိုယ်လုံးမှာလည်း ကိုင်ရိုက်ထားသလို တောင့်တင်းလျက်ရှိနေသည်။

လွင်လွင်ခိုင်က လင်ပန်းတစ်ချပ်တွင် ဖန်ရေချိုင့်၊ ရေခဲထည့်ထားသော ငွေဖလားတင်လျက် အခန်းတွင်းသို့ ပြန်ဝင်လာသည်။

'ကဲ… ကိုဆွေ၊ ဘရန်ဒီသောက်ပြီး စောင့်နေလိုက်ဦးနော်၊ လွင် အဝတ်သွားလဲလိုက်ဦးမယ်၊ ပြီးတော့ ကန်ထဲမှာ ရေစိမ်ကြရင်းနဲ့ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်သည်။ လွင်လွင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလျှင် ဘရန်ဒီတစ်ပက်ကို ငှဲ့ကာ ရေမရောဘဲ ဂွပ်ခနဲ မော့ချလိုက်သည်။ ဘရန်ဒီတန်ခိုးဖြင့် သူ့တစ်ကိုယ်လုံး ပူနွေးလာကာ သွေးတွေကလည်း ပြန်လည်ဆူကြွလာ၏။

တင်မောင်ဆွေက သူ့လုပ်စရာတစ်ခု ရှိသေးသည်ကို ပြန်၍ အမှတ်ရလာမိသည်။ ထို့ကြောင့် တယ်လီဖုန်းရှိရာသို့ လျှောက်လာကာ ဦးဘငြိမ်းထံသို့ ဆက်လိုက်ခဲ့သည်။

တစ်ဖက်မှ ဦးဘငြိမ်း၏ အပါးတော်မြဲက ပြန်၍ဖြေသည်။

'ကိုတင်မောင်ဆွေလား၊ အတော်ပဲဗျို့… ခင်ဗျားကို အဘိုးကြီးက သိပ်တွေ့ချင်နေတာ'

'ဦးဘငြိမ်းကို ပြောလိုက်ပါ၊ ကျွန်တော် သူ့ကို ဒီကနေ့ပဲ လာတွေ့ပါ့မယ်လို့၊ နဂါးကိစ္စကိုလည်း အပြီးသတ် ရှင်းပေးပါ့မယ်လို့'

'ခင်ဗျား ညက နဂါးကို ဖမ်းမိခဲ့တယ်မဟုတ်လား၊ ခုနကပဲ ဦးထွန်းညွန့်က ဦးဘငြိမ်းဆီကို ဖုန်းဆက်အကြောင်းကြားခဲ့တယ်။ ဒါကြောင့် ဦးဘငြိမ်းက ခင်ဗျားကို တွေ့ချင်နေတာဗျ'

'ညကဖမ်းမိတာ နဂါးအစွယ်ပဲ ရှိသေးတယ် ဗိုလ်ကြီး၊ နဂါးလက်သည်းက ကျန်နေသေးတယ်ဗျ၊ ကျွန်တော် လာခဲ့ပါ့မယ်လေ'

လှေကားပေါ်မှ လွင်လွင်ခိုင် ဆင်းလာသော ခြေသံကိုကြား၍ တင်မောင်ဆွေက တယ်လီဖုန်းကို အသာပြန်ချထားလိုက်သည်။

လွင်လွင်ခိုင်သည် မိုးပြာရောင် ဝိုးဝတ်ရုံရှည်ကြီးကို ခြုံပြီး အခန်းထဲသို့ လျှောက်ဝင်လာသည်။ ထိုဝတ်ရုံကြီးအောက်တွင် ရေကူးဝတ်စုံသာ ရှိသည်ကို တင်မောင်ဆွေက တွေ့ရသည်။ သူမ၏





လက်တစ်ဖက်တွင်တော့ မွေးပွ ကိုယ်သုတ်တဘက်တစ်ထည်ကို ကိုင်ထား၏။

တင်မောင်ဆွေသည် လွင်လွင်ခိုင်၏အလှကို ငေးကြည့်နေလိုက်မိသည်။ ဒါကြောင့်လည်း ဦးအောင်မြခိုင်သည် သူမအား စွဲမက်ခဲ့ခြင်းဖြစ်ပေမည်။

'ဘာကြည့်နေတာလဲ ကိုဆွေ၊ လူကို မမြင်ဖူးတာကျနေတာပဲ'

လွင်လွင်ခိုင်က မျက်စောင်းကလေး ချိတ်လျက် ပြောလိုက်သည်။

'လွင်ဟာ တကယ်တော့ တော်တော့်ကို စွဲမက်စရာကောင်းအောင်လှတဲ့ မိန်းမ တစ်ယောက်ပဲနော်၊ လွင့်ကို စွဲမက်ခဲ့ကြတဲ့ ယောကျ်ားတွေ နည်းမှာမဟုတ်ပါဘူး'

'လွင့်ကိုစွဲမက်တဲ့ ယောကျ်ားတွေထဲမှာ ကိုဆွေကောမပါဘူးလားဟင်'

'ကိုဆွေလည်း ယောကျ်ားတစ်ယောက်ပဲ လွင်ရယ်၊ ဒါပေမဲ့ ကိုဆွေ့မှာ သစ္စာစောင့်ရမယ့် မိန်းမတစ်ယောက်က ရှိနေပြီးသားပါ'

လွင်လွင်ခိုင်က အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်သည်။ ပြီးမှ တင်မောင်ဆွေအားသို့ လျှောက်လာကာ တင်မောင်ဆွေ၏လက်မောင်းတွင် သူ့လက်ကလေးကို ချိတ်လိုက်သည်။

'လွင့်အဖို့ကတော့ သစ္စာစောင့်ရမယ့် ယောကျ်ား မရှိတော့ပါဘူး ကိုဆွေ၊ ကဲ… လာ… ရေသွားစိမ်ကြမယ်လေ'

တင်မောင်ဆွေက ဘရန်ဒီနောက်ထပ် ဝမ်းပက်ငှဲ့လိုက်ပြီး သောက်ချလိုက်ပြန်သည်။ ပြီးမှ လွင်လွင်ခိုင်နှင့်အတူ အိမ်သားခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိ ရေကူးကန်သို့ ဆင်းခဲ့ကြသည်။

'ကိုဆွေ… ဆွင်းမင်းထရန့် သွားလဲချေလေ'

တင်မောင်ဆွေအား လွင်လွင်နိုင်က အဝတ်အစားလဲသည့် ရုံသို့ မေးငေါ့ပြကာ ပြောလိုက်သည်။ တင်မောင်ဆွေက အဝတ်အစားလဲရုံသို့ လျှောက်ခဲ့သည်။ သို့သော် အဝတ်အစားမလဲမီ၌ သူက လုပ်စရာတစ်ခုရှိသည်ကို လုပ်လိုက်သည်။ ပြီးမှ ယူထားသော ပစ္စည်းကို နေသားတကျ ပြန်ထားလိုက်ကာ သူ့အဝတ်အစားတွေကို ချွတ်ပစ်လျက် ရေကူးဘောင်းဘီတစ်ထည်နှင့် ကိုယ်သုတ်တဘက် တစ်ထည်ကို ဗီရိုထဲမှ ထုတ်ယူကာ ဘောင်းဘီဝတ်ပြီး ရေကူး တဘက်ကို ပခုံးတွင်ခြုံလျက် ရေကူးကန်ထဲသို့ ပြန်ထွက်ခဲ့လေ၏။

လွင်လွင်နိုင်က ရေကူးကန်ဘေးတွင် ခင်းထားသော ခေါက် ကုလားထိုင်ကလေးတစ်လုံးတွင် အပုံ့သားထိုင်နေသည်။ သူမ၏ ကိုယ်ပေါ်တွင် ခြုံထားသော ဝတ်ရုံကြီးကို ဖယ်ချလိုက်ပြီဖြစ်ရာ အနီရောင် ရေကူးဝတ်စုံကလေးသာ သူမ၏တောင့်တင်းဖွံ့ထွားသော ကိုယ်ပေါ်၌ ကျန်ရှိနေတော့သည်။

တင်မောင်ဆွေက လွင်လွင်နိုင့်အား ခြေအဆုံး ခေါင်းအဆုံး ကြည့်ကာ ရင်ထဲတွင် တင်းကျပ်သလိုလို ဖြစ်လာမိ၏။

'ရေထဲဆင်းတော့မလား ကိုဆွေ၊ ဒါမှမဟုတ် စကားပြော ကြဦးမလား'

လွင်လွင်နိုင်က တင်မောင်ဆွေ့အား ပြုံးပြုံးကလေး မော့ ကြည့်ကာ မေးလိုက်သည်။

'ရေအရင် ဆင်းစိမ်လိုက်ဦးမယ် လွင်ရယ်၊ ပြီးမှ စကား ပြောကြတာပေါ့'





တင်မောင်ဆွေက ပြောပြောဆိုဆို ပခုံးတွင်ခြုံထားသော တဘက်ကြီးကို ဆွဲဖြုတ်လိုက်ရာ သူ့ဘယ်ဘက် ပခုံးတွင် သေနတ် ရှပ်မှန်ထားသော ဒဏ်ရာနှင့် ခြောက်ကပ်နေသော သွေးတွေက အရဲသား ပေါ်လာတော့သည်။

'အို… ကိုဆွေ့ကိုယ်မှာလည်း သွေးတွေနဲ့ပါလား၊ ပြီးတော့ မှန်ထားတဲ့ ဒဏ်ရာကိုကော ဆေးမထည့်တော့ဘူးလား'

'ရေအရင် ဆင်းစိမ်လိုက်ဦးမယ် လွင်ရယ်'

'ဒီလိုဆိုလည်း ကိုဆွေ ရေဆင်းစိမ်နှင့်လေ၊ လွင် ကိုဆွေ့ကို ထည့်ပေးဖို့ ဆေးသွားယူလိုက်ဦးမယ်'

တင်မောင်ဆွေက အိမ်ဆီသို့ ပြန်လျှောက်သွားသော လွင် လွင်နိုင်ကို ခေတ္တမျှ တွေဝေကြည့် ကျန်ရစ်ခဲ့သည်။ ပြီးမှ သက်ပြင်း တစ်ချက်ချပြီး သူ့ကိုယ်ကို ရေကူးကန်ထဲသို့ ဖြည်းညင်းစွာ နှစ်ချ လိုက်သည်။

ရေနှင့်ထိတွေ့သောအခါ သူ့နာကျင်ကိုက်ခဲမှုတွေက သိသိ သာသာ သက်သာရာရလာသည်။ ခံစားနေရသော တင်းမာမှုတွေက လည်း လျော့ပြေလာကြ၏။

(၁၅)မိနစ်မျှ ကြာသောအခါ ရေကူးကန်သို့ လွင်လွင်နိုင် ပြန်ရောက်လာသည်။ သူမ၏လက်ထဲတွင် ဆေးပုလင်း၊ ရေနွေးဇလုံ နှင့် ဂွမ်းလိပ်တို့ ပါလာသည်။ ထိုပစ္စည်းများကို စားပွဲပုကလေးပေါ် တွင် တင်ထားလိုက်ပြီးနောက်မှ သူမက ရေကူးကန်စပ်သို့ လျှောက် လာသည်။

'ဆေးလိုက်ရှာနေလို့ နည်းနည်းကြာသွားတယ် ကိုဆွေရဲ့'

'ကျေးဇူးပါပဲ လွင်၊ လွင်ကော မဆင်းသေးဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'နောက်မှပဲ ဆင်းတော့မယ်၊ ကဲ… အခု ကိုဆွေ တက်ခဲ့ပါဦး၊ ဒဏ်ရာကို ဆေးထည့်ပေးရအောင်၊ နို့မဟုတ်ရင် ရင်းသွားလိမ့်မယ်'

တင်မောင်ဆွေက ရေကူးကန်ပေါင်ပေါ်သို့ လက်နှစ်ဖက်ထောက်၍ တက်လိုက်သည်။ ပြီးနောက် လွင်လွင်နိုင်က သူ့အား ခေါက်ကုလားထိုင်တစ်လုံးတွင် ထိုင်စေလျက် ပထမဦးစွာ ပခုံးမှ ဒဏ်ရာနှင့် ပါးမှ ဖူးရောင်ညိုမည်းနေသော ဒဏ်ရာတွေကို ရေမွှေးပုပုဖြင့် ဆေးကြောပေးသည်။ ပြီးလျှင် ပခုံးမှဒဏ်ရာကို ဆေးပုလင်းထဲမှ ဆေးရည်တွေဖြင့် လောင်းချလိုက်ရာ စပ်ဖျင်းဖျင်း ဖြစ်သွား၏။

'နည်းနည်းတော့ စပ်မယ်နော်၊ ဒါမှ ဒဏ်ရာကျက်သွားမယ်'

တင်မောင်ဆွေက ခေါင်းညိတ်ကာ အံကြိတ်ထားလိုက်သည်၊

နေသည် ထန်းတစ်ဖျားသာသာ မြင့်နေပေပြီ။ လွင်လွင်နိုင်က အဝတ်လဲသည့် တဲရုံထဲမှ ရောင်မျိုးစုံထီးကြီးတစ်လက် ထုတ်ယူလာကာ စားပွဲခုံအေးတွင် စိုက်ထူလိုက်ပြီး သူတို့နှစ်ယောက်စလုံး ထီးကြီးအောက်တွင် ဝင်ထိုင်လိုက်သည်။

'ဘာရန်ဒီသောက်ဦးမလား ကိုဆွေ၊ လွင် သွားယူပေးမယ်လေ'

'နေပါစေတော့ လွင်ရယ်'

'ဒီလိုဆိုလည်း ဒီမှာပဲထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြစို့နော်'





'ဘာအကြောင်းတွေ ပြောကြမှာလဲ လွင်ရယ်'

'အို… ကိုဆွေ၊ ဘာဖြစ်လာတယ်ဆိုတာ လွင်မှ မသိရသေးတာ…'

လွင်လွင်နိုင်က နှုတ်ခမ်းကလေး မသိမသာစူလျက် ပြောလိုက်သည်။

'ကောင်းပြီလေ… ပြောပြပါ့မယ်၊ ဒါပေမဲ့ ကိုဆွေ အဝတ်သွားဝတ်လိုက်ပါရစေဦး၊ ချမ်းသလိုလို ဖြစ်လာလို့'

'ဒီလိုဆို မြန်မြန်သွားဝတ်ချေ'

လွင်လွင်နိုင်က စိတ်မရှည်သော အသံကလေးဖြင့် ပြောလိုက်သည်။

အဝတ်လဲပြီး ပြန်ထွက်လာသော တင်မောင်ဆွေ့ခြေလှမ်းများက လေးကန်လျက်ရှိနေသည်။ လွင်လွင်နိုင်က ထီးအောက်တွင်ပင် ထိုင်ကာ သူ့အား စောင့်နေ၏။

တင်မောင်ဆွေက သူမအေးတွင်ထိုင်ကာ စားပွဲပေါ်တွင်ရှိသော စီးကရက်ငွေဘူးဗိုင်းထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်သည်။ နိုင်ငံခြားဖြစ် ပေါလ်မောလ် စီးကရက်ဖြစ်နေ၏။

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို ဖြည်းညင်းစွာရှိုက်ဖွာပြီးမှ လွင်လွင်နိုင့်အား လှည့်ကြည့်လိုက်သည်။

'ကိုဆွေက ဘာပြောမှာလဲ'

'အို… ကိုဆွေ အခု ဘာဖြစ်လာခဲ့သလဲ ဆိုတာကိုပေါ့'

တင်မောင်ဆွေက စီးကရက်ကို ဖွာလိုက်ပြန်ကာ ခေတ္တမျှတိတ်ဆိတ်နေသည်။ ပြောရမည့်စကားတွေကို ဦးခေါင်းထဲတွင် ပထမ စီစစ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'လွင် စိန့်ဂျော့ဆိုတာ ကြားဖူးမှာပေါ့'

လွင်လွင်ခိုင်က နားမလည်သော အမူအရာကလေးဖြင့် တင်မောင်ဆွေ့အား ပြန်ကြည့်လိုက်သည်။

'စိန့်ဂျော့ ဟုတ်လား၊ ဘာဖြစ်လို့လဲ ကိုဆွေရယ်'

'စိန့်ဂျော့ဟာ အင်္ဂလန်ပြည် ဒဏ္ဍာရီသမိုင်းထဲက သူ့ရဲကောင်းကြီးတစ်ယောက်ပေါ့၊ အင်္ဂလိပ်တွေရဲ့ ပေထရွန်စိန့်ပေါ့'

'စိန့်ဂျော့ဟာ အင်္ဂလန်ပြည်ရဲ့ ရန်သူ နဂါးကြီးကို သတ်ခဲ့တယ် မဟုတ်လား'

လွင်လွင်ခိုင်က မျက်မှောင်ကလေး မသိမသာကုတ်ပြီး ခေါင်းညိတ်ပြလိုက်သည်။ တင်မောင်ဆွေက မဲ့ပြုံးပြုံးပြီး သူမအား ကြည့်ရာက စကားဆက်လိုက်၏။

'ကိုဆွေကလည်း ညက မြန်မာပြည်ရဲ့ ရန်သူ နဂါးတစ်ကောင်ကို သတ်လာတယ်'

'နဂါးတစ်ကောင်ကိုသတ်လာတယ် ဟုတ်လား'

'နဂါးတစ်ကောင်ကို သတ်လာတာထက် နဂါးတစ်ကောင်ရဲ့ အစွယ်ကို ချိုးပစ်နိုင်ခဲ့တယ်ဆိုတာက ပိုမှန်မယ် လွင်'

လွင်လွင်ခိုင်သည် တင်မောင်ဆွေ၏ မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်၏။ သူမ၏မျက်လုံးများသည် ပကတိနက်မှောင်သော အရောင်များ တလက်လက် ထွက်နေကြသည်ဟု ထင်မှတ်ရ၏။

'ကိုဆွေပြောတာကို လွင်တော့ နားမလည်တော့ပါဘူး။ ဘယ်က နဂါးလည်း ဘာနဂါးအစွယ်လဲ'

'နဂါးဆိုတာ အင်မတန် အန္တရာယ်ပေးတဲ့ သတ္တဝါပေါ့။ ဒီသတ္တဝါကို ချေမှုန်းပစ်ဖို့ကလည်း တော်တော်ခက်ပါတယ်။ ဒါပေမဲ့ ညက ကိုဆွေက နဂါးရဲ့အစွယ်ကို ချိုးပစ်နိုင်ခဲ့တယ်။ ဒီကနေ့တော့ နဂါးလက်သည်းကို ထပ်ခွာပစ်ရမယ့်လေ၊ ဒါမှလည်း ဒီနဂါးရဲ့ရန်ကို အပြီးအပိုင် ရှင်းလင်းပစ်နိုင်မှာပဲ'





လွင်လွင်ခိုင်က သူမ၏နီထွေးသော အောက်နှုတ်ခမ်းကလေးကို အထက်သွားကလေးဖြင့် ကိုက်လိုက်သည်။ သူမ၏မျက်လုံးများကတော့ တင်မောင်ဆွေ၏ မျက်လုံးများတွင် စူးစိုက်ငြိတွယ်လျက်ရှိ၏။

ပြီးတော့ သူမက မေးခွန်းထုတ်လိုက်၏။

'ကိုဆွေ့ဟာက သေချာရဲ့လား'

'သေချာပါတယ်'

တင်မောင်ဆွေက စီးကရက်ကို မြေပြင်ပေါ်သို့ ပစ်ချလျက် ခြေထောက်ဖြင့် နင်းချေလိုက်၏။ ပြီးလျှင် ထိုင်ရာမှထကာ လွင်လွင်ခိုင့်အား ငုံ့ကြည့်လိုက်၏။

'မင်းကို ကိုယ် မနေ့ကပြောခဲ့တဲ့ အကြောင်းတွေကို မှတ်မိရဲ့လား၊ ကိုဆွေ့ဆီကို တစ်ခါက လက်ထောက် လာလုပ်သွားဖူးတဲ့ ဇီဇီဆိုတဲ့ အမျိုးသမီးရဲ့ကိစ္စဟာလေ'

'ဟုတ်ကဲ့ မှတ်မိပါတယ်၊ အရင်တစ်နှစ်က ဒီအမျိုးသမီး ပျောက်သွားခဲ့တယ်ဆို မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမဲ့ ကိုဆွေ မနေ့ကပြောတာကို ထပ်ပြီး ဖြည့်စွက်ရဦးမယ်ကွဲ့'

'ပြောလေ... လွင်ကလည်း သိချင်နေတာပါပဲ'

တင်မောင်ဆွေက လွင်လွင်ခိုင်၏ဘေးတွင် ပြန်၍ ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမှာ ရဲဝန်ထောက် ဦးသောင်းဖေရဲ့ ယူဆချက်ဟာ မှန်တယ်၊ ကိုဆွေ့ ယူဆချက်ဟာလည်း မှန်တာပဲ၊ ဒီကိစ္စမှာ အခိုးခံရတဲ့ လွင့်ရဲ့ လက်ဝတ်လက်စားတွေဟာ သက်ဆိုင် အကျုံးဝင်နေတယ်၊ ကိုဆွေရဲ့ အမှုသည်ဟောင်းဖြစ်ခဲ့တဲ့ နမ်းခမ်းဝေရဲ့ လက်ဝတ်လက်စား ရတနာတွေလိုပဲပေါ့။ တမင်သက်သက် လူကို လှည့်စားအကြောင်းရှိက်ခဲ့တာပဲ'

'ဘယ်လို လှည့်စားပစ်ခဲ့တာလဲ ကိုဆွေရဲ့'

တင်မောင်ဆွေက လွင်လွင်ခိုင်၏ မျက်နှာကို မကြည့်ဘဲ ဖြည်းညင်းစွာ တစ်လုံးချင်း ပြန်ဖြေလိုက်၏။

'လွင့်ရဲ့ယောကျ်ား ဦးအောင်မြခိုင် အသတ်ခံခဲ့ရတာဟာ ဒီက်ဝတ်လက်စားတွေကြောင့် မဟုတ်ဘူးဆိုတာ ကိုဆွေ အခု အတိအကျ သိရပြီလေ'

'ဟုတ်လား'

'လွင့်ရဲ့ယောကျ်ား ဦးအောင်မြခိုင်ဟာ အစိုးရအဖွဲ့မှာ အရေးပါ အရာရောက်တဲ့ သော့ချက် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ခဲ့တယ် မဟုတ်လား၊ ဒီလိုသော့ချက် ပုဂ္ဂိုလ်မျိုးကို စောင့်ကြည့်နေကြတဲ့ လူတွေကလည်း ရှိနေကြတာပဲ၊ မလိုလား မနှစ်သက်တဲ့ လူတွေကပဲ ပေါ့၊ ဒီလူတွေဟာ အရင်းရှင်နယ်ချဲ့နဲ့ သူ့ရဲ့ အစေအပါးတွေပဲလေ'

တင်မောင်ဆွေက စကားရပ်ကာ လွင်လွင်ခိုင့်အား လှည့်ကြည့်လိုက်သည်။ လွင်လွင်ခိုင်က မျက်လွှာများချလျက် သူမ၏လက်နှစ်ဖက်ကို ပွတ်သပ်နေ၏။ တင်မောင်ဆွေက ခပ်သဲ့သဲ့ တစ်ချက်ပြုံးလိုက်ကာ စကားဆက်လိုက်ပြန်၏။

'ဒါပေမဲ့ နယ်ချဲ့နဲ့သူ့လူတွေဟာ အင်မတန်မှ ပါးနပ်ကောက်





ကျစ်ခဲ့ကြတာပဲ၊ ဦးအောင်မြခိုင်လို အရေးပါ အရာရောက်တဲ့ သော့ချက်ပုဂ္ဂိုလ်တစ်ယောက် ဆုံးရှုံးသွားမယ်ဆိုရင် တိုင်းပြည်အတွက် ဘယ်လောက် နစ်နာသွားမယ်ဆိုတာ သူတို့ နားလည်ထားကြတယ်၊ ဒါပေမဲ့ သူတို့ဟာ ဦးအောင်မြခိုင်ကို ပြောင်ပြောင်တင်းတင်း လုပ်ကြံသတ်ပစ်ဖို့ကိုတော့ ပထမမှာ သူတို့က မကြံရွယ် မစဉ်းစားခဲ့ကြပါဘူး၊ ဦးအောင်မြခိုင်ကို လုပ်ကြံပစ်တာထက် ပိုကောင်းတဲ့နည်းတစ်နည်းကို သူတို့က အသုံးပြုခဲ့ကြတယ်၊ အဲဒီနည်းဟာ ဘယ်လိုလဲဆိုတာ လွင့် သိသလား'

လွင်လွင်ခိုင်က နှုတ်မှပြန်မဖြေဘဲ ဦးခေါင်းကိုသာ ယမ်းခါပြလိုက်သည်။ တင်မောင်ဆွေက အံတစ်ချက်ကြိတ်ပြီးမှ စကားဆက်လိုက်၏။

'တခြား မဟုတ်ဘူးလေ လွင့်ရဲ့၊ ဦးအောင်မြခိုင်အနားမှာ ကပ်နေနိုင်ပြီး သူ့ရဲ့ယုံကြည်မှုကို ခံယူရတဲ့ လူတစ်ယောက်ကို အသုံးပြုပြီး အဲဒီလူဆီကနေ ဦးအောင်မြခိုင်ဆီက သူတို့သိချင်နေတဲ့ အချက်အလက်တွေကို နှိုက်ထုတ်ဖို့ပဲပေါ့၊ ဟုတ်တယ်၊ သူတို့ရဲ့ အကြံအစည်ကတော့ အင်မတန်ပါးနပ်ပြီး ကောက်ကျစ်လည်း ကောက်ကျစ်လှပါပေတယ်'

'သူတို့ဟာ အင်မတန်ချော၊ အင်မတန်လှပြီး ညို့မောင်ရှိလှတဲ့ မိန်းမတစ်ယောက်ကို အသုံးပြုခဲ့ကြတယ်၊ ဦးအောင်မြခိုင်ဟာလည်း ဒီမိန်းမနဲ့ တွေ့ရတော့ အင်မတန်မှ စုံမက်မြတ်နိုးပြီး သူ့ဇနီးအဖြစ်နဲ့ လက်ထပ် သိမ်းပိုက်ခဲ့တယ်လေ၊ ဒီမိန်းမဟာ ဦးအောင်မြခိုင်လို ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ ဇနီးမယား ဖြစ်လာတော့ အင်မတန် ပေါက်ရောက်တဲ့ အမျိုးသမီးကြီးတစ်ယောက် ဖြစ်လာတော့တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြခိုင်ရဲ့ လုပ်ဖော်ကိုင်ဖက် အစိုးရအရာရှိကြီးတွေရဲ့ ခင်မင်လေးစားမှုကို ခံယူလာနိုင်ခဲ့တယ်။ သူတို့ဆီက သိချင်တာတွေကို နှိုက်ထုတ်ယူပြီး သူ့ကို ခိုင်းထားတဲ့ လူတွေဆီကို ပြန်အစီရင်ခံသတင်းပို့နိုင်ခဲ့တယ်၊ ဒါတင်မကဘူး၊ သူလင် ဦးအောင်မြခိုင်ဆီက နိုင်ငံအတွက် လျှို့ဝှက်အပ်တဲ့ သတင်းတွေကိုလည်း နှိုက်ထုတ်ယူနိုင်တဲ့ အခွင့်အရေးက ရှိနေပြန်တော့တယ်၊ ရှင်းရှင်းပြောရရင် သူဟာ အင်မတန်မှ အခွင့်အလမ်းကောင်းနေတဲ့ သူလျှိုကောင်းတစ်ယောက် ဖြစ်လာတော့တာပေါ့'

လွှင်လွှင်ခိုင်ကတော့ လုံးဝ ဣန္ဒြေပျက်ခြင်းမရှိ။ တင်မောင်ဆွေ ပြောနေသည်မှာ အခြားလူတစ်ယောက်အကြောင်းဖြစ်သည့်အလား စိတ်ဝင်စားသောအမူအရာဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ကာ နားထောင်နေသည်။

တင်မောင်ဆွေက ရင်ထဲကနာနာနှင့်ပင် သူမ၏ တည်ငြိမ်မှုနှင့် သတ္တိကို ချီးမွမ်းလိုက်သည်။ သူမကား တကယ်ပင် နမြေစရာ ကောင်းလှတော့သည်။ သူမတွင်ရှိနေသော အရည်အချင်းနှင့် အစွမ်းအစတွေကို တိုင်းပြည်နှင့် လူမျိုးအား သစ္စာဖောက်ဖို့အတွက် မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး တိုးတက်ကောင်းစားရေးဘက် အသုံးချခဲ့လျှင် ဘယ့်လောက် ကောင်းလိမ့်မလဲ။

တိုင်းပြည်နှင့် လူမျိုးကို အင်မတန်ချစ်ပြီး သူ့ဘဝသက်တမ်းတစ်လျှောက် သူ့အရည်အချင်း အစွမ်းအစတွေကို တိုင်းပြည်နှင့်လူမျိုးအတွက်သာ အသုံးချခဲ့ရှာသော ဦးအောင်မြခိုင်သည် သူ့ အထူ စုံမက်မြတ်နိုးသော ချစ်ဇနီးက သစ္စာဖောက် လုပ်နေသည့်အကြောင်း သိသွားခဲ့ရသောအခါတွင် သူ့ခမျာ ဘယ်လောက်များ အသည်းနာ





ခဲ့ရှာမည်နည်း။ နောက်ဆုံးတွင်တော့ ဦးအောင်မြခိုင့်သည် လွှင်လွှင်ခိုင်၏ ဇာတိရုပ်မှန်ကို သိသွားခဲ့ရသည်ဟု တင်မောင်ဆွေက ယုံကြည်နေမိသည်။ သိသွားခဲ့၍ပင်လည်း ဦးအောင်မြခိုင်ခမျာသည် အသက်ဆုံးရှုံးခဲ့ရရှာခြင်း ဖြစ်လေသည်။

'ဒါပေမဲ့ ဦးအောင်မြခိုင်ဟာ လူနုံလူအကြီးတစ်ယောက် မဟုတ်ခဲ့ပါဘူး၊ သူဟာ မြွေပွေးခါးပိုက် ပိုက်ထားမိမှန်း သူ ရိပ်မိလာပါလိမ့်မယ်၊ သူ့ဆီက သတင်းတွေ ဘယ်လိုပေါက်ကြားနေရတယ်ဆိုတာကို သူ ရိပ်စားလာမိလိမ့်မယ်၊ သူဟာ သူ့မယားကို ချစ်ပါတယ်၊ ဒါပေမဲ့ သူ့တိုင်းပြည်နဲ့ လူမျိုးကို သူက ပိုချစ်ခဲ့တယ်၊ ဒါကြောင့် သူဟာ သူ့ကို သစ္စာဖောက်နေတဲ့ မိန်းမကို တစ်နေ့မှာ ထောင်ဖမ်းခဲ့တယ်၊ သူ့မီးခံသေတ္တာထဲမှာ အရေးပါအရာရောက်တဲ့ စာရွက်စာတမ်းတွေ ထည့်ထားတယ်ရယ်လို့ သူ့မယား သစ္စာဖောက်မကို အသိပေးခဲ့တယ်'

'အဲဒီညမှာ ဒီမိန်းမဟာ သူ့အပေါင်းပါတစ်ဦးကို ခေါ်ပြီး ဦးအောင်မြခိုင် မသိအောင် မီးခံသေတ္တာကို တိတ်တိတ် ခိုးဖွင့်ပေးခဲ့တယ်။ ပြီးတော့ ဦးအောင်မြခိုင်ထည့်ထားတဲ့ စာရွက်စာတမ်းအတုတွေကို ဓာတ်ပုံရိုက်ယူကြတယ်။ အဲဒီတုန်းမှာ အသင့်စောင့်နေတဲ့ ဦးအောင်မြခိုင်က အခန်းထဲဝင်လာပြီး ဖမ်းတော့ လက်ပူးလက်ကြပ် မိတော့တာပေါ့'

ထိုအခါမှ လွှင်လွှင်ခိုင်၏ မျက်နှာကလေးသည် လှုပ်ရှား၍ လာလေ၏။ မျက်နှာကလေးတွင် သွေးရောင်မသိမသာ ဆုတ်လာကာ နှုတ်ခမ်းကလေးကို လျှာဖြင့်အသာ ပွတ်သိမ်းလိုက်သည်။

'ဦးအောင်မြခိုင့်ကို သူ့မိန်းမကပဲ ပစ်သတ်လိုက်တာလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူမိန်းမရဲ့အပေါင်းပါက ပစ်သတ်လိုက်တာလား ဆိုတာကိုတော့ အတပ်မပြောနိုင်ဘူး၊ သူ့အပေါင်းပါက ပစ်သတ်လိုက်တာပဲထားဦးတော့၊ ဒီမိန်းမမှာလည်း အပြစ်ရှိတာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့အပေါင်းပါက အသုံးပြုတဲ့ သေနတ်ကို ယူသွားခဲ့တယ်၊ ဒီမိန်းမရဲ့ လက်ဝတ်လက်စား အတုတွေနဲ့ ငွေနည်းနည်းကိုပါ ယူသွားခဲ့တယ်၊ အာမခံသေတ္တာကို သူဖိုးဖောက်နေတုန်း ဦးအောင်မြခိုင်နိုးပြီး ဆင်းဖမ်းလို့ သေနတ်ပစ်ခံရတာလို့ ရဲဘက်က ယူဆကြအောင် အကွက်ဆင်ကြတာပေါ့လေ၊ ရဲဘက်ကလည်း ဒီလိုပဲယူဆခဲ့ကြတယ်။ ဒီတော့ သစ္စာဖောက် မြွေပွေးမဟာ ဘယ်လိုမှ သံသယအဖြစ်မခံရဘူး'

'သံသယအဖြစ် မခံရရုံတင်မက၊ ကွယ်လွန်သူ ဦးအောင်မြခိုင်ရဲ့ ကျန်ရစ်တဲ့ မုဆိုးမကလေးအဖြစ်နဲ့ လူတွေရဲ့ လေးစားကြင်နာမှုကို ဆက်ခံစားခဲ့ရတယ်၊ သူ့ သူလျှိုအလုပ်လုပ်ဖို့ အခွင့်အရေးတွေ ဆက်ရခဲ့တယ်။ သူဟာ တကယ်တော့ နယ်ချဲ့တွေရဲ့ လက်ပါးစေ နဂါးအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်လာတယ်၊ ရှင်းရှင်းပြောရရင် သူ့အပေါင်းပါ ကုလားအာမက်ပတေးက နဂါးအစွယ်၊ သူက လက်သည်း ဖြစ်လာတယ်၊ တိုင်းပြည်ရဲ့ သစ္စာဖောက်၊ တိုင်းပြည်ရဲ့ ရန်သူကြီးတွေပေါ့'

ယခုထက်တိုင် လွှင်လွှင်ခိုင်ထံမှ ဘာသံမှ ထွက်မလာသေး၊ သူမ၏ မျက်လုံးများသည် ဒေါသရောင်ဖြင့်၊ လက်လာကြကာ နှုတ်ခမ်းကလေးများသည်လည်း သရော်ပြုံးဖြင့် တွန့်လာကြ၏။

'ဒါပေမဲ့ သူတို့ကို တန်ပြန် လက်စားချေမယ့်အဖြစ်က ဖန်တီးလာခဲ့တယ်၊ ဘန်ကောက်က သူတို့ရဲ့ဆရာကြီး အဲရဟာတ်ကို



ဓိဓိက သတ်ပစ်ပြီး၊ သူမိတ်ဆွေဟောင်း ချစ်လှရဲ့ အကူအညီနဲ့ ရန်ကုန်ကို ပြေးလာနိုင်ခဲ့တယ်၊ ဓိဓိဆီမှာ သူတို့သူလျှိုတွေရဲ့ နာမည်စာရင်း အပြည့်အစုံ ပါလာတယ်၊ ဒါနဲ့ ဘန်ကောက်ကနေ ရန်ကုန်မှာရှိနေတဲ့ နဂါးအဖွဲ့ကို ဓိဓိ တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သုတ်သင်ဖို့ အမိန့်ဆင့်လိုက်တော့တယ်'

တင်မောင်ဆွေက ထိုင်ရာမှထကာ လွှင်လွှင်ခိုင့်အား ငုံ့ကြည့်လိုက်သည်။ လွှင်လွှင်ခိုင်ကတော့ ကုလားထိုင်မှာပင် ငြိမ်သက်စွာ ထိုင်နေ၏။'

'နဂါးအစွယ်က သဘောင်္ဘာဆိပ်ကနေ စောင့်နေပြီး ချစ်လှကို နောက်ယောင်ခံ လိုက်ခဲ့တယ်၊ ဓိဓိဆီသွားတာ မဟုတ်မှန်းလည်း သိရော နဂါးအစွယ်က ချစ်လှကို ပစ်သတ်တယ်၊ အဲဒါဟာ သူ့အမှားပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်လှကို ပစ်သတ်ရာမှ သူဟာ ဦးအောင်မြခိုင်ကို သတ်ခဲ့တဲ့ သေနတ်ကိုပဲ ထပ်အသုံးပြုခဲ့တာကိုး၊ ဒီတော့ကာ အချိတ်အဆက်က ဖြစ်ပေါ်လာတော့တာပေါ့၊ ချစ်လှ အသတ်ခံရတာဟာ ဦးအောင်မြခိုင် အသတ်ခံရတာနဲ့ ဆက်စပ်မှုများ ရှိနေသလားလို့ ရဲဘက်က ယူဆလာခဲ့တယ်၊ ကျုပ်ကလည်း ယူဆမိခဲ့တယ်၊ ချစ်လှ မသေမီကလေးမှာလည်း ဓိဓိအကြောင်းကို ကျုပ်ကို ပြောပြသွားနိုင်ခဲ့တယ်'

'ကျုပ်ဟာ ခင်ဗျားနဲ့ လာတွေ့ခဲ့တယ် ဒေါ်လွှင်လွှင်ခိုင်။ ခင်ဗျားက ကျုပ်ကို အလိမ္မာနဲ့ အချိုသတ်ခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ဟာ လူထုံလူအကြီးတစ်ယောက် မဟုတ်ပါဘူး၊ နဂါးကို လိုက်ရှာရင်းက တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေအပေါ်မှာ မူတည်ပြီး အကျိုးအကြောင်း ဆက်စပ်တွေးတောစရာတွေ ပေါ်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နဂါးအစွယ်က ကျုပ်တို့နှစ်ယောက် ရေကူးနေတုန်း သေနတ်နဲ့ ချောင်းပစ်တုန်း ခင်ဗျားက တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေခဲ့တာ မှတ်မိသေးသလား ဒေါ်လွင်လွင်ခိုင်၊ အဲဒီတုန်းကတော့ ခင်ဗျားဟာ တော်တော်ကြောက်လန့်သွားတယ်လို့ ကျုပ် ထင်မိခဲ့တယ်၊ ဒါပေမဲ့ တကယ်တမ်းမှာတော့ ကြောက်လန့်တာ မဟုတ်ဘဲ သိပ်ကို စိတ်ဆိုးဒေါသထွက်ခဲ့တာ မဟုတ်လား၊ နဂါးအစွယ်က ခင်ဗျားရှိနေတုန်းမှာ ဒီလို မိုက်မိုက်မဲမဲ ကြံစည်ခဲ့တာဟာ ခင်ဗျားအသက်အန္တရာယ်ကို ဂရုမစိုက်ရာရောက်တယ်လို့ ခင်ဗျားက စိတ်ဆိုးဒေါသထွက်ခဲ့တာပဲ၊ နောက်တော့ ကျုပ်တို့နှစ်ယောက် တိုက်ထဲပြန်ဝင်တော့ ပြစ်တင်ကြိမ်းမောင်းခဲ့တော့တာပဲ၊ တိုက်ကသိပ်လုံတော့ ပုံတင်သံထပ်တဲ့ ခန်းမဆောင်ကြီးတွေ ဖြစ်နေတယ်။ ခင်ဗျား ဒေါသနဲ့ ကြိမ်းမောင်းနေတာကို ကျုပ် ကြားခဲ့ရပါတယ်၊ အဲဒီတုန်းကတော့ ခင်ဗျားက ဘယ်သူ့ကို ဘာဖြစ်လို့ ကြိမ်းမောင်းနေတယ်ဆိုတာကို ကျုပ် မစဉ်းစားခဲ့မိပါဘူး'

'ခုနက ကျုပ် ပြန်လာတော့လည်း ကျုပ်ရဲ့ အသွင်အပြင်ကို ကြည့်ပြီး တစ်ခုခုတော့ ထူးထူးခြားခြား ဖြစ်လာပြီဆိုတာကို ခင်ဗျား ယူဆခဲ့မိတယ်၊ ဒါပေမဲ့ ကျုပ်က ချက်ချင်းပြောမပြခဲ့တော့ ခင်ဗျားဟာ ရေကူးကန်ကနေ ကျုပ်အတွက် တိုက်ထဲကို ဆေးသွားယူတော့ ခင်ဗျားဟာ နဂါးဆီကို လှမ်းပြီး ဖုန်းဆက်ခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ နဂါးဟာ ဘယ်လိုမှ ပြန်မထူးခဲ့ဘူး မဟုတ်လား'

တင်မောင်ဆွေက နှုတ်ဆိတ်လျက်ပင် ရှိနေသေးသော လွင်လွင်ခိုင့်အား ပြုံး၍ကြည့်လိုက်၏။

'နဂါးဟာ ခင်ဗျားကို ဘယ်တော့မှ ပြန်ထူးနိုင်တော့မှာ





မဟုတ်ပါဘူး၊ သူ့ကို ကျုပ်က လက်ရဖမ်းမိခဲ့ပြီလေ၊ အခုဆိုရင် သူဟာ ရဲလက်ထဲရောက်နေပြီ။ သူ့ပြစ်မှုတွေကို ဥပဒေအရ စစ်ဆေးခံရပြီး သူဟာ ကြိုးစင်ကိုတက်ရတော့မှာ သေချာနေတော့တာပဲ၊ သူ့ကို စစ်ဆေးတဲ့အခါမှာလည်း သူဟာ သူသိသမျှ အားလုံးကို ဖော်ထုတ် ဝန်ခံရတော့မှာမို့ ခင်ဗျားအကြောင်းလည်း ပါလာတော့မှာပဲ၊ သူဟာ ဇီဇီကို လိုက်ရှာခဲ့ပေမယ့် မတွေ့ခဲ့ပါဘူး။ ဒီတော့ ဇီဇီဟာလည်း သူသိထားတာကလေးတွေ အတားအဆီးမရှိ ဖော်ထုတ်ပြောနိုင်တော့မယ်၊ ဇီဇီ အခုဘယ်မှာ ရှိနေတယ်ဆိုတာကို ကျုပ်က သိထားရပြီ ဒေါ်လွင်လွင်ခိုင်'

လွင်လွင်ခိုင်၏ နက်မှောင်တောက်ပသော မျက်လုံးများက စိတ်ဝင်စားမှုကို ဖော်ပြလာကြ၏။

'ချစ်လှ သူ့သင်္ဘောပေါ်က ဆင်းလာပြီးတဲ့အခါမှာ စာအုပ်ဆိုင်အဘိုးကြီးကတစ်ဆင့် ကျုပ်က အဆက်အသွယ်လုပ်ခဲ့တယ်လို့ ကျုပ် ပြောခဲ့တာကို ခင်ဗျား မှတ်မိဦးမှာပါ ဒေါ်လွင်လွင်ခိုင်၊ အဲဒီတုန်းက ချစ်လှဟာ ကျုပ်ကိုပေးဖို့ စာတစ်စောင် အဘိုးကြီးဆီမှာ ထားခဲ့တယ်၊ ဒီစာထဲမှာ ဇီဇီကို စောကနေဒီဆီကို ပို့လိုက်တဲ့အကြောင်းနဲ့ စောကနေဒီက ဇီဇီကို ဘယ်ကိုခေါ်သွားမယ်ဆိုတာကို ရေးထားခဲ့တယ်၊ အဲဒီ နေရာဟာ ကြိုတင်ပြင်ဆင်ထားတဲ့နေရာဖြစ်ပြီး အဲဒီနေရာမှာပဲ ဇီဇီဟာ ကျုပ် လာမခေါ်မချင်း စောင့်နေရမယ်လို့ အမိန့်ခံထားခဲ့ရတယ်၊ အဲဒီစာကို နဂါးကလည်း ရှာခဲ့တယ်။ စာကို ရှာမရတော့ အဘိုးကြီးကို နဂါးက သတ်ပစ်ခဲ့တယ်။ ဒါပေမဲ့ ဒီစာ အခု ဘယ်မှာရှိနေ တယ်ဆိုတာကို အခု ကျုပ်က သိထားပြီးနေပါပြီ၊ အဘိုးကြီးဟာ လစဉ်လတိုင်း ကျုပ်ဆီကို မဂ္ဂဇင်းတွေကို ပို့ပေးနေ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျပဲ။ ဒီတော့ ချစ်လှက ကျုပ်အတွက် ပေးသွားတဲ့စာဟာ အရေးကြီးမှန်း သူ သိပါလိမ့်မယ်၊ ဒါကြောင့် ပျောက်ပျက်မသွားရအောင်ဆိုပြီး ဒီစာကို ကျုပ်ဆီကို ပေးမယ့်စာအုပ်ကြားထဲမှာ ညှပ်ထားခဲ့တာပဲ ဖြစ်လိမ့်မယ်၊ အခု ကျုပ် ပြန်သွားရင် စာအုပ်ဆိုင်မှာ ကျုပ်ဝင်ယူရုံပဲရှိတယ်၊ ကျုပ်ကိုပေးဖို့ မဂ္ဂဇင်းစာအုပ်တွေကို ကျုပ်လာယူတဲ့အထိ အဘိုးကြီးက သပ်သပ်ဖယ်ထားလေ့ရှိပါတယ်၊ အခု စာအုပ်ဆိုင်မှာ ထိုင်နေတဲ့ ကြက်ဘိုးထွန်းဆီမှာ ဒီစာအုပ်တွေကို မေးကြည့်ရုံပဲ ရှိတယ်'

တင်မောင်ဆွေက စကားအဆုံးသတ်လိုက်ပြီးနောက် ထိုင်နေရာမှ ထပြီး လွင်လွင်ခိုင့်အား ငုံ့ကြည့်လိုက်၏။

'ကဲ… လွင်လွင်ခိုင်၊ ကျုပ်သိထားရသမျှတွေကို ကျုပ်ခင်ဗျားကို ပြောပြပြီးပြီ၊ ကျုပ်ပြောခဲ့တာတွေဟာ အမှန်ပဲလို့တော့ ကျုပ် အတပ်မပြောနိုင်ပါဘူး၊ ဒါပေမဲ့ ဓိဓိကိုတွေ့ရတဲ့အခါ မှန်မမှန် ဆိုတာကို ကျုပ် သိရမှာပါပဲ၊ ဓိဓိဆီမှာရှိနေတဲ့ နယ်ချဲ့သူလျှိုတွေရဲ့ စာရင်းထဲမှာ ခင်ဗျားရဲ့ နာမည်ပါနေရင်တော့ မှန်တယ်လို့ဆိုရမှာပေါ့'

ဤအခါတွင်မှ လွင်လွင်ခိုင့်ထံမှ အသံထွက်ပေါ်လာလေသည်။ သူမက စကားအပိုတွေကို ပြောမနေ။

'အခု ကိုဆွေ ဘာလုပ်မလို့လဲဟင်'ဟုသာ တည်ငြိမ်သောအသံကလေးဖြင့် မေးလိုက်၏။

တင်မောင်ဆွေက သူ့ပခုံးများကိုသာ တွန့်လိုက်ပြီး-

'အရင်ဦးဆုံး ဓိဓိကို သွားခေါ်မယ်၊ ပြီးတော့ သူနဲ့အတူ သက်ဆိုင်ရာကိုသွားပြီး သူနဲ့ကျုပ် သိထားသရွေ့ကို အစီရင်ခံဖို့ပဲ





ရှိတော့တာပေါ့။ လုပ်စရာရှိတာတွေကိုတော့ သက်ဆိုင်ရာက ဆက်လုပ်လိမ့်မပေါ့၊ နဂါးအစွယ်ကို ကျုပ်က ဖမ်းပေးပြီးပြီ၊ သူ့ရဲ့တွဲဖက်နဂါးလက်သည်းကိုလည်း ကျုပ်ကဖော်ထုတ်ပေးပြီးပြီ၊ ဒီတော့ ဆက်လုပ်စရာရှိတာကို သူတို့ကပဲ လုပ်ကြလိမ့်မယ်'

တင်မောင်ဆွေက လွင်လွင်ခိုင်၏ မျက်နှာကလေးကို စူးစိုက်ကြည့်လျက် ဖြည်းညင်းစွာ ပြောလိုက်၏။ လွင်လွင်ခိုင်က ဘာမှမပြော၊ ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်၏။ တင်မောင်ဆွေကသူမအား လက်တစ်ဖက် အသာမြှောက်ပြလိုက်၏။

'ကဲ… ဒေါ်လွင်လွင်ခိုင်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ'

တင်မောင်ဆွေက စကားအဆုံးတွင် လွင်လွင်ခိုင့်အား ကျောပေးပြီးနောက် ခြံတံခါးဝဆီသို့ ဖြည်းလေးသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း စ၍ လျှောက်လိုက်၏။ သူ့နောက်မှ တဖတ်ဖတ်ပြေးသွားသော ခြေသံများကို ကြားလိုက်ရလျှင် တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်မိသည်။ လွင်လွင်ခိုင်သည် အဝတ်လဲရုံထဲရှိ နှစ်လုံးပြူးသေနတ်ကို ပြေးယူခြင်းဖြစ်ကြောင်း သူက ကောင်းစွာ နားလည်မိလေသည်။

သို့သော် သူက ဘာမှမလုပ်။ ရှေ့သို့သာ တစ်လှမ်းချင်း ဖြည်းညင်းစွာ ဆက်လျှောက်ခဲ့၏။

'ကိုတင်မောင်ဆွေ'

သူ့နောက်မှ လွင်လွင်ခိုင်၏ လှမ်းအော်လိုက်သံ ထွက်ပေါ်လာလေသည်။ တင်မောင်ဆွေက ဖြည်းညင်းစွာ လှည့်ကြည့်လိုက်လေသည်။

လွင်လွင်ခိုင်သည် သူနှင့် ဆယ်ကိုက်အကွာလောက်တွင် ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်နှစ်ဖက်ကို ကားလျက် မတ်တတ်ရပ်နေသည်။ သူမ၏လက်ထဲတွင်တော့ သူတွက်ထားသည့်အတိုင်းပင် နှစ်လုံးပြူးသေနတ်က ရှိနေသည်။ သေနတ်ဒင်သည် သူမ၏ ပခုံးတွင်ရှိကာ သူမ၏လက်ညှိုးနှင့် လက်ခလယ်က သေနတ်မောင်းခွဲ ခလုတ်ပေါ်တွင် အသင့်ကွေးတင်ပြီးလျက်သား ရှိနေသည်။ မည်းနက်ဝိုင်းစက်သော သေနတ်ပြောင်းဝနှစ်ခုကမူ တင်မောင်ဆွေ၏ ရင်ဘတ်ဆီသို့ တည့်မတ်စွာ ချိန်ထားလျက်သားကြီး ဖြစ်နေ၏။

တင်မောင်ဆွေက သူမအား ပြုံး၍ကြည့်လိုက်၏။

'ကျုပ်ကိုသတ်လို့ လွင့်ရဲ့ပြဿနာက ပြေလည်သွားမယ်လို့ ထင်သလား'

တင်မောင်ဆွေ၏အသံမှာ ညင်သာပျော့ပျောင်းလှပေသည်။

'ဘာဖြစ်လို့ မပြေလည်ရမှာလဲ ကိုတင်မောင်ဆွေ၊ အိမ်မှာ ကျွန်မတစ်ယောက်တည်းရှိနေတုန်း ရှင်က ရောက်လာခဲ့တယ်၊ ရှင့်ကို ကျွန်မက လူကြီးလူကောင်းအောက်မေ့ပြီး လက်ခံနေတုန်းမှာ ရှင်ဟာ ကျွန်မကို စော်ကားမော်ကားလုပ်ဖို့ ကြိုးစားခဲ့တယ်၊ ကျွန်မက အမျိုးမျိုးတောင်းပန် ဖျောင်းဖျပေမယ့် မရတဲ့အဆုံးမှာ ကျွန်မရဲ့ အရှက်ကို ကာကွယ်ဖို့ ရှင့်ကို ကျွန်မက ပစ်သတ်လိုက်ရတာပဲပေါ့'

တင်မောင်ဆွေက ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်၏။

'အင်း… တော်တော်ကောင်းတဲ့ ဆင်ခြေပါပဲလေ၊ ကဲဗျာ… လွင်က ကျုပ်ကို သတ်ပြီးပါပြီတဲ့၊ ပြီးတော့ကော ဘာလုပ်မလဲ'

'ကြက်ဘိုးထွန်းရဲ့ စာအုပ်ဆိုင်ကိုသွားပြီး ကိုတင်မောင်ဆွေအတွက် သတ်သတ်ဖယ်ထားတဲ့ မဂ္ဂဇင်းစာအုပ်တွေကို တောင်းယူ





လိုက်မယ်၊ အဲဒီစာအုပ်တွေကြားထဲမှာ ကိုချစ်လှက ကိုတင်မောင်ဆွေအတွက် ထားခဲ့တဲ့ စာကို ရှာရမယ်၊ ဒီစာအရ ပုန်းနေတဲ့ ဇီဇီနောက်ကို လိုက်သွားပြီး…'

'ဇီဇီကိုတွေ့တော့ကော ခင်ဗျားက ဘာလုပ်မလဲ'

'ရှင်ပြောသလို ကျွန်မဟာ နဂါးလက်သည်းပဲ၊ ဒီတော့ ကျွန်မမှာ တာဝန်ရှိတဲ့အတိုင်း သူ့ကို သုတ်သင်ပစ်ရမှာပေါ့'

'လွင်လွင်နိုင်ဟာ တော်တော့်ကို တာဝန်သိတတ်ပါလား'

'အို… ကျွန်မရဲ့လူတန်းစားအပေါ် ကျွန်မ တာဝန်သိတတ်ရမှာပေါ့'

'ဝမ်းနည်းစရာပဲ လွင်လွင်နိုင်၊ ခင်ဗျားဟာ ခင်ဗျားတို့ရဲ့ လက်တစ်ဆုပ်စာ လူတန်းစားအပေါ်မှာသာ တာဝန်သိတတ်ဖို့ နားလည်တာကိုး၊ အများစုဖြစ်တဲ့ ပြည်သူပြည်သားတွေနဲ့ ကိုယ့်တိုင်းပြည်အပေါ်မှာ တာဝန်သိတတ်ဖို့ကျတော့ နားမလည်ဘူးနော်'

လွင်လွင်နိုင်၏မျက်နှာကလေးသည် ပကတိအေးစက်မာကျောသွားလေသည်။

'အို… ဒါတွေကို ကျွန်မ နားမလည်ပါဘူး၊ ဒါတွေဟာ ရှင်တို့ရဲ့ ဝါဒဖြန့်စကားတွေပဲ၊ ကျွန်မကတော့ ကျွန်မကို မွေးထုတ်ခဲ့တဲ့ လူတန်းစားအပေါ်မှာပဲ သစ္စာရှိရမှာပဲ၊ ရှင့်ကို ကျွန်မ သဘောကျပါတယ် ကိုတင်မောင်ဆွေ၊ ရှင်ဟာ တကယ်တော့ သတ္တိရှိတဲ့လူတစ်ယောက်ပါ၊ နဂါးအဖွဲ့ဟာ ရန်သူတွေကိုသုတ်သင်ရာမှာ အင်မတန်မှ လက်စွမ်းထက်တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမဲ့ သူဟာ ရှင့်တစ်ယောက်ကျတော့ အရှုံးပေးလိုက်ရတယ်၊ အခု ရှင်ဟာ နဂါးလက်သဲကို ရင်ဆိုင်နေရပြီ၊ ရှင့်ကို ကျွန်မ ဘယ်လောက်သနားတာကျကျ



www.burmeseclassic.com

www.burmeseclassic.com



နဂါးလက်သည်းအနေနဲ့တော့ ရှင်ဟာ ရန်သူတစ်ယောက်ပဲ၊ ဒီတော့ ရှင့်ကို သုတ်သင်ပစ်ဖို့ ကျွန်မမှာ တာဝန်ရှိနေတယ်၊ ကျွန်မ ဝမ်းနည်းပါတယ် ကိုတင်မောင်ဆွေ'

'ဝမ်းနည်းမနေနဲ့ ဒေါ်လွင်လွင်ခိုင်၊ ဒီလောက်တောင် တာဝန်သိတတ်ရင်လည်း တာဝန်ရှိတဲ့အတိုင်း လုပ်ပေါ့'

လွင်လွင်ခိုင်သည် နှုတ်ခမ်းကလေးများကို တင်းကျပ်စွာ စေ့လိုက်၏။ တစ်ချိန်တည်းမှာပင် သေနတ်မောင်းပေါ်၌ ကွေးတင်ထားသော လက်နှစ်ချောင်းကို သူမက ကွေးညှစ်လိုက်၏။

ပြင်းထန်သော ပေါက်ကွဲသံကြီးက မြည်ဟိန်းထွက်ပေါ်လာသည်။ တင်မောင်ဆွေက မတ်တတ်ရပ်လျက်ပင် ရှိနေသည်။ ပြီးမှ သူက လေးကန်သော ခြေလှမ်းများဖြင့် ရှေ့သို့လျှောက်သွားပြီး မြေပြင်ပေါ်တွင် ခွေခွေကလေး လဲကျနေသော လွင်လွင်ခိုင်အား ငုံ့ကြည့်လိုက်၏။

လွင်လွင်ခိုင်၏ မျက်နှာကလေးသည် လှပခြင်းမရှိတော့ချေ အကယ်စင်စစ်တော့ လွင်လွင်ခိုင့်ထံတွင် မျက်နှာပင် မရှိတော့ပေ။

တင်မောင်ဆွေသည် ရေကူးပြီးနောက် အဝတ်လဲရုံသို့သွား၍ အဝတ်လဲစဉ်က နှစ်လုံးပြူးပြောင်းဝ နှစ်ဖက်စလုံးတွင် ရွှံ့တွေအပြည့် ထည့်ပိတ်ခဲ့လေသည်။ ထို့ကြောင့်လည်း လွင်လွင်ခိုင်က သေနတ်မောင်းတွေကို တစ်ပြိုင်နက်တည်း ဆွဲဖြုတ်ချလိုက်သည့်အခါတွင် ယမ်းအားကောင်းလှသော ယမ်းတောင့်တွေက ရှေ့သို့မထွက်တော့ဘဲ နောက်သို့ ပြန်ထွက်သွားခဲ့ခြင်းဖြစ်၏။

တင်မောင်ဆွေက သက်ပြင်းတစ်ချက် ချကာ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။ လွင်လွင်ခိုင့်အတွက် ဝမ်းနည်း





နေရုံနှင့် မပြီးသေး။ သူမသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးသွားခြင်း ဖြစ်၏။

ဇီဇီက ကျန်ရှိနေပေသေးသည်။ ဇီဇီ့ကို သွားရှာပြီး သူကတိအတိုင်း သူမအား ဂျင်မီစမတ်လက်ထဲသို့ သွားရောက်အပ်နှံပေးရပေဦးမည်။ တင်မောင်ဆွေသည် တယ်လီဖုန်းဆက်ရန် တိုက်ကြီးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။

* * *

မိုးဝေ

၁၆.၈.၆၆

www.burmeseclassic.com